စာအုပ် အမှတ်—၄

မြို့ပြင်ကြီး ဆရာတော်ဘုရားကြီး

ရေးသားခဲ့သော

# သင်္ဂြိုဟ်အဓိပ္ပါယ်ကောက်


သုဓမ္မဝတီစာပုံနှိပ်တိုက်

တိုက်နံပါတ် ၅၅၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၁၃၁၅-ခု။

စာအုပ် အမှတ်-၄

မြို့ပြင်ကြီး ဆရာတော်ဘုရားကြီး

ရေးသားခဲ့သော

# သင်္ဂြိုဟ်အဓိပ္ပါယ်ကောက်

သုဓမ္မဝတီစာပုံနှိပ်တိုက်

တိုက်နံပါတ် ၅၅၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၁၃၁၅-ခု။

# နိဒါန်း

ဘောနန္ဒေန အဘိဓမ္မော၊ ဓမ္မာဘိဓေကာဓမ္မဝိသေသနေန ဟူသော အဋ္ဌသာသိနီအဋ္ဌကထာပါဠိနှင့် အညီ ဓမ္မာတိရေက ဓမ္မဝိသိဋ္ဌဖြစ်တော်မူသော အဘိဓမ္မာခုနစ်ကျမ်းဝယ် အကျယ် အားဖြင့် မြတ်စွာဘုရား ဟောကြားတော် မူအပ်သော အဘိဓမ္မာ၏ အနက်အဓိပ္ပါယ်တို့ကို အကျဉ်း ဆုံးသော နည်းလမ်း အားဖြင့် သိလွယ်ဘတ်လွယ်စေရန် ရည်သန်ရိုးရင်းနှုံးသွင်းခြင်း ရှိတော် မူပေသော အရှင်အနုရုဒ္ဓါ မဟာထေရ် မြတ်သည် **အဘိဓမ္မတ္ထ သင်္ဂဟ**မည်သော လက်သန်းအဋ္ဌကထာကျမ်းကို ကြိုးပမ်းတည် ထွင် စီရင်ရေးသားတော်မူလေသတည်း။

ထိုအဘိဓမ္မတ္ထ သင်္ဂဟ လက်သန်း အဋ္ဌကထာ ကျမ်း၏ အနက်အဓိပ္ပါယ် အသွယ်သွယ်တို့ကို ပါဠိဘာသာဖြင့်သော်၎င်း၊ မြန်မာဘာသာဖြင့် သော်၎င်း၊ ခွဲခြား ရေးသား ထားအပ်သော ကျမ်းကြီး ကျမ်းငယ် အစောင်စောင်တို့သည်အတော်ပင် များပြား ကြကုန်၏။ ဤ**ရှင်းပြချက်ကြီးသင်္ဂြိုဟ် အဓိပ္ပါယ် ကောက်ကျမ်း** သည် ကား ထိုများစွာသော ကျမ်းတို့ အနက် လိုရင်း အဓိပ္ပါယ်မျှ ကိုသာ ပေါ်လွင်ထင်ရှားအောင် မြန်မာ စကားပြင် သက်သက် ရေးသားထားသော ကျမ်းငယ်တစ်စောင် ဖြစ်ပေကြောင်း။

သို့ဖြစ်၍ စာသင်သားတို့အား အဘိဓမ္မတ္ထ သင်္ဂဟ ကျမ်း၏အနက် အဓိပ္ပါယ်တို့ကို လွယ်ကူစွာ နားလည် နိုင်အောင် ဤသင်္ဂြိုဟ် အဓိပ္ပါယ်ကောက် ကျမ်းကို လေ့လာ ရမည်ဟု ဆရာမြတ်တို့ မိန့်ဆိုတော်မူလေ့ရှိကြ ကုန်၏။

ယင်းပြင် အစိုးရမင်းတို့ ကျင်းပမြဲဖြစ်သော ပဌမပြန် စာမေး ပွဲကြီးသို့ ဝင်ရောက်ဖြေဆို ကြကုန်သော အရှင်မြတ်တို့မှာလည်း

# နိဒါန်း

ဤအဓိပ္ပါယ်ကောက်ကျမ်းသည် လွန်စွာအထောက်အပံ့ ပြုလျက် ပင် ရှိကြောင်းကို အထူးရေးသား ဘော်ပြရန်မလိုတော့ချေ။

ယင်းသို့ဖြစ်၍ အဘိဓမ္မတ္ထ သင်္ဂဟ လက်သန်း အဋ္ဌကထာကို လေ့လာ သူတို့အတွက် အလွန် အရေးပါ၍ အရာ ရောက်သော ဤမြန်မာပြင်ကြီး သဂြိုဟ် အဓိပ္ပါယ်ကောက် ကျမ်းကို စာသင်သား တို့အား အကျိုးများစေခြင်းငှါ ပြုပါသတည်း။

# မာတိကာ

စာမျက်နှာ

## ၁-စိတ်ပိုင်း


ပရမတ္ထတရားလေးပါး၏အဓိပ္ပါယ် .... .... ၁
ပရမတ်ခေါ်ခြင်းအကြောင်း .... .... ၂
စိတ်လေးပါး၏အဓိပ္ပါယ် .... .... ၈
လောဘမူစိတ် .... .... ၁၁
ဒေါသမူစိတ် .... ... ၁၈
မောဟမူစိတ် .... .... ၁၉
အဟိတ်စိတ် .... .... ၂၀
ကာမာဝစရသောဘဏစိတ် .... .... ၂၄
ရူပါဝစရစိတ် .... .... ၃၁
အရူပါဝစရစိတ် .... .... ၄၂
လောကုတ္တရာစိတ် .... .... ၅၂
စိတ်ကိုဇာတိဘေဒ ဘူမိဘေဒတို့ဖြင့် ဝေဘန်ခြင်း .... ၆၁
စိတ်အကျယ်တရာ့နှစ်ဆဲ့တပါးဖြစ်ပုံ .... ၆၃
ပါဒကစသောဈာန်သုံးပါး၏အထူး .... .... ၆၄


## ၂-စေတသိက်ပိုင်း


သမ္ပယောဂလက္ခဏာလေးပါး .... .... ၇၁
စေတသိက်ခေါ်ခြင်းအကြောင်း .... .... ၇၁
စေတသိက်ပဒ်၏အပြား .... .... ၇၂
သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနစ်ပါး .... ၇၃
ပကိဏ်းစေတသိက်ခြောက်ပါး .... .... ၇၉
ဝိ[illegible]ငါးပါးမှတ်ရန် .... .... ၈၃
အကုသိုလ်စေတသိက်တဆဲ့လေးပါး .... ၈၅

စာမျက်နှာ

သောဘဏစေတသိက်နှစ်ဆဲ့ငါးပါး .... ၉၃
ဝိရတိစေတသိက်သုံးပါး .... .... ၁၀၄
ဝိရတိသုံးပါးအထူး .... .... ၁၁၀
အပ္ပမညာစေတသိက်နှစ်ပါး .... .... ၁၁၃
သမ္ပယောဂနည်း .... .... ၁၁၆
သင်္ဂဟနည်း .... .... ၁၃၀


## ၃-ပကိဏ်းပိုင်း


ဝေဒနာသင်္ဂဟ .... .... ၁၃၇
ဟေတုသင်္ဂဟ .... .... ၁၃၈
ကိစ္စသင်္ဂဟ .... .... ၁၃၉
ဒွါရသင်္ဂဟ .... .... ၁၄၁
အာရမ္မဏသင်္ဂဟ .... .... ၁၄၂
ဝတ္ထုသင်္ဂဟ .... .... ၁၄၇


## ၄-ဝီထိပိုင်း


ဝိသယပ္ပဝတ္တိခြောက်ပါး .... .... ၁၄၉
မဟန္တာရုံဝိထိ၌တဒါရုံမဖြစ်ခြင်းအကြောင်း .... ၁၅၂
တဒါရုံကိုဥပမာဖြင့်ပြခြင်း .... .... ၁၆၀
ဇောအကြောင်းကိုပြခြင်း ... .... ၁၆၁


## ၅-ဘုံပိုင်း


ဘူမိစတုက္ကအဓိပ္ပါယ် .... .... ၁၆၆
ကမ္မစတုက္ကအဓိပ္ပါယ် .... .... ၁၆၉
ပဋိသန္ဓိကမ .... .... ၁၈၉

# နိဒါန်း

ကောနဋ္ဌေန အဘိဓမ္မော၊ ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေန ဟူသော အဋ္ဌသာလိနီအဋ္ဌကထာပါဠိနှင့် အညီ ဓမ္မာတိရေက ဓမ္မဝိသိဋ္ဌဖြစ်တော်မူသော အဘိဓမ္မာခုနစ်ကျမ်းဝယ် အကျယ် အားဖြင့် မြတ်စွာဘုရား ဟောကြားတော် မူအပ်သော အဘိဓမ္မာ၏ အနက်အဓိပ္ပါယ်တို့ကို အကျဉ်း ဆုံးသော နည်းလမ်း အားဖြင့် သိလွယ်တတ်လွယ်စေရန် ရည်သန်ရိုးရင်းနှလုံးသွင်းခြင်း ရှိတော်မူပေသော အရှင်အနုရုဒ္ဓါ မဟာထေရ် မြတ်သည် အဘိဓမ္မတ္ထသင်္ဂဟမည်သော လက်သန်းအဋ္ဌကထာကျမ်းကို ကြိုးပမ်းတည်ထွင် စီရင်ရေးသားတော်မူလေသတည်း။

ထိုအဘိဓမ္မတ္ထ သင်္ဂဟ လက်သန်း အဋ္ဌကထာ ကျမ်း၏ အနက်အဓိပ္ပါယ် အသွယ်သွယ်တို့ကို ပါဠိဘာသာဖြင့်သော်၎င်း၊ မြန်မာဘာသာဖြင့် သော်၎င်း၊ ခွဲခြား ရေးသား ထားအပ်သော ကျမ်းကြီး ကျမ်းငယ် အစောင်စောင်တို့သည်အတော်ပင် များပြားကြကုန်၏။ ဤမြို့ပြင်ကြီးသင်္ဂြိုဟ် အဓိပ္ပါယ် ကောက်ကျမ်း သည်ကား ထိုများစွာသော ကျမ်းတို့ အနက် လိုရင်း အဓိပ္ပါယ်မျှကိုသာ ပေါ်လွင်ထင်ရှားအောင် မြန်မာ စကားပြေ သက်သက် ရေးသားထားသော ကျမ်းငယ်တစောင် ဖြစ်ပေကြောင်း။

သို့ဖြစ်၍ စာသင်သားတို့အား အဘိဓမ္မတ္ထ သင်္ဂဟ ကျမ်း၏အနက် အဓိပ္ပါယ်တို့ကို လွယ်ကူစွာ နားလည် နိုင်အောင် ဤသင်္ဂြိုဟ် အဓိပ္ပါယ်ကောက် ကျမ်းကို လေ့လာ ရမည်ဟု ဆရာမြတ်တို့ မိန့်ဆိုတော်မူလေ့ရှိကြ ကုန်၏။

၎င်းပြင် အစိုးရမင်းတို့ ကျင်းပမြဲဖြစ်သော ပဌမပြန် စာမေးပွဲကြီးသို့ ဝင်ရောက်ဖြေဆို ကြကုန်သော အရှင်မြတ်တို့မှာလည်း

သုခမ္ဗဝတီ ၅၄၈-က

# နိဒါန်း

ဤအဓိပ္ပါယ်ကောက်ကျမ်းသည် လွန်စွာအထောက်အပံ့ ပြုလျက်ပင် ရှိကြောင်းကို အထူးရေးသား ဘော်ပြရန်မလိုတော့ချေ။

ယင်းသို့ဖြစ်၍ အဘိဓမ္မတ္ထ သင်္ဂဟ လက်သန်း အဋ္ဌကထာကို လေ့လာ သူတို့အဖို့ အလွန် အရေးပါ၍ အရာ ရောက်သော ဤမြို့ပြင်ကြီး သင်္ဂြိုဟ် အဓိပ္ပါယ်ကောက် ကျမ်းကို စာသင်သား တို့အား အကျိုးများစေခြင်းငှါ ပြုပါသတည်း။

# မာတိကာ

စာမျက်နှာ

## ၁-စိတ်ပိုင်း


ပရမတ္ထတရားလေးပါး၏အဓိပ္ပါယ် .... .... ၁
ပရမတ်ခေါ်ခြင်းအကြောင်း .... .... ၂
စိတ်လေးပါး၏အဓိပ္ပါယ် .... .... ၈
လောဘမူစိတ် .... .... ၁၁
ဒေါသမူစိတ် .... ... ၁၈
မောဟမူစိတ် .... .... ၁၉
အဟိတ်စိတ် .... .... ၂၀
ကာမာဝစရသောဘဏစိတ် .... .... ၂၇
ရူပါဝစရစိတ် .... .... ၃၁
အရူပါဝစရစိတ် .... .... ၄၂
လောကုတ္တရာစိတ် .... .... ၅၂
စိတ်ကိုဇာတိဘေဒ ဘူမိဘေဒတို့ဖြင့် ဝေဘန်ခြင်း .... ၆၁
စိတ်အကျယ်တရာ့နှစ်ဆဲ့တပါးဖြစ်ပုံ .... ၆၃
ပါဒကစသောစျာန်သုံးပါး၏အထူး .... .... ၆၄


## ၂-စေတသိက်ပိုင်း


သမ္ပယောဂလက္ခဏာလေးပါး .... .... ၇၁
စေတသိက်ခေါ်ခြင်းအကြောင်း .... .... ၇၁
စေတသိက်တို့၏အပြား .... .... ၇၂
သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနစ်ပါး .... ၇၃
ပကိဏ်းစေတသိက်ခြောက်ပါး .... .... ၇၆
ဝီတိငါးပါးမှတ်ရန် .... .... ၈၃
အကုသိုလ်စေတသိက်တဆဲ့လေးပါး .... ၈၅

မာတိကာ

စာမျက်နှာ


သောဘဏစေတသိက်နှစ်ဆဲ့ငါးပါး .... ၉၃
ဝိရတိစေတသိက်သုံးပါး .... .... ၁၀၄
ဝိရတိသုံးပါးအထူး .... .... ၁၁၀
အပ္ပမညာစေတသိက်နှစ်ပါး .... .... ၁၁၃
သမ္ပယောဂနည်း .... .... ၁၁၆
သင်္ဂဟနည်း .... .... ၁၃၀

## ၃-ပကိဏ်းပိုင်း

ဝေဒနာသင်္ဂဟ .... .... ၁၃၇
ဟေတုသင်္ဂဟ .... .... ၁၃၈
ကိစ္စသင်္ဂဟ .... .... ၁၃၉
ဒွါရသင်္ဂဟ .... .... ၁၄၁
အာရမ္မဏသင်္ဂဟ .... .... ၁၄၂
ဝတ္ထုသင်္ဂဟ .... .... ၁၄၇

## ၄-ဝီထိပိုင်း

ဝိသယပ္ပဝတ္တိခြောက်ပါး .... .... ၁၄၉
မဟန္တာရုံဝိထိ၌တဒါရုံမဖြစ်ခြင်းအကြောင်း .... ၁၅၂
တဒါရုံကိုဥပမာဖြင့်ပြခြင်း .... .... ၁၆၀
ဇောအကြောင်းကိုပြခြင်း ... .... ၁၆၁

## ၅–ဘုံပိုင်း

ဘူမိစတုက္ကအဓိပ္ပါယ် .... .... ၁၆၆
ကမ္မစတုက္ကအဓိပ္ပါယ် .... .... ၁၆၉
ရုပပဋိသန္ဓိက္ကမ .... .... ၁၈၉

စာမျက်နှာ

## ၆-ရုပ်ပိုင်း


ရုပ်ကိုဝေဘန်၍ပြခြင်း .... .... ၁၉၈
အဋ္ဌုတ္တိက,ဗာဟိရစသည့်အဓိပ္ပါယ်ကိုပြခြင်း .... ၂၀၆
ရုပ်ကလာပ်များကိုပြခြင်း .... .... ၂၁၅


## ၇-သမုစ္စည်းပိုင်း


အကုသလသင်္ဂဟ .... .... ၂၂၃
မိဿကသင်္ဂဟ .... .... ၂၂၆
ဗောဓိပက္ခိယသင်္ဂဟ .... .... ၂၃၂
သဗ္ဗသင်္ဂဟ .... .... ၂၃၄


## ၈-ပစ္စည်းပိုင်း


ပဋိစ္စသမုပ္ပါဒ်နည်း .... .... ၂၄၂
ပဋ္ဌာန်းနည်း .... .... ၂၅၀


## ၉-ကမ္မဋ္ဌာန်းပိုင်း


သမထကမ္မဋ္ဌာန်းအဓိပ္ပါယ် .... .... ၂၅၆
ဝိပဿနာကမ္မဋ္ဌာန်းအဓိပ္ပါယ် .... .... ၂၆၅

# မြို့ပြင်ကြီး

# သင်္ဂြိုဟ်အဓိပ္ပါယ်ကောက်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ၁—ဝိတ်ပိုင်း

### ပရမတ္ထတရား လေးပါး၏ အဓိပ္ပါယ်

အဘိဓမ္မာ ခုနစ်ကျမ်းဝယ် အကျယ်အားဖြင့် ဟောတော်မူ အပ်ကုန်သော အဘိဓမ္မာတို့ကို အကျဉ်းအားဖြင့်ယူရာယူကြောင်း မှတ်ရာမှတ်ကြောင်းကို ဆိုပေအံ့။ ။ထို အဘိဓမ္မာခုနစ်ကျမ်းတို့၌ ကုသလာဒိ ဝသေန၊ ခန္ဓာဒိ ဝသေန ဟုအဘွဲ့ကြောင့် ဆိုရသနည်း။ ၎င်း ခုနစ်ကျမ်းတို့တွင် ဓမ္မသင်္ဂဏီကျမ်းကို ရည်၍ ကုသလာဒိဝသေန၊ ဝိဘင်းကျမ်းကို ရည်၍ ခန္ဓာဒိဝသေန ဟု ဆိုရ၏။ အဘွဲ့ကြောင့် ဆိုသနည်း။ ဓမ္မသင်္ဂဏီကျမ်း၌ ကုသလာဓမ္မာ။ လ။ အဗျာကတာ ဓမ္မာ ဟူ၍ ကုသိုလ်ကို မူလဘူတ ပြု၍ စိတ် စေတသိက် ရုပ် နိဗ္ဗာန် တို့ကို ခွဲခြမ်း စိတ်ဖြာ၍ ပြ၏။

ဝိဘင်းကျမ်း၌ ရူပက္ခန္ဓော။ လ။ ဝိညာဏက္ခန္ဓော ဟူ၍ ရုပ်ကို မူလဘူတပြု၍ စိတ် စေတသိက် ရုပ် နိဗ္ဗာန်တို့ကို ခွဲခြမ်းစိတ်ဖြာ၍ ပြ၏။ ထို့ကြောင့် ကုသလာဒိဝသေန၊ ခန္ဓာဒိဝသေနဟု ဆို၏။ ၎င်း အဘိဓမ္မာခုနစ်ကျမ်း၌ ဟောတော်မူအပ်သော တရားတို့ကို ပရမတ်ခေါ်၏။ အဘယ့်ကြောင့် ပရမတ် ခေါ်သနည်း။ ပရမော အဝိပရီတော အဋ္ဌောတိ ပရမဋ္ဌော ဟူသော ဝစနဋ္ဌနှင့် အညီ၊ မဖောက် မပြန် မြတ်သောကြောင့် ပရမတ် ခေါ်၏။ မဖောက်မပြန် မြတ်သောတရားကို မြတ်သောကြောင့် ပရမတ် ခေါ်လျှင် မြတ်စွာဘုရားသည် ဟီနတိက်ကို ဟောတော်မူသည့်ကာလ၊ ဟီနာဓမ္မာ။လ။ ပဏီတာဓမ္မာ ဟု ဟောတော်မူ၏။၎င်း ဟီနာဓမ္မာ၏ အရကို ကောက်သော် အကုသိုလ် ဒွါဒသ၊ ၎င်း၌ ယှဉ်သော စေတသိက် သတ္တဝီသ တို့ကို ကောက်၏။ ထိုအကုသိုလ်စိတ်သည် ပရမတ် ဟုတ်၏။ သို့သော် မြတ်၏ ဆိုသော စကားနှင့် ဆန့်ကျင်ဘက် ဖြစ်ခဲ့၏။ ထိုသို့ အကျိုး ပေးသော အားဖြင့် ယုတ်သည် မြတ်သည်ကို ယုတ်သည် မြတ်သည်ဟု မဆို။ အမည်အားဖြင့် မဖောက်မပြန် သဘော အားဖြင့် မဖောက်မပြန် သည်ကိုပင် မြတ်၏ဟု ဆို၏။ အဘယ်ကဲ့သို့ အမည်အားဖြင့် မဖောက်မပြန်သနည်း ဟူမူကား။ ၎င်း ပရမတ်သည် ပညတ်များကဲ့သို့ မဟုတ်။ ပညတ်များမှာ ကြေးဟု ခေါ်ပြီးသောဝတ္ထုကို တရုံတခုသော ထုံးဘူး ဖလားဖြစ်အောင် ပန်းထိမ်သည်တို့၏ အိမ်သို့သွား၍ ထုံးဘူး ဖလား လုပ်သည်ရှိသော် လုပ်၍ပြီးလျှင်ပင် ထိုကြေးသည် ကြေးဟူသော အမည်သညာပျောက်၍ ထုံးဘူး ဖလား ဟူသော အမည်သည် ဖြစ်၏။ ၎င်းထုံးဘူး ဖလားတို့သည် တရုံတခုသော ဝတ္ထုတို့နှင့် ထိခိုက်မိသောကြောင့် ကွဲခဲ့ပြန်သော် ထုံးဘူး ဖလား အမည် ပျောက်၍ ကြေးဟူသော အမည် ဖြစ်၏။ ပရမတ်သည် ထိုကဲ့သို့ မဟုတ်၊ လူသန္တာန်၌ ရှိသော လိုချင်သော တရားကို လောဘဟု ခေါ်၏။ ခွေးသန္တာန်၌ ရှိသော လိုချင်သော တရားကို ဒေါသ ဟုခေါ်၏။

ဤကဲ့သို့ ဘောက်ပြန်သည် မဟုတ်။ အဘယ် ပုဂ္ဂိုလ်သန္တာန်မှာပင် ဖြစ်သော်လည်း လိုချင်သော တရားကို လောဘချည်း ခေါ်၏။ဤကဲ့သို့ မဘောက်မပြန်ခြင်းကို အမည်အားဖြင့် မဘောက်မပြန်ဟုဆို၏။ လူ သန္တာန်၌ ဖြစ်သော လောဘသည် နတ်ရွာ သုဂတိသို့ လား၏။ ခွေး သန္တာန်၌ ဖြစ်သော လောဘသည် အပါယ်သို့ လားသော သဘော ရှိ၏။ ဤကဲ့သို့ ဘောက်ပြန်သည် မဟုတ်။ အဘယ် ပုဂ္ဂိုလ် သန္တာန်မှာပင် ဖြစ်သော်လည်း မကောင်းသော အကျိုးကို ပေးခြင်းသဘောရှိ၏။ ထို့ကြောင့် မြတ်၏ဟု ဆို၏။ တနည်းလည်း ပရမဿ သဗ္ဗညုတ ဉာဏဿ အတ္ထော ဂေါစရော ပရမတ္ထော ဟူသော ဝစနတ္ထနှင့် အညီ၊ မြတ်စွာ ဘုရား၏ အာရုံ ဖြစ်သောကြောင့် ပရမတ် ခေါ်၏။ မြတ်စွာ ဘုရားသည် ပရမတ်မှ တပါး ပညတ် များကို အာရုံ မပြုပြီလော ဟူငြားအံ့၊ ပြုသေး၏။ ပြု၏ဆိုသော် အဘယ့်ကြောင့် ပရမတ်ကိုသာလျှင် အထူးဝိသေသ ထုတ်နုတ်၍ ဆိုရသနည်း။ မြတ်စွာဘုရားသည် ပရမတ်မှ တပါးသော ပညတ်ကို မကျက်စားသည် မဟုတ် ကျက်စား၏၊ စားပင်စားသော်လည်း မထင်ရှား ပရမတ်၌သာ ထင်ရှားသောကြောင့် မြတ်စွာဘုရား၏ အာရုံ ကျက်စားရာဟု ဆို၏။ဥပမာကား။ ပင်္ကေ ဇာတံ ပင်္ကဇံ စသော ဝိဂြိုဟ်များ၌ ညွန်သို့ ရောက်သောကြောင့် ကြာ ခေါ်သကဲ့သို့ ညွန်သို့ ရောက်တိုင်းပင် ကြာခေါ်သည်ဖြစ်အံ့။ ဟင်းညွှံ ကတောက် မြောက်လှေကူး တို့လည်း ညွန်သို့ ရောက်၏၊ ရောက်သော် ကြာ ခေါ်ရာ၏ မခေါ်၊ ၎င်းဟင်းညွှံ ကတောက် မြောက်လှေကူး တို့သည် ညွန်၌ မူကား ရောက်၏၊ ရောက်ပင် ရောက်သော်လည်း ကြာလောက်ပင် မထင်ရှား သကဲ့သို့ ကြာသာလျှင် ထင်ရှားသောကြောင့် ကြာသည် ညွန်သို့ ရောက်၏ဟု ဆို၏။ ထို့အတူ ပရမတ်၌သာ ထင်ရှား သောကြောင့် မြတ်စွာဘုရား၏ ကျက်စားရာဟု ဆို၏၊ အဘယ့်ကြောင့် မြတ်စွာဘုရား၏ ကျက်စားရာဟု ဆိုသနည်းဟူမူကား၊ စိတ် စေတသိက်

ရုပ်တို့သည် ပညတ်ပင်။ ၎င်းပညတ်တို့တွင် ထို ပုဂ္ဂိုလ်သည် လောဘဖြစ်ဆဲ၊ ၎င်းလောဘမှ သော်လည်း အသင်္ခါရိကဖြစ်ဆဲ သသင်္ခါရိကဖြစ်ဆဲဟူ၍ ပုထုဇ္ဇန် ပုဂ္ဂိုလ်သည် မသိနိုင်ရာ၊ ဘုရား ရဟန္တာတို့၏ အရာဖြစ်သည်၊ ထိုကြောင့် မြတ်သော သဗ္ဗညုတ ဉာဏ်၏ အရာ ဖြစ်သည်၊ ထို့ကြောင့် မြတ်သော သဗ္ဗညုတ ဉာဏ်၏ ကျက်စားရာဟု ဆို၏။

တနည်းကား။ သမ္မုတိပညတ်မှ အသီးထုတ်နုတ်၍ ယူအပ် သည့်၏ အဖြစ်ကြောင့် ပရမတ်ခေါ်၏။ အဘယ်ကဲ့သို့ ပရမတ် ခေါ်သနည်းဟူမူကား၊ကျောင်း အိမ် စရပ် တန်ဆောင်းပြာသာဒ် လူ စသည်တို့ကို သမ္မုတိပညတ်ဟု ခေါ်၏။ ၎င်း သမ္မုတိပညတ် ဟူသော ကျောင်း စသည်တို့၌ အဝိနိဗ္ဘောဂရုပ် ရှစ်ခု ရှိ၏။ ၎င်း တရားကား မဘောက်ပြန်ပြီ။ လူတည်းဟူသော ပညတ်၌ ရှိသော စိတ် စေတသိက် ရုပ်တို့ကို ပရမတ်ခေါ်၏။ ထို ပရမတ် သည် အပြားမရှိ အဘေဒ မှတ်ရတော့မည်လောဟု စောဒနာ ရန်ရှိ၍၊ စတုဓာ ဟူသော ပါဌ်ကိုမိန့်။ အဓိပ္ပါယ်ကား။ စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဟူ၍ လေးပါးတည်း။ ၎င်း လေးပါး တို့တွင် အဘယ့်ကြောင့် နိဗ္ဗာန်ကို နောက်ဆုံးထား၍ ဆိုရသနည်း၊ နိဗ္ဗာန်ကို ရှေ့ထား၍ပင် ဆိုပါတော့လော ဟူငြားအံ့။ စိတ် စေ တသိက် ရုပ်တို့၏ ချုပ်ရာငြိမ်းရာသည် နိဗ္ဗာန်ဖြစ်၏။ထို့ကြောင့် နိဗ္ဗာန်ကို နောက်ဆုံး ထားရလေ၏။ အကယ်၍တည်း နိဗ္ဗာန်ကို ရှေ့ထား၍ ဆိုသည် ဖြစ်အံ့။ စိတ် စေတသိက် ရုပ် တို့သည် မဖြစ်ရာ၊ ထို့ကြောင့် နိဗ္ဗာန်ကို ရှေ့မထားဘဲ နောက်ဆုံးထား ၍ ဆိုရလေ၏။ နိဗ္ဗာန်သည် ခပ်သိမ်းသော တရားတို့၏ ချုပ်ရာ ဖြစ်သောကြောင့် နောက်ဆုံးထားရ၏ ဟု ဆိုလျှင် ဆိုတန်စေ။ ရုပ်ကို ရှေးဦးစွာပင် ဆို၍ စိတ် စေတသိက် နိဗ္ဗာန်တို့ကို နောက် ဆုံးထားလျှင် နိဗ္ဗာန်လည်း နောက်ဆုံးပင် နေ၏။ နာမ် သုံးပါး လည်း တပေါင်းတည်းပင် ဖြစ်၏။ ၎င်းအနုရုဒ္ဓါဆရာသည် မူလ ဘူဘကပင် ဝိဘင်းကျမ်းကို ရည်၍ ခန္ဓာဒိဝသေနဟု ဆို၏။

၎င်း ဝိဘင်း ကျမ်းမှာပင် သော်လည်း ရူပက္ခန္ဓော။လ။ ဝိညာဏက္ခန္ဓော ဟူ၍ ရုပ်ကို ရှေ့ထား၏။ ထို့ကြောင့် ရုပ်ကို ရှေ့ထား၍ ဆိုပါတော့လော ဟူငြားအံ့။ ငါသည် ဤကျမ်းကို ရေးသည့်ကာလ ဝိဘင်းကျမ်းကို မှီ၍ ရေးသည်မဟုတ်၊ ဓမ္မသင်္ဂဏီကျမ်းကို မှီ၍ ရေး၏။ ၎င်း ဓမ္မသင်္ဂဏီ ကျမ်းမှာ စိတ်ကို ရှေ့ထား၏။ထို့ကြောင့် စိတ်ကို ရှေးဦးစွာ ထား၍ ပြ၏။ ဓမ္မသင်္ဂဏီကျမ်းကို အဘဲ့ကြောင့် မှီရသနည်း၊ ဝိဘင်းကျမ်း ကိုပင် မှီပါတော့လော ဟူငြားအံ့။ ဓမ္မသင်္ဂဏီ ကျမ်းသည် အမြစ်ပင်စည်နှင့် တူ၏၊ ဝိဘင်း ကျမ်းသည် အကိုင်းအခက် အပွင့် အသီးနှင့် တူ၏။ ထို့ကြောင့် ပင်မနှင့် တူသော ဓမ္မသင်္ဂဏီ ကျမ်းကိုသာ မှီရလေ၏။ ထိုသို့ ဆိုအပ်ခဲ့ပြီးသော ပရမတ်သည် သဘောအားဖြင့် လေးပါး အပြားရှိ၏။ လေးပါး ဟူသော်ကား စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဟူသည်တည်း။

**စိတ္တံ** ဟူသော ပါဠိ၌ စိတ္တံ-စိတ်၎င်းဟု မပေးမူ၍။ စိတ္တံ ဝိညာဏက္ခန္ဓောဟု ဘွင့်ခြင်းသည် ၎င်း စိတ္တ သဒ္ဒါသည် ဆန်းကြယ် ထူးဆန်းသော အနက် ပန်းချီဆေးရေး အစရှိသော အနက် စိတ္တန္တားလား ဟူသောအနက် စိတ္တဥယျာဉ် ဟူသော အနက် စိတ္တသူကြွယ်ဟူသော အနက် ဤသို့စသည်ဖြင့် များစွာသော အနက်တို့ကို ဟောသည်ဖြစ်၍ ဤအရာ၌ စိတ္တသဒ္ဒါသည် ဆန်းကြယ် ထူးဆန်းသော အနက် ပန်းချီဆေးရေးခြင်း အစရှိသော အနက် စိတ္တန္တားလား ဟူသောအနက် စိတ္တဥယျာဉ် ဟူသော အနက် စိတ္တသူကြွယ်ဟူသော အနက်တို့ကို ဟောသည် မဟုတ်၊ အာရမ္မဏ ဝိဇာနန သဘောရှိသော စိတ် ဟူသော အနက်ကို ဟောသတည်း ဟု သိစေခြင်းငှါ ဝိညာဏက္ခန္ဓော ဟု ဘွင့်၍ အနက်ပေးရတော့သည်။ ၎င်း ဝိညာဏက္ခန္ဓော ဟူသော ပါဠိဖြင့် ဆန်းကြယ် ထူးဆန်း ပန်းချီဆေးရေး အစရှိသော ဆိုအပ်ခဲ့ပြီးသော အနက်တို့ကို နစ်စေ စင်စေသည်။

**စေတသိကံ** ဟူသောပါဠိ၌ စေတသိကံ- စေတသိက်ရင်း ဟု မပေးမူ၍။ စေတသိကံကို ဝေဒနာဒိက္ခန္ဓတ္တယံ ဟု ဘွင့်ခြင်းသည်ကား။နိဿယ နိဿိတ နှစ်ပါးတို့တွင် စိတ်သည် နိဿယ၊ စေတသိက်သည် နိဿိတဖြစ်၍ ရင်း နိဿယ ဖြစ်သော စိတ်၌သာလျှင် တကွဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့် စေတသိက် မည်သည်။ ယင်းသို့ စိတ်နှင့်တကွ ဖြစ်သေးကြောင့် စေတသိက် မည်လျှင် ဇာယန္တိမေဝ သမုဋ္ဌာပေတိ ဟူသော ရင်း လက်သန်း အဋ္ဌကထာပါဠိကို ထောက်သဖြင့် စိတ္တဇရုပ် သည်လည်း စိတ်၏ ဥပါဒ်တိုင်း ဖြစ်၍ စေတသိက်ပင် မည်ကောင်းရာသော သဘောရောက်သောကြောင့် ရင်း စိတ္တဇရုပ်ကို စင်စေခြင်းငှါ ဝေဒနာဒိက္ခန္ဓတ္တယံ ဟု ဘွင့်သည်။

ရူပံ-ရုပ်ရင်း ဟု ယောဇနာခြင်းကို မပြုမူ၍။ ရူပံ ဘူတုပါဒါယဘေဒဘိန္နော ရူပက္ခန္ဓော ဟု ဘွင့်ခြင်းသည် ရူပသဒ္ဒါသည် ချစ်အပ် သာယာအပ်သော ဝိယရုပ် သာတရုပ်ကိုလည်း ဟောသည်။ ရုပ္ပနလက္ခဏာ ရှိသော အစိတ်အစိတ် ဖြစ်သော ရူပက္ခန္ဓာ ထိုက်သော ဘူတရုပ် ဥပါဒါရုပ်ဟု ဆိုအပ်သော ရုပ်အဋ္ဌဝိသကိုလည်း ဟောသည်ဖြစ်၍။ ဤအရာ၌ ရူပသဒ္ဒါသည် ရူပက္ခန္ဓာသဘော မဟုတ်သော ဝိယရုပ် သာတရုပ်ကို မဟော၊ ရုပ္ပနလက္ခဏာ ရှိသော အစိတ်အစိတ်သော ရူပက္ခန္ဓာ ထိုက်သော ဘူတရုပ် ဥပါဒါရုပ် ဟု ဆိုအပ်သော ရုပ် အဋ္ဌဝိသကို ဟောသတည်းဟု သိစေခြင်းငှါ၊ ရူပံကို ဘူတုပါဒါယ။လ။ ရူပက္ခန္ဓော ဟု ဘွင့်လေသည်။ ရင်း ဘူတုပါဒါယ စသောပါဠိဖြင့် ဝိယရုပ် သာတရုပ်တို့ကို စင်စေသည်။

**နိဗ္ဗာနံ**-နိဗ္ဗာန်ရင်း ဟု မပေးမူ၍ နိဗ္ဗာနံကို မဂ္ဂ။လ။အသင်္ခတဓမ္မော ဟု ဘွင့်ခြင်းသည် နိဗ္ဗာန် ဆိုသည်ကား ငြိမ်းသောကြောင့်ရင်း၊ ဖြစ်ခြင်း ပျက်ခြင်းဟု ဆိုအပ်သော ဥပါဒ် ဌီ ဘင် ကင်းသောကြောင့် ရင်း နိဗ္ဗာန်ဟု ဆို လေသည်။ အကယ်၍သာ ဥပါဒ် ဌီ ဘင် မရှိ၍ နိဗ္ဗာန်ဟု ဆိုလျှင် ပညတ်

သည်လည်း ဥပါဒ် ဌီ ဘင် ကင်းရကား။ ၎င်း ပညတ်သည် လည်း နိဗ္ဗာန်ပင် မည်သည် မဟုတ်ပါလော စောဒနာပသင်္ဂ ရှိသည်။ ယင်းသို့ ပသင်္ဂရှိသော်လည်း မဂ်ဖိုလ်တို့၏ အာရုံလည်း ဖြစ်ပါမှ နိဗ္ဗာန်ဟု ဆိုလေသည်။ ပညတ်သည် ဥပါဒ် ဌီ ဘင် ကင်းမူကား ကင်း၏။ ထိုသို့ပင် ကင်းသော်လည်း မဂ်ဖိုလ်တို့ ၏ အာရုံ မဟုတ်သောကြောင့် ၎င်း ပညတ်ကို စင်စေခြင်းငှါ နိဗ္ဗာနံ မဂ္ဂဖလာန။လ။ အသင်္ခတဓမ္မောဟု ဘွင့်ရလေသည်။

နိဗ္ဗာနံ မဂ္ဂဖလာန။လ။ ဘူတော ဆိုက ပြီးကောင်းပြီးလျက် အဘဲ့ကြောင့် အသင်္ခတဓမ္မော ဟု ဆိုပြန်လေသနည်း ဟူငြားအံ့။ နိဗ္ဗာန် ဆိုသည်ကား တဏှာမှ ထွက်မြောက်ကြောင်း လွတ် ကြောင်း ဖြစ်သောကြောင့် နိဗ္ဗာန်ဟု ဆိုရ လေသည်။ အ ကယ်၍သာ တဏှာမှ ထွက်မြောက်ကြောင်း လွတ်ကြောင်း ဖြစ်၍ နိဗ္ဗာန်ဟုဆိုလျှင် အရဟတ္တမဂ် အရဟတ္တဖိုလ် စိတ် သည်လည်း တဏှာမှ ထွက်မြောက်ကြောင်း ဖြစ်သည်မဟုတ် ပါလော၊ ဟုတ်၏။ ဟုတ်လျှင် ၎င်းအရဟတ္တမဂ် အရဟတ္တ ဖိုလ် စိတ်သည် နိဗ္ဗာန်ပင် မည်ကောင်းအံ့ လော စောဒနာ ပသင်္ဂရှိသည်။ယင်းသို့ ရှိသော်လည်း အရဟတ္တမဂ် အရဟတ္တဖိုလ် တို့သည် တဏှာမှ လွတ်ကြောင်း ထွက်မြောက်ကြောင်း ဖြစ် သော်လည်း ကံ စိတ် ဥတု အာဟာရ တည်းဟူသော အ ကြောင်းတရား လေးပါးတို့သည် ပြုပြင်စီရင်ခြင်း မကင်းသော ကြောင့် အသင်္ခတတရား မဟုတ်၊ သင်္ခတ တရားမျှသာ ရှိသေး သည်။ နိဗ္ဗာန်မှာမူကား တဏှာမှ ထွက်မြောက်ကြောင်း လွတ် ကြောင်းလည်း ဟုတ်၏၊ ကံ စိတ် ဥတု အာဟာရ တည်းဟူ သော အကြောင်းတရား လေးပါးတို့သည် ပြုပြင်စီရင်ခြင်းလည်း ကင်းသည်ဖြစ်၍ အသင်္ခတမည်၏။ အရဟတ္တမဂ် အရဟတ္တဖိုလ် တို့ကား အသင်္ခတမဟုတ်၊ သင်္ခတမျှသာ ဖြစ်၍ နိဗ္ဗာန် မမည်၊ ထို့ကြောင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို စင်စေခြင်းငှါ အသင်္ခတဓမ္မော ဟု ဆိုရပြန်လေသည်။

## စိတ်လေးပါး၏ အဓိပ္ပါယ်

ဆရာ အဘိဓမ္မာ၌ ဟောတော်မူအပ်သော လေးပါးသော ပရမတ္ထတို့တွင် အဘယ်တရားကို ရှေးဦးစွာ မိန့်မည်နည်းစော ဒနာဘွယ် ရှိသောကြောင့် တာဝစိတ္တံ ဟူသော ပါဌ်ကို မိန့်။ ထိုပါဌ်၏ အဓိပ္ပါယ်ကား၊ စေတသိက် အစရှိသည်တို့၏ ရှေးဦးစွာ စိတ်ကို မိန့်ပေအံ့ ဟူလိုသော်။ ။ဆရာ စေတသိက် အစရှိသည် တို့၏ ရှေးဦးစွာ စိတ်ကို မိန့်အံ့ဟု ဆိုလျှင် ၎င်း စိတ်သည် အပြား မရှိ အဘေဒ မှတ်ရမည်လောဟု စောဒနာဘွယ်ရှိ၍၊ စတုဗ္ဗိဓံ ဟူသောပါဌ်ကို မိန့်သော်၊ ထို ပါဌ်၏အဓိပ္ပါယ်ကား လေးပါး အပြား ရှိသည် ဖြစ်ဘိသော်။

ဆရာ စိတ်သည် လေးပါး အပြားရှိ၏ ဟုဆိုသော် လေးပါး၏အရ အဘယ်နည်း။ ဝါ၊ လေးပါးဟူသော သင်္ချာ၏ သင်္ချေယျကား အဘယ်နည်း စောဒနာဘွယ်ရှိ၍၊ ကာမာဝစရံ ရူပါဝစရံ အရူပါဝစရံ လောကုတ္တရံ ဟူသော ပါဌ်ကို မိန့်ဘိသော်။ ထိုပါဌ်၏ အဓိပ္ပါယ်ကား။ ကာမာဝစရစိတ် ရူပါဝစရစိတ် အရူပါဝစရစိတ် လောကုတ္တရာစိတ် ဟူ၍ လေးပါးတည်း။

၎င်း လေးပါးတို့တွင် ကာမာဝစရစိတ်သည် အဘဲ့ကြောင့် ကာမာဝစရ မည်သနည်းဟူမူကား။ ကာမေ အဝစရတီတိ ကာမာဝစရံ ဟူသော ပါဌ်နှင့် အညီ၊ ကာမဘုံ၌ များသောအားဖြင့် ကျင်လည်တတ်သောကြောင့် ကာမာဝစရ မည်၏။ ။ဆရာ များသောအားဖြင့် ကာမဘုံ၌ ကျင်လည်တတ်သောကြောင့် ကာမာဝစရမည်လျှင် ၎င်း စိတ်သည် ရူပဘုံ အရူပဘုံ တို့၌ မဖြစ်ပြီလော စောဒနာမူ။ ဖြစ်သေး၏။ ထိုသို့ဖြစ်သော်လည်း အပ္ပကအားဖြင့် အနည်းငယ်မျှ ဖြစ်၏။ ဖြစ်သော် အဘယ်စိတ် ဟု ခေါ်ရမည်နည်း။ ကာမာဝစရပင် ခေါ်ရ၏။ အဘဲ့ကြောင့် ခေါ်သနည်း။ ၎င်း စိတ်သည် ရူပ အရူပဘုံ တို့၌ အနည်းငယ်ပင်

ဖြစ်သော်လည်း ကာမာဝစရဟူသော အမည်ကို မစွန့်သော ကြောင့်တည်း။

ဥပမာကား။ တခုသော တောအရပ်၌ သမင် ဒရယ် ချေ ငယ် ဖိုင် ဆတ်တို့ကို ပစ်ခတ် စားသောက်လေ့ရှိသော သူကို ရွာသူရွာသား မြို့သူမြို့သားတို့သည် တောအရပ်၌ ကျက်စား များသည်ကို အစွဲပြု၍ ဝနစရက ဟု ခေါ်၏။ ထို မုဆိုးသည် တောထဲ၌ မြဲသောအားဖြင့် နေသည် မဟုတ်၊ မိမိ၏ အိမ်သို့ တရံတခါလာ၏၊ ထိုသို့ လာသောအခါ တော၌ နေသော သတ္တဝါကို မစွန့် သောကြောင့် ဝနစရက ဟု ခေါ်ဝေါ်သကဲ့သို့ ထို အတူ ရူပ အရူပဘုံတို့၌ ဖြစ်သော်လည်း ကာမာဝစရ ဟူသော အမည် ကို မစွန့်သောကြောင့် ကာမာဝစရဟူ၍ပင် ခေါ်၏။

တနည်းကား။ စစ်မြေပြင် အရပ်၌ ပါသော ဆင်အပေါင်း တို့တွင် တစီးသော ဆင်သည် ခံသိမ်းသော ဆင်တို့ထက် ရဲစွမ်း သတ္တိရှိသောကြောင့် ထို ဆင်ကို ရဲမက်လက်နက်ကိုင်သား ဗိုလ် ပါ အပေါင်းတို့သည် သတ္တိရှိသည်ကို အစွဲပြု၍ သင်္ဂါမာဝစရ သင်္ဂါမာဝစရ ဟု ခေါ်ဝေါ်ပညတ် ဝေါဟာရပြုကြ၏။ ထိုအခါ ၎င်းဆင်သည် အသက်ထက်ဆုံးပင် စစ်မြေပြင် အရပ်၌ စစ်ထိုး ၍နေရမည်မဟုတ်၊ မိမိတိုင်းနိုင်ငံသို့ ပြန်လာ၍ မတိုက်ရဘဲ နေ သောအခါလည်း ၎င်း ဆင်ကို သင်္ဂါမာဝစရ ဟူ၍ပင် ခေါ်ဝေါ် ၏။ အဘယ့်ကြောင့် ခေါ်ဝေါ်သနည်းဟူမူကား။ ၎င်းဆင်သည် ရဲရင့်ခြင်း သတ္တိကို မစွန့်သောကြောင့်တည်း။ ရှေးနည်းကို မှီ၍ ဥပမာ ဥပမေယျ ဟပ်လေ။

တနည်းကား။ ရေ၌ ကျက်စားသော သတ္တဝါကို ဇလဇ, ဇလဇ ဟုခေါ်၏။ ထိုသတ္တဝါသည် တရံတခါ ကုန်းထက်သို့ တက်သော်လည်း ဇလဇ ပင် ခေါ်၏။ အဘယ့်ကြောင့် နည်းဟူမူ ကား။ မိမိ ၏ ရေ၌ ကျက်စားသည်ကို မစွန့်သော ကြောင့် တည်း။

တနည်းကား။ ဂုန်း၌ ကျက်စားသော သတ္တဝါကို ထလဇ, ထလဇ ဟု ခေါ်၏။ ရေသို့ တရံတခါပင် ဆင်းသော်လည်း မိမိ၏ အမည်ကို မစွန့်သောကြောင့် ထလဇ ပင် ခေါ်ရလေ၏။ ထို့အတူ ကာမာဝစရ ဟူသော အမည်ကို မစွန့်သောကြောင့် ရူပဘုံ, အရူပဘုံတို့၌ ဖြစ်နည်းငယ်ပင် ဖြစ်သော်လည်း ကာမာဝစရပင် ခေါ်၏။ ထို့အတူ ရူပါဝစရ, အရူပါဝစရတို့ကို ၎င်းနည်းတူ ယူလေ။

အဘယ့်ကြောင့် လောကုတ္တရာ ခေါ်သနည်း။ လောကတော ဥတ္တရတီတိ လောကုတ္တရံ ဟူသော ပါဠိနှင့် အညီ လောကုတ္တရာဟု ခေါ်ရခြင်းသည် သင်္ခါရလောက သတ္တလောက ဩကာသလောက တည်းဟူသော လောက သုံးပါးမှ ထွက်မြောက်တတ်သောကြောင့် လောကုတ္တရာ ဟု ခေါ်၏။

သင်္ခါရလောက ဆိုသည်ကား။ ဥပါဒ် ဌီ ဘင် သုံးပါးတို့တွင် ဘင်သို့ ရွေ့ရှုသည်ကို သင်္ခါရလောက ဟု ခေါ်၏။

သတ္တလောက ဆိုသည်ကား။ သုံးဆဲ့တဘုံ၌ ရှိသော ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် လူ နတ် ဗြဟ္မာတို့ကို ဆို၏။

ဩကာသ လောက ဆိုသည်ကား။ ဘုံသုံးဆဲ့တဘုံကို ဆို၏။ ထို့ကြောင့် လောကုတ္တရာကို ဤလောက သုံးပါးမှ ထွက်မြောက်ကြောင်း ဖြစ်သောကြောင့် လောကုတ္တရာ ဟု ခေါ်၏။

ထွက်မြောက်ကြောင်း ဖြစ်၍ ခေါ်လျှင် လောကုတ္တရာသည်သာလျှင် ထွက်မြောက်ကြောင်းဟုတ်သလော။ လောကီကုသိုလ်တို့သည်လည်း ထွက်မြောက် ကြောင်းပင် ဖြစ်ပါသောကြောင့် ၎င်းတရားတို့ကို လောကုတ္တရာ ပင် ခေါ်သင့်၏။ ဤကဲ့သို့ ခေါ်သင့်သည်ကိုမခေါ်မူ၍ လောကုတ္တရာကိုသာလျှင် အသီးထုတ်နုတ်၍ အဘယ့်ကြောင့် ခေါ်ရသနည်း စောဒနာမှု။ လောကီကုသိုလ် မူကား ထွက်မြောက်ကြောင်းဟုတ်၏။ ထိုသို့ပင် ဟုတ်သော်လည်း အကြောင်းနှင့်အကျိုး ဝေးကြ၏။လောကုတ္တရာမူ ဤကဲ့သို့မဟုတ်၊

အကြောင်းနှင့် အကျိုးသည် တစ်ပါတည်း နေ၏။ ထို့ကြောင့် လောကုတ္တရာ ကိုသာလျှင် အသီး ထုတ်နုတ်၍ ထွက်မြောက်ကြောင်း ဖြစ်သည်ဟု ဆိုရ၏။

ဉာဏ်သည် ရှိသော် - မြတ်စွာဘုရားသည် သစ္စယမိုက်ကျမ်း အနာဂတ ပုဂ္ဂလဝါရမှာ ကိုယ်တော် ဟောတော်မူသည့်ကာလ၊ အရဟတ္တမဂ်ကို အကြွင်း ပုဂ္ဂိုလ်သည် ရလတ္တံ့၊ ထိုပုဂ္ဂိုလ်ကို ဝိဘင်းထုတ်တော်မူသည့်ကာလ ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ ဟု အရဟတ္တမဂ်၏ ရှေ့ ဝေါဒါန်စိတ်နှင့် ပြည့်စုံသော အနာဂါမိပုဂ္ဂိုလ်ကို ထုတ်တော်မူ၏။ ၎င်း အနာဂါမ် ပုဂ္ဂိုလ်သာလျှင် အရဟတ္တမဂ်ကို ရလတ္တံ့သည်မဟုတ်၊ ပစ္ဆိမ ဘဝိက ပုဂ္ဂိုလ်သည်လည်း အရဟတ္တမဂ်ကို ရလတ္တံ့ဖြစ်၍ ဝိဘင်းထုတ်သင့်ပါလျက်ကို မထုတ်မူ၍ အနာဂါမ်ကိုသာ ထုတ်၍ သွားလေ၏။ ထို ပုဂ္ဂိုလ်မှာ ယေ မဂ္ဂံ ပဋိလဘိဿန္တိ ဟူသော ဝိဘင်းဖြင့် မဂ်ကို ရလတ္တံ့ဟု ထုတ်၏။ ထို့အတူ လောကီကုသိုလ်တို့ကို မဆိုမူ၍ လောကုတ္တရာ စိတ်ကိုသာလျှင် ထွက်မြောက်ကြောင်းဟု ဆို၏။ ။ဤတွင် ရှေ့ကား စိတ်လေးပါး၏ အဓိပ္ပါယ်တည်း။

## သောဘာသု ဇိဇီ

ဆရာ ယခု ဆိုအပ်ပြီးသော စိတ်တို့တွင် အဘယ်စိတ်ကို ရှေးဦးစွာ မိန့်မည်နည်း၊ ဝေဒနာရန် ရှိသောကြောင့် ကဏ္ဍ ကတမံ ကာမာဝစရံ ဟူသော ပါဠိကိုမိန့်။ ထိုပါဠိ၏ အဓိပ္ပါယ်ကား ရူပါဝစရစိတ် အရူပါဝစရစိတ် လောကုတ္တရာစိတ်တို့၏ ရှေးဦးစွာ ကာမာဝစရစိတ်ကို မိန့်မည် ဟူလိုသော်။

၎င်း ကာမာဝစရစိတ်သည် အဘယ်မျှပြားသနည်း ဝေဒနာ ရန်ရှိသောကြောင့် စတုပညာသ သဗ္ဗသာ ဟူသော ပါဠိကို မိန့်။ ထိုပါဠိ၏ အဓိပ္ပါယ်ကား ကာမာဝစရစိတ်သည် ငါးဆယ့်

လေးပါး အပြား ရှိသည် ဖြစ်ဘိသော်။ ထိုနောက် တက်ပုံမှာ အောက်က နည်းကိုမှီ၍ တက်လေ၊ တဏ္ဍကတမံ ဟူသော ပါဌ်သည့် အရှင်အနုရုဒ္ဓါ ရေးသည်မဟုတ်၊ နောက်မှ ဆရာတို့ ထည့်၍ ရေးကြသည်၊ အကယ်၍သာ အရှင်အနုရုဒ္ဓါဆရာ ရေးသည်ဖြစ်အံ့၊ ဋီကာကျော်မှာ ဘွင့်ရမည်၊ မရေး သောကြောင့် ဋီကာကျော်မှာ မဘွင့်။ ၎င်း ၅၄–ပါးသော ကာမာဝစရတို့တွင် အကုသိုလ်စိတ် အဟိတ်စိတ် ကာမာဝစရ သောဘဏစိတ်ဟူ၍ သုံးပါးတို့တွင် အဟိတ်စိတ် ကာမာဝစရ သောဘဏစိတ်တို့၏ ရှေးဦးစွာ အကုသိုလ်စိတ်ကို မိန့်။ ထို အကုသိုလ်စိတ်သည် အဘယ်မှ ပြားသနည်း စောဒနာမူ။ တဆဲ့ နှစ်ပါး အပြားရှိသည် ဖြစ်ဘိသော်၊ ၎င်းတဆဲ့နှစ်ပါးတို့တွင် လောဘမူ ဒေါသမူ မောဟမူစိတ်ဟူ၍ သုံးပါးရှိသည်တို့တွင် အဘယ်စိတ်ကို ရှေးဦးစွာ မိန့်မည်နည်းဟူမူ။ ဒေါသမူ မောဟမူတို့၏ ရှေးဦးစွာ လောဘမူစိတ်ကို မိန့်အပ်၏ ဟူလိုသော်။ အဘယ့်ကြောင့် လောဘမူကို ရှေးဦးစွာ မိန့်သနည်း၊ လောဘမူကို မမိန့်မူ၍ ဒေါသမူကို မိန့်ပါတော့လော ဟူငြားအံ့၊ လောဘသည် ရှေးဦးစွာ ဖြစ်သောကြောင့် မိန့်အပ်၏။ အဘယ်ကဲ့သို့ ဖြစ်သနည်း ဟူမူကား။ သတ္တဝါတို့မှာ ပဋိသန္ဓေ နောင် ဘဝင် ၁၅-ချက် ၁၆–ချက် ဖြစ်ပြီးလျှင် ဘဝကို ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထိုနောင် ဘဝကို တပ်တတ်သော ဘဝနိကန္တိကလောဘဇောဟု ရှေးဦးစွာ စော၏။ ထို့ကြောင့် ဒေါသ မောဟကို မပြမူ၍ လောဘကို ပြ၏။ လောဘသည် ရှေးဦးစွာ စောသောကြောင့် ဆိုလျှင် ဆိုတန်စေ၊ လောဘကို ပြပြီးသည်နောက်၌ အဘယ့်ကြောင့် ဒေါသကို ပြသနည်း၊ မောဟကိုပင် ပြပါတော့လော စောဒနာမူ။ လောဘနောင် ဒေါသကို ပြရခြင်းသည် ဟိတ်ချင်းတူကြသောကြောင့် ပြ၏။ အဘယ်ကဲ့သို့ ဟိတ်ချင်းတူသနည်း ဟူမူကား။ လောဘသည် ဒွိဟိတ်စိတ်ပင်၊ ဒေါသလည်း ဒွိဟိတ်စိတ်ပင်၊ ထို့ကြောင့် လောဘနောင် မောဟ

ကို မပြမူ၍ ဒေါသကိုပြ၏။ ထိုနောက်မှ မောဟကို ပြရလေ၏၊ ဆရာ လောဘကို ရှေးဦးစွာ ပြသော်-ငင်း လောဘမှာလည်း သောမနဿ ဥပေက္ခာ အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါး တို့တွင် အဘယ့်ကြောင့် သောမနဿကို ရှေ့ထား၍ ပြသနည်း စောဒနာမူ။ မြတ်စွာ ဘုရားသည် သောမနဿကို ရှေ့ထား၍ ဟော၏။ထို့ကြောင့် သောမနဿကို ရှေ့ထား၍ ပြရလေ၏။ ငင်း သောမနဿမှာလည်း ဒိဋ္ဌိဂတသမ္ပယုတ်, ဒိဋ္ဌိဂတဝိပ္ပယုတ် အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အဘယ့်ကြောင့် သမ္ပယုတ်ကို ရှေ့ထား၍ ပြသနည်းဟူမူ။ ဒိဋ္ဌိ ရှိ, မရှိ နှစ်ပါးတို့ တွင် အရှိကိုပြသဖြင့် မရှိဟူသော အဖြစ်ကို သိရ၏။ ထို့ကြောင့် ပြ၏။ ထိုသို့ ရှိ,မရှိ နှစ်ပါးတို့တွင် ရှိသည်ကို ပြသဖြင့် မရှိ သည့်ကို သိရ၏ဆိုလျှင်။ အသင်္ခါရိက သသင်္ခါရိက နှစ်ပါးတို့တွင် ရှိသောတရားကို ရှေးဦးစွာ ထားလျှင် အသင်္ခါရိကသည် တိုက် တွန်းခြင်းမရှိ သသင်္ခါရိကသည် တိုက်တွန်းခြင်းရှိ၏။ ထို့ကြောင့် သသင်္ခါရိကကို ရှေးဦးစွာ ပြပါတော့လော အဘယ့်ကြောင့် အသင်္ခါ ရိကကို ပြသနည်း စောဒနာမူ။ အနှုန့်အထက် နှစ်ပါး တို့တွင် အထက်ကိုပြသဖြင့် အနှုန့်ကို သိရ၏။ ထို့ကြောင့် သသင်္ခါရိက ကို မပြမူ၍ အသင်္ခါရိကကို ပြလေ၏။

ဆရာ၊ လောဘမူစိတ်မှာ အဘယ့်ကြောင့် ဝေဒနာကို အထူး ပြုသနည်း။ ငင်း စိတ်မှာ ဝေဒနာသာ ယှဉ်သည်မဟုတ်၊ ဖဿ သညာတို့လည်း ယှဉ်၏။ထို့ကြောင့် ဖဿ သညာတို့ကိုပင် အထူး ပြုပါတော့လော စောဒနာမူ။ ငင်း ဝေဒနာမှာမူ သုခဝေဒနာ။ လ။ ဥပေက္ခာဝေဒနာ အားဖြင့် ပြားသောကြောင့် ဝေဒနာကို အထူးပြုရလေ၏။ ဖဿမှာမူကား မပြားခဲ့။ ငင်းဖဿနှင့် အထူး ပြုသည် ဖြစ်အံ့။ မိမိသည် သင်္ချာချုပ်သော ကာလ အဋ္ဌဟုချုပ် ၏။ ထို အဋ္ဌ ဟူသော သင်္ချာ၏ သင်္ချေယျသည် မပြေနိုင်ရာ။ အဘယ့် ကြောင့် မပြေနိုင်ရာ သနည်း ဟူမူကား။ ဖဿသည် မပြား သောကြောင့် မပြေနိုင်ရာ သတည်း။ ဝေဒနာမူကား သော

မနသဒ္ဓ ယှဉ်သော ဝေဒနာသည် သောမနဿ ဝေဒနာ။ ဥပေက္ခာဒ္ဓ ယှဉ်သော ဝေဒနာသည် ဥပေက္ခာ ဝေဒနာ ဤကဲ့သို့ ပြားသောကြောင့် ဖဿ စသည်နှင့် အထူးမပြုမူ၍ ဝေဒနာနှင့် သာ အထူးပြုရလေ၏။

ဤ သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကံ သသင်္ခါရိကံ ဟူသော ပါဠိအပေါင်းတို့တွင် လိုရင်းပါဌ်မူ။ အသင်္ခါရိကံ သသင်္ခါရိကံ တို့သည်သာ လိုရင်းဖြစ်၏။ လိုရင်းဖြစ်သော အသင်္ခါရိက သသင်္ခါရိကတို့ကိုပင် ဆိုပါတော့လော။ အဘဲ့ကြောင့် လိုရင်းမဟုတ်ဘဲနှင့်ပင် ဤ သောမနဿသဟဂတံ အစရှိသော ပါဠိတို့ကို ဆိုသနည်းဟူမူ။ သောမနဿသည်ကား လိုရင်းမဟုတ်၊ မဟုတ်သော်လည်း အသင်္ခါရိက သသင်္ခါရိကသည် သောမနဿ၏ အသင်္ခါရိက သသင်္ခါရိက၊ ဥပေက္ခာ၏ အသင်္ခါရိက သသင်္ခါရိက နှစ်ပါး အပြားရှိ၏။ထိုသို့ရှိသောကြောင့် ဤ အသင်္ခါရိက သသင်္ခါရိကသည် သောမနဿ လေလော။ ဥပေက္ခာ လေလောဟု ဒွိဟ ပသင် ရှိရာ၏။ ထို ဒွိဟ ပသင်ကို စင်စေခြင်းငှါ အသင်္ခါရိက သသင်္ခါရိကတို့သည် သောမနဿ ဥပေက္ခာ နှစ်ပါးပင် ရှိသော်လည်း ဤ အသင်္ခါရိက သသင်္ခါရိကသည် ဥပေက္ခာမဟုတ် သောမနဿ ဟု သိစေခြင်းငှါ သောမနဿသဟဂတံ ဟု ဆိုလေသည်။ ဤကဲ့သို့ သောမနဿ ဥပေက္ခာ နှစ်ပါးရှိသောကြောင့် သောမနဿ ဟု သိစေခြင်းငှါ သောမနဿသဟဂတံကို ပြရ၏။ အသင်္ခါရိက သသင်္ခါရိက၏ သောမနဿဟု သိစေခြင်းငှါ ပြရ၏ ဆိုလျှင် ဆိုတန်စေ။ ဉာဏဝိပ္ပယုတ္တံ အစရှိသော ပါဠိကို အဘဲ့ကြောင့် မိန့်သနည်း စောဒနာမူ။ ဤ ဉာဏဝိပ္ပယုတ္တံ ဟူသော ပါဠိကို မိန့်ခြင်းသည် သောမနဿ အသင်္ခါရိက သသင်္ခါရိကသည် ဉာဏ်၏ အသင်္ခါရိက သသင်္ခါရိက၊ ဝိပ္ပယုတ်၏ အသင်္ခါရိက သသင်္ခါရိက အားဖြင့် နှစ်ပါး အပြားရှိ၏။ ထို နှစ်ပါးတို့တွင် ဤ အသင်္ခါရိက သသင်္ခါရိကသည် ဉာဏ်နှင့် ယှဉ်သော အသင်္ခါရိက သသင်္ခါရိက

လေလော။ ဒိဋ္ဌိနှင့် မယှဉ်သော အသင်္ခါရိက သသင်္ခါရိကလေလော ဟူ၍ ဒွိဟ ပသင်္ဂ ရှိတတ်သောကြောင့်၊ ထို ဒွိဟ ပသင်္ဂကို စင်စေခြင်းငှါ ဤ အသင်္ခါရိက သသင်္ခါရိကသည် ဒိဋ္ဌိနှင့် ယှဉ်သော အသင်္ခါရိက သသင်္ခါရိကဟု သိစေခြင်းငှါ ဒိဋ္ဌိဂတ သမ္ပယုတ္တံ ဟူသော ပါဌ်ကို မိန့်။

ဥပမာပုံ ဆိုသော်။ တစ်ကို လုံးကြီးတင်၍ အထက်က တရုံတခုသော ဝဏ္ဏတို့ကို မရေးဘဲ ထားချေသော်။ ဘတ်သောသူသည် ဤတစ်လုံးကြီးတင်ကို ရွေ ငွေ ဟု အထက်က ရေးသည် ဖြစ်အံ့ တကျပ် ဟု ဘတ်ရ၏။ ပဲ ပြောင်း လူး ဆပ် စပါး ဖြစ်လျှင်လည်း တစိတ် ဘတ်ရ၏။ သစ်ဝါး ကြိမ်နွယ် ဖြစ်လျှင်လည်း တမိုက် ဘတ်ရ၏။ ယခုမူ တစ်ကို လုံးကြီး တင်၍သာ ထား၏။ အထက်က တရုံတခုသော ဝဏ္ဏ ပစ္စည်း ရေးလျက် မရှိသောကြောင့် ထိုသူသည် အဘယ်ဝဏ္ဏ ဘတ်မည်နည်း ဟု သံသယ ရှိ၏။ထိုအခါ အထက်က ရွေ ငွေ ဟု ရေးထားသည် ဖြစ်အံ့၊ ၎င်းကို ဘတ်သောသူသည် ဤ တစ်လုံးကြီးတင်ကို တစိတ် တမိုက် မဟုတ်၊ တကျပ်ဟု သိရလေ၏။ ထို့အတူ ယူလေ။

ဤ ဒိဋ္ဌိဂတ သမ္ပယုတ်သည် အဘယ် ဒိဋ္ဌိနည်း။ ဒိဋ္ဌိသည် သမ္မာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် မိစ္ဆာဒိဋ္ဌိကို ဆိုလျှင် သမ္မာဒိဋ္ဌိ မဟုတ်ဟု သိရ၏။ သမ္မာဒိဋ္ဌိကို ဆိုလျှင်လည်း မိစ္ဆာဒိဋ္ဌိ မဟုတ်ဟု သိရ၏။ယခုမှာ ဤကဲ့သို့လည်း မဆိုသောကြောင့် အဘယ် ဒိဋ္ဌိကို ယူရမည်နည်း ဟူမူ။ ဤကဲ့သို့ မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိ နှစ်ပါးတို့တွင် တပါးပါးကို မဆိုသော်လည်း။ ရူမာနိ အဋ္ဌပိ လောဘ သဟဂတ စိတ္တာနိနာမ ဟူသော နိဂုမ်းကို ထောက်သဖြင့် မိစ္ဆာဒိဋ္ဌိ ဟု သိရ၏။

လောကီ ဥပမာဖြင့် ပြပေအံ့။ တဦးသော လယ် ထွန်ယောက်ျားသည် မိမိ၏ လယ်တော အရပ်မှသည် အိမ်သို့

ပြန်လာသော အခိုက်ကို သည်းထန်စွာ မိုးရွာသည်ဟု ရွာ၏။ ထိုအခါ လယ်ထွန်သမားသည် ငါ၏ လယ် ချောင်းမြောင်းတို့၌ ရေသည် ပြည့်၍ နေပေတော့မည်ဟု မနေ့ခါရဖြင့် အောက်မေ့၍ နေ၏။ မိုးသောက် သောအခါ မိမိ၏ လယ်တောသို့ သွား၍ ကြည့်ရှုသည် ရှိသော် ရေတို့သည် တစက်မျှမရှိ ခန်းခြောက်၍ ကုန်နှင့်၏။ ထို လယ်ထွန် သမားသည် မိမိ၏ လယ်ယာ ချောင်းမြောင်း တို့၌ ရေ ခန်းခြောက်၍ ကုန်သော်လည်း ရေသည် ဒူးဆစ် ပေါင်လည်လောက် လာ၏ဟု သိ၏။ အဘယ့် ကြောင့် သိသနည်း ဟူမူကား။ ၎င်း လယ်ထွန် သမားသည် ရေကို မမြင်ငြားသော်လည်း ကမ်းထိပ် ကမ်းပါး၌ တင်သော မှော်သီး မှော်ဖတ်ကို မြင်သောကြောင့် ရေသည် ဒူးဆစ် ပေါင် လည်လောက်လာ၏ ဟု သိရ၏။ ထို့အတူ ဒိဋ္ဌ သာမညပင် ဆိုသော်လည်း လောဘသဟဂတ စိတ္တာနိ ဟူသော နိဂုမ်းကို ထောက်သဖြင့် သမ္မာဒိဋ္ဌိ မဟုတ် မိစ္ဆာဒိဋ္ဌိဟု သိရ၏။ ၎င်းလယ် တော၌ ရေမရှိသည်နှင့်မူ ဒိဋ္ဌသာမည ဆိုသည်နှင့် တူ၏။ ကမ်း ထိပ် ကမ်းပါး၌ ရှိသော မှော်သီး မှော်ဖတ်တို့နှင့် မူကား လောဘသဟဂတ စိတ္တာနိ ဟူသော နိဂုမ်းနှင့် တူ၏။ လယ် ထွန်သမားနှင့်မူကား စာသင် သောတုဇနတို့နှင့် တူ၏။

ရူမာနိ အဋ္ဌပိ လောဘသဟဂတ စိတ္တာနိနာမ ဟုဆို၏။ ဤ၌ ပိ ကို အဘယ့်ကြောင့် ထားသနည်း။ ၎င်း ပိ မရှိသော်လည်း ရှစ် ခုပင်လျှင်တည်း။ ရှစ်ခုပင် ဖြစ်လျက်နှင့် ဤ ပိ သဒ္ဒါကို ဘယ် အကျိုး၌ ထားရသနည်းဟူမူ။ ဤ ပိသဒ္ဒါသည် သမ္ပိဏ္ဍန ပေါင်း ခြင်းအနက် ရှိ၏။ အကယ်၍သာ ဤ ပိသဒ္ဒါကို မထားသည်ဖြစ် အံ့။ ၎င်း လောဘမူစိတ်သည် ရှစ်ခုပင်ဟု ယူရာ၏။ လောဘ သည် ပေါင်းသောအခါ ရှစ်ခုမကသည်ကို သိစေခြင်း၌ ပိသဒ္ဒါ ဖြင့် ပြ၏။ ပေါင်း၏ဟု ဆိုသော် အဘယ်ကဲ့သို့ ပေါင်းမည်နည်း ဟူငြားအံ့။ လောဘမူ ရှစ်ခုကိုတည်။ အကုလလ ကမ္မပထ တရား

ချနှစ်ပါးနှင့် မြှောက်။ ၎င်းကို ကာလသုံးပါးနှင့် မြှောက်။၎င်းကို သန္တာန် နှစ်ပါးနှင့် မြှောက်။၎င်းကို အာရုံခြောက်ပါးနှင့် မြှောက်။ ၎င်းကို နဂရ ဇနပဒ နှစ်ပါးနှင့်မြှောက်။ ထိုလောဘသည် မရေမတွက်နိုင် များစွာဖြစ်၏။

ရှုမာနိ အဋ္ဌပိ လောဘ သဟဂတဟု အဘဲ့ကြောင့် လောဘနှင့်သာ အထူးပြုသနည်း။ လောဘ မောဟ သဟဂတစိတ္တာနိ နာမ ဟု ဆိုပါတော့လော ဟူမူ။ မောဟသည် အလုံးစုံသော အကုသိုလ်တို့နှင့် ယှဉ်၏။လောဘသည် လောဘမူစိတ် ၈စ်ချဉ်သာ ယှဉ်၏။ ထို့ကြောင့် လောဘနှင့်သာ အထူးပြုရလေ၏။

သောမနဿ ဖြစ်ခြင်း၏ အကြောင်းကား သုံးပါး အပြားရှိ၏။ သုံးပါးဟူသော်ကား။ သောမနဿနှင့် ပဋိသန္ဓေနေသည်ဖြစ်စေ၊ ဣဋ္ဌာရုံလည်းဖြစ်စေ မနက်နဲသော ဉာဏ်ပညာရှိသည်လည်းဖြစ်စေ ဤ အင်္ဂါသုံးပါးနှင့် ပြည့်စုံလျှင် သောမနဿဖြစ်၏။ ဤသည်လျှင် သောမနဿဖြစ်ခြင်း၏ အကြောင်း သုံးပါးတည်း။

ဥပေက္ခာဖြစ်ခြင်း၏ အကြောင်းကား သုံးပါးတည်း။သုံးပါးဟူသော်ကား။ ဥပေက္ခာနှင့် ပဋိသန္ဓေနေသည်လည်း ဖြစ်စေ၊ ဣဋ္ဌမဇ္ဈတ္တာရုံလည်းဖြစ်စေ၊ နက်နဲသော ဉာဏ်ပညာရှိသည်လည်းဖြစ်စေ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံလျှင် ဥပေက္ခာဖြစ်၏။ မပြည့်စုံလျှင် မဖြစ်။

ဒိဋ္ဌိဂတ သမ္ပယုတ်ဖြစ်ခြင်း၏ အကြောင်းကား နှစ်ပါးတည်း။ နှစ်ပါးဟူသော်ကား။ မိမိလည်း ဝိပလ္လာသ ဘောက်ပြန်သဖြင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူရှိသည်လည်း ဖြစ်စေ၊ မိမိနှင့် အတူတကွ ပေါင်းဘော်သော သူသည်လည်း ဝိပလ္လာသဘောက်ပြန်သည်ဖြစ်စေ၊ ဤ နှစ်ပါးပြည့်စုံလျှင် ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်၏။ ဤအကြောင်းနှစ်ပါးနှင့် မပြည့်စုံလျှင် ဝိပ္ပယုတ်ဖြစ်၏။

အသင်္ခါရိက ဖြစ်ခြင်း၏အကြောင်းကား ငါးပါးတည်း။ ငါးပါးဟူသော်ကား။ လျောက်ပတ်သော ဥတုဒေသ၊ လျောက်ပတ်

သော အရိပ် အာဝါသ၊ လျောက်ပတ်သော ခံတွယ်တောဇဉ်၊ လျောက်ပတ်သော အဝတ်သက်နိုး၊ လျောက်ပတ်သော အဆွေ ခင်ပွန်း ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံလျှင် အသင်္ခါရိက ဖြစ်၏။ မပြည့်စုံလျှင် သသင်္ခါရိက ဖြစ်၏။

ဖြစ်သော အခြင်းအရာကိုကား ဤသို့ သိအပ်၏။ အကြင် အခါ တရံတခုသော ပစ္စည်းကို တွေ့၏။ ထိုအခါ မိမိသည် လိုချင်ခြင်းရှိ၏။ ထိုသို့ လိုချင်သောအခါ ငါသည် ဤသူ၏ ပစ္စည်းတို့ကို ယူရာ၌ အပြစ်မရှိ။အဘယ်ကဲ့သို့ နည်းဟူမူကား။ ထိုပုဂ္ဂိုလ်သည် ရှေးရှေးသော ဘဝက ငါ၏ဥစ္စာကို ယူဘူးလှလေပြီ။ ထိုသို့ ဖြစ်သောကြောင့် သင့်ဥစ္စာကို ငါ ယခုယူခြင်း၌ အပြစ်မရှိ။ ဤကဲ့သို့ မိစ္ဆာဒိဋ္ဌိ ဉာဏ်ဖြင့် ယူ၏။ ထိုအခါ ဒိဋ္ဌိဂတ သမ္ပယုတ်ဖြစ်၏။ မတိုက်တွန်းလျှင် အသင်္ခါရိက၊ တိုက်တွန်းလျှင် သသင်္ခါရိက၊ ဝမ်းမြောက်လျှင် သောမနဿ၊ ဝမ်းမမြောက်လျှင်ဥပေက္ခာဖြစ်၏။

အကြင်အခါ၌ တရံတခုသော ပစ္စည်းတို့ကို တွေ့အံ့။ ထိုအခါ မိမိသည် လိုချင်ခြင်း ရှိ၏။ ထိုသို့ လိုချင်သောအခါ ငါသည် ဤသူ၏ ပစ္စည်းတို့ကို ယူရာ၌ အပြစ်ရှိ၏ဟု သိ၏ သိသော်လည်း ငါ့မှာ ဆင်းရဲ နွမ်းပါးသောကြောင့် ထိုသူ၏ ပစ္စည်း ဖြစ်သော်လည်း မဆင်ခြင်နိုင်သောကြောင့် ယူရ၏။ ထိုအခါ ဒိဋ္ဌိဂတဝိပ္ပယုတ်ဖြစ်၏။ မတိုက်တွန်းလျှင် အသင်္ခါရိက၊ တိုက်တွန်းလျှင် သသင်္ခါရိက၊ ဝမ်းမြောက်လျှင် သောမနဿ၊ ဝမ်းမမြောက်လျှင် ဥပေက္ခာဖြစ်၏။

## ဒေါသမူ စိတ်

ဒေါမနဿ သဟဂတံ ဟူသောပါဠိ အပေါင်း တို့တွင် လိုရင်းပါဠိကား အသင်္ခါရိကံ၊ သသင်္ခါရိကံ လိုရင်းဖြစ်၏။ ၎င်း နည်းမှာ အောက်ကဆိုခဲ့တိုင်း မှတ်လေ။

ဤ ဒေါမနဿ သဟဂတံ ပဋိဃသမ္ပယုတ္တံ ဟူသော ပါဠိကို အဘဲ့ကြောင့် ဆိုလေသနည်းဟူမူ၊ ပဋိဃဆိုသည်မှာ ဒေါသ

စေတသိက်ကို ဆို၏။ သမ္ပယုတ္တံ ဆိုသည်မှာ ၎င်း ဒေါသနှင့် ယှဉ်သည်ကို သမ္ပယုတ္တံဟု ဆို၏။ ထို့ကြောင့် ပဋိဃသမ္ပယုတ္တံ ဟု ဆိုရလေသည်။

ဒေါသဖြစ်ခြင်း၏ အကြောင်းကား နှစ်ပါးတည်း။ နှစ်ပါး ဟူသော်ကား။ အနိဋ္ဌာရုံနှင့် တွေ့ကြုံသည်လည်း ဖြစ်စေ၊ အာဃာတဝတ္ထု ကိုးပါးနှင့် ပြည့်စုံသည်လည်း ဖြစ်စေ။ ဤကား ဒေါသဖြစ်ခြင်း၏ အကြောင်း နှစ်ပါးတည်း။ အာဃာတ ဝတ္ထု ကိုးပါးဟူသော်ကား မိမိကို အကြောင်းပြု၍ သုံးပါး၊ မိမိ ချစ်သောသူကိုအကြောင်းပြု၍ သုံးပါး၊ မိမိခုန်းသောသူကို အကြောင်း ပြု၍ သုံးပါးဟူ၍ ကိုးပါးတည်း။ မိမိကို အကြောင်းပြု၍ သုံးပါး ဟူသော်ကား။ ထိုသူသည် ငါ၏ ကျေးဇူးမဲ့စကားကို ရှေးရှေး သော တဝကလည်း ပြောသွားလေပြီ အဘိတ်တပါး။ ထိုသူသည် ငါ၏ ကျေးဇူးမဲ့စကားကို ယခုလည်း ပြောဆဲ ပစ္စုပ္ပန်တပါး။ ထိုသူသည် ငါ၏ ကျေးဇူးမဲ့စကားကို နောင်လည်း ပြောလတ္တံ့ အနာဂတ် တပါး။ ဤကား မိမိကို အကြောင်းပြု၍ သုံးပါးတည်း။

မိမိချစ်သောသူ၌လည်း အဘိတ် ပစ္စုပ္ပန် အနာဂတ် အား ဖြင့် သုံးပါး။ မိမိ မုန်းသော သူ၌လည်း အဘိတ်, ပစ္စုပ္ပန်, အနာဂတ် အားဖြင့် သုံးပါး။ ဤသုံး ရပ်ကို ပေါင်း၍ အာဃာတ ဝတ္ထု ကိုးပါး ဖြစ်သတည်း။

ဗိသဒ္ဒါကိုရင်း ဒေါသနှင့် အထူး ပြုသည်ကိုရင်း အောက် လောဘမူအတိုင်း မြွက်၍ ယူလေ။

## မောဟမူ စိတ်

မောဟမူ၌ ဥပေက္ခာသဟဂတံ ဥဒ္ဒစ္စသမ္ပယုတ္တံဟု ဆို၏။ ဥဒ္ဒစ္စစေတသိက်သည် ဥဒ္ဒစ္စ စိတ်၌သာ ယှဉ်သည်မဟုတ် အလုံး ရုံသော အကုသိုလ်စိတ်တို့၌ ယှဉ်သည်ဖြစ်လျက် အဘယ့်ကြောင့် ဥဒ္ဒစ္စ၌သာလျှင် အထူးပြုသနည်းဟူမူ။ ဤ ဥဒ္ဒစ္စစေတသိက်သည် အလုံးရုံသော အကုသိုလ် စိတ်တို့နှင့် ယှဉ်၏။ ထိုသို့ပင် ယှဉ်

သော်လည်း မပြခါန်း၊ ဥဒ္ဒစ္စစိတ်၌သာလျှင် သာ၍ ပြခါန်းသောကြောင့် အခြားသော စိတ်တို့၌ မဆိုမူ၍ ဥဒ္ဒစ္စ စိတ်၌သာလျှင် ဥဒ္ဒစ္စသဟဂတံဟု အထူးပြုရလေ၏။ ။ယခု ဆိုအပ် ပြီးသော အကုသိုလ်စိတ်တို့သည် မန္ဒပုဂ္ဂိုလ်ကိုရည်၍ ဆိုသော ရုဏ္ဍိယ စကားဟု ဆို၏။ အဋ္ဌဓာ လောဘမူလာနိ။ လ။ သိယုံ ဟူသော ဂါထာမှာ တိက္ခပုဂ္ဂိုလ်ကို ရည်၍ နိဂုမ်း သင်္ဂဟ ဂါထာဟု ဆို၏။ ။ဤတွင် ရှေ့ကား ကုသိုလ်စိတ် ၁၂-ခုတို့၏ ဝါ ၁၂ ခုတို့၌ အကျဉ်းမှတ်ဘွယ် စကားရပ် အပြီးသတ်သတည်း။

## အဟိတ်စိတ်

အဟိတ်စိတ်၌ အကျဉ်းမှတ်ပုံကား။ အဟိတ်စိတ် ၁၈-ခုတို့တွင် အကုသလဝိပါက် ခုနစ်ခုမှာ အဟေတုက သဒ္ဒါကို မဆိုမူ၍ အဘဲ့ကြောင့် ကုသလဝိပါက် ရှစ်ခု၊ ကြိယာသုံးခုတို့မှာ အဟေတုကသဒ္ဒါကို ဝိသေသမ၍ ဆိုရလေသနည်း မေးသော် အကုသလဝိပါက်ခုနစ်ခုတို့မှာ ဧကန္တ အဟိတ်သဘောပင် ဖြစ်သောကြောင့် ခပ်သိမ်းသော သူတို့သည် အဟိတ်လော သဟိတ်လောဟု လျဉ်းပါးဘွယ် မရှိသောကြောင့် အဟေတုကသဒ္ဒါကို ဝိသေသ မ မလေသည်။ ကုသလဝိပါက် ရှစ်ခု ကြိယာသုံးခုတို့မှာ အဟိတ်ကုသလဝိပါက် အဟိတ်ကြိယာ သဟိတ်ကုသလဝိပါက် သဟိတ်ကြိယာဟူ၍ ရှိသည်တို့တွင် ဤအရာ၌ ကုသလဝိပါက်ကြိယာဟု သာမန်ကိုသာ ဆိုသဖြင့် သဟိတ်ဝိပါက် သဟိတ် ကြိယာတို့ကိုပင် ယူရအံ့လောဟု ဒွိဟ ပသင်္ဂ ရှိ၍ သဟိတ်မဟုတ် အဟိတ်ဟု သိစေခြင်းငှါ အဟေတုက သဒ္ဒါကို ဝိသေသ-မ၍ ဆိုလေသည်။ ။အကုသလဝိပါက် ကုသလဝိပါက်တို့၌ စက္ခုဝိညာဏ်။ လ။ ဇိဝှါဝိညာဏ်တို့သည် ဥပေက္ခာချည်းဟုမှတ်။ ။၎င်း၌ တထာသဒ္ဒါကို အဘဲ့ကြောင့် ထားရလေသနည်း။ စက္ခုဝိညာဏ် မြင်သကဲ့သို့ပင် သောတ ဃာန ဇိဝှါဝိညာဏ်တို့လည်း မြင်သောကြောင့်ပင် ထားရလေ

သလော စောဒနာမှု ဤကဲ့သို့ ဖြင်သောကြောင့် တထောသဒ္ဒါကို ထားသည်မဟုတ်၊ စက္ခုလည်း ဥပေက္ခာ သောတ ဃာန ဇိဝှါ တို့လည်း ဥပေက္ခာချည်းပင် ဖြစ်သည်ဟု သိစေခြင်းငှါ တထော သဒ္ဒါကို ထားရလေသည်။ ။မြင်ချင်းမတူလျှင် အဘယ့်ကြောင့် ဥပေက္ခာချည်း ဆိုရသနည်း ဟု ဆိုသော် စက္ခုပသာဒလည်း ဥပါဒါရုပ်၊ သောတ၊ ဃာန၊ ဇိဝှါတို့လည်း ဥပါဒါရုပ်ပင် ဖြစ်သောကြောင့် ဥပါဒါရုပ်ကို ဥပါဒါရုပ်ချင်း ထိခိုက်ကြသည် ရှိသော် နာသည် ကျင်သည် ဟူ၍ မရှိကြ။ ထို့ကြောင့် ဥပေက္ခာချည်း ဆိုရလေသည်။ ။ဥပမာဆိုသော် ထိခိုက်သော်လည်း ဝါဂွမ်းစိုင်ကို ဝါဂွမ်းစိုင်ချင်း ထိခိုက်သကဲ့သို့ နာသည် ကျင်သည် ဟူ၍ မရှိကြသကဲ့သို့တည်း။ ။စက္ခု။လ။ ဇိဝှါ ဝိညာဏ်တို့ကဲ့သို့ပင် ဥပေက္ခာ မဆိုမူ၍ အဘယ့်ကြောင့် ကာယဝိညာဏ်မှာ သုခ ဒုက္ခဟု ဆိုရလေသနည်း စောဒနာမူ။ ၎င်းစက္ခု။လ။ ဇိဝှါတို့ ကဲ့သို့ မဟုတ်။ စက္ခု။လ။ ဇိဝှါဘို့မှာ ဥပါဒါရုပ် ဒုက္ခ သုခတို့ ကား မဟာဘုတ်၊ ၎င်းမဟာဘုတ်နှင့် ဥပါဒါရုပ် တို့သည် ထိခိုက်ကြသည် ရှိသော် နာခြင်း ကျင်ခြင်းကို ဖြစ်စေတတ်၏။ ထို့ကြောင့် ဥပေက္ခာ မဆိုမူ၍ ကာယဝိညာဏ် နွေးမှာ ဒုက္ခ သုခဟု ဆိုရလေ၏။ ဥပမာကား ဝါဂွမ်းစိုင်ကို ပေပေါ်၌ တင်ပြီးလျှင် တူနှင့် ရိုက်ရာ၌ ဝါဂွမ်းစိုင်တွင် မနေမူ၍ ဝါဂွမ်းကို လွန်၍ ပေသို့ ထိအောင်ကျ၍ အသံထွက်သကဲ့သို့ တည်း။

အကုသလဝိပါက် ခုနစ်ခုမှာ အကုသိုလ်၏ အကျိုးဟူ၍မှတ်။ ကုသလဝိပါက် ရှစ်ခုမှာ ကုသိုလ်၏ အကျိုးဟူ၍မှတ်။ ၎င်း အကုသလဝိပါက် ကုသလဝိပါက်တို့တွင် ဣဋ္ဌ အနိဋ္ဌကို ရွေးချယ်လျှင် မိမိ အလိုရှိလျှင် ဣဋ္ဌ။ မိမိအလိုမရှိလျှင် အနိဋ္ဌ ဤကဲ့သို့မှတ်ရာ၏။ ဣဋ္ဌ အနိဋ္ဌကို ရွေးချယ်ရာ၌လည်း အလွန်ကြမ်း တန်းသော သူမှာလည်း ဣဋ္ဌ အနိဋ္ဌတို့ကို မရွေးချယ်ရ။ အလွန် နူးညံ့သိမ်မွေ့သော သူဘို့မှာလည်း ဣဋ္ဌ အနိဋ္ဌတို့ကို မရွေးချယ် ရ။ ကြမ်းလည်း မကြမ်းတန်းလွန်း၊ သိမ်မွေ့လွန်းလည်း မသိမ်မွေ့လွန်း၊

မဇ္ဈိမအလယ်အလတ် ဖြစ်သော ပုဂ္ဂိုလ်မှာသာလျှင် ရွေးချယ်ရာ၏။ ။သညာဝိပလ္လာသ ဖောက်ပြန်၍ နေသော သူမှာလည်း။ ဣဋ္ဌ အနိဋ္ဌတို့ကို မရွေးချယ်ရ။ ထို မဇ္ဈိမအလယ်အလတ်ဖြစ်သော ပုဂ္ဂိုလ်မှာ သော်လည်း ဒွါရဖြင့်မှတ်၍ ဣဋ္ဌ အနိဋ္ဌတို့ကို ရွေးချယ်ရာ၏။ ထို ဣဋ္ဌ အနိဋ္ဌ နှစ်ပါး တို့တွင်လည်း တခုသော ဒွါရမှာ ဣဋ္ဌဖြစ်၍ တခုသောဒွါရမှာ အနိဋ္ဌ ဖြစ်သည်လည်း ရှိ၏။ ရွှေလှံ ရွှေထား ရွှေသေနတ် ရွှေအမြောက် ရွှေကြိမ်လုံး ကျောက်ဆင်းတု အစရှိသည် တို့သည် စက္ခု ဒွါရ၌ ဣဋ္ဌာရုံ။ ၎င်း ရွှေလှံ ရွှေသေနတ် ရွှေအမြောက် ရွှေကြိမ်လုံး ကျောက်ဆင်းတု အစရှိသည်တို့နှင့် ထိုးသည် ခုတ်သည် ပစ်သည် ရိုက်သည် ရှိသော်။ အလွန်ဘာရာ နာကျင်ခြင်း ရှိ၏။ ထို့ကြောင့် တခုသော ဒွါရ၌ ဣဋ္ဌဖြစ်သော်လည်း တခုသော ဒွါရ၌ အနိဋ္ဌ ဖြစ်သည်ဟု ဆို၏။ ကျင်ကြီး ကျင်ငယ်တို့သည် စက္ခုဒွါရ ဃာနဒွါရတို့၌ အနိဋ္ဌာရုံ။ ကာယဒွါရ၌ အလွန်နူးညံ့သောကြောင့် ဣဋ္ဌာရုံဖြစ်၏။ ထို့ကြောင့် ဝိပါက်ကို အမှန် ဇောကို အပြန်ဟု ဆို၏။ ။ဥပမာအားဖြင့် ဆိုသော် မစင် ကျင်ကြီး ကျင်ငယ်ကို ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့ မြင်ရာ၌ အကုသလဝိပါက် စက္ခု ဝိညာဏ်ပင်။ ထို မစင် ကျင်ကြီး ကျင်ငယ်ကို မြင်၍ နှလုံး မသာယာလျှင် ဇောမှာ ဒေါသဇောချ။ ထို မစင် ကျင်ကြီး ကျင်ငယ်ကို မြင်၍ တပ်နှစ်သက်လျှင် ဇောမှာ လောဘဇောချ။ ထို မစင်ကျင်ကြီး၊ ကျင်ငယ်ကိုမြင်ရာ၌ ဤမစင်ကျင်ကြီး ကျင်ငယ်ကဲ့သို့ ငါ၏ အဇ္ဈတ္တသန္တာန်၌လည်း မကောင်းသော အနံ့ အစော်တို့သည် ရှိချေ၏ တကားဟု နှလုံးသွင်းလျှင် ဇောမှာ ကုသိုလ်ဇောပင်ချ။ ထိုသို့ ဒေါသဇော လောဘဇော မဟာကုသိုလ် ဇောတို့ပင် ဇောသော်လည်း။ ဝိပါက်မှာ အကုသလ ဝိပါက်ချည်းပင် မှတ်ရမည်။ ထို မစင် ကျင်ကြီး ကျင်ငယ်ကို ဘုရား ရဟန္တာတို့ မြင်လျှင်လည်း အကုသိုလ်ဝိပါက် စက္ခုဝိညာဏ်ချ။ ဇောမှာ မဟာကြိယာဇောပင်။ ဒေါသဇော

လောဘဓော မဟာကုသိုလ် ဇောတို့သည် မစေပြီ။ အဘဲ့ ကြောင့်နည်း မေးသော်။ ဘုရား ရဟန္တာတို့သန္တာနန်၌ ဖြစ်သော ကြောင့်တည်း။ ထို့ကြောင့် ဝိပါက်ကိုအမှန်၊ ဇောကို အပြန်ဟု ဆို၏။ ။ကောင်းသော အာရုံကို မြင်ရာ၌လည်း။ ကုသလ ဝိပါက် စက္ခု ဝိညာဏ် ချရုံသာ ထူးတော့သည်။ ဤ ဇော တို့မှာလည်း ယခင် အတိုင်းပင် မှတ်၍ ချလေ။ ၎င်း စက္ခု ဒွါရကို အမှီပြု၍ ကြွင်းသော ဒွါရတို့ မှာလည်း ၎င်း နည်း ပင် မှတ်လေ။

တဒါရုံ ကျခြင်း အကြောင်းမှာ အနိဋ္ဌာရုံ နောင် အကုသ လဝိပါက် ဥပေက္ခာ သန္တီရဏ တခုသာကျသည်။ ဣဋ္ဌာရုံ နောင် တဒါရုံ တဆယ် ကျနိုင်သည်။ ဣဋ္ဌာရုံတွင်လည်း အတိ ဣဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံ ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုတွင် အတိ ဣဋ္ဌာရုံ နောင် တဒါရုံ ငါးခုကျ၏။ ငါးခု ဟူသော်ကား။သော မနဿ သန္တီရဏ တခု။ မဟာဝိပါက် သောမနဿ လေးခု အားဖြင့် ငါးခုတည်း။ ဣဋ္ဌမဇ္ဈတ္တာရုံ နောင်လည်း တဒါရုံ ငါးခု ပင်ကျ၏။ ငါးခုဟူသော်ကား။ ကုသလဝိပါက် ဥပေက္ခာ သန္တီ ရဏတခု၊ မဟာဝိပါက် ဥပေက္ခာလေးခု အားဖြင့် ငါးခုတည်း။ ပဉ္စဒွါရဝီထိနန်းမှာ ငါးဒွါရ၌ ဖြစ်လေသမျှ တိုင်းပင် ပဉ္စဒွါရ ဝီထိနန်း ဖြစ်၏။ ဣဋ္ဌ အနိဋ္ဌ မရွေးရပြီ။ မနောဒွါရ ဝီထိနန်းမှာ မနောဒွါရ၌ အာရုံကို ဆင်ခြင်တတ်သည်။ ပဉ္စဒွါရ၌ မနော ဒွါရဝီထိနန်း ဖြစ်သည်ရှိသော် ဝုဋ္ဌော၏အဖြစ်ဖြင့် သာလျှင် ဖြစ် နိုင်သည်။

စက္ခုဝိညာဏ် ဖြစ်ခြင်း၏ အကြောင်းကား လေးပါးတည်း။ လေးပါးဟူသော်ကား စက္ခုပသာဒ၊ ရူပါရုံ၊ အာလောက၊ မနသိ ကာရ ဤလေးပါးနှင့် ပြည့်စုံမှ သာလျှင် စက္ခု ဝိညာဏ်စိတ် ဖြစ်နိုင်လေသည်။ ၎င်းလေးပါးတို့တွင် တပါးပါး ချို့လျှင် စက္ခု ဝိညာဏ်စိတ် မဖြစ်နိုင်။

သောတ ဝိညာဏ်၌ အကြောင်း လေးပါးကား။ သောတ ပသာဒ၊ သဒ္ဒါရုံ၊ အာလောက၊ မနသိကာရ ၎င်းလေးပါး တို့တွင် တပါးပါးချို့လျှင် သောတဝိညာဏ်မဖြစ်။

ဃာနဝိညာဏ်၌ အကြောင်း လေးပါးကား။ ဃာနပသာဒ၊ ဂန္ဓာရုံ၊ အာလောက၊ မနသိကာရ ဟူ၍လေးပါးတည်း။ ၎င်းလေးပါးတို့တွင် တပါးပါးချို့လျှင် ဃာနဝိညာဏ်မဖြစ်။

ဇိဝှါဝိညာဏ်၌ အကြောင်း လေးပါးကား။ ဇိဝှါပသာဒ၊ ရသာရုံ၊ အာပေါဓာတ်၊ မနသိကာရဟူ၍ လေးပါးတည်း။ ၎င်း လေးပါးတို့တွင် တပါးပါး ချို့လျှင် ဇိဝှါဝိညာဏ်မဖြစ်။

ကာယဝိညာဏ်၌ အကြောင်းလေးပါးကား။ ကာယပသာဒ၊ ဖောဋ္ဌဗ္ဗာရုံ၊ ပထဝီဓာတ်၊ မနသိကာရ ဟူ၍ လေးပါးတည်း။ ၎င်း လေးပါး တို့တွင် တပါးပါး ချို့လျှင် ကာယ ဝိညာဏ် မဖြစ်နိုင်။

စက္ခုဝိညာဏ် စိတ်သည် မြွေနှင့်တူ၏။ အဘယ်သို့ တူသနည်း ဟူမူကား၊ မြွေတို့သဘောသည် သာယာသော အရပ်၌ သွားလာ ကျက်စားရသည် ရှိသော် မမွေ့လျော်နိုင်။ အလွန်တရာ ရှုပ်လှစွာသော တောအုံ ချုံပိတ်ပေါင်းတို့၌ နေရမှသာလျှင်မွေ့ လျော်ပျော်ပါးနိုင်သည်။ ထိုအတူ စက္ခုဝိညာဏ် သည်လည်း အလွန်တရာ ချောမော ပြေပြစ်စွာ ပြုပြင်စီရင်၍ ထားသော ရွှေတုံး ရွှေပြား သည်တိုင် အစရှိသည်တို့ကို မြင်ရသည်ရှိသော် ဝမ်းမြောက် ဝမ်းသာ မရှိ။ အလွန်တရာ ထူးဆန်းသော ရှုံးပန်း ရှုံးနွယ် ပန်းအုံ ပန်းကြွ အစရှိသည်တို့ကို မြင်ရမှသာလျှင် ဝမ်းမြောက် ဝမ်းသာ ရှိနိုင်လေသည်။ ထို့ကြောင့် စက္ခုဝိညာဏ် သည် မြွေနှင့် တူ၏ ဟု ဆိုသည်။

သောတ ဝိညာဏ်သည် မိကျောင်းနှင့် တူ၏။ လ။ ဟူမူကား။ မိကျောင်းတို့ သဘောသည် ကမ်းထိပ် သောင်ပြင်ရေ ကြိုမြ စသည်တို့၌ သွားလာ စားသောက်ရသည် ရှိသော် မမွေ့

လျော်နိုင်၊ အလွန်နက်သော ရေရှိသောအရပ်၌ ကျောက်တွင်း ကျောက်ခေါင်းတို့၌ သွားလာ စားသောက် ရမှသာလျှင် မွေ့လျော်ပျော်ပါး နိုင်လေသည်။ ထို့အတူ သောတ ဝိညာဏ် စိတ်သည်လည်း အပြင်၌ မဖြစ်နိုင်။ သသမ္ဘာရ နား၏ အတွင်း ၌ ကြေးနီ လက်စွပ်ကွင်း သဏ္ဌာန်ရှိသော သောတ ပသာဒ ဝတ္ထုရုပ်ကို မှီရမှသာလျှင် ဖြစ်နိုင်လေသည်။ ထို့ကြောင့် သောတ ဝိညာဏ်သည် မိကျောင်းနှင့်တူ၏ဟု ဆိုသည်။

ဃာနဝိညာဏ်သည် ငှက်နှင့်တူ၏။ လ။ မှုကား ငှက်တို့ သဘောသည် မြေ၌ကျက်စားရသည်ရှိသော် မွေ့လျော် ပျော် ပါးခြင်းမဖြစ်နိုင်၊ ကောင်းကင်၌ သွားလာ ကျက်စား ရမှသာ မွေ့လျော်ပျော်ပါး နိုင်လေသည်။ထို့အတူ ဃာန ဝိညာဏ် သည် လည်း လေကို မှီရမှသာလျှင် ဖြစ်နိုင်လေသည်။ ထို့ကြောင့် ဃာနဝိညာဏ်သည် ငှက်နှင့်တူ၏ဟု ဆို၏။

ဇိဝှါဝိညာဏ်သည် အိမ်ခွေးနှင့်တူ၏။လ။ မှုကား အိမ်ခွေးတို့ သဘောသည် သင်ဖြူး မွေ့ရာ ကော်ဇော အစရှိသည်တို့၌ အိပ် ဝပ်စေသော်လည်း မမွေ့လျော်နိုင်။ စဖို၏ အလယ်၌ ပြာကို ယက်၍ ဝပ်ရမှသာလျှင် မွေ့လျော် နိုင်လေသည်။ ထို့အတူ ဇိဝှါ ဝိညာဏ်သည်လည်း သသမ္ဘာရ လျှာ၏အလယ် ကြာရွက်ဖျား ပြတ် သဏ္ဌာန်ရှိသော ဇိဝှါပသာဒကို မှီရမှသာလျှင် ဖြစ်နိုင်လေ သည်။ထို့ကြောင့် ဇိဝှါဝိညာဏ်သည်လည်း အိမ်ခွေးနှင့် တူ၏ ဟုဆို၏။

ကာယဝိညာဏ်သည် တောခွေးနှင့် တူ၏။ လ။မှုကား တော ခွေးတို့ သဘောသည် အခြားတပါးသော အရပ်တို့၌ သားငါး တိရစ္ဆာန်တို့ကို ရှာဖွေ စားသောက် ရသည်ရှိသော် ဘေး အန္တရာယ်တို့သည် ကိုယ်၌ ရောက်အံ့သည် ဟူ၍သာ ထင်၏။ သုသာန်ကိုသွား၍ လူသေတို့ကို စားရမှသာ မွေ့လျော် ပျော်ပါး နိုင်လေသည်။ထို့အတူ ကာယဝိညာဏ်သည်လည်း ဖောဋ္ဌဗ္ဗာရုံ

ကို ထိခိုက် ရမှသာလျှင် ကာယဝိညာဏ်စိတ် ဖြစ်နိုင်လေသည်။ ထို့ကြောင့် ကာယဝိညာဏ်သည် တောခွေးနှင့် တူ၏ဟု ဆို၏။

အဘယ့်ကြောင့် ဟသိတုပ္ပါဒ်စိတ်ကို ဘုရားရဟန္တာတို့ ရယ်ရွှင်သော ကာလ၌သာ ဖြစ်သော စိတ်ဟူ၍ ဝိသေသပြုရလေသနည်း။ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော စိတ်တို့သည် တဆဲ့သုံးခုရှိ၏။ ထိုစိတ်တို့ကို အဘယ့်ကြောင့် မပြုရလေသနည်း မေးသော်။ ။လောဘမူ သောမနဿ လေးခု၊ မဟာကုသိုလ် သောမနဿ လေးခု၊ မဟာ ကြိယာ သောမနဿ လေးခု ငါး တဆဲ့နှစ်ခုသော စိတ်တို့မှာ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်ငြားသော်လည်း ဘာဝနာ၏ အစွမ်းဖြင့် ဗျာပါရ များသောကြောင့် ဝိသေသ မပြုရလေသည်။ ဟသိတုပ္ပါဒ် စိတ်မှာ ရယ်ရွှင်ခြင်းမှ တပါး ဗျာပါရ မရှိသောကြောင့် ဝိသေသ ပြုရလေသည်။ ။ရယ်ရွှင်ခြင်း တို့သည် ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့မှာ လောဘမူ သောမနဿ လေးခု၊ မဟာ ကုသိုလ် သောမနဿ လေးခု ငါး ရှစ်ခုသော စိတ်တို့နှင့်သာ ရယ်ရွှင်လေသည်။သောတာပန်၊ သကဒါဂါမ်။ အနာဂါမ်တို့မှာ လောဘမူ သောမနဿ ဒိဋ္ဌိဝိပ္ပယုတ် နှစ်ခု၊ မဟာကုသိုလ် သောမနဿ လေးခု၊ ငါး ခြောက်ခုသော စိတ်တို့နှင့်သာ ရယ်ရွှင်လေသည်။ ရဟန္တာ တို့မှာ မဟာကြိယာ သောမနဿ လေးခု၊ ဟသိတုပ္ပါဒ် ငါး ငါးခုသော စိတ်တို့နှင့်သာ ရယ်ရွှင်လေသည်။ ဘုရားမှာ ကြိယာ ပဉ္စမ ဈာန် နှင့်သာ ရယ်ရွှင်လေသည်။ တနည်းလည်း။ ဘုရား ရဟန္တာတို့သည် မဟာကြိယာ သောမနဿလေးခု၊ ဟသိတုပ္ပါဒ် ငါး ငါးခုသော စိတ်တို့နှင့်သာ ရယ်ရွှင်ကြလေသည်။

**ရယ်ခြင်း၏အပြားလည်း** ခြောက်ပါးရှိ၏။ ခြောက်ပါး ဟူသော်ကား။ သိတ၊ ဟသိတ၊ ဝိဟသိတ၊ ဥပဟသိတ၊ အပဟသိတ။ အတိဟသိတ အားဖြင့် ခြောက်ပါးတည်း။ ထိုခြောက်

ပါးတို့တွင် မျက်စိ မျက်နှာ ရွှင်ရုံမျှ ရယ်ခြင်းသည် သိတရယ်ခြင်း မည်၏။ သွား, သွားဖုံး ပေါ်ရုံမျှ ရယ်ခြင်းသည် ဟသိတ ရယ်ခြင်းမည်၏။ သာယာစွာသော အသံဖြစ်ရုံမျှ ရယ်ခြင်းသည် ဝိဟသိတ ရယ်ခြင်းမည်၏။ ပခုံး လက်ရုံး လှုပ်ရုံမျှ ရယ်ခြင်းသည် ဥပဟသိတ ရယ်ခြင်းမည်၏။ မျက်ရည်ယိုရုံမျှ ရယ်ခြင်းသည် အပဟသိတ ရယ်ခြင်းမည်၏။ တကိုယ်လုံး ရွှေ့ထိုးနောက်ငင် နောက်လံအောင် ရယ်ခြင်းသည် အတိဟသိတ ရယ်ခြင်းမည်၏။ ဤကား ရယ်ခြင်း ခြောက်ပါးတည်း။

အဟိတ်စိတ်၌ အကျဉ်းမှတ်ပုံ ပြီး၏။

## ကာမာဝစရ သောဘဏ စိတ်

ကာမာဝစရ စိတ်၌ အကျဉ်း မှတ်ပုံကား။ ကာမာဝစရ ကုသိုလ်စိတ်၌ သဟေတုကသဒ္ဒါကိုမဆိုမူ၍ အဘဲ့ကြောင့် မဟာ ဝိပါက် မဟာကြိယာစိတ်တို့၌ သဟေတုကသဒ္ဒါကို ဝိသေသပြု၍ ဆိုလေသနည်းဟု စောဒနာဘွယ် ရှိသောကြောင့်။ ၎င်းကာမာ ဝစရ ကုသိုလ်စိတ်သည် ဧကန္တ သဟိတ်၏သဘော ဖြစ်သော ကြောင့် ခပ်သိမ်းသော သူတို့သည် အဟိတ်လေလောဟု တွေး တော ယုံမှားဘွယ်မရှိ။ ထို့ကြောင့် သဟေတုက သဒ္ဒါကို ဝိသေသ မပြုလေသည်။ ဝိပါက်, ကြိယာစိတ်တို့မှာ ကာမာဝ စရဝိပါက် ကာမာဝစရကြိယာကဲ့သို့ သာမန် ဆိုသည်ဖြစ်အံ့၊ ဝိပါက်, ကြိယာသည် သဟိတ်ဝိပါက် အဟိတ်ဝိပါက်၊ သဟိတ် ကြိယာ အဟိတ်ကြိယာ နှစ်ပါးစီ ရှိကြသည်တွင် ဤအရာ၌ အဟိတ် ဝိပါက် အဟိတ်ကြိယာတို့ကိုပင် ယူအံ့လောဟု မေး ဘွယ်ရှိ၍။ ၎င်း အဟိတ်ဝိပါက် အဟိတ်ကြိယာတို့ကို မယူစေ မူ၍ သဟိတ်ဝိပါက် သဟိတ်ကြိယာတို့ကို ယူစေခြင်းငှါ သဟေ တုကသဒ္ဒါကို ဝိသေသပြု၍ ဆိုလေသည်။

ကာမာဝစရ ကုသိုလ်ကို မဟာတပ်၍ မဟာ ကုသိုလ်ဟု ဝိသေသပြု၍ အဘဲ့ကြောင့် ဆိုလေသနည်း။ မဟဂ္ဂုတ်ကုသိုလ်

လောကုတ္တရာ ကုသိုလ်တို့ကို အဘယ့်ကြောင့် ဝိသေသ မပြုလေသနည်း ဟု မေးသော်။ ၎င်း မဟဂ္ဂုတ် ရူပ ကုသိုလ်သည် ရူပဘုံ၌ ရူပဝိပါက်ကိုသာ ပေးနိုင်လေသည်။ အရူပ ကုသိုလ်သည် အရူပဘုံ၌ အရူပ ဝိပါက်ကိုသာ ပေးနိုင်သည်။ လောကုတ္တရာ ကုသိုလ်တို့တွင် သောတာပတ္တိမဂ် စေတနာသည် သောတာပတ္တိဖိုလ် တခုကိုသာ ပေးနိုင်သည်။ လ။အရဟတ္တမဂ် စေတနာသည် အရဟတ္တဖိုလ် တခုကိုသာ ပေးနိုင်သည်။ ဤကဲ့သို့ အကျိုးပေးသော အားဖြင့် ကျဉ်း၍ မဟာဟု မဆိုရလေသည်။ ကာမာဝစရ ကုသိုလ်တို့မှာ ဤကဲ့သို့ မဟုတ် ပဋိသန္ဓေ အားဖြင့် ကာမပဋိသန္ဓေ ၉–ခု။ ဘုံအားဖြင့်လည်း ကာမသုဂတိ ၇–ဘုံကို ပေးနိုင်သည်။ ဤတွင်ရွေ့သာ မဟုတ်သေး၊ ပဝတ္တိ အခါ၌လည်း စကြဝတေး မန္ဓာတ် ပဒေသရာဇ် ကောရဇ် သူဌေး သူကြွယ်၏ စည်းစိမ်ချမ်းသာ တို့ကိုလည်း ပေးနိုင်လေသည်။ ဤကဲ့သို့ အကျိုးပေးသော အားဖြင့် အရာ ကျယ်သော ကြောင့် ကာမာဝစရ ကုသိုလ်ကို မဟာ ဟု ဝိသေသပြု၍ ဆိုလေသည်။

ဆရာ ၎င်း ကာမာဝစရ ကုသိုလ်မှာ အကျိုး ပေးသော အားဖြင့် အရာကျယ်သောကြောင့် မဟာတပ်၍ မဟာကုသိုလ် ဟု ဆိုလျှင် ဆိုတန်စေ။ ကာမာဝစရ ဝိပါက်ကို မဟာတပ်၍ မဟာဝိပါက် ဟု အဘယ့်ကြောင့် ဆိုရပြန်သနည်း။ မဟဂ္ဂုတ် ဝိပါက် လောကုတ္တရာ ဝိပါက် တို့မှာ အဘယ့်ကြောင့် မဟာ ဝိပါက်ဟု ဝိသေသ မပြုလေသနည်း မေးသည်ရှိသော်။ မဟာ ဝိပါက်မှာ မဟာကုသိုလ်၏ အကျိုး ဖြစ်သောကြောင့် မဟာ တပ်၍ မဟာဝိပါက်ဟု ဆိုလေသည်။ မဟဂ္ဂုတ် လောကုတ္တရာ ဝိပါက်တို့မှာ မဟာဝိပါက်ကဲ့သို့ မဟာကုသိုလ်၏ အကျိုး မဟုတ် သောကြောင့် မဟာဟု ဝိသေသ မပြုလေသည် ဟူပေ။ သို့ ဆရာ ကာမာဝစရ ကြိယာသည် ထိုမဟာကုသိုလ် မဟာ

ဝိပါက်တို့ကဲ့သို့ အကျိုးလည်း မဟုတ် အကြောင်းလည်း မဟုတ် အဘဲ့ကြောင့် မဟာကြိယာဟု ဆိုရလေသနည်းမေးသော်၊ ထို ကာမာဝစရ ကြိယာ စိတ်သည် ဝဋ်ပြတ် ပြီးသော ဘုရား ရဟန္တာတို့၏ သန္တာန်၌ ဖြစ်သောကြောင့် အကျိုးကို မပေး လေသည်။ အကယ်၍သာ ၎င်းကြိယာစိတ်သည် ပုထုဇ္ဇန် သေက္ခ တို့၏ သန္တာန်၌ ဖြစ်အံ့ ထို မဟာကုသိုလ် ကဲ့သို့ပင် အကျိုး ပေးနိုင်သော သတ္တိ ရှိ၏။ ထို့ကြောင့် မဟာကြိယာဟု ဆိုလေ သည် ဟူပေ။

ဆရာ ပဉ္စဒွါရာဝဇ္ဇန်း မနော ဒွါရာ ဝဇ္ဇန်း တို့သည် ပုထုဇ္ဇန် သေက္ခတို့၏ သန္တာန်၌ဖြစ်လျက် အဘဲ့ကြောင့် အကျိုးကိုမပေး သနည်းဟု မေးသော်၊ ၎င်း စိတ်သည် ပုထုဇ္ဇန် သေက္ခတို့၏ သန္တာန်၌ဖြစ်သော်လည်း အာသေဝနပစ္စည်းကို မရသောကြောင့် အကျိုးကို မပေးနိုင်လေသည်။ ဥပမာဆိုသည် ရှိသော် တခါ တရံမှ မပွင့်ဘူး မသီးဘူးသော သစ်ပင်သည် ပွင့်ပါသော် လည်း မိုးခေါင် ရေရှားသော အခါ၌ ပွင့်သောကြောင့် အသီး ကို မဖြစ်စေနိုင်သကဲ့သို့ ထို့အတူ ၎င်း အာဝဇ္ဇန်း နှစ်ခုတို့သည် ပုထုဇ္ဇန်သေက္ခတို့၏ သန္တာန်၌ပင် ဖြစ်ငြားသော်လည်း အာသေ ဝနပစ္စည်းကို မရ သောကြောင့် အကျိုးကို မပေး နိုင်လေသည် ဟူပေ။

ဆရာ မဟာကြိယာ စိတ်သည် အာသေဝနပစ္စည်းကို ရလျက် နှင့် အဘဲ့ကြောင့် အကျိုးကို မဖြစ်စေသနည်း မေးသည်ရှိသော်၊ ဝဋ်ပြတ်ပြီးသော ဘုရား ရဟန္တာတို့သည် ဤဘဝမှ ဆုံးသည် ရှိသော် နောက်နောက်သော ဘဝဘ်၌ မဖြစ်ပြီဟု ဆိုသော ကြောင့် အာသေဝန ပစ္စည်းကို ရလျက်နှင့် မဟာ ကြိယာ အကျိုးကို မပေးလေသည်။ ဥပမာကား အသီးကို ဖြစ်စေခြင်း ငှါ ဆောင်နိုင်သော အပွင့် ပွင့်လျက်နှင့် အမြစ် ပင်စည်ပြတ်ပြီး ဖြစ်သောကြောင့် အသီးကို သီးခြင်းငှါ မစွမ်းနိုင် သကဲ့သို့

ထို့ အတူ မဟာ ကြိယာသည့် ဝဋ်ပြတ် ပြီးဖြစ်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သောကြောင့် အကျိုးကို မပေးလေသည်။

မဟာကုသိုလ် သောမနဿဖြစ်ခြင်း အကြောင်းကား ကိုးပါးတည်း။ ကိုးပါး ဟူသော်ကား လျောက်ပတ်သော အလှူဝတ္ထုလည်း ဖြစ်စေ၊ လျောက်ပတ်သော အလှူခံ ပုဂ္ဂိုလ်လည်း ဖြစ်စေ၊ လျောက်ပတ်သော ကာလလည်း ဖြစ်စေ၊ လျောက်ပတ်သော ဒေသလည်း ဖြစ်စေ၊ လျောက်ပတ်သော အဆွေခင်ပွန်းနှင့်လည်း တွေ့ကြုံသည် ဖြစ်စေ၊ အယုဝါဒ၏ စင်ကြယ်သည်လည်း ဖြစ်စေ၊ အလှူခံ၏ ဂုဏ်ကို သိသည်လည်း ဖြစ်စေ၊ အလှူ၏အကျိုးကို သိသည်လည်း ဖြစ်စေ၊သောမနဿနှင့်ပဋိသန္ဓေနေသည်လည်း ဖြစ်စေ၊ ဤ အကြောင်း ကိုးပါးနှင့် ပြည့်စုံလျှင် မဟာကုသိုလ် သောမနဿဖြစ်၏။ ၎င်း ကိုးပါးတွင် တပါးပါး ချို့လျှင် ဥပေက္ခာ ဖြစ်၏။

မဟာကုသိုလ် ဉာဏသမ္ပယုတ် ဖြစ်ခြင်း၏ အကြောင်းကား ငါးပါးတည်း။ ငါးပါး ဟူသော်ကား အဘိတ်ဘဝက ပညာကို တောင့်တ၍ သူတပါးတို့အား ဟောကြားပြသ ပို့ချခဲ့ဘူးသည်လည်း ဖြစ်စေ၊ ပညာဉာဏ်ကို တောင့်တ၍ အလှူပေးခဲ့ဘူးသည်လည်း ဖြစ်စေ၊ မိမိသည် အပြစ်မရှိသော အတတ်တို့ကို သင်ခဲ့ဘူးသည်လည်း ဖြစ်စေ။ ပညာဒသက အရွယ်သို့ ရောက်၍ ပညိန္ဒြေရင့်သည်လည်း ဖြစ်စေ၊ အလှူကောင်းမှု ပြုသော အခါ လောဘ ဒေါသ မောဟ မခြံရံသည်လည်း ဖြစ်စေ။ ဤ အင်္ဂါ ငါးပါးနှင့် ပြည့်စုံလျှင် မဟာကုသိုလ် ဉာဏသမ္ပယုတ် ဖြစ်၏။ ၎င်း အင်္ဂါ ငါးပါးတို့တွင် တပါးပါး ချို့လျှင် ဉာဏဝိပ္ပယုတ် ဖြစ်၏။

မဟာကုသိုလ် အသင်္ခါရိက ဖြစ်ခြင်း၏ အကြောင်းကား နှစ်ပါးတည်း။ နှစ်ပါးဟူသော်ကား အလှူ ဝတ္ထုတို့ကို လွတ်လွတ် စွန့်ကြဲခြင်း။ ထိုကုသိုလ် အကျိုးကိုလည်း လိုလားခြင်း

ဤ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံလျှင် မဟာကုသိုလ် အသင်္ခါရိက ဖြစ်၏။ ၎င်းအင်္ဂါနှစ်ပါး တို့တွင် တပါးပါး ချို့လျှင် သသင်္ခါရိက ဖြစ်၏။ ။ကာမာဝစရစိတ်၌ အကျဉ်းမှတ်ပုံ ပြီး၏။

## ရူပါဝစရစိတ်

ရူပါဝစရ အပ္ပနာ မှတ်ပုံကား-ဝါ၊ ရူပါ ဝစရ စိတ် မှတ်ပုံကား။ ဈာန်သည် ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဉ္စမဈာန် ဟူ၍ ငါးပါးအပြားရှိ၏၊ ထိုငါးပါးတို့တွင် အဘယ်ဈာန်သည် ပဌမဈာန် မည်သနည်း ဟူမူကား။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဤ ဈာန်အင်္ဂါ ငါးပါး အပေါင်းသည် ပဌမဈာန်မည်၏။ အစိတ် အစိတ်သော အခါ ဈာန်မမည်၊ ဈာန်၏ အင်္ဂါမျှသာ ခေါ်ဝေါ်ကြ၏။ ပမာဆိုသည်ရှိသော် လှည်းဟု ခေါ်ရခြင်းသည် လှည်းဒွိမ် လှည်းဘီး ဝင်ရိုး ထမ်းပိုး ရုံတိုင် အစ ရှိသည်တို့နှင့် ပေါင်းမိမှသာလျှင် လှည်းဟု ခေါ်ဝေါ်ရ၏။ ၎င်း လှည်းဒွိမ် လှည်းဘီး ဝင်ရိုး ထမ်းပိုး ရုံတိုင်သည် မပေါင်းမိဘဲ အစိတ် အစိတ် တခုစီ ထားလျှင် လှည်း၏ အင်္ဂါသာ ခေါ်ဝေါ်ရ သကဲ့သို့၊ ထို့အတူတည်း၊ ဤ ဝိတက် အစ ရှိသော အစိတ် အစိတ် ကိုလည်း ဈာန်ဖြစ်ခြင်း၏ ကြိယာမျှ ဖြစ်သော ကြောင့် ဈာန်၏ အင်္ဂါသာ ခေါ်ဝေါ်ရ၏။ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်၊ ပဉ္စမဈာန် စသည်တို့၌လည်း ပဌမဈာန်ကဲ့သို့ ငါးပါး ရမည်လော ဟူမူ။ ထို ငါးပါးသော ဈာန်တို့တွင် ပဌမဈာန်၌ အင်္ဂါငါးပါး ဒုတိယဈာန်၌ ဝိတက်ကိုချ၍ ဈာန်အင်္ဂါလေးပါး။တတိယဈာန်၌ ဝိတက် ဝိစာရကို ချ၍ ဈာန်အင်္ဂါသုံးပါး။ စတုတ္ထဈာန်၌ ဝိတက် ဝိစာရ ပီတိကို ချ၍ ဈာန်အင်္ဂါနှစ်ပါး။ ပဉ္စမဈာန်၌လည်း စတုတ္ထဈာန်နှင့် တူ၏။ ။ဒုတိယဈာန်၌ ဝိတက်ကို ကြဉ်၍ ဈာန်အင်္ဂါလေးပါး ဖြစ်သည်မှာ ပဌမဈာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် ဝိတက်ကို ဘာဝနာနှင့် ပယ်၏။

ပယ်၏ဆိုသော် အဘယ်ကို ထောက်၍ သိရ မည်နည်း မေး
သည်ရှိသော်။ ။ဝိတက္ကဿ ဘာဝနာဝသေန ပဟီနတ္တာ ဟု
ဆိုသောကြောင့် သိအပ်၏။ ။ထို ပဌမဈာန်ကို ရပြီးသော
ပုဂ္ဂိုလ်သည် အဘယ်သို့ ဘာဝနာဖြင့် ပယ်သနည်း ဟူမူကား၊
ပဌမဈာန်ကို ရပြီးသော တိဟိတ်ကာမပုဂ္ဂိုလ် ရူပပုဂ္ဂိုလ်သည်
ဒုတိယဈာန်ကို ရခြင်း၌ အလိုရှိလတ်သော် ငါ ယခုရသော
ဈာန်သည် ကာမဘည်းဟူသော နီးသောရန်သူ ရှိ၏။ ဝိတက်
အစရှိသော ဈာန်အင်္ဂါ ငါးပါးတို့တွင် ဝိတက်သည် ရုံ့ရင်း
ကြမ်းတမ်း၏ ဟု ရူပါဝစရ ပဌမဈာန်၌ များစွာသော အပြစ်ကို
မြင်၍ တပ်ခြင်းကို စွန့်အပ်၏။ထိုသို့ တပ်ခြင်း ကင်းသည်ရှိသော်
ဒုတိယဈာန်ကို ရရာ၏။ အကယ်၍သာ တပ်ခြင်းကို မစွန့်ဘဲ
နှစ်သက်၍နေသည်ဖြစ်အံ့ ဒုတိယဈာန်ကို မရနိုင်ရာ။ ဥပမာ ဆို
သည်ရှိသော် လူပျိုတို့သည် မိမိနှစ်သက်၍ လှည့်ပတ်သွားလာ
သော အပျိုရည်းစားကို မကြိုက်မနှစ်သက်ပြန်၍ တပါးသော
အပျိုကို သွားလာ လှည့်ပတ်လိုသည်ရှိသော် မိမိသည် ရှေးကလှည့်
ပတ် သွားလာဘူးသော အပျိုဟောင်း၌ တပ်မက်ခြင်းကို ကင်း
အောင် များစွာ အပြစ်ရှာ၍ တင်၏။ ထိုသို့ တင်၍ အပြစ်ကို
မြင်သည်ရှိသော် စက်ဆုပ်ရွံရှာ၏။ ထိုသို့ စက်ဆုပ်ရွံရှာပြီးမှ
တပါး တခြားသော အပျိုကို သွားလာ လှည့်ပတ် ရသကဲ့သို့
မှတ်အပ်၏။ ထို့အတူ ဥပမာ ဥပမေယျတို့ဖြင့် ဟပ်၍ တတိယ
ဈာန်။လ။ပဥ္စမဈာန်တိုင်အောင် ဤနည်းကို မှီ၍ သိအပ်၏။ဤကား
ဈာန်အင်္ဂါပယ်ပုံတို့ကို ပြဆိုခြင်းတည်း။ ။ထိုသို့ ငါးပါး၏
အပေါင်း လေးပါး၏ အပေါင်း သုံးပါး၏ အပေါင်း နှစ်ပါး
၏ အပေါင်းကား အဘယ့်ကြောင့် ဈာန်မည်သနည်း ဟု မေးမူ။
နီဝရဏ တရားကို ပယ်ခွါတတ်သောကြောင့် ဈာန်မည်၏။ ။
တနည်းလည်း ကသိဏ်း အစရှိသော ပညတ်ကို ပဋိဘာဂ
နိမိတ်သို့ ကပ်၍ ရှုတတ်သောကြောင့် ဈာန်မည်၏။ အဘယ်
ကဲ့သို့ ပယ်သနည်းဟူမူ၊ ပယ်ဟန်ကို ပြပေအံ့။ ဝိတက်သည်

ကသိုဏ်း အစရှိသောပညတ် ပဋိဘာဂနိမိတ်သို့ ရှေးရှုတင်တတ်၏။ ဝိစာရသည် ၎င်း၏အာရုံကို သုံးသပ်တတ်၏။ ပီတိသည် ၎င်း၏ အာရုံကို နှစ်သက်တတ်၏။ သုခသည် ၎င်း၏အာရုံကို ပွါးစေတတ်၏။ ဧကဂ္ဂတာသည် ၎င်း၏အာရုံကို မိမိနှင့် အတူ တကွ ဖြစ်သော သမ္ပယုတ် တရား တို့ကို မိမိနှင့် တူစွာ အာရုံကို ရှုစေတတ်၏။ ဝိတက်သည် နီဝရဏ တရားတို့ကို ပယ်၏ဆိုသည်မှာ ဝိတက်စျာနင်သည် ထိန မိဒ္ဓ နီဝရဏ ၂-ပါးကို ပယ်၏။ ဝိစာရ စျာနင်သည် ဝိစိကိစ္ဆာ နီဝရဏကို ပယ်၏။ ပီတိ စျာနင်သည် ဗျာပါဒ နီဝရဏကို ပယ်၏။ သုခစျာနင်သည် ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏကို ပယ်၏။ ဧကဂ္ဂတာ စျာနင်သည် ကာမစ္ဆန္ဒ နီဝရဏ တရားကို ပယ်၏။ အဝိဇ္ဇာနီဝရဏတရားကိုကား စျာနင် ၅-ပါး လုံးတို့ကပင် ပယ်ကြ၏။ ထိုသို့ ၅-ပါးလုံးကပင် ပယ်၏ဟု ဆိုသော်လည်း ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ် လောကုတ္တရာ ကုသိုလ် ဖိုလ်၄-ခု ၎င်းတရားတို့၏ ပယ်ခြင်းသည် တဒင်္ဂ ပဟာန် ဝိက္ခမ္ဘနပဟာန် သမုစ္ဆေဒပဟာန် ပဋိပဿဒ္ဓိပဟာန် အားဖြင့် လေးပါးအပြားရှိ၏။ ထိုသို့ ဆိုခဲ့ပြီးသော လေးပါးတို့တွင် ကာမာဝစရကုသိုလ်တို့၏ ကိလေသာ တရားတို့ကို ပယ်ခြင်းသည် တဒင်္ဂပဟာန်ဖြင့် ပယ်၏။ မဟဂ္ဂုတ်ကုသိုလ် ၉-ခုတို့၏ ကိလေသာ တရားတို့ကို ပယ်ခြင်းသည် ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်၏။ လောကုတ္တရာ ကုသိုလ်၏ ကိလေသာ တရားတို့ကို ပယ်ခြင်းသည် သမုစ္ဆေဒပဟာန်ဖြင့် ပယ်၏။ ၎င်း သမုစ္ဆေဒပဟာန်ဖြင့် ပယ်ပြီးသော ကိလေသာတရားတို့၏ အငွေ့အသက် မကျန်တတ်သေးသည်ကို ဖိုလ်လေးခုတို့ဖြင့် ပယ်ခြင်းသည် ပဋိပဿဒ္ဓိပဟာန်ဖြင့် ပယ်၏။ ၎င်း လေးပါးသော ပဟာန် တို့တွင် ကာမာဝစရကုသိုလ်သည် တဒင်္ဂပဟာန်ဖြင့် ခဏပယ်၏ဟု ဆိုသော်အဘယ်သို့ ပယ်သနည်းဟူမူကား ဥပမာဆိုအံ့။ အလွန်မိုက်လှစွာသော တိုက်ခန်း၌ ညှိထွန်းအပ်သော ဆီမီးသည်

အမိုက်မှောင်ကို တခဏသာ လင်းစေ၍ ၎င်းဆီမီး ငြိမ်းသည် ရှိသော် အမိုက်မှောင် တခဏခြင်း ရောက်သကဲ့သို့။ ထို့အတူ ကာမာဝစရ ကုသိုလ်သည် ကိလေသာ ကာမတို့ကို တခဏ သာပယ်၍ ၎င်း ကာမာဝစရ ကုသိုလ်တို့သည် ဥပါဒ် ဋ္ဌီ ဘင် စေ့၍ ချုပ်လေသည် ရှိသော် ကိလေသာ တရားတို့သည် ဖြစ်မြဲ ဖြစ်လာပြန်၏။ ဆီမီးသည် ကာမာဝစရ ကုသိုလ်နှင့် တူ၏။ အမိုက်မှောင်သည် ကိလေသာ တရားတို့နှင့် တူ၏။ ဆီမီး ငြိမ်း သည်နှင့်မှ ကာမာဝစရ ကုသိုလ် ဥပါဒ် ဋ္ဌီ ဘင် စေ့၍ ချုပ် သည်နှင့် တူ၏။ အမိုက်မှောင် ရောက်သည်နှင့်မှ ကိလေသာ တဘန်ဖြစ်ပြန်သည်နှင့် တူ၏။ မဟဂ္ဂုတ်ကုသိုလ်တို့သည် ဝိက္ခမ္ဘ နပဟာန်ဖြင့် အတန်ငယ်သာ ပယ်၏ဆိုသော် အဘယ်သို့ ပယ် သနည်းဟူမူ။ ဥပမာဆိုဦးအံ့။ အလွန်တရာ ရေပြည့်သော ရေ ကန်၌ တပြင်တည်းတည်သော မှော်သိမ် မှော်ဖတ်တို့ကို အိုး ခွက် စသည်ဖြင့် ပယ်ရှား၍ ရေကို ဆောင်သော အခါ၌၎င်း။ ခဲ တုတ် လှံကန် စသည်တို့ဖြင့် ခတ်မိသော အခါ၌၎င်း မှော် သိမ် မှော်ဖတ်တို့သည် အတန်ကြာခွါ၍ နေသကဲ့သို့ ထို့အတူ မဟဂ္ဂုတ် ကုသိုလ် တို့သည်လည်း အကုသိုလ် တရားတို့ကို အတန်ငယ် ပယ်၍ ထား၏။ ထို မဟဂ္ဂုတ် ကုသိုလ်တို့သည် ဥပါဒ် ဋ္ဌီ ဘင် စေ့၍ ချုပ်သည်ရှိသော် ကိလေသာ တရားတို့ သည် တရွေ့ရွေ့ ဖြစ်လာပြန်၏။ အိုး ခွက် ခဲ တုတ် လှံကန် စသည်တို့နှင့်မှ မဟဂ္ဂုတ် ကုသိုလ်နှင့် တူ၏။ မှော်သိမ် မှော် ဖတ်တို့နှင့် မူကား ကိလေသာ တရားတို့နှင့် တူ၏။ ၎င်း အိုး ခွက် တုတ် လှံကန်တို့ဖြင့် ခတ်မိသောကြောင့် ရှား၍နေသော အခါနှင့်မှ မဟဂ္ဂုတ်ကုသိုလ်တို့ ပယ်၍ထားသည်နှင့် တူ၏။ အတန် ငယ်ကြာမှ မှော်သိမ် မှော်ဖတ်တို့သည် တရွေ့ရွေ့ ရလာပြန် သည်နှင့် မူကား မဟဂ္ဂုတ် ကုသိုလ်တို့သည် ဥပါဒ် ဋ္ဌီ ဘင် စေ့၍ ချုပ်သည်နောက် ကိလေသာတရားတို့သည် ဖြစ်ပြန်လာ သည်နှင့် တူ၏။

လောကုတ္တရာ ကုသိုလ်တို့သည် သမုစ္ဆေဒ ပဟာန်ဖြင့် အကြွင်းမဲ့ ပယ်၏ဟု ဆိုသော် အဘယ်သို့ ပယ်သနည်း ဟူမူကား ဥပမာဆိုအံ့။ မိုးကြိုးစက်တို့ သဘောသည် မိမိပစ်လိုက်သော လူ, သစ်ပင် စသည်တို့ကို တချက်တည်းပင် ပစ်သဖြင့် နောက်တဖန် ရှင်လာပြန် သောကြောင့် ထပ်မံ၍ ပစ်ရသည်မရှိ။ တချက် တည်းဖြင့် ငြိမ်းလေ သကဲ့သို့ ထို့အတူ သောတာပတ္တိ မဂ်သည် အပါယ်သို့ သွားစေတတ်သော ဒိဋ္ဌိဂတသမ္ပယုတ် လေးခု၊ ဝိစိကိစ္ဆာစိတ်၊ မိမိတို့နှင့် ယှဉ်ဘော်ယှဉ်ဘက် သမ္ပယုတ် တရားတို့ကို အကြွင်းမဲ့ပယ်၏။ သကဒါဂါမိမဂ်သည် ပဝတ္တိအခါ၌ ကြမ်းတမ်းသော အကျိုးကို ပေးတတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် လေးခု၊ ဒေါသမူဒွေး၊ မိမိတို့နှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော သမ္ပယုတ်တရားတို့ကို အကြွင်းမဲ့ ပယ်၏။ အနာဂါမိမဂ်သည် ပဝတ္တိအခါ၌ ကာမရာဂနှင့် သမ္ပယုတ် ဖြစ်သော သိမ်မွေ့သော အကျိုးကို ပေးတတ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် လေးခု၊ ဒေါသမူဒွေးကို အကြွင်းမဲ့ ပယ်၏။ အရဟတ္တမဂ်သည် ရူပရာဂ, အရူပရာဂတို့နှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် လေးခု၊ ဥဒ္ဓစ္စ၊ ဤ တရားတို့ကို အကြွင်းမဲ့ ပယ်၏။ ဤသို့လျှင် လောကုတ္တရာ တရားတို့သည် ကိလေသာ တရားတို့ကို အကြွင်းမဲ့ ပယ်၍ နောက်တဖန် မဖြစ်မူ၍ ငြိမ်းလေ၏။ ထို့ကြောင့် လောကုတ္တရာ ကုသိုလ်နှင့်မူ မိုးကြိုးစက်နှင့် တူ၏။ လူ, သစ်ပင် စသည်တို့နှင့် မူကား ကိလေသာ တရားနှင့်တူ၏။ တဖန်ထပ်၍ မပစ်ရသည်နှင့် မူကား လောကုတ္တရာ ကုသိုလ်တို့ ပယ်ပြီးသော တရားကို နောက်တဖန် ထပ်မံ၍ ၎င်း ကုသိုလ်တရားတို့ မပယ်ရသည်နှင့် တူ၏။ လောကုတ္တရာ ကုသိုလ်တို့ ပယ်၍ အကြွင်းအကျန် မကုန်တတ် သေးသည်ကို ပဋိပဿဒ္ဓိ ပဟာန်ဖြင့် ဖိုလ် ၄-ခုသည် ပယ်၏ ဆိုသော် အဘယ်သို့ ပယ်သနည်း ဟူမူ ဥပမာကား။ အလွန် ပြောင်လှစွာသော တလင်း၌ အမှိုက်တို့ကို ရုံ၍ မီးတိုက်သည်ရှိသော် အမှိုက်တို့

ကို အကြွင်းမဲ့ မီးလောင်၍ ငြိမ်းသည်နောက် ထို မီးပုံရာ၌ မီး၏ အငွေ့ အသက်တို့သည် မကုန်သေး၍ ထိုအငွေ့ အသက်ကို ရေဖြင့် သွန်းလောင်းသည် ရှိသော် ငြိမ်းသကဲ့သို့ ထို့အတူ သောတာပတ္တိမဂ်ဖြင့် ပယ်ပြီးသော ကိလေသာတို့ကို သောတာပတ္တိ ဖိုလ်ဖြင့် ငြိမ်းစေ၏။ လ။ အရဟတ္တမဂ်ဖြင့် ပယ်ပြီးသော ကိလေသာတို့ကို အရဟတ္တဖိုလ်ဖြင့် ငြိမ်းစေ၏။ ထိုလောကုတ္တရာ ကုသိုလ် မဂ်လေးခုတို့ဖြင့် ပယ်ပြီးသော တရားတို့ကို လောကုတ္တရာ ဖိုလ်လေးခုတို့ဖြင့် ထပ်မံ၍ တဖန် ပယ်ပြန်ရကုန်သော ကြောင့်တည်း။ ရေနှင့်မူကား ဖိုလ်လေးခုနှင့် တူ၏။ မီးနှင့်မူကား ကိလေသာ တရားတို့နှင့်တူ၏။မီးလောင်၍ အငွေ့ အသက် ကျန်သည်နှင့်ကား လောကုတ္တရာ မဂ်ဖြင့် ပယ်၍ ကိလေသာတို့၏ အငွေ့ အသက် ငြိမ်းသည်နှင့် တူ၏။ ရေလောင်း၍ အငွေ့အသက် ငြိမ်းသည်နှင့် မူကား ဖိုလ်လေးခုဖြင့် ပယ်၍ ကိလေသာတို့၏ အငွေ့အသက် ငြိမ်းသည်နှင့် တူ ၏။ ဥပမာ တနည်းကားနံ့သာကရမက် ကတိုးတို့ကို ဟပ်၍ ယူလေ။ ဥပမာ တနည်းကား ငါးဝိတည်း ဟူသော ငါးချဉ် ပုပ်နှင့် ဟပ်၍ ယူလေ။

ပဌမစျာန်ကို ရခြင်း၏ အကြောင်း ကမ္မဋ္ဌာန်းကား နှစ်ဆဲ့ ငါးပါးတည်း။ နှစ်ဆဲ့ငါးပါးဟူသော်ကား ကသိဏ်း ဆယ်ပါး၊ အသုဘဆယ်ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစ ရှိသော ကာယကောဋ္ဌာသပညတ်၊ အာနာပါနဿတိ၏ အာရုံ ဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ ဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊ မုဒိတာ ဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ သတ္တဝါပညတ်၊ ကရုဏာ ဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော ခပ် သိမ်းသော ဒုက္ခိတ သတ္တဝါ ပညတ် ဤ နှစ်ဆဲ့ ငါးပါးတည်း။ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ၎င်းစျာန်သုံးခု တို့ကို

ရခြင်း၏ အကြောင်း ကမ္မဋ္ဌာန်းကား တဆဲ့လေးပါးတည်း။ တဆဲ့လေးပါး ဟူသော်ကား ကသိုဏ်း ဆယ်ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်၊ မေတ္တာ။လ။ပညတ်၊ ကရုဏာ။လ။ပညတ်၊ မုဒိတာ။ လ။ ပညတ် ဤကား တဆဲ့လေးပါးတည်း။

ပဋ္ဌမဈာန်ကို ရခြင်း၏ အကြောင်း ကမ္မဋ္ဌာန်းကား တဆဲ့နှစ်ပါးတည်း။ တဆဲ့နှစ်ပါးဟူသော်ကား ကသိုဏ်း ဆယ်ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ ဥပေက္ခာ ဗြဟ္မဝိဟာရ တရားတပါး၏ အာရုံဖြစ်သော သုခိတ ဒုက္ခိတ သတ္တဝါပညတ် ဤတဆဲ့နှစ်ပါးတည်း။ ထိုပဉ္စမဈာန်ကို ရကြောင်း နှစ်ဆဲ့ငါးပါးသော ကမ္မဋ္ဌာန်းတွင် နှစ်ဆဲ့ငါးပါး လုံးကို အလုံးစုံ စီးဖြန်းမှသာ ရမည်မဟုတ်၊နှစ်ဆဲ့ငါးပါးတွင် မိမိကြိုက်နှစ်သက်ရာ တပါးပါးကိုပင် စီးဖြန်းသော်လည်း ပဉ္စမ ဈာန်ကိုရ၏။ ထိုနှစ်ဆဲ့ငါးပါးသော ကမ္မဋ္ဌာန်းမှ တပါး တခြားသော ကမ္မဋ္ဌာန်းကို အာပေါက်အောင် စီးဖြန်းသော်သည်း မရနိုင်ရာ။ ။ဒုတိယဈာန်၊ တတိယဈာန်။လ။ ပဋ္ဌမ ဈာန်တို့၌လည်း မိမိတို့ရသော ကမ္မဋ္ဌာန်းတို့ကို အကုန်စီးဖြန်းမှ ရသည်မဟုတ်၊ မိမိရသော ကမ္မဋ္ဌာန်းတို့တွင် မိမိကြိုက်နှစ်သက်ရာ တပါးပါး ကို စီးဖြန်းသော်လည်း ဈာန်ကိုရ၏။ မိမိတို့ရသော ကမ္မဋ္ဌာန်းမှ တပါး တခြားသော ကမ္မဋ္ဌာန်းတို့ကို အာပေါက် အောင်သင် စီးဖြန်းသော်လည်း မရနိုင်ဟုမှတ်။ ။ပဉ္စမဈာန် ရခြင်း၏ အကြောင်း နှစ်ဆဲ့ငါးပါးသောကမ္မဋ္ဌာန်းတို့ကို စီးဖြန်းလျှင် ရ၏ ဟူ၍ပင် ဆိုငြားသော်လည်း ပုဂ္ဂိုလ်တိုင်းပင် ရသည်ဟုမမှတ်ရသေး။ တိဟိတ်ပုဂ္ဂိုလ်မှသာလျှင် ရကောင်းလေသည်။ ဒုဂ္ဂတိ အဟိတ် သုဂတိအဟိတ်၊ ဒွိဟိတ်ပုဂ္ဂိုလ် တို့သည် ဤဘဝတွင် အာပေါက်အောင် စီးဖြန်း သော်လည်း ဈာန်ကို မရနိုင်ရာ၊ အကယ်၍ပင် စီးဖြန်းသော်လည်း နောက်နောက်သော ဘဝ၌

တိဟိတ်များဖြစ်ပါလျှင် ဈာန်ရလွယ်ခြင်း အကြောင်းသာ ဖြစ်ချေသည်။ ဤဘဝတွင် ဈာန်ကို မရနိုင်ရာ။ ။အဘယ့်ကြောင့် မရနိုင်သနည်းဟုဆိုလျှင် မိမိတို့က ဈာန်ကို မရစေတတ်သော ဝိပါက်ဖြင့် ပဋိသန္ဓေ နေခြင်းတည်းဟူသော ဝိပါကန္တရာယ် ရှိခြင်းကြောင့် ဈာန်ကို မရနိုင်လေသည် ဟူ၍မှတ်။ ။တိဟိတ်ပုဂ္ဂိုလ်တို့သည် ဈာန်ရ၏ပင် ဆိုသော်လည်း တိဟိတ် ဖြစ်တိုင်းပင် ရသည် မဟုတ်သေး၊ အဘယ် တိဟိတ်သာ ရ၍ အဘယ် တိဟိတ် မရသနည်းဟု မေးသော်၊ ပဉ္စာနန္တရိယကံ ထိုက်သော တိဟိတ်ပုဂ္ဂိုလ် ပါရာဇိက ကျ၍ လူမထွက်သော တိဟိတ် ရဟန်း ဤ ပုဂ္ဂိုလ် တို့သည် ဈာန်ကို မရ နိုင်ရာ၊ အဘယ့် ကြောင့် မရသနည်းဆိုလျှင်၊ မိမိတို့ ပြုကျင့်သော အကုသိုလ်ကံသည် ဈာန်ကိုမရစေတတ်၊ ကမ္မန္တရာယ်ရှိခြင်းကြောင့် ဈာန်ကို မရနိုင်လေသည် ဟူ၍မှတ်လေ။ ဒုတိယဈာန်။ လ။ ပဉ္စမဈာန် တို့မှာလည်း ပဌမဈာန်အတိုင်း ခွေးချယ်၍ယူလေ။

ဆရာ ပဌမဈာန်ကို စီးဖြန်းသည့်ကာလ နှစ်ဆဲ့ငါးပါးသော ကမ္မဋ္ဌာန်းကို စီးဖြန်းရသည်၊ ယခု ဒုတိယဈာန်။ လ ။ ပဉ္စမဈာန် တို့မှာ ၂၅–ပါးအတိုင်း မစီးဖြန်းရမူ၍ ဒုတိယဈာန်။လ။ စတုတ္ထဈာန် ၎င်းသုံးပါးတို့မှာ ၁၄–ပါးသာ၊ပဉ္စမဈာန်မှာလည်း တဆဲ့နှစ်ပါးသာ စီးဖြန်း၍ ရကြသည်။ အဘယ့်ကြောင့် ဒုတိယဈာန်။ လ။ပဉ္စမဈာန်တို့မှာ ပဌမဈာန်ကို ရအောင် စီးဖြန်းသည် အတိုင်း နှစ်ဆဲ့ ငါးပါးသော ကမ္မဋ္ဌာန်းတို့တွင် အသုဘဆယ်ပါး၊ကာယ ကောဋ္ဌာသပညတ် ဤတဆဲ့ တပါးသော ကမ္မဋ္ဌာန်း တို့ကို စီးဖြန်း၍ မရနိုင်သနည်း မေးသည်ရှိသော်၊ ၎င်း အသုဘ ဆယ် ပါး၊ ကာယ ကောဋ္ဌာသပညတ် ဤ ၁၁- ပါးသော ကမ္မဋ္ဌာန်း တို့သည် အလွန်ရုန့်ရင်းကြမ်းတန်းသော သဘောရှိ၏။ ဒုတိယ ဈာန် ။ လ။ ပဉ္စမ ဈာန် တို့မှာ မူကား အလွန် တရာ နူးညံ့ သိမ်မွေ့သည်၊ ထို့ကြောင့် မရနိုင် လေသည် ဟူပေ။ ။

အသုဘ ဆယ်ပါး၊ ကာယဂတာသတိ ဥပဓိဒ်ငါးတို့သည် အလွန်ကြမ်းတမ်းသည် ဖြစ်လျက်နှင့် အဘယ့်ကြောင့် ပဌမ ဈာန်ကို ရနိုင်လေသနည်း ဆိုလျှင်။ ပဌမဈာန်သည် အာရုံသို့ ရှေးရှုတင်တတ်သော ဝိတက်တည်း ဟူသော ဈာနင် ရှိလေ သောကြောင့် ရနိုင်လေသည်။ ဒုတိယဈာန်။ လ။ ပဥ္စမ ဈာန်တို့မှာမူကား။ အာရုံသို့ ရှေးရှုတင်၍ ပေးတတ်သော ဝိတက်တည်းဟူသော ဈာနင်မရှိသောကြောင့် မရနိုင်လေသည်။ ဥပမာကား အလွန်တရော ဆိုးသော ရေစီးရေမြော်တို့မှာ တွန်းဝါး မပါသောလှော်လှေ ခတ်လှေတို့သည် လှော်၍ ခတ်၍ မတက်နိုင်ရာ။ တွန်းဝါး ပါသော လှေတို့မှာမူကား တွန်းဝါးနှင့်ထိုး၍ ရေစီး ရေမြော်, စည်းတိမ်, သောင်တိမ်တို့ကို တက်နိုင်လေသကဲ့သို့ ထို့အတူ ပဌမဈာန်သည် ဝိတက်ဘည်းဟူသော အာရုံသို့ ရှေးရှုဘင်တတ်သော ဈာနင်ရှိခြင်းကြောင့် ရနိုင်လေသည်။ ဒုတိယဈာန်။ လ။ ပဥ္စမဈာန်တို့မှာ အာရုံသို့ ရှေးရှုဘင်၍ ပေးတတ်သော ဝိတက်တည်းဟူသော ဈာနင် မရှိသောကြောင့် ၎င်းဈာန်တို့ကို မရနိုင်လေသည်။ ၎င်းပုံမှာ တွန်းဝါးနှင့်မူကား ဝိတက်ဈာနင်နှင့်တူ၏။ စည်းဘိမ် သောင်တိမ် ရေစီးရေမြော်တို့နှင့်မူကား အသုဘ ၁၀-ပါး၊ ကာယဂတာသတိ ဤ ၁၁-ပါးသော တရားတို့နှင့် တူ၏။ စည်းတိမ် ရေစီးရေမြော်သို့ တက်အောင် လှံ့လ ထုတ်သော ပုဂ္ဂိုလ်နှင့်မူကား။ ပဌမဈာန်ကို ရအောင် အားထုတ်သော ယောဂါဝစရ ပုဂ္ဂိုလ်နှင့် တူ၏။ တွန်းဝါး ပါသော လှေနှင့်မူကား ပဌမဈာန်နှင့် တူ၏။ တွန်းဝါး မပါသော လှေနှင့်မူကား ဒုတိယဈာန်။လ။ပဥ္စမဈာန်နှင့် တူ၏။

ရူပဈာန်တို့ သဘောသည် သုခ သောမနဿ ဖြစ်ခြင်း၏ အကြောင်း။ အနိဋ္ဌာရုံတို့သည် ဒုက္ခ ဒေါမနဿ ဖြစ်ခြင်း၏ အကြောင်းဟု ဆိုသောကြောင့် ဈာန်ကို စီးဖြန်းသည့်ကာလ အသုဘဆယ်ပါး၊ ကာယဂတာသတိ ၎င်း ၁၁-ပါးတို့

မှာ အနိဋ္ဌာရုံ။ ငင်း ၁၁-ပါးမှ ကြွင်းသော ကမ္မဋ္ဌာန်းတို့မှာ ဣဋ္ဌာရုံ။ ဤကဲ့သို့ ဣဋ္ဌာရုံ အနိဋ္ဌာရုံ နှစ်ပါးပြားသည် ဖြစ်လျှင်လည်း အသုဘဆယ်ပါး၊ ကာယဂတာသတိ ပညတ် ငင်း ၁၁ ပါးကို စီးဖြန်း၍ ရသော ဈာန်သည် အနိဋ္ဌာရုံ ဖြစ်သောကြောင့် ဒေါမနဿ ပဋ္ဌမဈာန်၊ ငင်းမှ ကြွင်းသော ကမ္မဋ္ဌာန်းတို့ကို စီးဖြန်း၍ ရသော ဈာန်သည် ဣဋ္ဌာရုံ ဖြစ်သောကြောင့် သောမနဿ ပဋ္ဌမဈာန်။ ဤကဲ့သို့ နှစ်ထွေကွဲကြလျှင် နောက်က ဆိုခဲ့သော သောမနဿ ဟူသော စကားနှင့် မညီခဲ့သည်ဖြစ်၍ အဘယ်သို့သင့် ပါးအံ့နည်း ဆိုလျှင်။ ဤကဲ့သို့ အနိဋ္ဌဖြစ်သော ကမ္မဋ္ဌာန်းကို အာရုံပြု၍ ဝမ်းမြောက်သည်လည်း မဟုတ်။ အကျိုးဖြစ်သော ဈာန်ကို အာရုံပြု၍ ဝမ်းမြောက်လေသည်။ ထို့ကြောင့် ပုဗ္ဗာပရ စကားနှစ်ရပ် မဆန့်ကျင်သင့် ဟူလိုသော်။

ဥပမာကား တဦးသော ပုဂ္ဂိုလ်သည် မိမိ မစင်တွင်း၌ မစင်ပြည့်၍ နေသည်ကို မြင်၍ ထိုမစင်တို့ ကုန်စေခြင်းငှါ တဦးသော သူအား ကျုံး၍ ပစ်ပါ။ ဤမစင် ကုန်လျှင် သင့်အား ငါသည် ငွေတဆယ်ဖြစ်စေ။ ငါးကျပ်ဖြစ်စေ ပေးပါမည်ဟု ဆို၏။ ထိုအခါ အခစားလုပ်သော ယောကျ်ားသည်လည်း ကောင်းပါပြီ ကျုံးပါမည်ဟု ဝန်ခံ၍ ထိုမစင်တွင်း၌ မစင်တို့ကို ဝမ်းမြောက် ဝမ်းသာနှင့် ‌ေတးချင်း မော်ကွန်းများ ဆို၍ မစင်ကို ယူဆောင် ထမ်းပိုး၍ ပစ်၏။ ထိုအခစား ယောကျ်ားသည် မစင်တည်း ဟူသော အနိဋ္ဌာရုံကို သည်ပိုး ရွက်ဆောင်ရသည်ဖြစ်လျက်နှင့် အဘဲ့ကြောင့် ဝမ်းမြောက် ဝမ်းသာနှင့် တေးချင်း မော်ကွန်း ဆို၍ ရွက်ဆောင်နိုင်လေသနည်းဟူမူ။ ဤဝမ်းမြောက်ခြင်းသည် အနိဋ္ဌာရုံ ဖြစ်သော မစင်ကို ရွက်ဆောင် ထမ်းပိုးရသောကြောင့် ဝမ်းမြောက် ရသည် မဟုတ်။ ထိုမစင်ကုန်လျှင် ငါ့အား ရွှေငွေ အသပြာတို့ကို ရပေလိမ့်မည်။ ရသောကာလ ငါသည် အလိုရှိတိုင်း သုံးစွဲ ရပေတော့မည်ဟု ရွှေငွေ အသပြာ တည်းဟူသော အကျိုးကို မြှော်ထောက်၍ ဝမ်းမြောက် ဝမ်းသာ တေးချင်း မော်ကွန်း

ဆိုလေသည်။ အနိဋ္ဌဖြစ်သော မစင်ကို ရွက်ဆောင် သည့်ပိုး ရသောကြောင့် ဝမ်းမြောက်ဝမ်းသာရှိသည် မဟုတ်လေ။ ၎င်းပုံ၌ မစင်နှင့်မူကား။ အသုဘ ဆယ်ပါး ကာယဂတာသ ပဋ္ဌာန်တို့နှင့် တူ၏။ မစင် ထမ်းသော ယောကျာ်းနှင့်မူကား ပဋ္ဌမဈာန်ကို ရအောင် စီးဖြန်းသော ယောဂါဝစရ ပုဂ္ဂိုလ်နှင့် တူ၏။ အခနှင့်မူကား ပဌမဈာန်နှင့်တူ၏။ အခရ၍ အလိုရှိတိုင်း သုံးဆောင်ရသည်နှင့်မူ ပဌမဈာန်ကိုရ၍ အကြိမ်ကြိမ် အဘန်ဘန် ဈာန်ဝင်စားရသည်နှင့် တူ၏။ ရူပါဝစရကုသိုလ် ပဉ္စမဈာန် ကြိုသောပဉ္စမဈာန် ၎င်း နှစ်ပါးကို အဘိညာဏ်ခွေမှတ်၊ ဈာန်ကို ရကာမျှနှင့် အဘိညာဏ်ကို ရသည် မဟုတ်။ ပဉ္စမဈာန်ကိုရမှသာလျှင် အဘိညာဏ်ကို ရသတည်း။ ရပြီးသော ပဉ္စမဈာန်ကို အကြိမ်ကြိမ် အဘန်ဘန် ဝင်စား၍ ထိုပဉ္စမဈာန်၌ရှိသော ဥပေက္ခာ ဧကဂ္ဂတာတို့ကို ပစ္စဝေက္ခနာတင်၍ သုံးသပ်မှသာလျှင် အဘိညာဏ်ကို အလိုရှိသော အတိုင်း သတ္တ,သင်္ခါရစသော နိမ္မိတရုပ် ဘန်ဆင်း ခြင်းကို ဖြစ်စေနိုင်သည်။ အဘိညာဏ်မူကား တကြိမ်ဖြစ်၏။ ထိုအဓိဋ္ဌာန်ပြုသော သမာပတ္တိနပုဂ္ဂိုလ်သည် မိမိ အဓိဋ္ဌာန် ပြုသောအတိုင်း ရူပါရုံ အစရှိသည်တို့ကို မြင်ရလို၏ဟု အဓိဋ္ဌာန် ပြု၏။ ထိုအခါ တောတောင် သမုဒ္ဒြာပင် ခြားသော်လည်း မျက်မှောက်၌ ထင်ခြင်းသို့ ရောက်လာကုန်၏၊ ထိုသို့ အဝေး အနီး အရပ်တို့၌ ရှိသော အာရုံကို မြင်ခြင်းငှါ စွမ်းနိုင်သော ပဉ္စမဈာန်၏ သတ္တိကိုပင် အဘိညာဏ်ဟု ခေါ်ဝေါ်လေသည်။ ထို့ကြောင့် အဘိညာဏ်ကို ရအောင် ကမ္မဋ္ဌာန်း အသီးအခြား အားမထုတ်ရပြီ။ ဘုရား ရဟန္တာ တို့ပင် ဖြစ်သော်လည်း အဘိညာဏ် မဝင်စားက သတ္တ,သင်္ခါရအစရှိသည်တို့ကို ဘန်ဆင်းခြင်းငှါ မဘတ်နိုင်ရာဟူ၍ မှတ်၊ အဘိညာဏ်သည် နှုတ်သော်လည်း မလျော့။ ထည့်သော်လည်း မတိုး။ ခရုပြုတ်နည်းများနှင့် ဟပ်၍ယူလေ။

ရူပစိတ်၌အကျဉ်းမှတ်ပုံပြီး၏။

## အရူပါဝစရ စိတ်

အရူပစိတ်၌ အကျဉ်းမှတ်ပုံကား အရူပစိတ် တဆဲ့နှစ်ပါးတို့သည် သောမနဿ ဥပေက္ခာနှစ်ပါးတို့တွင် ဥပေက္ခာချည်းဖြစ်၏ဟူ၍ မှတ်။ သမ္ပယုတ် ဝိပ္ပယုတ် နှစ်ပါးတို့တွင် သမ္ပယုတ်ဟူ၍မှတ်။ အသင်္ခါရိက သသင်္ခါရိက နှစ်ပါးတို့တွင် သသင်္ခါရိကဟူ၍မှတ်။ ပဌမဈာန်။လ။ပဉ္စမဈာန် ဟူ၍ ငါးပါးတို့တွင် ပဉ္စမဈာန်ချည်း ဟူ၍မှတ်။ အောက် ရူပနှင့် ပေါင်း၍ မဟဂ္ဂုတ်ဈာန် သတ္တဝိသဟု ခေါ်သည်။ ထိုသတ္တ ဝိသတို့တွင် ကုသိုလ်ကိုးခု ၊ဝိပါက်ကိုးခု၊ ကြိယာကိုးခု၊ အရူပဈာန်ကို ရခြင်း၏အကြောင်း ကမ္မဋ္ဌာန်းမှာ ပညတ်နှင့် မဟဂ္ဂုတ် နှစ်ပါးတည်း။ ဤနှစ်ပါးမှ တပါးသော ကမ္မဋ္ဌာန်းကို စီးဖြန်းသော် မရရာ။ အာကာသာနဉ္စာယတန ဈာန်ကို ရအောင် စီးဖြန်းသော ပုဂ္ဂိုလ်သည် ကသိုဏ်း ဖင်္ဂိဘာဂ နိမိတ်ကိုးပါးတို့တွင် တပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင် ပညတ်၊ ဝိညာဏဉ္စာယတနမှာ အောက်အာကာသာနဉ္စာယတန ကုသိုလ် တည်းဟူသော မဟဂ္ဂုတ်၊ အာကိဉ္စညာ ယတနမှာ အာကာသာနဉ္စာယတနဈာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ်၊ နေဝသညာ နာသညာယတနမှာ အာကိဉ္စညာယတနတည်းဟူသော မဟဂ္ဂုတ် ဤဆိုခဲ့ပြီးသော ကမ္မဋ္ဌာန်းမှ တပါး အခြားသော ကမ္မဋ္ဌာန်းကို စီးဖြန်း၍ မရအပ်၊ ရူပါဝစရပဉ္စမဈာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတနဈာန်ကို စီးဖြန်းလိုသော် ငါရသော ရူပါဝစရပဉ္စမ ဈာန်သည်, စတုတ္ထဈာန်တည်းဟူသော နီးသောရန်သူရှိ၏ ဟူ၍၎င်း။ သတ္တဝါတို့သည် ရုပ်ရှိခြင်းကြောင့် ခိုက်ရန်ငြင်းခုံခြင်း တို့သည် ဖြစ်ကုန်၏။ ရုပ်တရား မရှိသော် ဤကဲ့သို့မဖြစ်ဟု ကရဇကာယရုပ်၌ စက်ဆုပ်ရွံရှာခြင်း အပြစ်ကိုမြင်၍ ဓိရူပံ ဓိရူပံ အစရှိသည်ဖြင့် စီးဖြန်းလေ၏။

အဘယ့်ကြောင့် ရုပ်၌ယောဂါဝစရ ပုဂ္ဂိုလ်သည် ရွံရှာခြင်း ဖြစ်ရလေသနည်း ဆိုလျှင် သတ္တဝါတို့သည် ထိုရုပ်တည်းဟူ သော အကြောင်းကြောင့် နာကျင်ခြင်း ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံ ခြင်းတို့သည် ဖြစ်သောကြောင့်တည်း။

ဆရာ ထိုသို့ ရုပ်ကို နာကျင်တတ်သော သဘော ရှိသော ကြောင့် စက်ဆုပ် ရွံရှာ၏ဟု ဆိုသော် အမိအဘ နှစ်ပါး တို့၏ သုက်သွေးကြောင့် ဖြစ်သော ကရဇကာယ ရုပ်သည်သာလျှင် နာကျင်တတ်သော သဘောရှိ၏။ ထိုကသိုဏ်းဝန်း၌ ရှိသော ရုပ်သည်ကား နာကျင် တတ်သော သဘောမရှိ။ ထိုသို့ ဖြစ် သောကြောင့် ကရဇကာယ ရုပ်ကိုသာ စက်ဆုပ် ရွံရှာ၏။ ကသိုဏ်းဝန်း၌ရှိသော ရုပ်ကို မစက်ဆုပ် မရွံရှာ ထိုသို့ဖြစ်၍ ခပ်သိမ်းသော ရုပ်တို့ကို အဘယ့်ကြောင့် စက်ဆုပ် ရွံရှာသနည်း ဟု စောဒနာမူ ထိုကသိုဏ်းဝန်း၌ ရုပ်နှင့် ကရဇ ကာယ ရုပ် သည် ရုပ်ချင်းတူသောကြောင့် ကရဇကာယကဲ့သို့ပင် နာကျင် တတ်သော သဘောရှိသလောဟု မှတ်သောကြောင့် စက်ဆုပ် ရွံရှာ ရလေသည်။ ဥပမာပုံကား ဘီလူးကို ကြောက်တတ် သောသူသည် ညဉ့် အချိန်မဲ့အခါ တောအရပ်သို့ သွားသည် ရှိသော် ခရီးအကြား၌ ထန်းငုတ်တို ‌တခုကို တွေ့၍ ထို ထန်း ငုတ်ဘိုကို ဘီးလူးမှတ်၍ ပြေးသကဲ့သို့တည်း။ ငင်းပုံ၌ ဘီးလူးကို ကြောက်၍ ပြေးသောသူနှင့် မူကား အာကာသာနဉ္စာ ယတနာ ဈာန်ကို ရအောင် စီးဖြန်းသော ယောဂါဝစရပုဂ္ဂိုလ်နှင့်တူ၏။ ဘီလူးစစ်နှင့်မူကား ကရဇကာယရုပ်နှင့် တူ၏။ထန်းပင် ငုတ်နှင့် မူကား ကသိုဏ်းဝန်း၌ ရှိသော ရုပ်နှင့်တူ၏။

ရူပါဝစရပဉ္စမဈာန်၌ တပ်ခြင်းကို စွန့်၍ အာကာသာ နဉ္စာ ယတနဈာန်ကို ရခြင်းငှါ အလိုရှိသော ပုဂ္ဂိုလ်သည် မိမိရပြီး သော ပဉ္စမဈာန်ကို ဝင်စား၍ ထိုဈာန်၌ ရှိသော တောဘူမက သင်္ခါရတို့ကို သုံးသပ်၍ ထိုဈာန်၌ရှိသော ဥပေက္ခာ ဧကဂ္ဂတာ

တို့ကိုလည်း ဝိပဿနာတင်၍ သုံးသပ်၏။ ထိုဈာန်နှင့် တပ်ခြင်းကို စွန့်၍ ငါရသော ရူပါဝစရ ပဉ္စမ ဈာန်သည် အောက် စတုတ္ထဈာန် တည်းဟူသော နီးသော ရန်သူရှိ၏။ အာကာသာနဉ္စာယတန ဈာန် မူကား နူးညံ့ သိမ်မွေ့၏။ ငါ့အား ရသော် ကောင်းလေစွဟု အာကာသာနဉ္စာ ယတနဈာန်ကို ငြိမ်သက်သော အားဖြင့် နှလုံးသွင်း၍ ကသိုဏ်း ကိုးပါး တို့တွင် ပထဝီကိုသော်၎င်း။ အာပေါကိုသော်၎င်း။ အလိုရှိအပ်သော အရပ်ကို ပိုင်းခြား၍ ပထဝီ ပထဝီ အစ ရှိသည်ဖြင့် စီးဖြန်းလျှင် မိမိစီးဖြန်းသော ဘာဝနာ၏ အဟုန်ကြောင့် ပိုင်းခြားတိုင်း ကြည့်တိုင်းသော အရပ် ကောင်းကင် အလုံးသည် ပထဝီ အပြည့် ချည်းသာ ထင်ကုန်၏။ ထိုသို့ ထင်သော အခါ ကောင်းကင် နေလ နက္ခတ် တာရာကား။ အဝိတ်အဆို့ မရှိချေ။ ကောင်းကင်ပင်။ ယခုမူကား ငါ၏ ဘာဝနာအဟုန်ကြောင့်သာ တစုံတခုသော နေလ နက္ခတ်တို့ကိုမျှ မမြင်ရမူ၍၊ ကသိုဏ်း ဝန်းတို့ကိုသာ မြင်ရ၏။ ထိုသို့ နေလ နက္ခတ်တို့ကို မမြင်ရသည်ရှိသော် နေလ နက္ခတ် ကောင်းကင် တာရာတို့သည် မရှိကောင်းသော သဘောမဟုတ်ချေ။ ရှိကောင်းသော သဘောပင်။ ငါ၏ ကသိုဏ်း ဝန်းသည် ဖုံးလွှမ်း ပိတ်ဆို့သောကြောင့်သာ မမြင်နိုင်လေသည်။ မရှိသည်မဟုတ် ရှိသည်ပင် ဖြစ်သောကြောင့် ကောင်းကင် နေလ နက္ခတ်တို့ကို မြင်စေလို၍ ထို ကသိုဏ်း ကိုးပါးတို့တွင် တပါးပါးကို ခွါ၏။ ခွါ၏ဆိုသော် မုံ့အိုးကင်းမှ မုံ့များစွာကို ခွါသကဲ့သို့ ခွါလေသလော ဟူပြားအံ့။ ဤကဲ့သို့ မဟုတ် ထို ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကို အာရုံမပြုမူ၍ နေသည်ကိုပင် ခွါသည်ဟု ဆို၏။ ခွါဟန်ကား။ အာကာသော အနန္တော။ လ။ အနန္တောဟု ကသိုဏ်း ပဋိဘာဂနိမိတ်ကို ခွါ၏။ ထိုသို့ ခွါသောအခါ တိုက်နံရံ ပေါက်၍ ရှိသော အပေါက်ကဲ့သို့ ဟင်းလင်း ထင်သဖြင့် အာကာသော အနန္တော။ လ။ အနန္တောဟု နှစ်၍ အဘန်တလဲလဲ စီးဖြန်းဘန်

များသဖြင့် ပထဝီ ကသိုဏ်းဝန်း ပျောက်၍ ကောင်းကင် ဟင်းလင်းထင်လာ၏။ ထိုသို့ ထင်သောအခါ အာကာသာနဉ္စာယတန ဈာန်ကို ရလိုသော ပုဂ္ဂိုလ်သည် အာကာသ ကသိုဏ်းကို အာရုံပြု၍ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဈာန်တို့ကို ရ၏။ ထို အာကာသာနဉ္စာယတန ဈာန်ကို ရပြီးသော ယောဂါဝစရ ပုဂ္ဂိုလ်သည် ငါ့အား ရခဲစွာသော ဈာန်ကို ရပေသည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်၍ ထို ဈာန်ကို အကြိမ်ကြိမ်အဘန်ဘန် ဝင်စား၏။ ထိုဈာန်၌ ရှိသော ဥပေက္ခာ ဧကဂ္ဂတာတို့ကို အဘန်ဘန် ပစ္စဝေက္ခနာတင်၍ ဆင်ခြင်သုံးသပ်၏။ ဥပမာသုံမှာ ရွှေထုပ် ငွေထုပ်တို့ကို ကောက်၍ရသော သူသည် မိမိ ရွှေထုပ် ငွေထုပ်တို့ကို အလွန်နှစ်သက် ရုံမက်၍။ ထပ်ခါသပ်ခါ အဘန်ဘလဲလဲ ဘွင့်၍ ကြည့်သကဲ့သို့ ထို့အတူ မိမိရပြီးသော အာကာသာနဉ္စာယတန ဈာန်ကို ထပ်ခါထပ်ခါ အဘန်တလဲလဲ ဝင်စား၍ ထို အာကာသာနဉ္စာယတန ဈာန်၌ ရှိသော သင်္ခါရတို့ကို သုံးသပ်၍ ၎င်း၌ရှိသော ဥပေက္ခာ ဧကဂ္ဂတာတို့ကို ပစ္စဝေက္ခနာ တင်၍ သုံးသပ် ဆင်ခြင်လေ၏။

အာကာသာနဉ္စာယတန ဈာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတန ဈာန်ကို ရခြင်း၌ါ အလို ရှိသတ်သော် မိမိ ရပြီးသော အာကာသာနဉ္စာယတနဈာန်သည် ရူပါဝစရပဉ္စမဈာန် တည်းဟူသော နီးသော ရန်သူရှိ၏ဟု အပြစ်ရှာ၍ အာကာသာနဉ္စာယတန ဈာန်၌ တပ်ခြင်းကို စွန့်၏။ အကယ်၍ တပ်နှစ်သက်ခြင်းကို မစွန့်မူ၍ ရုံမက်နှစ်သက်၍သာ နေသည်ဖြစ်အံ့။ ဝိညာဏဉ္စာယတန ဈာန်ကိုပင် မရနိုင်ရာ။ ထို့ကြောင့် ငါရသော အာကာသာနဉ္စာယတန ဈာန်သည် အောက် ပဉ္စမဈာန်နှင့် နီးသောရန်သူရှိ၏။ အထက် ဝိညာဏဉ္စာယတနဈာန်မှကား အလွန် နူးညံ့သိမ်မွေ့ပေသည်။ ၎င်း သိမ်မွေ့သော ဝိညာဏဉ္စာယတနဈာန်ကို ငါ့အား ရသော် ကောင်းလေစွ ဟု နှလုံးသွင်း၍

မိမိရပြီးသော အာကာသာနဉ္စာယတန ဈာန်ကို အာရုံပြု၍ ဝိညာဏံအနန္တံ ဝိညာဏံ အနန္တံ ဟု အဘန်တလဲလဲ စီးဖြန်းသော ပုဂ္ဂိုလ်အား ဝိညာဏဉ္စာသဘာန ဈာန်ကို ရသောအခါ ထိုအာကာသာနဉ္စာယတန ဈာန်ကို အာရုံပြု၍ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဟူသော ငါးကြိမ်မြောက်၌ ဝိညာဏဉ္စာယတန ဈာန်ကိုရ၏၊ ထိုသို့ ရသောအခါ ငါ့အား ရခဲသွစွာသောတရားကို ရပေသည်ဟု ထိုဈာန်၌ ရှိသော ဥပေက္ခာ ဧကဂ္ဂတာတို့ကို အဘန်ဘန် ပစ္စဝေက္ခနာ ပြု၍ ဈာန်ကိုလည်း အဘန်ဘန်ဝင်စား၏။ ထိုဝိညာဏဉ္စာသဘာနဈာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် အာကိဉ္စညာယဘာနဈာန်ကို အလိုရှိလတ်သော်။ ထိုဝိညာဏဉ္စာယတနဈာန်၌ တပ်ခြင်းနှစ်သက် ရုံမက်ခြင်းကို စွန့်၍ ငါ ရသော ဝိညာဏဉ္စာယတန ဈာန်သည် အောက် အာကာသာနဉ္စာယတနဈာန်နှင့် နီးသော ရန်သူရှိ၏ဟု ထိုဈာန်၌ အပြစ်ကို မြင်၍ အာကိဉ္စညာယတန ဈာန်မူကား နူးညံ့ သိမ်မွေ့သော သဘောရှိ၏ ထိုနူးညံ့သိမ်မွေ့သော ဈာန်ကို ငါ့အား ရသော် ကောင်းလေစွ တကား ဟု အာကိဉ္စညာယတန ဈာန်ကို စီးဖြန်းသော ပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတန ဈာန်၏ မရှိခြင်းတည်းဟူသော နတ္ထိ ဘောပညတ်ကို အာရုံပြု၍ နတ္ထိ ကိဉ္စိ နတ္ထိကိဉ္စိဟု အဘန်တလဲလဲ ရှုသော ပုဂ္ဂိုလ်အား အာကိဉ္စညာယတနဈာန်ကို ရ၏။

ထို အာကိဉ္စညာယတနဈာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် မိမိရပြီးသော အာကိဉ္စညာယတနဈာန်ကို ငါ့အား ရခဲသွစွာသော မြတ်သော တရားကို ရပေသည်ဟု ထူးမြတ်သော ရတနာများကို ကောက်၍ ရသော သူသည် မိမိ ရသော ရတနာ ရွှေငွေတို့ကို ဝမ်းမြောက် ဝမ်းသာ ထပ်ခါဆပ်ခါ ဘွင့်၍ ကြည့်သကဲ့သို့ မိမိ ရသော အာကိဉ္စညာယဘာန ဈာန်ကို ထပ်ခါထပ်ခါ ဝင်စား၍ ထိုဈာန်၌ရှိသော ဥပေက္ခာ ဧကဂ္ဂတာတို့ကို

ပစ္စဝေက္ခနာတင်၍ ရှုဆင်ခြင်၏။ တဘန် နေဝသညာ နာသညာ ယတနဈာန်ကို ရခြင်း၌ အလိုရှိပြန်သော် မိမိ ရပြီးသော အာကိဉ္စညာယတနဈာန်၌ တပ်နှစ်သက်ခြင်းကို စွန့်၍ ငါရသော အာကိဉ္စညာယတန ဈာန်မှုကား။ အောက် ဝိညာဏဉ္စာယတန ဈာန်လျှင် နီးသော ရန်သူရှိ၏။ နေဝသညာ နာသညာယတန ဈာန်မှုကား။ အလွန်နူးညံ့သိမ်မွေ့သော သဘောရှိ၏။ ထိုနူးညံ့ သိမ်မွေ့သော ဈာန်ကို ငါ့အားရသော် ကောင်းလေစွဟု နေဝ သညာနာသညာယတနဈာန်ကို ရခြင်း၏ အကြောင်းဖြစ်သော အာကိဉ္စညာယတန ဈာန်ကို အာရုံပြု၍ သန္တမေတံ ပဏီတမေတံ ဟု အဘန် တလဲလဲ နေဝသညာ နာသညာယတန ဈာန်ကို စီးဖြန်းသော ပုဂ္ဂိုလ်အား အာကိဉ္စညာယတန ဈာန်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု ကာမဇော သုံးကြိမ်ရင်း လေးကြိမ်ရင်း ကျပြီးမှ၊ အပ္ပနာဇော ဟု ဆိုအပ်သော နေဝသညာနာသညာယတနဈာန်သည် အာဒိကမ္မိကဖြစ်၍ လေးကြိမ် ငါးကြိမ် မြောက်၌ တကြိမ်ကျ၏ ထို့နောင်ဘဝင်လည်း ဖြစ်ထိုက်သည်အား လျော်စွာဖြစ်၏။ ထိုသို့ ဖြစ်ရသော ပုဂ္ဂိုလ်သည် ငါ့အား ရခဲလှစွာသော မြတ်သော ဈာန်တရားကို ရပေသည်ဟု ထူးမြတ်သော ရတနာထုပ်ကို ကောက်၍ ရသောသူသည် မိမိရသော ရတနာထုပ်ကို ဖွင့်ခါဖွင့်ခါ ကြည့်သကဲ့သို့ မိမိရသော နေဝသညာနာသညာယတန ဈာန်၌ ရှိသော ဥပေက္ခာ ဧကဂ္ဂတာတို့ကို အကြိမ်ကြိမ် အဘန်ဘန် ပစ္စဝေက္ခနာပြု၏။ ထိုဈာန်ကိုပင် အကြိမ်ကြိမ် အဘန်ဘန် ဝင်စား၏။

ဝိညာဏဉ္စာယတနဈာန်ကို စီးဖြန်းသော ပုဂ္ဂိုလ်သည် ငါရသော အာကာသာနဉ္စာယတန ဈာန်သည် အောက် ရူပါဝစရ ပဉ္စမဈာန်လျှင် နီးသော ရန်သူရှိသည်။ ဝိညာဏဉ္စာယတနဈာန် မှုကား။ နူးညံ့သိမ်မွေ့သော သဘောရှိ၏။ ငါ့အား ရသော်

ကောင်းလေစွဟု စက်ဆုပ် ရွံရှာခြင်းရှိသော တံတွေးပေါက်ကဲ့သို့အာကာသာနဉ္စာယတနစျာန်ကိုစွန့်ပြီးလျက် အဘဲ့ကြောင့် တဘန် စွန့်ပြီးသော အာကာသာနဉ္စာယတန စျာန်ကိုပင် ဝိညာဏံ အနန္တံ ဟု ငါရသောအာကာသာ နဉ္စာယတနစျာန်သည် အဆုံးမရှိ အဆုံးမရှိဟု အောက်ကိုလည်း၍ အာရုံပြုလေသနည်းဟူမူ ထိုစျာန်မှတပါး အခြားတရားကို အာရုံပြုလေသည်ရှိသော် အလိုရှိအပ်သော ဝိညာဏဉ္စာယတန စျာန်ကို မရနိုင်ရာ။ အကယ်၍သာ ထိုစျာန်ကို မရသည်ဖြစ်အံ့ ထိုစျာန်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတရားကို ဝိက္ခမ္ဘနပဟာန်ဖြင့် မပယ်နိုင်ရာ။ ထိုစျာန်၌ ရှိသော ဥပေက္ခာ ဧကဂ္ဂတာတို့ကိုလည်း ပစ္စဝေက္ခနာမပြုနိုင်ရာ ထိုစျာန်ကိုလည်း မဝင်စားနိုင်ရာ။ ထိုသို့ ဖြစ်သောကြောင့် အာကာသာနဉ္စာယတန စျာန်မှတပါး အခြားသော တရားတို့ကို အာရုံမပြုရလေသည်။ ထိုသို့ စွန့်အပ်ပြီးသော အာကာသာနဉ္စာယတန စျာန်ကို အာရုံပြုသည်ရှိသော် အလိုရှိအပ်သော ရခဲလှစွာသော ဝိညာဏဉ္စာယတနစျာန်ကို ရပေ၏။ ဤကဲ့သို့မှသာလျှင် ထိုစျာန်ဖြင့် ပယ်အပ်သော ကိလေသာတရားတို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ရလေ၏။ ထိုစျာန်၌ ရှိသော ဥပေက္ခာဧကဂ္ဂတာတို့ကိုလည်း အကြိမ်ကြိမ် အဘန်တန် ပစ္စဝေက္ခနာ ပြုရလေ၏။ ထိုစျာန်ကိုလည်း အကြိမ်ကြိမ် အဘန်ဘန် ဝင်စားနိုင်ရာ၏။ ထို့ကြောင့် စွန့်အပ်ပြီးသော အာကာသာနဉ္စာယတန စျာန်ကိုပင်လည်း၍ အာရုံပြုရလေသည် ဟူပေ။

ဥပမာကား တိုင်းပြည် နိုင်ငံတို့ကို အစိုးရသော ပြည့်ရှင်မင်းကြီးသည် အလွန်ပင် မကောင်းမှု အကုသိုလ် ဒုစ္စရိုက်တရားတို့ကို ပြုကျင့်၍နေ၏။ ထိုမင်းကြီး၌ ခစားဆည်းကပ်၍ နေသော အမတ်ကြီး တယောက်သည်လည်း အလွန်တရာ ကုသိုလ်ကောင်းမှုတို့၌ လေ့လာ၍ သုစရိုက်တရားတို့ကို ပြုကျင့်၍ နေ၏။ ဤ အမတ်ကြီးသည် ထိုမင်းကြီး ကျင့်ကြံသော အမှုတို့ကို

တဆိတ်မျှ မကြိုက် မနှစ်သက်သော်လည်း ထိုမင်းကြီး၌ ခစား ဆည်းကပ်လျက် နေရလေ၏။ ဤကဲ့သို့ မကြိုက်မနှစ်သက်လျှင် ထိုအမတ်ကြီးသည် အခြားသော တိုင်းနိုင်ငံတို့ကိုပင် ထွက်၍ သွားပါတော့ဟူမူ။ ဤကဲ့သို့ သွားမည်ဆိုလျှင်လည်း မသွားနိုင် ရာ။ဤသို့ဖြစ်လျှင် အဘယ့်ကြောင့် ထိုမင်းကြီးကိုမကြိုက်မနှစ်သက် သော စကားတို့ကို ပြောဆို၍ နေသနည်း။ ထိုသို့ မကြိုက်၍ တခြားသောတိုင်း ပြည်သို့ သွားသည်ရှိသော် ရွှေ ငွေ ကျောက် သံ ပတ္တမြားတို့ကို မရဘဲ ရှိရာ၏။ မရလျှင်လည်း သားမယား ကျေး ကျွန်တို့ကို မမွေးကျွေးနိုင်ဘဲ ရှိရာ၏။ထိုသို့ဖြစ်၍ ငါသည် ထိုသို့ပင် မကြိုက်သော်လည်း။ ထိုမင်းကြီး၌ ခစားဆည်းကပ် ရသည် ရှိသော် မင်းကြီးသည် ငါ့ကို ခစား ဆည်းကပ်ပေသော အမတ်ကြီးဟု ရွှေ ငွေ ကျောက် သံ ပတ္တမြားတို့ကို ငါ့အား ပေး ရာသည်။ ထိုသို့ ပေးမှသာလျှင် ငါ အလိုရှိတိုင်း သုံးဆောင် စားသောက်၍ သား မယား ကျေးကျွန် အခြွေအရံ တို့အား ပေးကမ်း စွန့်ကြဲ ရပေသည်ဟု အကျိုးတို့ကို မြော်ထောက်၍ အခြားသော တိုင်းနိုင်ငံသို့ မသွားမူ၍ မကြိုက် မနှစ်သက်ဘဲနှင့် ပင် ပြည့်ရှင် မင်းကြီးကို အမတ်ကြီး ခစား ဆည်းကပ်ရ လေ ၏။ ။ရင်းပုံ၌ မင်းကြီးနှင့်မူကား အာကာသာနဉ္စာယတန ဈာန်နှင့် တူ၏၊ အမတ်ကြီးနှင့်မူကား ဝိညာဏဉ္စာယတနဈာန်ကို ရအောင် စီးဖြန်းသော ယောဂါဝစရ ပုဂ္ဂိုလ်နှင့် တူ၏။ ဝိညာဏဉ္စာယ တနဈာန်ကို ရသည်နှင့်မူကား မင်းကြီးကို ခစား၍ ရွှေ ငွေ ကျောက် သံ ပတ္တမြားကို ရသည်နှင့်တူ၏။ သားမယား ကျေး ကျွန် အခြွေအရံ ပရိသတ်တို့ကိုပေး၍ မိမိအလိုရှိတိုင်း သုံး ဆောင် စားသောက်ရသည်နှင့်မူကား ဝိညာဏဉ္စာယတန ဈာန် ကို ရ၍ ထိုဈာန်၌ ရှိသော ကိလေသာ တရားကို ပယ်ခွါ၍ ၎င်းဈာန်၌ရှိသော ဥပေက္ခာ ဧကဂ္ဂတာတို့ကို အကြိမ်ကြိမ် အ ဘန်ဘန် ဆင်ခြင်၍ ဝင်စားရသည်နှင့် တူ၏။ ။မင်းကြီး ဥပမာ ပြီး၏။

နေဝသညာ နာသညာယတန ဈာန်ကို ရအောင် အားထုတ်သော ယောဂါဝစရ ပုဂ္ဂိုလ်သည်။ ငါရသော အာကိဉ္စညာယတန ဈာန်ကား အောက် ဝိညာဏဉ္စာယတန ဈာန်တည်း ဟူသော နီးသော ရန်သူရှိ၏။ နေဝသညာ နာသညာယတန ဈာန်မူကား နူးညံ့သိမ်မွေ့၏။ ထိုသိမ်မွေ့နူးညံ့သော နေဝသညာ နာသညာယတနဈာန်ကို ငါအား ရသော် ကောင်းလေစွဟု ကျင်ကြီးအိမ် ကျင်ငယ်အိမ်တို့ကို တပ်မက်ခြင်း မရှိ စွန့်၍ သွားသကဲ့သို့ အာကိဉ္စညာယတန ဈာန်ကို စွန့်ပစ်လျက် အဘဲ့ကြောင့် အာကိဉ္စညာယတန ဈာန်ကိုပင် တဘန်လည်၍ သန္တမေတံ့ ပဏီတမေတံ ဟု ငါရသော အာကိဉ္စညာယတနဈာန်သည် ငြိမ်သက်၏ဟု ပြန်၍ အာရုံပြုလေသနည်း ဟူမူ၊ အကယ်၍သာ အာကိဉ္စညာတယန ဈာန်မှ တပါး တခြားသော တရားတို့ကို အာရုံပြုသည် ဖြစ်အံ့။အာပေါက်အောင်ပင် စီးဖြန်းသော်လည်း မရနိုင်ရာ။ ထို့ကြောင့် အာကိဉ္စညာယတန ဈာန်ကို လည်၍ အာရုံပြုပြန်ရသတည်း။ ။ဥပမာကား ပြည့်ရှင်မင်းကြီးသည် တရံရောအခါ မိဖုရား မောင်းမ မိဿံ အခြွေအရံနှင့် တကွ ဆင်စီး၍ မြူးမတ်ဗိုလ်ပါ စစ်သည် အပေါင်းခြံရံလျက် မြို့ကိုလှည့်ပတ်သည်ရှိသော် ခရီးလမ်းတွင် ဆင်စွယ်ပွတ် သမားသည် ဆင်စွယ်ပွတ်၍နေသည်ကို မင်းကြီးမြင်သဖြင့် ဆင်ပေါ်က ဆင်းသက်၍ ပွတ်သမားထံ၌ ချဉ်းကပ်လျက် ဆင်စွယ် ပွတ်သမားကို ကိုင်ပြီးလျှင် သင်ကဲ့သို့ ပွတ်အရာတွင် တတ်သော သူကို ငါမမြင်ဘူးချေ။ အလွန်ပင် ချောမော ပြေပြစ် ထူးဆန်းပေသည်ဟု များစွာ ချီးမွမ်း ပြောဆိုလေ၏။ ထိုမင်းကြီးသည် ထူးဆန်းသောကြောင့် ဆင်စွယ်ပွတ်အရာကို လိုချင်လျှင် သင်မင်းကြီး၏ ထီးနန်း မောင်းမ မိဿံနှင့် လဲလော့ဟု တပါးသောသူက ဆိုလျှင် မလဲနိုင်သကဲ့သို့တည်း။ ၎င်းပုံ၌ အာကိဉ္စညာယတန ဈာန်နှင့်မူ ဆင်စွယ်ပွတ် သမားနှင့် တူ၏။ မင်းကြီးနှင့်မူကား နေဝသညာနာသညာယတန ဈာန်ကို ရအောင် အားထုတ်သော ယောဂါဝစရ

ပုဂ္ဂိုလ်နှင့်တူ၏။ ထိုးနန်း မောင်းမမိဿံ အခြွေအရံတို့နှင့်မှုကား နေဝသည့်ာ နာသည့်ာယတန ရှာနိုတို့နှင့် တူ၏။ ။ဆင်စွယ်ပွတ် သမား ဥပမာ ပြီး၏။

တနည်း ဥပမာဆိုအံ့။ ။တခုသော အရိပ်သစ်မ်း ရှားသော အသွမ်း အကမ်း အလွန်ဝေးသော ခရီး၌ မဏ္ဍပ်ကြီးတခုသည် ရှိ၏။ ထိုမဏ္ဍပ်အောက်တွင်လည်း မစင် ကျင်ကြီး ကျင်ငယ် တို့သည် ခြေချစရာ အလပ်မရှိ အပြည့်ဖြစ်ကုန်၏။ ထိုခရီးကို တဦးသော ယောကျာ်း ရောက်သွားသည်ရှိသော် အလွန်နေပူ သည်ဖြစ်၍ နားစရာ အရိပ်ကြည့်သည် ရှိသော် ထိုမဏ္ဍပ်ကြီးကို မြင်၍ မဏ္ဍပ်မှာ နားတော့မည်ဟု နှစ်၍ သွားလေ၏။ သွား၍ ရောက်လျှင် ထိုမဏ္ဍပ်၏ အရိပ်သို့ ဝင်မိသည့်ကာလ မဏ္ဍပ် အောက်၌ မစင်ကျင်ကြီး ကျင်ငယ်တို့သည် ခြေချစရာ အလပ် မရှိ ရွံရှာစက်ဆုပ်လျက်နှင့် တည်းခိုစရာ မရှိသောကြောင့် ထို မဏ္ဍပ်၏ ထုတ်လျောက်တို့ကို ဆွဲ၍ နေရလေ၏။ ထို့နောင် လူဘယောက်လာပြန်၍ နားစရာ မရှိသောကြောင့် ပဌမရောက်နှင့် သောသူ၏ ခြေကို ဆွဲ၍ နေ၏။ထို့နောင် လူဘယောက်လာပြန် ၍ မဏ္ဍပ်၏ ပြင်အရပ်က နား၏။ ထို့နောင် လာပြန်၍ တတိယ လာ၍ နားသောသူ၏ အနီး၌ စတုတ္ထ အကြိမ် လာသောသူ သည် ယှဉ်၍ နား၏။ တနည်းမှာ တတိယအကြိမ်၌ ခရီးသွား သော သူသည် ထုတ်လျောက်ကို ဆွဲ၍ နား၏။ စတုတ္ထ အကြိမ် လာသော သူသည် တတိယ အကြိမ်လာ၍ ထုတ်လျောက်ကို ဆွဲ၍ နားသော သူ၏ ခြေကို ဆွဲ၍ နား၏။ငင်းပုံ၌ မဏ္ဍပ်ကြီး နှင့်မှု အရူပဘုံနှင့် တူ၏။ မစင် ကျင်ကြီးကျင်ငယ် တို့နှင့်မှု ကာမဘုံနှင့်တူ၏။ ခရီးသွားလေးယောက်နှင့်မှု အရူပဈာန်လေးခု ကို ရအောင် စီးဖြန်းသော ယောဂါဝစရ ပုဂ္ဂိုလ်နှင့် တူ၏။

တနည်းလည်း။ ။တောင် တက်သော သူသည် ပင်ပန်း၍ ဒူးသောက်လျက် တက်၏။ ဒူးနှစ်ဘက် ညောင်း၍ လက်နှင့်

ထောက်လျက် တက်၏။ ဒူးလက် ထောက်သည်နှင့်မှု ဝိညာဏဉ္စာ ယတန စိတ်နှင့် တူ၏။ နားသည်နှင့်မှု အာကိဉ္စညာ ယတန နှင့် တူ၏။ ။နေဝသညာ နာသညာယတနသည် မနာယတန, ဓမ္မာ ယတန၌ အကျုံးဝင်၏ ဟု ဆိုသည်မှာ အလွန် သိမ်မွေ့လှ၏။ ၎င်း စိတ်သည် မနာယတန သဘောမှ မကင်းရုံသာ ရှိသည်ဖြစ် ၍ မနာယတန၌ အကျုံးဝင်၏ ဟု ဆိုလေသည်။ ဓမ္မာယတန ဆိုသည်မှာ ၎င်းစိတ်၌ ယှဉ်သော စေတသိက် သည်လည်း အလွန်သိမ်မွေ့နူးညံ့၍ ဓမ္မသဘောမှ မကင်းသောကြောင့် ဓမ္မာ ယတနသို့ ဝင်ရုံမျှသာ ရှိသည်။ ထို့ကြောင့် ဓမ္မာယတန၌ အ တွင်း ဝင်လေသတည်း။ ရုန့်ရင်းသော သညာမရှိ။ သိမ်မွေ့ သောသညာ မရှိသည်မဟုတ် သောဟု ဆိုသည်မှာ သညာကို သာ အထူးမှတ်၍ ဆိုလိုက်သည်။ ရုန့်ရင်းသော ဖဿကားမရှိ။ သိမ်မွေ့သော ဖဿ မရှိသည် မဟုတ်သော ဤကဲ့သို့ စသည်ဖြင့် လည်း ဆိုရ၏။ ။နေဝသညာ နာသညာယတနမှ ကြွင်းသော အောက်သုံးပါး၌ ရုန့်ရင်းသော သညာရှိ၏။ သိမ်မွေ့သော သညာမှာ ဆီရှိလျှင် ယူခဲ့ဆိုသော် ယူလောက်အောင် မရှိ၍ မရှိပါ ဆိုသကဲ့သို့တည်း။ ဗျာန်ကို ရပမှာ ရွှေ ငွေ တို့ကို ကောက် ၍ ရသကဲ့သို့မှတ်။ ။အရူပစိတ်၌ အကျဉ်းမှတ်ပုံကား ပြီး၏။

## လောကုတ္တရာစိတ်

လောကုတ္တရာစိတ်၌ အကျဉ်း မှတ်ပုံကား။ လောကုတ္တရာ စိတ်ရှစ်ခုမှာ သောတာပတ္တိ မဂ်သည် နိဗ္ဗာန် တည်းဟူသော မဟာသမုဒ္ဒရာသို့ စီးဝင် တတ်သောကြောင့် သောတာပတ္တိ မဂ် ဟူသော အမည်ကို ရ၏။ နိဗ္ဗာန်သည် ထိုမှာ ဘက်ကမ်းနှင့် တူ၏။ မဂ္ဂင် ရှစ်ပါးသည် သင်္ဘော လှေဘောင်နှင့် တူ၏။ ထို သင်္ဘော လှေဘောင်ထက်၌ စီး၍လိုက်သော သူနှင့်ကား လော ကုတ္တရာတရား ကိုးပါးကို ရခြင်းငှါ အလိုရှိ၍ တေဘူမက သင်္ခါရတို့ကို ဆင်ခြင် သုံးသပ်သော ယောဂါဝစရ ပုဂ္ဂိုလ်နှင့်

တူ၏။ သောတာပတ္တိ မဂ်သည် ဒိဋ္ဌိဂတ သမ္ပယုတ် လေးခု၊ ဝိစိကိစ္ဆာ ၎င်း တရားတို့ကို အကြွင်းမဲ့ ပယ်၏။ အပါယဂမနီယ ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် လေးခု၊ ဒေါသမူ နှစ်ခုတို့ကို လည်း သောတာပတ္တိ မဂ်သည် တနုကရ အားဖြင့် ပယ်၏။ သကဒါဂါမိ မဂ်သည် ကြမ်းကြမ်းတန်းတန်းသော အကျိုးကို ပေးတတ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် လေးခု၊ ဒေါသမူ နှစ်ခုတို့ကို တနုကရ အားဖြင့် ခေါင်းပါးရုံမျှ ပယ်၏။ အကြွင်းမဲ့ကား မပယ်နိုင်။ အနာဂါမိမဂ်သည် ပဝတ္တ၌ သိမ်သိမ်မွေ့မွေ့ အကျိုးကို ပေးစေတတ်သော ဒေါသမူနှစ်ခုကို အကြွင်းမဲ့ အားဖြင့် ပယ်၏။ ကာမဘုံကို တပ်တတ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် လေးခုကိုလည်း အကြွင်းမဲ့ အားဖြင့် ပယ်၏။ အရဟတ္တမဂ်သည် ရူပဘုံ, အရူပ ဘုံကို တပ်တတ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် လေးခု၊ ဥဒ္ဓစ္စ ၎င်း တရားတို့ကို အကြွင်းမဲ့ ပယ်၏။ ယခု မဂ် ပယ်စဉ်၌ တမဂ်တည်းဖြင့်သာ ပယ်အပ်သော အကုသိုလ်တရားသည် ၆-ပါးတည်း။ ၆-ပါးဟူသော်ကား ဒိဋ္ဌိဂတ သမ္ပယုတ် လေးခု၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စအားဖြင့် ၆-ပါးဖြစ်သတည်း။ မဂ် ၃-ပါးဖြင့် ပယ်အပ်သော အကုသိုလ် တရားကား ၂-ပါးတည်း။ ၂-ပါးဟူသော်ကား ဒေါသမူနှစ်။ ဤသို့လျှင် ၂-ပါးဖြစ်သတည်း။ မဂ်လေးပါးဖြင့်ပယ်သော အကုသိုလ်တရားကား ၄-ပါးတည်း။ ၄-ပါး ဟူသော်ကား ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု၊ ဤသို့အားဖြင့် လေးပါးတည်း။

သောတာပတ္တိမဂ်ကို ရပြီးသော် ဥပါဒ် ဋ္ဌီ ဘင် အခိုက်၌ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း သမုဒယ သစ္စာကို ပယ်ခြင်း နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း မဂ္ဂသစ္စာကို ပွါးစေခြင်း ဟု ဆိုအပ်သော သစ္စာလေးပါး တရားတို့ကို တပြိုင်နက်သိ၏။ သစ္စာလေးပါးတို့ မည်သည်ကို ရှေ့နောက် အားဖြင့် မှတ်ရာ ထို သောတာပတ္တိ မဂ်သည် ဥပါဒ် ဋ္ဌီ ဘင်ဖြင့် ချုပ်သည်ရှိသော် သောတာပတ္တိ ဖိုလ်သို့ ရောက်၏။ အကြင် မျှလောက်သော

ကာလပတ်လုံး သကဒါဂါမိမဂ်ကို မရသေး၊ ထိုမျှလောက်သော ကာလပတ်လုံး သစ္စာလေးပါး တရားသည် ကွယ်ပျောက်၍ မသိသောအဖြစ်သို့ ရောက်၏။ ထို့ အဟု သကဒါဂါမိ မဂ်ကို ရလျှင် သစ္စာလေးပါး တရားတို့ကို တပြိုင်နက် သိပြန်၏။ ၎င်း ဖိုလ်သို့ကျလျှင် သစ္စာလေးပါး ကွယ်ပြန်၏။ အနာဂါမိ မဂ်ကို ရလျှင် သစ္စာလေးပါး တရားတို့ကို တပြိုင်နက် သိပြန်၏။ ၎င်း ဖိုလ်သို့ကျလျှင် သစ္စာလေးပါး ကွယ်ပြန်၏။ အရဟတ္တမဂ်ကို ရသော် ဉပါဒ် ဌီ ဘင် အခိုက်၌ သစ္စာလေးပါး တရားတို့ကို တပြိုင်နက် ရှေ့နောက် မရှိမူ၍ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း သမုဒယသစ္စာကို ပယ်ခြင်း နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း မဂ္ဂသစ္စာကို ပွါးစေခြင်း ဟု ဆိုအပ်သော သစ္စာလေးပါး တို့ကို တပြိုင်နက်သိ၍ အကြင် မျှလောက်သော ကာလပတ်လုံး ပရိနိဗ္ဗာန် မပြုသေး။ ထိုမျှလောက်သော ကာလပတ်လုံး သစ္စာလေး ပါး တရားတို့ကို မပျောက်မူ၍ သိကုန်၏။ ။ဤသည့်လျှင် မဂ်ကိစ္စ တဆဲ့ခြောက်ချက်တည်း။

ယထာက္ကမ အားဖြင့် ပယ်စဉ်တို့ကို ဉပမာဆောင်ဦးအံ့။ တရံ ရောအခါ ပြည့်ရှင်မင်းကြီးသည် မှူးမတ် ဗိုလ်ပါ အပေါင်းကို ခေါ်တော်မူ၍ ရှေ့တော်သို့ ရောက်လျှင် ထိုမှူးမတ် ဗိုလ်ပါ အပေါင်းတို့တွင် ရဲစွမ်းသတ္တိ ဗလနှင့် ပြည့်စုံသောဗိုလ်တယောက် ကို ရွေးပြီးလျှင် ငါ၏နိုင်ငံတော် အစွန်း၌ သူပုန်ရန်သူ ပေါ်ရှိ လျှင် တိုက်ဖျက်စေခြင်းငှါ အရာအထူးဖြင့် ချီးပင့်မြှောက်စား ထားလေ၏။ ထို အခါ ၎င်းနိုင်ငံကို ဖျက်ဆီးအံ့ ဟု ဗိုလ်အ ပေါင်းတကျိပ်နှစ်ယောက်နှင့် ရဲမက် လက်နက်ကိုင်သားအပေါင်း တို့နှင့် တကွ ချီတက်၍ နိုင်ငံဆုံးမင်း၏ အထံသို့ ရောက်လာကုန် ၏။ ထို အခါ နိုင်ငံဆုံး၌ နေသောမင်းသည် ပြည့်ရှင်မင်းကြီး အား သွား၍ သူပုန်ရန်သူ ပေါ်ကြောင်းကို လျှောက်ထား၏။ပြည့် ရှင် မင်းကြီးလည်း သင့်ကို ငါသည် နိုင်ငံဆုံး၌ စားစေမည်

သောက်စေမည် ဟု ထားသည် မဟုတ်ဘဲနှင့် ဤကဲ့သို့ သူပုန် ရန်သူ ပေါ်လျှင်သာ တိုက်ဖျက်စေဘို့ ထားသည့်ကို ငါ့အား လာ၍ပြောရသလော ဟု အမျက်ထွက်ပြီးလျှင် ခဲယမ်း မီးကျောက်တို့ကို လုံလောက်အောင် ပေးလိုက်၍ နိုင်အောင် တိုက်လေဟု စေခိုင်းလိုက်၏။ ထိုအခါ ပြန်၍ အားထုတ်၍ တိုက်သောကြောင့် တဆဲ့နှစ်ယောက်သော ဗိုလ်တို့တွင် ငါးယောက်သော ဗိုလ်တို့သည် သေကြေပျက်စီးကုန်၏။ ထိုသို့ တိုက်ဖျက်၍ ငါးယောက်သော ဗိုလ်တို့သည် သေကြောင်း မင်းကြီးအား သွား၍လျှောက်ပြန်၏။ မင်းကြီးလည်း အတန်ငယ်မျှ ချီးမွမ်းသော စကားကို ပြောပြီးလျှင် ထပ်၍ တိုက်လေဦး ဟု ခဲယမ်း မီးကျောက်တို့ကို ပေးလိုက်ပြန်၍ တဖန် ဒုတိယအကြိမ် တိုက်သည်ရှိသော် ကြွင်းသော ၇–ယောက်သော ဗိုလ်တို့သည် သေမှုကား မသေကြ ကျိုးရုံပဲ့ရုံမျှသာ ရှိကြ၏၊ ရှင်းရှေးနည်းအတူ လျှောက်ပြန်သော် ရှေးနည်းအတူပင် ခိုင်းပြန်၍ တတိယအကြိမ် တိုက်သည်ရှိသော် ခုနစ်ယောက်သော ဗိုလ်တို့တွင် နှစ်ယောက်သော ဗိုလ်သည် သေပြန်၏၊ ရှင်းရှေးနည်းအတူ လျှောက်ပြန်သော် ရှေးနည်းအတူပင် ခိုင်းပြန်၍ စတုတ္ထအကြိမ် တိုက်သည်ရှိသော် အကြွင်း ငါးယောက်သော ဗိုလ်တို့နှင့်တကွ ရဲမက် လက်နက်ကိုင်သား အပေါင်းတို့သည် အကြွင်းအကျန်မရှိ သေကြေပျက်စီး၍ ကုန်၏။ ထိုအခါ သူပုန် ရန်သူတော်များကို အောင်၍ ကုန်ပါပြီဟု မင်းကြီးအား လျှောက်ထားသည်ရှိသော် မင်းကြီးသည် မှူးမတ်ဗိုလ်ပုံတို့၏ အလယ်၌ ထိုနိုင်ငံစွန်း၌ ခန့်ထားသော သူရဲကောင်းအား ချီးမွမ်းထောမနာခြင်းကို ပြု၍ များစွာသော ဆုလာဘ်သတ်ပကာ တို့ကို ချ လေ၏။

ရှင်း ဥပမာနှင့် စပ်၍ ရူပါဝစရ ပုံသက်သေကို ဆောင်ဦးအံ့။ မြတ်စွာဘုရားသည် ဂါမဝါသီ အရညဝါသီ နှစ်ပါးတို့တွင် ဂါမဝါသီ ထက် အရညဝါသီ မြတ်ကြောင်းကို အလွန်

ချီးမွမ်းတော် မူ၏။ ထို အခါ ရဟန်း တဦးသည် မြတ်၏ ဟူသော အကြောင်း အမြွက်မျှ ကိုသာ မှတ်၍ တောသို့ သွားပြီးလျှင် တရား အားမထုတ်ဘဲနှင့် စားသောက်၍သာ အချိန်ကုန်စေ၏။ ထိုအခါ သိတင်းဝါလကျွတ်၍ ဘုရားသခင် အထံတော်သို့ ပြန်လာပြီးလျှင် ကိုယ်တော်အရှင်သည် ဂါမဝါသိ ထက် အချည့ဝါသိနေသောသူသည် မြတ်ပေသည်ဟု ဟောတော်မူသောကြောင့် တောအရပ်၌ ဘုရားတပည့်တော် နေသည်မှာ တစုံတခုသော တရားအထူးကိုမျှ မရပါဟု ဘုရားသခင်အား လျှောက်ထား၏။ ထိုသို့ လျှောက်ထားသောအခါ ဘုရားသခင်က သင်ကဲ့သို့ တရားကို အားမထုတ်ဘဲ စားသောက်၍ အချိန်ကုန် စေသော သူကို ငါချီးမွမ်းတော်မူသည် မဟုတ်။ ဈာန်,မဂ်,ဖိုလ် ကိုရအောင် တရားကို အားထုတ်သော သူတို့ကိုသာလျှင် ငါချီး မွမ်း၏ဟုမိန့်တော်မူ၍ ထိုရဟန်းကို ခြိမ်းချောက် ပြောဆိုပြီးလျှင် ဈာန်,မဂ်,ဖိုလ်ကိုရစေတတ်သောကမ္မဋ္ဌာန်းတရားတို့ကို ပေးလိုက် ၍ ၎င်းတောအရပ်၌ပင် ပြန်၍ တရားကို အားထုတ်ပြန်စေ၏။ ထိုအခါ သောတာပတ္တိမဂ် သောတာပတ္တိ ဖိုလ်ကို ရ၏။ထိုသို့ ရသောအကြောင်းကို သွား၍ လျှောက်ပြန်၏၊ ထိုအခါ ဘုရား သခင်သည် အနည်းငယ်မျှ ချီးမွမ်း၍ ရှေ့နည်းတူ ဈာန်,မဂ်,ဖိုလ်ကို ရစေတတ်သော တရားတို့ကို ပေးလိုက်ပြန်၍ ဒုတိယအကြိမ်၌ တရားကို အားထုတ်သော် သကဒါဂါမိမဂ် ၎င်းဖိုလ်တို့ကို ရပြန် ၍ ရကြောင်းကို သွား၍ လျှောက်ပြန်သော် ရှေးနည်းအတူပင် ဈာန်, မဂ်, ဖိုလ် ရစေတတ်သော တရားကို ပေးလိုက်ပြန်၍ တတိ ယအကြိမ်၌ တရားကို အားထုတ်ပြန်သော် အနာဂါမိမဂ် ၎င်း ဖိုလ်တို့ကို ရပြန်၍ ရကြောင်းကို သွား၍ လျှောက်ပြန်သော် ရှေးအတူပင် ဈာန်, မဂ်,ဖိုလ်ကို ရစေတတ်သော တရားတို့ကို ပေးလိုက်ပြန်၍ စတုတ္ထအကြိမ်ပြန်၍တရားကိုအားထုတ်ပြန်သော် အရဟတ္တမဂ် အရဟတ္တဖိုလ်တို့ကို အကြွင်းမရှိ အကုန်ရ၏။ထိုသို့ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရပြီးမှ ဘုရားသခင် အထံသို့

သွား၍ ရကြောင်းကို လျှောက်ထားရေတွင်မှ ဘုရားသခင်သည် ရဟန်းပရိသတ်၏အလယ်၌ ထိုရဟန်းကို များစွာသော စကား တို့ဖြင့် ချီးမွမ်းထောမနာခြင်းကို ပြု၍ ၎င်းဝတ္ထု နှစ်ရပ်တို့တွင် ပဌမ အကြိမ်လျှောင် ပဌမ အကြိမ်ချင်း ဒုတိယ အကြိမ်လျှောင် ဒုတိယ အကြိမ်ချင်း တတိယ အကြိမ်လျှောင် တတိယ အကြိမ်ချင်း စတုတ္ထ အကြိမ်လျှောင် စတုတ္ထ အကြိမ်ချင်း ဟပ်၍သူလော။

ရှေးဦးစွာ မင်းကြီးသည် နယ်ဆုံး ပယ်ဆုံး၌ သူပုန်ရန်သူ ပေါ်ပေါက်လျှင် တိုက်ဖျက်စေဘို့ ထားသည်ကို သူပုန်ရန်သူ ပေါ်ပေါက်လျက်နှင့် မတိုက်မဖျက်ဘဲ မင်းကြီးထံ သွား၍ လျှောက်သောကြောင့် မင်းကြီးသည် ၎င်းနယ်ဆုံးပယ်ဆုံး၌ ခန့် ထားသောဗိုလ်ကို များစွာခြိမ်းချောက် ပြောဆိုသည်နှင့် မှကား ဘုရားသခင်သည် ဂါမဝါသီထက် အရညဝါသီ မြတ်သည်ဟု ဟောပြောသော စကားကို အမြွက်မျှကြားဘူး သောကြောင့် တောအရပ်၌ တရားကို အားမထုတ်ဘဲ နေပြီးလျှင် သိတင်းဝါလ ကျွတ်မှ ဘုရားသခင် အထံတော်သို့ ပြန်သာ၍ တရားအထူး မရပါဟု လျှောက်ထား သောကြောင့် ဘုရားသခင် ခြိမ်း မောင်း ပြောဆိုသည်နှင့် တူ၏။ မင်းကြီးသည် ခြိမ်းမောင်း ပြောဆိုပြီးလျှင် ခဲယမ်း မီးကျောက်တို့ကို ပေးလိုက်၍ ပဌမ အကြိမ် တိုက်၍ ဗိုလ်ငါးယောက် သေသည်နှင့် မှကား ဘုရား သခင် ခြိမ်းမောင်း ပြောဆိုလျှင် ဈာန်,မဂ်,ဖိုလ်တို့ကို ရစေ တတ်သော တရားကို ပေးလိုက်၍ ရှေးဦးစွာ ပဌမအကြိမ် တရားကိုအားထုတ်၍ သောတာပတ္တိမဂ်ကို ရသော် ဒိဋ္ဌိဂတ သမ္ပယုတ်လေးခု၊ ဝိစိကိစ္ဆာ ၎င်းတရား ငါးပါးတို့ကို အကြွင်း မဲ့ ပယ်သည်နှင့် တူ၏။ မင်းကြီးသည် ရှေးနည်းတူ ပေးလိုက် ၍ ဒုတိယအကြိမ် တိုက်၍ သေမှုကား မသေကြ ကျိုးပဲ့နာ ကျင်ရုံသာ ရှိကြသည်နှင့်ကား ဘုရားသခင်ထံ ပြန်၍ ဈာန်, မဂ်,ဖိုလ်တရားတို့ကို ရှေးနည်းတူ ပေးလိုက် ပြန်သောကြောင့်

ဒုတိယအကြိမ် တရားကို အားထုတ်သော် သကဒါဂါမိမဂ်ကို ရ၍ ပဝတ္တိ၌ ကြမ်းကြမ်းတန်းတန်းသော အကျိုးကို ပေးစေတတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု၊ ဒေါသမူဒွေးတို့ကို တနုကရအားဖြင့် ပယ်ရသည်နှင့် တူ၏။ မင်းကြီးလည်း ဈေးနည်းတူ ပေးလိုက်၍ တတိယအကြိမ် တိုက်၍ ဗိုလ်နှစ်ယောက် သေသည်နှင့် မူကား ဘုရားသခင်သည် ဈေးနည်းတူ တရားတို့ကို ပေးလိုက်ပြန်သောကြောင့် တတိယအကြိမ် အားထုတ်ပြန်သော် အနာဂါမိမဂ်ကို ရ၍ ပဝတ္တိ၌ သိမ်သိမ်မွေ့မွေ့ အကျိုးကို ပေးစေတတ်သော ဒေါသမူဒွေးကို အကြွင်းမဲ့ ပယ်သည်နှင့် တူ၏။ မင်းကြီးအထံ ဈေးနည်းအတူ လျှောက်ပြန်သောကြောင့် ခဲယမ်း မီးကျောက်တို့ကို ပေးလိုက်ပြန်၍ စတုတ္ထ အကြိမ်တိုက်၍ ဗိုလ်ငါးယောက် သေသည်နှင့် မူကား ဘုရားသခင်အထံ ပြန်လာ၍ ဈေးနည်းတူ ဈာန်,မဂ်,ဖိုလ်တရား တို့ကို ပေးလိုက်ပြန်၍ စတုတ္ထ အကြိမ် အားထုတ်သောကြောင့် အရဟတ္တဖိုလ်ကို ရ၍ ရူပဘုံ အရူပဘုံ၌ တပ်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု၊ ဥဒ္ဓစ္စ ၄င်းတရား ငါးပါးတို့ကို အကြွင်းမဲ့ ပယ်သည်နှင့် တူ၏။

မဂ်ကိစ္စ တခဲ့ခြောက်ချက်၏ ဥပမာကို ဆိုဦးအံ့။ တရံရောအခါ ပြည့်ရှင်မင်းကြီးသည် ညဥ့်အချိန်မဲ့အခါ ဘဏ္ဍာစိုးကို ခေါ်ပြီးလျှင် ကိုယ်ရံဝင်းလှည့် အိပ်ဖန်သားတို့ကို ဆုလာဘ်ချလိုသည် ဖြစ်၍ ဘဏ္ဍာတိုက်၌ရှိသောပုဆိုးကို အယူခိုင်း၏။ ထိုအခါ ဘဏ္ဍာစိုးသည် မီးထွန်း၍ ဘဏ္ဍာ တိုက်သို့ ဝင်၏။ ထိုအခါ မီးရောင်ကြောင့် ဘဏ္ဍာတိုက်၌ ရှိသော အထူးထူးသော ရွှေ ငွေကြောက် သံ အဝတ် ပုဆိုး အစရှိသော ဝတ္ထုတို့ကို မြင်၍ မှာတော်မူအပ်သော ပုဆိုးကိုယူ၍ ထွက်ခဲ့၏၊ ထွက်၍ လှေကားခုံသို့ ရောက်လျှင်ပင် ထိုဘဏ္ဍာတိုက်၌ ရှိသော ဝတ္ထုတို့ကို မမြင်ဘဲ ကွယ်လေ၏။ ၎င်းပုဆိုးကို မင်းကြီးအား ဆက်၏။ မင်းကြီးလည်း ကိုယ်ရံဝင်းလှည့် အိပ်ဖန်သားတို့ကို

တထည်စီ ဆုချပြီးလျှင် တဘန်ခေါင်းပေါင်းကို ဆုချ ပြန်လို၍ ဒုတိယ အကြိမ်၌ ခေါင်းပေါင်းကို အယူခိုင်း၏။ ထို့ အတူ တတိယအကြိမ် အင်္ကျီကို အယူ ခိုင်း၏။ ထို့အတူ စတုတ္ထ အကြိမ်၌ ပဝါကို အယူခိုင်း၏။ ဘဏ္ဍာ ရိုးသည် ဆိမ်းထွန်း၍ ဘဏ္ဍာတိုက်သို့ ဝင်ပြီးလျှင် ရှေးနည်း အတူ အသုံးရုံမြင်၍ မှာ တော်မူအပ်သော ပဝါကို ယူခဲ့ပြီးလျှင် ဘဏ္ဍာတိုက်မှ ထွက်ခဲ့ သော် ဘဏ္ဍာတိုက်၏ သေ့ကားခုံသို့ ရောက်ကာလ နေလည်း ထွက်၍ လာ၏။ ဤမှ နောက်ကို ဆိမ်း ထွန်းဘွယ် ကိစ္စ မရှိပြီ နေမဝင်မခြင်း တလင်းတည်းပင် လင်း၍နေလေ၏။ပဝါကိုလည်း မင်းကြီးအား ဆက်လေ၏။

ဤင်း၌ ပဥ္စမ အကြိမ် ဆိမ်းထွန်း၍ ပုဆိုးဝင်ယူလျှင် ဘဏ္ဍာ တိုက်၌ လင်း၍ ဝတ္ထုပစ္စည်းတို့ကို မြင်ရသည်နှင့် မှုကား သောတာပတ္တိမဂ်ကို ရ၍ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း သမုဒယသစ္စာကို ပယ်ခြင်း နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း မဂ္ဂသစ္စာကို ပွါးစေခြင်းဟု ဆိုအပ်သော သစ္စာလေးပါး တရား တို့ကို တပြိုင်နက် သိသည်နှင့် တူ၏။ ပြင်တံခါးခုံသို့ရောက်၍ ပစ္စည်းဘဏ္ဍာတို့ကို မမြင်ရသည်နှင့် မှုကား သောတာပတ္တိမဂ် ချုပ်၍ သောတာပတ္တိဖိုလ်သို့ ရောက်၍ သစ္စာလေးပါး တရား တို့ကို မသိသည်နှင့် တူ၏။ ဒုတိယအကြိမ် ယူ တတိယအကြိမ် ယူဘို့မှာ ပဥ္စမနည်းကဲ့သို့ သကဒါဂါမိမဂ်, အနာဂါမိမဂ်ဘို့ နှင့် စပ်၍ယူလေ။

စတုတ္ထ အကြိမ်၌ ထို့အတူ ပစ္စည်းဘဏ္ဍာတို့ကို မြင်ရသည် နှင့် မှုကား အရဟတ္တမဂ်ကို ရ၍ သစ္စာလေးပါးတို့ကို တပြိုင် နက် မြင်သည်နှင့် တူ၏။ ဤင်းဘဏ္ဍာတိုက်မှ ထွက်၍ သေ့ ကားခုံသို့ ရောက်သောအခါ နေထွက်၍ တလင်းတည်း လင်း သည်နှင့် မှုကား အရဟတ္တဖိုလ်ကို ရ၍ သစ္စာလေးပါးတရား တို့ မကွယ် မပျောက်သည်နှင့် တူ၏။ ဆိမ်းနှင့်မှု မင်လေးပါး

နှင့် တူ၏။ အမိုက်နှင့်မူ ကိလေသာ တရားတို့နှင့် တူ၏။ ပစ္စည်း ဘဏ္ဍာတို့နှင့် သစ္စာလေးပါး တရားနှင့် တူ၏။ ဘဏ္ဍာစိုးနှင့်မူ မဂ်ဖိုလ်ကို အလိုရှိ၍ တောဘူမက သင်္ခါရကို စီးဖြန်း ဆင်ခြင်သော ယောဂါဝစရ ပုဂ္ဂိုလ်နှင့် တူ၏။ နေထွက် သည်မှစ၍ နေဝင်သည် တိုင်အောင် လင်း၍ နေသည်နှင့်မူ အရဟတ္တ ဖိုလ်ကို ရ၍ သစ္စာလေးပါး တရားတို့သည် မကွယ်မပျောက် သည်နှင့် တူ၏။ နေဝင် သည်နှင့်မူ ပရိနိဗ္ဗာန် ပြုသည်နှင့် တူ၏။

ဧင်းလောကုတ္တရာစိတ်၌ အောက်က ဆိုခဲ့သော ကာမ ရူပ အရူပ များတို့ကဲ့သို့ အဘဲ့ကြောင့် ကြိယာ မပါလေသနည်း ဟူမူ မဂ်စိတ်သည် တကြိမ်သာ ဖြစ်၍ မပါလေသည်၊ နှစ်ကြိမ် သုံးကြိမ် ဖြစ်ပါမူကား ရှေ့စိတ်ကို ကုသိုလ်ယူ၍ နောက်စိတ်ကို ကြိယာ ယူရာ၏။ ထိုသို့မူကားမဖြစ် ထို့ကြောင့် ကြိယာ မရှိသတည်း။ တနည်းကား ကာမ ရူပ အရူပ တို့မှာ ပုထုဇ္ဇန် သေက္ခတို့ သန္တာန်၌ ဖြစ်သော စိတ်ကို ကုသိုလ်၊ ဘုရား ရဟန္တာတို့ သန္တာန်၌ ဖြစ်သော ကုသိုလ်ကို အကျိုး မ ပေးပြီ ဖြစ်သော ကြောင့် ကြိယာ ဟု ခေါ်ရ၏။ မဂ် စိတ်မှာ မူကား သေက္ခ သန္တာန်မှ တပါး ရဟန္တာ သန္တာန်၌ မဖြစ်၊ ထို့ကြောင့် ကြိယာဟု မခေါ်ရသတည်း။ တနည်းကား ကာမ ရူပ အရူပ ကုသိုလ်တို့မှာ အကြိမ်ကြိမ် အဘန်ဘန် ဖြစ်သော်လည်း တဒင် ပဟာန် ဝိက္ခမ္ဘန ပဟာန် အားဖြင့်သာ ကိလေသာတို့ကို ပယ်ခွါနိုင်၏။ မဂ်စိတ် သော်ကား တကြိမ် တည်း ဖြစ်သဖြင့် ကိလေသာ တရားတို့ကို အကြွင်း မရှိ သမုစ္ဆေဒပဟာန်ဖြင့် ပယ်နိုင်၏။ ထို့ကြောင့် ကြိယာမရှိသတည်း။

မဂ်စိတ်ဖြစ်သော ဥပမာကို ဆိုဦးအံ့။ ငါတို့ ဘုန်းကြီးသည် ဆွမ်းတထပ်သာ စား၍နေသည်ဟုဆို၏။ တရံတယောက်သော သူက သင်တို့ ဘုန်းကြီးသည် ဧကာသနိက် ပတ္တပိဏ်စား၍

တရားများကိုပင် အားထုတ်လေသလော ဟုမေးလျှင် ဤကဲ့သို့ တရားကို အားထုတ်သောကြောင့် မစားသည်မဟုတ် စားစရာပင် ဆွမ်းမရှိသောကြောင့် တထပ်တည်းသာ စားရသည်ဟု ဖြေသကဲ့သို့တည်း။ ဤအတူ မဂ်စိတ်သည် နောက်တဘန် ထပ်၍ ပယ်စရာကိလေသာ မရှိပြီ ဖြစ်သောကြောင့် ထပ်၍ မဖြစ်လေသည်။

တနည်း ဥပမာကား မိုးကြိုးသည် အမြစ် အခြင်းနှင့် တကွ ပစ်လေပြီးသော သစ်ပင်သည် နောက်တဘန် အကိုင်း အခက် အရွက် အသီးတို့သည် စည်ပင် ကြီးပွါးကုန်၍ တဘန်ထပ်၍ ပစ်ရ တော့သည် မရှိ သကဲ့သို့တည်း။ ဤ ဥပမာကား နန်းကျောင်းနိဿယမှာ လာသောနည်းတည်း။ လောကုတ္တရာ စိတ်၏ အဓိပ္ပါယ် အကျဉ်းကား ပြီး၏။

## စိတ်ကို ဓာတိဘေဒ ဘူမိဘေဒတို့ဖြင့် ဝေဘန်ခြင်း

ဤ ဆိုခဲ့ပြီးသော စိတ်တို့သည် ရှမ်းကို ရှမ်းချင်း ကသည်းကို ကသည်းချင်း မြန်မာကို မြန်မာချင်း ဓာတ်တူ ပေါင်းသကဲ့သို့ ဤနည်းသည်း ဆိုအပ်ခဲ့ပြီးသော စိတ်တို့ကို အကုသိုလ်ဒွါဒသ ကုသိုလ်ဧကဝီသ ဝိပါက် ဆတ္တိံသ ကြိယာဝီသဟု အကုသိုလ်ကို အကုသိုလ်ချင်း ကုသိုလ်ကို ကုသိုလ်ချင်း ဝိပါက်ကို ဝိပါက်ချင်း ကြိယာကို ကြိယာချင်း ဓာတ်တူ ပေါင်း၍ စိတ်တခုယုတ်ကိုးဆယ် ဖြစ်သတည်း။

ဆိုခဲ့ပြီးသော စိတ်တို့ကို လောကီစိတ် ဧကာသီတိ လောကုတ္တရာစိတ် ရှစ်ခု ဤကဲ့သို့ ရေတွက်သော် ၎င်း။ ကာမစိတ် စတုပညာသ မဟဂ္ဂုတ်စိတ် သတ္တဝီသ လောကုတ္တရာ စိတ် ရှစ်ခု ဤကဲ့သို့ ရေတွက်သော်၎င်း။ အသောဘဏစိတ်-၃၀ သောဘဏစိတ် တခုယုတ်-၆၀ ဤကဲ့သို့ ရေတွက် သော်၎င်း။ အကုသိုလ်စိတ် ၁၂-ခု၊ အဟိတ်စိတ် ၁၈-ခု၊ ကာမာ ဝစရစိတ်

၂၄–ခု၊ ရူပစိတ် ၁၅–ခု၊ အရူပစိတ် ၁၂–ခု၊ လောကုတ္တရာ စိတ် ၈–ခု ဤကဲ့သို့ ရေတွက် သော်ရင်း။ လောဘမူ စိတ် ရှစ်ခု ဒေါသမူနှစ်း မောဟမူနှစ်း၊ အဟိတ် အကုသလ ဝိပါက် ခုနစ်ခု အဟိတ် ကုသလ ဝိပါက် ရှစ်ခု အဟိတ် ကြိယာ သုံးခု၊ ကာမာဝစရ ကုသိုလ်ရှစ်ခု ကာမာဝစရဝိပါက် ရှစ်ခု ကာမာဝစရကြိယာရှစ်ခု၊ရူပ ကုသိုလ် ငါးခု ရူပဝိပါက် ငါးခု ရူပ ကြိယာ ငါးခု၊ အရူပ ကုသိုလ် လေးခု၊ အရူပဝိပါက် လေးခု အရူပ ကြိယာ လေးခု၊ မဂ်စိတ်လေးခု ဖိုလ်စိတ် လေးခု ဤ ကဲ့သို့ ရေတွက်သော်ရင်း။ အထူးထူးသော အမည်တို့ဖြင့် ရေ တွက်သော်ရင်း အမည်သာ ကွဲကြသည်။ စိတ်မှာ တခုယုတ် ကိုးဆယ် ပင်တည်း။

ဒွါဒသာ ကုသလာနေဝံ။ လ။ ကြိယာစိတ္တာနိ ဝီသတိ။ ဟူ သော ဂါထာ၏ အဓိပ္ပါယ်ကား။ ဇာတိဘေဒအားဖြင့် ရေတွက် သော်။ အကုသိုလ် ကုသိုလ် ဝိပါက် ကြိယာဟူ၍ လေးပါးပြား သတည်း။

စတုပညာသဓာ ကာမေ။ လ။ အဋ္ဌဓာ နုတ္တရေ တထာ၊ ဟူသော ဂါထာ၏ အဓိပ္ပါယ်ကား။ စိတ်သည် ကာမစိတ် ရူပ စိတ် အရူပစိတ် လောကုတ္တရာစိတ် ဟူ၍ ဘူမိဘေဒ အားဖြင့် လေးပါးတည်း။

ဘုံသည် ဌာနဘုံ၊ အဝတ္ထာ ဘုံအားဖြင့် နှစ်ပါးအပြားရှိ၏။ ထို နှစ်ပါးတို့တွင် ဌာနဘုံဆိုသည်မှာ အမြဲအားဖြင့် ရကောင်း သောဘုံကို ဆိုသည်။ အဝတ္ထာဘုံ ဆိုသည်မှာ စိတ်တို့၏ ဖြစ် သော အခိုက်အတန့်ကိုစွဲ၍ ခေါ်သည်။ ကာမဘုံ ရူပဘုံ အရူပ ဘုံတို့ကို ဌာနဘုံဟု ဆို၏။ ၎င်းဘုံတို့၌ ဖြစ်သောစိတ်၏ အခိုက် အတန့်ကို အဝတ္ထာဘုံဟု နှစ်ပါးပင် ရကောင်း၏။ လောကုတ္တ ရာစိတ်မှာ မူကား ဖြစ်သော အခိုက် အတန့်ကို စွဲ၍ အဝတ္ထာ ဘုံဟူသော အမည်ကိုသာ ရ၏။ လောကုတ္တရာဘုံဟု စင်စစ်

မရှိ။ ဥပစာရ အားဖြင့် သောတာပတ္တိ စသည်ကိုပင် သုံးသုံးပါး၌ အကျုံးမဝင် အခိုက်အတန့်ဖြစ်၍ အဝဏ္ဏာသုံးဟု ဆိုရလေ၏။

## စိတ်အကျယ် တရာ့နှစ်ဆဲ့တပါး ဖြစ်ပုံ

ဇာတိဘေဒ, ဘူမိဘေဒ အားဖြင့် ပြားသောစိတ်ကို ပညာရှိကုန်သော အမျိုးကောင်းသား တို့သည် တရာ့နှစ်ဆဲ့ တပါးဖြင့် ရေတွက်အပ်၏။ လောကုတ္တရာစိတ် သောတာပတ္တိ မဂ်၌ ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဉ္စမဈာန် အားဖြင့် ၅-ပါး။ ထို့အတူ သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်တို့မှာလည်း ၅-ပါးစီ ဖြစ်သတည်း။ ၎င်းလေးရပ်ကို ပေါင်းသော် မဂ်စိတ်နှစ်ဆယ် ဖြစ်၏။ ထို့အတူပင် သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ်တို့မှာလည်း ၅-ပါးစီ ဈာန်နှင့် ပွါး၍ ဖိုလ်စိတ် ၂၀-ဖြစ်သတည်း။ လောကုတ္တရာစိတ်၌ ဈာန် ၄၀-တည်း။

ထို့ကြောင့် လောကီစိတ် ၈၁-ဘို့တွင် လောကုတ္တရာ ၄၀-ထည့်၍ ပေါင်း ၁၂၁-ပါး ဖြစ်သတည်း။

ကုသိုလ်နှင့် ဝိပါက်တို့မှာ ပွါးသောကြောင့် လောကီကုသိုလ် ၁၇-တွင် မဂ်ကုသိုလ် ၂၀-ကိုထည့်၍ ပေါင်း ကုသိုလ်စိတ် ၃၇-ပါး။ ဝိပါက်မှာလည်း လောကီဝိပါက် ၃၂-တွင် ဖိုလ်ဝိပါက် နှစ်ဆယ်ကို ထည့်၍ပေါင်း ဝိပါက် ၅၂-ပါး ဖြစ်သတည်း။ လောကီကလည်း ပဌမဈာန် -၃၊ ဒုတိယဈာန်-၃၊ တတိယဈာန်-၃၊ စတုတ္ထဈာန်-၃၊ ပဉ္စမဈာန်-၁၅။

လောကုတ္တရာကလည်း သောတာပတ္တိမဂ် ၎င်းဖိုလ်၊ သကဒါဂါမိမဂ် ၎င်းဖိုလ်၊ အနာဂါမိမဂ် ၎င်းဖိုလ်၊ အရဟတ္တမဂ် ၎င်းဖိုလ်၊ ပဌမဈာန် ၈-ခု။ လ။ ပဉ္စမဈာန် ၈-ခုစီ ရှိ၍။ လောကုတ္တရာ၌ ပဌမဈာန်ရှစ်။ လ။ ပဉ္စမဈာန်ရှစ်။

လောကီ ပဌမဈာန် သုံးခုနှင့် လောကုတ္တရာ ပဌမဈာန် ရှစ်ခု။ ၎င်းနှစ်ရပ်ကို ပေါင်း၍ ပဌမဈာန်စိတ် ကောဒသ၊ ထို့အတူ လောကီနှင့် လောကုတ္တရာကို ပေါင်း၍ ဒုတိယဈာန် ကောဒသ၊ တတိယဈာန် ကောဒသ၊ စတုတ္ထဈာန် ကောဒသ၊ ပဥ္စမဈာန် တေဝီသ ဖြစ်သတည်း။

ပဌမဈာန်မှစ၍၊ စတုတ္ထဈာန် တိုင်အောင် သောဓမနသသဟူ၍ မှတ်။ ပဥ္စမဈာန် ဥပေက္ခာ ဟူ၍ မှတ်။ မဟာဂ္ဂုတ် လောကုတ္တရာ ကို ပေါင်း၍ ဈာန်အားဖြင့်သာ ရေတွက်၍ ယူလေ။

**ပါဒက သမ္မသိတ ပုဂ္ဂလဇ္ဈာသယ**
**ဈာန်သုံးပါး အထူး**

ဈာနင်္ဂယောဂ ဘေဒေန။ လ။ ဝိဓဉ္စိစ။ ဟူသော ဂါထာ၏ အဓိပ္ပါယ်ကား၊ ဈာန်သည် ပါဒက ဈာန် သမ္မသိတ ဈာန် ပုဂ္ဂလဇ္ဈာသယဈာန် ဟူ၍ ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် ပါဒကဈာန် ဆိုသည်မှာ လောကီဈာန်၌သာ ရအပ်၏၊လောကုတ္တရာ၌မူကား ဈာန်စင်စစ်မရှိ။

ပါဒကဈာန်သည် ခြေနှင့်တူ၏။ သမ္မသိတဈာန်သည် လက်နှင့် တူ၏၊ ပုဂ္ဂလဇ္ဈာသယဈာန်သည် အလိုရှိတိုင်း ပြုသည်နှင့် တူ၏။ လူပျိုလှည့်သည်နှင့် ပုံထုတ်လေ။

ဈာန်ပုဂ္ဂိုလ်မှာလည်း မဂ်ကို စီးဖြန်းရာ၌ ပါဒက သမ္မသိတ အဇ္ဈာသယ မှတ်ခြင်းရှိသောကြောင့်သာ လောကုတ္တရာ၌ ပဌမ ဈာန်။လ။ ပဥ္စမဈာန်ဟု ခေါ်ဝေါ်ရ၏။ ဈာန် စင်စစ် လောကုတ္တရာ ၌မရှိ။

ဆိုလိုရင်းကား လောကီပဌမဈာန်နှင့် တူစွာသော ဈာန်သာ ဆိုရမည်၊ မရှိကြောင်းကို သပိတ်ဖုံးနှင့် ဥပမာဆောင်လေ။

လောကုတ္တရာ ရှစ်ခု ဆိုသည်မှာ။ ဝိပဿနာ နိယမပုဂ္ဂိုလ် နှစ်ယောက်ကို ရည်၍ ထားသည်။

တနည်း ၄၀—ဆိုသည်မှာ ဈာနနိယာမ ပုဂ္ဂိုလ်နှစ်ယောက်ကို ရည်၍ထားလေ။ လောကီဈာန်ကို စီးဖြန်းသော သူတို့မှာ ပဌမဈာန်ကို ရခြင်း၏ အကြောင်း ၂၅–ပါးသော ကမ္မဋ္ဌာန်းတို့တွင် တပါးပါးကို ပထဝီ ပထဝီ ဟု မြည်ရုံမျှနှင့် ဈာန်ကိုရကောင်း၏။ ဒုတိယ စသည့်တို့၌လည်း ထို့အတူ ဝိပဿနာသို့ မတင်ဘဲနှင့်ပင် ဒုတိယဈာန်ကို ရခြင်း၏ အကြောင်းဖြစ်သော ကမ္မဋ္ဌာန်း စသည် တို့ကို ပထဝီ ပထဝီ စသည်ဖြင့် မြည်ရုံမျှနှင့် ရကောင်း၏။ မဂ်ကို စီးဖြန်းသောသူတို့မှာ ဤကဲ့သို့ ပထဝီ ပထဝီ ဟု မြည်ရုံနှင့် မရ တေဘူမက သင်္ခါရတို့ကို တပါးပါးသို့တင်၍ ပထဝီ အနိစ္စံ၊ပထဝီ အနိစ္စံ ဟူ၍၎င်း, ရူပံ အနိစ္စံ၊ရူပံ အနိစ္စံ ဟူ၍၎င်း စီးဖြန်းမှသာရကောင်း၏။ ဝိပဿနာနိယာမ ပုဂ္ဂိုလ်ဟူသော်ကား လောကီဈာန်ကို အကုန်ရပြီးသော်လည်း ဈာန်ကို ပါဒက သမ္မသိတ မပြုမူ၍ ဈာန်မှတပါးသော တေဘူမက သင်္ခါရကိုသာ အာရုံပြု၍ မဂ်ကို စီးဖြန်းသော သူတယောက်၊ လောကီဈာန်ကိုမရဘဲ မဂ်ကိုစီးဖြန်းသော သူတယောက် ပေါင်းနှစ်ယောက်တည်း၊ ထိုပုဂ္ဂိုလ်ကို ဝိပဿနာ၏ အစွမ်း အားဖြင့် ရသောကြောင့် ဝိပဿနာဟူ၍၎င်း၊ ငါရသည်လည်းမဂ်, သူ ရသည်လည်းမဂ်ဖြစ်၍ မြဲသောနိယာမဟူ၍၎င်း၊ ဆိုအပ်၏။

ပုဂ္ဂိုလ်သည်မဂ်ကို ရသောကာလ သောတာပတ္တိမဂ် စသည်၌ ပဌမဈာန်။ လ။ ပဉ္စမဈာန်အားဖြင့် ငါးပါး ပြားသည်၊ ထိုတွင် အဘယ်မဂ်နှင့်တူစွာ မဂ်ကို ရမည်နည်းဟူမူ ဈာန်စစ်ဟု ဆိုအပ်သော ပဌမဈာန်နှင့် တူစွာသော ဈာန်အင်္ဂါရှိသော မဂ်ကို ရသတည်း။ ထိုနောက်က ဖိုလ်ကျလျှင်လည်း မိမိမဂ်နှင့် တူစွာ ဈာန်ဟု မခေါ်ဝေါ်အပ်သောကြောင့် ဈာန်အင်္ဂါငါးပါးရှိသော ပုဂ္ဂိုလ်သည် တိက္ခပုဂ္ဂိုလ်အား သုံးကြိမ် မန္ဒပုဂ္ဂိုလ်အား နှစ်ကြိမ် ကျကုန်၏။ ဤကား ဝိပဿနာ နိယာမပုဂ္ဂိုလ် နှစ်ယောက်၌ မှတ်ဘွယ်တည်း။

ဈာနနိယမ ပုဂ္ဂိုလ် နှစ်ယောက်မှာ လောကီဈာန် ကိုးပါး လုံးကို အကုန်ရပြီး ပုဂ္ဂိုလ်သည် မဂ်ကိုအလိုရှိ၍ စီးဖြန်းမည့် ကာလ မိမိရပြီးသော ပဌမဈာန်ဝင်စား၍ ၎င်း၊ ဝင်စားသော ဈာန်မှ ထပြီးလျှင် တေဘူမက သင်္ခါရတို့ကို တင်၍ ပဌမဈာနံ အနိစ္စံ၊ ပဌမဈာနံ ဒုက္ခံ၊ ပဌမဈာနံ အနတ္တာဟူ၍၎င်း၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာ ဟူ၍၎င်း စသည်ဖြင့် စီးဖြန်း၍ သောတာပတ္တိ မဂ်ကို ရသော အခါ မိမိဝင်စားခဲ့သော ပါဒကဈာန်နှင့် တူစွာ ဈာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ်ကိုပင် ရ၏။ ၎င်း နောက်က ဖိုလ်ကိုလည်း မဂ်နှင့် တူစွာ ချ၊ ဤ ပုဂ္ဂိုလ် သည် ကား ပါဒကသာရှိ၍ သမ္မသိတ အဇ္ဈာသယ နှစ်ပါးမရှိသော ပုဂ္ဂိုလ်တည်း။

လောကီဈာန် ကိုးပါးကို အကုန်ရပြီးသော ပုဂ္ဂိုလ်သည် ဈာန်ကိုမူကား မဝင်စား။ ပဌမဈာန်ကိုပင် တေဘူမက သင်္ခါရ တို့ကို တင်၍သာ ပဌမဈာနံ အနိစ္စံ။လ။ သဗ္ဗေဓမ္မာ အနတ္တာ ဟူ၍သာ သုံးသပ်၏။ ၎င်း ပုဂ္ဂိုလ်သည် မဂ်ကို ရသည့်ကာလ မိမိသုံးသပ်သော သမ္မသိတနှင့် တူစွာ ဈာန်အင်္ဂါ ငါးပါး ရှိ သော သောတာပတ္တိမဂ်ကို ရ၏၊ ၎င်းနောက်က ဖိုလ်ကိုလည်း မဂ်နှင့်တူစွာချ၊ ဤပုဂ္ဂိုလ်ကား သမ္မသိတ သာရှိ၍ ပါဒက အဇ္ဈာသယ နှစ်ပါး မရှိသော ပုဂ္ဂိုလ်တည်း။

လောကီဈာန် ၉-ပါးတို့ကို အကုန်ရပြီးသော ပုဂ္ဂိုလ်သည် ပဌမဈာန်ကို ဝင်စား၏။ ၎င်းပဌမဈာန်မှ ထ၍ ၎င်းပဌမ ဈာန် ကိုပင် တေဘူမကသင်္ခါရတို့ကို လက္ခဏာယာဉ် တင်၍ သုံးသပ် ၏။ထိုပုဂ္ဂိုလ်သည် မဂ်ကိုရသည့်ကာလ မိမိဝင်စား၍ သုံးသပ် သော ပါဒက သမ္မသိတ ဈာန်နှင့် တူစွာ ဈာန်အင်္ဂါ ငါးပါး ရှိသော သောတာ ပတ္တိ မဂ်ကို ရ၏။ ၎င်းနောက်က ဖိုလ်ကို လည်း မဂ်နှင့်တူစွာချ၊ ဤပုဂ္ဂိုလ်ကား ပါဒက သမ္မသိတ နှစ်

ပါးသာရှိ၍ အဏ္ဍာသယ မရှိသော ပုဂ္ဂိုလ်တည်း။ လောကီဈာန်ကိုးပါးတို့ကို အကုန်ရပြီးသော ပုဂ္ဂိုလ်သည် ပဌမ ဈာန်ကိုဝင်စား၊ ၎င်း ပဌမဈာန်မှ ထ၍ ၎င်းပဌမဈာန်ကိုပင် တေဘူမကသင်္ခါရတို့ကို လက္ခဏာယာဉ်တင်၍ သုံးသပ်၊ ငါယခု ပါဒကပြုသော ဈာန်အင်္ဂါငါးပါးရှိသော ပဌမဈာန်နှင့် တူစွာ၊ သောတာပတ္တိမဂ်ကို ငါ့အား ရပါမူကား ကောင်းလေစွဟု အဏ္ဍာသယမှတ်၏။ ၎င်းပုဂ္ဂိုလ်သည် မဂ်ကိုရသော အခါ ပါဒကအဏ္ဍာသယနှင့် တူစွာ ဈာန်အင်္ဂါငါးပါးရှိသော သောတာပတ္တိမဂ်ကို ရ၏။ ၎င်းနောက် ဖိုလ်ကိုလည်း မဂ်နှင့် တူစွာချ၊ ဤပုဂ္ဂိုလ်ကား ပါဒက အဏ္ဍာသယ နှစ်ပါးသာရှိ၍ သမ္မသိတမရှိသော ပုဂ္ဂိုလ်တည်း။

လောကီဈာန် ကိုးပါးကို အကုန်ရပြီးသော ပုဂ္ဂိုလ်သည်။ ပဌမ ဈာန်ကို အနိစ္စ, ဒုက္ခ, အနတ္တ တည်းဟူသော လက္ခဏာယာဉ် သုံးပါးသို့ တင်၍ သုံးသပ်၏။ ငါ ယခု သုံးသပ်သော သမ္မသိတနှင့် တူစွာ ဈာန်အင်္ဂါ ငါးပါးရှိသော သောတာပတ္တိမဂ်ကို ငါ့အား ရပါမူကား ကောင်းလေစွဟု အဏ္ဍာသယမှတ်၏။ ၎င်းပုဂ္ဂိုလ်သည် မဂ်ကို ရသောအခါ သမ္မသိတအဏ္ဍာသယနှစ်ပါးနှင့် တူစွာ ဈာန်အင်္ဂါ ငါးပါးရှိသော သောတာပတ္တိမဂ်ကို ရ၏။ ၎င်း နောက်က ဖိုလ် ကိုလည်း မဂ်နှင့် တူစွာချ၊ ဤပုဂ္ဂိုလ်သည် သမ္မသိတ အဏ္ဍာသယ နှစ်ပါးသာရှိ၍ ပါဒကမရှိသော ပုဂ္ဂိုလ်တည်း။ အဏ္ဍာသယသာ ရှိသည် ပါဒက သမ္မသိတ နှစ်ပါးမရှိသော ပုဂ္ဂိုလ်ဟူ၍ မရှိစကောင်း၊ ပဌမဈာန်ကို ပါဒကပြု၍ ဒုတိယဈာန်ကို သမ္မသိတ ပြု၏။ ၎င်းငါးပါးတို့တွင် တပါးပါးကိုမှ အဏ္ဍာသယ မမှတ်သည်ဖြစ်အံ့။ ယင်းသို့မမှတ်လျှင် အယုတ်အမြတ် နှစ်ပါးတို့တွင် ပဌမဈာန်ထက် ဒုတိယဈာန်က မြတ်သည်။ ဒုတိယဈာန်ထက် တတိယဈာန်ကမြတ်သည်။ တတိယဈာန်ထက် စတုတ္ထဈာန်က မြတ်

သည်။ စတုတ္ထဈာန်ထက် ပဥ္စမဈာန်က မြတ်သည်။ထို့ကြောင့် သမ္မသိတနှင့် တူစွာ ဈာန်အင်္ဂါ လေးပါးရှိသော မဂ်ကို ရ၏။ ၎င်းနောက်က ဖိုလ်ကိုလည်း ဈာန်အင်္ဂါလေးပါးရှိသော ဖိုလ်ကို ပင်ချ။ဤနည်းကား ပါဒက သမ္မသိတတို့ကို အဇ္ဈာသယ မမှတ်မူ၍ ပါဒက သမ္မသိတ နှစ်ပါးကို အယုတ် အမြတ် ရွေး၏။ ဤကား ရွေးယူရသော နည်းတည်း။

ပါဒက မြတ်လျှင် ပါဒကနှင့် တူစွာဆို။ သမ္မသိတက မြတ်လျှင်လည်း သမ္မသိတနှင့်တူစွာ ဆို၍ယူရမည်။ ဤနည်းအတိုင်း ပါဒကနှင့် သမ္မသိတ နှစ်ပါးကိုသာလဲ၍ ဈာန်ကိုးပါး ကုန်အောင် ပါဒကနှင့် သမ္မသိတ ပြုလေ။ ဤကား တနည်းတည်း။ ပဌမဈာန်ကို ပါဒကပြု၍ ဒုတိယဈာန်ကို သမ္မသိတ ပြုအံ့။ ၎င်း နှစ်ပါးတို့တွင် ပဌမဈာန်ကို အဇ္ဈာသယမှတ်မူ ပါဒကနှင့် တူစွာ ဈာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော မဂ်ကိုရ၏။ ၎င်းနောက်က ဖိုလ်ကိုလည်း ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ဖိုလ်ကိုလည်းချ။ ဤနည်းကား။ ပါဒကနှင့် သမ္မသိတ နှစ်ပါးတို့တွင် တပါးပါးကို အဇ္ဈာသယ မှတ်၍ မှတ်သိအတိုင်း ပါဒကကို မှတ်လျှင် ပါဒကနှင့် တူစွာ ဆို။ သမ္မသိတကို မှတ်လျှင်လည်း သမ္မသိတနှင့် တူစွာ ဆို၍ မဂ်ကို ရရာ၏။ မဂ်ကိုမှတ်၍ ဖိုလ်ကိုလည်း ချလေ။

ပါဒကနှင့်တူစွာ သမ္မသိတနှင့်တူစွာ ဆိုရခြင်း၏ ဥပမာကား။ ဤဒွိရှိသော ဘိနပ်နှင့်တူစွာ ထိုဒွိရှိသော ဘိနပ်ကို ဝယ်ခဲ့ပါဟု မှာလိုက်သကဲ့သို့တည်း။ ဤဒွိရှိသော ဘိနပ်နှင့်မူကား လောကီဈာန်နှင့် တူ၏။ ထိုဒွိရှိသော ဘိနပ်နှင့်မူကား လောကုတ္တရာဈာန်နှင့်တူ၏။ ပဌမဈာန်ကို သမာပဇ္ဇနဝသီ အဓိဋ္ဌာနဝသီ ဝုဋ္ဌာနဝသီအားဖြင့် နံနက် အရုဏ်တက်မှစ၍ မွန်းတည့်အောင် သော်၎င်း မိဋ္ဌာန်သည့်အတိုင်း ဝင်စား၏။ နံနက် အရုဏ်တက်သည်မှ မွန်းတည့်သည် တိုင်အောင်သော ကာလပတ်လုံး ဤအတွင်း၌ တပါးသော ဝိထိစိတ် မဖြစ်ဘဲ ဈာန်,ဈာန်ဟု ဈာန်

ဓောသာ ဖြစ်သတည်း။ မွန်းတည့်သော ကာလ၌ မိဋ္ဌာန်သည့်အတိုင်း ဈာန်ဓော ပြတ်၍ ဘဝင်ကျပြီးသည့် နောက်ထိုက်သည့်အားလျော်စွာ တပါးသော ဝိထိစိတ် ဖြစ်ကုန်၏။ အဘဲ့ကြောင့် မဂ်ကို မစီးဖြန်းခင် ကာလ၌ ဈာန်ကို ဝင်စားရသနည်း ဟူမူ။ မဟာဂ္ဂုတ် ဈာန်သည် ကိလေသာ တရားတို့ကို ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်ခွါတတ်သည် ဖြစ်၍ နီဝရဏ တရားမှ ငြိမ်းသဖြင့် သမာဓိ ဖြစ်လွယ်သည်။ သမာဓိဖြစ်လွယ်သောကြောင့် မဂ်ကို စီးဖြန်း၍ ရလွယ်သည်။ ထို့ကြောင့် မဂ်ကို မစီးဖြန်းခင် ကာလ၌ ဈာန်ကို ဝင်စားရသတည်း။ ထို ဝင်စားသော ဈာန်ကို မဂ်၏ အခြေဖြစ်သောကြောင့် ပါဒကဈာန်ဟု ချဆိုအပ်၏။ လောကုတ္တရာဈာန်ဟု ခေါ်ရခြင်းသည် လောကီကို လျှင်စွဲ၍ ခေါ်ရသည် မှုချသော်ကား မရှိ။ ။ယခု ဆိုအပ်ပြီးသော စကားရပ် အဓုဗုတ္တိသည် အရှင်မဟာ ဗုဒ္ဓဃောသအလိုတည်း။

အဋ္ဌကထာဆရာ အလိုအားဖြင့် ကား။ လောကီ ဈာန်တို့တွင် တပါးပါးသော ဈာန်ကိုပင် သမ္မသိတ အဇ္ဈာသယ အားဖြင့် မှတ်လိုရာ မှတ်ငြားသော်လည်း ပါဒက ဈာန်သာလျှင် ပြဓာန်းသောကြောင့် ပါဒက ဈာန်နှင့်တူစွာ ဆို၍ မဂ်ကို ရရာ၏။ ဖိုလ်ကိုလည်း ၎င်းနည်းချ။

တနည်း လောကီဈာန်တို့တွင် အမှတ်မရှိ တရံ တခုသော ဈာန်ကိုပင် ပါဒက အဇ္ဈာသယ မှတ်ငြားသော်လည်း သမ္မသိတ လျှင် ပြဓာန်းသောကြောင့် သမ္မသိတနှင့် တူစွာ ဆို၍ မဂ်နှင့် ဖိုလ်ကို ရရာ၏။

တနည်းကား လောကီ ဈာန်တို့တွင် တပါးပါးကို ပါဒက သမ္မသိတ ပြုငြားသော်လည်း အဇ္ဈာသယ သာလျှင် ပြဓာန်းသောကြောင့် အဇ္ဈာသယနှင့် တူစွာ ဆို၍ မဂ်နှင့် ဖိုလ်ကို ရရာ၏။ ဤကား ဈာနနိယမ နည်းတည်း။

လောကီဈာန် ကိုးပါးကို အကုန် ရပြီးသော ပုဂ္ဂိုလ်သည် မိမိရသော ဈာန်တို့ကို ပါဒက သမ္မသိဘာ မပြုမူ၍ တေဘူမက သင်္ခါရတို့တွင် တပါးပါးကိုပင် လက္ခဏာယာဉ် တင်၍သာ သုံးသပ်၏။ ၎င်းပုဂ္ဂိုလ်သည် မဂ် ကို ရသောအခါ လောကီပဌမဈာန် နှင့်တူစွာ ဈာန်အင်္ဂါငါးပါးရှိသော မဂ်ကို ရရာ၏။ ၎င်းနောက် က ဖိုလ်ကိုလည်းရရာ၏။ လောကီဈာန် ကိုးပါးကို မရသော ပုဂ္ဂိုလ်သည် မဂ်ကို အလိုရှိ၍ တေဘူမက သင်္ခါရတို့တွင် တပါး ပါးကို လက္ခဏာယာဉ် တင်၍ သုံးသပ်၏။ ၎င်းပုဂ္ဂိုလ်သည် မဂ်ကို ရသောအခါ လောကီပဌမဈာန်နှင့်တူစွာဆို၍ ဈာန်အင်္ဂါ ငါးပါးရှိသော မဂ်ကို ရရာ၏။ ၎င်းနောက်က ဖိုလ်ကိုလည်း ရရာ၏။ ဤ ပုဂ္ဂိုလ်သည်ကား ဝိပဿနာ နိယမ ပုဂ္ဂိုလ် တည်း။

ပါဒကဈာန်ဟု ခေါ်ရခြင်းသည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇော ရခြင်း၏ အခြေဖြစ်သောကြောင့် ပါဒကခေါ်ရ၏။ ၎င်းပါဒက ပြုသော်၎င်း၊ မပြု သော်၎င်း၊ လောကီ ကို၎င်း၊ တေဘူမက သင်္ခါရကို၎င်း လက္ခဏာယာဉ် တင်၍ စီးဖြန်းသည်မှစ၍ မဂ်၏ ရှေးဝေါဟာရ တိုင်အောင် စောသမ္မဇောကို လောက သုံးပါးမှ ထွက်မြောက်ကြောင်း ဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဇောဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်၏။ ဤတွင်ရွေကား လော ကုတ္တရာစိတ်၌ မှတ်ပုံပြီး၏။

စိတ်ပိုင်း ပြီး၏

# ၂—စေတသိက်ပိုင်း

## သမ္ပယောဂ လက္ခဏာ လေးပါး

ပရမတ္ထတရား လေးပါးတို့တွင် စိတ္တုံ၏ အရဖြစ်သော စိတ်ကို ဝေဘန်ပြီး၍ စေတသိက်၏ အရကို ဝေဘန်တော်မူလိုသော အရှင် အနုရုဒ္ဓါ ဆရာသည် ဧကုပ္ပါဒ။ပ။ မတာဟူသော ဂါထာကိုမိန့်။ ထိုဂါထာပါဌ်၏ အဓိပ္ပါယ်ကား။ ငါးဆဲ့နှစ်ပါးသော တရားတို့သည် စိတ်နှင့်တကွဖြစ်ခြင်း၊ စိတ်နှင့်တကွချုပ်ခြင်း၊ စိတ်နှင့်တူသောအာရုံ၊ စိတ်နှင့်တူသောမှီရာ၊ဤကဲ့သို့ သမ္ပယောဂ လေးပါးနှင့် ညီမှသာလျှင် စေတောယုတ္တဖြစ်၏။ ဥပါဒ် ဌီ ဘင် ရှိသည့်တို့တွင် စိတ်ဖြစ်လျှင် မိမိနှင့် သမ္ပယုတ်ဖြစ်သော တရားတို့သည်လည်း ဖြစ်ကုန်၏။ ဤသို့ ဖြစ်ခြင်းသည်ကား ဧကုပ္ပါဒ တည်း။ စိတ်ချုပ်လျှင်လည်း မိမိနှင့် သမ္ပယုတ်ဖြစ်သော တရားတို့လည်း ချုပ်ကုန်၏။ ဤကား ဧကနိရောဓတည်း။ စိတ်သည် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလဝိမုတ် နာမ် အဇ္ဈတ္တ ဗဟိဒ္ဓ နိဗ္ဗာန်ကို အာရုံပြုလျှင်လည်း မိမိနှင့် သမ္ပယုတ်ဖြစ်သော စေတသိက်တို့ သည်လည်း ရူပါရုံ သဒ္ဒါရုံ။လ။ နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ဤကား ဧကာလမ္ဗဏတည်း။ ၎င်းစက္ခုဝိညာဏ်ဧွသည် ေကွ္ခုဝတ္ထုကို သာ မှီသည်။ ၎င်း စက္ခုဝိညာဏ်၌သာယှဉ်သော သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခုနစ်ခုတို့သည်လည်း စက္ခုဝတ္ထု ကိုမှီ၏။ သတ္တဝိညာဏ ဓာတ်၌လည်း အစဉ်အတိုင်း စေတသိက် ခုနစ်ပါးနှင့်တကွ စက္ခုဝိညာဏ်ကဲ့သို့ မှတ်လေ။ ဤကား ဧက ဝတ္ထုကတည်း။ ဤသည်ကား သမ္ပယောဂ လက္ခဏာ လေးပါး တည်း။

## စေတသိက် ခေါ်ခြင်း အကြောင်း

အဘယ့်ကြောင့် စေတသိက် ခေါ်သနည်း ဟူမူ။ စိတ္တေန သဟယော ဝတ္တတိတိ စေတသိကော ဟူသော ဝစနတ္ထနှင့်

အညီ၊ စိတ်နှင့်တကွ ဖြစ်သောကြောင့် စေတသိက်ဟု ခေါ်၏။ စိတ်နှင့်တကွ ဖြစ်သောကြောင့် စေတသိက် ခေါ်လျှင် စိတ္တဇရုပ်သည်လည်း စိတ်နှင့်တကွ ဖြစ်သောကြောင့် စေတသိက်ပင် ခေါ်ရတော့ မည်လော ဟူပြောအံ့၊ ဤကဲ့သို့စိတ်နှင့်တကွ ဖြစ်ရုံနှင့်လည်း စေတသိက် မခေါ်ရ သမ္ပယောဂလေးပါးနှင့် ပြည့်စုံမှသာ ခေါ်ရ၏။ စိတ်နှင့်တကွ ဖြစ်သောကြောင့် စေတသိက် ဆိုလျှင် စိတ္တဇရုပ်သည် ဧကုပ္ပါဒ်သာ ဖြစ်၍ ဧကနိရောဓ၊ ဧကာလမ္ဗဏ၊ ဧကဝတ္ထုကမဖြစ်။ ဝိညတ်နွေးသည် စိတ်နှင့် ဧကုပ္ပါဒ၊ ဧကနိရောဓသာဖြစ်၍ ဧကာလမ္ဗဏ ဧကဝတ္ထုက မဖြစ်။ထို့ကြောင့် စိတ္တဇရုပ်သည် စိတ်နှင့်တကွ ဖြစ်ခြင်းတူ၏ပင် ဆိုသော်လည်း စိတ်မှာမူကား ဥပါဒ် ဌီ ဘင်စေ့၍ ချုပ်၏။ စိတ္တဇရုပ်မှာမူကား စိတ္တက္ခဏ တဆဲ့ခုနစ်ချက်, ခဏငယ် ၅၁-ချက်စေ့မှ ချုပ်သည် ရုပ်သည်၊ အနာရမ္မဏ ဖြစ်၍ အာရုံကို မယူတတ်။စိတ်မှာမူကား စက္ခု ဝတ္ထု အစရှိသော ဝတ္ထုခြောက်ပါးကို မှီသည်။ စိတ္တဇ ရုပ်မှာမူကား ဥပါဒါရုပ်ဖြစ်၍ မိမိနှင့် အဘူတကွ ဖြစ်သော မဟာဘုတ်ကိုသာမှီသည်။ ထို့ကြောင့် စိတ္တ ဇရုပ်သည် ဧကုပ္ပါဒ သာဖြစ်၍ ဧကနိရောဓ ဧကာလမ္ဗဏ ဧကဝတ္ထုက မဖြစ်။ ဝိညတ်နွေးကိုလည်း စိတ္တဇရုပ်နှင့်မှီ၍ယူလေ။

## စေတသိက်ဘို့၏ အပြား

၎င်းစေတသိက်သည် အဘယ်မျှပြားသနည်း အမေးကြောင့် ဒွိပညာသ၀ိဓံ ဟူသောပါဌ်ကို မိန့်၊ ထိုပါဌ်၏ အဓိပ္ပါယ်ကား။ စေတသိက်သည် ငါးဆဲ့နှစ်ပါး အပြားရှိသည် ဖြစ်ဘိသော်၊ ဆရာ ငါးဆဲ့နှစ်ပါး ဟူသော သင်္ချာကိုသာ ပြ၍ ထိုသင်္ချာ၏ သချေ်ယျကို မပြပြီလော စောဒနာရန် ရှိသောကြောင့် ဖသော ဝေဒနာ။လ။ သဗ္ဗထာပိ ပညိန္ဒြိယေန သဒ္ဓိံ ပဉ္စဝိသတိမေ စေတသိကာ သောဘဏာတိ ဝေဒိတဗ္ဗာ ဟူသောပါဌ်တို့ကို မိန့်သတည်း။ ထိုငါးဆဲ့နှစ်ပါးသော စေတသိက်တို့တွင် တဆဲ့သုံးပါး

သောအညသမာန်းရာသိ၊ တဆဲ့လေးပါးသော အကုသလ ရာသိ၊ နှစ်ဆဲ့ငါးပါးသော သောဘဏရာသိဟူ၍ သုံးပါးပြားသည်၊ တို့တွင်အကုသလရာသိ သောဘဏရာသိ တို့၏ ရှေးဦးစွာ အည သမာန်းရာသိကို ပြအပ်၏။

## သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး

ထို အညသမာန်းရာသိ တဆဲ့သုံးပါး တို့တွင်လည်း သဗ္ဗ စိတ္တ သာဓာရဏ စေတသိက် ခုနစ်ခု ပကိဏ်းစေတသိက် ခြောက် ခု ဤသို့ နှစ်ပါးပြားသည့်တို့တွင် အဘယ် စေတသိက်ကို ရှေး ဦးစွာ ပြရမည်နည်းဟူမူ။ ပကိဏ်း စေတသိက် ၆-ခု တို့၏ ရှေးဦးစွာ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခုကို ပြအပ် ၏။ ၎င်းခုနစ်ခုသော စေတသိက် တို့တွင်လည်း ဝေဒနာ။လ။ မနသိကာရ တို့၏ ရှေးဦးစွာ ဖဿစေတသိက်ကို ပြအံ့။ ဆရာ အဘဲ့ကြောင့် ဖဿ ခေါ်သနည်း။ အာရုံကို တွေ့ခြင်း လက္ခဏာ ရှိသောကြောင့် ဖဿခေါ်၏။ အဘယ်ကဲ့သို့ အာရုံကို တွေ့သနည်း ဟူမူ၊ ချဉ်သီး စားသော သူတို့ကို မြင်လျှင် တံတွေး လျှာရည် ယိုသောသူနှင့် တူ၏။ တနည်းလည်း၊ တယောက်သောသူသည် သစ်ပင်ကိုတက်၍ ကိုင်းသေး ကိုင်းဖျားသို့ လျှောက်သောသူကို မြင်လျှင် အောက်ကနေရင်း နှလုံး ကြက်သီး မွေးညှင်း ထသ ဖြင့် ကျမည်ကို စိုးရိမ်၍ ကြောက်သူနှင့်လည်း တူ၏။

တနည်းလည်း။ သဲခပ်၍ ထားသွေးသောသူ၏ အနီး၌ရှင်း၊ ဝါကြေးကိုချစ်၍ ချေသောသူ၏ အနီး၌ရင်း နေသော သူသည် သွားကျိန်းတတ်သည်နှင့်လည်း တူ၏။ အာရုံကို တွေ့၏ပင် ဆို သော်လည်း တွေ့သကဲ့သို့သာ ထင်၏။ စင်စစ်မူကား။ ထိခိုက်၍ တွေ့ရသည် မဟုတ်။ ထို့အတူ ဖဿသည် အာရုံကို တွေ့ခြင်း သဘောလက္ခဏာ ရှိ၏ဟု ဆိုလေသည်။

ဖဿချည်းသန့်သန့် ဥပမာ။ ဖဿနှင့် ဝေဒနာကို မိဿ ကရော၍ ဥပမာ ပြဦးအံ့။ ဝေဒနာသည် အာရုံ၏အရသာကို

ခံစားခြင်း လက္ခဏာ ရှိ၏။ ဖဿသည် အာရုံကို တွေ့ခြင်း လက္ခဏာ ရှိ၏။ ထို့ကြောင့် ဖဿနှင့် ဝေဒနာသည် အရေမရှိသော နွားနှင့်တူ၏။ အဘယ်သို့ တူသနည်း ဟူမူ၊ အရေမရှိသော နွားသည် တောအရပ်၌ သွားလာ စားသောက်သည် ရှိသော် မိမိကိုယ်၌ သစ်ခက် သစ်ရွက်တို့ ထိခိုက်မည်ကိုရင်း, မှက် ခြင် ယင်ရဲတို့ ကိုက်ခဲမည်ကိုရင်း အလွန်တရာ စိုးရိမ်၍ ကြောက်နှင့်၏။ မတော်၍ သစ်ခက် သစ်ရွက်တို့ ထိခိုက် မိသော်ရင်း, မှက် ခြင် ယင်ရဲတို့ ကိုက်ခဲ့သော်ရင်း အလွန်တရာ နာကျင်ခြင်းဖြစ်၍ ဝေဒနာ ခံစားရသကဲ့သို့ ထို့အတူ ဖဿသည် အရေမရှိသော နွားနှင့် တူ၏။ သစ်ခက် သစ်ရွက်တို့ ထိသော အခါ မှက် ခြင် ယင်ရဲ ကိုက်သောအခါ နာကျင်သည် နှင့်မူ ဝေဒနာနှင့် တူ၏။

ဖဿ ဝေဒနာ နှစ်ပါး၏ ဥပမာ။ ဝေဒနာ စေတသိက်သည် အာရုံကို ခံစားခြင်း သဘောရှိ၏။ ဆရာ, ဝေဒနာသာ ခံစားသလော သညာ စသည် မခံစားသလော ဟူငြားအံ့။ ခံစား၏။ ခံစားသော် ရင်း စေတသိက်တို့ကိုလည်း ဝေဒနာပင် ခေါ်ပါတော့လော ဟူမူ။ ဖဿ သညာ စေတသိက်တို့သည် ခံစား၏ ပင်ဆိုသော်လည်း အနည်းငယ်မျှသာ ခံစား၏။ ဝေဒနာ မူကား။ အစိုးတရ ခံစားရ၏။ သုခဝေဒနာ။ လ။ ဥပေက္ခာဝေဒနာ တို့ လည်း ဝေဒနာသာလျှင် ခံစားရ၏။ ထို့ကြောင့် ဝေဒနာသည် အာရုံကို ခံစား၏ဟု ဆို၏။ ဝေဒနာသည် ပြည့်ရှင်မင်းနှင့် တူ၏။ ဖဿစသော ကြွင်းသော စေတသိက်တို့သည် စားတော်ကဲနှင့် တူ၏။ အဘယ်ကဲ့သို့ တူသနည်းဆိုလျှင် ပြည့်ရှင်မင်းကြီး ထံ၌ နေ့တိုင်းမပြတ် ပွဲတော် တယ်ရသော စားတော်ကဲသည် မင်းကြီး ရှေ့တော်သို့ ရောက်သောအခါ မင်းကြီးသည် ထိုပွဲတော်၌ ပါသော အချို အချဉ် အစပ် အငန် အဖန် အခါး စသော စားတော် ခွက်တို့၌ သေတတ်သော အဆိပ် ဆေးများကို

ခတ်သလောဟု ထိုစားတော်ကဲကို အမြည်းခိုင်းသည့် ကာလ ထို စားတော်အုပ်၌ ပါသော အချို အချဉ် အစပ် အငန် အဖန် အခါး တည်းဟူသော ဘောဇဉ် အရသာတို့ကို အစိုးတရမှု ကား ဝအောင် မစားရဘဲနှင့် အဆိပ် ပါသည်, မပါသည်ကို သိသာရုံမျှသာ ခွက်တိုင်းစေ့အောင် မြည်းရ၏။ ထိုပွဲတော်အုပ်၌ ပါသော အချို အချဉ် အစပ် အငန် အဖန် အခါး တည်းဟူသော ဘောဇဉ် အရသာတို့ကို အစိုးတရမှုကား မင်းကြီးသာ ဝအောင် သုံးဆောင် စားသောက်ရ သကဲ့သို့ ထို့အတူ ဖဿသညာ စသော စေဘသိက်နှင့် မှုကား စားတော်ကဲနှင့် တူ၏။ ဝေဒနာ စေတသိက်နှင့် မှုကား ပြည့်ရှင်မင်းကြီးနှင့် တူ၏။

သညာသည် အာရုံ၏သဘောကို မှတ်ခြင်း လက္ခဏာ ရှိ၏။ အဘယ်သို့ မှတ်သနည်းဆိုလျှင် သညာတို့သဘောသည် ဖြူသည် နီသည် ပြာသည် စိမ်းသည် ဟူ၍ မှတ်တတ်ကာမျှသာ။ အဘဲ့ ကြောင့် ဖြူသည်၊ အဘဲ့ကြောင့် မည်းသည်။ အဘဲ့ကြောင့် နီသည်၊ အဘဲ့ကြောင့် ဝါသည်၊ အဘဲ့ကြောင့် ပြာသည်၊ အ ဘဲ့ကြောင့် စိမ်းသည်ကို မသိ။ ထိုသို့ ဖြူသည် နီသည် ဝါသည် ပြာသည် စိမ်းသည်ဟု မှတ်ခြင်းကိုပင် သညာဟု ခေါ်၏။ ပုံမှာ သူငယ်နှင့် တူ၏။ ထိုသူငယ်သည် ဦးချိုပေါက်သော နွားကို မြင်သည့်ကာလ ဤအကောင်သည် အဘယ် အကောင်ဟု ခေါ် သနည်းဟု အမိကိုမေး၏။ အမိသည်း နွားခေါ်သည်ဟု ပြော၏။ ထိုအခါ သူငယ်သည် ဤကဲ့သို့ ဦးချိုပေါက်သော သတ္တဝါကို နွားခေါ်၏ဟုသာ မှတ်တတ်၏။ ၎င်းနွားသည် နွားကပင်ပေါက် ဘွားသည်။ မြင်းကပင် ပေါက်ဘွားသည်။ ဆင်ကပင် ပေါက် ဘွားသည်။ မြဲကပင် ပေါက်ဘွားသည်ဟု မသိ။

တနည်းလည်း။ လက်သွားနှင့် တူ၏။ အဘယ်သို့ တူသ နည်းဟူမူ။ လက်သွားသည် အရုပ် ထုလုပ်အံ့ဟု မီးသွေး မင်တံ စသည်တို့နှင့် ရေးသား၍ ဤသည်ကား ကိုယ် ဤသည်ကား

လက် ဤသည်ကား ခြေ ဤသို့ စသည်ဖြင့် မှတ်၏။ ဤသို့ခြစ်ရုံမျှနှင့် အပြီးသို့ မရောက်သေး။ မှတ်သားရုံမျှသာ ဖြစ်သည်။ ထို့ကြောင့် သညာသည် လက်သမားနှင့် တူသည်ဟု ဆို၏။

စေတနာသည် အာရုံသမ္ပယုတ် တရားတို့ကို စေ့ဆော်ခြင်း လက္ခဏာရှိ၏။ အဘယ်သို့ စေ့ဆော်သနည်း ဆိုလျှင် ပုံမှာ ဗိုလ်မှူး စစ်ကဲများနှင့် တူ၏။ ၎င်း ဗိုလ်မှူး စစ်ကဲတို့သည် သူပုန်ရန်သူတို့ကို ဖြိုဖျက်စေခြင်းငှါ မိမိတို့လည်း တိုက်၏။ မိမိနှင့် အတူတကွပါသော လက်နက်ကိုင် ရဲမက်သားတို့ကို တိုက်စေခြင်းငှါ စေ့ဆော် ချီးပင့်၍လည်း ပေး၏။ ထို့အတူ စေတနာစေတသိက်သည် အာရုံသမ္ပယုတ် တရားတို့ကို စေ့ဆော်ခြင်း လက္ခဏာရှိ၏။ မိမိနှင့် ယှဉ်ဘော် ယှဉ်ဘက်ဖြစ်သော တရားတို့ကိုလည်း ယှဉ်စေခြင်းငှါ စေ့ဆော်၏။

တနည်းလည်း။ ဆရာကြီးကို မှီ၍နေသော တပည့်ကြီး လက်သမားဆရာနှင့် တူ၏။ တပည့် ကြီးသည် မိမိနှင့် အတူတကွ သင်ဘော် သင်ဘက် ဖြစ်သော ရှင်ငယ်, လူငယ်တို့ကို စာပေကျမ်းဂန် သင်အံမှတ်သား ကြစေခြင်းငှါ နှိုးဆော်၏ မိမိလည်း သင်အံမှတ်သား၏။ လက်သမားဆရာသည် မိမိလုပ်ဆောင်ဘွယ်ရှိသမျှ အမှုတို့ကို လုပ်ဆောင်၏။ မိမိနှင့် အတူတကွ လုပ်ဆောင်သော လက်သမားငယ် တပည့်တို့ကိုလည်း ကြိုးစား အားထုတ်၍ လုပ်ကိုင်စေခြင်းငှါ နှိုးဆော်၏။ ဤကဲ့သို့ပင် စေတနာသည် အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်ခြင်း လက္ခဏာရှိ၏။

သဒ္ဒါနှင့် စေတနာ အထူးကား။ ။တယောက်သောသူသည် တယောက်သော သူအား ဗားစေချင်, ဝတ်စေချင်သည်ကား စေတနာဆို၏။ တယောက်သော သူသည် တယောက်သောသူအား ပေးကမ်း လှူဒါန်းသည်ရှိသော် နောက်နောက် ဘဝတို့၌ စည်းစိမ်ချမ်းသာတို့ကို ရပေလတ္တံ့ဟု ယုံကြည်ခြင်းသည် သဒ္ဒါမည်၏။ ဤကား အထူးတည်း။

ဧကဂ္ဂတာသည် တခုတည်းသော အာရုံကိုသာ ယူသည်ဖြစ်၍ တည်ကြည်ခြင်း မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။ ပုံကား ကျောက်စာတိုင်နှင့် တူ၏။ ကျောက်စာတိုင်၏ သဘောသည် အရပ်လေးမျက်နှာမှ လာသော လေမုန်တိုင်းပင် တိုက်သော်လည်း ယိမ်းယိုင် လှုပ်ရှားခြင်း မရှိသကဲ့သို့ ထို့အတူ ဧကဂ္ဂတာစေတသိက်သည် တခုတည်းသော အာရုံကိုသာ ယူသည်ဖြစ်၍ တည်ကြည်ခြင်း မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။ မိမိမှ တပါးသော သမ္ပယုတ် တရား တို့ကိုလည်း တည်ကြည်စေ၏၊ တနည်းလည်း လေငြိမ်ရာ၌ တွန်းသော မီးတောက်နှင့် တူ၏။

တနည်းလည်း ရေနှင့် တူ၏။ တရုံတခုသော နန္ဒင်း မှုံ့ညက်မှုန့် တို့ကို စကောဘန်းတွင် ထည့်၍ လွင်တီးခေါင်၌ ထားသည်ရှိသော် လေလွင့်၍ ကုန်ဘွယ် ရာသော အကြောင်းရှိ၏။ ထိုနန္ဒင်းမှုန့် တို့ကို ရေဆွတ်ပြီးလျှင် လုံး၍ ထားသည့် ကာလလေတိုက်သည်ရှိသော် မလွင့်နိုင်သကဲ့သို့ ထို့အတူ ဧကဂ္ဂတာသည် ရေနှင့်တူ၏။ မိမိယှဉ်တော် ယှဉ်ဘက် ဖြစ်သော သမ္ပယုတ်တရားတို့သည် နန္ဒင်းမှုန့်နှင့် တူ၏။

ဇီဝိတိန္ဒြေသည် သဟဇာတ် ဖြစ်သော ရုပ် နာမ် တရားကို့ကို စောင့်ခြင်း အစိုးရခြင်း လက္ခဏာရှိ၏။ ဥပမာကား ကြာရိုး ကြာစွယ်တို့၌ စောင့်သော ရေနှင့် တူ၏။ အဘယ်ကဲ့သို့ တူသနည်းဟူမူ ကြာရိုး ကြာစွယ်တို့သည် မိမိတို့၏ အတွင်း၌ ရေရှိခြင်းကြောင့်သာ ကြာရိုး၏ အထက်၌ ရှိသော ကြာရွက် ကြာပွင့်တို့သည် မညှိုးနွမ်းမူ၍ စိမ်းစိမ်း လဲ့လဲ့ အရောင် အဆင်း မပျက်နိုင်သည်။ အကယ်၍သာ ကြာရိုး ကြာစွယ်တို့၏ အတွင်း၌ ရေမရှိသည် ဖြစ်အံ့၊ ၎င်းကြာရိုး၏ အထက်၌ ရှိသော ကြာပွင့် ကြာရွက်တို့သည် ညှိုးနွမ်း ခြောက်သွေ့ခြင်းသို့ ရောက်ရာ၏။ ထို့အတူ သတ္တဝါတို့အား ခန္ဓာပဥ္စက မပုပ်မသိုး မခြောက် မသွေ့ရှိခြင်းသည် ဇီဝိတိန္ဒြေဟူသော အသက် ရှိခြင်းကြောင့်သာ ဖြစ်၏။

အကယ်၍ ဇီဝိတိန္ဒြေ မရှိသည်ဖြစ်အံ့၊ သတ္တဝါတို့၌ ခန္ဓာပဉ္စကသည် ပုပ်သိုး၍ အသွေး အသားတို့သည် ခန်းခြောက်၍ ကုန်ရာ၏၊ ထိုဇီဝိတိန္ဒြေ တည်းဟူသော အသက် ရှင်ခြင်းကြောင့် ခန္ဓာပဉ္စကသည် မပုပ် မသိုးဘဲ သတ္တဝါတို့သည် သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း စားသောက်ခြင်း အမှုတို့ကို ပြုနိုင်ကြသည်။

ယခုလူများသည် ဇီဝိတိန္ဒြေ စေတသိက် ချုပ်၍ သွားသည်ကိုပင် လူ၏ အသက် သေသည်ဟု ခေါ်ဝေါ်ကြ၏။ စင်စစ်မူကား အသက်သေသည် မဟုတ် ဇီဝိတိန္ဒြေ ချုပ်သည် ကိုပင် သေသည်ဟု ခေါ်ဝေါ်၏။ အသက် ဆိုသည်မှာလည်း ဇီဝိတိန္ဒြေကိုပင် ခေါ်သည်။ သတ္တဝါတို့သည် ရတေ သည်နောက် ပဋိသန္ဓေဟု ဆို၏။ ၎င်းပဋိသန္ဓေ ဥပါဒ်၍ ပဋိသန္ဓေ အဖြစ်သို့ ရောက်လျှင်ပင် ဇီဝိတိန္ဒြေသည် ဖြစ်၏။အကယ်၏သာ ဇီဝိတိန္ဒြေ သေသည်ဖြစ်အံ့၊ ပဋိသန္ဓေ ဥပါဒ် သည်နှင့် တကွ မဖြစ်နိုင်ရာ။ မသေသောကြောင့်သာ တဘဝသို့လိုက်၍ ဖြစ်နိုင် လေသည်။ ဇီဝိတိန္ဒြေ စေတသိက် သေလိုလျှင် နောက်တဘန် မဖြစ်မှသာ သေသည်ဟု ဆိုရမည်။ ထို့ကြောင့် ဇီဝိတိန္ဒြေ စေတသိက်သည် ကြာရိုး ကြာစွယ်တို့၌စောင့်သော ရေနှင့်တူ၏။ ရေနှင့်မူကား ဇီဝိတိန္ဒြေနှင့် တူ၏။ ကြာရိုးကြာစွယ်တို့၌ ရေမရှိ၍ ညှိုးနွမ်းခန်းခြောက်သည် နှင့်မူကား ဇီဝိတိန္ဒြေ တည်းဟူသော အသက်ချုပ်၍ ခန္ဓာပဉ္စကသည် ပုပ်သိုးညှီဟောင်၍ အသွေး အသား ခန်းခြောက်သည်နှင့် တူ၏။

မနသိကာရသည် အာရုံကို နှလုံးသွင်းခြင်း လက္ခဏာရှိ၏။ ဥပမာကား ရထားမှူးနှင့် တူ၏။ အဘယ်သို့ တူသနည်းဟူမူ ရထား၌ အာဇာနည် မြင်းနှစ်ကောင်ကိုက၍ သွားသော ရထားမှူးသည် တကောင်ထက် တကောင် နောက်မကျစေဘဲ တညီတညွတ်တည်း သွားစေခြင်းငှါ နှလုံးသွင်း၍ လိုက်သကဲ့

သို့ ထို့အတူ မနသိကာရသည် အာရုံ၌ နှလုံး သွင်းခြင်း လက္ခဏာရှိ၏။

တနည်း မှုဆိုးလေးသမားနှင့် တူ၏။ အဘယ်သို့တူသနည်း ဟူမူ မှုဆိုးလေးသမားတို့သည် သမင် ဒရယ် ချေ ယယ် စိုင် ဆတ် တို့ကို ပစ်မည်ဟု လေးမြှား သေနတ်တို့ကို ချိန်သည် ကာလ သမင် ဒရယ် ချေ ယယ် စိုင် ဆတ် တို့မှတပါး အခြားသို့ မြှားကျည်စေ့တို့ကို မသွားစေခြင်း၌ နှလုံး သွင်းသကဲ့သို့ ထို့အတူ မနသိကာရသည် အာရုံကို နှလုံးသွင်းခြင်း လက္ခဏာရှိ၏ဟု ဆိုအပ်၏။ ဤစေတသိက် ခုနစ်ပါးတို့သည် အလုံးရုံသော စိတ်တခုယုတ် ၉၀-တို့နှင့် ဆက်ဆံသည်၏ အဖြစ်ကြောင့် သဗ္ဗစိတ္တ သာဓာရဏ စေတသိက်မည်၏ ဟူလိုသော်။

## ပကိဏ်းစေတသိက် ၆-ပါး

ဝိတက် စေတသိက်သည် အာရုံသို့ ရှေးရှုတင်ခြင်း လက္ခဏာရှိ၏။ တယောက် ထည်းဖြင့် ပင့်၍ မရကောင်းသော အထမ်းဝန်ကို ခေါင်းပေါ် ပခုံးပေါ်သို့ ရောက်အောင် ကူညီ၍ ချီပင့်သော သူတို့နှင့် တူ၏။ ဝိတက် သန့်သန့် ဥပမာ။ ဝိစာရသည် ဝိတက်တင်ပြီးသော အာရုံကို သုံးသပ်ခြင်း လက္ခဏာရှိ၏။ ဝိတက်သည်ကား ရုန့်ရင်းကြမ်းတန်းသော သဘောရှိ၏။ ဝိစာရကား နူးညံ့သိမ်မွေ့သော သဘောရှိ၏၊ ဝိတက်သည် ခေါင်းလောင်း ကျောက်စည်တို့ကို ထိုးသောအခါ ရှေးဦးစွာ ကြမ်းကြမ်းကြီးထွက်၍ သွားသော အသံနှင့် တူ၏။ ဝိစာရသည် ခေါင်းလောင်း ကျောက်စည် တို့ကို ထိုး၍ ရှေးဦးစွာ ကြမ်းကြမ်းကြီး ထွက်သွားသည်နောက် အသံမစဲခင် ညင်းညင်း ထွက်သော အသံဖြစ်၍ နေသည်နှင့် တူ၏။

တနည်းလည်း ဝိတက်သည် အတောင်ကို ပြင်းပြင်းခတ်၍ ကောင်းကင်သို့ ပျံတက်သော ငှက်နှင့် တူ၏။ ကောင်းကင်မှ

သည် အောက်သို့ လေယာဉ်စီးပြီးလျှင် သက်၍ လာသည်နှင့်မှု ဝိစာရနှင့်တူ၏။ တနည်းလည်း ဝိတက်သည် ပဒုမာ ကြာတောသို့ ရှေ့ရှု တဟုန်တည်း ပျံသွားသော ဝိတုန်းနှင့် တူ၏။ ဝိစာရသည် ထို ပဒုမာကြာတောသို့ ရောက်သောအခါ ပဒုမာကြာတော၏ အပေါ်က လေဟုန်စီး၍ ရန်သူရှိသည် မရှိသည်ကိုရင်း, ပဒုမာ ကြာပွင့်၏ အနံ့အရသာ ရှိသည် မရှိသည်ကို ရင်း ရှုးစမ်း ဆင်ခြင်၍ ငုံဆိုင်းသည်နှင့် တူ၏၊

တနည်း ဝိတက်နှင့် ဝိစာရကို ပြဦးအံ့။ ဝိတက်သည် အာရုံသို့ ရှေးရှုတင်ခြင်း လက္ခဏာရှိသည်၊ ဝိစာရသည် ဝိတက်နှင့် ယှဉ်သောအခါ အာရုံကို သုံးသပ်ခြင်း လက္ခဏာရှိသည်၊ ထိုသို့ ဖြစ်၍ ဒွေးပဉ္စဝိညာဏ်တဆယ်ကြဉ်သော ကာမစိတ် လေးဆဲ့ လေးခု ပဌမဈာန်စိတ် ဧကဒသ၊ ပေါင်း ငါးဆဲ့ငါးခုဟု ဆိုအပ် သော သဝိတက္က သဝိစာရတို့၌ ယှဉ်သောအခါ အာရုံကို တင် ၍ပေးတတ်သော ဝိတက်ပါသောကြောင့် ဝိစာရ ယှဉ်နိုင်သည် ဖြစ်၍ သဝိတက္က သဝိစာရဆိုလျှင် ဆိုဘန်စေ။ ၎င်းငါးဆဲ့ငါးပါး သော စိတ်တို့တွင် ဒုတိယဈာန် ဧကာဒသကို ထည့်၍ ခြောက်ဆဲ့ ခြောက်ခုဟု ဆိုအပ်သော အဝိတက္က သဝိစာရတို့၌ အာရုံသို့ တင်ပေး တတ်သော ဝိတက်မပါဘဲနှင့် ဝိစာရချည်း ယှဉ် ၍ အဘယ့်ကြောင့် သွားနိုင်သနည်း ဆိုလျှင် ရှေးက အာရုံသို့တင် ၍ ပေးတတ်သော ဝိတက်နှင့်တကွ သဝိတက္က သဝိစာရစိတ် ငါးဆဲ့ငါးခုတို့၌ ဖြစ်ဘူးပြီဖြစ်သောကြောင့် အာရုံသို့တင်၍ ပေး တတ်သော ဝိတက် မပါသော်လည်း ဝိစာရသည် အဝိတက္က သဝိစာရစိတ် ခြောက်ဆဲ့ခြောက်ခုတို့၌ အာရုံကို ယူနိုင်လေ သည်။

ဥပမာကား တဦးသော ကျေးတောသား ယောကျ်ား သည် တစုံတခုသော လယ်မြေတာ တရေးတပေါင် ပြောဆို ရန်ရှိ၍ ကျေးတောအရပ်၌ရှိသော မင်းတို့ထံ ပြောဆိုလျှင် ငြိမ်း

ကွယ်ရာသော အကြောင်း မရှိချေ။ သို့ဖြစ်၍ ငါသည် နေပြည်တော်သို့ တက်၍ ဇိမ်ရွှေမင်းထံ ပြောဆိုမှ ငါ၏ အမှုသည် ငွေကုန်ကြေးကျမှ လွတ်၍ ပြေငြိမ်းချေမည်ဟု ကြံပြီးလျှင် နေပြည်တော်သို့ တက်၍ လာသောအခါ ၎င်းကျေးတောသားသည် မြို့သို့ရောက်၍ ဇိမ်ရွှေမင်းထံ ဝင်တည့်ရမည်လည်း တခါဘူးမှ တွေ့ဘူး မြင်ဘူး ပြောဆိုဘူးသည်မရှိ သို့ဖြစ်၍ ဇိမ်ရွှေမင်း ထံ လျှောက်ထားဝံ့သော ဇိမ်ရွှေဝန်မင်းထံ အရင်ဝင်၍ အသုံးရုံနှင့်တကွ ပြောဆို လျှောက်ထား၏။ ထိုသို့လျှောက်ထားပြီးလျှင် ၎င်းကျေးတောသားကို ဇိမ်ရွှေဝန်မင်း ဆောင်ကြဉ်း၍သွားသောကြောင့် ဇိမ်ရွှေမင်းထံ ရောက်လေ၏။ ထိုအခါ ကျေးတောသားကို ဇိမ်ရွှေမင်းက မေး၍ အသုံးရုံသော အမှုမျိုးတို့ကို သိလျှင် ဤငွေ ဤမျှဖြင့် ပြီးကြစေ အတောင်း အရန်း မရှိစေနှင့်ဟု ဤသို့ အမိန့်တော် စာချွန် ပေးလိုက်၍ ၎င်းကျေးတောသား ပြန်လေ၏။ ထို ကျေးတောသား သည် နောက်တဘန် ရှေးအတူ အမှုဖြစ်ပြန်၍ မြို့တော်သို့ တက်လျက် ဇိမ်ရွှေ မင်းသားထံ လျှောက်လိုပြန်သော် တခါရောက်ဘူး လျှောက်ဘူးပြီဖြစ်၍ ဇိမ်ရွှေဝန်ထံ မဝင်မူ၍ ကျေးတောသား ချည်းပင် ဇိမ်ရွှေ မင်းထံ ဝင်လေ၏။ထို့အတူ အာရုံနှင့်မူ ဇိမ်ရွှေမင်းနှင့် တူ၏။ ဇိမ်ရွှေမင်းထံ ခစား ဆည်းကပ်သော ဇိမ်ရွှေ ဝန်မင်းနှင့်မူ ဝိတက်နှင့် တူ၏။ ကျေးတောသားနှင့်မူ ဝိတက်မှ တပါးသော စောဘသိက်တို့နှင့် တူ၏။

အဝိမောက္ခသည် အာရုံကို ဆုံးဖြတ်ခြင်း လက္ခဏာ ရှိ၏။ ဥပမာကား။ တရားအရေး၌ လိမ်မာသော တရားဓမ္မသတ် ဖြတ်ထုံး ဖြတ်စာ ရာဇဝင်တို့ကို လေ့ကျက်၍ နားလည်သော တရားမသူကြီးနှင့် တူ၏။ အဘယ်သို့ တူသနည်း ဟူမူ၊ ၎င်း တရားမသူကြီးသည် တရုံတရုသော အမှုတို့ကို ပြောလာသည့် ကာလ ရပ်ဆိုင်းခြင်းမရှိ ဤတရားကား ဤသို့ဖြစ်စေ၊ ဤသူကို

ဤသို့ စိရင်ဟူ၍ မဝေးမဆ ဆုံးဖြတ်နိုင်၏။ ထို့အတူ အာရုံတို့ကိုလည်း ဤသည်ကား အဖြူ၊ ဤသည်ကား အနီ၊ ဤသည်ကား အဝါ ဤသို့ စသည်ဖြင့် ဆုံးဖြတ်နိုင်၏။ ဝိစိကိစ္ဆာ၏ ဆန့်ကျင်ဘက် အဓိမောက္ခ၊ အဓိမောက္ခသည် တံခါးတိုင်နှင့် တူ၏။ ဝိစိကိစ္ဆာသည် တံခါးရွက်နှင့် တူ၏။ ဥပမာ ဥပမေယျ ကြံ၍ ဟပ်လေ။

ဝိရိယသည် အာရုံနှင့် သမ္ပယုတ် တရားတို့ကို ထောက်ပံ့ခိုင်စေခြင်း လက္ခဏာ ရှိ၏။ အိမ်အိုဲ ကျောင်းအို စရပ်အိုတို့၌ ထောက်ပံ့သော ကျားနှင့် တူ၏။ ၎င်း ထောက်ပံ့သော ကျားသည် အိမ်အို ကျောင်းအို စရပ်အိုတို့ကို မပျက် မယိမ်း မယိုင်ရစေခြင်းငှါ ထောက်ပံ့ ခိုင်စေ၏။ ထို့အတူ ဝိရိယသည် မိမိနှင့် အတူတကွ ဖြစ်သော သမ္ပယုတ် တရားတို့ကို ထောက်ပံ့ခိုင်းစေ၏။ ဝိရိယနှင့်မူ ထောက်ပံ့သော ကျားနှင့် တူ၏။ ဝိရိယနှင့် ယှဉ်ဘော် ယှဉ်ဘက်ဖြစ်သော သမ္ပယုတ် တရားတို့နှင့်မူ အိမ်အို ကျောင်းအို စရပ်အိုတို့နှင့် တူ၏။

တနည်းလည်း။ တပ်ဦးတပ်ဖျားကနေ၍ တိုက်သော လက်နက်ကိုင် ရဲမက်သားတို့ကို အားရှိအောင် ဆန်ရေရိက္ခာ ခဲယမ်းမီးကျောက်တို့ဖြင့် ထောက်ပံ့သော ဗိုလ်မှူးစစ်ကဲနှင့် တူ၏။ အဘယ်ကဲ့သို့ တူသနည်း ဟူမူကား၊ တရံရောအခါ နှစ်ဦးသော စစ်သည်တို့သည် စစ်ရေး တူနေကြရာ တဘက်သော သူ၏ ဗိုလ်ချုပ်က စစ်သည်သူရဲ လက်နက်ကိုင်သားတို့ အားရှိအောင် ဆန်ရေရိက္ခာ ခဲယမ်းမီးကျောက်တို့ဖြင့် ထောက်ပံ့သောကြောင့် အောင်ခြင်းသို့ ရောက်လေ၏။ ဗိုလ်မှူး စစ်ကဲနှင့်မူ ဝိရိယနှင့် တူ၏။ လက်နက်ကိုင် ရဲမက်သားတို့နှင့် မူကား ဝိရိယနှင့်ယှဉ်ဘော်ယှဉ်ဘက် ဖြစ်သော သမ္ပယုတ် တရားတို့နှင့် တူ၏။

ပီတိသည် အာရုံ၏ သဘောကို နှစ်သက်ခြင်း လက္ခဏာရှိ၏။ ဥပမာကား။ တဦးသော ခရီးသွား ယောကျ်ားသည် ရေရှား

သော တောကန္တာရ ခရီးအကြားသို့ ရောက်၍ ရေ ငတ်မွတ် ဆာလောင်သောကြောင့် ရေကိုလိုက်၍ ရှာသော်လည်း မတွေ့နိုင်သည်ဖြစ်၍ အလွန်ပင်ပန်းခြင်းသို့ ရောက်၏။ ထိုအခါ တဦးသော ယောကျာ်းကို တွေ့၍ ရေကိုမေးလျှင် ထိုသူက ရှေ့သို့ အတန်ငယ် သွားမိလျှင် ပဒုမာကြာနှင့် တကွ ရှိလေ၏ဟု ပြောဆိုလိုက်၏။ ထိုအခါ ခရီးသွား ယောကျာ်းသည် ပြောလိုက်သည့်အတိုင်း သွား၍ ပဒုမာကြာကိုမြင်လျှင် အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ရှိသကဲ့သို့တည်း။ ။တနည်းလည်း ပီတိသည် ဆိတ်ထိသောဝမ်းနှင့် တူ၏။

## ပီတိ ငါးပါး မှတ်ရန်

ထို ပီတိသည် ခုဒ္ဒကာ ပီတိ ခဏိကာပီတိ ဩက္ကန္တိကာပီတိ ဥဗ္ဗေဂါပီတိ ဖရဏာပီတိ ဟူ၍ ၅ ပါး အပြားရှိ၏။ ထို ၅ ပါးတို့တွင် (၁) ကြက်သီး မွေးညှင်း ထရုံသာ နှစ်သက်ခြင်းသည် ခုဒ္ဒကာပီတိမည်၏။ (၂) လျှပ်စစ်ပြက်သကဲ့သို့ ရံခါရံခါ ကြက်သီး မွေးညှင်းထ၍ နှစ်သက်ခြင်းသည် ခဏိကာပီတိမည်၏။ (၃)သမုဒ္ဒရာ လှိုင်းထမ်းပိုးသည်ကမ်းကိုလွှမ်း၍ လွှမ်း၍သွားသကဲ့သို့ တကိုယ်လုံးကို လွှမ်း၍လွှမ်း၍ သွားအောင် နှစ်သက်ခြင်းသည် ဩက္ကန္တိကာပီတိမည်၏။ (၄) လေ၏အဟုန်ကြောင့် ဝါဂွမ်းစိုင်လဲဝါမှုန့်တို့သည် ကောင်းကင်သို့ လွင့်သွားသကဲ့သို့ ပီတိအဟုန်ကြောင့် လောကီဈာန်ကို မရဘဲလျက် ကောင်းကင်သို့ လွင့်၍ သွားနိုင်ခြင်းသည် ဥဗ္ဗေဂါပီတိမည်၏။ (၅) ကြီးစွာသောမိဃ်းသည် ရွာ၍ ချိုင့်ဝှမ်းရာအခပ်၌ ရေပြည့်သဖြင့် လွှမ်း၍ သွားခြင်း၊ လေဖြင့် ပြည့်သော သားရေအိတ်သည် ဖေါင်းသကဲ့သို့ တကိုယ်လုံးကို လွှမ်း၍ သွားစေခြင်းသည် ဖရဏာပီတိ မည်၏။ ထို ပီတိ ငါးပါး၏ ဥပမာ ဆောင်လေ။ ဥဗ္ဗေဂါပီတိ၏ ဥပမာကို ရထားနှင့်တကွ ကူးသွားနိုင်သော မင်းကြီးကို ဥပမာဆောင်

လေ။ ဘုရားဖူးသွားသော ပဋိသန္ဓေရှိသော မာတုဂါမ၏ ဥပမာ ကိုလည်း ဆောင်လေ။ ဆန္ဒသည် ပြုလိုကာမတ္တသာ အာရုံကို လိုချင်ကာမျှ လက္ခဏာ ရှိ၏။

ဥပမာကား။ လေးသမား မှုဆိုးသည် မိမိ လွှတ်လိုက်သော မြှားကို ဘမ်းယူ အံ့သောငှါ လက်ကို ဆန့်ယောင် ပြုသကဲ့သို့ ၎င်း၊ သားဆိုး၏ အမိသည် သားသည် ငိုလှ၍ အငိုဘိတ်စေ ခြင်းငှါ နေ, လ, နက္ခတ် တာရာတို့ကို မရဘဲလျက် လှမ်းယူအံ့ သောငှါ လက်ကို ဆန့်ယောင် ပြုသကဲ့သို့၎င်း၊ ဇိမ်မက် မက် သောသူသည် ဇိမ်မက်၌ မတွေ့သော်လည်း တွေ့သကဲ့သို့၎င်း၊ လိုချင်ကာ မတ္တသာ လက္ခဏာ ရှိ၏။

လောဘလည်း လိုချင်သည်၊ ဆန္ဒလည်း လိုချင်သည်၊ လို ချင်ချင်း အသို့ထူးကြသနည်း ဟူမူ။ ဆန္ဒ လိုချင်သည်မှာ ဖျာရိုင် သင်ဖြူးပေါ်၌ ချထားသော အုတ်ခဲ စသည်တို့နှင့် တူ၏။ ယူ၍ ရလွယ် သကဲ့သို့ မငြိ မတွယ်သော အားဖြင့် လိုချင်သည်။ လောဘ၏ လိုချင်ခြင်းမှာ ဖျာရိုင် သင်ဖြူးတို့၌ ညောင်စေး စသည်တို့ကို ချ၍ထားသည့် ကာလ လိုချင်၍ ယူသည်ရှိသော် ကပ်ကပ် ငြိငြိ ရှိသကဲ့သို့ ငြိတွယ်သောအားဖြင့် လိုချင်ခြင်းသည် လောဘ၏သဘောတည်း။ ။အညသမာန်း တေရသ စေတသိက် ၏ လက္ခဏာ ပြီး၏။

၎င်း စေတသိက် ၆—ခုကို ပကိဏ်း စေတသိက်ဟု ခေါ်၏။ အဘဲ့ကြောင့် ပကိဏ်းစေတသိက် ခေါ်သနည်းဟူမူ။ စိတ်တခု ယုတ်ကိုးဆယ်တို့၌ ပြိုးပြွမ်းယှဉ်သည်၏ အဖြစ်ကြောင့် ပကိဏ်း စေတသိက်ဟု ခေါ်၏။ ။သဗ္ဗစိတ္တ သာဓာရဏ စေတသိက်၇-ခု၊ ပကိဏ်း စေတသိက် ၆—ခု ၎င်း ၂—ရပ်ကို ပေါင်း၍ အည သမာန်း စေတသိက် တေရသဟု ခေါ်၏။ အဘဲ့ကြောင့် အည သမာန်း စေတသိက် ခေါ်သနည်းဟူမူ။ သောဘဏမှာ ယှဉ် ခိုက် အသောဘဏမှ တပါး သောဘဏနှင့် တူသည်၏ အဖြစ်။

အသောဘဏာနှင့် ယှဉ်ရိုက် သောဘဏာမှ တပါး အသောဘဏာနှင့် တူသည်၏ အဖြစ်ကြောင့် အညသမာန်း စေတသိက်ဟု ခေါ်သည်။ ဥပမာကား၊ လူပေါင်းကောင်းသော သူနှင့်တူ၏၊ အဘယ်ကဲ့သို့ တူသနည်း ဟူမူကား၊ ရင်းလူသည် ထံငါသည် မုဆိုးနှင့် တွေ့သည့်ကာလတံငါ မုဆိုးနှင့် တူစွာ ကွန်ပစ်ခြင်း လေးမြှား သေနတ်တို့ကို ကိုင်၍ သမင် ဒရယ် ယုန်ငယ် စိုင် ဆတ် စသည်တို့ကို ပစ်ခတ်၍ နေ၏။ ထိုအခါ တံငါ မုဆိုးနှင့် အတူဖြစ်၏။ ရင်းသူသည် ဘုရားသွား ကျောင်းတက် သောသူနှင့် တွေ့ပြန် လျှင်လည်း ဘုရားသွားခြင်း ကျောင်းတက်ခြင်း စသော ဘုရား တရားတို့နှင့် စပ်သော စကားတို့ကို ပြောဟော၏။ ထိုအခါ ဘုရားသွား ကျောင်းတက်၍ နေသောသူနှင့် တူ၏။ ထို့ကြောင့် အညသမာန်း စေတသိက်သည် လူပေါင်းကောင်း သောသူနှင့်တူ၏။ ။ဤတွင် ဖွေကား အညသမာန်း စေတသိက် တို့၏ သဘော လက္ခဏာ ပြီး၏။

## အကုသိုလ်စေတသိက် ၁၄-ပါး

အညသမာန်းစေတသိက် တဆဲ့သုံးခုတို့ကို ပြပြီး၍ အကုသိုလ်စေတသိက် တဆဲ့လေးခုတို့ကို ပြပေအံ့။

မောဟသည် အာရုံ၏သဘောကို ဖုံးလွှမ်းခြင်း လက္ခဏာ ရှိ၏။ အဘယ်သို့ ဖုံးလွှမ်း သနည်းဟူမူ၊ မောဟသည် ရှေ့ အစွန်းကိုမသိ နောက်အစွန်းကိုမသိ ရှေ့စွန်းနောက်စွန်းကို မသိ မမြင်သည် ဖြစ်၍ အင်္ဂါ လေးပါးနှင့် ပြည့်စုံသော အမိုက် မှောင်နှင့် တူ၏။ အင်္ဂါလေးပါး ဟူသော်ကား ချုံနွယ် ပိတ် ပေါင်း ဥမင်လိုဏ်ခေါင်းတွင်း၌လည်း ဖြစ်စေ၊ လကွယ်နေ့လည်း ဖြစ်စေ သန်းခေါင်ယာမ်လည်း ဖြစ်စေ မိုးမှောင်လည်း ကျသည် ဖြစ်စေ ဤအင်္ဂါလေးပါးတည်း။ မောဟသည် ဤမှောင် လေးပါးနှင့် တူ၏။ လောက၌ အင်္ဂါလေးပါးနှင့် ပြည့်စုံသော မှောင် ကို တွေ့ကြုံသောအခါ မမြင်သည်ဖြစ်၍ မသွားတတ် မလာ

တတ်ဘဲ ဂိုကာမျှသာ၊ မောဟတည်းဟူသော အမိုက် မှောင်မှာ အပါယ်လေးပါးသို့ ချတတ်၏။

အဟိရိကသည် ကာယဒုစရိုက်အစရှိသည်တို့မှ မရှက်ခြင်း လက္ခဏာရှိ၏။ ရွာသူတို့၏ ဝက်နှင့်တူ၏။အဘယ်သို့ တူသနည်း ဟူမူ ရွာသူတို့၏ဝက်သည် ရွာစွန် ရွာနားသို့ လှည့်ပတ်သည့် ကာလ ရွာသူရွာသားတို့ စွန့်ပစ်၍ထားသော မစင် ကျင်ကြီး ကို တွေ့လျှင် ထိုအနိဋ္ဌဖြစ်သော မစင်ကို ခပ်သိမ်းသော သူတို့ ရှုံ့ရှာ စက်ဆုပ်အပ်ကုန်၏။ခပ်သိမ်းသောသူတို့၏ရှေ့၌ ငါစား၍ မတော်ချေဟု မဆင်ခြင်ဘဲ မိမိကိုယ်ကို အရှက်မရှိသည်ဖြစ်၍ ခပ်သိမ်းသော လူပရိသတ်တို့ ရှေ့၌ အနိဋ္ဌဖြစ်သော မစင်ကို စားလေ၏။ ထို့ကြောင့် အဟိရိကသည် ရွာသူတို့၏ ဝက်နှင့် တူ၏ဟု ဆို၏။

အနောတ္တပ္ပသည် ကာယဒုစရိုက် အစရှိသည်တို့မှ မလန့်ခြင်း လက္ခဏာရှိ၏။ ပိုးဖလံနှင့်တူ၏။ အဘယ်သို့ တူသနည်း ဟူမူ ပိုးဖလံတို့ သဘောသည် ဆီမီးရောင်ကို တွေ့မြင်သည့် ကာလ ခပ်သိမ်းသော သူတို့သည် မီးရောင် မီးတောက်ကို တွေ့မြင် လျှင် ပူတတ် လောင်တတ် သေတတ်သည်ဟု လန့်ဖြတ်၍ မဝင်ဝံ့နေသည်ကို မလန့်၍ မီးတောက်သို့ ဝင်သောကြောင့် အသက် သေဆုံးရလေ၏။ ထို့ကြောင့် အနောတ္တပ္ပသည် ပိုး ဖလံနှင့်တူ၏။

ဥဒ္ဓစ္စသည် စိတ်၏ မငြိမ် သက်ခြင်း ပျံ့လွင့်ခြင်း လက္ခ ဏာရှိ၏။ ကျောက် ခုတ်ခဲတို့ဖြင့် ခတ်မိသော ပြာနှင့်တူ၏။ ပြာတို့သဘောသည် ကျောက်ခုတ်ခဲ အစရှိသည်တို့ဖြင့် ခတ်မိ သောအခါ ငြိမ်သက်စွာ မနေမူ၍ အထက်သို့ ပြန့်လွင့်၍ တက်၏။ ထို့ကြောင့် ဥဒ္ဓစ္စသည် ပြာနှင့် တူသည်ဟု ဆို၏။

လောဘသည် အာရုံ၌ ငြိတွယ်သော အားဖြင့် တပ်ခြင်း လက္ခဏာရှိ၏။ မျောက်နှဲစေး ညှောင်စေးတို့နှင့်တူ၏။မျောက်နှဲ

စေး ညောင်စေးတို့၏ သဘောသည် တပါးသော ဝတ္ထုတို့၏ အပေါ်သို့ ကျသော်ငြား၊ မျောက်နှဲစေး ညောင်စေးတို့ ရှိရာ အရပ်သို့ တပါးသော ဝတ္ထုတို့က သွား၍ ထိသော်ငြား ငြိတွယ် စေးကပ်ခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ လောဘ သည်လည်း ရူပါရုံ သဒ္ဒါရုံ အစရှိသော အာရုံ ခြောက်ပါး ရှိရာ အရပ်သို့ သွား၍သော်ငြား၊မိမိ ရှိရာ ရူပါရုံ သဒ္ဒါရုံ အစ ရှိသော အာရုံ ခြောက်ပါးတို့က လာ၍သော်ငြား ထိုရူပါရုံ သဒ္ဒါရုံ အစရှိ သည်တို့ကို ငြိတွယ်သောအားဖြင့် တပ်၏။ထို့ကြောင့် လောဘ သည် မျောက်နှဲစေး ညောင်စေးတို့နှင့် တူသည်ဟု ဆို၏။

ဒိဋ္ဌိသည် မှားသောအားဖြင့် မြင်ခြင်း နှလုံးသွင်းခြင်း လက္ခ ဏာရှိ၏။ မျက်စိလည်သော သူနှင့်တူ၏။ ပိုးဖလံ နှင့်လည်း တူ၏။ အဘယ်ကဲ့သို့ တူသနည်းဟူမူကား မျက်စိ လည်သော သူသည် လိုရာ အရပ်သို့ သွားသော်လည်း လိုရာ အရပ်မှတ ပါး အခြားသော ဘေးဥပဒ် ထူပြောသော ကန္တာရ အရပ်သို့ ရောက်သဖြင့် ပျက်စီးခြင်းသို့ ရောက်လေဘိ သကဲ့သို့ ဘုရား ဟောတော်မူသော တရားမှတပါး အခြားသော တရားမှသော နတ်ရွာ သုဂတိသို့ ရောက်အံ့ထင်၍ မဇ္ဈိမမနေ အားထုတ်၍ ကျင့်သည်၏ အဖြစ်ကြောင့် သေသည်၏ အခြားမဲ့၌ နတ်ရွာ သုဂတိသို့ မရောက်ရဘဲ အပါယ် ဆင်းရဲသို့ ရောက်ရ ချေ၏။ ပိုးဖလံသည် ဆီမီးရောင်ကို ရွှေတောင်မှတ်၍ ဝင်မှားသော အခါ အသက်သေခြင်း ပျက်စီးခြင်းသို့ ရောက်လေဘိ သကဲ့ သို့ မှားသောအားဖြင့် နှလုံး သွင်းခြင်း ရှိသည်ဖြစ်၍ ပျက်စီး ခြင်းသို့ ရောက်စေတတ်၏။ ထို့ကြောင့် ဒိဋ္ဌိသည် ခရီးမှားသော သူ, ပိုးဖလံနှင့် တူသည်ဟု ဆို၏။ နိဂဏ္ဍ အစရှိသော တိတ္ထိ တက္ကတွန်းတို့ကို ဥပမာ ဆောင်လေ။

မာနသည် မိမိကိုယ်ကို ငါသာလျှင် မြတ်၏ ဟု ထောင် လွှားခြင်း လက္ခဏာရှိ၏။ မှန်ကင်းနှင့်တူ၏။ မှန်ကင်းတို့သဘော

သည့် စရပ် တန်ဆောင်း ကျောင်းကန် တို့မှာတင်၍ တရင်ခွဲ စိုက်၍ တပ်သည့် ရှိသော် ထို့ထက် မြင့်မြတ်သော ဝဇ္ဇု မရှိသကဲ့သို့ တည်း။ထို့ကြောင့် မာနသည် မှန်ကင်းနှင့် တူသည် ဟု ဆို၏။

မာန်ဖြစ်ခြင်း၏ အကြောင်းကား၊ အဆင်းကို အမှီပြု၍လည်း မာန်ဖြစ်သည်။ စည်းစိမ်ဥစ္စာကို အမှီပြု၍လည်း မာန်ဖြစ်သည်။ အသက် အရွယ် ကြီးရင့်ခြင်းဂုဏ်ကို အမှီပြု၍လည်း မာန်ဖြစ် သည်။ အမျိုးအနွယ်ကို အမှီပြု၍လည်း မာန်ဖြစ်သည်။ မြတ် သောကြောင့်လည်း မာန်ဖြစ်သည်။ ကောင်းမှုကုသိုလ်ကို အမှီ ပြု၍လည်း မာန်ဖြစ်သည်။ ထို့ကြောင့် "ဇာတိပုည၊ ဂုဏ်မာန ဖြင့်၊ သံပယုံးရုံး၊ ဘက်မဲ့ကြီးသည့်၊ အားသုံးထောင်လွှား၊ မျိုး လေးပါးတို့၊ တက်ပွါးစောင်းမာန်" ဟု လက်ာဆရာတို့ စပ်ဆို တော်မူပေသည်။ မာန်သည် ဇာတိမာန် ပုညမာန် ဂုဏမာန် သုံးပါးတည်း။ ငါသည် မင်းမျိုးတကား။ သင်မူ သူဆင်းရဲမျိုး တကား စသည်ဖြင့် မာန် တက်ခြင်းသည် ဇာတိမာန်၊ကောင်းမှု ကုသိုလ်ကြောင့် စည်းစိမ် ဥစ္စာ ရတနာတို့နှင့် ပြည့်စုံခြင်း ဘုန်း တန်ခိုး အာနုဘော် ကြီးခြင်း စသည်ကို အမှီပြု၍ မာန်တက် ခြင်းသည် ပုညမာန်၊ မိမိဂုဏ်ကို အမှီပြု၍ မာန် တက်ခြင်းသည် ဂုဏမာန။

တနည်းလည်း ဟီနမာန် သဒိသမာန် ပဏီတမာန် ဟု သုံးပါးတည်း။ ထိုတွင် ယုတ်သောသူက မြတ်သောသူကို မာန် တက်ခြင်းသည် ဟီန မာန်မည်၏။ မိမိနှင့် ဂုဏ်ရည် တူလာ၍ မာန်တက်ခြင်းသည် သဒိသမာန် မည်၏။ မြတ်သောသူက ယုတ် သောသူကို မာန်တက်ခြင်းသည် ပဏီတမာန် မည်၏။ ပဏီတ မာန် ဆိုသည်နှင့် သေယျမာန် ဆိုသည်ကား အတူတူပင်။

ဒေါသသည် ကြမ်းသောအားဖြင့်ပြစ်မှားခြင်း လက္ခဏာရှိ၏။ တုတ် ထုံကန်ဖြင့် ခတ်မိသော အဆိပ်ထန်သော မြွေဟောက်နှင့်

တူ၏။ တနည်းလည်း၊ သံချေးနှင့် တူ၏။ သံချေးသည် မိမိ မှီသော သံကို ဖျက်ဆီးသကဲ့သို့တည်း။

တနည်းလည်း ပွတ်ခုံ ပွတ်ကျည်မှ ထွက်သော မီးနှင့် တူ၏။ မီးတို့သဘောသည် ပွတ်ခုံ ပွတ်ကျည်ကို အမှီပြု၍ ဖြစ်ရသည်။ ထိုမီးသည် တဘန် ပွတ်ခုံ ပွတ်ကျည်ကို မဆင်ခြင်၍ လောင်သကဲ့သို့ ထို့အတူ ဒေါသသည် သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်ကို အမှီပြု၍ ဖြစ်၏။ ထိုသို့ မိမိမှီသော သတ္တဝါကိုပင် အပယ်သို့ ချတတ်၏။ ထို့ကြောင့် ဒေါသသည် မြွေ သံချေး ပွတ်ခုံ ပွတ်ကျည်ကို အမှီပြု၍ ဖြစ်သော မီးနှင့် တူသည် ဟု ဆို၏။

ဗ္ဗူသဘာသည် သူတပါးစည်းစိမ်ကို ငြူစူခြင်း လက္ခဏာ ရှိ၏။ မစ္ဆရိယသည် မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း လက္ခဏာရှိ၏။

ဗ္ဗူသဘာကား ဗဟိဒ္ဓကို အာရုံပြုသည်။ အဇ္ဈတ္တကို မပြု။ မစ္ဆရိယသည် အဇ္ဈတ္တကိုသာ အာရုံပြုသည်။ ဗဟိဒ္ဓကို မပြု။ ဗ္ဗူသဘာသည် အဘယ့်ကြောင့် အဇ္ဈတ္တကို မပြုမူ၍ ဗဟိဒ္ဓကိုသာ အာရုံပြုသနည်း ဟူမူ၊ ဗ္ဗူသဘာသည် သူ တပါးတို့ စားရခြင်း ဝတ်ရခြင်း စည်းစိမ် ဥစ္စာ အခြွေအရံ ပေါများခြင်း စသည်ကို မနာလို၍ ငြူစူ စောင်းမြောင်း ချုတ်ချယ်သည် ကာလ ဗဟိဒ္ဓဟု ဆိုရ၏။ အဇ္ဈတ္တဟု မဆိုရ။ မစ္ဆရိယသည် အဘယ့်ကြောင့် ဗဟိဒ္ဓကို မပြုမူ၍ အဇ္ဈတ္တကိုသာ အာရုံပြုသနည်း ဟူမူ၊ မစ္ဆရိယ သဘောသည် မိမိစည်းစိမ် ဥစ္စာ ပေါများ သည်ဖြစ်လျက် သူတပါးအား ပေးကမ်း ရမည်ကို စိုးရိမ်၍ တရာပင်ရှိသော်လည်း ငါးဆယ်သာ ရှိသည်။ ငါးဆယ်ပင်ရှိ သော်လည်း အစိတ်သာ ရှိသည်။ ဤသို့ စသည်ဖြင့် စည်းစိမ် ဥစ္စာ မရှိဟု လျှို့ဝှက်သည်ကာလ အဇ္ဈတ္တဟု ဆိုရ၏။ ဗဟိဒ္ဓဟု မဆိုရ၊ ထို့ကြောင့် ဗ္ဗူသဘာနှင့် မစ္ဆရိယ နှစ်ပါးကို ကြီးလွယ် စေခြင်းငှါ အဇ္ဈတ္တ ဗဟိဒ္ဓဟု ပြုခဲ့၏။ အနက်ကို ထောက်လျှင်

လည်း သိလောက်၏။ အကယ်၍ အနက်ကိုသာ မထောက်ဘဲ ဌြုရူလျှင် ဈာသာ၊ လှ္ဘိုဟ်လျှင် မန္တရိယ ဤကဲ့သို့သာ ဆိုသည်ဖြစ်အံ့ မသိပါတဲ့နိုင်ရာ၊ ဈာသာသည် ဗဟိဒ္ဓ မန္တရိယသည် အဇ္ဈတ္တ ဤသို့သိပါလျှင် ဆိုဘွယ်ရာမရှိ မှတ်လွယ်၏။

ကုက္ကုစ္စသည် ပြုအပ်ပြီးသော ဒုစရိုက် မပြုအပ် ခဲ့မိ သေးသော သုစရိုက်တို့၌ အဘန်တလဲလဲ စိုးရိမ်ခြင်း လက္ခဏာရှိ၏။ ပြုအပ်ပြီးသော ဒုစရိုက်ကို အာရုံပြု၍ ကုက္ကုစ္စ ဖြစ်ဟန်ကား ငယ်ငယ်က မှုဆိုး တံငါလုပ်၍ အသက် မွေးသောသူသည် အသက် အရွယ် ကြီးရင့်သော အခါမှ သူတော်ကောင်းနှင့် ပေါင်းဘော် တွေ့ကြုံ၍ မှုဆိုး တံငါ အဖြစ်ကိုစွန့်ပစ်သဖြင့် ရတနာသုံးပါးအထံ ဆည်းကပ် ကိုးကွယ်ခြင်းကိုပြု၍ တရားတော်ကို နာရသောအခါ မကောင်းမှုအကုသိုလ်တရားတို့ကို ပြုလုပ်၍ နေသော သူတို့သည် အပါယ်ငရဲ၌ခံရသည်။ ကောင်းမှု ကုသိုလ် တရားတို့ကို ပြုကျင့်သောသူတို့သည် နတ်ရွာ သုဂတိသို့ သွားရ၏။ ဤသို့ စသည်ဖြင့်တရားတော် လာသည့်အတိုင်း သိရသဖြင့် ထိုမှုဆိုး တံငါလုပ်သော သူတို့သည် ယခုမှ နောင်တရ၍ ငါသည် မှားခြင်းကြီးမှား၍ ကုန်လေပြီ။ ယခု ငါကြီးလာသမျှသည် သူများ အသက်ကို သတ်ဖြတ်ခြင်း မကောင်းမှု အကုသိုလ် ဒုစရိုက်တရားနှင့်သာ လာခဲ့ ရသည်။ ငါသည် ငယ်ငယ်က သူတော်ကောင်းတို့နှင့် ပေါင်းမိပါသည် ဖြစ်အံ့။ ဤကဲ့သို့ အကုသိုလ်တရားတို့သည် မဖြစ်လတ္တံ့၊ ယခု အကုသိုလ် ပြုသောသူမှာအပါယ်ငရဲ၌ ခံရသည်။ ကောင်းမှု ကုသိုလ် ပြုသောသူမှာ နတ်ရွာသုဂတိသို့ သွားရသည်ဟူ၍ ထို ၂-လမ်းရှိပါလျက်နှင့် ယခုမှာအပါယ်ငရဲ၌ ခံရစေတတ်သော ပါဏာတိပါတ စသော ဒုစရိုက်တရားတို့ကို မေ့၍ပင် ပြုမိလေခြင်းဟု စိုးရိမ်ကြောင့်ကြခြင်းသည်အတိတ်ဒုစရိုက် တရားတို့ကို အာရုံပြု၍ ကုက္ကုစ္စ ဖြစ်သတည်း။

မပြုအပ်ခဲ့မိသေးသော သုစရိုက်ကို အာရုံပြု၍ ကုက္ကုစ္စ ဖြစ်ပုံကား။ ငယ်ရွယ်သောအခါကပင် စည်းစိမ် ချမ်းသာ ဥစ္စာဓနနှင့် ပြည့်စုံသော သူသည် စည်းစိမ် ချမ်းသာ ဥစ္စာဓနနှင့် ပြည့်စုံပါလျက်ကို ဘုရား ပုထိုး စေတီ တည်ခြင်း စရပ် တန်ဆောင်း ကျောင်း ကန် ဆောက်လုပ်ခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို မပြုဘဲနှင့် ဖဲလောင်းခြင်း ကြွေအန်ကစားခြင်း ပဆစ်ပစ်ခြင်း အလောင်းအစား ကြက်တိုက်ခြင်း ဤကဲ့သို့ အစရှိသော အကြောင်းကြောင့် မကောင်းသော အမှုတို့ကို ပြုကျင့်မွေ့လျော်၍ နေသဖြင့် သခ္ခီရသဘောဖြစ်၍ စည်းစိမ် ဥစ္စာတို့ ပျောက်ပျက် ပြုန်းတီး၍ ကုန်သောအခါမှ ကုသိုလ် ကောင်းမှုတို့ကို ပြုချင်သော်လည်း ဥစ္စာပစ္စည်းတို့ ပြုန်းတီး၍ ကုန်ပြီဖြစ်၍ ဘုရားဘည်ခြင်း ကျောင်းဆောက်ခြင်း အစရှိသော ကုသိုလ်ကောင်းမှုတို့ကို မပြုနိုင်ရာ။ ထိုအခါမှ ထိုသူသည် ဤသို့ကြံ၏။ ငါသည် ရှေးအခါ စည်းစိမ် ဥစ္စာ ပေါများပါလျက် ဘုရားတည်ခြင်း ကျောင်းဆောက်ခြင်းစသော ကုသိုလ်ကောင်းမှုတို့ကို မပြုမိဘဲ အကျိုးမရှိသော အပါယ်သို့ လားစေတတ်သော ဖဲလောင်းခြင်း ကြွေအန်လောင်းခြင်း စသော အမှုတို့ကို ပြုကျင့်၍ မွေ့လျော်သောအားဖြင့်သာ နေမိ၏။ ဤကဲ့သို့သော အမှုတို့ကို ပြုမိရလေခြင်း ယခုမှ ဘုရားတည်ခြင်း ကျောင်းဆောက်ခြင်း တို့ကို မပြုနိုင်။ ရှေးဥစ္စာပစ္စည်း ပေါများသည်ကာလ ဘုရားတည်ခြင်း ကျောင်းဆောက်ခြင်း ရေတွင်း ရေကန် တူးခြင်း အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ငါမပြုခဲ့ရဟု အတိတ်ဖြစ်သော ကုသိုလ်ကောင်းမှု သုစရိုက်ကို အာရုံပြု၍ ကုက္ကုစ္စ ဖြစ်သတည်း။ ထင်းခွေသည် ကျွန်မ ဥပမာ။ ရှင်ပစ္စေကဗုဒ္ဓါကို သင်္ကန်း ပုဆိုး မလှူမိသော ဒါယကာ ဥပမာများကို ထုတ်လေ။

ကုက္ကုစ္စသည် အတိတ်ကိုသာ ဧကန် အာရုံပြုသည် ပစ္စုပ္ပန်နှင့် အနာဂတ်ကို အာရုံမပြု၊ ကုသိုလ်ကောင်းမှုကို ပြုမိသော သူ

သည် ငါမသေမီ ပြီးစီးပါမည်လောဟု ကြောင့်ကြသည်မှာ အနာဂတ်ကို အာရုံပြု၍ ကုက္ကုစ္စမဖြစ်။ တနည်းကား ကုက္ကုစ္စသည် အရှင်နှင့်စပ်သော ကျွန်နှင့် တူ၏။ အရှင်နှင့်စပ်သော ကျွန်သည် မိမိအလိုရှိတိုင်း လိုအပ်သော ကိစ္စတို့ကို မပြုရမူ၍ အရှင်က ဤအမှုကိုပြု ဤအမှုကို မပြုနှင့်ဟု စီရင်မှသာလျှင် ထိုကျွန် လုပ်ရသကဲ့သို့ ထို့အတူ ကုက္ကုစ္စ အားကြီးသော သူတို့သည် မိမိချည်း ကုသိုလ် ကောင်းမှုတို့ကို ပြုအံ့သောငှါ မတတ်ကောင်းရာ၊ အဆွေခင်ပွန်းကောင်းကို တွေ့မှသာလျှင် ကုသိုလ်ကောင်းမှုကို ပြုခြင်းငှါ တတ်နိုင်သည် ကုက္ကုစ္စလည်း ငြိမ်းသည်။

ထိနသည် မိမိနှင့် အတူတကွ ဖြစ်သောစိတ်ကို တွန့်တိုစေသည်။ မိမိလည်း တွန့်တိုသည်။ မိဒ္ဓသည် မိမိနှင့် အတူတကွ ဖြစ်သော စေတသိက်တို့ကို တွန့်တိုစေသည်။ ။ထိနနှင့် မိဒ္ဓသည် တွန့်တိုခြင်းကိစ္စ တူကြ၏။ လုပ်ဆောင်အံ့သော အမှုကိစ္စကို မလုပ်ဆောင်မူ၍ တွန့်တိုသည် ဝိရိယ၏ပဋိပက္ခ။ ထိနသည် နေနှင့်တူ၏။ မိဒ္ဓသည် မိုးနှင့်တူ၏။ ထိနမိဒ္ဓသည် သဟ အနိယတ စေတသိက် ညဉ့်ဦးယာမ် ပွင့်သော ပဒုမာကြာပန်းသည် ရှင်လန်း၍ နေသည်ဖြစ်လျက် နေထွက်၍ နေနှင့်တွေ့သောအခါ ၎င်းနေသည် ထိုပဒုမာကြာပွင့်ကို ညှိုးနွမ်းခြင်းသို့ ရောက်စေသကဲ့သို့။ ထို့အတူ သတ္တဝါ၏ သန္တာန်၌ ထိန မယှဉ်သောအခါ ပေါ့ပါးခြင်းရှိပါလျက် ထိနနှင့် ယှဉ်သောအခါ ကိုယ်စိတ် လေးလံခြင်း ကိုယ်စိတ်၏ မခန့်ခြင်း ဖြစ်လာ၏။ ထိန၏ ဥပမာ။ မိုးထဲသို့ ကြက်မွေး ကြက်တောင်ကို ချသောအခါ တွန့်လိမ်ခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ သတ္တဝါတို့၏ သန္တာန်၌ မိဒ္ဓ မယှဉ်သောအခါ ပေါ့ပါးခြင်း လျင်မြန်ခြင်း ရှိပါလျက် မိဒ္ဓနှင့် ယှဉ်သောအခါ မိုးသည် ကြက်မွေး ကြက်တောင်တို့ကို တွန့်လိမ်စေသကဲ့သို့ မိမိနှင့် အတူတကွ ဖြစ်သော စေတသိက်တို့ကို တွန့်တိုစေ၏ မိဒ္ဓ၏ဥပမာ။

ဝိစိကိစ္ဆာသည် ရူပါရုံ အစရှိသည်ကို မဆုံးမဖြတ်နိုင်ခြင်း လက္ခဏာရှိ၏။ ခရီးလမ်းများသော သူနှင့်တူ၏။ ခရီးလမ်းများသော သူသည် လမ်းဆုံ လမ်းခွ တွေ့လျှင် တောင်လမ်း လေလော မြောက်လမ်းလေလော ဟု ခရီးလမ်းကို မဆုံး ဖြတ်နိုင်သကဲ့သို့၎င်း၊ သုသာန်အရပ်၌ ဒူးထောင်၍ အိပ်သူသည် မိမိဒူးကို ပင် ဘီလူး လေလော၊ ဒူးလေလောဟု ဒူးနှင့် ဘီလူးကို မဆုံး ဖြတ် နိုင်သကဲ့သို့၎င်း၊ ရူပါရုံ၌ အဖြူ အနီစသောအာရုံကို မဆုံး ဖြတ်နိုင်သကဲ့သို့၎င်းတည်း။ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာ ဤသုံးပါး သည် သဘော တူယှဉ်လိုလိုရှိ၏။ ။အကုသိုလ် စေတသိက် တဆဲ့လေးခုကား ပြီး၏။

## သောဘဏစေတသိက် ၂၅–ပါး

အကုသိုလ်စေတသိက် ၁၄–ခုတို့၏ သဘော လက္ခဏာကို ပြပြီး၍ သောဘဏ စေတသိက် ၂၅-ခုတို့၏ သဘော လက္ခ ဏာကို ပြပေအံ့။ သဒ္ဓါ စေတသိက်သည် ဘုရား အစရှိသော ကောင်းသော အာရုံ၌ သမ္ပယုတ် တရားတို့ကို ကြည်လင်စေ ခြင်း လက္ခဏာရှိ၏။ စကြဝတေးမင်း၏ ပတ္တမြား ရတနာနှင့် တူ၏။ အဘယ်သို့ တူသနည်းဟူမူကား တရံရောအခါ စကြ ဝတေးမင်းသည် ဆင် မြင်း ဗိုလ်ပါ မှူးမတ် စစ်သည် အပေါင်း နှင့်တကွ ခရီး၍ တောကစား သွားရာ လမ်းခရီး၌ တခုသော ချောင်းမြောင်းကို လွန်သည်ရှိသော် မင်းကြီးသည် ရေ မွတ်သိပ် ဆာလောင်သည် ဖြစ်၍ ကျွန်တော် များတို့ကို ခေါ်၍ ရေကို တောင်းသည်ရှိသော် ထိုအခါ ကျွန်တော်များ ကျေးတော်များ တို့က ရေ မရှိပါဘုရားဟု လျှောက်၏၊ ယခု ငါတို့ကူးခဲ့သော ချောင်းမြောင်း၌ ရေမရှိသလောဟု မေး၏။ ရေသည် ရှိပါ၏ ဘုရား။ ရှိသော်လည်း ကိုယ်တော်အရှင်၏ ဆင် မြင်း ဗိုလ်ပါ ရှမက် လက်နက်ကိုင်သား တို့သည် ဆင်း၍ သွားသည် ဖြစ် သောကြောင့် ရေသည် မကြည်လင်၊ အလွန် နောက်ကျိ

ပါသည်ဘုရားဟု ဩှောက်ထားသည်ရှိသော် ထို နောက်သော ရေကိုပင် ခပ်၍ ယူခဲ့ဟု ဆို၏။ ထိုအခါ ကျွန်တော်မျိုးသည် ရွှေဖလားနှင့် ရေကို ခပ်၍ ဆက်၏။ ထိုအခါ မင်းကြီးလက်၌ ပါသော ပတ္တမြား လက်စွပ်ကို ချွတ်၍ ရေခွက်၌ ထည့်သောအခါ ပတ္တမြား သတ္တိကြောင့် ရေနောက်သည် ပကတိ ရေကဲ့သို့ ကြည်လင်၏။ ထို့အတူ သတ္တဝါ တို့၏ သန္တာန်၌ လောဘ ဒေါသ မောဟ ဖုံးလွှမ်းသည်ကာလ ရေနောက်၍ နေသည်နှင့် တူ၏။ ပတ္တမြားလက်စွပ်ကို ချလိုက်၍ ရေနောက် ကြည်သည်နှင့်မူ သတ္တဝါတို့မှာ သဒ္ဓါစေတသိက် ဖြစ်သော ကာလ လောဘ ဒေါသ မောဟတို့ ပျောက်၍ ကြည်လင်စွာ ဖြစ်သည်နှင့် တူ၏။

သတိစေတသိက်သည် ဘုရားအစရှိသော ကောင်းသော အာရုံ၌ သမ္ပယုတ်တရားတို့ကို အောက်မေ့စေခြင်း လက္ခဏာ ရှိ၏။ စကြဝတေးမင်း၏ ဘဏ္ဍာစိုးနှင့် တူ၏။ စကြဝတေးမင်း၏ ဘဏ္ဍာစိုးသည် မင်းကြီး မေ့လျော့ နေသည်ကို သတိ ရစေ ခြင်းငှါရင်း၊ ကျေးတော်မျိုး ကျွန်တော်မျိုး တို့အား မရသေး သော ဆုလာဘ်ကို ရအောင် ရပြီးသော ဆုလာဘ် တို့ကို လည်း ထပ်မံ၍ ရသဖြင့် ပွါးများ စေခြင်းငှါ ရင်း၊ ထိုစကြ ဝတေးမင်းသည် ကာမဂုဏ်တို့ဖြင့် ဖုံးလွှမ်း မေ့လျော့ သော ကြောင့် မိမိပြုသော ဒါန သီလတို့ကို မသိ၊ ရွှေ ငွေ ကျောက် သံ ပတ္တမြား တို့ကိုလည်း မသိ ထိုသို့ဖြစ်၍ ဘဏ္ဍာ စိုးသည် မင်းကြီးပြုသော ကုသိုလ်တော်များ ကိုရင်း၊ ရွှေ ငွေ ကျောက် သံ ပတ္တမြားတို့ကိုရင်း၊ စာရင်း ပရိုက်တို့နှင့် မှတ်ပြီးလျှင် တနေ့မပြတ် နန်းကြမ်းပြင်၌ သွား၍ ဘတ်ရ၏။ ထိုသို့ဘတ် သောအခါမှ မင်းကြီးသည် သတိရ၍ ဩော်ငါပြုသော ကုသိုလ် တော်တို့သည် ဤရွေ့ ဤမျှ ပြုရလေပြီ၊ ရွှေ ငွေ ကျောက် သံ ပတ္တမြားတို့လည်း ဤရွေ့ ဤမျှ ရှိပေ သေးသည်ဟု သိရ၏။

ထိုဘဏ္ဍာစိုးသည် ဘတ်၍ပြီးလျှင် နန်းကြမ်းပြင်မှ ဆင်း၍သွားလေ၏။ ထိုအခါမင်းကြီးသည် တဘန် မောင်းမ မိဿံတို့နှင့် ပျော်ပါး၍ နေပြန်သောကြောင့် မိမိပြုသော ကောင်းမှု ကုသိုလ်နှင့်ဘဏ္ဍ ရွှေ ငွေ ကျောက်သံ ပတ္တမြားတို့ကို သတိမရ မေ့လျော့၍ ကုန်ပြန်လေ၏။ ထို့အတူ သတ္တဝါတို့ သန္တာန်၌ လောဘ ဒေါသ မောဟ ဖုံးလွှမ်းသည်နှင့်မူ စကြ ဝတေးမင်းသည် မောင်းမ မိဿံ အခြွေအရံတို့နှင့် ပျော်ပါး၍ မသိသည်နှင့် တူ၏။ သတိ စေတသိက် ယှဉ်၍ ဒါန သီလ ကုသိုလ်ကောင်းမှုတို့ကို အောက်မေ့ သည်နှင့်မူ ဘဏ္ဍာစိုး လာ၍ဘတ်သောအခါ မင်းကြီးသည် ကုသိုလ် ကောင်းမှု ကျောက်သံ ပတ္တမြားတို့ကို သိသည်နှင့် တူ၏။ ဘဏ္ဍာစိုးဘတ်၍ သွားသောအခါ မင်းကြီးသည် မောင်းမ မိဿံတို့နှင့် ပျော်ပါးပြန်သောကြောင့် ကုသိုလ် ကောင်းမှု ရွှေ ငွေ ကျောက်သံ ပတ္တမြားတို့ကို မသိပြန်သည်နှင့်မူ သတ္တဝါတို့၌ သတိမယှဉ်ဘဲ နေသောအခါ လောဘ ဒေါသ မောဟ ဖုံးလွှမ်း ပြန်သည်နှင့် တူ၏၊ တနည်းလည်း သတိစေတသိက်သည် အာရုံကိုမြဲမြံစွာ ခိုင်စေတတ်သောကြောင့် ကျောက်စာတိုင်နှင့် တူ၏။ တနည်း လည်း တံခါးမှူးသည် တံခါးတို့ကိုလုံခြုံစွာစောင့်ထိန်းဘိကဲ့သို့ ထို့အတူ သတိစေတသိက်သည် စက္ခုဒွါရစသော ခြောက်ပါးသော ဒွါရတို့ကို လုံခြုံအောင် စောင့်ထိန်း နိုင်သောကြောင့် တံခါးမှူးနှင့် လည်းတူ၏။ သဒ္ဒါနှင့်စေတနာ အထူးများကို သွင်း၍ ပြောလိုလျှင် ပြောရ၏။ အောက်ကအတိုင်းပင်။

ဟိရီသည် ကာယ ဒုစရိုက် အစ ရှိသည်တို့မှ ရှက်ခြင်း လက္ခဏာရှိ၏။ ဩတ္တပ္ပသည် ကာယဒုစရိုက် အစ ရှိသည်ကို ထိန့်လန့်ခြင်း လက္ခဏာရှိ၏။ ဟိရီသည် မိမိ၏ အဇ္ဈတ္တကိုငဲ့၍ ရှက်သောအားဖြင့် အကုသိုလ်မှ ကြဉ်ရှောင်၏။ ဩတ္တပ္ပသည် ဗဟိဒ္ဓကိုငဲ့၍ ရှက်သောအားဖြင့် အပါယ်ဘေးမှ ကြောက်သော

ကြောင့် အကုသိုလ်ကို ကြည်ရှောင်၏။ ။ဟိရီကား ရှိသေတုပ်ဝပ်ခြင်း လက္ခဏာ ရှိ၏။ ဩတ္တပ္ပကား အပြစ်ကို ကြောက်ခြင်း, ဘေးကို ကြောက်ခြင်း လက္ခဏာ ရှိ၏။ ။ဟိရီသည် မိမိကိုယ်ကို အကြီးအမှူးပြု၍ အကုသိုလ်ကို ကြည်ရှောင်သည်၊ ဩတ္တပ္ပသည် လောကကို အကြီးအမှူးပြု၍ အကုသိုလ်ကို ကြည်ရှောင်သည်။ ဟိရီကား အေးသော သံတွေခဲကို မစင်လူး၍ ထားသည်နှင့် တူ၏။ အေးမှုကား အေး၏။ မစင် လူးမည်ကို ကြောက်သောကြောင့် ပညာရှိတို့ မကိုင်။ ဩတ္တပ္ပကား ပူသော သံတွေခဲနှင့် တူ၏။ မစင်သော်ကား မလူး။ ပူမည်ကိုကြောက်သောကြောင့် ပညာရှိတို့ မကိုင်။ ။ဟိရီသည် အမျိုးကောင်း ချွေးမနှင့် တူ၏။ ၎င်းအမျိုးကောင်း ချွေးမ, အမျိုး ကောင်း သမီးသည် မိမိလင်မှတပါး အခြားသောသူတို့ကို ဤသူကား အမျိုးယုတ်၏။ ငါမူကား အမျိုးမြတ်၏။ ဤသူနှင့် ပေါင်းဘော် မှီဝဲ၍ မတော်ချေ။ငါတို့အမျိုးလည်း ဤကဲ့သို့သော သူတပါး၏ လင်သားကို ပြစ်မှားရိုး မရှိ။ ငါသည် အကယ်၍ သူတပါးတို့၏ လင်သားကို ပေါင်းဘော် မှီဝဲသည် ဖြစ်အံ့။ ဤအမျိုး၌ မဖြစ်ဘူးဘဲနှင့် ဤသူသည် သူတပါးတို့၏ လင်သား၌ ပြစ်မှားသည်ဟု ကဲ့ရဲ့သဂြိုဟ် ဆိုကြအံ့ဟု မိမိကိုယ်ကိုသာ ရှက်သော အားဖြင့် သူတပါး လင်သားတို့ကို မပြစ်မှားသကဲ့သို့ ဟိရီသည်လည်း မိမိကိုယ်ကို ကဲ့ရဲ့မည်မှ ကြောက်သောကြောင့် အကုသိုလ်ကို ကြည်ရှောင်သည်။ ဩတ္တပ္ပသည် သီလရှိသော ပြည့်တန်ဆာမနှင့် တူ၏။ ၎င်း သီလရှိသော ပြည့်တန်ဆာမသည် မိမိကိုယ်ကို အရှက် အကြောက် မရှိဘဲ သီလ ပျက်အံ့ သည်ကိုသာ ကြောက်သောကြောင့် မိမိ အခယူပြီးသော သူမှတပါး တခြားသော သူနှင့် မစပ်မရှက် မပေါင်းမဘော်ဘဲနှင့် မိမိ အခယူသော သူကိုသာ အရင် စပ်ရှက် မှီဝဲလေသကဲ့သို့ ဩတ္တပ္ပသည်လည်း ကာယဒုစရိုက်စသည်တို့မှ ပြုရမည်ကို မရှက်ဘဲ အပါယ်ဘေး၌ ခံရမည်ကို သာကြောက်သောကြောင့် အကုသိုလ်ကို ကြည်ရှောင်သည်။ ။

သိကြားမင်းသည် သီလရှိသည်, မရှိသည်ကို နှိုးစမ်းသောပြည့် တန်ဆာမ ဥပမာကို ဆောင်လေ။

ဟိရိ၌ အကြောင်း လေးပါး။ လေးပါး ဟူသော်ကား။ ဂေါတ္တ၊ ဝယ၊ သူရ၊ ဗာဟုသစ္စ အားဖြင့် လေးပါးတည်း။ ။ ဩတ္တပ္ပ၌လည်း အကြောင်း လေးပါး။ လေးပါးဟူသော်ကား။ သီလ၊ ဒေသ၊ ပညာ၊ ဘိက္ခု အားဖြင့် လေးပါးတည်း။ ။ ဟိရိ၌ အကြောင်း လေးပါးတို့တွင် ဂေါတ္တ ဆိုသည်မှာ မိမိ အမျိုး အနွယ်ကို စောင့်သောအားဖြင့် သေရည် သေရက် သောက်စားခြင်း၊ သူ့ သားမယားတို့၏ ဣန္ဒြိယာကို ပြစ်မှားခြင်း၊ မူဆိုး တံငါ လုပ်ခြင်း စသော အမှုတို့ကို လုပ်မည်ဟု ကြံသည်ရှိသော် ဤကဲ့သို့သော သေရည် သေရက် သောက်စားခြင်း၊ မူဆိုး တံငါ လုပ်ခြင်း စသော အမှုတို့သည် ယုတ်မာသော သူတို့သာ ပြုကျင့်သော အမှု ဖြစ်သည် ငါမူကား ငါ၏ အဆွေအမျိုး, ငါ၏ အမိ အဘ, အဘိုး အဘွား စသည်တို့သည် မြတ်သော အမျိုး ဖြစ်ပေသည်။ ဘုရား သွားခြင်း, ကျောင်းတက်ခြင်း, တရားနာခြင်း ကောင်းမှု အလှူဒါန ပြုခြင်း စသည်တို့ကိုသာ ပြု၍ နေပေသည်။ အကယ်၍ ငါမှသာလျှင် ဤသို့ သေရည် သေရက် သောက်စားခြင်း, မူဆိုး တံငါလုပ်ခြင်း စသော အကုသိုလ်တရားတို့ကို ပြုကျင့်အံ့။ ငါ့ကိုသော်လည်း မြတ်သော အမျိုးဖြစ်လျက် ဤသို့သော ဒုစရိုက်တို့ကို ကျင့်ကြံသည်ဟု ကဲ့ရဲ့ရာသော အကြောင်းရှိသည်။ ငါတို့၏ အမျိုး အနွယ်လည်း ပျက်ရတော့မည်ဟု မိမိအမျိုးအနွယ်ကို စောင့်သောအားဖြင့် အကုသိုလ်ကို ကြဉ်ရှောင်ခြင်းကို ဂေါတ္တ ဆိုသည်။ ။ဝယ ဆိုသည်မှာ အကုသိုလ်တို့ကို ပြုကျင့်သော သူတို့သည် ငယ်ရွယ်သော သူ၏ အကျင့်တကား ငါမူကား အရွယ် ၃၅ နှစ် အားဖြင့် သေသူ့ခါ နီးသွပြီ။ သို့ဖြစ်၍ ငါမူ အကုသိုလ် ပြုကျင့်၍ မတော်ပေဟု အရွယ်ကို ထောက်၍ အကုသိုလ်မှုံကြဉ်

ရှောင်ခြင်းကို ဝယ ဆိုသည်။ ။သူရ ဆိုသည်မှာ ရဲစွမ်း သတ္တိရှိသည်ကို ဆို၏။ တယောက်သော သူသည် တံငါ မုဆိုးလုပ်၍နေသော သူကိုမြင်သည့်ကာလ ဤသို့ဆို၏။ တံငါ မုဆိုးလုပ်သော သူများသည် ရောင်းခြင်း ဝယ်ခြင်း လူထဲ သူထဲသို့ဝင်၍ ရွှေနောက်စသော စကားမျိုးကိုလည်း မပြောဝံ့ မဆိုဝံ့။ ဤတံငါ မုဆိုးအမှုမှ တပါး အခြားသောအမှုတို့ကို မတတ်သောကြောင့်သာ တံငါ မုဆိုး အမှုတို့ကို ပြုရလေ၏။ ငါမူ ရောင်းဝယ်ဟောက်ကားခြင်း တို့၌လည်း နားလည်၏၊ လူထဲ သူထဲ၌လည်း ဝင်၍ ပြောရေး ဆိုရေးကို ပြောမည် ဆိုမည် ဆိုလျှင်လည်း ရဲစွမ်းသတ္တိရှိ၏။ သို့ဖြစ်၍ ဤကဲ့သို့သော တံငါ မုဆိုး စသော အကုသိုလ်တို့ကို မပြုမကျင့်ဟု ရှောင်ကြဉ်ခြင်းကို သူရ ဆိုသည်။ ဗဟုသုတ ဆိုသည်မှာ အကြား အမြင်များသည်ကို စွဲ၍ဆိုသည်၊ ဆိုဟန်ကား တယောက်သော သူက တံငါ မုဆိုးစသော အကုသိုလ်ကို ပြုကျင့်၍ နေသည်ကို မြင်လျှင် ဤသို့ဆို၏၊ တံငါ မုဆိုး လုပ်သောသူသည် ငယ်ငယ် ရွယ်ရွယ်က ဆရာသမားထံ ဝင်၍ အတတ်ပညာ မသင်ကြား ခဲ့ခြင်း ဆုံးမဩဝါဒကို မခံခြင်း, သူတော်ကောင်းတို့ ဟောသော တရားတော်ကိုလည်း မနာခြင်း ဤသို့သော အကြား အမြင် ဗဟုသုတ နည်းပါးသော ကြောင့်သာ တံငါ မုဆိုး စသော အကုသိုလ် တရား တို့ကို ပြုကျင့်၍ နေသည်တကား၊ ငါမူကား ထိုသူကဲ့သို့မဟုတ် ငယ်ရွယ်စဉ်ကပင် ဆရာသမားများထံသို့ ဆည်းကပ်၍ အတတ်ပညာတို့ကို သင်ကြား ခဲ့ဘူး၏။ ဆုံးမဩဝါဒကိုလည်း ခံခဲ့ဘူး၏။ သူတော်ကောင်းတို့ဟောသော တရားကိုလည်း နာခဲ့ဘူး၏၊ ထိုသူသည်၊ ငါကဲ့သို့ ဗဟုသုတ မရှိသောကြောင့်သာ တံငါ မုဆိုး လုပ်ခြင်းစသော မကောင်းမှု အကုသိုလ်တရားတို့ကို ပြုကျင့်၍ နေသည် ငါမူကား ထိုသူကဲ့သို့မဟုတ် ဤတရားကား အကုသိုလ် ဤတရားကား ကုသိုလ်။ ကောင်းမှုကုသိုလ်ကို ကျင့်လျှင် နတ်ရွာ နိဗ္ဗာန်သို့ ရောက်၏၊ မကောင်းမှု အကုသိုလ်တရား

ကို ပြုကျင့်သော် အပါယ်သို့လားရ၏၊ ဤကဲ့သို့ အကြားအမြင်များသောကြောင့် အကုသိုလ်ကို မကျင့်ဟု ကြဉ်ရှောင်ခြင်းကို ဗဟုသုတဆိုသည်။

ဩတ္တပ္ပ၌ အကြောင်း လေးပါးတို့တွင် သီလဆိုသည်မှာ ငါသည် မှုဆိုး တံငါမှုကို အကယ်၍ ပြုအံ့ လောက၌ လူသီလရှိ ရဟန်းသီလရှိ နတ်သီလရှိ ဤသို့ သီလရှိကြသည်၊ ထိုသို့ သီလရှိသော သူတို့သည် ကဲ့ရဲ့သဖြင့်ဟ် ပြုလိမ့်မည်၊ သီလမရှိသောသူတို့ အရာအထောင်ပင် ကဲ့ရဲ့သော်လည်း ဝမ်းမနည်း မကဲ့ရဲ့သော်လည်း ဝမ်းမသာ သီလရှိသောသူ ကဲ့ရဲ့မည်ကိုသာ စိုးရိမ်အပ်သည်ဟု ဆိုကြပေသည်။ ငါမှုကားအကယ်၍တည်းသေ ရည်သေရက်သောက်စားခြင်း မှုဆိုး တံငါစသည်တို့ကိုပြုမိသော် လောက၌ လူသီလရှိ ရဟန်းသီလရှိ နတ်သီလရှိတို့ ကဲ့ရဲ့ရာ၏ဟု သီလရှိသောသူတို့ ကဲ့ရဲ့မည်ကို စိုးသောကြောင့် အကုသိုလ်ကို ကြဉ်ရှောင်ခြင်းကို သီလဆိုသည်။ ။ဒေသဆိုသည်မှာ ဤအရပ်သူ အရပ်သားတို့သည် ဘုရားသွားခြင်း ကျောင်းတက်ခြင်း သိတင်းသီလ ဆောက်တည်ခြင်းစသော ကုသိုလ်ကောင်းမှုတို့ကိုသာ ပြု၍နေသော အရပ်ဟု ထက်ဝန်းကျင်အရပ်ရပ်ကပင် ကျော်စော ထင်ရှား ပေသည်။ ငါသည် အကယ်၍သာ ဤအရပ်ဌာန၌ မကောင်းမှု အကုသိုလ်တရားကို ပြုမိသည်ဆိုလျှင် အလွန်ပင် မကောင်းမှု အကုသိုလ် တရားတို့ကို ပြုကျင့်ဝံ့ပေသည် ဟု အရပ်ထက်ဝန်းကျင် ကြော်ငြာသတင်းဖြစ်လိမ့်မည်။ သို့ဖြစ်၍ ဤအရပ်၌ အကုသိုလ် တရားတို့ကို မပြုဝံ့ပါဟု ရှောင်ကြဉ်ခြင်းကို ဒေသ ဆိုသည်။ ။ ပညာဆိုသည်မှာ ငါသည် အကုသိုလ်ကို ပညာရှိတို့ရှေ့တွင် ပြုမည်ဆိုလျှင် ပညာရှိတို့ ကဲ့ရဲ့သဖြင့်ဟ် ပြုကြလိမ့်မည်။ အကုသိုလ်ဖြစ်၍ ပညာရှိတို့ရှေ့၌ အကုသိုလ် တရားတို့ကို ငါမပြုဟု ရှောင်ကြဉ်ခြင်းကို ပညာဆိုသည်။ ။ဘိက္ခု ဆိုသည်မှာ

မှုဆိုး တံငါစသော အမှုတို့သည် လူတို့သာ ပြုကျင့်ကြသော အမှုဖြစ်သည် ငါမှုကား ရဟန်းတကားဟု ရဟန်းဖြစ်သော အဖြစ်ကို ငဲ့၍ အကုသိုလ်တို့ကို ကြည်ရှောင်ခြင်းကို ဘိက္ခု ဟုဆိုသည်။ ဩဝါဒပ္ပ၌ ၎င်းလေးပါး။

ဟိရိနှင့် ဩတ္တပ္ပသည် အကုသိုလ်ကို ကြည်ရှောင်သော အရာ၌ မူလဘူတဖြစ်သည်။ ရှက်၍ အကုသိုလ်ကို မပြုလျှင် လည်း အကုသိုလ်တရား မဖြစ်။ အပါယ်ဘေးကို ကြောက်၍ အကုသိုလ်ကို ကြည်ရှောင်လျှင်လည်း အကုသိုလ် မဖြစ်။ ဟိရိ နှင့် ဩတ္တပ္ပ နှစ်ပါးကို လုံခြုံအောင် စောင့်ထိန်း လျှင်လည်း အကုသိုလ်တရား ဆိတ်သည်သာဖြစ်၏။ သိက္ခာပုဒ်တော်များ၍ လူထွက်မည် ပြုသော ရဟန်းကို ဟိရိ ဩတ္တပ္ပ နှစ်ပါးကို စောင့်ထိန်းရမည်ဆိုလျှင် နှစ်ပါးတည်းဖြစ်၍ စောင့်ထိန်း နိုင် ကြောင်းကို ဝတ္ထုဆောင်၍ ပြောလေ။ ထို ဟိရိ ဩတ္တပ္ပတရား နှစ်ပါးကို လောက သမ္ပုတိနတ် ဥပပတ္တိနတ် ဝိသုဒ္ဓိနတ် တည်းဟူသော နတ်သုံးပါးတို့ စောင့်ထိန်း ရှောင်ကြည်အပ် သောကြောင့် ဒေဝဓမ္မတရားလည်း ခေါ်၏။ နတ်သုံးပါးတို့တွင် လောကသမ္ပုတိနတ် ဟူသည်ကား ရှင်ဘုရင်ကိုခေါ်၏။ ဥပ ပတ္တိနတ် ဟူသည်ကား အမိဝမ်း၌ ပဋိသန္ဓေ မနေသော နတ် တို့ကို ခေါ်၏။ ဝိသုဒ္ဓိနတ်ဟူသည်ကား ဘုရား ရဟန္တာတို့ကို ခေါ်၏။ ဒေဝဓမ္မတရား မည်ကြောင်းများကို ညီတော်စန္ဒ သူရိ ယမင်းသား တို့တွင် စန္ဒကုမာရ မင်းသားကို ဘီလူးဘမ်းထား၍ နောင်တော် မဟိံသကုမာရ မင်းသားသည် ဘီလူးအား ဒေဝဓမ္မဇာတ်ကို ဟောသော ဝတ္ထုကို ထုတ်လေ။ ။ဟိရိဩတ္တပ္ပ အဓိပ္ပါယ်။

အလောဘ စေတသိက်သည် အာရုံ၌ မငြိတွယ်ခြင်းလက္ခ ဏာရှိ၏။ အာသဝေါကုန်ပြီးသော ဘုရား, ရဟန္တာ, ပစ္စေက ဗုဒ္ဓါတို့နှင့် တူ၏။ ဘုရား ရဟန္တာ တို့သည် ငါ၏ သပိတ်,

သဟာန်း, ငါ၏ကျောင်း, ကန်, ငါ၏ အရိပ်အာဝါသ ဟူ၍ တပ်မက်မောခြင်း သဘော မရှိသကဲ့သို့ ထို့အတူ အလောဘသည်လည်း အာရုံ၌ တပ်ခြင်း သဘော မရှိ။ ထို့ကြောင့် ဘုရား ရဟန္တာတို့နှင့် တူ၏။ တနည်း။ ပဒုမာ ကြာရွက်တို့နှင့် တူ၏။ ပဒုမာ ကြာရွက်တို့ သဘောသည် မိမိ အပေါ်၌ ကျသော ရေတို့ကို တပေါက်တစက်မျှ မကပ်မငြိနိုင်သကဲ့သို့ ထို့အတူ အလောဘသည် ရူပါရုံစသော အာရုံတို့ကပင် လာသော်လည်း တပ်မက်ခြင်း မရှိ ထို့ကြောင့် ပဒုမာ ကြာရွက်တို့နှင့် တူ၏။ ။တနည်း။ မစင်တွင်း၌ ကျသောသူနှင့် တူ၏။ မစင်တွင်း၌ ကျသောသူသည် မိမိ၌ ကပ်သော မစင်ကို မတပ်မနှစ်သက်သကဲ့သို့ ထို့အတူ ခြောက်ပါးသော အာရုံ၌ မငြိတွယ်သော အားဖြင့် မတပ်ခြင်း လက္ခဏာ ရှိ၏။ ထို့ကြောင့် မစင်တွင်း၌ ကျသော သူတို့နှင့် တူ၏။

အဒေါသ စေတသိက်သည် အာရုံ၌ ကြမ်းတန်းသောအားဖြင့် မပြစ်မှားခြင်း လက္ခဏာ ရှိ၏။ ယယ်ယယ်က ပေါင်းဖော်၍ နေသော အဆွေခင်ပွန်းသည် ကွဲ၍နေသည်နှင့် တူ၏။ ၎င်း အဆွေခင်ပွန်းနှင့် နောက်တဘန် တွေ့ကြသော် အလွန်တရာ တယောက်နှင့် တယောက် မေတ္တာသက်ဝင် ချစ်ခင် ကြ၍ ကောင်းစွာ မွန်စွာ ထမင်း ခဲဘွယ် ဘောဇဉ်တို့ကို စားစေသည်နှင့် တူ၏။ တနည်းလည်း စန္ဒကူးနှင့် တူ၏။ ထို စန္ဒကူးသည် ကျိုက်ကျိုက်ဆူသော ရေသို့ စန္ဒကူးကို ချလိုက်သည် ရှိသော် ရေအေး ပကတိ ဖြစ်သကဲ့သို့ ထို့အတူ အဒေါသ စေတသိက်သည် ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာ တို့ကို ပကတိ သဘောဖြင့် အေးစေတတ်၏။ ထို့ကြောင့် စန္ဒကူးနှင့် တူ၏။ မေတ္တာနှင့် အဒေါသ သဘောကို အတူတူပင်မှတ်။

တတြ မဇ္ဈတ္တတာ စေတသိက်သည် ထိုထိုသော အာရုံ၌ သမ္ပယုတ်တရားတို့ကို လျစ်လျူရှုခြင်း လက္ခဏာ ရှိ၏။ အာဇာ

နည် မြင်းနှစ်ကောင်တို့ဖြင့် ကဲ၍ သွားသောရထားမှူးနှင့် တူ၏။ ၎င်း ရထားမှူးသည် အာဇာနည် မြင်းနှစ်ကောင်အား တကောင်ထက် တကောင် မသာစေဘဲ ဇက်ကြိုးကိုကိုင်၍ လျစ်လျူရှုခြင်း နှလုံးသွင်းခြင်းကို ပြု၍လိုက်သကဲ့သို့ ထို့အတူ တတြမဇ္ဈတ္တတာသည် ထိုထိုသော အာရုံ၌ သမ္ပယုတ် တရားတို့ကို လျစ်လျူရှုခြင်း လက္ခဏာ ရှိ၏။ ထိုသို့ လျစ်လျူရှုခြင်း လက္ခဏာရှိသောကြောင့် တတြမဇ္ဈတ္တတာ စေတသိက်ဟု ခေါ်၏။

ကာယပဿဒ္ဓိ စေတသိက်သည် မိမိနှင့် အတူတကွ ဖြစ်သော စေတသိက်တို့ကို ငြိမ်းစေ၏။

စိတ္တပဿဒ္ဓိ စေတသိက်သည် မိမိနှင့် အတူတကွ ဖြစ်သော သောဘဏစိတ်တို့ကို ငြိမ်းစေ၏။ ပြင်းစွာသော နေပူမှ လာသောသူသည် ကြီးစွာသော အရိပ်သို့ ဝင်သောအခါ နေပူမှငြိမ်းပေပြီဟု ဆိုသောသူနှင့် တူ၏။ ပြင်းစွာသော နေပူနှင့်မူ ဥဒ္ဒစ္စနှင့် တူ၏။ ဝင်သည်နှင့်မူ အရိပ်သို့ ရောက်သောအခါ ကာယပဿဒ္ဓိ ဖြစ်၍ ငြိမ်သက်သည်နှင့် တူ၏။

ကာယလဟုတာ စေတသိက်သည် မိမိနှင့် အတူတကွ ဖြစ်သော စေတသိက်တို့ကို ပေါ့စေခြင်း လက္ခဏာရှိ၏။

စိတ္တလဟုတာ စေတသိက်သည် မိမိနှင့် အတူတကွ ဖြစ်သော သောဘဏ စိတ်တို့ကို ပေါ့စေခြင်း လက္ခဏာ ရှိ၏။ ၎င်းစေတသိက်သည် လေးစွာသော ဝန်ကို ချသည်နှင့် တူ၏။ လေးသောဝန်သည် ထိနမိဒ္ဓနှင့် တူ၏၊

ကာယမုဒုတာသည် မိမိနှင့် အတူတကွ ဖြစ်သော စေတသိက်တို့ကို နူးညံ့စေခြင်း လက္ခဏာ ရှိ၏၊

စိတ္တမုဒုတာသည် မိမိနှင့် အတူတကွ ဖြစ်သော သောဘဏ စိတ်တို့ကို နူးညံ့စေခြင်း လက္ခဏာ ရှိ၏။ ၎င်း မုဒုတာသည် ကြမ်းသော သားရေကို အကြိမ်ကြိမ် အဘန်ဘန် နယ်ခြင်း,

ရေစိမ်ခြင်းကို ပြု၍ နူးညံ့စွာ ဖြစ်သည်နှင့် တူ၏။ ကြမ်းသော သားရေနှင့် ဒိဋ္ဌ တူ၏။

ကာယကမ္မညတာ စေတသိက်သည် မိမိနှင့် အတူတကွ ဖြစ်သော စေတသိက် တို့ကို ကျင်နာခြင်းမှ ငြိမ်းခြင်း လက္ခဏာ ရှိ၏။

စိတ္တကမ္မညတာသည်။ လ။ ၏။ ၎င်းစေတသိက်သည် အခါခါ ဖျော်ပြီးသော ရွှေနှင့် တူ၏။ အခါခါ မဖျော်သေး မဦးသေးသော ရွှေသည် တူရိုက် ပေရိုက်မခံဘဲ ကွဲပြတ်ခြင်းသို့ ရောက်၏။ အခါခါဖျော်ပြီး ဦးပြီးသော ရွှေသည်ကား အလိုရှိတိုင်း လက်ကောက် နားဒောင်း ပုတီး လက်စွပ် လုပ်ခြင်း စသော အလိုရှိတိုင်း လုပ်သော်လည်း မကွဲ မပြတ် တူရိုက် ပေရိုက်ခြင်း အမှုတို့ကို ခံသကဲ့သို့ ထို့အတူ စိတ် စေတသိက်တို့အား အမှု၌ ခန့်ခြင်းလက္ခဏာ ရှိ၏။

ကာယပါဂုညတာ စိတ္တပါဂုညတာ စေတသိက် တို့သည် ကျင်နာခြင်းမှ ငြိမ်းခြင်း လက္ခဏာ ရှိ၏။ ပြင်းထန်စွာ အနာရောဂါ ရောက်သော သူသည် ၎င်းအနာရောဂါ ပျောက်သည့် ကာလ ငါ့မှာ ကြီးစွာသော အနာမှ ပျောက်လေပြီဟု ဟိန်းချသည်နှင့် တူ၏။ ထို့အတူ ကျင်နာခြင်း မသဒ္ဓါခြင်း တည်းဟူသော အကုသိုလ် နီဝရဏ တရားတို့သည်ကား ကြီးစွာသော အနာရောက်သည်နှင့် တူ၏။ ၎င်း အနာပျောက်၍ ဟိန်းချသည်နှင့်မူ ကာယပါဂုညတာ စိတ္တပါဂုညတာ ယှဉ်သည့်ကာလ ငါကား ကျင်နာသောတရား၊ မသဒ္ဓါသော တရားတို့ကို ပျောက်ရပေပြီဟု ဟိန်းချ၍ မကျင်နာခြင်း၊ သဒ္ဓါခြင်းဖြစ်သည်နှင့် တူ၏။

ကာယုဇုကတာ စိတ္တုဇုကတာ တို့သည် ဖြောင့်စွာဖြစ်ခြင်း လက္ခဏာရှိ၏။ ကောက်ကျစ်သောမြွားကို ဖြောင့်မတ်သောမှုဆိုးနှင့် တူ၏။ ၎င်း မှုဆိုးသည် ကောက်ကျစ်သော မြွားကို ဖြောင့်

မတ်သကဲ့သို့ ထို့အတူရင်း၊ ကောက်ကျစ်သည်နှင့်မှ အကုသိုလ်စိတ်နှင့်တူ၏။ မြွေးဖြောင့်သည်နှင့်မှ ကာယုဇုကတာ စိတ္တုဇုကတာ ယှဉ်သောအခါ မှုဆိုးမြွေးကို ဖြောင့်အောင် ဖြောင့်မတ်သည်နှင့်တူ၏။ ။သဋ္ဌါအစ စိတ္တုဇုကတာ အဆုံးရှိသော တခုယုတ်နှစ်ဆယ်သော စေတသိက်ဘို့ကို သောဘဏသာဓာရဏ စေတသိက်ဟု ခေါ်၏။ အဘယ့်ကြောင့် ခေါ်သနည်းဟူမူ။ သောဘဏစိတ် တခုယုတ် ခြောက်ဆယ်တို့နှင့် ဆက်ဆံသည်၏ အဖြစ်ကြောင့် သောဘဏသာဓာရဏ စေတသိက်ခေါ်၏။

## ဝိရတီစေတသိက် ၃ ပါး

ဝိရတိစေတသိက် သုံးခုတို့တွင် သမ္မာဝါစာ စေတသိက်သည် အာဇီဝဟေတုကို မငဲ့မူ၍ မုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ တည်းဟူသော ဝစီဒုစရိုက် လေးပါးတို့မှ ကြဉ်ရှောင်ခြင်း လက္ခဏာ ရှိ၏။

သမ္မာကမ္မန္တ စေတသိက်သည် အာဇီဝဟေတုကို မငဲ့မူ၍ ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ တည်းဟူသော ကာယဒုစရိုက် သုံးပါးတို့မှ ကြဉ်ရှောင်ခြင်း လက္ခဏာ ရှိ၏။

သမ္မာအာဇီဝ စေတသိက်သည် အာဇီဝဟေတုကိုငဲ့၍ သမ္မာဝါစာ ကြဉ်ရှောင်သော ဝစီဒုစရိုက်လေးပါး, သမ္မာကမ္မန္တ ကြဉ်ရှောင်သော ကာယဒုစရိုက်သုံးပါး ဤဒုစရိုက်ဘာရေးတို့ကို ကြဉ်ရှောင်ခြင်း လက္ခဏာရှိ၏။ ။သမ္မာဝါစာနှင့် သမ္မာကမ္မန္တ ၎င်း စေတသိက် နှစ်ပါးသည် ဗဟိဒ္ဓကိုငဲ့၍ အကုသိုလ်ကို ကြဉ်ရှောင်သည်။ သမ္မာအာဇီဝ စေတသိက်သည် အဇ္ဈတ္တကိုငဲ့၍ အကုသိုလ်ကို ကြဉ်ရှောင်သည်။

ဥပမာကား သမ္မာဝါစာ သမ္မာကမ္မန္တ စေတသိက်နှစ်ပါးသည် မင်းဘေး မင်းဒဏ်ကို ကြောက်၍ မခိုးဝံ့မတိုက်ဝံ့ မသူဝံ့

သော သူခိုးနှင့် တူ၏။ ထို မင်းဘေး မင်းဒဏ်ကို ကြောက်၍ မခိုးဝံ့ မတိုက်ဝံ့ မယူဝံ့သော သူခိုးသည် မယားသား တို့အား ကျွေးမွေး ဝတ်ဆင်ရန် ရွှေ ငွေ ရတနာ စသော ပစ္စည်းတို့ကို မရလျှင် ရအောင် ခိုးစွမ်းနိုင်သော သတ္တိပင် ရှိသော်လည်း ထိုမင်းလက်ထက်၌ သူခိုးဟုဆိုလျှင် ဟင်းရွက် ခိုးသော သူကိုမျှ မလွတ်ရအောင် သတ်သည်။ ထားထက် သည်ဖြစ်၍ မတော်၍ ခိုးမိခဲ့သည် ရှိသော် မသေ လောက် သော အမှုနှင့်ပင် သေရလတ္တံ့ဟု ထိုခိုးသူသည် မင်းထား ထက်သောကြောင့် မင်းဘေးတည်းဟူသော ဗဟိဒ္ဓကိုငဲ့သော အားဖြင့် မခိုးဝံ့ဘဲ ကြဉ်ရှောင်၍ နေသကဲ့သို့ သမ္မာဝါစာ သမ္မာကမ္မန္တ စေတသိက်တို့သည်လည်း အပါယ်ဘေး တည်း ဟူသော ဗဟိဒ္ဓကိုငဲ့၍ မုသာဝါဒစသော ဝစီဒုစရိုက် လေးပါး ပါဏာတိပါတ စသော ကာယဒုစရိုက် သုံးပါးတို့မှ ကြဉ် ရှောင်၏။ သမ္မာဝါစာ သမ္မာကမ္မန္တနှစ်ပါး၏ ဥပမာ။

သမ္မာအာဇီဝ စေတသိက်သည် သေအံ့သော ဘေးမှ ကြောက်သောကြောင့် အဆိပ်သီး အဆိပ်ဆေး တို့ကို မစား ဝံ့သောသူနှင့် တူ၏။ ထိုသို့ သေအံ့သော ဘေးမှ ကြောက် သောသူသည် မိမိသေရမည်ကို ကြောက်၍ မိမိ အဇ္ဈတ္တကို ငဲ့သောအားဖြင့် အဆိပ်သီး အဆိပ် ဆေးတို့ကို မစားဝံ့ သကဲ့သို့ ထို့အတူ မိမိ၏ အသက်မွေးခြင်း တည်းဟူသော အာဇီဝ အဇ္ဈတ္တကိုငဲ့၍ ဝစီဒုစရိုက်လေးပါး ကာယဒုစရိုက် သုံး ပါးတို့မှ ကြဉ်ရှောင်သောကြောင့် ဘေးမှကြောက်၍ အဆိပ် သီး အဆိပ်ဆေးတို့ကို မစားဝံ့သောသူနှင့် တူ၏။ ။သမ္မာအာဇီဝ ဥပမာ။

သမ္မာဝါစာသည် ဝစီဒုစရိုက်လေးပါးကို ကြဉ်ရှောင်သည်၊ သမ္မာအာဇီဝလည်း ဝစီဒုစရိုက်လေးပါးကို ကြဉ်ရှောင်သည်၊ သမ္မာကမ္မန္တလည်း ကာယဒုစရိုက် သုံးပါးကို ကြဉ်ရှောင်

သည်၊ သမ္မာအာဇီဝလည်း ကာယ ဒုစရိုက် သုံးပါးကို ကြဉ်ရှောင်သည်၊ ထိုသို့ကြဉ်ရှောင်ခြင်းတို့သည် အသို့ ထူးသနည်း၊ တရားသည် အတူတူပင် မဟုတ်လောဟူမူ၊ သမ္မာဝါစာသည် ဝစီဒုစရိုက် လေးပါးကို ကြဉ်ရှောင်သော အခါ အသက်မွေးခြင်းတည်းဟူသော အာဇီဝဟေတုကို မငဲ့ဘဲ အပါယ်ဘေး တည်းဟူသော ဇဟိဒ္ဓကို ငဲ့သောအားဖြင့် အကုသိုလ်ကို ကြဉ်ရှောင်သည် သမ္မာအာဇီဝသည်၊ ဝစီဒုစရိုက် လေးပါးကို ကြဉ်ရှောင်သောအခါ အသက်မွေးခြင်း တည်းဟူသော အာဇီဝ ဟေတု အဇ္ဈတ္တကို ငဲ့၍ အကုသိုလ်ကိုကြဉ်ရှောင်သည်။ သမ္မာကမ္မန္တသည် ကာယ ဒုစရိုက်သုံးပါးကို ကြဉ်ရှောင်သော အခါ အသက် မွေးခြင်း တည်းဟူသော အာဇီဝ ဟေတုကို မငဲ့ဘဲ အပါယ်ဘေး တည်းဟူသော ဇဟိဒ္ဓကိုသာ ငဲ့သော အားဖြင့် ကာယဒုစရိုက် သုံးပါးကို ကြဉ်ရှောင်သည်။ သမ္မာအာဇီဝသည် ကာယဒုစရိုက် သုံးပါးကို ကြဉ်ရှောင်သော အခါ အသက်မွေးခြင်းတည်းဟူသော အဇ္ဈတ္တကိုငဲ့၍ ကာယဒုစရိုက်သုံးပါးကို ကြဉ်ရှောင်သည်။ ဤသို့အဇ္ဈတ္တကို ငဲ့သည် မငဲ့သည်။ ဗဟိဒ္ဓကို ငဲ့သည် မငဲ့သည်ဟု ထူးကြလေသည်။ ။သမ္မာ အာဇီဝကို ကြဉ်ရှောင်ရာ၌ ရှေးဦးစွာ အပါယ်လားခြင်း ဟူသော ဗဟိဒ္ဓကိုပင် ငဲ့သော်လည်း နောက် အသက်မွေးခြင်း အဇ္ဈတ္တကို ငဲ့လျက်သာ နေစေရမည်။

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ၄င်း သုံးပါးတို့၏ ငဲ့,မငဲ့ ထူးဟန်ကို ဥပမာပြပေအံ့။ ။တယောက်သော သူသည် ဥယျာဉ် ပန်းမာလ် လယ်ယာ ကိုင်းကျွန်း စသည့်တို့ကို မိမိဥစ္စာ မဟုတ်ဘဲလျက်နှင့် ငါတို့ မိဘ ဘိုးဘွားက ဆင်းသက်လုပ်ကိုင်စားသောက်၍ လာသော ဥယျာဉ် ပန်းမာလ်တည်းဟု စွပ်စွဲသဖြင့် တရား တွေ့ကြရာ စကားတတ်သော ရှေ့နေကောင်း အထံသို့ သွား၍ အသင်ရှေ့နေမင်း သင်အား မည်မျှသော ရွှေ ငွေဥစ္စာ

ပစ္စည်းတို့ကို ပူဇော်ပါမည်။ ကျွန်တော်၏ လယ်ယာကိုင်းကျွန်း ဥယျာဉ် ပန်းမာလ်ကား မဟုတ်ပေ။ကျွန်ုပ်၏ ဥယျာဉ် ပန်းမာလ် လယ်ယာ ကိုင်းကျွန်းတို့နှင့် နီးစပ်၍သာ လိုချင်သော အားဖြင့် ထိုသူ့လက်မှ ဥယျာဉ် ပန်းမာလ် လယ်ယာမြေ ကိုင်းကျွန်းတို့ကို အကျွန်ုပ်အား ရအောင် မဟုတ် မမှန်သော စကားကို ပြောဆို ခြင်းဖြင့် ပြောဆို၍ ပေးပါဟု စွပ်စွဲ သောသူက ဆိုသဖြင့် ထို ရှေ့နေ လိုက်သောသူသည် ကောင်းပြီ မဟုတ် မမှန်သော်လည်း ဟုတ်မှန်သကဲ့သို့ အများကပင် မှန်သည်ဟု ထင်လောက်အောင် သော စကားကို ငါလှည့်ပတ် ပြောဆိုမည် ဟု လက်ဆောင် ပဏ္ဏာ ပူဇော် သက္ကာရ တို့ကို ယူလိုက်၏။ ထို့နောင် ရှေ့နေ လိုက်သော သူသည် ဤသို့ အကြံဖြစ်ပြန်၏။ ငါသည် ယခု သူ၏ ဥယျာဉ်ပန်းမာလ် လယ်ယာ ကိုင်းကျွန်း ဟုတ်မှန်ပေလျက် ကို မဟုတ်မမှန်ဟု မုသား ပြောဆိုသည် ဖြစ်အံ့။ မြတ်စွာဘုရား သည်လည်း မုသားပြောဆိုသော သူသည် ကြီးစွာသော အပါယ် ဘေးကို ခံရ၏။ အပါယ်ဘေးမှ လွတ်ပါသော်လည်း အဆင်းမ လှခြင်း, ယုတ်မာသော အမျိုး၌ ဖြစ်ရခြင်း, ခံတွင်းပုပ်ခြင်း, သွား သွေးပင် ရသော်လည်း သွားယောက်ျားမဘွားဘဲ သွိုးသာ ဘွား ခြင်း စသော မကောင်းသော ဖြစ်ချခြင်း၏ အကြောင်းကို ဟော ဘော်မူပေ၏။ ။ငါမူကား ယခု သူတော်ကောင်းတို့ စက်ဆုပ် ရွံရှာအပ်သော အမှုကို ပြုအံ့ဟု အာမခံ လိုက်၏။ အကယ်၍ တည်း မဟုတ် မမှန်သော အမှုကို ဟုတ်မှန်အောင် မုသားဆို မိအံ့ အပါယ် ဘေး၌ခံရလတ္တံ့ဟု အပါယ်ဘေးကိုသာ ငဲ့သော အားဖြင့် သူ၏ ရွှေငွေ ဥစ္စာ ပစ္စည်းတို့ကို ပြန်၍ ပေးလိုက်၏။ မုသား ပြောဆိုခြင်းမှလည်း ကြဉ်ရှောင်၏။ ထိုသို့ ကြဉ်ရှောင် သောအခါ သမ္ပာဝါစာ ဖြစ်သတည်း။

သမ္မာအာဇီဝ ကြဉ်ရှောင် ဟန်ကား မုသား ပြောဆိုအံ့ဟု ဝန်ခံပြီးမှ ငါ မုသား ပြော၍ ရသော ဥစ္စာသည် အသက်ထက်

ဆုံး သုံးဆောင် စားသောက် လောက်မည်မဟုတ်။ ထိုဥစ္စာကို ငါ့ ချည်းသာ စားသောက် ရမည်လည်း မဟုတ်။ ငါ့မယားသားတို့ လည်း စားသောက်လိမ့်မည်။ ထိုသို့ မုသားပြောခြင်း တည်းဟူ သော အကြောင်းကြောင့် အပါယ်ဘေး၌ ခံရသည်ရှိသော် ငါ တယောက်ထည်းသာခံရလိမ့်မည်။ ငါ၏လင်၊ ငါ၏အဘ၊ ငါတို့ကို ကျွေးမွေးရန် တွက်တာကြောင့် မုသာဝါဒ တည်းဟူသော မကောင်းမှုတို့ကို ပြောဆိုပေသည်။ ငါတို့ မယားသားဖြစ်သော သူတို့သာ ခံကြစို့ဟု ဤကဲ့သို့ ဆိုကြမည်လည်း မဟုတ်၊ အ ကယ်၍ ဆိုသော်လည်း ငါ့မယား ငါ့သားတို့လည်း ငါ၏အတွက် ကို မခံရကုန်။ ငါမုသားပြောဆိုသော ဥစ္စာကိုမူကား။ ငါ့မယား ငါ့သားနှင့်တကွ စားသောက်ကြ၏။ သို့ဖြစ်၍ ဤကဲ့သို့ မမှန်ကန် သဖြင့် ရသောပစ္စည်းကို အဘယ်အကျိုး ရှိအံ့နည်း။ ကောင်း သော တပါးသော အမှုဖြင့်သာ လုပ်ကိုင် စားသောက်တော့အံ့ ဟု ဤသို့မဟုတ်မမှန်လျက်ကိုမဟုတ်မမှန်သောစကားကိုငါမပြော ပါဟု အသက်မွေးခြင်း အာဇီဝဟောတုကို ငဲ့၍ ကြဉ်ရှောင်၏။ ထိုအခါ သမ္မာအာဇီဝ ဖြစ်၏။ ။မုသာဝါဒ တည်းဟူသော ဝိရမိတဗ္ဗဝတ္ထု၊ တခုထည်း၌ သမ္မာဝါစာ သမ္မာအာဇီဝ ဖြစ်ပုံ တည်း။ ။ပိသုဏာ ဝါစာတည်းဟူသော ဝိရမိတဗ္ဗဝတ္ထု၌လည်း သမ္မာဝါစာနှင့် သမ္မာအာဇီဝ ကြဉ်ရှောင်ပုံ၊ ။ဖရုသဝါစာတည်း ဟူသော ဝိရမိတဗ္ဗ ဝတ္ထု၌လည်း သမ္မာဝါစာနှင့် သမ္မာအာဇီဝ ကြဉ်ရှောင်ပုံ။ ။သမ္ဖပ္ပလာပ တည်းဟူသော ဝိရမိတဗ္ဗဝတ္ထု၊ ၌လည်း သမ္မာဝါစာနှင့် သမ္မာအာဇီဝ ကြဉ်ရှောင်ပုံတို့ကို ရှေး ကိုမှီ၍ ဝစီဒုစရိုက် ကုန်အောင် ယူလေ။

သမ္မာကမ္မန္တ သမ္မာအာဇီဝမှာ ငဲ့၊မငဲ့ထုံးဟန် ဥပမာကား။ တယောက်သော သူသည် တယောက်သော သူကို အသင် ငါ သည် နွားသားကို စားချင်လှသည်။ သေအောင် သတ်၍ ငါ့အား ပေးပါလော့။ ထိုနွားသောလျှင် သင့်ကို ငါသည် တဆယ် ကိုးကျပ်

စသည်ဖြင့် ပေးပါမည်ဆိုလျှင် ထိုနွားကို သတ်၍ သူသည် ကောင်းပြီဟု အာမခံလိုက်၏။ ထိုသို့အာမခံပြီးလျှင် သတ်မည်ဟု သွားသည်ရှိသော် နွားထံသို့ ရောက်သောအခါ ဤသို့ အကြံဖြစ် ပြန်၏။ငါသည် အကယ်၍ ထိုနွားကို သတ်သည် ရှိသော် ထိုနွား သည် သေရှာတော့မည်။ သေလျှင်လည်း ငါ၌ ပါဏာတိပါတကံ မြောက်တော့မည်။ ပါဏာတိပါတကံ မြောက်လျှင်လည်း ထို ပါဏာတိပါတကံ မြောက်သောသူတို့သည် သေသည်၏အခြား မဲ့၌ ထိုပါဏာတိပါတကံ အကျိုးပေးသည်ရှိသော် အပါယ်သို့ ကျတတ်၏။ အပါယ်မှလွတ်သော်လည်း အသက်တိုခြင်း၊ အ ဆင်းသဏ္ဌာန်ယုတ်မာခြင်း၊ ဆင်းရဲ ငတ်မွတ် ခေါင်းပါးခြင်း တို့ကို ဖြစ်စေတတ်၏၊ သို့ဖြစ်ပါ၍ ငါသည် ထိုနွားကို မသတ် ပါပြီဟု ပြန်လာခဲ့၏။ ထိုအခါ သမ္မာကမ္မန္တ ဖြစ်၏။

သမ္မာအာဇီဝ ဖြစ်ဟန်ကား ထိုနွားကို သင်သတ်လော့၊ သတ်၍ သေလျှင် သင့်အား ငွေတဆယ် ကိုးကျပ် စသည်ဖြင့် ပေးမည်ဟုဆို၏။ ထိုအခါ အာမခံပြီးလျှင် သတ်မည်ဟု သွား သည်ရှိသော် နွား၏ထံသို့ ရောက်လျှင် ဤသို့ အကြံ ဖြစ်ပြန်၏။ ထိုနွားကို ငါသတ်လျှင်လည်း သေရှာလေတော့မည်။ သေလျှင် လည်း ငါ့အား ငွေတဆယ် ကိုးကျပ်ကိုလည်း ရတော့မည်။ထို ငွေတဆယ် ကိုးကျပ်ကိုလည်း အသက် ထက်ဆုံး သုံးဆောင် စားသောက် ရသည်လည်း မဟုတ်၊ စားသောက်သည် ကာလ လည်း ငါချည်း တယောက်ထည်းသာ စားသောက် ရသည် မဟုတ်၊ ငါ့မယား သားသမီးတို့နှင့် အတူတကွ စားသောက် ၍ နောင်အခါ နွားကိုသတ်၍ အပါယ်ငရဲ၌ ခံရသောအခါ ငါ့ မယား ငါ့သား ငါ့သမီးတို့သည် လာ၍ခံချင်သော်လည်း မခံရရာ၊ ငါ၏အပြစ်ကို ငါသာလျှင် ခံရလိမ့်မည် သို့ဖြစ်၍ ထိုနွားကို ငါမသတ်ပြီဟု ပြန်ခဲ့၏။ ထိုအခါ သမ္မာအာဇီဝသည် ဖြစ်၏။ ပါဏာတိပါတကိုသာ ပြလိုက်သည်။ ဤနည်းကိုမှီ၍ အဒိန္နာ

ဒါနံ ကာမေသု မိစ္ဆာစာရ တို့၌လည်း သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝတို့ကို ယူလေ။ မုသာဝါဒ။လ။ ကာမေသု မိစ္ဆာစာရ ၌ခုနစ်ပါးသည် ကြည်ရှောင်အပ်သောတရား ဖြစ်၍ ဝိရမိတဗ္ဗ ဝတ္ထုမည်၏။ ဝိရတိစေတသိက် သုံးခုမှကား ထိုသို့ ကြည် ရှောင်အပ်သော ခုနစ်ပါးသော ဝိရမိတဗ္ဗ ဝတ္ထုတို့ကို ကြည် တတ်သောကြောင့် ဝိရတိ မည်၏။ ။၌ဆိုခဲ့ပြီးသော အင်္ဂါနှင့် ညီမှသာ ဝိရတိအစစ် ဖြစ်သည်။ ဝိရမိတဗ္ဗ ဝတ္ထုကို ကြည် ရှောင်သည် မဟုတ်ဘဲ ကိုယ်နှုတ် အမူအရာ နူးညံ့ စွာလျှင် သာယာပြေပျောင်း ကောင်းသောစကားကို ပြောခြင်း၊ ကောင်း သောအမှုကို ပြုခြင်း၊ ၌ကဲ့သို့ပင် ကောင်းသော်လည်း ဝိရမိ တဗ္ဗဝတ္ထုကို မကြည်ရှောင်ရသောကြောင့် ဝိရတိမဖြစ်။ကောင်း သော စကားကို ပြောဆိုခြင်း၊ ကောင်းသော အမှုကို ပြုခြင်း ကြောင့် ဝေါဟာရဝိရတိဟူ၍သာ ခေါ်ရ၏။ စင်စစ် ဝိရတိကား မဟုတ်၊ ယခုလောက၌ ကောင်းသောစကားကို ပြောဆိုခြင်း စာပေကျမ်းဂန် အံခြင်း စသည်တို့၌ ဝိရတိဖြစ်၏ဟု ဆိုကြ သေး၏။

## ဝိရတိသုံးပါးမှတ်ရန်

ထို ဝိရတိ သုံးချက်လည်း သမ္ပတ္တ ဝိရတိ သမာဒါန ဝိရတိ သမုစ္ဆေဒ ဝိရတိဟူ၍ သုံးပါး အပြားရှိ၏။ ထိုသုံးပါး တို့တွင် သမာဒါန ဝိရတိသည် အနာဂတ်ကိုသာငဲ့၏။ ကြွင်းသောဝိရတိ နှစ်ပါးသည် ပစ္စုပ္ပန်ကိုသာငဲ့၏။ ။ထိုသုံးပါးတို့တွင် သမ္ပတ္တ ဝိရတိသည် တရံတခုသော ဝတ္ထုပစ္စည်းတို့ကို မတွေ့ ခင်က ပင် အရှင် ဆရာသမားထံ၌ ပါဏာတိပါတာ ဝေရမဏီ အစ ရှိသောအားဖြင့် ဆောက်တည် ထိန်းသိမ်း၍မထား၊ တွေ့လျှင် တွေ့ခြင်း မျက်မှောက်၌ ကြည်ရှောင်လေ၏။ ထိုသို့ ကြည်ရှောင် ခြင်းသည် သမ္ပတ္တဝိရတိမည်၏။ သမာဒါနဝိရတိသည် ဝတ္ထု ပစ္စည်း အစရှိသည်တို့ကို မသိမမြင် မကြားခင် ကပင် ဆရာ

သမားတို့ထံ၌ ယနေ့မှစ၍ ရက်ပေါင်း နှစ်ပေါင်း ဤမျှဤရွေ့ ကာလပတ်လုံး သူ့အသက်ကိုသတ်ခြင်း အစရှိသော မကောင်းမှုအကုသိုလ်တို့ကို မပြုပါပြီဟု ပါဏာတိပါတာဝေရမဏီ အစရှိသည်ဖြင့် ဆောက်တည် ထိန်းသိမ်းခြင်းသည် သမာဒါနဝိရတိ မည်၏။ သမုစ္ဆေဒဝိရတိသည် တစုံတယောက်သော သူကပင် ထိုသူကို သင်သတ်ရမည်။ မသတ်လျှင် သင့်ကို ငါသတ်မည်ဟု ဆိုငြားသော်လည်း မသတ်မူ၍ မိမိအသက်ကိုသာ အသေခံ၏။ထိုသူကို မသတ်ပြီ။ ဤသို့ရှောင်ကြဉ်ခြင်းသည် သမုစ္ဆေဒဝိရတိ မည်၏။

သမာဒါနဝိရတိ ဖြစ်ဟန်ကား ရှေးသရောအခါ ပုဏ္ဏားတယောက်သည် ဆရာသမားထံ၌ ပါဏာတိပါတာ ဝေရမဏီ အစရှိသည်ဖြင့် ဆောက်တည် ခံယူ၍ ပဲခွပ်, ပုဆိန်, ထားမတို့ကို ယူဆောင်ပြီးလျှင် တောအရပ်သို့ သွားသည် ရှိသော်၊ ထို တောအရပ်၌ တခုသောမြွေသည် ပုဏ္ဏားကို ပတ်လေ၏။ ထိုသို့ပတ်သောအခါ ပုဏ္ဏားသည် လက်၌ပါသော ပဲခွပ်,ပုဆိန်,ထားမတို့နှင့် သတ်တော့မည်ဟု ကြံ၏။ ထိုသို့ကြံသောအခါ ငါသည် ဆရာသမားတို့ထံ၌ ဆောက်တည် ထိန်းသိမ်း အပ်သော သီလသည် ပျက်ရတော့မည်ဟု ဆိုပြီးလျှင် သူ့အသက်ကို ငါမသတ်ဟုကြံ၍ နေ၏။ဤကဲ့သို့ပင် သတ်မည်ဟု သုံးကြိမ်ကြံပြီးမှ ဤသို့ကြံ၏။ ငါ့ကို ထိုမြွေကိုက်၍ ငါပင်သေမူ သေပါစေ ထိုမြွေကို ငါမသတ်ပြီဟု မိမိလက်၌ပါရှိသော ပဲခွပ်,ပုဆိန်,ထားမတို့ကို ပစ်လိုက်၏။ ထိုအခါ မြွေသည် မကိုက်ဘဲ အပတ်ကိုဖြေ၍ သွားလေ၏။ ထိုအခါ ပုဏ္ဏားသည် သမာဒါနဝိရတိ ဖြစ်၏။

သမ္ပတ္တဝိရတိ ဖြစ်ဟန်ကား မဟာဇဂ္ဂန ရူဋ္ဌဇဂ္ဂနဟူ၍ ညီနောင် နှစ်ယောက်တို့ သည်ရှိ၏။ တရံရောအခါ ထိုညီနောင် နှစ်ယောက်တို့၏ အမိသည် ပြင်းစွာသော ရောဂါဝေဒနာသည် ရောက်လေ၏။ ထိုအခါ သမားတို့ကိုခေါ်၍ ကုသစေသည်ရှိသော်

သမားတို့လည်း ဤသို့ဆို၏။ သင်တို့အမိသည် အခြားသောဆေးဝါး မန္တန်တို့နှင့် ပျောက်မည်မဟုတ်၊ ယုန်သွေးကို ရမှ ပျောက်မည်ဆို၏။ ထိုအခါ အစ်ကိုဖြစ်သော မဟာဇဂ္ဂနက ညီဖြစ်သော ရုဋ္ဌဇဂ္ဂနကို ယုန်အရှာ ခိုင်းသောကြောင့် ညီရုဋ္ဌဇဂ္ဂနလည်း တောအရပ်သို့ သွား၍ ယုန်ကို ပိုက်နှင့်ထောင်ပြီးလျှင် လိုက်သည်ရှိသော် ပိုက်၌ ယုန်မကြီးတကောင်ကို မိလေ၏။ ထိုယုန်မ၏ သားသ္မီးတို့သည် အမိကိုမိ၍ အမိ၏အနီး၌ မသွားဘဲနေသေ၏။ ထိုရုဋ္ဌဇဂ္ဂနသည် ယုန်ကိုဘမ်း၍ သတ်အံ့ဟု ကြံသော် ငါသတ်သည်ဖြစ်အံ့ ထိုယုန်မသည် သေရှာလေတော့မည် ဧကန်မှန်၏။ ထိုယုန်မ သေလျှင် ယုန်သားငယ်တို့သည် ငါ၏ အမိသေသည့်ကာလ ငါတို့ ပူပန်သကဲ့သို့ ဒုက္ခရောက်ရှာလိမ့်မည်။ ထိုယုန်မ၏ သွေးနှင့်လည်း ငါ၏အမိ ပျောက်မည်လည်းမသိ မပျောက်မည်လည်းမသိ၊ ထိုဆရာတို့သည် ရမ်းရော်သောအားဖြင့်သာ ပြောဆို၏။ သို့ဖြစ်၍ ငါသည် ယုန်မကို မသတ်ပြီဟု လွှတ်လိုက်၏။ ထိုအခါ အစ်ကိုဖြစ်သော မဟာဇဂ္ဂနက ယုန်ရ မရကို မေးသည်ရှိသော် ငါသည် တခုသော ယုန်မကိုမိ၏။ ထိုသို့မိသော်လည်း ငါလွှတ်လိုက်၏ဟု ပြောလျှင် မဟာဇဂ္ဂနလည်း များစွာသောဆဲရေးခြင်းတို့ဖြင့် ဆဲရေးလေ၏။ ရုဋ္ဌဇဂ္ဂနသည်လည်း အမိ၏ အထံသို့ ဝင်၍ ငါ၏အမိသည် ထိုယုန်မ၏ အသက်ဘေးမှ ချမ်းသာရသကဲ့သို့ ထိုရောဂါ ဝေဒနာမှ ပျောက်ကင်း ငြိမ်းစေသတည်းဟု ဓိဋ္ဌာန်၍ အမိ၏ကျောကို လက်ဖြင့် ဆုပ်နယ်သည်ရှိသော် အမိ၏ ပြင်းထန်စွာခံရသော ရောဂါတို့သည် မကြာခင် ခဏခြင်း ပျောက်ကင်းလေ၏ ထိုအခါ ရုဋ္ဌဇဂ္ဂနသည် သမ္ပဇ္ဇာပိရတိဖြစ်၏။ ယုန်ကို လွှတ်လိုက်စဉ်ကပင် သမ္ပဇ္ဇာပိရတိဖြစ်၏။

သမုစ္ဆေဒပိရတိ ဖြစ်ဟန်ကား ရဟန္တာတို့နှင့်တူ၏၊ သောတာပတ္တိမဂ်ကိုရလျှင် ဒိဋ္ဌိဂတသမ္ပယုတ် လေးခုနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်ခြင်း၊ အနာဂါမိမဂ်ကိုရလျှင် ကာမရာဂကို

အကြွင်းမဲ့ပယ်ခြင်း အရဟတ္တမဂ်ကိုရလျှင် ရူပရာဂ အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဝိပ္ပယုတ္တလေးခုနှင့် ဉဒ္ဒစ္စကို အကြွင်းမဲ့ပယ်ခြင်းသည် သမုစ္ဆေဒ ဝိရတိမည်၏ ထိုဝိရတိကို အဘဲ့ကြောင့် ဝိရတိဟု ခေါ်ရသနည်းဟူမူ ဝိရမိတဗ္ဗဝတ္ထု၊မှ ကြဉ်တတ်သောကြောင့် ဝိရတိစေတသိက်ခေါ်၏၊ ဝိရမိတဗ္ဗဝတ္ထု ဆိုသည်မှာ ဒုစရိုက် ခုနစ်ပါးကိုဆို၏၊ထိုဒုစ္စရိုက် ခုနစ်ပါကားကြဉ်အပ်သော တရားဖြစ်၏၊ထိုဝိရတိစေတသိက် သုံးခုသည်ကြဉ်တတ်သော တရားဖြစ်၏ ထို့ကြောင့် ဝိရတိဟု ခေါ်၏။ ဝိရတိပြီး၏။

## အပ္ပမညာစေတသိက် ၂ ပါး

အပ္ပမညာနှစ်တို့တွင် ကရုဏာ စေတသိက်သည် အဘိုင်းမသိသော ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ သနားခြင်းလက္ခဏာရှိ၏။ ။သား သမီးတို့၌ ပြင်းထန်စွာသော ရောဂါဝေဒနာရောက်သော အမိသည် ငါ၏ သား သမီးတို့သည် အဘယ်ကာလ အဘယ်အခါ၌မှ ပျောက်ပါလိမ့်မည်နည်း ယခုပင်ပျောက်လျှင် ကောင်းလေစွဟု သနားခြင်းဖြစ်သကဲ့သို့ ထို့အတူ ကရုဏာ အားကြီးသောသူလည်း ဒုက္ခိတသတ္တဝါကို မြင်သည့်ကာလ ထိုသတ္တဝါသည် အဘယ်ကာလ အဘယ်အခါ ချမ်းသာပါလိမ့်မည်နည်း ယခုချမ်းသာလျှင် ကောင်းလေစွဟု သနားခြင်း ကရုဏာဖြစ်၏။ ။မုဒိတာစေတသိက်သည် ခပ်သိမ်းသော သုခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏၊ သားသမီးတို့၏ စည်းစိမ်နှင့် ပြည့်စုံခြင်းကိုငှင်း အဆင်းသဏ္ဌာန်နှင့် ပြည့်စုံခြင်းကိုငှင်း အမိမြင်သည့်ကာလ အအလွန်ဝမ်းမြောက်ခြင်း ဖြစ်သကဲ့သို့ ထို့အတူ မုဒိတာ အားကြီးသောသူသည် စည်းစိမ် ဥစ္စာ အခြွေအရံနှင့် ပြည့်စုံသောသူကို မြင်လျှင် ကောင်းလေစွဟု ဝမ်းမြောက် ဝမ်းသာဖြစ်၏။ ကရုဏာ မုဒိတာ စေတသိက်နှစ်ခုသည် ဗဟိဒ္ဓကိုသာ အာရုံပြုသည် ပညတ်ကိုသာ အာရုံပြုသည်။

အောက် သောဘဏသာခာရဏ စေတသိက်တို့တွင် အဒေါသ စေတသိက် တတြမဇ္ဈတ္တတာ စေတသိက်နှစ်ခု အပ္ပမညာနွေး ၎င်းလေးပါးကို ဗြဟ္မဝိဟာရတရား လေးပါးဟုခေါ်၏၊ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တို့သာတည်း။ မေတ္တာသည် ရာဂနှင့် နီးသောရန်သူ ဒေါသနှင့် ဝေးသောရန်သူ၊ ကရုဏာသည် ဒေါသနှင့် နီးသောရန်သူ ကိလေသာနှင့် ဝေးသောရန်သူ၊ မုဒိတာသည် သောမနဿနှင့် နီးသောရန်သူ မမွေလျော်ခြင်း အရတိနှင့် ဝေးသောရန်သူ၊ ဥပေက္ခာသည် အညာဏုပေက္ခာနှင့် နီးသောရန်သူ၊ ရာဂပဋိဃနှင့် ဝေးသောရန်သူဖြစ်၏၊ ထိုစေတသိက်နှစ်ခုကို အပ္ပမညာဟုခေါ်၏ အဘဲကြောင့်ခေါ်လေသနည်းဟူမူ သုခိတ ဒုက္ခိတ သတ္တဝါကို အာရုံပြုတတ်သောကြောင့်တည်း၊ သုခိတ ဒုက္ခိတ သတ္တဝါတို့သည် အာရုံပြုအပ်သောတရား, ကရုဏာ မုဒိတာစေတသိက်တို့သည် အာရုံပြုတတ်သော တရားတည်း။

ပညိန္ဒြေ စေတသိက်သည် အနိစ္စအစရှိသည်ကို ထိုးထွင်း၍သိခြင်း အစိုးရခြင်း လက္ခဏာရှိ၏၊ ခရီးအရာ၌ အလွန် လိမ်မာသော ခရီးညွန်ယောက်ျားနှင့် တူ၏၊ ထူသောပျဉ်ပြား သံပြားစသည်တို့ကို ဘောက်ထွင်း၍ သွားအောင် ပစ်စွမ်းနိုင်သော လေးအရာ၌ အလွန်တတ်လိမ်မာသော မှုဆိုး လေးသမားနှင့်တူ၏၊ အဘယ်ကဲ့သို့ တူသနည်းဟူမူ ၎င်းမှုဆိုးသည် ရှစ်သစ် ဆယ်သစ်ရှိသော ပျဉ်ပြား သံပြားကို ပစ်သည်ရှိသော် ဘောက်ထွင်း၍သွား၏၊ ထို့အတူ ပညိန္ဒြေသည် ခပ်သိမ်းသော တရားတို့ကို ဘောက်ထွင်း၍သွား၏၊ မိုက်သော အကုသိုလ်တရားတို့ကို ကင်းစေတတ်သောကြောင့် ဆီမီးနှင့်တူ၏။

ဆရာ ဒိဋ္ဌိလည်းထိုးထွင်း၍သိ၏ ပညာလည်း ထိုးထွင်း၍သိ၏ ထိုနှစ်ပါးတို့၏သိခြင်း အဘယ်သို့ ထူးသနည်းမေးသော် ဒိဋ္ဌိ

၏ ထိုးထွင်း၍ သိခြင်းသည် ဘောက်ပြန်သော အားဖြင့် သိသည်၊ ပညာ၏ ထိုးထွင်း၍ သိခြင်းသည် မဘောက်မပြန်သောအားဖြင့် သိသည် ဤကဲ့သို့ထူး ကြ၏။

ဆရာ သညာလည်းသိ၏ ဝိညာဏ်လည်းသိ၏ ပညာလည်း သိ၏ ဤ အသိသုံးပါးသည် အသို့ထူးကြသနည်း မေးသော် သညာသိသည်မှာ အဖြူ,အနီ,အဝါ, အကြောင်,အကျားတို့ကို မြင်သည့်ကာလ အဖြူ, အနီ, အဝါ, အကြောင်, အကျား ဟူ၍သာ သိ၏၊ အဘဲ့ကြောင့် ဖြူသည်, နီသည်, ဝါသည်, ကြောင်သည်, ကျားသည်ကို မသိဘတ်၊ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောကိုလည်း မသိတတ်၊ မဂ်ရခြင်း,ဖိုလ်ရခြင်း၏ အကြောင်းကိုလည်း မသိတတ်၊ ဤသို့သိခြင်းသည် သညာ၏ သိခြင်းမည်၏၊ ဝိညာဏ် သိသည်ကား အဖြူ, အနီ စသော ရူပါရုံတို့သည် အဘဲ့ကြောင့် ဖြူသည် နီသည် ဝါသည်ကိုလည်း သိ၏၊ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောကိုလည်း သိ၏၊ မဂ်ကိုရခြင်း ဖိုလ်ကိုရခြင်း အကြောင်းကိုလည်း သိ၏၊ ဘယ်ကမ္မဋ္ဌာန်းကို စီးဖြန်းမှ ရသည်ဟူ၍ မသိတတ်၊ ဤသို့သိခြင်းသည် ဝိညာဏ်၏ သိခြင်းမည်၏။ ပညာသိသည်ကား အဖြူ, အနီစသော ရူပါရုံတို့သည် အဘဲ့ကြောင့် ဖြူသည် နီသည် ဝါသည်ကိုလည်း သိတတ်၏၊ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောကိုလည်း သိဘတ်၏၊ မဂ်ကိုရခြင်း ဖိုလ်ကိုရခြင်း၏ အကြောင်းကိုလည်း သိဘတ်၏၊ ဤတရားကို စီးဖြန်းသော် မဂ်ကိုရ၏ ဤတရားကို စီးဖြန်းသော် ဖိုလ်ကိုရ၏ဟု သိတတ်ခြင်းသည် ပညာ၏ သိခြင်းမည်၏။

ဥပမာကား သူငယ်, အမိ, ရွှေပန်းထိမ်သည် ဤသုံးယောက်နှင့်တူ၏၊သူငယ်သည် သူငယ်တို့ဘာဝ ကစားကြရာ ရွှေ ကျောက်ပြောင်ပြောင် မြင်သောကြောင့် ကောက်ခဲ့၏ ထို သူငယ်သည် ရွှေမှန်းကိုလည်း မသိ ဘယ်နှစ်မူးရေမှန်းကိုလည်း မသိ ပြောင်

ပြောင်ရှိ၍သော ကောက်ခဲ့၏။ ၎င်းအရွေကို အဓိအားပေးလျှင် ထိုအဓိသည် ပြောင်ပြောင်ကိုလည်းသိ၏ ရွှေမှန်းကိုလည်းသိ၏ အဘိုး ထိုက်မှန်းကိုလည်း သိ၏ ထိုရွှေသည် ကိုးမူးရေ ဆယ်မူး ရေရှိသည်ဟု မသိဘတ်၊ ရွှေ ပန်းထိမ်သည်ကို ပြသည့်ကာလ ရွှေပန်းထိမ်သည်သည် ပြောင်ပြောင်ကိုလည်းသိ၏ ထိုရွှေ၏ အဘိုးထိုက်မှန်းကိုလည်းသိ၏ ကိုးမူးရေ ဆယ်မူးရေ စသည်တို့ကို လည်း သိ၏၊ ထို့အတူ သညာသိခြင်းသည် သူငယ် သိခြင်းနှင့် တူ၏၊ ဝိညာဏ် သိခြင်းသည် အဓိ အဘ သိသည်နှင့် တူ၏၊ ပညာ သိခြင်းသည် ရွှေပန်းထိမ်သည် သိသည်နှင့်တူ၏။ ။သဒ္ဓါ အစ ပညာအဆုံးရှိသော နှစ်ဆဲ့ငါးပါးသော စေတသိက်တို့သည် သောဘဏစိတ် နှင့်သာ ယှဉ်သောကြောင့် သောဘဏ သာဓာ ရဏ စေတသိက်မည်ကုန်၏။ ။ဤတွင်ရွေကား စေတသိက် လက္ခဏာပြီး၏။

## သမ္ပယောဂနည်း

စေတသိက်တို့၏ သဘောလက္ခဏာကို ပြပြီး၍ စေတသိက် တို့သည် ယှဉ်သင့်သည် မယှဉ်သင့်သည်ကို အကျဉ်းပြပေအံ့။ ထိုစေတသိက် ငါးဆဲ့ နှစ်ပါး တို့တွင် သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခုနစ်ခုသည် အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ် ကို ပေါင်း၍ပင် မေးမေး, ခွဲ၍ပင် မေးမေး မယှဉ် သင့်သည် ဟူ၍မရှိ ယှဉ်လေသည်ချည်းပင်။ ပကိဏ်းစေတသိက် ခြောက် ခုသည် အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ်တို့တွင် ယထာ ရဟာဖြင့် ယှဉ်သည်လည်း ရှိ၏။ မယှဉ်သည်လည်း ရှိ၏။ အကု သိုလ်စေတသိက် တဆဲ့လေးခုသည် အကုသိုလ် စိတ် တဆဲ့ နှစ်ခုနှင့်သာ ယှဉ်သော်လည်း ယထာရဟ အရဖြင့် ယှဉ်သည် လည်းရှိ၏။ မယှဉ်လည်းရှိ၏။ ။သောဘဏ စေတသိက် နှစ်ဆဲ့ ငါးခုသည် သောဘဏစိတ် တခုယုတ် ခြောက်ဆယ်တို့နှင့်သာ ယှဉ်၏။ ယှဉ်သော်လည်း ယထာရဟ အရဖြင့် ယှဉ်သည်

လည်းရှိ၏။ မယှဉ်လည်လည်း ရှိ၏။ အဟိတ်စိတ် တဆဲ့ရှစ်ခုကို မေးလျှင် အကုသိုလ် စေတသိက်နှင့် သောဘဏ စေတသိက်ကို မရှာလင့် အညသမာန်း တဆဲ့သုံးခုတို့တွင် ရှာလေ။ အကုသိုလ် တဆဲ့နှစ်ခုကိုမေးလျှင် အညသမာန်း တဆဲ့သုံးခု အကုသိုလ် စေတသိက် တဆဲ့လေးခု ပေါင်းနစ်ဆဲ့ရနှစ်ခုတို့ကို မှတည်၍ နှုတ်လေ။ သောဘဏ စိတ်ကို မေးလျှင် အည သမာန်း တဆဲ့သုံးခု သောဘဏစေတသိက် နှစ်ဆဲ့ငါးခု ပေါင်း သုံးဆဲ့ ရှစ်ခုတို့ကို မှုတည်၍ နှုတ်လေ။ ဤကဲ့သို့ အကျဉ်း အားဖြင့် မှတ်ပြီး၍ မယှဉ်သင့်, ယှဉ်သင့်ကို ရွေးချယ်လေ၊ စကားချပ်။

ယှဉ်၏ဆိုသော် အဘယ်ကဲ့သို့ ယှဉ်သနည်း မေးသော် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခုသည် အလုံး စုံသော စိတ်တခုယုတ် ကိုးဆယ်တို့၌ ယှဉ်၏။ ပကိဏ်း စေတသိက် ခြောက်ခုတို့တွင် ဝိတက် စေတသိက်သည် ဒွေးပဉ္စဝိညာဏ် တဆယ် ကြဉ်သော ကာမစိတ် လေးဆဲ့လေးခု၊ ပဌမ ဈာန် ကောဒသ ပေါင်းငါးဆဲ့ငါးခုတို့၌ ယှဉ်၏။ ဝိစာရသည် ဝိတက် ယှဉ်သော ငါးဆဲ့ငါးခု တို့တွင် ဒုတိယဈာန် တဆဲ့တခုကို ထည့်၍ ပေါင်းခြောက်ဆဲ့ခြောက်ခုတို့၌ ယှဉ်၏။ အဓိမောက္ခ စေတသိက်သည် ဒွေးပဉ္စ ဝိညာဏ် တဆယ် ဝိစိကိစ္ဆာ ကြဉ်သော ခုနစ်ဆဲ့ရှစ်ခုတို့၌ ယှဉ်၏။ ဝိရိယစေတသိက်သည် ပဉ္စဒွါရာဝဇ္ဇန်း ဒွေးပဉ္စဝိညာဏ်တဆယ် သမ္ပဋိစ္ဆိုန်းဒွေး သန္တီရဏ သုံးခု ပေါင်းတဆဲ့ခြောက်ခု ကြဉ်သော ခုနစ်ဆဲ့ သုံးခု သော စိတ်တို့၌ ယှဉ်၏။ ပီတိ စေတသိက်သည် ဒေါသမူနွေး ဥပေက္ခာငါးဆဲ့ငါးခု ကာယဝိညာဏ်နွေး စတုတ္ထ ဈာန် ကော ဒသ ပေါင်း ၇၀ ကြဉ်သော ငါးဆဲ့ တခုသော စိတ်တို့၌ ဖြစ်၏။ ဆန္ဒစေတသိက်သည် အဟိတ်စိတ် တဆဲ့ရှစ်ခု မောဟ မူနွေး ပေါင်းနှစ်ဆယ် ကြဉ်သော ခြောက်ဆဲ့ ကိုးခုသော စိတ်တို့၌ ယှဉ်၏။

အညသမာန်း ဆဲ့သုံးချမှာ သမ္ပယောဂနည်း ခုနစ်ပါး အပြားရှိ၏။ ခုနစ်ပါး ဟူသော်ကား သဗ္ဗစိတ္တ သာဓာရဏ စေတသိက်ခုနစ်ချမှာ တပေါင်းတည်း ယူပြီးလျှင် ပကိဏ်း စေ တသိက် ခြောက်ချကို အစဉ်အတိုင်း တချစီယူလေ၊ သမ္ပယော ဂနည်းခုနစ်ပါးဖြစ်၏။ ၎င်းအညသမာန်း တဆဲ့သုံးချ တို့တွင် ဝိတက် ဝိစာရ ပီတိတို့သည် အကျယ်မှာ ယှဉ်၏။ထိုမှ ကြွင်း သော စေတသိက်တို့သည် အကျဉ်းမှာ ယှဉ်၏။ အဘဲ့ကြောင့် အညီအမျှ မယှဉ်သနည်း မေးသော် ဝိတက် ဝိစာရ ပီတိတို့ သည် ဈာနင်ကိစ္စတပ်သော စေတသိက် ဖြစ်၍ အကျယ်မှာ ယှဉ်သည်။ ထိုမှ ကြွင်းသော စေတသိက်တို့သည် ဈာနင် ကိစ္စ မတပ် သောကြောင့် အကျဉ်း၌ ယှဉ်၏။စေတသိက်တို့ အယှဉ် အကြဉ်ကို သိစေခြင်းငှါ အကျဉ်းမျှ ပြပေအံ့။အယှဉ်နှင့် အကြဉ် သည် အယှဉ်ကနည်း၍ အကြဉ်က များလျှင် အယှဉ်ကို ပြော ရမည်။ အယှဉ်ကများ၍ အကြဉ်က နည်းလျှင် အကြဉ်ကိုပြော ရမည်။ နှစ်ခုစပ်၍ မေးသော် တခုကပါ၍ တခုကမပါလျှင် ထည့်၍ပြောရမည်။ အနည်းနှင့် အများစပ်၍ မေးလျှင် အများကို လိုက်၍ ပြောရမည်။ ယေဘုယျအပ္ပက အားဖြင့် မလိုက်ရ သည်လည်း ရှိ၏။

အဟိတ်စိတ် တဆဲ့ရှစ်ချကို မေးလျှင် အညသမာန်း တဆဲ့ သုံးချကို တည်၍ထား၊ ထိုတဆဲ့သုံးချတို့တွင် ဆန္ဒ စေတသိက် သည် မယှဉ်သောကြောင့် မေးဘွယ်မရှိ။ သဗ္ဗစိတ္တသာဓာရ ဏစေတသိက် ခုနစ်ချတို့သည် အလုံးစုံ ယှဉ်သောကြောင့် မေး ဘွယ် မရှိ။ ဝိတက် ဝိစာရ အဓိမောက္ခ ၎င်းသုံးချသော စေတ သိက်တို့သည် ဒွေးပဉ္စဝိညာဏ် တဆယ်တို့မှာ မယှဉ်သော ကြောင့် မေးဘွယ်မရှိ။ ဒွေးပဉ္စဝိညာဏ်တဆယ်မှ တပါးသော စိတ်တို့၌ မယှဉ်သည် ယှဉ်သည်ဟု မေးဘွယ် မရှိ ယှဉ်သည် ချည်းပင်၊ ယှဉ်၏လော မယှဉ်လောဟု ရွေးရန်မှာ ဝိရိယ

ပီတိ ၎င်းနှစ်ပါးကိုသာ ရွေးလေ။ ။အဟိတ်စိတ် တဆဲ့ရှစ်ခု တို့တွင် စေတသိက် တဆဲ့နှစ်ခု ရသောစိတ်သည် ဟသိတုပ္ပါဒ် ဘခုပင်။ စေတသိက် တဆဲ့ဘခုရသော စိတ်သည် သောမနဿ သန္တီရဏ မနောဒွါရာဝဇ္ဇန်း ၎င်းနှစ်ခုတည်း။ စေတသိက် တ ဆယ်ရသော စိတ်သည် ငါးခုရှိ၏။ သမ္ပဋိစ္ဆိုန်းနွေး ပဥ္စဒွါရာ ဝဇ္ဇန်း ၎င်းငါးခုတည်း။ စေတသိက် ခုနစ်ခုရသော စိတ်တဆယ် မှာ နွေးပဥ္စဝိညာဏ်တဆယ်တည်း။

တနည်းကား အဟိတ်စိတ် တဆဲ့ရှစ်ခုတို့တွင် စေတသိက် ၇-ခု, ၇-ခုယှဉ်သော စိတ်တဆယ်။ တဆယ်, တဆယ် ယှဉ် သောစိတ် ငါးခု။ တဆဲ့တခု, တဆဲ့တခုယှဉ်သော စိတ်နှစ်ခု။ ဘဆဲ့နှစ်ခု ယှဉ်သောစိတ် တခု။ ခုနစ်ခု ခုနစ်ခုမှာ အညသမာန်း တေရသတို့တွင် နွေးပဥ္စဝိညာဏ် တဆယ်၌ ပကိဏ်းစေတသိက် ၆-ခုသုံး ယှဉ်နိုင်၍ ပကိဏ်းကိုကြည့် ကြွင်းသော သဗ္ဗစိတ္တ သာ ဓာရဏ စေတသိက် ၇-ခုတည်း။ စိတ် တဆယ်မှာ နွေးပဥ္စ ဝိညာဏ် တဆယ်တည်း။တဆယ်, တဆယ် ယှဉ်သောစိတ် ငါး ခုမှာ သမ္ပဋိစ္ဆိုန်းနွေး အဟိတ် ပဋိသန္ဓေနွေး ပဥ္စဒွါရာဝဇ္ဇန်းတည်း။ ၎င်းတဆယ်, တဆယ်မှာ ဆန္ဒကြဉ်သော အညသမာန်း ဒွါဒ သတို့တွင် ပီတိ ဒေါမနဿ။လ။ ဝိစ္ဆေသ ဆိုသောကြောင့် ၎င်း သမ္ပဋိစ္ဆိုန်းနွေး အဟိတ်ပဋိသန္ဓေ ပဥ္စဒွါရာဝဇ္ဇန်း ၎င်းတို့က ပင် ဥပေက္ခာ ဖြစ်သောကြောင့် ပီတိ ကိုလည်းနုတ်။ ဝိရိ ယံ ပဥ္စဒွါရာ။ လ။ ဝိစ္ဆေသ ဆိုသောကြောင့် ဝိရိယ မယှဉ်နိုင် ၍ ဝိရိယ စေတသိက်ကိုလည်းနုတ် အကြွင်း တဆယ်ဖြစ်၏။

တဆဲ့တခု, တဆဲ့တခု ယှဉ်သောစိတ် နှစ်ခုမှာ သောမ နဿ သန္တီရဏနှင့် မနောဒွါရာဝဇ္ဇန်း နှစ်ခုတည်း။ တဆဲ့တခုမှာ သောမနဿသန္တီရဏဖြစ်အံ့ ဆန္ဒ ဝိရိယ စေတသိက် နှစ်ခုကို နုတ်၍ထား အကြွင်းတဆဲ့တစ်။ မနောဒွါရာဝဇ္ဇန်း ဖြစ်အံ့ ပီတိ ဆန္ဒကို ကြဉ်၍ထား အကြွင်း တဆဲ့တခုတည်း။ ၎င်းသောမနဿ

သန္တီရဏ မနောဒွါရာဝဇ္ဇန်း နှစ်ခုကို စပ်၍မေးသော် ပီတိ စေတသိက်သည် မနောဒွါရာဝဇ္ဇန်းမှာ မယှဉ်သော်လည်း သော မနဿ သန္တီရဏ၌ ယှဉ်သည်ဖြစ်၍ ၎င်းသောမနဿ သန္တီ ရဏစိတ်၌ ယှဉ်သည့် ပီတိလည်း ပါလေအောင်။ ဝိရိယ စေ တသိက်သည် သောမနဿ သန္တီရဏ၌ မယှဉ်သော်လည်း မနောဒွါရာဝဇ္ဇန်း စိတ်၌ ယှဉ်သည်ဖြစ်၍ ၎င်းမနောဒွါရာဝဇ္ဇန်း ယှဉ်သည့် ဝိရိယ စေတသိက်လည်း ပါလေအောင် ငါးထန်းရွက် စပ်သကဲ့သို့ နှစ်ခုစလုံးစပ်၍ ဆန္ဒတခုကိုသာကြဉ် အကြွင်း တဆဲ့နှစ်ခု ရ၏။ ။တဆဲ့နှစ်ခု ယှဉ်သော စိတ်တခုကား ဟသိတုပ္ပါဒ်တည်း။ ။တဆဲ့နှစ်ခုကား အညသမာန်း တေရ သကို၌တွင် ဆန္ဒတခုကို ကြဉ်ထား၍ အကြွင်း တဆဲ့နှစ်ခုတည်း။ အနည်းအများကို ပေါင်း၍မေးသော် အများသို့ လိုက်၍ဖြေလေ, အရေသျှာချင်းသာ တူ၍ သင်္ချေယျာချင်းမတူလျှင် အရသျှာသို့ လိုက်၍ဖြေ၊ စေတသိက် မနေရစ်ရအောင် နှစ်ပါး သုံးပါး စသည်သို့ လိုက်၍ဖြေ။

သောမနဿနှင့် ဥပေက္ခာစသည်တို့မှာ အဟိတ် သောမ နဿ နှစ်ခုကို မေးလျှင် ဟသိတုပ္ပါဒ်သို့ လိုက်၍ ဆန္ဒတခု ကိုသာ ကြဉ်သည် အကြွင်း တဆဲ့နှစ်ခုဟု ဖြေလေ။ ။ဥပေက္ခာ သုံးခုကို မေးလျှင် မနောဒွါရာဝဇ္ဇန်းသို့ လိုက်၍ ပီတိ ဆန္ဒ ကြဉ် အကြွင်း တဆဲ့တခုရ၏ ဟုဖြေ။ ။ဒွေးရှစ်ခုကို မေးလျှင် မနောဒွါရာဝဇ္ဇန်းသို့ လိုက်၍ ဆန္ဒ ပီတိ နှစ်ခုကိုသာ ကြဉ် သည် အကြွင်း တဆဲ့တခုရ၏ ဟုဖြေ။ ။ဒွေးရှစ်ခုတွင်လည်း ဒွေးပဉ္စဝိညာဏ်၌ ပကိဏ်း ခြောက်ခုကိုကြဉ် အကြွင်း သဗ္ဗ စိတ္တ သာဓာရဏ စေတသိက် ခုနစ်ပါးရ၏။ ။သမ္ပဋိစ္ဆိုင်း ဒွေး အဟိတ် ပဋိသန္ဓေဒွေး ၎င်းဒွေးနှစ်ခုကို မေးလျှင် ဆန္ဒ ပီတိ ဝိရိယကြဉ် အကြွင်း တဆယ်ရ၏ ဟုဖြေ။ ။အာဝဇ္ဇန်းဒွေးကို မေးလျှင် ဝိရိယကို ပဉ္စဒွါရာဝဇ္ဇန်း မရသော်လည်း မနောဒွါ

ရာဝဏ္ဏနာနုန်းသို့ လိုက်၍ ဆန္ဒ ပီတိ နှစ်ခုကိုသာကြဉ် အကြွင်း တဆဲ့တခု ရ၏ဟု ဖြေ။ ။အဟိတ်စိတ်၌ သမ္ပယောဂနည်း နုတ်ပုံပြီး၏။ ။ပါဠိကို ရှုတ်၍ယူလေ။

အကုသိုလ်စိတ်၌ စေတသိက်ယှဉ်ပုံ သမ္ပယောဂနည်း နုတ်ပုံကား။ ။အညသမာန်း တေရသ အကုသိုလ် စေတသိက် ရုဒ္ဒသ ပေါင်းစေတသိက် သတ္တဝိသကို မှတည်၍ ထားပြီးလျှင် လောဘမူ ဒေါသမူ မောဟမူစသည့်တို့ကို ခွဲ၍မေးလျှင်နုတ်၊ အကုသိုလ်စိတ် တဆဲ့နှစ်ခု၌ တခုသောစိတ်က မရသော်လည်း တခုသောစိတ်က ရသောကြောင့် စေတသိက် သတ္တဝိသ လုံးပင် ရကောင်း၏။ ။ခွဲ၍ မေးရာ၌ ယှဉ်သည် မယှဉ်သည်ကို ရှာရမည်မှာ စေတသိက် သတ္တဝိသတို့တွင် သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခုနစ်ခု ဆန္ဒ ပီတိ အဓိမောက္ခမှ တပါး ဝိတက် ဝိစာရ ဝီရိယ တည်းဟူသော ပကိဏ်း စေတသိက် သုံးခုအားဖြင့် အညသမာန်း စေတသိက် တဆယ်၊ အကုသိုလ် စေတသိက် ရုဒ္ဒသတို့တွင်လည်း မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ တည်းဟူသော အကုသလ သာဓာရဏ စေတသိက် ၄-ခု ပေါင်း တဆဲ့လေးခုသော စေတသိက် ယှဉ်၏လော မယှဉ်၏လော မေးလျှင်၊ အကုသိုလ်စိတ် တဆဲ့ နှစ်ခုလုံး၌ပင် ဖြိုင်ယှဉ်၏ ရှာဘွယ် မရှိ ယှဉ်သည် ချည်းပင်၊ ယှဉ်သည် မယှဉ်သည်ဟု စေတသိက်ကို ရှာရမည်မှာ အညသမာန်းထဲက ဆန္ဒ ပီတိ အဓိမောက္ခ သုံးခု အကုသလ သာဓာရဏ စေတသိက် လေးခုမှ တပါး လောဘ ဒိဋ္ဌိ မာန ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ထိန မိဒ္ဓ ဝိစိကိစ္ဆာ တည်းဟူသော အကုသိုလ် စေတသိက် တဆယ်၊ ဤ တဆဲ့သုံးခုသော စေတသိက်တို့၌သာ ယှဉ်၏ လော မယှဉ်၏ လောဟု ရှာရမည်၊ လောဘမူစိတ်၌ စေတသိက် ယှဉ်သည်ကိုမေးသော် စေတသိက် သတ္တဝိသတို့တွင် ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ဤငါး

ပါးကိုသာနုတ်၊ ကြွင်းသော စေတသိက် ဗာဝီသ ရ၏။ ။လော ဘမူ၌ အလွန် ရသည်ကိုသာ ဆိုလိုက်သည်။

ထိုလောဘမူ ရှစ်ချ၌ သောမနဿ ဥပေက္ခာ သမ္ပယုတ် ဝိပ္ပယုတ် အသင်္ခါရိက သသင်္ခါရိက တို့ကိုခွဲ၍ မေးပြန်သော် လောဘမူ၌ အလွန်ရသည့် ဗာဝီသကို မူတည်၍ နုတ်လေ။ သောမနဿ လေးချကို မေးလျှင် ငင်းဗာဝီသ ရ၏၊ ဥပေက္ခာ လေးချကို မေးလျှင် ငင်းဗာဝီသ တို့တွင် ပီတိတချကို နုတ်၍ ကြွင်းသော ဧကဝီသရ၏၊ သမ္ပယုတ် လေးချကို မေးလျှင် ဗာဝီသတွင် မာနတချကို နုတ်၍ ဧကဝီသ ရ၏၊ ဝိပ္ပယုတ်လေး ချကို မေးလျှင် ဗာဝီသတို့တွင် ဒိဋ္ဌိတချကို နုတ်၍ ဧကဝီသရ၏၊ အသင်္ခါရိက လေးချကို မေးလျှင် ဗာဝီသတို့တွင် ထိနမိဒ္ဓနှစ်ချကို နုတ်၍ ဝီသရ၏၊ သသင်္ခါရိက လေးချကို မေးလျှင် ဗာဝီသလုံးပင် ရ၏ဟု ပြောဆိုလေ။

ဤသမ္ပယုတ် လေးချ ဝိပ္ပယုတ် လေးချဆိုရာ၌ သမ္ပယုတ် မှာလည်း သောမနဿ သမ္ပယုတ် ဥပေက္ခာ သမ္ပယုတ်၊ ထို သောမနဿ သမ္ပယုတ်၌လည်း အသင်္ခါရိက သသင်္ခါရိကဟု စေ့အောင် ခွဲ၍ နုတ်တန်လျှင်နုတ် ထည့်တန်လျှင် ထည့်လေ။ ။ ဤလောဘမူ၌ သောမနဿနှင့် ဥပေက္ခာကို ခွဲ၍ မေးခြင်း သည် ပီတိကြောင့် မေးရသည် သမ္ပယုတ် ဝိပ္ပယုတ်ကို ခွဲ၍ မေးရခြင်းသည် ဒိဋ္ဌိနှင့် မာနကြောင့် မေးရသည်၊ အသင်္ခါရိက သသင်္ခါရိကဟု ခွဲ၍ မေးရခြင်းသည်၊ ထိန မိဒ္ဓကြောင့် မေးရ သည်၊ ဒေါသမူ၌ စေတသိက် ယှဉ်ကို မေးသော် စေတသိက် သတ္တဝီသတို့တွင် ပီတိ လောဘ ဒိဋ္ဌိ မာန ဝိစိကိစ္ဆာ ငင်းငါး ချကို နုတ်၍ ကြွင်းဗာဝီသ ရ၏ဟု ဖြေလေ။ ။ဒေါသမူ သာ မည၌ အလွန်ရသည်ကိုသာ ဆိုသည်၊ ဒေါသမူ အသင်္ခါရိက ကို မေးလျှင် စေတသိက် ဗာဝီသတို့တွင် ထိနမိဒ္ဓကို နုတ်၍ ကြွင်းဝီသ ရ၏၊ ဒေါသမူ သသင်္ခါရိကကို မေးလျှင် ဗာဝီသ

လုံးပင်ရ၏ဟု ဖြေလေ။ ။ဤဒေါသမူ အသင်္ခါရိက သသင်္ခါရိကဟု ခွဲ၍ မေးရခြင်းသည် ထိနမိဒ္ဓကြောင့် မေးရသည်၊ မောဟမူ၌ စေတသိက် ယှဉ်သည်ကို မေးသော် စေတသိက် သတ္တဝိသတို့တွင် ဆန္ဒ ပီတိ လောဘ ဒိဋ္ဌိ မာန ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ထိန မိဒ္ဓ ၎င်းတဆဲ့တခု တို့ကိုနုတ် ကြွင်း သောဥ္စသ ရ၏ဟုဖြေလေ။ ။ဝိစိကိစ္ဆာကို ခွဲ၍ မေးလျှင် ၎င်းသောဥ္စသတို့တွင် အဓိမောက္ခကို နုတ်၍ ကြွင်း ပန္နရသ ရ၏ဟုဖြေ။ ။ဥဒ္ဓစ္စကို မေးလျှင် ၎င်းသောဥ္စသတို့တွင် ဝိစိကိစ္ဆာကို နုတ်၍ ကြွင်း ပန္နရသ ရ၏ဟု ဖြေလေ။ ။ဝိစိကိစ္ဆာနှင့် ဥဒ္ဓစ္စသည် တဆဲ့ငါးချင်း သင်္ချာတူကြ၏။ ။သချေ်ယျချင်း မတူကြ။ ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာ၌သာ ယှဉ်သည် ဥဒ္ဓစ္စ သမ္ပယုတ်စိတ်၌ မယှဉ်။ အဓိမောက္ခ စေတသိက်သည် ဥဒ္ဓစ္စ၌သာ ယှဉ်သည် ဝိစိကိစ္ဆာ၌ မယှဉ်။ ထို့ကြောင့် သချေ်ယျချင်း မတူဟု ဆိုသတည်း။ ။နှစ်ရပေါင်း၍ မောဟမူခွေးကို မေးသော်။ ဝိစိကိစ္ဆာ စိတ်မှာ ယှဉ်သည့် ဝိစိကိစ္ဆာ စေတသိက်လည်းပါလေအောင် ဥဒ္ဓစ္စစိတ်မှာ ယှဉ်သည့် အဓိမောက္ခ စေတသိက်လည်း ပါလေအောင် ငါးထန်းရွက် စပ်နည်း တဆဲ့ခြောက်ခု ရ၏ဟု ဖြေလေ။ ။သက်သက်သော လောဘမူ ဒေါသမူ မောဟမူ ပြီး၏။

လောဘမူနှင့် ဒေါသမူ စပ်၍ မေးသော်၊ သတ္တဝိသတို့တွင် ဝိစိကိစ္ဆာ စေတသိက် ၁-ခုကိုသာနုတ် ကြွင်းဆဗ္ဗိသ ရ၏ဟုဖြေ။ ။လောဘမူနှင့် မောဟမူစပ်၍ မေးလျှင် သတ္တဝိသတို့တွင် ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ၎င်း ၄-ခုကို နုတ်၍ ကြွင်း တေဝိသရ၏ဟု ဖြေ။ ။ဒေါသမူနှင့် မောဟမူ စပ်၍ မေးလျှင် ပီတိ လောဘ ဒိဋ္ဌိ မာန ၎င်း ၄-ခုကို နုတ်၍ ကြွင်း တေဝိသ ရ၏ဟုဖြေ။ ။အကုသိုလ် ၁၂-ခု လုံး ပေါင်း၍ သောမနဿ ၄-ခုကိုမေးလျှင် ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိ

ကိစ္စာ ငါးခုကို နုတ်၍ ကြွင်း၀ိသ လောဘမူ အတိုင်းရ၏ဟုဖြေ။ ဥပေက္ခာ ခြောက်ခုကို မေးလျှင် သတ္တ၀ိသတို့ဘွင် ပိတိ ဒေါသ ဏုဿာ မစ္ဆရိယ ကုက္ကုစ္စ ၎င်းငါးခုကိုနုတ် ကြွင်း ဗာ၀ိသ ရ၏ဟုဖြေ။ ။သမ္ပယုတ် ၅စ်ခုကိုမေးလျှင် သတ္တ၀ိသတို့ဘွင် မာန တခုကိုသာ နုတ်၍ ကြွင်း ဆဗ္ဗိသ ရ၏ဟုဖြေ။ အသင်္ခါရိက ငါးခုကို မေးလျှင် သတ္တ၀ိသတို့တွင် ထိန မိဒ္ဓ ၀ိစိကိစ္ဆာ ၎င်းသုံးခုကို နုတ်၍ ကြွင်းစတု၀ိသ ရ၏ဟုဖြေ သသင်္ခါရိက။ ငါးခုကိုမေးလျှင် သတ္တ၀ိသ တို့တွင် ၀ိစိကိစ္ဆာ တခုကိုသာ နုတ်၍ ကြွင်း ဆဗ္ဗိသ ရ၏ဟုဖြေ။

အကုသိုလ် စိတ်နှင့် အဟိတ်စိတ်ကိုစပ်၍ မေးလျှင် အဟိတ် စိတ်၌ ရသော စေတသိက်တို့ကို အကုသိုလ် စိတ်၌ ရသော ကြောင့် အကုသိုလ်စိတ်ကို လိုက်၍ဖြေ။ စပ်ပုံကား လောဘ မူနှင့်အဟိတ်စိတ်ကို စပ်၍မေးလျှင် လောဘမူအတိုင်း ဗာ၀ိသ ရ၏ဟုဖြေ။ ဒေါသမူနှင့် အဟိတ်စိတ်ကို စပ်၍မေးလျှင် ဒေါသ မူအတိုင်း ဗာ၀ိသ တို့တွင် သုခသဟဂုတ်ရသော ဟသိတုပ္ပါဒ် စိတ် နှင့်ယှဉ်သည့် ပိတိကို ထည့်၍ တေ၀ိသ ရ၏ဟုဖြေ။ မောဟ မူနှင့်အဟိတ်စိတ်ကို စပ်၍ မေးလျှင် မောဟမူ၌ ယှဉ်သော သောဠသတို့တွင် ဈေးနည်း ပိတိကိုထည့်၍ သတ္တရသ ရ၏ဟု ဖြေ။ အကုသိုလ် သမ္ပယောဂနည်း နုတ်ပုံပြီး၏။

သောဘဏစိတ် တခုယုတ် ခြောက်ဆယ်၌ စေတသိက် အယှဉ်ကား အညသမာန်း တေရသ၊ သောဘဏ စေတသိက် ၂၅-ခု-ပေါင်း အဋ္ဌတိံသ ရ၏ဟုဖြေ။ ၎င်းသောဘဏ စိတ်၌ တခုချင်း ခွဲ၍မေးလျှင် စေတသိက် အဋ္ဌတိံသကို သတိထား၍ ရသင့်သည်အား လျော်စွာနုတ်၊ ဤသောဘဏစိတ်၌ ယှဉ်သင့် သည် မယှဉ်သင့်သည်ကို ၅ာရမည်မှာ ပကိဏ်းစေတသိက်က ၀ိတက် ၀ိစာရ ပိတိ ၎င်းသုံးခု၊ သောဘဏ စေတသိက် ၂၅-ခုတို့တွင် ၀ိရတိ အပ္ပမညာ ပညိန္ဒြေ ၎င်းခြောက်ခုအား

ဖြင့် ဤကိုးခုသော စေတသိက် တို့၌သာလျှင် ယှဉ်၏လော မယှဉ်၏လောဟု ရှာရမည်၊ ကြွင်းသော သောဘဏာ သာဓာရဏ စေတသိက် တခုယုတ် ၂၀။ အညသမာန်းက ဆန္ဒ ဝီရိယ အဓိမောက္ခ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခုနစ်ခုအား ဖြင့် ပေါင်း နှစ်ဆဲ့ကိုးခုသော စေတသိက် တို့၌ ယှဉ်၏လော မယှဉ်၏လောဟု ရှာဘွယ်မရှိ ယှဉ်သည် ချည်းသာတည်း။

ကာမာဝစရ ကုသိုလ် စိတ်၌ စေတသိက် ယှဉ်သည်ကို မေးလျှင် အဋ္ဌတိံသ ဟုဖြေ၊ မဟာဝိပါက်စိတ် ရှစ်ခုကို မေး လျှင် အဋ္ဌတိံသ တို့တွင် ဝိရတိသုံးခု အပ္ပမညာနွေး ၎င်းငါးခုကို နုတ်၍ ကြွင်း တေတ္တိံသ ရ၏ဟုဖြေ။ မဟာကြိယာစိတ် ရှစ်ခု ကို မေးလျှင် အဋ္ဌတိံသ တို့တွင် ဝိရတိသုံးခုကို နုတ်၍ ကြွင်း ပဉ္စတိံသ ရ၏ဟုဖြေ။

ဤသို့ ကုသိုလ် ဝိပါက် ကြိယာ တို့ကိုခွဲ၍ မေးရခြင်းသည် ဝိရတိနှင့် အပ္ပမညာကြောင့် မေးရသည်၊ ၎င်းကာမာဝစရ ကုသိုလ်၌ သောမနဿ လေးခုကို မေးလျှင် စေတသိက် အဋ္ဌတိံသလုံးပင် ရ၏ဟုဖြေ။ ဥပေက္ခာ လေးခုကို မေးလျှင် စေတသိက် အဋ္ဌတိံသတို့တွင် ပီတိတခုကို နုတ်၍ ကြွင်း သတ္တတိံသ ရ၏ဟု ဖြေ။ ။သမ္ပယုတ် လေးခုကို မေးလျှင် အဋ္ဌတိံ သ လုံးပင် ရ၏ဟုဖြေ။ ဝိပ္ပယုတ် လေးခုကို မေးလျှင် အဋ္ဌတိံ သတို့တွင် ပညာတခုကို နုတ်၍ ကြွင်း သတ္တတိံသ ရ၏ဟုဖြေ။

ဤကုသိုလ်စိတ်၌ သောမနဿနှင့် ဥပေက္ခာဟု မေးရခြင်း သည် ပီတိကြောင့် မေးရသည်၊ သမ္ပယုတ် ဝိပ္ပယုတ်ဟု မေးရ ခြင်းသည် ပညိန္ဒြေကြောင့် မေးရသည်။ ၎င်းကုသိုလ်၌လည်း ပဋ္ဌမနွေးစသည်၌အစဉ်အတိုင်း နုတ်လေ။သ။ မဟာ ဝိပါက်စိတ် ရှစ်ခုမှာ တေတ္တိံသကို မှတ်သည်၍ နုတ်၊ မဟာကြိယာစိတ် ရှစ်ခုမှာ ပဉ္စတိံသကို မှတ်သည်၍ နွေးစသည်လည်း နုတ်မြဲ။

အလုံးရုံ ကုသိုလ် ဝိပါက် ကြိယာကို ပေါင်း၍ မေးလျှင် ကုသိုလ်ကို လိုက်၍ဖြေ။

မဟာဂ္ဂုတ် သတ္တဝိသဉ္ဇ အဋ္ဌတိံသကို မူတည်၍ ဝိရတိ သုံးခုကို နုတ်၍ ကြွင်း ပဉ္စတိံသ ရ၏ ဟုဖြေ။ ပဌမဈာန် သုံးခုကို ရည်၍ ပဉ္စတိံသ ဆိုသည်၊ ဒုတိယဈာန် သုံးခု၌ ဝိတက်ကို နုတ်၍ ကြွင်း စတုတိံသ ရ၏ဟုဖြေ။ တတိယဈာန် သုံးခု၌ ဝိတက် ဝိစာရကို နုတ်၍ ကြွင်း တေတ္တိံသ ရ၏ ဟုဖြေ။ စတုတ္ထဈာန် သုံးခု၌ ဝိတက် ဝိစာရ ပီတိကို နုတ်၍ ကြွင်း ဗာတ္တိံသ ရ၏ဟု ဖြေ။ ပဉ္စမဈာန် တဆဲ့ငါးခု၌ ဝိတက် ဝိစာရ ပီတိ အပ္ပမညာနှစ်ပါး ငါးငါးခုကို နုတ်၍ ကြွင်း တိံသ ရ၏ဟုဖြေ။ ဤမဟာဂ္ဂုတ်စိတ်၌ ယှဉ်သင့် မယှဉ်သင့် သည်ကို ရှာရမည်မှာ ဝိရတိကို လုံးလုံး ကြဉ်၍ထား၊ ဝိတက် ဝိစာရ ပီတိ အပ္ပမညာနှစ်ပါး ဤ ငါးခုသော စေတသိက်တို့ ယှဉ်သင့်သည် မယှဉ်သင့်သည်ကို သိရမည်။ မဟာဂ္ဂုတ် ပြီး၏။

လောကုတ္တရာ စိတ်၌ စေတသိက် ယှဉ်ကို မေးလျှင် အဋ္ဌတိံသကို မူတည်၍ အပ္ပမညာနှစ်ပါးကို နုတ်၍ ကြွင်း ဆတ္တိံသ ရ၏ဟုဖြေ။ ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဉ္စမဈာန် ရှစ်ခုကိုလည်း သောမနဿ ဥပေက္ခာတို့၌ ငါးမဟာဂ္ဂုတ်တို့ကို မှီ၍နုတ်၊ မဟာဂ္ဂုတ်နှင့် လောကုတ္တရာကို ပေါင်း၍ ပဌမဈာန် ကောဋ္ဌာသ၌ စေတသိက် အဋ္ဌတိံသ၊ ဒုတိယ ဈာန် ကောဋ္ဌာသ၌ စေတသိက် အဋ္ဌတိံသ တို့တွင် ဝိတက်ကို နုတ်၍ ကြွင်း သတ္တတိံသ၊ တတိယဈာန် ကောဋ္ဌာသ၌ ဝိတက် ဝိစာရကို နုတ်၍ ကြွင်း ဆတ္တိံသ၊ စတုတ္ထဈာန် ကောဋ္ဌာသ၌ ဝိတက် ဝိစာရ ပီတိကို နုတ်၍ ကြွင်း ပဉ္စတိံသ၊ ပဉ္စမဈာန်စိတ် ကောဋ္ဌာသ၌ ဝိတက် ဝိစာရ ပီတိ အပ္ပမညာနှစ်ပါး ငါးငါးခုကို နုတ်၍ ကြွင်း တေတ္တိံသ ရ၏ဟုဖြေ။ လောကုတ္တရာက ဝိရတိကို ရသတည်း၊ သောဘဏ အားလုံး

ကို ပေါင်း၍လည်း နှုတ်လေ။ ။သောဘဏာနှင့် အသောဘဏာ ကို စပ်၍ မေးသော် စေတသိက် ဒွေပဉ္စာသကို မှတည်း၍ နှုတ်၊ နှုတ်ပုံကား သောမနဿ ခြောက်ဆဲ့နှစ်ချ၌ စေတသိက် ဒွေပဉ္စာသ တို့တွင် ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ၎င်းငါးခုကို နှုတ်၍ ကြွင်း သတ္တစတ္တာလီသ ရ၏ဟု ဖြေ။ ။ဥပေက္ခာ ငါးဆဲ့ငါးချ၌ ပီတိ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ၎င်းငါးခုကို နှုတ်၍ ကြွင်း သတ္တစတ္တာလီသ ရ၏ ဟုဖြေ။ ။နှုတ်နည်းမှတပါး ထည့်၍ပြောနည်းမှာ မောဟမူဒွေး အဘိညာဏ်ဒွေး ၎င်းနှစ်ပါးကို ပေါင်း၍ မေးလျှင် အဘိညာဏ်ဒွေးမှာ ယှဉ်သည့်တိံသထဲတွင် ဝိတက် ဝိစာရ ဝိစိကိစ္ဆာ အကုသလသာဓာရဏ စေတသိက် လေးခု အဘိညာဏ်ဒွေး၌ မယှဉ်နိုင်သည့် စေတသိက်ခုနစ်ကို ထည့်၍ဖြေ၊ နှုတ်လျှင် များသည်။

တနည်းကား ဒွေပဉ္စာသကိုတည်၍ ဝိရတိသုံးခု အပ္ပမညာ ဒွေး ပီတိ လောဘ ဒိဋ္ဌိ မာန ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ထိန မိဒ္ဓ ၎င်းတဆဲ့ငါးခုကို နှုတ်၍ ကြွင်း သတ္တတိံသ ရ၏ ဟုပြော။ ။ကြေအောင် ဇာတိဘေဒ ဘူမိဘေဒ အား ဖြင့် နှုတ်လေ။ ။စိတ်ငါးခုနှင့် စေတသိက် ဒွေပဉ္စာသ ရပုံ ကား။ ။မဟာကုသိုလ် ပဥ္စမဒွေးတို့တွင် တခု လောဘမူ သမ္ပယုတ်တခု ဝိပ္ပယုတ်တခု ဒေါသမူ ဝိစိကိစ္ဆာ ဤစိတ်ငါးခု စေတသိက် ဒွေပဉ္စာသလုံး ရ၏။ ။သမ္ပယောဂနည်း၌ နှုတ်ပုံ ပြီး၏။

ယှဉ်သင့်သည်အား လျော်စွာ ဆိုအပ်ခဲ့ပြီးသော စေတသိက် တို့သည် မိမိယှဉ်သော စိတ်၌ အနိယတ အားဖြင့် ယှဉ်သည့်၏ အဖြစ်ကို ပြတော်မူလို၍ ဣဿာ။လ။ သဟဟူသော ဂါဌာကို မိန့်။ ဤ တဆဲ့တခုသော အနိယတ စေတသိက်တို့တွင် ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဤသုံးခုသော စေတသိက်တို့သည် ဒေါသ

မှုစိတ် ဥပါဒ်တိုင်း မပါ၊ သူတပါးစည်းစိမ်ကို ငြူစူသောအခါ မိမိ စည်းစိမ်ကို လျှို့ဝှက်သောအခါ ပြုအပ်ပြီးသော ဒုစရိုက် မပြုအပ် သေးသော သုစရိုက်တို့တွင် တပါးပါးကို အာရုံပြု၍ ပူပန်ကြောင့်ကြခြင်း ဖြစ်သော အခါ၌သာ ယှဉ်သည်။ ထိုသို့ တရံတခါသာ ယှဉ်၍ တရံတခါ မယှဉ်သောကြောင့် ကဒါစိ တည်း။ ။ထိုသို့ တရံတခါပင် ယှဉ်သော်လည်း သူတပါး စည်းစိမ်းကို ငြူစူသော အခါ၌ မစ္ဆရိယ ကုက္ကုစ္စ စေတသိက်တို့ သည် တကွဖြစ်ခြင်း တကွချုပ်ခြင်း တူသော အာရုံ တူသော မှီရာဟု ဆိုအပ်သော သမ္ပယောဂ လက္ခဏာ လေးပါးတို့တွင် ကောလမ္ဗဏ မဖြစ်နိုင်၍ ဣဿာ ယှဉ်သည့်အခါ မစ္ဆရိယ ကုက္ကုစ္စတို့ မယှဉ်သောကြောင့် နာနာဟုဆို၏။ ။ထို့အတူ မိမိ စည်းစိမ်ကိုလျှို့ဝှက်ခိုက် မစ္ဆရိယ သာယှဉ်၍ ဣဿာ ကုက္ကုစ္စ တို့ မယှဉ်နိုင် သည်ကား နာနာတည်း ပြုအပ်ခဲ့ပြီးသော ဒုစ ရိုက် မပြုအပ် သေးသော သုစရိုက်တို့ကို အာရုံပြု၍ ပူပန် ကြောင့်ကြသော အခါ ကုက္ကုစ္စသာ ယှဉ်၍ ဣဿာ မစ္ဆရိယ တို့ မယှဉ် နိုင်သည်ကား နာနာတည်း။ သုံးခုသော စေတသိက် တို့သည် တပြိုင်နက် မယှဉ် အသီးအသီး တခုစီ ယှဉ်ခြင်းသည် ကား နာနာဟူ၍မှတ်။

ဝိရတိ စေတသိက် သုံးခုသည် လောကုတ္တရာ စိတ်၌ ထို ထိုသို့သော ဒုစရိုက် ဒုရာဇီဝ တို့ကို ပယ်သည်၏ အစွမ်းအား ဖြင့် နိယတ ယှဉ်ကုန်၏။ မဟာကုသိုလ်၌မူကား အနိယတသာ ယှဉ်သတည်း။ ။ထို ဝိရတိ သုံးခုတို့သည် မဟာကုသိုလ် ဥပါဒ်တိုင်း တရံတခါသာ ပါ၍ တရံတခါ မပါခြင်းသည် ကဒါစိ တည်း။ တရံတခါပင် ပါသော်လည်း။ သမ္မာဝါစာ ယှဉ်ခိုက် သမ္မာကမ္မန္တ သမ္မာအာဇီဝ မယှဉ်နိုင် သမ္မာကမ္မန္တ ယှဉ်ခိုက် သမ္မာဝါစာ သမ္မာအာဇီဝ မယှဉ်နိုင်၊ သမ္မာအာဇီဝ ယှဉ်ခိုက် သမ္မာ ဝါစာ သမ္မာကမ္မန္တ မယှဉ်နိုင်။ ဤသို့ တခုယှဉ်ခိုက် တခုမယှဉ်

နိုင်။ တခုစီ အသီးအသီး ယှဉ်သောကြောင့် နာနာဟု ဆိုသတည်း။ ။အပ္ပမညာ ဒွေးသည် နှစ်ဆဲ့ရှစ်ပါးသော စိတ်၌ ကဒါစိ စေတသိက်ချင်း၌ နာနာ ဖြစ်သတည်း။

မာန စေတသိက်သည် လောဘမူ ဝိပ္ပယုတ်လေးခု ဥပါဒ်တိုင်း မပါ။ ဟိနမာန် သဒိသမာန် ပဏိတမာန် တည်းဟူသော သုံးပါးတို့တွင် တပါးပါး တပ်ခိုက်၌သာ ယှဉ်သည်ဖြစ်၍ ကဒါစိ ဟု ဆိုအပ်၏။မာနသည် တခုတည်းသာ ဖြစ်၍ နာနာဟု မဆိုရ။ ။ထိန မိဒ္ဓစေတသိက် နှစ်ခုသည် သသင်္ခါရိက ငါးခုဖြစ်လေတိုင်းမပါနိုင်။ စိတ် စေတသိက်၏ တွန့်တိုသော အခိုက်၌သာ ပါသည်ဖြစ်၍ တရံတခါ ယှဉ်၍ တရံတခါ မယှဉ်သောကြောင့် ကဒါစိ ဆိုရ၏။ ။ငင်း ထိန နှင့် မိဒ္ဓစေတသိက် နှစ်ခုတို့သည် တရံတခါ ယှဉ်ရာ၌ အတူတကွ မကွဲကောင်းသောကြောင့် သဟလည်း ဆိုရ၏။ နာနာဟူ၍ မဆိုရမှတ်။ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိရတိ ကရုဏာ မုဒိတာ စေတသိက်သည် ကဒါစိ လည်းရ နာနာလည်း ရ၏။ မာန စေတသိက်သည် ကဒါစိ တခုသာ ရသည်။ ထိနနှင့် မိဒ္ဓ စေတသိက်သည် ကဒါစိလည်း ရ၏။သဟလည်း ရ၏။ ဤကား ရှေးယောဇနာသော အနက်တိုင်းတည်း။ ။ဤနည်း သည်ကား စိတ်၌ ကဒါစိ စေတသိက်ချင်း၌ နာနာတည်း။

တနည်းကား ထိန မိဒ္ဓသည် သသင်္ခါရိက ငါးခု၌ ယှဉ်သည်ဖြစ်၍ ဒေါသမူ သသင်္ခါရိက ဥပါဒ် ဖြစ်သောအခါ စိတ် စေတသိက်တို့ တွန့်တိုခိုက် သူတပါး တို့၏ စည်းစိမ်ကို ငြူစူခိုက်ကြုံ၍ ထိန မိဒ္ဓ လည်းယှဉ် ဣဿာလည်း ယှဉ်သည်။ ထိုသို့ယှဉ်ကြသော အခါ ဣဿာ နှင့် ထိန မိဒ္ဓသည် တကွဖြစ်ကုန်၏။ ဤသို့ ဖြစ်သောအခါ သဟ ဟူ၍မှတ်။ ဣဿာ ထိန မိဒ္ဓ ငင်းသုံးခုသော စေတသိက်တို့သည် ဒေါသမူ သသင်္ခါရိက ဥပါဒ်သော အခါ တရံတခါ ပါကုန်၏။ တရံတခါ သုံးပါးလုံးပင်

မပါ။ ဤသို့ တရံတခါ သုံးပါလုံး ယှဉ်၍ တရံတခါ သုံးပါးလုံး မယှဉ်ခြင်းသည် ကဒါစိ။ တရံတခါ ထိန မိဒ္ဓ သာယှဉ်၍ ဣဿာ မပါ တရံတခါ ဣဿာ သာယှဉ်၍ ထိန မိဒ္ဓ မပါ ဤသို့ ထိန မိဒ္ဓနှင့် ဣဿာသည် တခုယှဉ်ခိုက် တခုမယှဉ် အသီးအသီး ဖြစ်၍ နာနာ စေတသိက်ချင်း သဟနှင့် နာနာ စိတ်၌ ကဒါစိ သုံးချက်ရသတည်း။ ထိနမိဒ္ဓ နှင့် မစ္ဆရိယလည်း ထို့အတူ။ ထိန မိဒ္ဓ နှင့် ကုက္ကုစ္စလည်း ထို့ အတူ။ လောဘမူ ဝိပ္ပယုတ် သသင်္ခါရိကစိတ် နှစ်ခု၌ ထိန မိဒ္ဓ နှင့် မာနတို့သည် အတူတွဲ၍ သဟလည်းရ နာနာလည်းရ ကဒါစိလည်း ရ၏။ သုံးချက်ရ သတည်း။ ။ဣဿာ မစ္ဆရိယ ကုက္ကုစ္စ မာန ဤလေးခုသော စေတသိက်တို့နှင့် ထိန မိဒ္ဓ တွဲသောအခါ စေတသိက်ချင်း သဟ နှင့် နာနာ ရ၏။ စိတ်၌ ကဒါစိ သုံးချက်ပင် ရသည်ဟု မှတ်လေ။

## သင်္ဂဟနည်း

လောကုတ္တရာ သင်္ဂဟနည်း၌ အပ္ပမညာခွေးသည် အဘဲ့ကြောင့် လောကုတ္တရာ စိတ်၌ မယှဉ်နိုင်သနည်း ဟူမူ။ လောကုတ္တရာ စိတ်ကား နိဗ္ဗာန်ကို အာရုံ ပြုသည် အပ္ပမညာ မူကား ပညတ်ကို အာရုံပြုသည် ဤသို့ အာရုံပြုခြင်း ပြားကြသော ကြောင့်တည်း ဘ်န္တာရမ္မဏာတာ ဆိုသောကြောင့်လည်းဟူ။ ။ လောကုတ္တရာ သင်္ဂဟနည်း၌ အနက်ပေးသည့် အတိုင်း စေတသိက် ယှဉ်ကို ဖြေလေ၊ ။မဟဂ္ဂုတ် သဗ္ဗဝိသ တို့၌ ဝိရတိ အဘဲ့ကြောင့် မယှဉ်နိုင် လေသနည်း ဟူမူ။မဟဂ္ဂုတ် စိတ်ကား ပညတ်ကို အာရုံပြုသည် ဝိရတိသည်လည်း လောကုတ္တရာ၌ ယှဉ်သော ဝိရတိသည် နိဗ္ဗာန်ကို အာရုံပြုသည် လောကီ၌ ယှဉ်သော ဝိရတိသည်ကား ဒုစရိုက်ကိုသာ အာရုံပြုသည် ဤသို့ အာရုံပြုခြင်း ပြားသောကြောင့်တည်း။

တနည်းကား မဟဂ္ဂုတ် ကုသိုလ်၌ အဘဲ့ကြောင့် ဝိရတိ မယှဉ်သနည်း ဟူမူ။ မဟဂ္ဂုတ် ကုသိုလ်သည် ဂေါမာဝစရ

ကုသိုလ်ကဲ့သို့ ကာယကံ တို့ကို တဒင်္ဂ အားဖြင့်လည်း မသုတ် သင်။ လောကုတ္တရာ ကုသိုလ် ကဲ့သို့ ဒုစရိုက် မိစ္ဆာဇီဝကို သမုစ္ဆေဒ အားဖြင့်လည်း မသုတ်သင်။ ဝိက္ခမ္ဘန အားဖြင့်သာ သုတ်သင်သောကြောင့် ဝိရတိကို မရသတည်း ဟူပေ။ အပ္ပမညာခွေးသည် အဘဲ့ကြောင့် အသီးအသီး ယှဉ်သနည်း ဟူသော် ဘိန္နာရမ္မဏတာဟု ဟိတ်ခတ်။ ။ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြုခိုက် သုခိတ သတ္တဝါပညတ်ကို အာရုံ မပြုနိုင်။ သုခိတ သတ္တဝါ ပညတ်ကို အာရုံပြုခိုက် ဒုက္ခိတ သတ္တဝါ ပညတ်ကို အာရုံမပြုနိုင် ဟူ လိုသည်။ ဥပမာကား ခေါင်းတလုံးကို ရေအိုး နှစ်လုံး မရွက်နိုင် သကဲ့သို့တည်း။ ။ဤ အပ္ပမညာခွေးသည် လောကီ ဥပေက္ခာ၌ ယှဉ်လျက် မဟဂ္ဂုတ် ပဥ္စမဈာန် စိတ်၌ အဘဲ့ကြောင့် မယှဉ်သနည်း ဟူမူ။ အပ္ပနာသို့ရောက် လေပြီး သော အပ္ပမညာသည် သောမနဿ ဝေဒနာနှင့် တရံတဆစ်မျှ ကင်း၍ မဖြစ်နိုင်သောကြောင့်တည်း။

တနည်းကား အပ္ပနာသို့ ရောက်လေပြီးသော အပ္ပမညာသည် သောမနဿ ဝေဒနာနှင့် မကွေ မကွာ ယှဉ်သည်။ ပဥ္စမဈာန် မူကား ဥပေက္ခာ ဝေဒနာနှင့် မကွေ မကွာ ယှဉ်သည်။ ဤသို့ ဝေဒနာ ဝိသဘာဂ ဖြစ်သောကြောင့်တည်း။ ။အပ္ပမညာခွေးသည် စတုတ္ထ ဈာန်တိုင်အောင် ယှဉ်သော်လည်း အနိသဘာသာ။ ။ဒုတိယ ဈာန်၌ ဝိတက်သည် အဘဲ့ကြောင့် မဖြစ်သနည်း ဟူမူ။ဘာဝနာ ဗလေန နုပ္ပဇ္ဇတိဟု ဆိုသောကြောင့်တည်း။

အကျယ် ပြောပုံကား ပဌမဈာန်ကို ရပြီးသော တိဟိတ်ကာမ ပုဂ္ဂိုလ် ရူပပုဂ္ဂိုလ်သည် ငါ့အား ရခဲသစွာသောမြတ်သောတရား ကို ရပေသည်ဟု ထိုသို့ ရပြီးသော ပဌမဈာန်ကို ထပ်ခါထပ်ခါ ဝင်စား၍ ထို ပဌမဈာန်၌ ရှိသော သဒ္ဒါခတို့ကို သုံးသပ်၍ ထို ပဌမဈာန်၌ ရှိသော ဝိတက်။လ။ ဧကဂ္ဂတာတည်း ဟူသော ဈာန်

အင်္ဂါ ငါးပါးတို့တွင် တပါးချင်း ပစ္စဝေက္ခနာတင်၍ ဆင်ခြင် ငါးပါးလုံးကို ပေါင်း၍ ပစ္စဝေက္ခနာ တင်၍ ဆင်ခြင် ထို့နောင် ဒုတိယဈာန်ကို စီးဖြန်းလိုသော် ပဌမဈာန်၌ တပ်ခြင်းကို စွန့်၍ ငါရသော ပဌမဈာန်သည် ကာမစ္ဆန္ဒ နီဝရဏတည်း ဟူသော နီးသောရန်သူရှိ၏။ ဝိတက်။လ။ ဧကဂ္ဂတာ တည်းဟူသော ဈာန် အင်္ဂါ ငါးပါး ပြားသည့်တို့တွင် ဝိတက်ဟူသော ဈာန်အင်္ဂါ သည် ရုန့်ရင်းကြမ်းတန်းသည့် ဒုတိယဈာန်မှာမူကား ဝိစာရပီတိ သုခ ဧကဂ္ဂတာတည်းဟူသော နူးညံ့သိမ်မွေ့သော ဈာန်အင်္ဂါ ရှိလေသည်။ ငါ့အား ထို ဒုတိယဈာန်ကို ရလျှင် ကောင်းလေစွ ဟု ဒုတိယ ဈာန်ကို ရခြင်း၏ အကြောင်း ၁၄—ပါးသော ကမ္မဋ္ဌာန်းတို့တွင် မိမိ ကြိုက်နှစ်သက်ရာ တပါးပါးကို ပထဝီ ပထဝီ အစရှိသည်ဖြင့် အဘန်တလဲလဲ စီးဖြန်းသော အခါ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ လေးပါးရှိသော ဒုတိယဈာန်ကို ရသတည်း။ ။ဝိတက်ကိုကား ဘာဝနာ၏ အစွမ်းဖြင့် ပယ်ပစ်ကုန်၏။ ပဌမဈာန်ကို ကျအောင် ရှေးနည်းကိုမှီ၍ ပြောလေ။ စေတသိက် ယှဉ်မှာ အနက်အတိုင်း ပြောလေ။ ။ မဟဂ္ဂုတ် သင်္ဂဟနည်း ပြောပုံပြီး၏။

မဟဂ္ဂုတ် စိတ်၏ သင်္ဂဟနည်းကို ပြပြီး၍ ကာမာဝစရ စိတ် ၏ သင်္ဂဟနည်းကို ပြလိုသော ဆရာသည် ကာမာဝစရ သော ဘဏောသု ပန။ လ။ တာအစရှိသော ပါဌ်ကိုမိန့်။ ကာမာဝစရ သောဘဏစိတ် ၂၄-ခုတို့တွင် မဟာကြိယာ စသည့်တို့၏ ရှေး ဦးစွာ မဟာကုသိုလ် စိတ်ကို မိန့်အပ်၏။ ။၎င်းကာမာဝစရ စိတ်တို့တွင် မဟာကုသိုလ် ပဌမနွေးတို့၌ အညသမာန်း တေရသ သောဘဏ စေတသိက် ပဉ္စဝီသ ပေါင်း အဋ္ဌတိံသ ကုန်သော စေတသိက်တို့သည် ယှဉ်ကုန်၏။ ထိုအဋ္ဌတိံသတို့တွင် ဝိရတိ သုံးခု အပ္ပမညာနွေး ပေါင်းငါးခုသော စေတသိက်တို့သည် အသီး အသီး တခုတခုစီသာ ယှဉ်ကုန်၏။

တနည်းကား ကာမာဝစရ သောဘဏာ စိတ်၌ သုံးဆဲ့ရှစ်ပါးသော စေတသိက်တို့တွင် အပ္ပမညာနှင့် ဝိရတိကို အပ္ပမညာကလည်း တပါး ဝိရတိကလည်း တပါးစီ အသီးအသီး အပ္ပမညာနှင့် ဝိရတိကို ပေါင်း၍ ယှဉ်ပါတော့လော အဘဲ့ကြောင့် ဝိရတိ ယှဉ်ခိုက် အပ္ပမညာမယှဉ် အပ္ပမညာ ယှဉ်ခိုက် ဝိရတိ မယှဉ်နိုင်လေသနည်း ဟူမူ။ အပ္ပမညာ မူကား ပညတ်ကို အာရုံပြုသည် ဤလောကီ၌ ယှဉ်သော ဝိရတိကား ဝိရမိတဗ္ဗဝတ္ထု ဖြစ်သော ဒုစရိုက် တရားကို အာရုံပြုသည် ဤသို့ အာရုံပြုခြင်း ပြားသောကြောင့် ဝိရတိနှင့် အပ္ပမညာသည် အတူတကွ မယှဉ်နိုင်လေသတည်း ဟူပေ။ ။အတူတကွ မယှဉ်နိုင်၍ အသီးအသီး ယှဉ်သော် ဝိရတိသုံးခုသည် လောကုတ္တရာ၌ နိယတ သုံးပါးလုံးယှဉ်လျက် ဤကာမာဝစရ စိတ်၌မူကား အနိယတ တရံတခါ ဖြစ်၍ တရံတခါ မဖြစ်၊ တရံဘခါ ဖြစ်သော်လည်း အသီးအသီး တခုစီသာ ယှဉ်ရမည်ဟု အဘဲ့ကြောင့် ဆိုသနည်း ဟူမူ။ ဤလောကီ၌ ယှဉ်သော ဝိရတိသည် ဧကန္တ ဒုစရိုက်ကို သာ အာရုံပြုသည်။ မဟာကုသိုလ် စိတ်မှာမူကား ဒုစရိုက်ကို လည်း အာရုံပြု၏။ နိဗ္ဗာန်ကိုလည်း ယထာရဟ ပြု၏။ ပညတ်ကို လည်း အာရုံပြု၏။ ဤသို့ နိဗ္ဗာန် ပညတ် စသည်ကို အာရုံပြု သောအခါတို့၌ ဝိရတိသည် နိဗ္ဗာန် ပညတ်ကို အာရုံမပြုနိုင်သော ကြောင့် တရံတခါသာ ယှဉ်သတည်း ဟူပေ။ ။အသီးအသီး တခုစီသာ ယှဉ်သည်မှာ အာရုံချင်း ပြားသောကြောင့် တည်းဟု အပ္ပမညာကို အထူးမှတ်။ ။ဒုတိယဒွေး စသည်တို့၌ အနက်ယောဇနာသည့်အတိုင်း စေတသိက်ယှဉ်ကို ပြောဆိုလေ။ ။မဟာကုသိုလ်ပြီး၏။

သဟိတ် ကာမာဝစရ ကြိယာစိတ်၌ ဝိရတိကို အဘဲ့ကြောင့် ကြဉ်သနည်း ဟူငြားအံ့။ လောကီဝိရတိ၌ ဧကန္တ ကုသလ သဘာဝတ္တာ နတ္ထိ အဗျာကတေသု သန္တာဝေါတိ ဝုတ္တံ ဝိရတိ

ဝဇ္ဇိတၬနိတိ ဟူသော ငိုကၬပါဠိနှင့်အညီ လောကီဝိရတိတို့၏ ဧကန္တကုသိုလ် သဘောဖြစ်၍ အဗျာကတ ဖြစ်သော ကြိယာ သဘောတို့၌ ဖြစ်ခြင်း မရှိသောကြောင့် ကြိယာစိတ်၌ ဝိရတိ ကို မရဆိုအပ်သတည်း ဟူပေ။ ။ဤ ကြိယာစိတ်၌ စေတ သိက် အဋ္ဌတိံသတို့တွင် ဝိရတိ သုံးခုကို နုတ်၍ ကြွင်းသော စေတသိက် ပဉ္စတိံသကိုသာ ထည့်၍ ပဌမဒွေး စသည်တို့၌ အ နက် ယောဇနာသည်အတိုင်း ပြောဆိုလေ။ ။သဟိတ် ကာ မာဝစရ ဝိပါက်စိတ်တို့၌ အပ္ပမညာ ဝိရတိ နှစ်ပါးကို အဘဲ့ ကြောင့် ကြဉ်သနည်း ဟူမူ။ ကာမာဝစရ ဝိပါကာနံ ဧကန္တ ပရိတ္တာရမ္မဏတ္တာ ဝိရတိ ဉာဏ ပိတိ စေတသိကာနံ ဧကန္တ ကုသလတ္တာ ဇုတ္တံ အပ္ပမညာဝိရတိ ဝဇ္ဇိတာနိတိ ဟူသော ငိုကာ ပါဠိနှင့်အညီ အာရုံ ပြားသောကြောင့် ၎င်း ဇာတ် ပြားသော ကြောင့်၎င်း ကြဉ်သည်ဟူပေ။ ဤ မဟာဝိပါက် စိတ်၌ စေတ သိက် အဋ္ဌတိံသ တို့တွင် ဝိရတိ အပ္ပမညာကို ကြဉ်၍ ကြွင်း တေတ္တိံသ၌သာ ပဌမဒွေး စသည်ကို အနက် ယောဇနာသည် အတိုင်း ပြောဆိုလေ။

အနုတ္တရေ ဈာနဓမ္မာ စသော ဂါထာဝယ် လောကုတ္တရာ စိတ်၌ ဝိတက် ဝိစာရ ပိတိ တည်းဟူသော ဈာန်တရား၊ မဟဂ္ဂုတ်စိတ်၌ အပ္ပမညာ၊ ကာမာဝစရ စိတ်၌ ဝိရတိ ဉာဏ် ပိတိစေတသိက် အထူးပြု၏ ဟု ဆိုသည်မှာ အသို့ အထူးပြု သနည်း ဟူမူ။ ယှဉ်, မယှဉ် ဆိုသည်သာလျှင် အထူးပြုသည်ဟု ဆို၏။ အကျယ်မှာ တခုချင်း ပြောလေ။ ။ကာမာဝစရပြီး၏။

အကုသိုလ်စိတ် တဆဲ့နှစ်ခု၌ ပဌမ အသင်္ခါရိက ဒုတိယ အသင်္ခါရိကတို့မှာ ဒိဋ္ဌိနှင့် မာနကို ထည့်၍ တခုယုတ် နှစ်ဆယ် ရ၏။ တတိယ အသင်္ခါရိက စတုတ္ထ အသင်္ခါရိက နှစ်ခုတို့၌ ပိတိကို ကြဉ်၍ ဒိဋ္ဌိနှင့် မာနကို ထည့်၍ အဋ္ဌာရသ ရ၏။ ပဌမ အသင်္ခါရိက၌ ဗာဝိသ တို့တွင် ထိန မိဒ္ဓကို နုတ်၍ ဝိသတိ အ

တိုင်းပင် ရ၏။ ပဌမ သသင်္ခါရိက ဒုတိယ သသင်္ခါရိက နှစ်ခု၌ အသင်္ခါရိက အရအတိုင်း ကြေနပိသတိ တို့တွင် ထိန မိဒ္ဓကို ထည့်၍ ကေပိသတိ ရ၏။ တတိယ သသင်္ခါရိက စတုတ္ထ သသင်္ခါရိက နှစ်ခုတို့၌ အသင်္ခါရိက နှစ်ခုအရအတိုင်း အဋ္ဌာရသ တို့တွင် ထိနမိဒ္ဓကို ထည့်၍ ဝိသရ၏။ ။ဒေါသမူ သသင်္ခါရိက၌ ထိန မိဒ္ဓကို ထည့်၍ ဗာဝိသအတိုင်းရ၏။ ဥဒ္ဓစ္စသဟဂုတ်၌ ဆန္ဒ ပိတိ ကြဉ်၍ အညသမာန်း တဆဲ့တခုတို့တွင် အကုသလ သာ ဓာရဏ လေးခုကိုထည့်၍ တဆဲ့ငါးခု ရ၏။ ဝိစိကိစ္ဆာ စိတ်၌ ၎င်းအရတွင် အဓိမောက္ခကို နုတ်၍ ဝိစိကိစ္ဆာကို ထည့်၍ တဆဲ့ငါးခု ပင်တည်း။ ။သင်္ဂဟနည်း ခုနစ်ပါးမှာ ဂါထာ အ တိုင်း ယူလေ။

ဒေါသမူ အသင်္ခါရိက သသင်္ခါရိက နှစ်ပါးတို့တွင် အသင်္ခါ ရိကနှင့် လောဘမူ တတိယ စတုတ္ထ သသင်္ခါရိက စိတ်နှစ်ခု ၏သုံးပါး ပေါင်း၍ သင်္ဂဟနည်း တပါး ယူပါတော့လော။ စေ တသိက် နှစ်ဆယ်ချင်း သချ်ာတူ၏။ သချ်ာခြင်းပင် တူသော် လည်း လောဘမူ သသင်္ခါရိကခြင်း မတူ၍ သင်္ဂဟ နည်းကို ခွဲ၍ယူရ၏။ တပေါင်းတည်း မယူအပ် ဟူပေ။ ။အဓိမောက္ခ သည် ဝိစိကိစ္ဆာကို အဘဲ့ကြောင့် ကြဉ်သနည်း ဟူမူ။ ဝိသ ဘာဂ အကုသိုလ် ဖြစ်သောကြောင့် ကြဉ်သည်။ အဟိတ် သင်္ဂဟနည်း၌ အနက်ယောဇနာသည်အတိုင်း ပြောလေ။

အရှင် အနုရုဒ္ဓါဆရာ သမ္ပယောဂနည်း၌ အကုသိုလ်ကို ရှေး ဦးစွာ ပြသကဲ့သို့ ၏သင်္ဂဟ နည်း၌လည်း အကုသိုလ်ကို ရှေး ဦးစွာ ပြပါတော့လော။ အဘဲ့ကြောင့် လောကုတ္တရာကို ရှေး ဦးစွာ ပြသနည်း ဟူမူ။ စေတသိက် ယှဉ် များသောကြောင့် လောကုတ္တရာကို ရှေးဦးစွာ ပြသတည်း။

စေတသိက် ယှဉ်များ၍ ရှေးဦးစွာပြသော် မဟာကုသိုလ်၌ စေတသိက်ယှဉ် သာ၍များသည်မဟုတ်လော။ သို့ဖြစ်၍ မဟာ

ကုသိုလ်ကို ရှေးဦးစွာ ပြပါတော့လော ဆိုလျှင်။မဟာကုသိုလ်နှင့် ယှဉ်သော် လောကုတ္တရာသည် နိယတ အဖြစ်ဖြင့် လောကုတ္တရာက များသောကြောင့် မဟာကုသိုလ်၏ ရှေးဦးစွာ လောကုတ္တရာကိုပြရသတည်း။မဟာဂ္ဂုတ်နှင့် မဟာကုသိုလ်သည် နိယတ သုံးဆဲ့သုံးချင်း အတူတူပင် မဟုတ်ပါလော။ သို့ဖြစ်၍ မဟာကုသိုလ်ကို မဟာဂ္ဂုတ်ကုသိုလ်၏ ရှေးဦးစွာ ပြပါတော့လော ဆိုလျှင် အယုတ် အမြတ် အားဖြင့် အစဉ်အတိုင်း အမြဲတ်ကို ရှေးဦးစွာ ပြရသတည်း။

အယုတ် အမြတ် အားဖြင့် အစဉ် အတိုင်း ပြသော် အဟိဘ်နှင့် အကုသိုလ်သည် အဟိတ်က အကုသိုလ်ထက် မြတ်၏။ အဟိတ်က မြတ်လျက် အကုသိုလ်၏ ရှေးဦးစွာ အဟိတ်ကိုပင် ပြပါတောလော့။ အဘဲ့ကြောင့် အကုသိုလ်ကို ရှေးဦးစွာ ပြရသနည်း မေးလျှင်။ စေတသိက် အနည်း အများ နှစ်ပါးတို့တွင် ဤအရာ၌ အများကို လိုက်၍ ပြရသတည်း။ ။မဟာကြိယာနှင့် မဟာဝိပါက်ကိုလည်း ထို့အတူပင်။ ။အဟိတ်၌ ဟသိတုပ္ပါဒ်ကို ရှေးဦးစွာ ပြခြင်းသည်လည်း ထို့အတူ မှတ်၍ ပြောလေ။

သမ္ပယောဂ နည်းနှင့် သင်္ဂဟနည်း အထူးကို အသို့ မှတ်ရမည်နည်း ဟူမူ၊ ဤစေတသိက် တို့ကို ဤမျှသော စိတ်၌ ရအပ်၏ဟု စိတ်ကို ပိုင်းခြားခြင်းသည်ကား သမ္ပယောဂ နည်းတည်း။ ဤစိတ်၌ ဤမျှသော စေတသိက်တို့ကို ရအပ်၏ဟု စေတသိက်တို့ကို ပိုင်းခြားခြင်းသည်ကား သင်္ဂဟ နည်းတည်း။ ဤကား အထူးတည်း ဟူပေ။ ။စိတ္တေန သမယုဇ္ဇိသေ၌ စေတသိက်တို့ကို စိတ်နှင့်အမျှ ယှဉ်သင့်သည်အား လျော်စွာ ဒွေပညာသလုံး ကုန်အောင် ပြောဆိုလေ။

စေတသိက်ပိုင်း ပြောပုံပြီး၏။

# ၃—ပကိဏ်ဏကပိုင်း

## ဝေဒနာသင်္ဂဟ

စေတသိက်ပိုင်းကို ပြပြီးသည်၏ အခြားမဲ့၌ ပကိဏ်ဏကပိုင်းကို ပြပေအံ့။ ။ထိုသို့ အညီအညွတ် အပြားအားဖြင့် ယှဉ်သော စိတ် စေတသိက်တို့သည် အာရမ္မဏာဝိဇာနန ဖုသန အစရှိသော မိမိတို့၏ လက္ခဏာအားဖြင့် ၅၃-ပါး အပြားရှိ၏။ အဘယ့်ကြောင့် စိတ် စေတသိက်တို့ကို ၅၃-ပါးသာ ရသနည်း မေးမူ။ ။စိတ် တခုယုတ် ကိုးဆယ်သည် အာရုံကို သိခြင်းတပါးသာ ဖြစ်သောကြောင့် ၎င်း စိတ်ဘခု ယုတ် ကိုးဆယ်ကိုလည်း တပါးသာယူ၍ စေတသိက် ၅၂ပညာသမှာ ဖုသန အစရှိသော အားဖြင့် လက္ခဏာ သဘော ကွဲပြားသောကြောင့် ငါးဆဲ့နှစ်ပါးကို ငါးဆဲ့နှစ် ပါးပင် ယူ၍ ၎င်းနှစ်ရပ်ကို ပေါင်းသော် ငါဆဲ့သုံးပါး ဖြစ်၏။ ၎င်းငါးဆဲ့သုံးပါးသည် နာမ်တရား ဖြစ်သောကြောင့် နာမ် တေ ပညာသလည်း ခေါ်၏။

ထို ငါးဆဲ့သုံးပါးသည် ထိုက်သည့်အား လျော်စွာ စိတ် စေတသိက်၏ အစွမ်းအားဖြင့် ဝေဒနာအပြား ဟိတ်အပြား ကိစ္စအပြား ဒွါရအပြား အာရုံအပြား ဝတ္ထုအပြား အားဖြင့် ဝေဒနာသင်္ဂဟ စသည် အပြားရှိသော ပကိဏ်ဏက သင်္ဂဟကို ဆောင်အပ်၏။ ။ထို ငါးဆဲ့သုံးပါးတို့သည် ထိုက်သည့်အား လျော်စွာ ဆိုသည်မှာ ဝေဒနာအပြား ဟိတ်အပြား ကိစ္စအပြား ဒွါရအပြား အာရုံအပြား ဝတ္ထုအပြားတို့ဖြင့် ခွဲဝေသည်ကို ဆို၏။ ထိုခြောက်ပါးသော အပြားတို့တွင် ဝေဒနာ သင်္ဂဟတို့ ဖြင့် ခွဲသော် စိတ်တခုယုတ် ကိုးဆယ်တို့သည် ကုန်၏။ ဟေ တု သင်္ဂဟနှင့် ဝေဘန်သော် အဟိတ်စိတ် ကျန်သေး၏။ ကိစ္စ သင်္ဂဟနှင့် ဝေဘန်သော် စိတ်တခုယုတ် ကိုးဆယ်ကုန်၏။ ဒွါရ သင်္ဂဟနှင့် ဝေဘန်သော် ဒွါရဝိမုတ်စိတ် တခုယုတ် နှစ်ဆယ်

ကျန်သေး၏။ ဝဏ္ဏသင်္ဂဟနှင့် ဝေဘန်သော် အရူပဝိပါက် လေးခုနှင့် အတူ အရူပဘုံ၌ ဖြစ်သော စိတ် ခွေစတ္တာလီသ ကျန်သေး၏။

အနုဘဝန ဆိုသည်မှာ ခံစားတတ်သောကြောင့် ဆိုသည်။ ၎င်းဝေဒနာကိုပင် ဣန္ဒြိယ ဆိုသည်မှာ အစိုးရသောကြောင့် ဆိုသည်၊ အနုဘဝန လက္ခဏာအားဖြင့် သုံးပါးသော ဝေဒနာဘို့တွင် သုခဝေဒနာ ခေါ်သည်မှာ သုခသဟာဂုတ် တေသမ္ဗိ ၌ ရှိသော ဝေဒနာနှင့် တကွ ဖြစ်သော စိတ်တို့သည်လည်း တေသမ္ဗိ သုခဝေဒနာနှင့် တကွ ဖြစ်သော စိတ်တို့သည်လည်း တေသမ္ဗိ သုခဝေဒနာနှင့် တကွ ဖြစ်သော စေတသိက် တို့သည် ကား ဆစတ္တာလီသ ရ၏။ ။ဒုက္ခဝေဒနာ ခေါ်သည်မှာ ဒုက္ခ သဟာဂုတ် သုံးခု၌ ရှိသော ဝေဒနာကို ဒုက္ခဝေဒနာ ခေါ်သည်၊ ၎င်းဒုက္ခဝေဒနာ ပေါင်းလည်း သုံးခုပင်၊ ဒုက္ခဝေဒနာနှင့် တကွ ဖြစ်သော စိတ်လည်း သုံးခု၊ ဒုက္ခဝေဒနာနှင့် တကွဖြစ်သော စေတသိက်ကား ဧကဝီသ၊ဥပေက္ခာဝေဒနာ ဆိုသည်မှာ ဥပေက္ခာ ငါးဆဲ့ငါးခု၌ ရှိသော ဝေဒနာကို ဥပေက္ခာဝေဒနာဟု ခေါ်သည်၊ ဥပေက္ခာ ဝေဒနာ ပေါင်းလည်း ငါးဆဲ့ငါးခုပင်။ ဥပေက္ခာ ဝေဒနာနှင့် တကွ ဖြစ်သော စိတ်လည်း ငါးဆဲ့ငါးခု၊ ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော စေတသိက် တို့ကား ဆစတ္တာလီသ ရ၏။ ။ဣန္ဒြိယဘေဒ ကိုလည်း ဤနည်းအတိုင်း တခုယုတ် ကိုးဆယ် ကုန်အောင် ဝေဘန်လေ။

## ဟေတုသင်္ဂဟ

ဟိတ်သည် လက္ခဏာအားဖြင့် ခြောက်ပါး၊ ကုသိုလ် အကုသိုလ် အဗျာကတ ဇာတ်အားဖြင့် ၉—ပါး၊ တနည်းလည်း ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာအားဖြင့် တဆဲ့နှစ်ပါး၊ ကာမ ရူပ အရူပ ဘုံအားဖြင့် သုံးဆဲ့ခြောက်ပါး၊ တနည်း လည်း လက္ခဏာ အားဖြင့် ခြောက်ပါး၊ မာတိကာအားဖြင့်

ကိုးပါး၊ နိဒ္ဒေသ အားဖြင့် တဆဲ့နှစ်ပါး၊ ကာမဘုံ၌ ခြောက်ပါး၊ ရူပ အရူပ လောကုတ္တရာတို့၌ သုံးပါးစီး ရှိသောအားဖြင့် တဆဲ့နှစ်ပါး-ပေါင်း ဝေဒနာ သုံးဆဲ့နှစ် ခုတည်း။

မောဟမူဒွေး၌ ရှိသော မောဟသည် အဟိတ် စေတသိက်မည်၏။ စိတ်မှာမူကား ဧကဟိတ်စိတ်၊ ကြွင်းသော စေတသိက်သည်လည်း ဧကဟိတ် စေတသိက်ပင်၊ ဒွိဟိတ်၌ရှိသော ဟိတ်အပေါင်းသည် ဧကဟိတ်စေတသိက် မည်၏။ ကြွင်းသော စေတသိက် နှင့် စိတ်တို့ကို ဒွိဟိတ်စိတ် ဒွိဟိတ်စေတသိက် မည်၏ဟု ဆို၏။ တိဟိတ်စိတ်၌ ရှိသော စိတ် အပေါင်းသည် ဒွိဟိတ် စေတသိက် မည်၏။ကြွင်းသော စေတသိက်နှင့် စိတ်မှာ တိဟိတ်စိတ် တိဟိတ်စေတသိက် မည်၏ဟု ဆို၏။ လောဘ ဟိတ်နှင့် ဒေါသဟိတ်သည် ဧကဟိတ် သာ ရ၏။ မောဟ ဟိတ်သည် သဟိတ်နှင့် ဧကဟိတ်သာ ရ၏။ ။အလောဘ ဟိတ် အဒေါသ ဟိတ်မှာ ဧကဟိတ် ဒွိဟိတ် ရ၏။အမောဟ ဟိတ်မှာ ဒွိဟိတ် သာရ၏။

## ကိစ္စသင်္ဂဟ

အဘဲ့ကြောင့် ပဋိသန္ဓေဟု ခေါ်ရ လေသနည်းဟူမူ။ ဘဝနှစ်ပါးကို စပ်သောကြောင့် ပဋိသန္ဓေဟု ခေါ်၏။ စပ်ပုံမှာ စုတိသို့ ရောက်လျှင် ပဋိသန္ဓေသို့ ရောက်၏။ ထို့ကြောင့် စုတိနှင့် ပဋိသန္ဓေ အကြားကို ဘဝမခြားမူ၍ ဤသို့ စပ်ဆိုသည်ကိုပင် ပဋိသန္ဓေဟု ခေါ်၏။ဘဝင်ဟုခေါ်ရခြင်းသည် မြစ်ရေအယဉ်ကဲ့သို့၄င်း ဆီမီးအလျှံ ကဲ့သို့၄င်း မြစ်ရေ ဆီမီးလျှံတို့ သဘောသည် ရှေ့ရေနှင့် နောက်ရေ ရှေ့မီးလျှံနှင့် နောက်မီးလျှံတို့သည် အစဉ်မပြတ် စီးသည် တောက်သည်။ ဤသို့အစဉ်မပြတ် ဘဝ၏ အကြောင်း ဖြစ်သောကြောင့် ဘဝင်ခေါ်၏။ ။ပဉ္စဒွါရ၌ ဖြစ်လျှင် ပဉ္စာရုံ၊ မနောဒွါရ၌ ဖြစ်လျှင် အာရုံခြောက်ပါးကို ဆင်ခြင်တပ်သောကြောင့် အာဝဇ္ဇန်း မည်၏။ မြင်ခြင်း ကိစ္စ တပ်သောကြောင့် ဒဿန ခေါ်၏။ လ။ တွေ့ခြင်း ကိစ္စ တပ်သော

ကြောင့် ဖုဿန ခေါ်၏။ ။ပဉ္စာရုံကို ခံလင့် သောကြောင့် သမ္ပဋိစ္ဆိုင်း၊ ၎င်းပဉ္စာရုံကို စုံစမ်း တတ်သောကြောင့် သန္တီရဏ၊ ၎င်းပဉ္စာရုံကို မှတ်တတ် သောကြောင့် ဝုဋ္ဌော ခေါ်၏။

သိသော အားဖြင့် လျင်စွာ ဖြစ်တတ် သောကြောင့် ဇော ခေါ်၏၊ လျင်စွာ ဖြစ်၏ဟု ဆိုသည်မှာ ထပ်ကာထပ်ကာ ဖြစ်သည်ကိုယူ၊ ဇော၏ အာရုံကို ယူတတ်သောကြောင့် တဒါရုံ။ ရွေလျော တတ်သောကြောင့် ရုတိ ခေါ်၏။ ရုတိကို မာတိကာ စဉ်တုန်းက နောက်ဆုံး ထားပါလျက် ပဒဘာဇနီ ပြုသော ကာလ ရှေ့ဆိုသည်မှာ ပဋိသန္ဓေ ဘဝင်တူသောကြောင့် ပေါင်းလိုက်သည်။ ။ဌာန ဆယ်ပါး ရှိသည့်မှာ ပဉ္စဝိညာဉ်ကို အရောတူ၍ ပေါင်းသည်။ ဗျာပါရကို ကိစ္စ, ပြုခြင်း စသည်ကို ဌာန။ ဥပမာကား ငါသည် ပြုဘွယ် ကိစ္စရှိသေး၏ဟု ဆိုသည်၌ မပြုမခြင်းကိုကိစ္စ ပြုသောကာလကို ဌာန။ကိစ္စနှင့် ဌာန မကွဲကောင်းဟု မှတ်။ ။ဧကဟိတ်စိတ် ဒွိဟိတ်စိတ် တိဟိတ်စိတ် တို့၌ပဋိသန္ဓေ ဘဝင် ရုတိ တဒါရုံ ဇောတို့ကို ရှေးလေ။

ဌာန နှစ်ဆဲ့ ငါးပါးဟူသော်ကား ပဋိသန္ဓေ တဌာန။ ဘဝင် ဇ—ဌာန။ အာဝဇ္ဇန်း နှစ်ဌာန။ ပဉ္စ ဝိညာဉ် တဌာန။ သမ္ပဋိစ္ဆိုင်း တဌာန။ သန္တီရဏ တဌာန။ ဝုဋ္ဌော နှစ်ဌာန။ ဇော ခြောက်ဌာန။ တဒါရုံ နှစ်ဌာန။ ရုတိ သုံးဌာန။ ပေါင်း နှစ်ဆဲ့ ငါးဌာန။ ။ပဋိသန္ဓေ ဌာနမှာ မရဏာသန္န ဝိထိမှာယူ၊ ဘဝင် ခြောက် ဌာနမှာ မရဏာသန္န နှစ်ဝိထိ။ ပဋိသန္ဓေ တဝိထိ။ ပဝတ္တိအခါ အတိမဟန္တာရုံ၊ ပရိတ္တာရုံ ဝိထိနောင် တပါးဝိထိ ဖြစ်သည်နှင့် စပ်၍ယူ။ ။အာဝဇ္ဇန်း နှစ်ဌာနမှာ ပဉ္စဒွါရ ဝိထိ မနောဒွါရ ဝိထိ၌ယူ။ ပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏမှာ ပဉ္စဒွါရ ဝိထိ၌ယူ။ ဝုဋ္ဌော နှစ်ဌာနမှာ အတိ မဟန္တာရုံ ဝိထိ မဟန္တာရုံ ဝိထိ၌ တဌာန။ ပရိတ္တာရုံ ဝိထိ၌ တဌာနယူ။ ဇော ခြောက်ဌာနမှာ အတိမဟန္တာရုံ ဝိထိ မဟန္တာရုံ ဝိထိ ဝိဘူတာရုံ

ဝိထိ အခဝိဘူတာရုံ ဝိထိ ဇောနောင် ရဘိကျသော မရဏာသန္န မနောဒွါရဝိထိ ဇောနောင် ရတိကျသော ပဉ္စဒွါရ မရဏာသန္န ဝိထိ၌ ယူအပ်၏။ တဒါရုံ နှစ်ဌာနမှာ ပဝတ္တိ၌ တဌာန၊ မရဏာသန္န၌ တဌာန ယူ။ ရတိ သုံးဌာနမှာ မရဏာသန္န ဝိထိ၌ ယူလေ။

## ဒွါရသင်္ဂဟ

မာဂဓ ဘာသာမှာ ဒွါရ မြန်မာ ဘာသာမှာ တံခါး ခေါ်၏။ ဒွါရမှာ လူတို့ ဝင်ရာ ထွက်ရာ ဖြစ်၍ ဒွါရဟု ခေါ်သည်။ စက္ခု မေဝ၌ ဝေသန္တါသည် ဋီကာ အလိုအားဖြင့် မံသစက္ခုကို ကန့်သည်။ မဏိမဉ္ဇူ ဆရာ အလိုအားဖြင့် စက္ခုဒသက ကလာပ်၌ စက္ခု ပသာဒမှ ကြွင်းသော ရုပ်ကို ကန့်သည်။ စက္ခု ဒွါရ၌ ရူပါရုံ လေးဆဲ့ ခြောက်ခုသော စိတ်တို့၏ ဝင်ရာ ထွက်ရာဖြစ်၏။ ဖြစ်ခြင်းသည် ဝင်သည် မည်၏။ ချုပ်သည့် ကာလ ထွက်သည်နှင့် တူ၏။ လ။ မနောဒွါရ၌ အာရုံ ခြောက်ပါးတို့၏ ထွက်ရာ ဝင်ရာ မနောဒွါရ မည်သည်ကို ခေါ်လေ သလော ဟု စောဒနာမူ။ ဘဝင်္ဂုပစ္ဆေဒကို ခေါ်သည်။

ဤအရာတွင် ဘဝင်္ဂုပစ္ဆေဒဟု အဘယ်ဘဝင်ကို ခေါ်သနည်း ဟူမူ ပြတ်သော ဘဝင်ကို ခေါ်သည်။ ပြတ်သောဘဝင်ကို ခေါ်လျှင် ပဋိသန္ဓေ ဘဝင် စသည်တို့သည် ဥပါဒ်၌ ဌီ ဘင် စေ့၍ ချုပ်သည့်ကာလ ဘဝင်ပြတ်သည် မဟုတ်တုံလော ဟူမူ။ ပြတ်သည် မှန်၏။ ဤသို့ပင် မှန်သော်လည်း မခေါ်ရ။ ဘဝင် ပြတ်သည်ကိုပင် ဘဝင်္ဂုပစ္ဆေဒ ခေါ်သောကြောင့်ပင်း။ ဘဝင်္ဂုပစ္ဆေဒကို မနောဒွါရ မခေါ်သင့်သလော ဟူမူ မခေါ်သင့်။ အဘဲ့ကြောင့်နည်း။ ဘဝင်ပြတ်ခြင်းကြောင့် ဘဝင်္ဂုပစ္ဆေဒ မူကား ခေါ်သင့်၏။ ၎င်းဘဝင် ပြတ်ခြင်းသည်လည်း နောက်ဘဝင် ဖြစ်ခြင်း၏ အကြောင်းမျှသာ ဖြစ်သည်။ အာဝဇ္ဇန်း အစရှိသော စိတ်တို့၏ ဖြစ်ကြောင်း မဟုတ်။ အာဝဇ္ဇန်း အစရှိသော စိတ်တို့၏ ဖြစ်

ကြောင်းကိုသာ မနောဒွါရဟု ခေါ်ရမည်။ ။ထိုအာဝဇ္ဇန်း အစရှိသည်၏ ဖြစ်ကြောင်းဟု ဆိုအပ်သော ဘဝင်ုပစ္ဆေဒကို မနောဒွါရ ခေါ်၏ ဟုဆိုသော် ပဉ္စဒွါရ၏ရှေး၌ရှိသော ဘဝင်ုပစ္ဆေဒသည် အာဝဇ္ဇန်းစသည်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ၎င်းကိုပင် ခေါ်ရတော့မည်လော ဟူမူ ၎င်းကိုလည်း မနောဒွါရဟု မခေါ်ရသေး ဒွါရ သာမညကား ခေါ်ရ၏။ အဘယ့်ကြောင့်နည်း ဟူမူကား မနောဒွါရာဝဇ္ဇန်း စသည်တို့၏ ဖြစ်ကြောင်း မဟုတ်သောကြောင့်တည်း။

ခေါ်လိုလျှင် မနောဒွါရာဝဇ္ဇန်း၏ ရှေး၌ရှိသော ဘဝင်ုပစ္ဆေဒကိုသာ မနောဒွါရဟု ခေါ်ရသည် ဟူ၍မှတ်။ ဥပမာကား မိုးသည်းအုံ့၍ နေသောအခါ သစ်ပင် အစရှိသော တစုံတခုတို့၌ ဌက်နားသည်ရှိသော် အရိပ်မထင် သကဲ့သို့တည်း။ ၎င်းဥပမာ၌ မိုးသည်းအုံ့ သည်နှင့် ပဉ္စဒွါရာဝဇ္ဇန်း၏ ရှေး၌ ရှိသော ဘဝင်ုပစ္ဆေဒနှင့် တူ၏။ နေ့ပူတုန်းကို သစ်ပင်၌ ဌက်နားသည် ရှိသော် နားတည့်ခြင်းပင် အရိပ်ထင် သကဲ့သို့ ၎င်းဥပမာနှင့်ကား မနောဒွါရ၏ ရှေး၌ ရှိသော ဘဝင်ုပစ္ဆေဒနှင့် တူ၏။ တဒါရုံ ဧကာဒသ ဟူသည်ကား တဒါရုံ မဟာဝိပါက်ဟု ယောဇနာရာ၌ တဒါရုံဧကာဒသ ဆိုသည်မှာ စက္ခုဒွါရ၌ တဒါရုံ ဖြစ်သင့်သည်ကို ရည်၍ ဆိုသည်။ တဒါရုံ မဟာဝိပါက် ဆိုသည်မှာ သဉ်္ချာကို ငဲ့၍ ဆိုသည်။

## အာရမ္မဏသင်္ဂဟ

မျက်စိဖြင့် မြင်ကောင်းသော အဆင်းသည် ရူပါရမ္မဏ မည်၏။ ကြားကောင်း သရေ့ သဒ္ဒါရုံသည် သဒ္ဒါရမ္မဏ မည်၏။လ။တွေ့ကောင်းသရေ့ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာ ရမ္မဏ မည်၏။ ၎င်းအာရမ္မဏ အစုတို့သည် ရုပ်အာရမ္မဏ အစ လေးခုသည် သုဒ္ဓ၊ အဆုံး ၀ ခုသည် မိဿက၊ ပေါင်းပဉ္စာရုံ။ ဓမ္မာရုံမှာ မိဿက ရုပ် နာမ် ပညတ်။ စက္ခုဒွါရ၌ ဖြစ်သော

စိတ် လေးဆဲ့ခြောက်ခု တို့သည် ရူပါရုံကိုသာ အာရုံပြုကုန်၏။ ၎င်း ရူပါရုံလည်း ပစ္စုပ္ပန်သာတည်း။လ။ သောတဒွါရ စသည် တို့၌ဖြစ်သော စိတ်တို့သည်လည်း ဤနည်းအတူတည်း။ မနော ဒွါရ၌ ဖြစ်သော စိတ်ခြောက်ဆဲ့ ခုနစ်ခုသည် အာရုံခြောက်ပါး ကာလဝိမုတ် ၎င်းကို အာရုံပြု၏။ ပစ္စုပ္ပန် အတိတ် အနာ ဂတ် အလုံးစုံကို ရ၏။

မနောဒွါရ ဖြစ်ခြင်း၏ အကြောင်းကား ငါးပါးတည်း။ ငါးပါးဟူသော်ကား ဒိဋ္ဌ သုတ ဃာယန ဖုသန ပရိသင်္ကိတ ၎င်းငါးပါးတည်း တနည်းလည်း။ ဒိဋ္ဌ သုတ မုတ သုံးပါးတည်း။ သုတ သည် အနုသုတလည်း ရှိ၏။ ၎င်း ကြောင့်လည်း ဖြစ်၏။ မနောဒွါရ၌ ဖြစ်သော စိတ်အပေါင်းတို့သည် ကာလ သုံးပါး ကို အာရုံပြုရာ၌ ပစ္စက္ခ၌ မျက်မှောက် မပြုနိုင်၊ အကွယ်ရှိရာ၌ ဖြစ်သော အာရုံကိုသာ ပစ္စုပ္ပန်ဖြစ်၍ အာရုံပြုနိုင်၏။ပြုဟန်ကား လွန်ခဲ့ပြီးသော နေ့၌ တစုံတခု ဘုရားအစရှိသော ရူပါရုံကို မြင်ခဲ့၍ နောက်တရက်မှ ဘုရားတည်း ဟူသော ရူပါရုံကို အာရုံပြုရာ၌၎င်း မိမိ စိတ်ကလည်း ဥပါဒ် ဘုရားတည်းဟူ သော ရူပါရုံကလည်း ဥပါဒ် ဤကဲ့သို့ ဥပါဒ်ချင်း ပြိုင်လျှင် ပစ္စုပ္ပန်ကို အာရုံပြုလျက် နေ၏။ မပြိုင်လျှင် အတိတ်နှင့် အနာ ဂတ်ကို အာရုံပြုလျက် နေ၏။ သဒ္ဒါရုံ စသည်တို့၌လည်း နည်း တူမှတ်လေ။ မနောဒွါရ၌ ဥပါဒ်ချင်း ပြိုင်သည်ကိုပင် ရှေးရှု တော်ကြသည်ဟု ဆိုသည် ပဉ္စဒွါရကဲ့သို့ မဟုတ်။

ယထာ သင်္ကဝံ၏ အဓိပ္ပါယ်ကား ကာမပဋိသန္ဓေ တဆယ် သည် အာရုံအားဖြင့် ခြောက်ပါး ဒွါရအားဖြင့်လည်း ခြောက် ပါး ကာလအားဖြင့် ပစ္စုပ္ပန် အတိတ်နှစ်ပါး နိမိတ်အားဖြင့် သုံးပါး၊ ရူပါဝစရ ပဋိသန္ဓေ ငါးခု အာကာသာ နဉ္စာယတန အာကိဉ္စညာယတန ၎င်းပဋိသန္ဓေ ခုနစ်ခုသည် အာရုံအားဖြင့် ဓမ္မာရုံ၊ ထိုတွင်လည်း ပညတ် ဓမ္မာရုံ ဒွါရအားဖြင့် မနောဒွါရ

တခုသော ကာလမရ။ ။နိမိတ် သုံးပါးတို့တွင် ကမ္မနိမိတ်၊ဂတိ နိမိတ် ခြောက်ပါးတို့တွင်လည်း ဓမ္မာရုံ ကမ္မနိမိတ်၊ ဓမ္မာရုံ ကမ္မ နိမိတ် တွင်လည်း ပညတ်ဓမ္မာရုံ ကမ္မနိမိတ်။ ။ဝိညာဏဉ္စာ ယတန နေဝသညာ နာသညာယတန ၎င်းပဋိသန္ဓေ နှစ်ခုသည် အာရုံအားဖြင့် ဓမ္မာရုံ၊ ဓမ္မာရုံ ခြောက်ပါးတို့တွင် စိတ်တခုယုတ် ကိုးဆယ် ထိုတွင်လည်း အာကာသာနဉ္စာယတန အာကိဉ္စညာ ယတန ကုသိုလ် ကြိယာ ဒွါရမှာ မနောဒွါရ၊ ကာလသုံးပါး မှာ အတိတ်၊ နိမိတ်သုံးပါးမှာ ကမ္မနိမိတ်၊ ကမ္မနိမိတ် ခြောက် ပါးတို့တွင် ဓမ္မာရုံ ကမ္မနိမိတ် ဓမ္မာရုံ ကမ္မနိမိတ် ခြောက်ပါး တို့တွင်လည်း စိတ်ဓမ္မာရုံ ကမ္မနိမိတ်၊ စိတ်တခု ယုတ် ကိုးဆယ် တို့တွင်လည်း အာကာသာနဉ္စာယတန အာကိဉ္စညာ ယတန ကုသိုလ် ကြိယာ။ ။နိမိတ်သုံးပါးမှာ ကံနိမိတ်သည် အာရုံ အားဖြင့် ဓမ္မာရုံ၊ ဓမ္မာရုံခြောက်ပါးတို့တွင် စေတသိက်၊ စေတ သိက် ဒွေပညာသတို့တွင် စေတနာ ဒွါရအားဖြင့် မနောဒွါရ၊ ကာလအားဖြင့် အတိတ်၊ နိမိတ်သည် အာရုံအားဖြင့် ခြောက် ပါး ဒွါရအားဖြင့် ခြောက်ပါး ကာလအားဖြင့် ပစ္စုပ္ပန် အတိတ် အားဖြင့် နှစ်ပါး၊ ဂတိနိမိတ်သည် အာရုံအားဖြင့် ရူပါရုံ၊ ဒွါရအား ဖြင့် မနောဒွါရ၊ ကာလအားဖြင့် ပစ္စုပ္ပန်ကာလ။ ခြောက်ဒွါရ ဖြင့် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် ဆိုသည်မှာလည်း အတိတ် ဘဝက မရဏာသန္န ဇောသည် ကံကိုသာ အာရုံပြု သည် ဖြစ်အံ့။ ပစ္စုပ္ပန် ဘဝ၌ ပဋိသန္ဓေ စိတ်သည် ၎င်းကံကို အာရုံပြု၏။ ကမ္မနိမိတ်ကို အာရုံပြုအံ့။ ၎င်းပဋိသန္ဓေစိတ် သည် လည်း ကမ္မနိမိတ်ကို အာရုံပြု၏။ ကမ္မနိမိတ်မှာလည်း ရူပါရုံ ကမ္မ နိမိတ် စသည်ကို ခွဲလေ။ ။ဂတိနိမိတ်မှာလည်း နည်းတူ။

ယေဘုယျနယ၏ အဓိပ္ပါယ်ကား။ ။မရဏာသန္န ဇောနှင့် ပဋိသန္ဓေ အာရုံတူ၏ဟု ဆိုသည်မှာ များသော အားဖြင့်သာ ဆိုသည်။ အပ္ပကအားဖြင့် အသညသတ်ဘုံကိုသွားရာ အသည

သတ်ဘုံက ကာမသုဂတိ ခုနစ်ဘုံသို့ သွားရာတို့၌ မတူဟူ၍ မှတ်။ ရဟန္တာတို့ မရထာသနှ ဝိထိကိုလည်း ထောက်၏။ ။ ဒွေပဉ္စဝိညာဉ် တဆယ်သည် ကာမကြောန် ရုပ်ကြောန်၊ ပစ္စုပ္ပန် ကြောန် ခွဲ၍ မေးသော်။ ရှုပါရုံစသည်တို့ကို ထည့်၍ လေးပါကြောန် ခွါဒသမှာ ကာမကြောန် တချက်သာ ရ၏။ အကြွင်းမှာ အနေကန် ဝိသ၊ပဉ္စ၊ ဆ၊ ၎င်းတို့မှာ အလုံးစုံ အနေကန် ချည်းပင်၊ မဟဂ္ဂုတ်ကို အာရုံပြုသော အရာမှာ မဟဂ္ဂုတ် ကြောန် ဓမ္မာရုံ ကြောန် စိတ် ကြောန်၊ အတိတ် ကြောန်၊ နာမ် ကြောန်။ ။ကောဒသမှာ ပညတ် ကြောန်၊ ကာလဝိမုတ် ကြောန် ဓမ္မာရုံ ကြောန်။ ။အဋ္ဌမှာ နိဗ္ဗာန် ကြောန်၊ နာမ် ကြောန် ဓမ္မာရုံ ကြောန်၊ ကာလဝိမုတ် ကြောန်။ ။ တိက်မှာ ရုပ်ကြောန် ပစ္စုပ္ပန် ကြောန် ကာမကြောန်။

မဟာ ကုသိုလ်သည် အရဟတ္တမဂ်။ အရဟတ္တဖိုလ် ကြဉ် သော အလုံးစုံကို အာရုံပြုပါလျက်နှင့် ၎င်းဝိပါက်သည် အဘဲ့ ကြောင့် ကုသိုလ်ပြုတိုင်း အာရုံ မပြုနိုင်သနည်း ဟူမူ။ ကာမ ကုသိုလ်လည်း တဏှာ ရှေ့သွား ရှိသည်။ ထို့ကြောင့် မပြုနိုင် သတည်း။ ဥပမာကား ကျွန်မက မွေးလျှင် သပေါက် ဆို၏။ ၎င်းကျွန်မသည် မိမိက မွေးသော သားဖြစ်သော သပေါက်ကို အစိုးမရ၊ အရှင်သာ အစိုးရ သကဲ့သို့တည်း။ ကျွန်မနှင့်မူ ကာမ ကုသိုလ်နှင့် တူ၏။ သပေါက်နှင့် မူကား ကာမာဝစရ ဝိပါက် နှင့် တူ၏၊ တဏှာနှင့်မူ အရှင်နှင့် တူ၏။

အကုသိုလ်သည် လောကုတ္တရာကို အဘဲ့ကြောင့် အာရုံ မပြု သနည်း ဟူမူ။ မိမိက ယုတ်ညံ့ သောကြောင့်တည်း။ ။ဥပမာ ကား အလွန်ပုပ်သော သံတွေခဲမှာ ယင်ကောင်း မနားဝံ့ သကဲ့သို့တည်း။ ယင်ကောင်နှင့်မူ အကုသိုလ်နှင့် တူ၏။ သံတွေ ခဲသည် လောကုတ္တရာနှင့် တူ၏။ ။ကာမာဝစရ ကုသိုလ် ကြိယာ ဝိပ္ပယုတ်တို့ မပြုခြင်းသည် ဉာဏ် ကင်းသောကြောင့် တည်း ကာမာဝစရ ကုသိုလ် သမ္ပယုတ် လေးခု။ ကုသိုလ်အ

ဘိညာဏ်။ ၎င်းငါးခုသည် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို အာရုံမပြုသည်မှာ ပုထုဇ္ဇန် သေက္ခ သန္တာနန်၌သာ ဖြစ်သည်။ ရဟန္တာ၏ သန္တာနန်၌ မဖြစ်သောကြောင့်တည်း။ မိမိ ဖြစ်ဘူးမှ အာရုံပြုနိုင်သည်။

မနောဒွါရာ ဝဇ္ဇန်းသည် ဉာဏ် ကင်းလျက် အဘဲ့ကြောင့် အလုံးစုံကို အာရုံပြုနိုင်သနည်း ဟူမူ။ မဟာကြိယာ ဉာဏသမ္ပယုတ်၌ ယှဉ်သော ပညာကို သဗ္ဗညုတ ဉာဏ်ဆိုသည်၎င်းဉာဏ်၏ ရှေ့သွား ဖြစ်သောကြောင့် ပြုနိုင်သည် သဗ္ဗညုတဉာဏ်သည် အဆုံးမရှိသည်မှာအာရုံခြောက်ပါးအားဖြင့်မဆုံးသည်ကိုဆိုသည်၊ မဆုံးဆိုလျှင် ထိုစိတ်သည် ဥပါဒ် ဌီ ဘင်ဖြင့် ချုပ်၍ ဆုံးသည် မဟုတ် ပါလော စောဒနာမူ ပုဂ္ဂိုလ်အားဖြင့် မမှတ်။ ၎င်းစိတ်သည် ထိုသတ္တဝါကိုသာ အလွန် ဆိုလိုက်သည် ကာမာဝစရကုသိုလ်များသည် ပုထုဇ္ဇန်၌လည်း ဖြစ်၏ ထိုသို့ ဖြစ်ငြားသော်လည်း ၎င်းမဟာကုသိုလ် ဉာဏသမ္ပယုတ် တို့သည် နိဗ္ဗာန်ကို အာရုံမပြုနိုင် မဂ်ပုဂ္ဂိုလ် ဖိုလ်ပုဂ္ဂိုလ်တို့ သန္တာနန်၌သာ ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်သာ အာရုံပြုနိုင်၏။

ပုထုဇ္ဇန် အဖြစ်ဖြင့် နိဗ္ဗာန်ကို အာရုံ ပြုနိုင်သည်ကား ဂေါတြဘု တချက်သာရှိသည် မနောဒွါရာဝဇ္ဇန်း အဘိညာဏ် တို့ကိုလည်း နည်းတူဆိုလေ။ ။၎င်းဥပမာကား မင်းနှင့် သူတောင်းစား တို့သည် ဆယ်မူးရေ စသော ရွှေကို နားဒေါင်းပြုလုပ်၍။ သူတောင်းစား ဝတ်သည်ရှိသော် ခပ်သိမ်းသော သူတို့သည် ရွှေမတန်သော သူဖြစ်၍။ ရွှေစင်စစ် ဟူ၍ပင် မထင် ရွှေရည်ပွတ် ခပ်ပြသော ထင်ကြ၏။ မင်းစိုးရာဇာတို့ ဝတ်သည်ရှိသော် ခပ်သိမ်းသော သူတို့သည် ဂုဏ်ရှိသော သူ၌ ဝတ်သောကြောင့် အကဲရှိတိုင်းပင် ထင်ကြ၏။ ထို့အတူမှတ်။

## ဝဏ္ဏသင်္ဂဟ

စက္ခု ပသာဒသည်။ စက္ခုဝိညာဏ်ဓွေးတို့၏ မှီရာ တည်ရာ ဖြစ်သောကြောင့် ဝတ္ထု ခေါ်၏။ လ။ မနောဓာတ် မနောဝိညာ ဏ ဓာတ်၏ မှီရာဖြစ်၍ ဟာဒယ ရုပ်ကို ဟာဒယ ဝတ္ထု ခေါ် သည်။ ၎င်း ဟာဒယ ဝတ္ထု ရုပ်သည် သားမြတ် နှစ်ခုတို့ ၏ အကြား၌ ကြာပတ်ကို လှန်၍ ထား သကဲ့သို့ အောက် သို့ အဝလှည့်လျက် နေသော နှလုံး၏ အတွင်း၌ သပွတ်ခါးသီး ကဲ့သို့ ထိုနှလုံးသား၏ အတွင်း၌ တလက်ဖက် မျှလောက်သော သွေးကို မှီ၍ ဖြစ်သောရုပ်ကို ဟာဒယဝတ္ထု ခေါ်၏။ ထိုနှလုံးသား သည် ဉာဏ်ရှိသော သူမှာ ငယ်သည်အဝကျယ်သည် ဉာဏ်ထိုင်း သော သူမှာ နှလုံကြီး၍ အပေါက်သေးသည်။ ဉာဏ်ကောင်း သော သူမှာ သရက်ရွက် ငယ်ငယ် နှစ်ရွက် ရှိ၏။ ဉာဏ်ထိုင်း သော သူမှာ ကြီးကြီး တရွက်သာ ရှိ၏။ ။နှလုံးအတွင်း၌ ရှိသော သွေးသည် ဒေါသအားကြီးသော အခါ အလွန်မည်း ၏။ လောဘအားကြီးသော အခါ သားတစ်ကဲ့သို့ နီ၏။ မောဟ အားကြီးသော အခါ ဆန်ဆေးရည် အမဲဆေးရည်း နှင့်တူ၏။ ဝိတက် အားကြီးသော အခါ ကုလားပဲပြုတ် ရေနှင့်တူ၏။ သဒ္ဓါ အားကြီးသော အခါ ပွတ်သစ်သော ပုလဲနှင့်တူ၏။ မဟာလှေ ကား ပန်းပွင့်နှင့်လည်း တူ၏။ ပညာအားကြီးသော အခါ ပတ္တ မြားနှင့် တူ၏။

ရူပဘုံ၌ ဃာန ဇိဝှာ ကာယ မရှိသည်မှာ ကုသိုလ် မဖြစ် သောကြောင့်၎င်း ဘာဝနာ အစွမ်းအားဖြင့် ပယ်သောကြောင့် ၎င်းတည်း အရူပဘုံ၌ ဝတ္ထုရုပ် မရှိသည်မှာလည်း ဘာဝနာ ၏ အစွမ်ဖြင့် ပယ်သောကြောင့် တည်း။

လောက၌ လူတို့သည် စိတ်နောက်သည် ဆိုသည်မှာ အ ကြောင်း၏ အနည်ကို အကျိုး၌ တင်စား၍ ခေါ်သည်။နှလုံးနောက်

သည် ဆိုသည်မှာလည်း ဌာနီ၏ အမည်းကို ဌာန၌ တင်စား၍ ခေါ်သည်။ ။မနော ဝိညာဏ ဓာတ်သည် သုံးကွဲကွဲသည်။ ဟာဒယ ဝတ္ထုကို ကေန်မှီ သည်လည်း တပါး အနေကန် မှီသည်လည်း တပါး အလုံးစုံ မမှီသည်လည်း တပါး ဤသုံးပါးတည်း။

လေးဆဲ့သုံးခု ကေန် လေးဆဲ့နှစ်ခု အနေကန်၊ လေးခု အလုံးစုံကို မမှီ။ ကာမဘုံ၌ ဝတ္ထု ခြောက်ပါး ရူပဘုံ၌ စက္ခု သောတ ဟာဒယ ဝတ္ထု သုံးပါး အရူပဘုံ၌ တပါးမျှမရှိ ချိုသည်မှာ ချိုသရွေ့ကိုကြည် ၎င်းနှါရဥ္စ ဖြစ်သောစိတ်ကိုလည်း ကြည်၍ထား။

ပကိဏ်းပိုင်းပြောပြီး၏။

# ၄ – ဝီထိပိုင်း

အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်းဟု ယောဇနာသည်မှာ ရူပါရုံ စသည်လည်း စက္ခုဒွါရ စသည်၌ ဖြစ်သည်ကို ဆိုသည်။ ။ အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းဟု ယောဇနာသည်မှာ စက္ခုဒွါရ စသည်၌ ဖြစ်သော စိတ်တို့သည်ရူပါရုံ စသည်ကို အာရုံပြု၍ ဖြစ်သည်ကို ဆိုသည်။ ။မနောဒွါရ၌ ဖြစ်သော စိတ်တို့သည် ကံ၊ ကမ္မနိမိတ်ကိုအာရုံပြုသည်ကိုယူ။ပဉ္စဒွါရ ဝီထိ၌ အတိမဟန္တာရုံ မဟန္တာရုံ ပရိတ္တာရုံ အတိပရိတ္တာရုံ ဟူ၍ ဝိသယ ပဝတ္တိ လေးပါး မနောဒွါရ၌ ဝိဘူတာရုံ အဝိဘူတာရုံဟူ၍ဝိသယ ပဝတ္တိ နှစ်ပါး ပေါင်းခြောက်ပါး။ ။စိတ်၏ ဥပါဒ်သည် စိတ်၏ ဖြစ်စမည်၏။ စိတ်၏ ဌီသည် စိတ်၏ဇရတာမည်၏။ ဘင်သည် စိတ်၏ မရဏတာမည်၏။ ဥပါဒ် ဌီ ဘင်ဟု ဆိုအပ်သော ခဏငယ် သုံးခု အပေါင်းသည် စိတ္တက္ခဏ မည်၏။ ဝါ၊ စိတ်သက်မည်၏။

စိတ္တက္ခဏ တဆဲ့ခုနစ်ချက် ခဏငယ် ငါးဆဲ့တချက်သည် ရုပ်သက်မည်၏။ ရုပ်၏ ဥပါဒ်နှင့် ဘင်သည် ခဏငယ် တလုံးစီသာ ရှိ၏။ စိတ်၏ ဥပါဒ်နှင့် ဘင်တူကြ၏။ ရုပ်၏ ဌီမှာ ခဏငယ် လေးဆဲ့ကိုးချက် ရှိ၏။ စိတ်၏ ဌီမှာ ခဏငယ် တချက်သာ ရှိသည်။ ရုပ်၏ ဥပါဒ်နှင့် ရုပ်၏ ဖြစ်စဟူသော အမည် ဥပစယ ဟူသော အမည် သန္တတိ ဟူသော အမည်သည် တူ၏ ရုပ်၏ဌီနှင့် ရုပ်၏ ဇရတာအတူတူ။ ရုပ်၏ ဘင်နှင့် ရုပ်၏ မရဏ အတူတူ ဝိညတ်နွေသည် စိတ်ဖြစ်လျှင် ဖြစ်၍ စိတ်ချုပ်လျှင် ချုပ်လေသည်။ ထို့ကြောင့် သတ္တရသာ ယုကမစေ့ကောင်း လက္ခဏာရုပ် လေးခုလည်း မစေ့ကောင်း ၎င်း ဝိညတ်နွေလက္ခဏာရုပ် လေးခုမှ ကြွင်းသော နှစ်ဆဲ့နှစ်ပါးသော ရုပ်သာ သတ္တရသာ ယုကစေ့ကောင်း၏။ အယုတ်ဆုံးတကြိမ်လွန်၏။ အလွန်ဆုံး တဆဲ့ငါးချက် လွန်၏။ မထင်ခြင်းကိုလွန်သည်ဟု ဆို၏။ အဘယ်သို့ ထင်သနည်းဟူမူ။ အဘိမုခီဘူတာဃဋ္ဋန ဖြစ်သည်ကိုပင် ထင်

သည်ဟု ဆိုသတည်း။ ။အဘယ်မှာ ထင်သနည်းဟူမူ။ ဘဝင်စလန ဥပါဒ် ရောက်မှထင်သည်။ ဝါ၊ ထိခိုက်သည် ရှေးရှုတော်သည်။ အတီတဘဝင် ဥပါဒ်၌ရှိသော စက္ခုပသာဒနှင့် ဗဟိဒ္ဓရူပါရုံသည် အတီတဘဝင်မှာ အတူတူ ဥပါဒ်ရုံသာ ဖြစ်သည် ထင်ခြင်းသို့ မရောက်သေး ဘဝင်လှုပ်၍- ဟူသည်မှာ သစ်ခက်ကို လေခတ်၍ လှုပ်သကဲ့သို့လှုပ်အံ့လောဟူမူ ဤကဲ့သို့ မဟုတ်။ ရှေးဘဝင်နှင့် မတူသည်ကိုပင် ဘဝင် လှုပ်သည်ဟု ဆိုသည်။ ပြတ်သည်ကို စွဲ၍ ဘဝင်ုပစ္ဆေဒဟူသော အမည် ကိုလည်းထပ်၍ ရပြန်သည်။

စက္ခုပသာဒနှင့် ရူပါရုံဟု ဆိုအပ်သော ဥပါဒါရုပ်ချင်း ထိခိုက်သည်ကို အဘဲ့ကြောင့် မနောဝိညာဏဓာတ် ဖြစ်သော ဘဝင်သည် လှုပ်လေသနည်း။ "ခုတ်ရာတပါး ရှရာဘခြား" ဆိုသကဲ့သို့ငှင်း။ ခွေးသေကို စား၍ နေသော လင်းတကို သေနတ်နှင့် ပစ်သည် ရှိသော် အနား၌ နေသေားစွန်သည် အလွန်ကြောက်သကဲ့သို့ငှင်း။ မရှိပြီလောဟူမူ ဘုတ်ချင်းစပ်၍ မရှိပြီ။ အဘယ်ကဲ့သို့ စပ်သနည်း ဟူမူကား အတီတဘဝင် ဥပါဒ်ရာ၌ ခဏောခဏေ သမုဋ္ဌာပေတိဟု ဆိုသောကြောင့် စက္ခုဒသကကလာပ် ဝတ္ထုဒသကကလာပ် ဖြစ်ကြ၏၊ ထိုတွင် စက္ခုဒသက၌ ဘုတ်မှကြွင်းသော ရုပ်ခြောက်ခုဟု ဆိုအပ်သော ဥပါဒါရုပ်သည် စက္ခုဒသကကလာပ်၌ ရှိသောဘုတ် ၄-ပါးကို မှီကုန်၏။ ဘုတ် ၄ ပါးတို့မှာ သူတို့ချင်းချင်း တပါးသည် သုံးပါးအား သုံးပါးသည် တပါးအား နှစ်ပါးသည် နှစ်ပါးအား မှီကုန်၏။ ဝတ္ထုဒသက ကလာပ်၌လည်း ထိုအတူ ဘုတ် ၄ ပါးမှ ကြွင်းသော ဥပါဒါရုပ်သည် ဘုတ် ၄ ပါးကို မှီကုန်၏။ ဘုတ်တို့မှာ သူတို့ချင်းချင်း မှီကုန်၏။ မနောဝိညာဏဓာတ်သည် ဟဒယဝတ္ထုကို မှီကုန်၏။ ထိုသို့ မှီသောကြောင့် ဗဟိဒ္ဓ ရူပါရုံနှင့် အတီတဘဝင်၏ ဥပါဒ်၌ အစွာတွဲက သဏ္ဌာန်

၌ ရှိသော စက္ခုပသာဒနှင့် ထိခိုက် ကြလျှင် ၎င်းစက္ခုပသာဒ လှုပ်၏။ ၎င်း စက္ခုပသာဒ လှုပ်သည် ရှိသော် စက္ခု ဒသက ကလာပ်၌ ရှိသော မဟာဘုတ် လှုပ်၏။ ၎င်း မဟာဘုတ် လှုပ်သောကြောင့် ဟဒယဝတ္ထု လှုပ်၏။ ဟဒယဝတ္ထု လှုပ် သောကြောင့် မနော ဓိညာဏဓာတ် တည်းဟူသော ဘဝင်လှုပ် ၏။

ဥပမာကား။ တဘက်သော စည်မျက်နှာ၌ သကာ ခဲကို ထား၍ ထိုသကာခဲ၌ ယင်းနားရာဝတွင် စည်မျက်နှာ တဘက်ကို ခတ်၍ လှုပ်သကဲ့သို့တည်း။ ခတ်သော လက်နက်နှင့် ဗဟိဒ္ဓ ရူပါရုံနှင့်တူ၏။ ၎င်းခတ်သော စည်မျက်နှာနှင့် စက္ခုပသာဒ နှင့်တူ၏။ ပန်းကုန်းကြိုးနှင့် စက္ခုဒသက ကလာပ်၌ ရှိသော ဘုတ်နှင့်တူ၏။ သကာခဲရှိသော စည်မျက်နှာနှင့် ဟဒယဝတ္ထု ဒသက ကလာပ်၌ ရှိသော ဘုတ်နှင့်တူ၏။ ဟဒယ ဝတ္ထုနှင့် သကာခဲတူ၏။ ယင်နှင့် မနောဝိညာဏဓာတ် တည်းဟူသော ဘဝင်စလနနှင့်တူ၏။ ထင်သည်ရှိသော် ဝိထိစိတ် မဖြစ်မူ၍ ဘဝင်လွှန်သည်မှာ အဟုန်ပြင်းစွာ စီး၍လာသောမြင်းကို အလို ရှိရာ အရပ်သို့ရောက်၍ ရပ်သည်ရှိသော် တသှမ်း နှစ်သှမ်း လွန်သကဲ့သို့တည်း။ စက္ခုပသာဒနှင့် ရူပါရုံ ခတ်မိသည် နှင့်မှု ကျောက်နှင့် မီးခတ်နှင့် တူ၏။ မီးပွင့်နှင့် ဝိထိ စိတ်နှင့်တူ၏။ ကျောက်နှင့် စက္ခုပသာဒ မီးခတ်နှင့် ရူပါရုံတူ၏။ ဝါရမှာအဆုံး ကိုစွဲ၍ ခေါ်သည်။ အတိမဟန္တာရုံ ဝိထိ၌ ဝိထိစိတ် တဆဲ့ လေးချက် အာရုံမှာ အတိတ ဘဝင် တချက်လွန်နှင့် ဥပါဒ် ပြိုင်သော ပစ္စုပ္ပန် ရူပါရုံကို အာရုံ ပြုတတ်၏။

တဒါရုံ၌ ဇဝနာနုဗန္ဓာနိဟု ဆိုသည်မှာ သောမနဿ သဟ ဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကနှင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ် သည် တဒါရုံကျသောအခါ ၎င်းသောမနဿ သဟဂုတ် ဉာဏ သမ္ပယုတ် အသင်္ခါရိက ကျသည်ဖြစ်အံ့။ ထိုနောင် ဘဝင်

သည်လည်း သောမနဿ သဟဂုတ် ဉာဏ သမ္ပယုတ် အသင်္ခါရိကကျ၏။ ထိုအခါ မန္ဒဗုဒ္ဓိ ပုဂ္ဂိုလ်တို့သည် ဘဝင်စိတ်နှင့် တဒါရုံစိတ်သည် အတူတူဖြစ်၍ ဘဝင်အာရုံ ပြုသော ကံ ကမ္မနိမိတ် ဂတိနိမိတ်ကို အာရုံ ပြုရာ၏ဟု ယူမည် စိုးသောကြောင့် ဘဝင်၏ အာရုံကို မယူလင့် ဇော၏ အာရုံသို့အစဉ် လိုက်လေဟု ညွှန်ပြ လိုသောကြောင့် ဇဝနာနုဗန္ဓာနိဟု ဆိုသတည်းဟု ဖြေ ရူပါရုံသည် အလွန်များသော ဝိထိစိတ်ရှိသောကြောင့် အတိမဟန္တာရုံ ၎င်းဝိထိစိတ်ကို အတိ မဟန္တာရုံ ဝိထိ မဟန္တာရုံဝိထိ စသည်တို့၌လည်း ဤနည်းကိုမှီ၍ သိလေ။

မဟန္တာရုံ ဝိထိ၌ တဒါရုံ မဖြစ်သည်မှာ နှစ်ကြိမ် မဖြစ်လောက်၍ မဖြစ်သည် တကြိမ်ဖြစ်ပါတော့လောဟု စုဒ်ထုတ်မူ တဒါရုံ မည်သည်ကား နှစ်ကြိမ်ဖြစ်ရမှ ဖြစ်သည် မဖြစ်ရလျှင် သန့်သန့်ဖြစ်ရလျှင် နှစ်ကြိမ်ဆိုလိုသည်။ နှစ်ကြိမ် ဖြစ်ပါတော့လော့ဆိုမူ နှစ်ကြိမ် ဖြစ်ခဲ့သော် ဒုတိယ တဒါရုံသည် အတိတ်ကို အာရုံ ပြုရာ၏။ ထိုသို့ ဝိထိ၌ အာရုံ မပြား ကောင်းသောကြောင့်တည်း။

တနည်းမှာ ပဉ္စဒွါရ၌ ဖြစ်သော စိတ်တို့သည် ပစ္စုပ္ပန် အာရုံသာ ဆိုသော ကြောင့်တည်း ပရိတ္တာရုံ ဝိထိ၌ ဇော မကျသည်မှာ ဇောတို့သဘောသည် ပဝတ္တိပကတိအခါ ခုနစ်ကြိမ် တွေဝေ မိန်းမောသော အခါ ခြောက်ကြိမ် မရဏာသန္နအခါ ငါးကြိမ် တန်ခိုးပြာဋိဟာ ပြသောအခါ လေးကြိမ် ငါးကြိမ်စောသည် ယခု ခြောက်ကြိမ် လေးကြိမ် ငါးကြိမ် စောရမည့် ကာလလည်းမဟုတ် ခုနစ်ကြိမ်လည်း မစောလောက် ခုနစ်ကြိမ် ချပြန်လိုလျှင်လည်း အာရုံကွဲမည် စိုးသောကြောင့် မချသတည်း အတိပရိတ္တာရုံ ဝိထိ၌ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင် သန္တီရဏ ဝုဋ္ဌောတကြိမ် ဖြစ်လောက်သျက်နှင့် မဖြစ်သည်မှာ ဝုဋ္ဌောသည် အတိမဟန္တာရုံ မဟန္တာရုံ ဝိထိ၌သာ တကြိမ်

ဖြစ်သည်။ ဤဝိထိမှတပါး အခြားဝိထိ၌ တကြိမ်ဖြစ်သည်ဟူ၍ မရှိ မဖြစ်လျှင် သန့်သန့် ဖြစ်လျှင် နှစ်ကြိမ် သုံးကြိမ်သာ ဖြစ်ကုန်၏။ နှစ်ကြိမ် သုံးကြိမ် ဖြစ်လျှင်လည်း အာရုံ ကွဲကြမည် စိုး၍မချရ ဂုဗ္ဗော မဖြစ်သောကြောင့် သန္တီရဏမဖြစ် သန္တီရဏ မဖြစ်၍လည်း သမ္ပဋိစ္ဆိုင်းမဖြစ် သမ္ပဋိစ္ဆိုင်း မဖြစ်သောကြောင့်လည်း ပဉ္စဝိညာဏ်မဖြစ် ပဉ္စဝိညာဏ် မဖြစ်သောကြောင့်လည်း ပဉ္စဒွါရာ ဝဇ္ဇန်း မဖြစ် ဘဝင် လှုပ်ရုံမျှသာတည်း။

ဥပမာကား။ မြွေသည် တွင်းဝက ခေါင်းပြူ၍ နေသည်ကို တယောက်က မြင်၍ တယောက်သော သူကို တိုက်တွန်းနိုင်မှ လာသည် ရှိသော် မြွေဝင်၍ သွားသောကြောင့် မမြင်သကဲ့သို့ ဌင်း။ အအိပ်ကြီးသော သူကို နှိုးသည်ရှိသော် အင်အင် ဆိုရုံမျှ ပြု၍ အိပ်ပြန်လေသကဲ့သို့ ထို့အတူ မှတ်ရမည်။ ။စိတ်တို့ရှေ့ နောက် အစဉ်အတိုင်း ဖြစ်သည်မှာ စိတ္တနိယမ အစွမ်းဖြင့် ဖြစ်သည်။ အတိတ ဘဝင်သည် မထင်မူ၍ လွန်သည်မှာ ရွာဝင်ကာလ မသိကြသည်နှင့်တူ၏။ ထင်သည်နှင့်မူ ရွာပြင်သို့ ရောက်၍ သိကြသည်နှင့် တူ၏။

တဒါရမ္မဏာ ပါကာဒိ ယထာရဟံ၏ အဓိပ္ပါယ်မှာ အောက်အဘိတ်စိတ်၌ ခွဲသကဲ့သို့ ခွဲလေ။မနောဒွါရ ဖြစ်ခြင်း၏ အကြောင်းကား ပကိဏ်းပိုင်းက ဆိုသည့်အတိုင်းမှတ်။ မနောဒွါရ၌ အတိတဘဝင် လွန်သည်မှာ ဝိညာဉ်ဒွေ လက္ခဏာရုပ် လေးခု။ စိတ်ရှစ်ဆဲ့ကိုးခုတို့မှာ ကာလသုံးပါးတို့တွင် အဘယ် ကာလကိုပင် အာရုံ ပြုကြသောသည်း အတိတ ဘဝင် မချရ။ ဝိညတ်ဒွေ လက္ခဏာရုပ် လေးခု ကြဉ်သော ရုပ်နှစ်ဆဲ့နှစ်ခု မှသော်လည်း အတိတ် အနာဂတ်ဖြစ်သော ရုပ်နှစ်ဆဲ့နှစ်ခုကို အာရုံပြုသည်ဖြစ်အံ့။ အတိတ ဘဝင် မချရ။ ပစ္စုပ္ပန် ဖြစ်သော ရုပ်နှစ်ဆဲ့နှစ်ခုကို အာရုံပြုမှသာလျှင် အတိတ ဘဝင် ချရသည်။ ။မနော

န္ဒါရ ဝိထိ၌ ဝိသယ ပဝတ္တိနှစ်ပါး၌ ဝိဘူတာရုံမှာ ထင်သည်ကို စွဲ၍ခေါ်သည်။ အဝိဘူတာရုံမှာ ဝိဘူဘာရုံ ရှိပြီးဖြစ်၍ သာလျှင် အဝိဘူတာရုံ ခေါ်သည်။ လုံးလုံး မထင်သော် ဝိတိဝိတ် မဖြစ်နိုင်ရာ အနည်းငယ် ထင်၏ဟုမှတ်။

အပ္ပနာ ဇောဝါရ၌ ဝိဘူတ အဝိဘူတ အပြား မရှိ ဆိုသည်မှာ ဝိဘူတသာ အဝိဘူတ မရှိဟုမှတ် ကာမဇော ကာမသတ္တဝါ ကာမအာရုံမှန်မှ တဒါရုံကျသည်။ ၎င်းအင်္ဂါနှင့် မညီနိုင်၍ တဒါရုံမရှိ။ ၎င်းအပ္ပနာဇောသည် ဉာဏသမ္ပယုတ် ဝိပ္ပယုတ် နှစ်ပါးတွင် သမ္ပယုတ်။ သသင်္ခါရိက အသင်္ခါရိက နှစ်ပါးတွင် သသင်္ခါရိက ဖြစ်၍ အမည်ထူး မရှိ။ ။အဋ္ဌနှံ့ အရမှာ မဟာကုသိုလ် ဉာဏ သမ္ပယုတ် လေးခု။ မဟာကြိယာ ဉာဏ သမ္ပယုတ် လေးခုတည်း။ ပရိကံမှာ အပ္ပနာကို ပြုပြင် တတ်သောကြောင့် ပရိကံဆိုသည်။ ပြုပြင်သည်မှာ ပရိကံဖြစ်ပြီးလျှင် ဘဝင်ခြား၍ မနေ။ ဥပစာ အနုလုံ ဂေါတြဘု ဖြစ်ခြင်းကိုပင် ပြုသည်ဟုဆိုသည်။ ဥပစာရမှာ အနီးဖြစ်၍ ခေါ်သည်။ အနီးကိုခေါ်လျှင် အနုလုံ ဂေါတြဘု တို့သည် ဥပစာထက် အပ္ပနာနှင့် နီးသောကြောင့် ၎င်းအနုလုံ ဂေါတြဘုတို့ကို ဥပစာခေါ်ပါတော့လော။ စောဒနာမှု။ သူတို့မှာ အမည်ထူး ရလေပြီး ဖြစ်သောကြောင့်တည်း ဖြေ။ ။မနီးလွန်း မဝေးလွန်းသည်ကို ဥပစာခေါ်သည် အနုလုံမှာ လျော်သောကြောင့် ဆိုသည်။ အဘယ်ကဲ့သို့ လျော်သနည်း။ အနုလုံကသောမနသဖြစ်အံ့ ပရိကံ အပ္ပနာဇောလည်း သောမနသ။ အနုလုံသည် ဥပေက္ခာဖြစ်အံ့ ပရိကံ အပ္ပနာလည်း ဥပေက္ခာ ဖြစ်၏။ ဤကဲ့သို့ ဖြစ်ခြင်းကိုပင် လျော်သည်ဟု ဆိုသည်။ ။ဂေါတြဘုမှာ ဖြတ်တတ် နှိပ်နင်းတတ် သောကြောင့် ခေါ်သည်။ ဈာန်ရှေ့မှာ ရှိသော ဂေါတြဘု ဖြစ်အံ့။ ကာမအနွယ်ကို ဖြတ်၍ မဟဂ္ဂုတ် အနွယ်ကို ပွါးစေသည်။ မဂ်ရှေ့မှာ ရှိသော ဂေါတြဘုဖြစ်အံ့။ ပုထုဇ္ဇန်အနွယ်ကို ဖြတ်၍ အရိယာ အနွယ်ကို

ပွါးစေသည်။ အထက်မဂ်သုံးခု ရှေ့မှာရှိသော ဂေါတြဘုကို သောတာပတ္တိမဂ်ကို ရတုန်းအခါက ဒိဋ္ဌိဂတ သမ္ပယုတ် လေးခု၊ စသည်တို့ကို ပယ်ပြီးဖြစ်၍ ဖြူစင် လေသောကြောင့် ဝေါဒါန် ခေါ်သည်။

ကာမာဝစရ ဇောသည် လေးကြိမ်က လွန်၍ ငါးကြိမ် ခြောက်ကြိမ် ခုနစ်ကြိမ် မဖြစ်သည်မှာ ဘဝင်ကျခါနီး ဖြစ်လျှင် အပ္ပနာ မဖြစ်နိုင်သော ကြောင့်တည်း။ သုံးကြိမ်ထက် လျော့၍ နှစ်ကြိမ် တကြိမ် မဖြစ်သည်မှာ အနုလုံသည် အနန္တရပစ္စည်းကို မရသည် ရှိသော် ဂေါတြဘုကို မဖြစ်စေ နိုင်သောကြောင့်တည်း။ အလွန်မဖြစ်သည်မှာ ကမ်းပါးပြတ်၌ မရပ်ငံ့သကဲ့သို့မှတ်။ ရှင်သုမေဓာ ဖြစ်တုန်းကာလက အနုလုံသို့ ရောက်ပြီးမှ ဗျာနိမဂ် ဖိုလ် ရခြင်း၏ အကြောင်း ကမ္မဋ္ဌာန်းကို အားမထုတ်မူ၍။ လျော့ လိုက်သောကြောင့် အနုလုံဖြစ်ပြီးမှ ဘဝင် ကျလေသည်မှာ အနု လုံစစ်မဟုတ်။ ရှင်သုမေဓာသည် ဗျာန် မဂ်ဖိုလ်ကို ရအောင်အား ထုတ်လျှင် ရလောက်၍ ဗျာန်မဂ်ဖိုလ် အားလျော်၏ ထိုက်၏ ရ လောက်၏ဟု ဆိုသော အနုလုံ သာမညသာ ဖြစ်သည်။ အနုလုံ စစ်မဟုတ်။ အကယ်၍လျှင် ဤအနုလုံစစ် ဖြစ်ပြီးမှ ဘဝင်ကျ၍ နေသည်ဖြစ်အံ့။ ပဋ္ဌာန်း အနန္တရပစ္စည်း၌စိတ်စဉ်ကို အကုန်ဟော သော အရာဖြစ်သောကြောင့် အနုလောမံ ဘဝင်္ဂဿ ဟော သင့်၏။ ဤသို့လည်း ဟောတော်မမူ။ အနုလောမံ ဂေါတြဘုဿ ဝေါဒါနဿဟူ၍သာ ဟောတော်မူသည် ထို့ကြောင့်အနုလုံစစ် မဟုတ်ဟု ဆိုအပ်ကုန်၏။ ။ဤအယူကား မင်းတဲ ဆရာတော် ဘုရား အလိုတော်တည်း။

သဉ်္ဇာအစဉ် အတိုင်း မဆိုမူ၍။ စတုက္ခတ္တုံ ပဉ္စက္ခတ္တုံ မေဝ ဝါ ဆိုသည်မှာ မူလယမိုက်များ၌ အကြွင်းကို သိလွယ်စေခြင်း ငှါ အဝသေသာ ဆိုသကဲ့သို့ ထို့အတူ တိက္ခပုဂ္ဂိုလ်၌ သုံးကြိမ် ဖြစ်သည်မှာ ယူလွယ်စေခြင်းငှါ ဆိုသည်ဟုဖြေ။ သို့ဖြစ်လျှင်

နောက်၌လည်း ဤကဲ့သို့ ပြောင်းပြန် မဆိုမူ၍ အဘဲ့ကြောင့် အစဉ်အတိုင်း ဆိုပြန်သနည်း စုဒိထုတ်မူ။ သင်္ချာအရေအတွက် အစဉ်အတိုင်း ထားလေသည်ဟုဖြေ။ ။မေဘာရတိ တဘော ပရံ ဘဝင်္ဂပါတောဟု မဆိုမူ၍။ အပ္ပနာဝသာနေဟု ဆိုရခြင်းမှာ သမာပတ္တိ ဝိထိတို့၌ အပ္ပနာတကြိမ် သက်ပြီးသည်ရှိသော် ဘဝင်ကျရမည် ဆိုသောကြောင့်တည်း။

ဘဝင်္ဂ ပါတောဝ၌ ဝေါသဒ္ဒါဖြင့် တဒါရုံကိုကန့်။ အဋ္ဌန္နံမှာ မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခု။ မဟာကြိယာ ဉာဏသမ္ပယုတ် လေးခု။ ပေါင်း ရှစ်ခု နောင် အပ္ပနာကျရမည် ဆိုသော် မဟာကြိယာ ကုသိုလ်တို့က သောမနဿကျ၍ အပ္ပနာက သောမနဿ ကျလိုလျှင်ကျ။ ဥပေက္ခာ ကျလိုလျှင်ကျ။ မဟာကုသိုလ် ကြိယာတို့က အသင်္ခါရိက ကျပါသည်ကို အပ္ပနာက သသင်္ခါရိက ကျလိုလျှင်ကျ။ အသင်္ခါရိက ကျလိုလျှင်ကျ။ မဟာကုသိုလ်က သောမနဿ ကျပါသည်ကို အပ္ပနာက မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ ကျလိုလျှင်ကျ။ ၎င်းသောမနဿ ကျလိုလျှင်ကျ။ မဟဂ္ဂုတ်ကုသိုလ် ကြိယာ ဥပေက္ခာ ကျလိုလျှင်ကျ။ ၎င်းသောမနဿ ကျလိုလျှင်ကျ။ ဖိုလ်ဥပေက္ခာ ကျလိုလျှင်ကျ။ ၎င်းသောမနဿ ကျလိုလျှင်ကျ ကြိယာ၌လည်း ဤနည်းတူ အမှတ်မရှိ ကျအံ့သော စောဒနာသောကြောင့်။ တတ္ထ။ လ။ ဥပေက္ခာသဟဂတာဝကုံမိန့်။ ၎င်း ရှေးစကားရပ်ကို တထာပိ။ လ။ အရဟတ္တ ဖလဉ္စာဘိ။ ဟူသော ပါဌ်နှင့် ပင်ဖြေ။ ၎င်းပါဌ်ကို နောက် တတ္ထ။ လ။ ဥပေက္ခာ သဟဂတာဝ ပါဌ်နှင့်ပင်ဖြေ။

အနိဋ္ဌာရုံ, ဣဋ္ဌာရုံတို့မှာ အောက် အဟိတ်စိတ်၌ ဆိုခဲ့သည့်အတိုင်းမှတ်။ ရူပါရုံကသည် အနိဋ္ဌာရုံဖြစ်အံ့။ အကုသိုလ်ဝိပါက် စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏတို့ကိုချ။ ရူပါရုံကသည် ဣဋ္ဌာရုံဖြစ်အံ့။ ကုသလဝိပါက် စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်းသန္တီရဏ တို့ကိုချ။ အနိဋ္ဌာရုံ ဖြစ်အံ့။ အကုသလဝိပါက် ဥပေက္ခာ

တဒါရုံချ။ ဈာနမဇ္ဈတ္တာရုံဖြစ်အံ့။ ကုသလဝိပါက်ဥပေက္ခာသန္တီရဏ တဒါရုံငါးခုချ။ အတိဣဋ္ဌာရုံ ဖြစ်အံ့။ သောမနဿ သန္တီရဏ သောမနဿ တဒါရုံငါးခုချ။

လောဘမူ မောဟမူ မဟာကုသိုလ် ဇောတို့နောင် တဒါရုံ အမှတ်မရှိ ကျလိုရာပင် ကျသည်။ အဘယ့်ကြောင့် အမှတ်မရှိ ကျသနည်း ဟူမူ။ ၎င်း ဇောတို့သည်လည်း ပုထုဇ္ဇန် သေက္ခ သန္တာန်၌သာ ဖြစ်သည်။ ၎င်း ပုဂ္ဂိုလ်တို့ကလည်း အနိဋ္ဌာရုံကို ဣဋ္ဌာရုံထင်ခြင်း။ ဣဋ္ဌာရုံကို အနိဋ္ဌာရုံ ထင်ခြင်းဟု ဆိုအပ်သော ဘောက်ပြန်ခြင်း ရှိ၏။ ထို့ကြောင့် တဒါရုံ အမှတ်မရှိ လေသည်။ ဟသိတုပ္ပါဒ် မဟာကြိယာ သောမနဿ ဇောနောင်ဖြစ်အံ့။ သောမနဿ တဒါရုံ လေးခုချ။ မဟာကြိယာ ဥပေက္ခာဇော နောင်ဖြစ်အံ့။ ဥပေက္ခာ တဒါရုံခြောက်ခုချ။ မဟာကြိယာ သမ္ပယုတ် ဇော နောင်ဖြစ်အံ့။ သမ္ပယုတ် တဒါရုံချ။ ဝိပ္ပယုတ်နောင်ဝိပ္ပယုတ် တဒါရုံချ။ မဟာကြိယာ သသင်္ခါရိက ဇောနောင်ဖြစ်အံ့။ သသင်္ခါရိက တဒါရုံချ။ အသင်္ခါရိက ဇောနောင်ဖြစ်အံ့ အသင်္ခါရိက တဒါရုံချ။

ဟသိတုပ္ပါဒ်မဟာကြိယာ ဇောတို့နောင် တဒါရုံ အဘယ့်ကြောင့် အမှတ်မရှိ မချရသနည်းဟူမူ။ ၎င်းဇောတို့ကပင် ဘုရား ရဟန္တာ သန္တာန်၌သာ ဖြစ်သည်။ ၎င်းပုဂ္ဂိုလ် တို့သည် အနိဋ္ဌာရုံကို ဣဋ္ဌာရုံမထင် အနိဋ္ဌာရုံပင် ထင်သည်။ ဣဋ္ဌာရုံကို အနိဋ္ဌရုံ မထင် ဣဋ္ဌာရုံပင် ထင်၍ မဘောက် မပြန်သောကြောင့် မချရလေသ တည်း။ ဘယ်ပုဂ္ဂိုလ်မဆို ဝိပါက်မှာ အမှန် ဇောကသာလျှင် ဘောက်ပြန်ရသည် အလုံးစုံအမှုမျိုးကို ဉာဏ်နှင့်ယှဉ်၍ ပြုလေ့ ရှိသော ပုဂ္ဂိုလ်သည် ဉာဏသမ္ပယုတ် ဇောအခါများ၏။ တဒါရုံ သည်လည်း ဉာဏသမ္ပယုတ် တဒါရုံကျ၏။ တရံတခါပင် ဉာဏ ဝိပ္ပယုတ် ဇော စောသော်လည်း တဒါရုံသည် ဉာဏသမ္ပယုတ်

တဒါရုံကျ၏။ သောမနဿ ဥပေက္ခာ သသင်္ခါရိက အသင်္ခါရိက တို့ကိုလည်း ဤနည်းကဲ့သို့ မှတ်လေ။

ဥပေက္ခာနှင့် ပဋိသန္ဓေ နေသောပုဂ္ဂိုလ်သည် ဣဋ္ဌမဇ္ဈတ္တာရုံကို အာရုံပြု၍ ဒေါသ ဇောကျသည် ဖြစ်အံ့ တဒါရုံ ကျသော ဝိထိဖြစ် လျှင်ဥပေက္ခာတဒါရုံ မကျလေ-က်လျှင် ကာမ ဥပေက္ခာ ဘဝင်ချ အာရုံ ပဋိသန္ဓေ အားလျော်စွာ စောပါသော် လျော်၏။ ၎င်း ဥပေက္ခာနှင့် ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်သည် အတိ ဣဋ္ဌာရုံကို အာရုံပြု၍ ဒေါသဇော ကျသည်ဖြစ်အံ့ တဒါရုံကျလောက်သော် လည်း တဒါရုံကို မချလင့် ကာမ ဥပေက္ခာ ဘဝင် ကိုသာချ အကယ်၍ တဒါရုံကို ချသည်ရှိသော် အာရုံသို့လိုက်၍ သော မနဿ တဒါရုံ ချရလိမ့်မည် ထိုသို့ ချပြန်သည်ရှိသော် ဇောနှင့် မတန်ရှိလိမ့်မည်။ ထို့ကြောင့် မချရ ဝေဒနာ ဆန့်ကျင်၍ အနန္တရ ပစ္စည်းလည်း မတတ်နိုင်ရာ။

သောမနဿ ပဋိသန္ဓေ နေသောပုဂ္ဂိုလ်သည် ဣဋ္ဌမဇ္ဈတ္တာ ရုံကိုသာ အာရုံပြု၍ ဒေါသဇော စောရာ၌ တဒါရုံကျလောက် သော ဝိထိမှာ ဥပေက္ခာ တဒါရုံမချ မကျ လောက်သော ဝိတိမှာ ဥပေက္ခာတဒါရုံချ၍ ဇောအာရုံ အားလျော်၏။ ၎င်း သောမနဿနှင့် ပဋိသန္ဓေ နေသောပုဂ္ဂိုလ်သည် အတိဣဋ္ဌာရုံ ကို အာရုံပြု၍ ဒေါသဇော ကျရာ၌ တဒါရုံ ကျလောက်သော ဝိထိဖြစ်အံ့ အာရုံသို့လိုက်၍ သောမနဿ တဒါရုံချအံ့ ဇောနှင့် မတန်ရာ ၎င်းဇောသို့လိုက်၍ ဥပေက္ခာတဒါရုံ ချသည် ဖြစ်အံ့ ဣဋ္ဌာရုံနှင့်မတန်ရာထိုသို့ဖြစ်၍ ဥပေက္ခာ သန္တီရဏကိုချဥပေက္ခာ သန္တီရဏကို ချသော် ၎င်းစိတ်သည်လည်း ငါးကိစ္စ ငါးဌာန တပ်၍ ပဋိသန္ဓေ ကိစ္စတပ်လျက် ချရမည်လော ဟူမူ မချရ အဘဲ့ကြောင့်နည်း ဆိုသော် ဘဝနှစ်ပါးကို စပ်သော အရာ၌ ပဋိသန္ဓေ ကိစ္စတပ်၍ ချရသည် ယခုမှာ ဘဝ နှစ်ပါးကို စပ် သော အရာလည်း မဟုတ်ခဲ့ ထို့ကြောင့် မချရ ပဋိသန္ဓေ

ကိစ္စ တပ်၍ မချရသော် ရုတိကိစ္စ တပ်၍ ချရအံ့လော ဟူပြား အံ့ မချရ အဘဲ့ကြောင့်နည်း ဆိုသော် ရွေ့လျောသော ပစ္စုပ္ပန်ဘဝ အဆုံး၌သာလျှင် ရုတိကိစ္စတပ်၍ ချရသည် ယခုမှာ ရွေ့လျောသော ပစ္စုပ္ပန်ဘဝ အဆုံးလည်း မဟုတ် ထို့ကြောင့် မချရ ရုတိကိစ္စတပ်၍ မချရသော် သန္တီရဏ ကိစ္စတပ်၍ ချရအံ့လော မချရ အဘဲ့ကြောင့်နည်း သမ္ပဋိစ္ဆိုင်း ဒွေး ခံသော အာရုံကို ရုံစမ်းသောအရာ၌ သာ သန္တီရဏ ကိစ္စတပ်၍ ချရသည်။ ယခုမှာ ရုံစမ်းသော အရာလည်းမဟုတ် ထို့ကြောင့် မချရ သန္တီရဏ ကိစ္စတပ်၍ မချရဆိုလျှင် တဒါရုံကိစ္စတပ်၍ ချရအံ့လော မချရ အဘဲ့ကြောင့်နည်း ဇောသို့လိုက်လျှင် အာရုံနှင့်မတန် ထို့ကြောင့် မချရ သို့ဖြစ်လျှင် ဝီထိစိတ် အဖြစ်ဖြင့် ချရအံ့လော၊ မချရအံ့လော မချရ အဘဲ့ကြောင့်နည်း ဝီထိစိတ်ဟူသည် အာဝဇ္ဇန်းယူသော အာရုံကိုသာ အာရုံပြုသည် ယခုမှာ ရှေး၌ လေ့ကျက် ဘူးသော အာရုံကိုသာ အာရုံပြုသည် ထို့ကြောင့် မချရ ရှေး၌ လေ့ကျက် ဘူးသော ကာမ အာရုံကို အာရုံပြု၍ အာဂန္တုက ဘဝင်ကိစ္စ အဖြစ်ဖြင့် ချရမည်။ ထို့နောင်မှ မိမိ ပဋိသန္ဓေနှင့် ဘူမိ,ဇာတိ စသည်ဖြင့် တူသော သောမနဿ ဘဝင်သည် ဥပေက္ခာဘဝင်မှ အနန္တရာဒိ ပစ္စည်းကိုရ၍ ဘဝင်ကိစ္စ အဖြစ်ဖြင့် ကျလေသည်။ တဒါရုံ မကျလောက်သော ဝီထိ၌ ဤနည်းအတူမှတ် ဘုရားမှုကား အဟေတုကံ သဟေတုက ဘဝင်္ဂဿ အနန္တရ ပစ္စယေန ပစ္စယော ဟူ၍သာ သာမည ဟောခဲ့သည် ယခုဝီထိများမှာ အဋ္ဌကထာဆရာ ချသောဝိဘိ ဖြစ်သည်။ ဤဆိုအပ်ခဲ့ပြီးသော ဝီထိကား ပဉ္စဒွါရ ဝီထိတည်း ဒိဋ္ဌိများ ဘုရားကို မြင်သောအရာ၌ ဖြစ်သည်ဟု မှတ်လေ။

မနောဒွါရ ဝီထိ၌ကား ဈာန်ကိုးပါးကို အကုန် ရပြီးသော ပုဂ္ဂိုလ်သည် တစုံတခု မလျောက်ပတ်သော အကြောင်းကြောင့် လျောကျလေပြီးသော ဈာန်ကို အာရုံပြု၍ ဒေါသဇော ကျရာ

အဘိဇ္ဈာဗြာဇာရုံတို့၌သည်း ဤနည်းကို မှီ၍ ချလေ။ ။ကာမဇော၊ ကာမသတ္တဝါ၊ ကာမအာရုံမှန်မှ တဒါရုံ ကျသည်။ ထိုသို့ပင် ကျသော်သည်း ဝိဘူတာရုံဝီထိ၊ အတိမဟန္တာရုံဝီထိ၌သာလျှင် ကျလေသည်။ရူပ၊အရူပ သတ္တဝါတို့မှာ တဒါရုံ မကျ သည်ကား ကာမ တည်းဟူသော မျိုးစေ့နှင့်ပဋိသန္ဓေ မနေသောကြောင့် မဟဂ္ဂုတ်လောကုတ္တရာ ဇောနောင် တဒါရုံ မကျသည်မှာ မိမိ အကြောင်း နောင်မဟုတ်သောကြောင့် မဟဂ္ဂုတ် လောကုတ္တရာ နိဗ္ဗာန် ပညတ်ကို အာရုံပြုရာ၌ တဒါရုံ မကျသည်မှာ ၎င်းတဒါ ရုံသည် တဈာလျှင် ရှေ့သွား ရှိ၍ အာရုံ မပြု နိုင်သောကြောင့် တည်း။

အဝိဘူတာရုံ၊ပရိတ္တာရုံ၊အတိပရိတ္တာရုံ၊မဟန္တာရုံတို့၌တဒါရုံ မကျသည်မှာ မကျ လောက်သောကြောင့်တည်း။ ထို့ကြောင့် တဒါရုံသည် ဝိဘူတာရုံ၊ အတိမဟန္တာရုံ၌ ဖြစ်၏ဟုဆိုသည်မှာ တဒါရုံဖြစ်လျှင်ဝိဘူတာရုံ၊ အတိမဟန္တာရုံဝီထိသာ ဖြစ်၏။ထိုဝိဘူ တာရုံအတိမဟန္တာရုံ၌ တဒါရုံ မဖြစ်ဆိုသည်မှာ အတိမဟန္တာရုံ၊ ဝိဘူတာရုံ ဖြစ်ဘိုင်းပင် တဒါရုံ မဖြစ်သည်ကို ရည်၍ ဆိုသည်။ ယခုဆိုအပ်ခဲ့ပြီးသော အကြောင်းရှိ၍ တဒါရုံ ကျရမည် ဆိုသည် ကား ယေဘုယျသာ။ အပ္ပကမှာတဒါရုံ မကျသည်ကို မှတ်။

တဒါရုံသည် သူငယ် နှင့် တူသည်။ သူငယ်သည် အမိ အဘ ခေါ်သည် ရှိသော် လိုက်၏၊ ဦးရိုး ဘထွေး ခေါ်သော် လိုက်၏။ သူစိမ်းခေါ်သော် မလိုက်။ မိဘ ဦးရိုးခေါ်၍ လိုက်သော်လည်း မိမိ ကျက်စားရာ အရပ် တွင်သာလိုက်သည်။ ဤမှ လွန်သည် ရှိသော် မလိုက်။ မိဘနှင့် မူကား အကုသိုလ်, မဟာကုသိုလ် နှင့် တူ၏။ ဦးရိုးနှင့် မူကား ကာမာဝစရချင်း တူ၍ တဒါရုံ ကျသော ကြောင့် ဟသိတုပ္ပါဒ် မဟာကြိယာနှင့် တူ၏။ တစိမ်း နှင့်မူ မဟဂ္ဂုတ် လောကုတ္တရာဇောနှင့် တူ၏။ တဒါရုံနှင့် သူငယ်နှင့် တူ၏။

ပဝတ္တိ၌ အလွန်အားဖြင့် ကာမာဝစရ ဇောသည် ခုနစ်ကြိမ် မုစ္ဆာကာလ၌ ခြောက်ကြိမ်, မရဏာကာလ၌ ငါးကြိမ်။ အဘဲ့ ကြောင့် ငါးကြိမ် စောသနည်း ဟူမူ။ မှီရာ ဟဒယဝတ္ထု အား နည်းသောကြောင့်တည်း။ အဘဲ့ကြောင့်နည်းဟူမူ။ ရဝိုဝိတ္ထသမ ကာလမေဝ ဥပ္ပဇ္ဇန္တိ ဟု ဆိုသောကြောင့်တည်း။ ။မရဏာသန္န ဇောသည်။ မဟဂ္ဂုတ် လောကုတ္တရာ မစောကောင်း။ ကာမ ဇောသာ ဘုံအားဖြင့် မှတ်ပြန်သော် ကာမဘုံ၌ လောဘဇော ဒေါသဇော မောဟဇော မဟာကုသိုလ်ဇော စောကောင်း၏။ ရူပ အရူပဘုံ၌ မဟာကုသိုလ်ဇောသာ စောကောင်း၏။ ။ ပုဂ္ဂိုလ်အားဖြင့် မှတ်ပြန်သော် ပုထုဇ္ဇန်၌ လောဘ၊ ဒေါသ၊ မော ဟ၊ မဟာကုသိုလ် ဇောအားဖြင့် လေးရပ်စောကောင်း၏။ ကာမ ဘုံ၌ ပုဂ္ဂိုလ်သာ ။ရူပ, အရူပဘုံ၌ တိဟိတ် ပုထုဇ္ဇန် အသုံးမုံ သော ဘုံ၌ အောက်ဖလဋ္ဌာန် သုံးယောက်တို့သည် မဟာကု သိုလ် ဇောသာ စောကောင်း၏။ ကာမသုဂတိ ခုနစ်ဘုံက သေ၍ အပါယ်ဘုံကို သွားရာ၌ မရဏာသန္န ဇောသည် လောဘ၊ ဒေါသ၊ မောဟ စောကောင်း၏။

လောဘဇော စော၍ သေသော ပုဂ္ဂိုလ်သည် များသောအား ဖြင့် ပြိတ္တာဘုံသို့ သွားရ၏။ ဒေါသ ဇောစော၍သေသော ပုဂ္ဂိုလ် သည် များသောအားဖြင့် ငရဲဘုံသို့ သွားရ၏။ မောဟဇော စော၍ သေသော ပုဂ္ဂိုလ်သည် များသောအားဖြင့် တိရစ္ဆာန်ဘုံသို့ သွားရ၏။ ကာမသုဂတိဘုံမှ သေ၍ ၎င်းဘုံ၌ထပ်။ ရူပ အရူပဘုံ သို့ သွား။ ရူပဘုံက သေ၍ ၎င်းဘုံ၌ထပ်။ကာမသုဂတိ အရူပ ဘုံသို့သွား။ အရူပဘုံက သေ၍ ၎င်းဘုံ၌ထပ်။ ကာမသုဂတိဘုံ သို့ သွားရာ ထို မဟာကုသိုလ် ဇောသာ စောသည်။ မရဏာ ကာလာဒိသု၌ အာဒိသဒ္ဒါဖြင့် ဆိုသောကြောင့် ဋီကာကျော် အ လိုအားဖြင့် မုစ္ဆာကာလ ခြောက်ကြိမ်ကို အာဒိဝန်ယူ။ သင်္ခေပ အလိုအားဖြင့် လဟုက အရာ၌ လေးကြိမ်, ငါးကြိမ်ကို၊ အာဒိဝန်

ယူ။ မြတ်စွာ ဘုရားသည် တန်ခိုးပြာဋိဟာကို ပြသောအခါ လျင်မြန်သော အခါ ဖြစ်၍ ကာမာဝစရ ကြိယာ ဇောသည် လေးကြိမ် ငါးကြိမ် စော၏။ အာဒိဝန်ကို ပစ္စေက ဗုဒ္ဓါသာဝကတို့ကို ယူ။ ဓမ္မပါလ အလိုကား တိက္ခိန္ဒြိယ ပုဂ္ဂိုလ်မှာ လေးကြိမ်, မုဒိန္ဒြိယ ပုဂ္ဂိုလ်မှာ ငါးကြိမ် ဤသို့ယူ၍ ဘုရားသည် တိက္ခိန္ဒြိယ ပုဂ္ဂိုလ်ဖြစ်၍ လေကြိမ်။ ပစ္စေကဗုဒ္ဓါ သာဝကတို့မှာ မုဒိန္ဒြိယဖြစ်၍ ငါးကြိမ်စော၏။

မဟာဂ္ဂုတ် ဇောမှာ ရစ၌ တကြိမ်သာ။ နောင်ဝင်းစားရာ၌ အရေ အတွက် မရှိ။မိဋ္ဌာန်တိုင်း ဝင်စားနိုင်သည်ကို အမိဋ္ဌာနဝသိ။မိဋ္ဌာန်တိုင်း ဈာန်ပြတ်၍ တပါးဝိထိဖြစ်ခြင်းဟု ဆိုအပ်သော ဈာန်မှ ထနိုင်ခြင်းသည် ဝုဋ္ဌာနဝသိမည်၏။ မဂ်မှာ အချင်း ခပ်သိမ်း တကြိမ်သာ ဝင်စားသည် ဟူ၍မရှိ။ အဘိညာဏ်မှာ ရစလည်း တကြိမ်, ဝင်စား လျှင်လည်း တကြိမ်သာ။ ။ဝင်စားရာ အဘဲ့ကြောင့် အကြိမ်များစွာ မစောသနည်း ဟူမူ။သမာပတ္တိ မဖြစ်လေသောကြောင့် တည်း ပဥ္စမဈာန်၏ သတ္တိကို အဘိညာဏ် ခေါ်သည်။ အဘိညာဏ်သည် တကြိမ်သာ ဖြစ်၍ ချုပ်လေသည်။ သတ သဟာသ အစရှိသည်ကို ဖြစ်စေသော ကာလ၌ အဘိညာဏ် ချုပ်လေပြီ၊ ၎င်းအဘိညာဏ် သတ္တိကြောင့် ဖြစ်လေသည်။ ငါးပိကို သုံးစွဲပြီး၍ ငါးပိထည့်သော ချင်း၌ အနံ့ မပျောက် သကဲ့သို့ငှင်း။ ကတိုး နံ့သာ ထည့်သော သေတ္တာ၌ ၎င်း ကတိုးနံ့သာကို သုံး၍ကုန်သော်လည်း ထိုသေတ္တာ၌လည်း ကတိုး နံ့သာမပျောက် သကဲ့သို့ တည်း။ ။ဖိုလ်ဇောသည် မန္ဒ ပုဂ္ဂိုလ်အား နှစ်ကြိမ်, တိက္ခ ပုဂ္ဂိုလ်အားသုံးကြိမ်။ ဤကား သမာနဝါဒ။

ကေစိတို့မှာမူ။ကာမာဝစရ လေးကြိမ် စောသူမှာ နှစ်ကြိမ် ကာမာဝစရ ဇော သုံးကြိမ်စောသူမှာ သုံးကြိမ်စော၏ ဟူ၏။ အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်သာ နိရောဓ သမာပတ်ကို ဝင်စား

နိုင်သည်။ ဤမှ ကြွင်းသော ပုထုဇ္ဇန် သေက္ခပုဂ္ဂိုလ်တို့မှာ ရှုန့်ရင်းသော ကာမ ရာဂကို မပယ်ရသောကြောင့် မဝင်စားနိုင်။ ၎င်းပုဂ္ဂိုလ်မှ သော်လည်း သမာပတ် ၈စ်ပါးနှင့် ပြည့်စုံမှသာဝင်စားနိုင်သည်။ ၎င်းပုဂ္ဂိုလ်တို့သည်လည်း ကာမာဝစရ ရူပါဝစရဘုံ၌ ရှိသော အနာဂါမ် ရဟန္တာသာ ဝင်စားနိုင်သည်၊ အရူပဘုံ၌ အနာဂါမ် ရဟန္တာရှိလျက်နှင့် မဝင်စားနိုင်သည်မှာ ရူပဈာန် ငါးခုတွင် ပဌမဈာန်နှင့် ဒုတိယဈာန်ကို ပေါင်း၍ ရူပဈာန်လေးပါး အရူပဈာန် လေးပါး၊ ၎င်း သမာပတ် ၈စ်ပါး မရှိသောကြောင့်တည်း။

သမာနဝါဒ။ ကေစိဝါဒမှာ ရုပ်မရှိသောကြောင့် မဝင်စားနိုင် ဟူ၏။ ။၎င်း ဆိုအပ်ခဲ့ပြီးသော အင်္ဂါနှင့် ပြည့်စုံသော အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်သည် ဓာစဉ်သဖြင့် ပဌမဈာန်ကို ဝင်စား၊ ၎င်းဈာန်၌ ရှိသော ဝိတက် ဝိစာရ ပီတိသုခ ဧကဂ္ဂတာကို လက္ခဏာယာဉ် တင်၍ သုံးသပ်။ လ။ အာကိဉ္စညာယတန ဈာန်ကိုဝင်စား၍၊ ၎င်းအာကိဉ္စညာယတန ဈာန်၌ရှိသော ဉပေက္ခာ ဧကဂ္ဂတာကို လက္ခဏာယာဉ် တင်၍ သုံးသပ်ပြီးလျှင် ပရိက္ခရာတို့ကို မီးသူမယူနိုင်စေ သတည်း။ ကျောင်းကို မီးမလောင် နိုင်စေသတည်းဟု နာနာဘဏ္ဍာဝိကောပန တို့ကို ပြုခြင်း။ ဘုရားခေါ်တော်မူလျှင် သိစေသတည်းဟု သတ္ထုပက္ကောသနကို ပြုခြင်း။ သဃ်ာတို့အား အကြောင်းရှိ၍ ကျောက်စည်ခေါင်းလောင်း ထိုးလျှင် သိနိုင်စေသတည်းဟု သံဃပဋိမာနကို ပြုခြင်း။ ခုနစ်ရက် ကြာလျှင် သနိုင်စေ သတည်းဟု အဒ္ဓါနပရိစ္ဆေဒကို ပြုခြင်း ဤလေးပါးသော ပုဗ္ဗကိစ္စကို မိဋ္ဌာန်၍ အဆုံးဈာန်ကို ဝင်စား၏။ ထိုဈာန်သည် အဘိညာဏ် ကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် စိတ် စေတသိက် စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့ရောက်၏။ ။ကမ္မဇ ဥတုဇ အာဟာရဇ တို့၏ မပြတ်ဖြစ်ခြင်းသည် နိရောဓ သမာပတ်ကို ဝင်စားသည် မည်၏။ ထသော

အခါ အနာဂါမ်မှာ အနာဂါမိဖိုလ်။ ရဟန္တာမှာ အရဟတ္တ ဖိုလ် တကြိမ်ဖြစ်၍ချုပ်။ ထို့နောင် ဘဝင်။ ရူပဘုံ နိရောဓ သမာပတ်ကို ဝင်စားရာ၌ မဓိဋ္ဌာန်ရ။ ကြွင်းအလုံးစုံ အတူတူ မဓိဋ္ဌာန်ရသည်မှာ အကြောင်း မရှိသောကြောင့်တည်း။

အဘိညာဏ်သည် တကြိမ် စောပါလျက်နှင့် နိဂုမ်းဂါထာ၌ မပါသည်မှာ စိတ်အသိး မရကောင်းသေးကြောင့် အဝသေသာ၌ သွင်းလေသည်။ ။ဒုဂ္ဂတိ သုဂတိ ဒွိဟိတ် ပုဂ္ဂိုလ်တို့ ကြိယာဇောကို မရသည်မှာ ၎င်း ကြိယာဇောသည် ဘုရား ရဟန္တာ သန္တာန်၌သာ ဖြစ်သည်။ ထို့ကြောင့်တည်း။ အပ္ပနာဇောမဖြစ်သည်မှာ ဝိပါက အန္တရာယ် ကြောင့်တည်း။ ဝိပါက် ဉာဏ ဝိပ္ပယုတ်ကို ဒွိဟိတ်ပုဂ္ဂိုလ်မှာ ၎င်းစိတ်နှင့် ပဋိသန္ဓေ နေခဲ့သောကြောင့် ရတန်စေ။ သုဂတိ အဟိတ် ပုဂ္ဂိုလ်မှာ အဘဲ့ကြောင့် ရသနည်းဟူမူ။ ပဋိသန္ဓေအခါကမရ။ ပဝတ္တိအခါက တဒါရုံ အဖြစ်ဖြင့်ရလေသတည်း။ ထိုသို့ရသော် မိမိ ပဋိသန္ဓေ ကံကြောင့်ဖြစ်လေသလော ဟူမူ။ တပုံတခု အမှတ်မရှိသော ကံကြောင့်ဖြစ်လေသည်။ ဈာန်မရရမှာ ကာမစိတ် ၅၄-ကို မှုတည်၍နုတ်ဆ:ညာသမှာ ဝိထ်စိတ် ၅စ်ဆယ်ကို မှုတည်၍ ကြိယာတဆဲ့ရှစ်၊ ဒိဋ္ဌိဂတသမ္ပယုတ်လေး။ ဝိစိကိစ္ဆာ အရဟတ္တ ဖိုလ်ကို နုတ်။ သဟေတုကံ ဘဝင်ႋ အဟေတုကသ ဘဝင်သမှာ အဟိတ် ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်သည် အဟိတ် တဒါရုံကျသောအခါ။ ၎င်း အဟိတ် တဒါရုံသည် အဟိတ် ဘဝင်အား အနန္တရ သတ္တိဖြင့် ကျေးဇူးပြုလေ၏။

တဒါရုံ ဧကာဒသ ဆိုသည်မှာ သန္တီရဏသည် တဒါရုံကိစ္စဖြင့် ဖြစ်နိုင်သည်ကို ရည်၍ဆိုသည်။ တဒါရုံ မဟာဝိပါက် ဆိုသည်မှာ သန္တီရဏ သုံးခုသည် သန္တီရဏ ကိစ္စ အဖြစ်ဖြင့် ဖြစ်နိုင်သည်ကို ရည်၍ဆိုသည်။ ရူပတိဟိတ် စိတ်ရသည်ကို

သိလိုလျှင် ကာမတိဟိတ် ဈာန်ရ လေးဆဲ့ငါးကိုတည်။ ရူပဘုံ အစွမ်းဖြင့် မရသော တဆဲ့ခြောက်ကို ကြည့်။သောတာပန်စိတ် ရကို သိလိုလျှင် ကာမ သောတာပန် ဈာန်ရ ငါးဆယ်ကိုတည်။ တဆဲ့ခြောက်ချနုတ်။ သကဒါဂါမ်၌ ၎င်းနည်း အတူတူ။ အနာ ဂါမ်ကို သိလိုလျှင် ကာမအနာဂါမ် ဈာန်ရ လေးဆဲ့ရှစ်ကိုတည်။ ဘုံ၏ အစွမ်းဖြင့် မရသော တဆဲ့လေးကိုကြည့်။ ၎င်းပုဂ္ဂိုလ်၏ ဝိထိစိတ်ရမှာ မိမိဘုံက ဝိပါက်ကိုထည့်။ ရဟန္တာ မှာလည်း ၎င်းနည်း ကာမဈာန်ရ လေးဆဲ့လေးခုကိုတည်။ တဆဲ့လေးခု နုတ်။ စိတ်ရမှာ မိမိဝိပါက်ကိုထည့်။ ဈာန်မှာလည်း ရသရွေ့ကို ထည့်။ မရလျှင် ကြည့်။ အရူပဘုံ ပုဂ္ဂိုလ်တို့၏ စိတ်ရကို သိလို လျှင် ဒွေစတ္တာလီသကို မူတည်။ ပုဂ္ဂိုလ် သန္တာန်၌ မဖြစ်သော စိတ်ကိုကြည့်။ ဝိထိ၌ဖြစ်သော စိတ်ရမှာ ဝိပါက်ကိုထည့်။ အထက်အထက် ဘုံတို့မှာ အောက်အောက်ဘုံ၌ ဖြစ်သောစိတ်ကို ကြည့်။ အထက်များမှာလည်း ရသရွေ့ထည့်။ မရလျှင်နုတ်။

ဝိထိပိုင်း ပြောပုံပြီး၏။

# ၅—ဘုံပိုင်း

မြင့်မိုရ်တောင်ထက် ယုဂန္ဓိုရ်တောင်သည် ထက်ဝက် နိမ့်၏ ၎င်း ယုဂန္ဓိုရ် တောင်နှင့်အမျှ စကြာဝဠာ တံတိုင်းခိုက် ဘုံရှိကို စတုမဟာရာဇ် ခေါ်၏။ တောင်စဉ် ခုနစ် ထပ်မှာ နောက်နောက် တောင်ကိုရှေးရှေး တောင်ထက် ထက်ဝက် လျော့လေ။ နတ်ပြည် ခြောက်ထပ်အကွာကား လေးသောင့် နှစ်ထောင်စီ။ အဆုံး နတ်ပြည်က ပဌမ ဈာန် ဘုံတိုင်အောင် ငါးသိန်း ငါးသောင်း ၈စ်ထောင်ကွာသည်။ ဖြဟ္မာ အကွာလည်း ဤကဲ့သို့ချည်းတည်း။

လူ့ဘုံနှင့် နေဝသည်သာ နာသည်သာယတနဘုံအကွာ။ဗြိသုညာ၊ ဆပဍ္ဍာ၊အဋ္ဌာဧကသတ်တည်း။ ။၎င်း နေဝ။ လ။ ယတန ဘုံက မြင့်မိုရ် တောင်လောက် ကြီးသော ကျောက်ဖျာကြီးကို ချလိုက်သည်ရှိသော် ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက် ကြာ၍ လူ့ဘုံသို့ ရောက်သောအခါ လမ်းမှာလေတိုက်၍ မြူမှုံလောက်သာရှိသည် အောက်ကောင်းကင်သည် အထက်ကောင်းကင်ထက် ကျယ်ဝန်းသည်။ သုဂတိ အဟိတ်ပုဂ္ဂိုလ်သည် စတု မဟာရာဇ် ဘုံ၌ရှိ၏ ဟုဆိုသော်သည်း ၎င်းဘုံမှာမရှိ။ ၎င်းဘုံသို့ အဝင် အပေါ် နတ် ရုက္ခဇိုဝ်း ဘူမဇိုဝ်းတို့ ကျိုးကောင်း ကန်းကောင်းသည်ကို ရည်၍ဆိုလေသည်။ဖြဟ္မာသည် လူ့ပြည်သို့ လာ၍ မင်္ဂလာ တရားကို တောင်းပန်သော အခန်းကား။ အောက်စိတ်ပိုင်းက ဆိုခဲ့ပြီ။ ဘုံပုဂ္ဂိုလ်ကား လွယ်၏။

အဘုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏဖြင့် ပဋိသန္ဓေ ဘဝင် စုတိ ကျကောင်းသော ပုဂ္ဂိုလ်သည် ဒုဂ္ဂတိ တယောက်သာ၊ ဘုံအားဖြင့် အပါယ် လေးဘုံသာ။ ထို့ကြောင့် အပါယ် ပဋိသန္ဓေမည်၏။ ကုသလ ဝိပါက် ဥပေက္ခာ သဟဂုတ်ဖြင့် ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်သည် သုဂတိအဟိတ်တယောက်

သာ၊ ဘုံအားဖြင့် လူ့ဘုံ စတုမဟာရာဇ် ဘုံ၌သာ၊ စတုမဟာရာဇ်ဘုံဟုဆိုသော်လည်း ဘုံစစ်မဟုတ်။ ၎င်း စတု မဟာရာဇ် ဘုံသို့အဝင်အပါ။ ဘူမဇိုဝ်း ရုက္ခဇိုဝ်း နတ်တို့၏ စားနတ် စားပေါက်ကို မှီ၍စားသောက် ရသော ဝိနိပါတိကပြိတ္တာ အသူရာ၊ ဤသူတို့ နေကောင်း သည့်မှတ်။ ။ပဋိသန္ဓေ အစဉ် အားဖြင့် ကန်းဆိုရာမှာ ပဋိသန္ဓေ ဖြစ်စဉ် အားဖြင့် ၎င်း မဖြစ်သည်ကို ဆိုသည်။ ပဋိသန္ဓေ အခါရှိပါလျက်နှင့်။ ၎င်းပြီးမှပျက်သည်ကို မလို။ ထို့ကြောင့် ဥပ္ပတ္တိတွာ ဘိန္နောနအမိပ္ပေတောဟု ဆိုအပ်၏။

ဇစ္စန္ဓာဒိနံ၌ အာဒိသဒ္ဒါဖြင့် ဇစ္စဗဓိရ၊ ဇစ္စမူဂ၊ ဇစ္စုမ္မတ္တက၊ ဇစ္စဇဠ၊နပုန်း၊မဏ္ဍုက်၊ ဥဘတောဗျည်း မန်းစွဲသောသူ၊ ဇစ္စဗဓိရမှာ နားပင်းသောသူ၊ဇစ္စမူဂမှာအသောသူ၊ ဇစ္စုမ္မတ္တကမှာရူးသောသူ၊ ဇစ္စဇဠမှာ တုန်တုန် ခိုက်ခိုက် ရှိသောသူ၊ နပုန်းမှာဘောချို သောသူ၊ပဏ္ဍုက်သည်၊ အာသိတ္တ၊ ဥသူယ၊ ဩပက္ကမိက၊ ပက္ခ နပုန်းအားဖြင့် ငါးယောက်တည်း။ ထို့ဘွင်သူတပါးအင်္ဂါဇာတ်ကို ရတ်သောသူသည် အာသိတ္တ၊ သူတပါး မေထုန် သံဝါသ ပေါင်းဘော်သည်ကို ချောင်း၍ ကြည့်သဖြင့် ရာဂ ငြိမ်းသောသူ ဥသူယ၊ ဖေ့းစေ့ထုတ်သည်မှာ ဩပက္ကမိက၊ လဆန်း ပက္ခ၌ အလွန်ကိလေသာ ပူပန်သည်၊လဆုတ်ပက္ခ၌ ကိလေသာငြိမ်း၏ လဆုတ်ပက္ခ၌ ကိလေသာပူပန်၏။ လဆန်း ပက္ခ၌ ကိလေသာ ငြိမ်း၏။ ထိုသူသည်ပက္ခတည်း။ ဘောချိုသောသူမှာနပုန်း။ ။န အာ၊ ဥ၊ဩ၊ပက်၊ဥသူယ၊ ပဏ္ဍုက်၊ ငါးယောတ်တည်း။ မိန်းမ ဥဘတော ဗျည်း ယောကျ်ား ဥဘတောဗျည်း နှစ်ယောက်။ မိန်းမ ဥဘတော ဗျည်းမှာ သူ့ကိုလည်း ပဋိသန္ဓေ ပေးနိုင်၏။ မိမိ လည်း ပဋိသန္ဓေယူနိုင်၏။ ယောကျ်ားဥဘတောဗျည်းမှာ မိမိမှာ ပဋိသန္ဓေ မယူနိုင်။ သူ့ကိုသာပေးနိုင်သည်။တောင်ပြောလိုသည် ကိုမြောက်။မြောက်ပြောလိုသည်ကိုတောင်။ ထပ်၍ထပ်၍ ပြောသူ သည် မန်းစွဲသောသူတည်း။ အပါယ် လူ့ဘုံဝိနိပါတိက အသူရာ

တို့မှာ တမ်းမမြဲသောကြောင့် အရေအတွက်ကို မှတ်ခြင်းမရှိ။ စတုမဟာရာဇ်မှ စ၍ အထက်ကိုတမ်းမြဲ၍ အရေအတွက်ကို မှတ်ခြင်းနည်းရှိ၏။ ။လေးဆ တက်သည်မှာ ဋီကာကျော် အလိုအားဖြင့် သက် ၂-ဆ။ရက် ၂-ဆ-သင်္ခေပအလို အားဖြင့် နှစ် ၂-ဆ၊ ရက် ၂- ဆ။ အထက်ဘုံက နှစ်ကလည်း ထပိုး နေ့ကလည်း ထပိုးကြီးသည်။ လူတို့အရေအတွက်မှာ အောက်အရေအတွက်ကိုတည် လေးခုနှင့် မြှောက်။ အထက် အရေအတွက်ဖြစ်၏။

အာယုကပ်၊အန္တရကပ်၊အသင်္ချေယျကပ်၊မဟာကပ်၊သတ္ထန္တရကပ်၊ရောဂန္တရကပ်၊ဒုဗ္ဘိက္ခန္တရကပ် စသည်တို့တွင် ဤအရာ၌ အဘယ်နည်းဟု မေးဘွယ်ရှိ၍။ ကပ္ပသာတိအသင်္ချေယျကပ္ပသဟု ဋီကာဖွင့်လေးသည်။ ။အသင်္ချေယျ ကပ်တကပ်၏ အပိုင်းတခြားကား အလျားတယူဇနာ အနံတယူဇနာ ရှိသော တိုက်၌ မုန်ညင်းဆန်အပြည့်ထည့်၍ အနှစ်တရာ လွန်မှငင်း။ တထောင်လွန်မှငင်း။ဘပေ တစေ့ယူ၍ ပစ်သည် ရှိသော် ထိုမုန်ညင်းစေ့သည်ကုန်ရာ၏။အသင်္ချေယျကပ်ဘကပ် မကုန်နိုင်ရာ။ ၎င်းကပ်၌ အန္တရကပ် ခြောက်ဆဲ့လေးကပ်။တနည်းကား နှစ်ဆယ်။၎င်းအန္တရကပ်အပိုင်း အခြားမှာ အသင်္ချေယျမှ ဆုတ်၍ လာပြန်လျှင် ၁၀-နှစ်တမ်း။၁၀-နှစ်တမ်းက တက်လျှင် အသင်္ချေယျတိုင်။ ၎င်းအသင်္ချေယျက ဆုတ်လျှင် ဆယ်နှစ်တိုင် ကာလအပိုင်းအခြား၏ တက်သောအခါ ထပိုးတက်။ ဆုတ်သောအခါ အနှစ် တရာမှ တနှစ်ဆုတ်။ မဟာကပ်နှင့် တကမ္ဘာ အတူတူ။ ။ဘကမ္ဘာ၌သံဝဋ္ဋ၊ သံဝဋ္ဋဋ္ဌာယီ၊ ဝိဝဋ္ဋဝိဝဋ္ဋဋ္ဌာယီ ကပ်အားဖြင့် လေးပါး။ ၎င်းကပ်နှင့် အသင်္ချေယျကပ် အတူတူပင်။ ကမ္ဘာ ပျက်မိုးရွာသည်မှ စ၍ မီးလျှံစဲသည် တိုင်အောင် သံဝဋ္ဋ။ မီးလျှံစဲသည်မှစ၍ကမ္ဘာပြုမိုးရွာသည် တိုင်အောင် သံဝဋ္ဋဋ္ဌာယီ။ ကမ္ဘာပြုမိုးရွာသည်မှ စ၍ နေ လ နက္ခတ်ပေါ်သည် တိုင်အောင် ဝိဝဋ္ဋ။

နေ လ နက္ခတ် ပေါ်သည့် မှစ၍ကမ္ဘာပျက်မိုး ရွာပြန်သည့် တိုင်အောင် ဝိဝဋ္ဋဋ္ဌာယီ ကပ်။ မီးဖျက်သောအခါ ပဌမဈာန် သုံးဘုံပါ၏၊ ရေဖျက်သောအခါ ဒုတိယဈာန် သုံးဘုံပါ၏။ လေဖျက်သောအခါ တတိယဈာန် သုံးဘုံပါ၏။ ကမ္ဘာပျက် ဟန်ကား။ မီးခုနစ်ကြိမ်၊ ရေတကြိမ်၊ ရေ ရှစ်ကြိမ် မြောက်၍ လေတကြိမ်၊ "စကြာမှာ တရာ၊ဘုရားမှာ တထောင်၊ကမ္ဘာမှာတသိန်း၊ မောနေယျမှာခုနစ်ဖြာ၊ဆဲ့နှစ်နှစ်မှာ မဂ်လာ"၊ဤကား အကြောင်းတည်း။ ။ ဘူမိ။လ။ အာရုံတို့ကို လျဉ်းပါး၍ပြော။ မိမိဘုံသည်ရေဖျက်သောအခါ ပါ၍ မဟာကပ်မရ။ ဝိဝဋ္ဋဋ္ဌာယီ ကပ်တကပ်သာ ရသည်။ ထို့ကြောင့် အောက်၌ မဟာကပ် ခုနစ်ကပ် အသညေ်ယျ ကပ် အနက်ပေးသည်။

## ကမ္မစတုက္က

(၁) ပဋိသန္ဓေဟု ဆိုအပ်သော ဝိပါက်။ ၎င်းပဋိသန္ဓေနှင့် အတူဖြစ်သော ကမ္မဇရုပ်ဟု ဆိုအပ်သော ကဋတ္တာရုပ်။ ၎င်း ရုပ်နှစ်ပါးကို ဖြစ်စေတတ်သော ကံသည် ဇနက ကံ မည်၏။ (၂) ဇနကကံ အနည်းငယ် အကျိုး ပေးမည်ကို တားမြစ်၍ ထောက်ပံ့ဘတ်သော ကံသည် ဥပထမ္ဘက ကံ မည်၏။ (၃) ဇနကကံ အကျိုးပေးစဉ်ကို ပြတ်အောင်လည်း မဖြတ်၊ နှိပ်စက်ရုံသာ အကျိုးပေးသော ကံသည် ဥပပီဠက ကံ မည်၏။ (၄) ဇနကကံ အကျိုးပေးခွင့်ကိုဖြတ်၍သတ်၍မိမိ အကျိုးပေးသောကံသည် ဥပဃာတက ကံ မည်၏။ ။ထိုလေးပါးတို့တွင် ဇနကကံသည် ကုသိုလ်ဇနကကံ၊ အကုသိုလ် ဇနကကံအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် ကုသိုလ် ဇနကကံသည် ကုသလဝိပါက် ကဋတ္တာရုပ်ကိုဖြစ်စေ၏၊ အကုသိုလ် ဇနကကံသည် အကုသလ ဝိပါက် ကဋတ္တာရုပ်ကို ဖြစ်စေ၏။ ။၎င်း ဇနကကံသည်လည်း ပဋိသန္ဓေ ပဝတ္တိ နှစ်ပါးကို အကျိုးပေးသည်။ ထိုနှစ်ပါးတို့တွင် ပဋိသန္ဓေ အကျိုးပေးသည်မှာ နောက်ကဆိုသည့် အတိုင်းပင်။

ပဝတ္တိအကျိုးပေးရာမှာ ပဝတ္တိ၌ ချမ်းချမ်းသာသာ စားရဝတ်ရ
ခြင်းကို ကုသိုလ် ဇနကကံ အကျိုးပေးသည်။ ပဋိသန္ဓေ အခါ
ဆင်းရဲသော အကျိုးကိုပေးပြီး၍။ ပဝတ္တိ၌လည်း အငတ်ငတ်အ
မွတ်မွတ်ဖြစ်ရခြင်းသည် အကုသိုလ် ဇနကကံ အကျိုးပေးသည်။
ဥပထမ္ဘကကံ သည်လည်း ကုသိုလ် ဥပထမ္ဘကကံ၊ အကုသိုလ်
ဥပထမ္ဘကကံအားဖြင့် နှစ်ပါးရှိ၏။ ၎င်းကံသည်လည်းပဝတ္တိ၌သာ
အကျိုးကို ပေးသည်။ ပဋိသန္ဓေ အကျိုးကို မပေး။ ထိုသို့
မပေးသော်လည်း ကုသိုလ် ဥပထမ္ဘကကံသည် ကုသိုလ်ဇနက
ကံကို ထောက်ပံ့သည် ထောက်ပံ့ဟန်ကား။ ကုသိုလ်ဇနကကံ
ကား ဝိပါက်ကဋတ္တာရုပ်ကို ဖြစ်စေ၏။ ဖြစ်ပြီးသည် နောက်၌
၎င်းဝိပါက် ကဋတ္တာရုပ် မပျက်စီး ရအောင်၎င်း မငတ်မမွတ်
ရအောင်၎င်း။ ကုသိုလ် ဥပထမ္ဘကကံ ထောက်ပံ့၏။ ။အကု
သိုလ်ကို အကုသိုလ်ချင်း ထောက်ပံ့ရာ၌ကား။ အကုသိုလ် ဇန
ကကံသည် ဝိပါက် ကဋတ္တာရုပ်ကို ဖြစ်စေ၏။ ဖြစ်ပြီးသည်နောက်
၌ ၎င်းဝိပါက်ကဋတ္တာရုပ် မပျက်စီးရအောင် အကုသိုလ် ဥပ
ထမ္ဘကကံသည် အကုသိုလ် ဇနကကံကို ထောက်ပံ့၏။ ဆင်း
ရဲအောင်၎င်း။ ငတ်ငတ် မွတ်မွတ် ဆင်းရဲ ဒုက္ခခံရ အောင်၎င်း။
အကုသိုလ် ဇနကကံကို အကုသိုလ် ဥပ ထမ္ဘကကံ ထောက်
ပံ့၏။ ဆွေး ဝက်များကိုထုတ်။ ဥပပီဠကကံသည်ကုသိုလ် ဥပပီ
ဠကကံ အကုသိုလ်ဥပပီဠကကံ ဟူ၍ နှစ်ပါးရှိ၏။ ၎င်းကံတို့
သည် ပဝတ္တိ၌သာ အကျိုးပေးသည်။ ပဋိသန္ဓေ၌ အကျိုးမပေး
ထိုသို့ မပေးသော်လည်း ကုသိုလ် ဥပပီဠကကံသည် အကုသိုလ်
ဇနကကံကို နှိပ်စက်၏။ အကုသိုလ် ဥပပီဠက ကံသည် ကုသိုလ်
ဇနကကံကို နှိပ်စက်၏။အကုသိုလ်သည် ကုသိုလ်ကို နှိပ်စက်ဟန်
ကား။ကုသိုလ်ဇနကကံ အကျိုးပေး၍ ချမ်းချမ်းသာသာနေရသည်
ကိုခေါင်းခဲခြင်း ဝမ်းနာခြင်း ခလုပ်တိုက်မိခြင်း တည်းဟူသော
အကျိုးကို ဖြစ်စေ၍ အကုသိုလ် ဥပပီဠကကံသည် ကုသိုလ် ဇန
ကကံ နှိပ်စက် လေသည်။ ကုသိုလ်သည် အကုသိုလ်ကို နှိပ်

စက်ဟန်ကား။ အကုသိုလ် ဇနကကံသည် တေ်မွတ် ခေါင်းပါး ပူပြင်းလှစွာ ဒုက္ခဝေဒနာခံစားခြင်း အကျိုးပေးစဉ်ကို ဖြတ်အောင်လည်း မဖြတ်။ တခဏဖြတ်ထည့်၍ ဝပြောချမ်းသာသော အကျိုးကို ကုသိုလ် ဥပပီဠကကံသည် အကုသိုလ် ဇနကကံကို နှိပ်စက်၍ ပေးလေသည်။ ရေတုံသို့ ရှင်မောဂ္ဂလာန် သွား၍ တရားဟောရာ၌ ရေမီးငြိမ်း၍ ချမ်းသာသည်ကို ထုတ်။ ။ဥပဃာတက ကံသည်လည်း ကုသိုလ်ဥပဃာတကကံ၊ အကုသိုလ် ဥပဃာတကကံ ဟူ၍ နှစ်ပါးရှိ၏။ ၎င်းကံသည် ပဋိသန္ဓေ ပဝတ္တိ နှစ်ပါးကို ပေး၏။ ထိုသို့ ပေးသော်လည်း ကုသိုလ် ဥပဃာတကကံသည် ကုသိုလ်ဇနကကံ၊အကုသိုလ်ဇနကကံနှစ်ပါးကိုဖြတ်၍ မိမိအကျိုးကို ပေးစေ၏။အကုသိုလ် ဥပဃာတကကံသည်လည်းအကုသိုလ်ဇနကကံ ကုသိုလ်ဇနကကံ နှစ်ပါးကို ဖြတ်၍ မိမိအကျိုးကို ပေး၏။ ကုသိုလ်ကုသိုလ်ချင်းဖြတ်ပုံကား ဆွမ်းလှူသော ကုသိုလ်ဇနကကံက ပဋိသန္ဓေ အကျိုး ပေးမည် ဆဲဆဲကို သင်္ကန်းလှူသော ကုသိုလ် ဥပဃာတကကံက ဆွမ်းလှူသော ကုသိုလ်ဇနကကံကို ဖြတ်အောင်ဖြတ်၍ မိမိပဋိသန္ဓေကို ပေး၏။ ကုသိုလ်က အကုသိုလ်ကို ဖြတ်သည်၌ကား မုဆိုးလုပ်သော အကုသိုလ် ဇနကကံက ပဋိသန္ဓေကို ပေးမည်ဆဲဆဲကို ကျောင်းလှူသောကုသိုလ် ဥပဃာတကကံက အကုသိုလ်ဇနကကံကို ဖြတ်၍ မိမိပဋိသန္ဓေကိုပေးလေ၏။ အကုသိုလ်ချင်း ဖြတ်ရာ၌ကား နွားသတ်သော ဇနကကံက ပဋိသန္ဓေ ပေးမည် ဆဲဆဲကို ခွေးသတ်သော အကုသိုလ် ဥပဃာတကကံက ဇနကကံကို ဖြတ်၍ မိမိ ပဋိသန္ဓေကို ပေးလေ၏။ ။အကုသိုလ်သည် ကုသိုလ်ကို ဖြတ်ရာ၌ကား ရေလှူသော ကုသိုလ်ဇနကကံက ပဋိသန္ဓေ ပေးမည်ကို ကြက်သတ်မိသော အကုသိုလ် ဥပဃာတကကံက ဇနကကံကိုဖြတ်၍ မိမိပဋိသန္ဓေ အကျိုးကို ပေးလေ၏။ ပဝတ္တိ၌ လည်း ဤနည်းကဲ့သို့မှတ်။ ။ဥပဃာတကကံသည် ဖြတ်၏ဟု ဆိုသော်လည်း ဒုဗ္ဗလဖြစ်သော ဇနကကံကိုသာ ဖြတ်နိုင်သည်။ ဗလဝ

ဖြစ်သော ဇနကကံကိုမဖြတ်နိုင်။ ၎င်းလေးပါး တို့တွင် ဇနကကံနှင့် ဥပဃာတကကံ နှစ်ခု အပေါင်း တို့သည် ပဋိသန္ဓေ ပဝတ္တိအကျိုးကို ပေးခြင်း တူသောကြောင့် ဇနကကံကိုဆိုလျှင်လည်းဥပဃာတက ကံကိုမဆိုသင့်ပါ။ဥပဃာတကကံကိုဆိုလျှင်လည်း ဇနကကံကို မဆိုသင့်ပါ။ ဤသို့ စောဒနာမူ။ အကြောင်းကွဲသောကြောင့် ဆိုသင့်၏။ ကွဲပုံမူ ဇနကကံမှာ အကျိုးပေး၌ ဖြတ်ရခြင်းမရှိ။ ဥပဃာတကကံမှာ ဇနကကံကို ဖြတ်ပြီးမှ မိမိ အကျိုးကို ပေးနိုင်သည်၊ ထို့ကြောင့် ဆိုသင့်၏။ ဥပမာကား။ အိမ်ရှေ့မင်း မင်းလုပ်သည်ရှိသော် မည်သူကိုမျှမသတ်ရ။ အမိန့်တော်ထုတ်ရုံမျှသာ ရှိသည်။ တပါးလူ မင်းလုပ်သည် ရှိသော် အိမ်ရှေ့မင်းကို သတ်ရလေတော့သည်။ ထီးနန်းကို ရခြင်းမှာကား တူကြ၏။ အိမ်ရှေ့ မင်းသည် ဇနကကံနှင့်တူ၏။ တပါးသောသူနှင့် ဥပဃာတကကံနှင့် တူ၏။ ထီးနန်း စည်းစိမ်နှင့် ပဋိသန္ဓေကဋတ္တာရုပ်နှင့် တူ၏။ ဤသည်ကား အဓိကထာသမာနဝါဒအယူ။ ။ကေစိမူ။ဥပဃာတကကံသည် အကျိုးကို မပေးနိုင်။ ဖြတ်ရုံမျှသာဖြစ်သည်။ ဥပမာမှာ ယခု နောက်နားက ထုတ်သော ဥပမာကိုတင်။ ။ဥပရိပဏ္ဏာသအလိုကား။ ။ဇနကကံကည် ကုသိုလ် အကုသိုလ်ဟုနှစ်ပါးရှိ၏။ ပဋိသန္ဓေ ပဝတ္တိ နှစ်ပါးကိုပေး၏။ ဥပထမ္ဘကကံသည် ကုသိုလ်သာရှိ၏။ အကုသိုလ်မရှိ။ ပဝတ္တိအကျိုးကိုသာ ပေး၏။ဥပပီဠကက ဥပဃာတကကံသည် ကုသိုလ် အကုသိုလ်ပင် ဥပပီဠကမှာ ပဝတ္တိ ဥပဃာတကမှာ နှစ်ပါးပင်။ ၎င်း ကံလေးပါးသည် ကိစ္စ အစွမ်းဖြင့်ဖြစ်သော ကံတည်း။

(၁) လေးသောကံသည် ဂရုကံ။ (၂) သေခါနီး ကာလ၌ အောက်မေ့အပ်ပြုအပ်သော ကံသည် အာသန္နကံ။ (၃) မပြတ်လေ့ကျက်အပ်သော ကံသည် အာစိဏ္ဏကံ။ (၄) အကျိုး ပေးကာမျှ ဖြစ်သော ကံသည် ကဋတ္တာကံမည်၏။ ထိုလေးပါးတို့တွင် ဂရု

ကံသည် ကုသိုလ် ဇရုကံ၊ အကုသိုလ် ဇရုကံအားဖြင့်နှစ်ပါး ရှိ၏။ ထိုတွင်အကုသိုလ်အရာ၌ကား။ မာတုဃာတက၊ ပိတုဃာ တက အရဟန္တဃာတက။ လောဟိတုပ္ပါဒက၊ သံဃဘေဒက အားဖြင့် ပဥ္စာနန္တရိယကံ ငါးပါး။ ၎င်းငါးပါးကို အကုန် ပြုမိလျှင် သံဃဘေဒကကံ အကျိုးပေး၏။ ကြွင်းလေးပါးသည် အဟော သိကံဖြစ်၏။ သံဃဘေဒကကိုချန်၍ ကြွင်းလေးပါးကို အကုန် ပြုမိလျှင် လောဟိတုပ္ပါဒက အကျိုးပေး၏။ ကြွင်းကံ သုံးပါး အဟောသိကံဖြစ်၏။မာတုဃာတက၊ ပိတုဃာတက၊ အရဟန္တ ဃာတက။ဤသုံးပါးကိုပြုမိလျှင် အရဟန္တ ဃာတကကံ အကျိုး ပေး၏။ ကြွင်းကံနှစ်ပါးသည် အဟောသိကံဖြစ်၏။ မာတုဃာတ က၊ ပိတုဃာတကကံ နှစ်ပါးကို ပြုမိလျှင် ၎င်းပုဂ္ဂိုလ် နှစ် ယောက် တို့တွင် အဘက သုသီလ ဖြစ်၍ အမိက ဒုသီလ ဖြစ်လျှင် အဘအတွက် သာခံရ၏။ အမိအတွက်သည် အဟော သိကံဖြစ်၏။ နှစ်ယောက်လုံးပင် ဒုသီလဖြစ်လျှင် အမိ အတွက် ခံရ၏၊အဘအတွက်မခံရ။ နှစ်ယောက်လုံးသုသီလဖြစ်လျှင် လည်း အမိအတွက်သာ ခံရ၏။ အဘတွက် မခံရ။အဟောသိကံ ဖြစ်၏။ အမိသုသီလဖြစ်၍ အဘဒုသီလ ဖြစ်လျှင် အမိ အတွက် သာ ခံရသည်။ အဘ အတွက် မခံရ။ ၊အဟောသိကံ ဖြစ်၏။ အဘယ့်ကြောင့် အဟောသိကံ ဖြစ်ရ သနည်း ဟူမူ။ ဒုတိယ ဘဝ၌ အကျိုး ပေးရ မည်ကို မပေး ရလေ သောကြောင့် တည်း။ ၎င်း ပဥ္စာနန္တရိယကံကို ပြုသော သူသည်။ ငရဲ၌ မြဲ၏ ဟုသာ ဆိုအပ်၏။ အဝီစိ၌ မြဲ၏ဟု မဆိုသင့်။ အဘယ့် ကြောင့် နည်းဆိုသော် အဇာတသတ်ကို ထောက်၍ မဆိုသင့်။ ၎င်း ကံ ငါးပါးကို ပြုသော သူတို့သည် တကပ္ပာခံရ၏။ ထို သို့ပင် ခံရသော်လည်း ကပ္ပာထက်ဝက်သို့ ရောက်မှ ၎င်းကံ ငါးပါးတို့တွင် တပါးပါးကို ပြုမိအံ့။ ထိုပုဂ္ဂိုလ်သည် ဤထက်ဝက် သော ကပ္ပာကုန်ရုံသာ ခံရ၏။ တကပ္ပာ ပြည့်အောင်မခံရ။ ၎င်း တကပ္ပာမကုန်မီ ဆယ်ရက်အတွင်း ၎င်းကံတို့တွင် တပါး

ပါးကို ပြုမိလျှင်ဆယ်ရက်မျှကိုသာခံရ၏။နက်ဖြန် သဘက် ကမ္ဘာ ပျက်အံ့။ ယနေ့ ပဉ္စာနန္တရိယကံ ငါးပါးတွင် တပါးပါးကို ပြုမိအံ့။ ၎င်းပုဂ္ဂိုလ်သည် မခံရ လွတ်၏။ အဘဲ့ကြောင့် မခံရ လေသနည်း ဆိုလျှင်။ ငရဲမှာ တရက် နှစ်ရက် ခံရသည် ဟူ၍ မရှိ။ ထို့ကြောင့်တည်း။ ။ထိုကံငါးပါးကိုပြုမိသည် ရှိသော် ၎င်း ကံကို ပျောက် စေခြင်းငှါ မြင့်မိုရ် တောင်လောက် ကြီးသော စေတီကြီးကို တည်၍ စကြာဝဠာလောက် ကြီးသော တံတိုင်း ကို ခပ်၍ ဖလ် ကျောက် နီလာ ဂေါ်မုတ် ဥဿဖယား စသော ကျောက်ကြီးတို့ကို ချယ်၍ ပတ္တမြားကို ထီးတင် စေတီ အ တွင်း၌ ဘုရားနှင့် တကွ သံဃာကို ပြည့်အောင်သွင်း၍ တပါး မလပ် ပရိက္ခရာ ရှစ်ပါးတို့နှင့် တကွ အထူးထူးသော လှူဘွယ် ဝတ္ထုကို လှူ၍။ မဟာ အသဒိသ အလှူတော်ကြီးကိုပင် ပေး သော်လည်း မလွတ်နိုင်ရာ။ သေသည့်၏ အခြားမဲ့၌ ငရဲသို့ ကျန် လားရလေသည်။ ။နိယတမိစ္ဆာဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ အဟေတု ကဒိဋ္ဌိ၊ အကိရိယ ဒိဋ္ဌိလည်း သေသည့်အခြားမဲ့၌ အဝီစိ၌ မြဲ လေသည်။ ကမ္ဘာပျက်သော်လည်း မပျက်သော ကမ္ဘာ၌ ပြောင်း၍ခံရသည်။ အကုသိုလ် အရာ၌ ဂရုကံတည်း။ ကုသိုလ် အရာ၌၊ ဂရုကံကား မဟဂ္ဂုတ် ကိုယူ။ လောကုတ္တရာသည် သာ ၍ လေးပါသည် မဟုတ်တုံလော ဆောဒနာမူ။ ယခုဆိုသော ကံ သည်ကား။ ပဋိသန္ဓေ အခါ အကျိုးပေးစဉ်ကို ဆိုသော အရာ ဖြစ်၍ လောကုတ္တရာ ကုသိုလ်သည် ပဋိသန္ဓေ အကျိုးကို မပေး နိုင်သောကြောင့် မယူရ။ ပဌမဈာန် ရသောပုဂ္ဂိုလ်သည် ၎င်း ဈာန်မယုတ် မူ၍ ရဟောသည် ရှိသော် ပဌမဈာန် ဘုံ၌ဖြစ်၏။ ဈာန် ကိုးပါးကို ရသော ပုဂ္ဂိုလ်တို့သည် မိမိက ဘယ် မှာ ဖြစ်လိုသည် ဟု မမှတ်သည် ဖြစ်အံ့။ အဆုံးဘုံ၌ ဖြစ်၏၊ မိမိက ရူပဘုံ မှာ ဖြစ်လို သည်ဟု မှတ်မူ ရူပဘုံ၌ ဖြစ်၏။ ကာမဘုံ၌ ဖြစ်လို သည်ဟု မှတ်သည် ရှိသော် ၎င်းကာမ ဘုံ၌ ဖြစ်၏။

အာသန္နကံသည် ကုသိုလ်၊ အကုသိုလ်ဟုနှစ်ပါးရှိ၏။ ထိုတွင် ကုသိုလ်အာသန္နကံသည်ကား။ နောက်နောက်က ပြုခဲ့ပြီးသော ကုသိုလ်သည်၎င်း။ သေခါနီးမှပြုသောကုသိုလ်သည်၎င်း။ သေခါနီး၌။ ဝါ၊ ဘဝကူးခါ၌ တပါးသောကံကို တားမြစ်၍ ပဋိသန္ဓေအကျိုးကိုပေး၏။ ။အကုသိုလ် အာသန္နကံကိုလည်း ဤနည်းကိုမှီ၍မှတ်။ ဝတ္ထုသက်သေကား။ တမ္ဗဒါဌိက သူသတ်ကြီးသည် တသက်လုံးလူသတ်၍ နေသည်။ သေခါနီး ကာလမှ အရှင်သာရိပုတ္တရာကိုဆွမ်းလှူ၍ တရား တခါ နာရာတွင် သေခါနီး၌ ၎င်းကုသိုလ်ကံက လူကိုသတ်သောအကုသိုလ်ကို တန့်စေ၍ တရားနာသော ကုသိုလ်ကံအကျိုးပေးလေသည်။ ။မပြတ်တံငါ မုဆိုးလုပ်သော ကံသည်၎င်း။ တကြိမ်ပင် ပြု၍မပြတ် အောက်မေ့ခြင်းသည်၎င်း အာစိဏ္ဏကံမည်၏။ ၎င်းကံဝတ္ထု မှာ စုန္ဒဝက်ထိုးသမားများကိုမှတ်။ တကြိမ်ပြုကာမျှဖြစ်သောကံသည် ကဋတ္တာကံ မည်၏ဟုဆိုသော်လည်း အာသေဝနပစ္စည်းကိုရ၍ ပဋိသန္ဓေအကျိုးကိုပေးနိုင်သည်။ တကြိမ်ပြုပြီး၍ နောက်ကိုမအောက်မေ့လျှင် အာသေဝနပစ္စည်းကို မရ၍။ ပဋိသန္ဓေအကျိုးကို မပေးနိုင်။ ။၎င်းကံ တို့သည်လည်း ကုသိုလ် အကုသိုလ် အားဖြင့်နှစ်ပါးစီအကျိုးပေးရာမှာလည်း။ ဂရုကံ မရှိသော် အာသန္နကံ အကျိုးကို ပေး၏ ဂရုကံအာသန္နကံမ ရှိသော် အာစိဏ္ဏကံအကျိုးပေး၏။ ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံမရှိသော် ကဋတ္တာကံက အကျိုးပေး၏။ ပဋိသန္ဓေအခါကိုသာမှတ်၏။ ဤကား အရှင်အနုရုဒ္ဓါဆရာ၏ အလိုတည်း။ ။အဘိဓမ္မာ ဝတာရ ဋီကာ၌ကား။ အာစိဏ္ဏကံက အားကြီးသည်။ အာသန္နကံက အားနည်းသည်။ ထို့ကြောင့် အာစိဏ္ဏကံကရှေ့ အာသန္နကံက နောက်ဖြစ်၏။ နွားအိုနှင့် သန်မြန်သော နွားတို့ခြံသို့ ဝင်ကြသော အခါ ၎င်း နွားအိုသည် နောက်ကျ၍ ခြံဝမှာအိပ်ရ၏။ ကျက်စားရာသို့ ထွက်ကြသော အခါ နွားအိုသည်အလျင်ထွက်ရသကဲ့သို့မှတ်။ နွားအိုနှင့်အာသန္နကံနှင့်တူ၏။ သန်မြန်သော နွားနှင့် အာစိဏ္ဏ ကံနှင့်တူ၏။ ဤဥပမာ

ကား။အရှင်အနုရုဒ္ဓါဆရာအလိုတော်အတိုင်း ထုတ်သော ဥပမာ တည်း။

(၁) မျက်မှောက်သော အကျိုးကို ပေးတတ်သော ကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။ (၂) ဒုတိယဘဝ၌အကျိုးပေးသောကံ သည် ဥပပဇ္ဇဝေဒနီယကံမည်၏။(၃) တတိယဘဝမှစ၍နိဗ္ဗာန်ရ သည့်ဘဝတိုင်အောင် အကျိုးပေးသော ကံသည် အပရာပရိယ ဝေဒနီယကံ မည်၏။ (၄) အကျိုးပေးပြီးသည်လည်း မဟုတ်။ပေး လတ္တံ့သည်လည်း မဟုတ်သောကံသည် အဟောသိကံ မည်၏။ ထိုလေးပါးသောကံတို့တွင် ပဝတ္တိ၌ ခုနစ်ကြိမ်စောသော ဇော တို့တွင် ကုသိုလ် အကုသိုလ်၌ ရှိသော စေတနာကိုကံခေါ်သည်။ ပဌမဇော၌ရှိသော။ ဝါ။ပါသောစေတနာဟု ဆိုအပ်သော မျက် မှောက်၌ ချွေးဒိုးချွေးတောင် ပေါက်ခြင်း စသော အကျိုးကိုပေး တတ်သော ဒိဋ္ဌဓမ္မဝေဒနီယကံသည် ကုသိုလ်, အကုသိုလ်ဟူ၍ နှစ်ပါးတည်း။ ထိုနှစ်ပါးတို့တွင် ကုသိုလ် အရာ၌ ဒိဋ္ဌဓမ္မ ဝေ ဒနီယကံ ဖြစ်ခြင်း၏ အကြောင်းကား။ ဈာန် အဘိညာဏ်နှင့် ပြည့်စုံသော ဘုရားရဟန္တာလည်း ဖြစ်စေ။ အလှူဝတ္ထုကဓမ္မိယ လဒ္ဓလည်းဖြစ်စေ။ ၎င်းအလှူခံပုဂ္ဂိုလ်သည် နိရောဓသမာပတ်မှ ထခိုက်လည်းကြုံစေ၊ လှူသောပုဂ္ဂိုလ်လည်းပုဗ္ဗ,မုဉ္စ,ပရစေတနာ နှင့်ပြည့်စုံစေ၊၎င်းအင်္ဂါလေးပါးနှင့်ပြည့်စုံလျှင်မျက်မှောက်သော ကိုယ်၏အဖြစ်၌အကျိုးကိုပေးတတ်၏။ ထိုသို့ပေး၏ဆိုသော်လည်း ၎င်းကံကပေးသည် မဟုတ်။၎င်းကံအားပေး၍အပရာပရိယဝေဒနီ ယကံဟောင်းကပေးလေသည်။ ၎င်းဒိဋ္ဌဓမ္မဝေဒနီယကံနှင့် ကင်း ၍လည်း မပေးနိုင်။ ဥပမာကား။ မီးခဲ မီးစ အမှိုက်စသည်ကို ရှာဖွေ၍ ထည့်သောသူ မီးမှုတ်သောသူဘို့ကဲ့သို့တည်း။ မီးခဲနှင့် အပရာပရိယဝေဒနီယ ကံနှင့်တူ၏။ မီးစနှင့် အကျိုးကို အလို ရှိသောသူနှင့်တူ၏။ ရှာဖွေကြံစည်၍ ထည့်သောသူနှင့် ဒိဋ္ဌဓမ္မ ဝေဒနီယကံနှင့် တူ၏။ မီးမှုတ်သော သူနှင့် ဝီရိယ နှတ်မြွက်၍

ဆုတောင်းသော သူနှင့် တူ၏။ အပရာ ပရိယာယကံ အားကြီး
သည်ရှိသော် ဒိဋ္ဌဓမ္မကိုအနည်းငယ် ပြုသော်လည်း ထင်ရှားစွာ
အကျိုးကိုပေးသည်။ ဥပမာကား။ မီးကျီး ကောင်းလှ စွာသော
ပိန်းနံ့ဖို စသည်တို့၌ အနည်းငယ် အမှိုက် ထည့်လိုက် လျှင်ပင်
မီးလျှံတောက် ပြောင်ပြောင် တောက်သကဲ့သို့မှတ်။ အားကြီးစွာ
သော မီးကျီးနှင့် အပရာပရိယာယကံနှင့်တူ၏။ အနည်းငယ် အမှိုက်
နှင့်ဒိဋ္ဌဓမ္မကံနှင့်တူ၏။ အပရာပရိယာယကံ အားနည်းသည်ရှိသော် ဒိဋ္ဌ
ဓမ္မအလွန်အားကြီးလှမှ အကျိုးကိုပေးသည်။ ဥပမာကား။မီးအား
နည်း နည်းကို အလွန်မီးစာကောင်းမှ တောက်သကဲ့သို့တည်း။
ကုသိုလ် အပရာ ပရိယာယအား နည်းနည်းကို အကုသိုလ် အပရာ
ပရိယ အားကြီး၍ နှိပ်စက်ဘိစီးလျှင် အကျိုးမပေးနိုင်၊ ဥပမာ
ကား။ မီးအား နည်းနည်းကို မိုးသည်းရွာ၍ သေသကဲ့သို့တည်း။
အပရာပရိယာယကံသည် မိမိချည်းသက်သက် အကျိုးကို မပေးနိုင်။
ဥပမာကား။ ကြောက်တတ်သောသူသည် သင်းချိုင်းကို မသွား
ဝံ့၍ နောက်လိုက် ခေါ်သကဲ့သို့တည်း။ ယခုလောက၌ ဒိဋ္ဌဓမ္မ
ဝေဒနီယ အကျိုးပေးသည်ဟုဆိုသည်မှာ ဆင်းရဲနွမ်းပါးသော
သူကို ကုံသုံကြွယ်ဝ ဓနပေါများထိုသူများက ပုဆိုး နားဋောင်း
ခေါင်းပေါင်း အင်္ကျီ ပေးကမ်းသည်ရှိသော် အရှင်သခင်တို့ပေး၍
ဝတ်ရပေသည်ဟုဆိုသကဲ့သို့။မူလရင်းမှာမူကား သူဆင်းရဲတို့၌
ရရမည့်ကံပါသောကြောင့် ရသည်။ ပေးရာသော ကံပါသော
ကြောင့်လည်း ပေးရသည်။ ထို့အတူတည်း။ ပုဂ္ဂိုလ် ၁၉၂မှာ
မဟာဒုဂ် စသည်ကို ထုတ်ဆောင်လေ။ ဤကား ကုသိုလ် အရာ
ပေ။ ။အကုသိုလ်၏ အရာ၌လည်း ကုသိုလ် နည်းကဲ့သို့မှတ်။
ပုဂ္ဂိုလ်မှာ နန္ဒသတို့သား မှင်ဥပ္ပလဝဏ်မကို ပြစ်မှား သည်ကို
ၑင်း။ နန္ဒ နွားသတ် ယောက်ျားသည် အရှင် လတ်လတ်နွား
လျှာကို ဖြတ်၍ မိမိလည်း ပစ္စက္ခ လျှာပြတ်၍ ကျရသည်များကို
ၑင်းထုတ်။ ၑင်း ဒိဋ္ဌဓမ္မ ဝေဒနီယ ကံသည် ဒုတိယဘဝ၌ ပဋိ
သန္ဓေကို မပေး သည်မှာ အာသေဝန ပစ္စည်းကို။ မရသော

ကြောင့်တည်း။ ဤ ကံလည်း မျက်မှောက် အကျိုးကို မပေး ရသည် ရှိသော် အဟောသိကံ ဖြစ်၏။ ။သတ္တမဇောၶ ပါ သော စေတနာကို ဥပပဇ္ဇဝေဒနီယကံ ခေါ်သည်။ဒုတိယ ဘဝ၌ ပဋိသန္ဓေ အကျိုးကိုပေးသည်။ ထို့နောင်လည်း ပဝတ္တိအကျိုး ကိုပေးသင့်၏။ဇနကကံနှင့်တစပ်တည်းမှတ်။ဤင်းကံသည် ဒုတိယ ဘဝ၌ ပဋိသန္ဓေ အကျိုးကို ပေးနိုင်သည်ကား အာသေဝန ပစ္စည်း အားကြီးလှစွာသောကြောင့်တည်း။ ဥပမာကား၊ နွား ခုနစ်ရှင်းကသော တုံးတိုင်စသည်တို့မှာ ခုနစ်ရှင်းသော နွားတို့ တွင် သတ္တမမြောက်သော နွားရှင်းသည် နောက်နောက်က သူများရုံးလာကြပြီဖြစ်၍ မိမိလှုပ်ခါလှက်ခါနှင့် ပါသကဲ့သို့တည်း။ ၎င်းကံ သည်လည်းအကုသိုလ် ကုသိုလ် အားဖြင့်နှစ်ပါး တို့တွင် ကုသိုလ်ကံ သည်လည်း တယောက်သော သတ္တဝါ၌ ဆွမ်း ကို လှူသော သတ္တမဇော စသောအားဖြင့် အလွန် များစွာရှိ၏။ ထိုများစွာတို့တွင် ဆွမ်းလှူသော သတ္တမဇောက ဒုတိယ ဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးသည့်ရှိသော် ဆေးလှူသော သတ္တမဇော များစွာတို့သည် အဟောသိကံဖြစ်၏။ ဤကဲ့သို့ မှည့်လေ။ ။ အကုသိုလ်ဥပပဇ္ဇကံ သည်လည်း သတ္တဝါ တကောင်၌ အ ထောင်မက များစွာ သတ္တမဇော အပေါင်းရှိသည်။ ၎င်းရှိသည် တို့တွင် နွားသတ်သော သတ္တမဇောက ဒုတိယဘဝ၌ ပဋိသန္ဓေ အကျိုးကိုပေးသည် ရှိသော်ဆိတ်သတ်ခြင်းစသော များစွာသော သတ္တမဇောတို့သည် အဟောသိကံ ဖြစ်သကဲ့သို့ပင် ကုသိုလ် သတ္တမဇောတချက်က အကျိုးကိုပေးသည့်ရှိသော်။ ကြွင်းသော ကုသိုလ်သတ္တမဇောသည် အဟောသိကံဖြစ်လေ၏။ အကုသိုလ် ကပေးရာ၌ ၎င်းနည်းပင်။ ။အပရာပရိယကံသည် တတိယဘဝမှ စ၍ နိဗ္ဗာန်ရသည် တိုင်အောင် အကျိုးပေးသည်ဟု ဆိုသည်မှာ တတိယဘဝသို့ ရောက်လျှင် အမြဲကြန် ပေးရတော့မည် မဟုတ် နောက်နောက်သော အပရာပရိယကံသည်၎င်း။ ဥပပဇ္ဇကံသည် လည်းကောင်း။ ပဋိသန္ဓေ ၊အကျိုးကို ပေးသည် ရှိသော် မိမိ

မပေးနိုင်၍ နေရသေး၏။ နေရသော် ဤနောက်က ကံများ ကဲ့သို့ အဟောသိ ကံ မဖြစ် ရသေး။ နိဗ္ဗာန်ကို ရမှသာလျှင် အဟောသိကံ ဖြစ်သည်။ ၎င်းကံသည် စေတနာ ငါးခုသာ ရှိ၍ ငါးဘဝကိုသာပေးသည်။ နိဗ္ဗာန်သို့တိုင်အောင် ပေးသည် ဟု ဆိုသောကြောင့် ပေးချင်တိုင်း ပေးလေ တော့သည်ဟု မမှတ်လင့်။ သူများကဲ့သို့ မပျောက်မပျက်မူ၍။ အခွင့်သာလျှင် ပေး သည်ကိုရည်၍ ဆိုလေသည်။

တနည်းလည်း ၎င်းကံသည်ပဋိသန္ဓေ ကိုကား ငါးဘဝ သာပေး၏။ ထို ပဋိသန္ဓေကို ပေးပြီးသော ကံသည်လည်း ပဝတ္တိ အကျိုးကို ဖြစ်လျှင် နိဗ္ဗာန်တိုင်အောင်ပေး၏။ တနည်းကား။ တတိယဘဝ၌ ပဋိသန္ဓေအကျိုးမပေးရ သော်လည်း ၎င်းဘဝမှ စ၍နိဗ္ဗာန် တိုင်အောင် အခွင့်ရလျှင်လည်း ပဋိသန္ဓေ အကျိုးကို မရလျှင်လည်း ပဝတ္တိ အကျိုးကို ပေး၏။ အဟော သိကံ သည်လည်း ကုသိုလ် အကုသိုလ်ဟူ၍ နှစ်ပါးပြား၏။ ၎င်းနှစ်ပါးတို့တွင် ကုသိုလ် အရာ၌ဒေဝဒတ်ကိုထုတ် အကုသိုလ် ရာ၌ အင်္ဂုလိမာလကိုထုတ်။ ။၎င်းကံသည် အသီးအခြား မရ ကောင်း။ အဘဲ့ ကြောင့်နည်းဟူမူ၊ ဒိဋ္ဌဓမ္မ ဥပပဇ္ဇ-အပရာ ပရိယ တို့သည် မိမိတို့ကာလ၌ အကျိုးပေး လျှင်သာ မိမိတို့အမည်ကို ရ သည်။အကျိုးမပေးသော် ၎င်းတို့ကိုပင် အဟောသိကံ ခေါ်သည်။ ထိုသို့ဌာန မကွဲပြား၍ အသီး အခြား မရှိဟု ဆိုသည်။ ရေယူ ခဲ့ဆိုသော် ရေခွက် ပါသကဲ့သို့၎င်း။ နာနတ္တရိက နည်းကဲ့ သို့မှတ်။ ။ဤမှ တပါးသော ကံသည် အကျိုး ပေးရာ ကာလ၏ အစွမ်းဖြင့်ဖြစ်သောကံတည်း။ထိုကံသည် အကုသိုလ် ကံ၊ ကာမာဝစရ ကုသိုလ်ကံ ရူပကုသိုလ်ကံ အရူပကုသိုလ် ကံဟုလေးပါးတည်း။ ထိုလေးပါးတို့တွင် ရူပဘုံ အရူပဘုံ၌ လည်း အကုသိုလ်ရှိလျက်နှင့် ရူပအကုသိုလ် အရူပ အကုသိုလ်ဟု မခေါ်မူ၍ ရူပကုသိုလ် အရူပကုသိုလ် ခေါ်ခြင်းသည် အကု သိုလ်တို့၏ အကျိုး ပေးရာဌာနဘုံ မဟုတ် သောကြောင့်တည်း။

၎င်း ကံသည်ကား အကျိုး ပေးရာ ဌာန၏ အစွမ်းဖြင့် ဖြစ်သော လေးပါးသော ကံတည်း။ အကျိုးပေးရာဌာန၏ အစွမ်းဖြင့်ဖြစ်သော ထိုလေးပါးတို့တွင်အကုသိုလ် ကံသည် ကာယကံ၊ ဝစီကံ မနောကံဟူ၍ ဒွါရ၏အစွမ်းဖြင့် သုံးပါး အပြားရှိ၏။ ဤအရာ၌ ဒွါရခေါ်ခြင်းသည် အောက်၌ ပသာဒရုပ်များကို ဒွါရခေါ်သကဲ့သို့မဟုတ် ဝိညတ်ကို ဒွါရ ခေါ်သည်၊ ထိုသုံးပါး တို့တွင် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရ ၎င်း သုံးပါးသည် ကာယကံမည်၏။ ၎င်းကာယကံဟူသော အမည်ကို မချွတ်ယူ။ ကာယ ဝိညတ်ကို ကာယ ဒွါရဟု ခေါ်ရခြင်းသည် ကာယကံ၏ ဖြစ်ရာဖြစ်၍ ခေါ်သည်။ ထိုသို့ ဆိုသော် ၎င်းကာယဝိညတ်၌ ဝစီကံမဖြစ် ကောင်းသောကြောင့် ဆိုသလောဟူမူ။ မဖြစ်ကောင်း၍ ဆိုသည် မဟုတ်။ ကာယကံမှာ များသောအားဖြင့်ဖြစ်သည်။ ဝစီကံမှာ အပ္ပကသာ ဖြစ်သည်။

ထို့ကြောင့်ကာယဒွါရဟုခေါ်ရ၏။ဝစီဒွါရဟု မခေါ်ရ။ ဥပမာကား။ဗြာဟ္မဏဂါမခေါ်သကဲ့သို့။၎င်းရွာ၌ တလိုင်းစသော သူတို့သည်ရှိလျက်လည်း များသည်ကို စွဲ၍ ခေါ်လေသည်။ ပုဏ္ဏားနှင့် ကာယကံနှင့်တူ။ တလိုင်း စသောသူနှင့် ဝစီကံနှင့်တူ။ ရွာနှင့် ကာယ ဝိညတ်နှင့်တူ။ဤကားကံနှင့်ဒွါရကိုမှတ်သည်။ ကာယဒွါရကိုအမြဲယူ။ ၎င်းကံကို ကာယဒွါရ၌ ဖြစ်သောကြောင့် ကာယကံခေါ်သည်။ထိုသို့ခေါ်သည်ရှိသော် ၎င်းကံသည် ကာယ ဒွါရ၌သာဖြစ်သလော။ ဝစီဒွါရ၌ ဖြစ်သလော ဟူမူ အပ္ပကအားဖြင့်ဖြစ်၏။ များသောအားဖြင့် ကာယဒွါရ၌သာဖြစ်သည်။ဥပမာကား၊ မုဆိုးကို တော၌အနေများ၍ ရွာ၌အလာ နည်းသောကြောင့် ဝနစရကဟုခေါ်ရသကဲ့သို့တည်း။ မုဆိုးနှင့် ကာယကံနှင့် တူ၏။ တောနှင့် ကာယဒွါရတူ။ ရွာနှင့်ဝစီဒွါရနှင့်တူ။ ဤကား။ဒွါရဖြင့် ကံကိုသာမှတ်သည်။ သူ့အသက်ကို မိမိ စေတနာနှင့် တကွ သတ်သော ကာယ ကံသည် ကာယ ဒွါရ၌ဖြစ်၏။ သူဘပါးကိုနှုတ်မြွက်

၍ စေခိုင်းသည့် ရှိသော် ကာယ ကံသည် ဝစီဒွါရ၌ ဖြစ်၏။ အဒိန္နာ ဒါန်နှင့် ကာမေသု မိစ္ဆာစာရကို လည်း၊ ဤနည်း ကဲ့သို့ မှတ်။ ။မုသာဝါဒ၊ ပိသုဏာ ဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပသည့် ဝစီကံမည်၏။ ဝစီ ဝိညတ်သည် ဝစီဒွါရ မည်၏။ ကံဖြင့် ဒွါရ ကိုမှတ် ဒွါရဖြင့် ကံကို မှတ်သည် မှာ ကာယကံ ကာယဒွါရ အတိုင်း သူတပါး ပျက်စီးအောင် မုသား ဆိုသည့် ရှိသော် ဝစီကံ ဝစီ ဒွါရ၌ ဖြစ်၏။ ၎င်း မုသားကို ကျောက်စာ ကမ္ပည်း ရေး၍ ပေးသော် ဝစီကံသည် ကာယဒွါရ၌ ဖြစ်၏။ ။အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာ ဒိဋ္ဌိသည် မနောကံမည်၏။ အရှင် အနုရုဒ္ဓါ ဆရာ။ ကာယကံ ဝစီကံတို့သည် ကာယ ဝိညတ် ဝစီ ဝိညတ်နှင့် ဘရံ တဆစ်မျှ ကင်း၍ မဖြစ်ကောင်း။ ထိုကာယကံ ဝစီကံ ကဲ့သို့ မနောကံကိုလည်း ကာယဝိညတ် ဝစီဝိညတ်နှင့် တရံ တဆစ်မျှ ကင်း၍ မဖြစ်ရာဟု မှတ်ရာအံ့လော စောဒနာရန်ရှိသောကြောင့် အညတြကိုမိန့်။

ထိုပါဌ်၏ အဓိပ္ပါယ်ကား။ ကာယဝိညတ် ဝစီဝိညတ် နှစ်ပါးမှကင်း၍ မနောကံသည် ဖြစ်၏ ဟူလိုသော်။ ကင်း၍ ဖြစ်၏ဟု ဆိုသော်အချင်းခပ်သိမ်း ကင်း၍ ဖြစ်လေ သလော စောဒနာရန်ရှိသောကြောင့်ပိသဒ္ဒါကိုမိန့်။ ထိုပါဌ်၏အဓိပ္ပါယ်ကား။ကာယဝိညတ် ဝစီဝိညတ်နှင့် မကင်းဘဲလည်း ဖြစ်သေး၏ ဟူလိုသော် ထိုသို့ ဖြစ်သော် ကာယဝိညတ် ဝစီဝိညတ် တို့၌ များစွာ မနောကံ ဖြစ်လေသလောဟု စောဒနာဘွယ်ရှိ၍ ဗာဟုလ္လဝုတ္တိတောကို မိန့်ဘိသော်။ ။ထိုပါဌ်၏ ပိဏ္ဍတ္ထ အဓိပ္ပါယ်ကား။ ကာယဝိညတ် ဝစီဝိညတ်၌ များစွာမဖြစ်။ စိတ်၌သာ ဖြစ်၏ ဟူလိုသော်။ ကာယဝိညတ် ဝစီဝိညတ်၌ ဖြစ်သော လောဘ ဒေါသနှင့် မနောဒွါရ၌ဖြစ်သော လောဘ ဒေါသသည် အတူတူဖြစ်၍ လောဘ ဒေါသ အားလုံးပင် ယူရအံ့လောဟု စောဒနာဘွယ်ရှိ၍။ ဧဝကိုမိန့်။ ထိုပါဌ်၏ အဓိပ္ပါယ်ကား။ လောဘ ဒေါသ

ချင်း ဆင်တုံပြားသော်လည်း ကာယဒွါရ၌ ဖြစ်ကုန်သော လောဘ ဒေါသတို့ကို မယူရ။ စိတ်၌ဖြစ်သော လောဘ ဒေါသကို သာ ယူရ၏ ဟူလိုသော်။ စေတနာလည်း ရှိစေ၊ ပျက်လည်း ပျက်စေ။ ဤလက္ခဏာနှင့် ပြည့်စုံမှ ကံမြောက်သည်။ ကံမြောက်မှ ပဋိသန္ဓေအကျိုး ပေးသည်။ မမြောက်လျှင် ပဝတ္တိ အကျိုးကို သာ ပေး၏။ ပဋိသန္ဓေကို မပေး။ ထို့ကြောင့် မိဘတို့သည်သား သမီးတို့ကို စိတ်ဆိုး၍ သေလေစေဟု ကျိန်ဆိုခြင်းသည်၎င်း။ ဆရာသမားသည် တပည့်စာမအံ၍ ငါ့ဘိုက်မှအပ သွားလေနှင်ထုတ် ခြင်းသည်၎င်း။ ကံမမြောက်။ ထို့ကြောင့်ပဝတ္တိ အကျိုးကိုသာပေး ၏။ ပဋိသန္ဓေကိုမပေး။ ။မနောကံ၌ ဒိဋ္ဌိဆိုသော်လည်း သတ္တဝါတို့သည် အကြောင်းမရှိဟု အယူရှိသော အဟေတုကဒိဋ္ဌိ၊ သတ္တဝါတို့သည် ကုသိုလ်ကိုပြုသော် ကောင်းကျိုးပေး၏ ဟူ၍၎င်း။ အကုသိုလ်ကို ပြုသည်ရှိသော် မကောင်းကျိုးပေး၏ ဟူ၍၎င်း မရှိ ဟုမြွစ္စာ ယူလေ့ရှိသော နတ္ထိကဒိဋ္ဌိ။ သတ္တဝါတို့သည်သေလျှင် အဆုံးသို့ရောက်သည်ဟု ယူလေ့ရှိသော အကိရိယဒိဋ္ဌိ။ ၎င်းသုံး ယောက် တို့သာ ကံမြောက်သည်။ ကြွင်းဒိဋ္ဌိ တို့သည် ကံ မမြောက်။

ဤဆိုအပ်ခဲ့ပြီးသော ကံတို့ကို အကုသလ ကမ္မပထ တရား ဆယ်ပါးဟူ၍မှတ်။ ၎င်းဆယ်ပါးတို့တွင် ပါဏာတိပါတ ဖရုသ ဝါစာ၊ ဗျာပါဒ။ ဤသုံးပါးတို့သည် ဒေါသဟု ဆိုအပ်သော မူလကြောင့် ဖြစ်ကုန်၏။ ဝါ၊ ဒေါသမူစိတ်။ မောဟမူ စိတ် ကြောင့် ဖြစ်ကုန်၏။ ဖြစ်ဟန်ကား ဒေါသကြောင့် သတ်ခြင်း ကိုပြု၏။ ထိုအခါ ၎င်းကံသည် ဒေါသကြောင့်ဖြစ်၏။ သတ္တဝါ ကို ထိုးသတ်သည်ရှိသော်၎င်း။ ကြမ်းကြုတ်စွာ ဆိုသော်၎င်း။ သူတပါးစည်းစိမ်ကို ဖျက်ဆီးကြောင်း ဖြစ်သော ဒေါသကို ပြု သော်၎င်း။ အပြစ်ရှိသည်ဟု မသိ။ မိုက်မဲ့တွေဝေ၍ပြု၏။ ထိုအခါ ၎င်းကံသည် မောဟကြောင့် ဖြစ်၏။ ။ကာမေသုမိစ္ဆာစာရ၊

အဘိဇ္ဈာ၊ ဒိဋ္ဌိ၊ ဤသုံးပါးတို့သည် လောဘမှု ဟူသော မူလ ကြောင့် ဖြစ်ကုန်၏။ ဝါ။ လောဘမှု စိတ်၊ မောဟမှု စိတ် ကြောင့်ဖြစ်ကုန်၏။ ဖြစ်ပုံကို နောက်နည်း ကိုမှီ၍ ယူလေ။

မာတုရက္ခိတစသော တကျိပ် နှစ်ယောက်သော မိန်းမ တို့ ကို သွားလာလျှင်ယောကျ်ားမှာကာမေသုမိစ္ဆာစာရကံထိုက်၏။ မိန်းမမှာ မူကား မိမိ၏ ကာမဂုဏ်ကို ပိုင်သောလင်မရှိလျှင် မ ထိုက်အဘဲ့ကြောင့်နည်း ဟူမူ။ မိဘစသည်တို့က ကာမဂုဏ်ကို မပိုင်သောကြောင့်တည်းယောကျ်ားမှာမူကားအဘယ်သူပင်မပိုင် သော်လည်း ခိုးရာကျသည်။ ထို့ကြောင့် ကံမြောက်လေသည် သုရာမေရယကို ကံသုံးပါးတို့တွင် ကိုယ်၌ဖြစ်၍ ကာယကံထဲ သို့သွင်း။ ကာယကံ သုံးပါးတွင် မကောင်းသော ဖောဋ္ဌဗ္ဗ အတွေ့ချင်းတူ၍ ကာမေသု မိစ္ဆာစာရထဲသို့သွင်း။ ကွင်းသော အဒိန္နဒါန မုသာဝါဒ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပ လေးပါး တို့သည် လောဘ ဒေါသဟူသော မူလ နှစ်ပါးကြောင့် ဖြစ်၏ ဗွိတိ ဗိဋ္ဌ ဗိသဋ္ဌါဖြင့် မောဟဟူသော မူလ နှစ်ပါးကြောင့်ဖြစ် သေး၍။ ဖြစ်ပုံကို နောက်ကိုမှီ၍ယူ။ မထူးပြီ။ ၎င်းဆယ်ပါး သော ကံတို့ကိုစိတ္တုပ္ပါဒ်အားဖြင့် မှတ်သော်အကုသိုလ် ဒွါဒသ သာတည်း။နောက်၌ မူလကြောင့် ဖြစ်သည်ဟု ဆိုခြင်းသည် ကား။ အောက်ကကဲ့သို့ စေတသိက်များကို မမှတ်လင့်။ စိတ် ကိုမှတ်ပါလေ။

ကာမာဝစရကုသိုလ်သည်လည်း။ ကာယကံ၊ ဝစီကံ၊ မနော ကံအားဖြင့် သုံပါးအပြားရှိ၏။ ဒွါရမည်ကြောင်းများကို အောက် က အကုသိုလ်နည်း။ ဒါန၊ သီလ၊ ဘာဝနာဟူ၍လည်း သုံးပါး စိတ္တုပ္ပါဒ်အားဖြင့် မှတ်သော် ရှစ်ခုရှိ၏။ ၎င်းကုသိုလ်သည်လည်း ဒါန၊ သီလ။ လ။ ဒိဋ္ဌိဇုကမ္မဟု ဆယ်ပါးရှိ၏။ ၎င်းဆယ်ပါးတို့ကို ကုသလကမ္မပထတရားဆယ်ပါးဟု ခေါ်ကုန်၏။ ၎င်းတို့မှာ ဒါန

သီလ၊ ဘာဝနာကိုမှတည်၍။ အပစာယန၊ ဝေယျာဝစ္စကို သီလနှင့် သဘောတူ၍ ၎င်းထဲသို့သွင်း။ ပတ္တိဒါန၊ ပတ္တာနုမောဒနကို ဒါနထဲကများသောကြောင့် ၎င်းဒါနထဲသို့သွင်း။ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မကို ဘာဝနာထဲသို့သွင်း။ ၍ဒိဋ္ဌိကို ဘာဝနာထဲသို့ သွင်းခြင်းသည် သမာနဝါဒ အလိုတည်း။ အပရေ ဆရာမှာမူ။ ၎င်းဒိဋ္ဌိဇုကမ္မကို သုံးပါးထဲတွင်သွင်း။ ဒိဋ္ဌိဇုကမ္မကို အဘဲ့ကြောင့် သုံးပါးထဲသို့သွင်းသနည်းဟူမူ။ ဒါနကိုပြုခြင်းသည်လည်း အယူဖြောင့်မတ်မှ ပြုနိုင်သည်။ သီလကိုဆောက်တည်သော်လည်း အယူဖြောင့်မတ်မှ ဆောက်တည်နိုင်သည်။ ဘာဝနာ၌လည်း ၎င်းနည်းမှတ်။ ထို့ကြောင့် သွင်းလေသည်။ ဒိဋ္ဌိများအယူမဖြောင့်၍ ဒါနသီလ ဘာဝနာမပြုနိုင်သည်ကို ထောက်။ ရူပ ကုသိုလ်သည် မနောကံ၌ သာဖြစ်၏။ ၎င်းကံသည် ဘာဝနာဖြင့်ပြီး၏။ အပ္ပနာသို့ရောက်၏။ ဈာန်အင်္ဂါအားဖြင့် ၅ ပါးပါးတည်း။ ထို့အတူ အရူပကုသိုလ်သည်လည်း ကံအားဖြင့် မနောကံ၊ မနောဒွါရ၊ ဘာဝနာဖြင့်ပြီး၏။ အပ္ပနာသို့ရောက်၏။ ၎င်းကံသည် အာရုံသို့လိုက်၍ လေးပါးပြား၏။ ပရိကမ္မနိမိတ်ထင်သည်မှစ၍ ဥဂ္ဂဟနိမိတ်ထင်သည် တိုင်အောင် ပထဝီစသည်ဖြင့် စီးဖြန်းခြင်းသည် ပရိကမ္မဘာဝနာ မည်၏။ ဥဂ္ဂဟနိမိတ်ထင်သည်မှစ၍ ဂေါတြဘုတိုင်အောင် စီးဖြန်းခြင်းသည် အပ္ပနာ၏ အနီးဖြစ်၍ ဥပစာရ ဘာဝနာမည်၏။ အပ္ပနာဈာန်စောသည် အပ္ပနာဘာဝနာမည်၏။

အကျိုးပေးရာဌာန အစွမ်းအားဖြင့် လေးပါးသော ကံတို့တွင် ဥဒ္ဒစ္စနှင့် တကွသော စိတ်သည် ကြည်အပ်သော တဆဲ့ တပါးသော အကုသိုလ်၌ရှိသော စေတနာဟု ဆိုအပ်သော ကံသည် အပါယ်ဘုံ၌ ပဋိသန္ဓေကိုဖြစ်စေ၍ ပဝတ္တိ၌ ကာမဘုံ ရူပဘုံ၌ တဆဲ့နှစ်ပါးသော အကုသိုလ်စိတ်သည် ခုနစ်ပါးသော အဟိတ် အကုသလဝိပါက်ကို ပေး၏။ ထိုသို့ ပေးသော်လည်း စက္ခု၊

သောတ၊ ဃာန မချုပ်ပါသည် ဖြစ်အံ့။ ကာမဘုံ၌ ခုနစ်ပါးသော အကုသလ ဝိပါက်ကို ပေး၏။ ။ပဋိသန္ဓေ အခါ ၌ ဉဒ္ဒစ္စကြည် သည်မှာ ၎င်းဥဒ္ဒစ္စသည် ပဋိသန္ဓေကို ပေးစွမ်းနိုင်သော သတ္တိ မရှိကြောင့်တည်း။ ပဋိသန္ဓေကို မပေးကြောင်း တို့ကား။ ဒဿ နတိက်ကိုထောက်၍ သိရမည်။ အကယ်၍ ထိုဉဒ္ဒစ္စသမ္ပယုတ် စေတနာသည် ပဋိသန္ဓေကို ပေးသည်ဖြစ်အံ့။ ဒဿနတိက် ပဌမ ပုဒ်အကောက်၌ ပါရမည်။ ထိုသို့ကား မပါ။ ထို့ကြောင့် သိ အပ်၏။ ။ယထာရဟံ၏ အဓိပ္ပါယ်ကား။ မချုပ်ပါလျှင် ကာမ ဘုံ၌ ခုနစ်ပါး။ ချုပ်လျှင်ချုပ်သော အတွက်ကိုနုတ်။ ရူပဘုံ၌ကား မချုပ်ကောင်း။ ထိုသို့ မချုပ်ကောင်း သော်လည်း။ စက္ခု၊ သောတ သမ္ပဋိစ္ဆိုင်း၊ သန္တီ ရဏကိုသာ ရ၏။ ကြွင်းသုံးပါးကို မရ။ စတုမဟာဘုတ်မှစ၍ အထက်ကို အနိဋ္ဌာရုံမရှိ။ ဣဋ္ဌာရုံသာဖြစ် သည်။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် အကုသလဝိပါက် ဖြစ် သော သမ္ပဋိစ္ဆိုင်း၊ သန္တီ ရဏတို့ကို ရပြန်သနည်း စောဒ နာခဲ့မူ။ ၎င်းဘုံက ၎င်းပုဂ္ဂိုလ်တို့သည် ကာမဘုံ၌ရှိသော အနိ ဋ္ဌာရုံကို အာရုံပြုသောအခါ ဖြစ်နိုင်သေးသောကြောင့်တည်း။ ။ တနည်းကား။ မြတ်စွာ ဘုရားကို ဖူးမျှော်အံ့ဟု ကာမဘုံသို့ လာသော အခါ၊ မစင်စသော အနိဋ္ဌာရုံကို မြင်သော အခါ ၎င်း စက္ခုဝိညာဏ် စသည် ဖြစ်လေသောကြောင့် တည်း။ ကာမာဝစရ ကုသိုလ် ၈စ်ခုတို့သည် ကာမသုဂတိ ခုနစ် ဘုံ၌ သာ ပဋိသန္ဓေ အကျိုးကိုပေး၏။ ။ပဝတ္တိ၌ မူကား ကာမဘုံ ရူပဘုံ၌ ကာမာဝစရ ဝိပါက်၈စ်ခု၊ အဟိတ်ကုသလ ဝိပါက် ဟု ဆိုအပ်သော တဆဲ့ခြောက်ပါးသော အကျိုးကို ဖြစ်စေ၏။ ။ ယထာရဟံ၏ အဓိပ္ပါယ်မှာ မချုပ်ပါလျှင် ကာမဘုံ၌ တဆဲ့ခြောက် ပါးသော အကျိုးကို ပေး၏။ ချုပ်လျှင် ချုပ်သည့်အတွက် နုတ်လေ။ ရူပ ဘုံ၌ကား။ ကုသလ ဝိပါက် ဖြစ်သော သမ္ပဋိစ္ဆိုင်း သန္တီ ရဏ တို့သာ ဖြစ်၏။ ကြွင်း နှစ်ဆဲ့ ခုနစ်ခု သည် မဖြစ်ဟူ လိုသည်။

ထို မဟာကုသိုလ်ရှစ်ခုတို့တွင် ဉာဏသမ္ပယုတ်သည် ထက်သော ဉာဏသမ္ပယုတ် ညံ့သောဉာဏ သမ္ပယုတ်ဟု နှစ်ပါးတည်း။ ထို နှစ်ပါးတို့တွင် ထက်သောဉာဏ သမ္ပယုတ်လေးခုနှင့်ရှိသော စေတနာသည် တိဟိတ် ဥက္ကဋ္ဌ ကုသိုလ် စေတနာကံ မည်၏။ ညံ့သော ဉာဏသမ္ပယုတ် လေးခုနှင့် ရှိသော စေတနာသည် တိဟိတ် ဩမက ကုသိုလ်ကံ မည်၏။ ၎င်းနှစ်ပါးတို့တွင် တိဟိတ် ဥက္ကဋ္ဌ ကုသိုလ် စေတနာကံသည် ကာမသုဂတိ ခုနှစ်ဘုံ၌ တိဟိတ်ဥက္ကဋ္ဌပဋိသန္ဓေ ကို ပေး၏။ ပဝတ္တိ၌ မဟာဝိပါက် ရှစ်ခု၊ အဟိတ် ကုသလ ဝိပါက် ရှစ်ခုဟု ဆို အပ်သော တဆယ့်ခြောက် ပါးသော အကျိုးကို ပေး၏။ ဉာဏ ဝိပ္ပယုတ်သည်လည်း ထက်သော ဉာဏဝိပ္ပယုတ်၊ ညံ့သော ဉာဏ ဝိပ္ပယုတ် ဟုနှစ်ပါးတည်း၊ ထိုနှစ်ပါးတို့တွင် ထက်သော ဉာဏဝိပ္ပယုတ် လေးခုနှင့် ရှိသော စေတနာဟု ဆိုအပ်သော ကံသည် ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုတ် ကံ မည်၏ ညံ့သော ဉာဏဝိပ္ပယုတ် လေးခုနှင့် ရှိသော စေတနာဟု ဆိုအပ်သော ကံသည်။ဒွိဟိတ် ဩမက ကုသိုလ် ကံမည်၏။၎င်းနှစ်ပါးတို့တွင် ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံနှင့် တိဟိတ် ဩမကကုသိုလ် ကံ သည် ကာမသုဂတိ ခုနစ်ဘုံ၌ ဒွိဟိတ်ပဋိသန္ဓေကို ဖြစ်စေ၏။ ပဝတ္တိ၌ကား မဟာဝိပါက် ဉာဏဝိပ္ပယုတ် လေးခု အဟိတ် ကုသလဝိပါက် ရှစ်ခုဟု ဆိုအပ်သော တဆဲ့နှစ်ပါးသော အကျိုးကို ဖြစ်စေ၏။ ဒွိဟိတ် ဩမကကုသိုလ် ကံသည် လူ့ဘုံ စတုမဟာရာဇ်ဘုံ၌ သုဂတိ အဟိတ် ပဋိသန္ဓေကို ဖြစ်စေ၏။ပဝတ္တိ၌ကား အဟိတ် ကုသလ ဝိပါက်ကို ဖြစ်စေ၏။ ။တိဟိတ် ဥက္ကဋ္ဌမှာ ရှေ့နောက် အကုသိုလ် မခြံရံ၍ လှူသော အခါ၊ ဤဝတ္ထု ကို လှူရသဖြင့် ဤမည်သော အကျိုးကို ပေး၏ဟု အလယ်၌လည်း ဉာဏ်ယှဉ်၏ တိဟိတ် ဩမကမှာ ရှေ့နောက် အကုသိုလ် ခြံရံ၍ အလယ်၌ ဉာဏ် ယှဉ်၏။ ဒွိဟိတ် ဥက္ကဋ္ဌမှာ ရှေ့နောက် အကုသိုလ် မခြံရံဘဲ အလယ်၌ ဉာဏ်မယှဉ်လေ။ဒွိဟိတ်

ဩမကမှာ ရှေ့နောက် အကုသိုလ် ခြံရံ၍ အလယ်၌လည်း။ဉာဏ်မယှဉ်။ တိဟိတ် ဥက္ကဋ္ဌနှင့် တိဟိတ် ဩမကမှာ အလယ်၌ ဉာဏ် ယှဉ်ခြင်း တူ၍ ရှေ့နောက် ကွဲ၏။ ဒွိဟိတ် ဥက္ကဋ္ဌနှင့် ဒွိဟိတ် ဩမကသည် အလယ် တူ၍ ရှေ့နောက် ကွဲ၏။ တိဟိတ် ဥက္ကဋ္ဌနှင့် ဒွိဟိတ် ဥက္ကဋ္ဌသည် ရှေ့ နောက် တူ၍ အလယ်ကွဲ၏။ တိဟိတ် ဩမကနှင့် ဒွိဟိတ် ဩမကသည် ရှေ့နောက်တူ၍အလယ်ကွဲ၏။ထို့ကြောင့် "ဒွိတိ အလယ်တူ ဥက် ဩ ရှေ့နောက် တူ" ဟု ဆိုသည် ယူပုံမှာ ယခုနောက်ဆိုသည့် အတိုင်း။ ဒွိလျှင် ဒွိချင်း။ တိလျှင် တိချင်း။ ဥက်လျှင် ဥက်ချင်း ဩလျှင် ဩချင်း ယူလေ။

နွေခါ ဆောင်းခါကို ပဋိသန္ဓေ နေသော သတ္တဝါသည်ရှင်း။ သေခါနီးကို သားသမီးတို့က ဖြောင့်ဖြောင့်သာ လျှောင် သေ။ ငါဘို့ ရှိပြီး မစိုးရိမ်လင့် ဟု ဆိုလျှင် ဗုတိစိတ်ကျ၍ ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်သည် ၎င်း။ သသင်္ခါရိကနှင့် အနေများ၏။ ဥတုညီညွတ်သော မိဃ်းအခါကိုရှင်း။ မတိုက်တွန်းဘဲ သေ၍ ပဋိသန္ဓေနေသော သူသည်ရှင်း။ အသင်္ခါရိကနှင့် အနေများ၏။ ။ပဋိသန္ဓေရခြင်းမှာ အမိ ဥတုလာ၍ စဲသည်လည်း ဖြစ်စေ၊ ၎င်းစဲပြီးသည် နောက် ကာမရာဂဖြင့် စပ်ရှက်ပြီး၍ ခုနစ်ရက် မလွန်သေးသည်လည်း ဖြစ်စေ၊ သတ္တဝါက ဗုတိဆဲလည်းဖြစ်စေ၊ ၎င်းနှင့် ညီလျှင် ပဋိသန္ဓေ ရ၏။အမိသည် ပေါင်းဘော်မှီဝဲ ပြီးနောက် ခုနစ်ရက် မြောက်အောင် ပဋိသန္ဓေယူနိုင်သည်။ ။ရူပါဝစရ ကုသိုလ်သည် ပဌမဈာန် စသော အားဖြင့် ငါးပါးတို့တွင် ပဌမဈာန်ကို ရသော ပုဂ္ဂိုလ်သည် ဈာန်မပျက်မူ၍ ဗုတေသည် ရှိသော် ပဌမဈာန်ဘုံ၌ ဖြစ်ကြ၏။ ဗြဟ္မပါရိသဇ္ဇဘုံ၌ ဖြစ်သော ဗြဟ္မာတို့ကား အသင်္ချေယျ သုံးဘို့တဘို့ အသက်ရှည်သည်။ ဗြဟ္မပုရောဟိတာဘုံ၌ ဖြစ်သော ဗြဟ္မာတို့သည်ကား ၎င်းကပ်၏ ထက်ဝက် အသက်ရှည်၏။ မဟာဗြဟ္မာဘုံ၌ ဖြစ်သော ဗြဟ္မာတို့၏အသက်သည် အသင်္ချေယျကပ် တကပ် အသက်ရှည်၏၊ ဤသို့ အဘဲ့

ကြောင့် အချို့ဘုံက အသက်ရှည်သည် အချို့ဘုံက တိုရသနည်း မြတ်သော မဟာဗြဟ္မာဘုံ၌ မဖြစ်မူ၍ ယုတ်သောနှစ်ဘုံ၌ အဘဲ့ ကြောင့် ဖြစ်ရပြန် လေသနည်း ဟူမူ။ အကြောင်း ကွဲ၍ ဖြစ်ရကြသည်။ အကြောင်း ကွဲဟန်ကား။ တယောက်သော ပုဂ္ဂိုလ်သည် ပဌမဈာန်ကို ရသော်ရငြားမျှသာ ဖြစ်သည်။ ၎င်းပုဂ္ဂိုလ် ရတောသော် ဗြဟ္မပါရိသဇ္ဇာဘုံ၌ ဖြစ်၏။ တယောက်သောပုဂ္ဂိုလ်မူကား ပဌမဈာန်ကို ရသော် အလွန်လည်း မဝင်စား မသုံးသပ်။ အလယ် အလတ်သာ သုံးသပ်ဆင်ခြင်၏။ ထိုပုဂ္ဂိုလ် ရတောသော် ဗြဟ္မာပုရောဟိတာဘုံ၌ ဖြစ်၏။ တယောက်သော ပုဂ္ဂိုလ်မှာကား ၎င်းပဌမဈာန်ကို ရသည် ရှိသော် အလွန်သုံးသပ် ဆင်ခြင်၏။ ထို ပုဂ္ဂိုလ်ရတောသော်မဟာဗြဟ္မာဘုံ၌ဖြစ်၏။ ဒုတိယ တတိယဘုံ၌ ဖြစ်ပုံမှာလည်း ဤနည်းသာမှတ်။'

ပဌမ ဈာန်ကို ရ၍ဖြစ်ရာဘုံကား ဝေဟပ္ဖိုလ် အသညသတ် သုဒ္ဓါဝါသဘုံတည်း။ ပဌမဈာန်ကို တိဟိတ် ပုထုဇ္ဇန်ရ၍သညာ ဂဏ္ဍော၊သညာ ရောဂေါ စသည်ဖြင့် နာမ်ဘရေးကို ပယ်ခွါသော ပုဂ္ဂိုလ်သည် အသညသတ် ဘုံ၌ဖြစ်ရ၏။ ၎င်းဈာန်ကိုပင် ရ၍ ရုပ်တရေးကို ပယ်ခွါသော ပုဂ္ဂိုလ်သည် အရူပဘုံ၌ ဖြစ်၏၊ ၎င်း ပဌမဈာန်ကို ရပြီး၍ တခုခုမျှကို မပယ်သည် ဖြစ်အံ့။ ၎င်း တိဟိတ် ပုထုဇ္ဇန်သည် ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်၏။ သောတာပန် သကဒါဂါမိတို့သည် ၎င်းဈာန်ကိုရ၍ နာမ်တရေးကို မပယ်သည် ဖြစ်အံ့။ ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်၏။ အနာဂါမ်သည် ပဌမဈာန်ကို ရသည်ရှိသော်။ ဣန္ဒြေငါးပါး မလွန်သည် ဖြစ်အံ့၊ ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်၏။ ။ဣန္ဒြေငါးပါးတို့တွင် သဒ္ဓါလွန်သည် ဖြစ်အံ့၊ အဝိဟာဘုံ။ ဝိရိယလွန်သည် ဖြစ်အံ့၊ အတပ္ပါဘုံ။ သတိလွန်သည် ဖြစ်အံ၊ သုဒဿာဘုံ။ သမာဓိလွန်သည် ဖြစ်အံ့၊ သုဒဿီဘုံ။ ပညာလွန်သည်ဖြစ်အံ့၊ အကနိဋ္ဌဘုံ၌ ဖြစ်၏။ ဣန္ဒြေငါးပါး၊ ဘုံငါးပါး၊ဘုံစဉ်အတိုင်းဟပ် အနာဂါမ်တို့ မည်သည် ကာမဘုံ၌ ပဋိသန္ဓေနေ

သည် ဟူ၍လည်းမရှိ။ အဘယ့်ကြောင့် နည်းဟူမူ။ ကာမရာဂကို ပယ်ပြီး ဖြစ်သော ကြောင့်တည်း။ ဈာန်မရဘဲကို သေသည်ဟူ၍လည်း မရှိ။ အယုတ်သဖြင့် မရဏာသန္နဇော စောခါနီးကို သော်လည်း ဈာန်ရ၍ ဈာဝိစိတ် ကျလေသည်။ ကျကြောင်းကို ခရီးအကြား၌ ခိုးသူသတ်ခံရသော အနာဂါမ်ကိုထုတ်။ ဈာန်မ လွတ်သည်မှာ ရင့်ပြီးသော ဣန္ဒြေရှိသော ကြောင့်တည်း။ ။ အနာဂါမိနေ့ပနန်၌ ပနသဋ္ဌါသည် ဝေအနက် ရှိ၏။ ၎င်းဝေ အနက်ရှိသော ပနသဋ္ဌါသည် အနာဂါမ်ပုဂ္ဂိုလ်မှ တပါး တခြားသော ပုဂ္ဂိုလ်တို့ကား ပဥ္စမဈာန်ကိုရ၍ အရူပဘုံ၌ ဖြစ်ရာမှအစဉ်အတိုင်း ဈာန်ကိုရ၍ ၎င်းဘုံတို့၌လည်း အစဉ် အတိုင်းဖြစ်ကုန်၏။ မိမိတို့ သည် ထိုထို သို့သော ဈာန်ဝိပါက်နှင့် ပဋိသန္ဓေနေ၏။ ဘဝင်ပုတိ ကျသော အခါလည်း ၎င်းဈာန် ဝိပါက်ဘို့နှင့် ဘဝင် ဈာဝိ ကျ၏။

## ခုတိပဋိသန္ဓိက္ကမ

(၁) အသက်ကုန်၍လည်း သေသည်။ (၂) ကံကုန်၍လည်း သေသည်။ (၃) အသက်ကံ နှစ်ပါးကုန်၍ လည်း သေသည်။ (၄) ဥပစ္ဆေဒက ကံကြောင့်လည်း သေသည်။ ထိုလေးပါးတို့ တွင် အသက်တထောင် နေလောက်သောကံ ပါပါလျက်ကို အသက်တမ်းစေ့သောကြောင့်သေရခြင်းသည်အသက်ကုန်၍သေ သည် မည်၏။ သက်တမ်းက ရှစ်ဆယ် ရှိပါလျက်ကို ကံက ရှစ် ဆယ်တောင် နေရမည့် ကံမပါ၍ အစိတ် သုံးဆယ်တွင် သေခြင်း သည်ကံကုန်၍ သေသည် မည်၏။ တမ်းကလည်း ရှစ်ဆယ် နေရမည့် ကံကလည်း ရှစ်ဆယ်ပါ၍ ရှစ်ဆယ်ဘိုင်သော အခါ သေခြင်း သည် အသက် ကံနှစ်ပါး တို့ကုန်၍ သေသည် မည်၏။ တမ်းကလည်း ရှစ်ဆယ် နေရ မည့် ကံကလည်း ရှစ်ဆယ် ပါလျက်ကို နှစ် ၂၀ တွင် ထားလက်နက် နှင့်ခုတ်၍ ၎င်း၊ သစ်ပင် ပေါ်က ကျ၍၎င်း၊ ရေနစ် ၍၎င်း စသည်

ဖြင့် သေခြင်းသည် ဥပစ္ဆေဒကကံကြောင့် သေသည်မည်၏။ ၎င်းသေခြင်း လေးပါးတို့တွင် ဥပစ္ဆေဒကကံကြောင့် သေခြင်းသည် ပြိတ္တာအသုရကာယ်၊ တိရစ္ဆာန်၊ လူ၊ ဘုမ္မဇိုဝ်းတို့၌သာ ရအပ်၏။ စတုမဟာရာဇ်မှ စ၍အထက်အထက်နတ်ရွာ၌၎င်း။ ငရဲ၊ မြောက်ဥတ္တရကုရု ကျွန်း၌၎င်း မရအပ်။ အာယုက္ခယ၊ ကမ္မက္ခယ၊ ဥဘယက္ခယသုံးပါးကို ရအပ်၏။ ၎င်းသေခြင်း လေးပါး ဥပမာကား။ ဆီမီးစာ ဆီတို့ဖြင့်ထွန်းညှိအပ်သော မီးခွက်သည် ဆီမီးစာကုန်ခြင်း ကြောင့်လည်းသေသည်။ ဆီကုန်ခြင်းကြောင့်လည်း သေသည်။ ဆီ မီးစာနှစ်ပါးကုန်ခြင်း ကြောင့်လည်း သေသည်။ ဆီမီးစာ ဆီရှိလျက် လေတိုက်၍လည်း သေသည်။ ၎င်းဥပမာမှာ သေခြင်းနှင့် အစဉ်အတိုင်းဟာပ်။

သေခါနီးသောကာလ၌ကံ၊ ကမ္မနိမိတ်။ ဂတိနိမိတ် သုံးပါးတို့တွင်၊ ထိုက်သည် အားလျော်စွာ ထင်၏။ မည်သူ ထင်စေသနည်း။ မိဘ ဘိုးဘွား ဆွေမျိုး ဉာတကာတို့ကငင်း ။ဆရာသမား ဘုန်းတခိုး ကြီးသော သူတို့ကငင်း ။ ထင်စေသလော ဟူမူ။ ကံက ထင်စေသည်။ ကံအပြားတို့တွင် အဘယ် ကံကထင်စေသနည်းဟူမူ။ဘဝ တပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံက ထင်စေသည်။ ဘဝတပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံကထင်စေသည်။ထင်သော် အဘယ် ကဲ့သို့ ထင်သနည်း ဟူမူ။ ရှေးရှု ဖြစ်၍ထင်သည်။ ဥပလဒ္ဓ ပုဗ္ဗအရမှာ တုတ်လှံ စသည်ကို ယူ။ ဥပကရဏ အရမှာ ပန်း နံ့သာ စသည်ကိုယူ တုတ် လှံကန် ထား လှံ လေး မြား၊ ဤကား အကုသိုလ် ကမ္မနိမိတ်။ ကျောင်း ဘုရား စေတီ ဆွမ်း သင်္ကန်း စသည် ကား ကုသိုလ် ကမ္မနိမိတ်။ ငရဲအိုး ငရဲထိန်းငရဲမီးလျှံ ခွေး နက်ကြီး ဤကား အကုသိုလ် ဂတိနိမိတ်။ နတ်သွီးဗိမာန်ပဒေသာ ပင် ဥယျာဉ် ရေကန်စသည်ကား ကုသိုလ် ဂတိနိမိတ်။ ကမ္မနိမိတ်ထင်သည်မှာ နွားကိုလှံနှင့်ထိုး၍ သတ်ခဲ့လျှင် ၎င်းကံသည်

သေခါနီး၌ ထင်လာသည်။ ဤနည်းကိုမှီ၍ ကုသိုလ်အရာ အကုသိုလ်ရာ၌ထင်လေ။

ဂတိနိမိတ် ထင်သည်မှာ မိမိလားရာ အရပ်ကို ထင်သည်။ ထင် ဟန်ကား ပြိတ္တာ ဘုံသို့ သွားမည်သူ ဖြစ်အံ့။ တောကြီး မြိုင်ကြီး ထင်လာ သည်။ ဤနည်းကို မှီ၍ ကုသိုလ် အကုသိုလ် အရာ၌ ထင်လေ။ အဘယ်သူက ထင်စေ သနည်း ဟူမူ။ ကံ က ထင်စေ သည်။ အဘယ်၌ ထင်သနည်း ဟူမူ။ ဒွါရ၌ ထင်သည်။ ခြောက်ဒွါရလုံး၌ပင် ထင်သလောဟူမူ။ အမှတ်မရှိ တခုခုသော ဒွါရ၌ ထင်သည်။ အဘယ်ကဲ့သို့ ထင်လေသနည်းဟူမူ။ ရှေးရှုဖြစ်၍ထင်သည်။ ။ကုသိုလ်ကမ္မနိမိတ်၊ ဂတိနိမိတ်မှာ ပရိသုဒ္ဓအရ၊ အကုသိုလ် ကမ္မနိမိတ်၊ ဂတိနိမိတ်မှာ ဥပက္ကိလိဋ္ဌအရ၊ ကမ္မနိမိတ်, ဂတိနိမိတ်တို့သည် ရအပ် ခံစားအပ်သော ဘဝ အားလျော်စွာ ညွတ်သကဲ့သို့ စိတ်၏အစဉ်သည်မပြတ် များသောအားဖြင့် ဖြစ်ကုန်၏။ ကံထင်သည်ကား မိမိအလှူသီတင်း ရှေးကာလက သောမနဿနှင့် ယှဉ်၍ လှူခဲ့သော်ငြင်း။ သီလသီတင်း ဆောက်တည်ခဲ့သော်ငြင်း။ ဤ သောမနဿနှင့် ယှဉ်သော ကုသိုလ်ဘို့က အကျိုးပေးမည် ဖြစ်အံ့။ ရှေးလှူစဉ်အခါ သီလ သီတင်း ဆောက်တည်စဉ်အခါက ဝမ်းမြောက် ဝမ်းသာဖြစ်သကဲ့သို့ ထို့အတူ သေခါနီး၌လည်း ဝမ်းမြောက်ဝမ်းသာ ကြည်လင်လှစွာ ဖြစ်လာ၏။ ဤကဲ့သို့ ဖြစ်ခြင်းကိုပင် မိမိကိုယ်ကို အသစ်ပြုပြင်သည်ဟု ဆိုသည်။

အကုသိုလ်အရာ၌လည်း ဤနည်းကိုမှီ၍ယူ။ ပဉ္စဝေါကာရဘုံကို သဝတ္ထုကယူ။ အရူပဘုံကို အဝတ္ထုကယူ။ အဝိဇ္ဇာနုသယ ခြံရံသည် ဆိုသည်မှာ အနုသယ မကင်းသည်ကို ရည်၍ဆိုသည်။ အတူတကွ ဖြစ်ကြသည်ကို မဆို။ တဏှာတည်းဟူသော မူလကြောင့် ပဋိသန္ဓေနေရသည်။ မူလကင်းသော ရဟန္တာတို့ကား

ပဋိသန္ဓေနေသည်မရှိ။ သမ္ပယုတ်တရားတို့ဖြင့် ခြံရံ၍ ယူရမည့် ဆိုသည်ကား ပဋိသန္ဓေ စိတ်ကိုချည်း မယူအပ်။ သမ္ပယုတ် တရား တို့ကိုလည်း ယူရမည် ဖဿ အစရှိသော သဟဇာတ တရားတို့၏ တည်ရာဖြစ်၍လျှင် ပြဋ္ဌာန်းသောအားဖြင့် ဆိုသည်။ မ နောပုဗ္ဗင်္ဂမာဓမ္မာဆိုသောကြောင့်မှတ်။ ဘဝနှစ်ပါးကို စပ်တတ် သောကြောင့် ပဋိသန္ဓေဆိုသည်။ ပဋိသန္ဓေမှစ၍ စုတိ၏ အ နန္တရ တိုင်အောင်ကို ပဝတ္တိပွန်ဟု ဆိုသည်။ ၎င်းစုတိသည် ပဝတ္တိပွန် ဘဝအဆုံးတည်း။ အနန္တရ ဘဝမှာဖြစ်သောအခါ နောက်ဘဝက ရုပ်နာမ်တို့ပါသည်လည်း မဟုတ်။ မပါသည် လည်း မဟုတ်။ပဲ့တင်သံ, မီးလျှံ, တံဆိပ်ရေးတို့ကဲ့သို့ မှတ်လေ။

မရဏာသန္န အခါ ဇောသည် ငါးကြိမ် သာလျှင် စော ရမည်။ အဘဲ့ကြောင့်နည်းဟူမူ။ မှီရာဟဒယဝတ္ထုရုပ်က အား နည်းသောကြောင့်တည်း။ မရဏာသန္နဝီထိသည်လည်း တဒါ ရုံနောင်စုတိ၊ တဒါရုံနောင်ဘဝင်၊ ဘဝင်နောင်စုတိ၊ ဇောနောင် စုတိ၊ ဇောနောင်ဘဝင်၊ ဘဝင်နောင်စုတိ ဟူ၍ လေးပါးတည်း ထိုလေးပါးတို့တွင် တဒါရုံနောင်စုတိ ကျသော ဝီထိ၌ မနော ဒွါရာဝဇ္ဇန်းအစ၊ မရဏာသန္နဇော အဆုံးရှိသော စိတ်တို့က ရူပါရုံ ကမ္မနိမိတ်ကိုသာ အာရုံပြုသော အခါ၌ ရူပါရုံသည် ပဋိ သန္ဓေနောင် စတုတ္ထဘဝင်၏ ဘင်နှင့်ပြိုင်၍ချုပ်၏။ ထိုအခါ ပဝတ္တိပွန်ဖြစ်သော ရူပါရုံကမ္မနိမိတ်ကို ပဋိသန္ဓေ ဘဝင်တို့က အာရုံပြုလျက်နေ၏။ ဤနည်းကဲ့သို့ နောက်နောက် ဝီထိကိုလည်း မှတ်။ ။ကမ္မနိမိတ်သည် ပဝတ္တိပွန်ဆိုသော်လည်း အစစ်မဟုတ် အတုမျှသာ။ အစစ်မှာမူကား သက်န်း အစရှိသောဝတ္ထုကို ရေစက်ချ၍ လှူတုန်းကသာ အစစ်၊ နောက် သေခါနီးသောအ ခါ၌ ၎င်းသက်န်း စသောဝတ္ထု၌ ရှိသောရုပ်တို့ကလည်း ဉပါဒ် ခိုက် ထို မရဏာသန္နဇောလည်း ၎င်းသက်န်းအစရှိသော ရူပါ ရုံကို အာရုံပြု၍ ကျလာသောကြောင့် သာလျှင် ပဝတ္တိပွန်ဟု

ဆိုသည်။ အစစ် မဟုတ်။ ။ကာံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ကို ကာလ၊ အာရုံ၊ ဒွါရမှတ်ပုံများမှာ အောက်အာရမ္မဏ သင်္ဂဟ အတိုင်း မှတ်လေ။

အသညသတ်ပုဂ္ဂိုလ်မှာ ရုပ်ဖြင့် ပဋိသန္ဓေနေသည်။ အရူပ ပုဂ္ဂိုလ်မှာ နာမ်ဖြင့် ပဋိသန္ဓေနေသည်။ ၎င်းမှကြွင်းသော ပဉ္စ ဝေါကာရ ပုဂ္ဂိုလ်တို့မှာ နာမ်ရုပ်နှစ်ပါးဖြင့် ပဋိသန္ဓေနေသည်။ အရူပစုတိနောင် အရူပပဋိသန္ဓေ လေးခု။ ကာမတိဟိတ်ပဋိ သန္ဓေလေးခုအားဖြင့် ရှစ်ခုနှောင်း၏။ ။ဘုံဖြင့်_၂ မှတ်ပြန်သော် အာကာသာနဉ္စာယတန စုတိနှောင်း ၎င်းရှစ်ခုပင် နှောင်း၏ ဝိ ညာဏဉ္စာယတန စုတိနောင် ကာမ တိဟိတ် ပဋိသန္ဓေ လေးခု။ အာကာသာနဉ္စာယတန ကြဉ်သော အရူပပဋိသန္ဓေ သုံးခု အားဖြင့် ခုနစ်ခုနှောင်း၏။ အာကိဉ္စညာယတနစုတိနောင် ကာမတိဟိတ် ပဋိသန္ဓေလေးခု။ အာကိဉ္စညာယတန၊ နေဝ သညာ နာသညာယတန ပဋိသန္ဓေအားဖြင့် ခြောက်ခု နှောင်း ၏။ နေဝသညာ နာသညာယတန စုတိနောင် ကာမတိဟိတ် ပဋိသန္ဓေလေးခု။ နေဝသညာ နာသညာယတန ပဋိသန္ဓေအား ဖြင့် ငါးခုနှောင်း၏။

ပုဂ္ဂိုလ်အားဖြင့် မှတ်သော်ကား အာကာသာနဉ္စာ ယတန ဘုံ၌ တိဟိတ် စုတိနောင် အရူပ ပဋိသန္ဓေ လေးခု။ ကာမ တိဟိတ် ပဋိသန္ဓေ လေးခုအားဖြင့် ရှစ်ခုနှောင်း၏။ ၎င်းဘုံက သောတာပန်၊ သကဒါဂါမ် အနာဂါမ် ဖြစ်အံ့။ အရူပ ပဋိသန္ဓေ လေးခု နှောင်း၏။ရဟန္တာဖြစ်အံ့။ တခုမျှ မနှောင်း။ဝိညာဏဉ္စာ ယတနဘုံ၌ တိဟိတ်စုတိနောင် ကာမတိဟိတ် ပဋိသန္ဓေလေးခု။ အာကာသာနဉ္စာယတန ကြဉ်သော အရူပ ပဋိသန္ဓေ သုံးခုအား ဖြင့် ခုနစ်ခုနှောင်း၏။ သောတာပန်၊ သကဒါဂါမ် အနာဂါမ် ဖြစ်အံ့ အာကာသာနဉ္စာယတန ပဋိသန္ဓေ ကြဉ်အပ်သော အရူ ပ ပဋိသန္ဓေသုံးခုသာနှောင်း၏။ ရဟန္တာဖြစ်အံ့။ တခုမျှမနှောင်း။

အာကိဉ္စညာယတနဘုံ၌တိဟိတ်ရဘိနောင်ကာမတိဟိတ်ပဋိသန္ဓေ လေးခု။ အာကိဉ္စညာယတန။ နေဝသညာ နာသညာ ယတန ပဋိသန္ဓေအားဖြင့် ခြောက်ခုနှောင်း၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်အံ့၊ အာကိဉ္စညာ ယတနနှင့် နေဝသညာ နာသညာယတန သာနှောင်း၏။ ရဟန္တာဖြစ်အံ့။ တခုမျှမနှောင်း နေဝသညာ နာသညာယတနဘုံ၌ တိဟိတ်ရတိနောင် ကာမ တိဟိတ် ပဋိသန္ဓေလေးခု။ မိမိပဋိသန္ဓေအားဖြင့် ငါးခုနှောင်း၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်အံ့။ နေဝ သညာ နာ သညာယတန တခု နှောင်း၏။ ရဟန္တာဖြစ်အံ့။ တခုမျှမနှောင်း အရူပဘုံမှ ရတိ၍ ကာမဘုံသို့သွားရာ၌ ဒွိဟိတ် အဟိတ် ပဋိ သန္ဓေတို့နှင့် မဖြစ်သည်မှာ ဥပစာရဈာန စေတနာ အားကြီး လှသောကြောင့်တည်း။ အထက် အထက် ဘုံက အောက်အောက် ပဋိသန္ဓေကို အရူပဘုံ၌ကြည်ရသည်မှာ အထက် အထက် ဈာန် ကိုလိုချင်၍ ကမ္မဋ္ဌာန်းစီးဖြန်းသောအခါ အောက်အောက် ဈာန် ကိုစွန့်ပစ်၍ စီးဖြန်းခဲ့သည်။ ထိုသို့ မိမိ စွန့်ပစ်ခဲ့သော ဈာန်ဘုံ ဖြစ်၍ တဘန်ပြန်၍ မဖြစ် ပြန်သတည်း။

တနည်းကား။ အောက်အောက်သော ကုသိုလ် ဈာန်သည် အထက် အထက်ဘုံ၌ မရှိသောကြောင့် ၎င်းဘုံတို့၌လည်းမိမိအား မိမိကုသိုလ် ဈာန်ကြောင့် သာလျှင် ဝိပါက်ဖြစ်သတည်း။တပါး ဘုံကိုကုသိုလ်ဈာန်သည် မဖြစ်စေနိုင်။ ထို့ကြောင့် ကြည်သည်။ အရိယာတို့မှာ ကာမတိဟိတ်ပဋိသန္ဓေကိုမရ။ကြည်သည်မှာ။ ။ ဝေဟာပလေအကနိဋ္ဌေ၊ ဘဝဂ္ဂေစ ပတိဋ္ဌိတာ။ နပုနာညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ။ ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊အရိ ယာနောပပဇ္ဇရေ။ ။ဆိုသောကြောင့်တည်း။ ရူပါဝစရရတိနောင် ကာမဟိဟိတ်ဒွိဟိတ်ပဋိသန္ဓေရှစ်ခု။ မဟာဂ္ဂုတ် ပဋိသန္ဓေ ကိုးခု အားဖြင့် သတ္တရသနှောင်း၏။ ဘုံဖြင့်မှတ်ပြန်သော်ကား ပဌမ ဈာန်ဘုံ၌သတ္တရသ။ ဒုတိယဈာန်ဘုံ၌ သတ္တရသ။ တတိယဈာန်

ဘုံ၌ သတ္တရသ။ဝေဟပ္ဖိုလ်ဘုံ၌ သတ္တရသနှောင်း၏။ အသညသတ်ဘုံ၌ရှစ်ခုနှောင်း၏။ သုဒ္ဓါဝါသ အောက်လေးဘုံ၌ ပဥ္စမဈာန် ပဋိသန္ဓေ တခုသာ နှောင်း၏။ အကနိဋ္ဌဘုံ၌ တခုမျှ မနှောင်း။

ပုဂ္ဂိုလ်အားဖြင့် မှတ်ပြန်သော် ပဌမဈာန် ဘုံ၌ တိဟိတ် ဓုတိနောင် အဟိတ်ပဋိသန္ဓေကြဉ်သော ပဋိသန္ဓေ သတ္တရသ နှောင်း၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်အံ့။ မဟဂ္ဂုတ် ပဋိသန္ဓေ ကိုးခုနှောင်း၏။ ရဟန္တာဖြစ်အံ့။ တခုမျှ မနှောင်း။ ဒုတိယဈာန်ဘုံ၌ တိဟိတ် ဓုတိနောင် သတ္တရသ နှောင်း၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်အံ့။ မဟဂ္ဂုတ် ပဋိသန္ဓေ ကိုးခုနှောင်း၏။ ရဟန္တာဖြစ်အံ့။ တခုမျှ မနှောင်း။ တတိယဈာန်ဘုံ၌ တိဟိတ်ဓုတိနောင်ဖြစ်အံ့။ သတ္တရသ နှောင်း၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်အံ့။ မဟဂ္ဂုတ် ပဋိသန္ဓေကိုးခု နှောင်း၏။ ရဟန္တာဖြစ်အံ့။ တခုမှ မနှောင်း။ ဝေဟပ္ဖိုလ်ဘုံ၌ တိဟိတ်ဓုတိနောင် ဖြစ်အံ့။အဟိတ် ပဋိသန္ဓေ ကြဉ်သော ပဋိသန္ဓေ သတ္တရသ နှောင်း၏။သောတာပန်၊ သကဒါဂါမ်ဖြစ်အံ့။ ဝေဟပ္ဖလ အကနိဋ္ဌ၊ ဘဝဂ္ဂေ စ ပတိဋ္ဌိတာ၊ စသည်ဖြင့် ဆိုသောကြောင့် မိမိဘုံ၌ ထပ်ရုံမျှသာ ထပ်ရတော့မည် ဖြစ်၍ ပဥ္စမဈာန်ပဋိသန္ဓေတခုသာ နှောင်း၏။ ရဟန္တာဖြစ်အံ့။ တခုမျှ မနှောင်း။ အောက် သုဒ္ဓါဝါသ လေးဘုံ၌ အနာဂါမ် ဖြစ်အံ့။ ပဥ္စမဈာန် ပဋိသန္ဓေ တခုသာ နှောင်း၏။ ရဟန္တာဖြစ်အံ့။ တခုမျှမနှောင်း။ အကနိဋ္ဌ ဘုံ၌ ထပ်၍လည်း မဖြစ်ကောင်း။ အနာဂါမ်အဖြစ်ဖြင့် သေသည် ဟူ၍လည်း မရှိ။ ရဟန္တာ အဖြစ်ဖြင့်သာ သေသည်။ထိုကြောင့် တခုမျှမနှောင်း။

အသညသတ်ဘုံ၌ သုဂတိအဟိတ်တယောက်သာရှိသည်။ငင်း ပုဂ္ဂိုလ်သည် ဓုတေသည်ရှိသော် ကာမဘုံသို့။ကြေန် သွားရ၏။

ကာမတိဟိတ် ဒွိဟိတ် ပဋိသန္ဓေ ရှစ်ခုသော နှောင်း၏။ ကာမ ရဘိနောင် တခုယုတ် နှစ်ဆယ်နှောင်း၏။ ဝါ။ နှစ်ဆယ်နှောင်း ၏။ ဘုံဖြင့်မှတ်ပြန်သော် ကာမသုဂတိ ခုနစ်ဘုံက ရတောသည် ဖြစ်အံ့၊ တခုယုတ်နှစ်ဆယ်။ ဝါ၊နှစ်ဆယ်နှောင်း၏။ အပါယ် လေး ဘုံက ရတောသည်ဖြစ်အံ့။ ကာမပဋိသန္ဓေ ၁၀နှောင်း၏။ ပုဂ္ဂိုလ် ဖြင့်မှတ်ပြန်သော်။ ကာမသုဂတိ ခုနစ်ဘုံ၌ သုဂတိ အဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်တို့ ရတောသည်ရှိသော် ကာမပဋိသန္ဓေ ၁၀—သာ နှောင်း၏။ တိဟိတ်ရတိနောင်ဖြစ်အံ့။ တခုယုတ် နှစ်ဆယ်။ ဝါ၊ အသညသတ်ကိုထည့်၍ နှစ်ဆယ် နှောင်း၏။ သောတာပန်၊ သကဒါဂါမိရတိဖြစ်အံ့။ကာမတိဟိတ် ပဋိသန္ဓေလေးခု မဟဂ္ဂုတ် ပဋိသန္ဓေ ကိုးခုနှောင်း၏။ အနာဂါမိဖြစ်အံ့။ကာမရာဂကို ပယ်၍ မဟဂ္ဂုတ် ပဋိသန္ဓေကိုးခုသာ နှောင်း၏။ ရဟန္တာမှာ တခုမျှ မနှောင်း။ အပါယ်လေးဘုံ၌ ဒုဂ္ဂတိ တယောက်သာ ရှိသည်။ ၎င်းဒုဂ္ဂတိပုဂ္ဂိုလ် ရတောသည် ရှိသော် အဟိတ် ပဋိသန္ဓေ နှစ်ခု။ မဟာဝိပါက် ရှစ်ခုအားဖြင့် တဆယ်သာနှောင်း၏။အသညသတ် ဘုံ၌ နေတုန်းက ရုပ်ချည်းသာ ရှိပါလျက်ကို ကာမဘုံသို့ လာ သောအခါ နာမ် ပဋိသန္ဓေ နေနိုင်ခြင်းသည် ဥပစာရစောဝ စေ တနာကြောင့် မှတ်။

ရူပဘုံက ကာမဘုံသို့ လာရာ၌ အဟိတ် ပဋိသန္ဓေ မနေ သည် မှာလည်း ဥပစာရ စေတနာ မှတ်လေ။ ပဋိသန္ဓေ ကို အကြည် ပုဂ္ဂိုလ်တို့သည် သူအပ်ကုန်၏။ ထို ပဋိသန္ဓေ ကို ယူအပ်ပြီးသော ပုဂ္ဂိုလ်တို့သည် ၎င်းပဋိသန္ဓေ စိတ်ချုပ်ပြီး သည်ရှိသော် အကြည် မျှလောက်သော ကာလ ပတ်လုံး ဝိထိ စိတ်သည် မဖြစ်။ ထိုမျှလောက်သော ကာလပတ်လုံး ဘဝင် စိတ်သည် မြစ်ရေအယဉ်ကဲ့သို့မပြတ် ဘဝ၏ အကြောင်း တစိတ် အဖြစ်ဖြင့် ဖြစ်ကုန်၏။ အကြည် ပုဂ္ဂိုလ်သည် ဤ ပစ္စုပ္ပန် ဘဝ၌ ပဋိသန္ဓေ ဘဝင် ရဘိတို့သည် ဖြစ်ကုန်၏။ ပစ္စုပ္ပန်ဘဝမှ အ

ခြားမဲ့ ဖြစ်သော ဘဝ၌လည်း ၎င်းပဋိသန္ဓေ ဘဝင် စုတိတို့သည် ဖြစ်ကုန်၏။ ထိုကြောင့် သတ္တဝါတို့၌ စုတိ ပဋိသန္ဓေ ဘဝင်တို့သည် သံသရာစက်ဖြင့် လည်ကုန်၏။ ပြတ်ခြင်းမှာ တာရှည်စွာ တရားကို အားထုတ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရ၏။ ထို အခါမှ စ၍ သံသရာစက်သည် ပြတ်၏။

ဘုံပိုင်း ပြောပုံ ပြီး၏။

# ၆ ရုပ်ပိုင်း

ငါးပါးသော ပရိစ္ဆေဒတို့ဖြင့် ဥဒ္ဒေသ၊ နိဒ္ဒေသ၊ ပဋိနိဒ္ဒေသ တို့ဖြင့် ဆိုအပ်သော အပြား၊ ပဝတ္တိ၊ ပဋိသန္ဓေတို့၏ အစွမ်း ဖြင့်ဆိုအပ်သော ဖြစ်ခြင်း ရှိကုန်သော စိတ် စေတသိက်ကို ဝေ ဘန်ပြီး၍ ယခုအခါ၌ ရုပ်ကို အပြားအားဖြင့် ဆိုပေအံ့။ ။ငါး ပါးသော ပရိစ္ဆေဒ ဆိုသည်မှာ စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ပကိဏ်းပိုင်း၊ ဝီထိပိုင်း၊ ဘုံပိုင်းတို့ကို ဆိုသည်။ ဥဒ္ဒေသ၊ နိဒ္ဒေ သ၊ ပဋိနိဒ္ဒေသ သုံးပါးတို့မှာ စိတ်ပိုင်းသည် ဥဒ္ဒေသ၊ စေတ သိက်ပိုင်းသည် နိဒ္ဒေသ၊ ပကိဏ်းပိုင်းသည် ပဋိနိဒ္ဒေသမည်၏။ ဝီထိပိုင်းသည် ပဝတ္တိ၊ ဘုံပိုင်းသည် ပဋိသန္ဓေကို ဆိုသည်မည် ၏။ ယခု ငါးပိုင်းတို့သည် စိတ်နှင့် စေတသိက်တို့ကိုသာ ဝေဘန် ပိုင်းခြား၍ ပြသည်။ ရုပ်ကို မပြသေးဟုမှတ်။ ရုပ်ကို အကျဉ်း ပြခြင်း၊ ရုပ်ကိုဝေဘန်၍ ပြခြင်း၊ ရုပ်ကို စိတ်ကြောင့် ဖြစ်သောရုပ်, ကံကြောင့် ဖြစ်သောရုပ်, ဥတုကြောင့် ဖြစ်သောရုပ်, အာဟာ ရကြောင့် ဖြစ်သောရုပ်ဟု အကြောင်း အားဖြင့် ပြခြင်း, ဤရုပ် ဤရုပ်တို့သည် တပေါင်းတည်း ဖြစ်သည်ဟု ရုပ်ကို အပေါင်း အစည်းပြုခြင်း ဤရုပ်သည် ဤကစ၍ ဖြစ်သည် ဤမှာဆုံးသည် ဟု ရုပ်တို့၏ ဖြစ်စဉ်ကို ပြသောအားဖြင့် ရူပသင်္ဂဟ၌ ငါးပါး ရှိ၏။

ထိုငါးပါးတို့သည် ရူပသမုဒ္ဒေသ၌ အဓိပ္ပါယ်ကား ရုပ်သည် မဟာဘုတ်။ ဥပါဒါရုပ်ဟု နှစ်ပါး အပြား ရှိ၏။ ထိုနှစ်ပါးတို့ တွင် မဟာဘုတ်တို့မှာ တပါးသည် သုံးပါးကို၊ သုံးပါးသည် တပါးကို၊ နှစ်ပါးသည် နှစ်ပါးကို မှီ၍ ဖြစ်ကုန်၏။ ဥပါဒါရုပ်တို့ မှာ မူကား။ မဟာဘုတ်ကိုသာ မှီ၍ ဖြစ်ကုန်၏။ သူတို့ချင်းချင်း မှီ၍ မဖြစ်နိုင်ကုန်။ ထိုသို့ မဟာဘုတ်ကိုသာ မှီ၍ ဖြစ်သော ကြောင့် ဥပါဒါရုပ်ဟု ခေါ်၏။ ဆဲ့တပါး အပြားရှိသောဟု ဆို

သည်မှာ အမည်နာမ တခဲ့တပါးကို ဆိုသည်။ ပထဝီဓာတ် သည် ကြမ်းတမ်း ခက်မာခြင်း လက္ခဏာ ရှိ၏။ အာပေါဓာတ် သည် ပြောင်းအိခြင်း ယိုစီး ဖွဲ့စည်းခြင်း လက္ခဏာရှိ၏။ တေ ဇောဓာတ်သည် ရင့်ခြင်းကျက်ခြင်း ပူလောင်ခြင်း လက္ခဏာ ရှိ၏။ ဝါယော ဓာတ်သည် ဖြည့်ခြင်း ထောက်ပံ့ ခိုင်းစေခြင်း လှုပ်ရှားခြင်း လက္ခဏာရှိ၏။ ၎င်းလေးပါးသည် ဘူတရုပ်လည်း မည်၏။ မျက်လှည့်သည် ဘီလူးမတို့ နှင့်လည်း တူ၏။ တူပုံ ကား။ မျက်လှည့်သည် ရွှေ ငွေ မဟုတ်သည်ကို ရွှေ ငွေ ဟု ပြဘိသကဲ့သို့၎င်း၊ ဘီလူးမသည် မိမိအဆင်း ဆိုးဝါးရုန့်ရင်း ပါ လျက်ကို တဆဲ့ငါးနှစ် တဆဲ့ခြောက်နှစ် ပျိုမျက်ရောက်ခါ ဆင်းနု ဝါနှင့် ရုပ်ဂါတင့်တယ် မိန်းမငယ်ကဲ့သို့။ ပုံဆောင်မခြား အ လာတူစွာ ပြနိုင်သကဲ့သို့။ ထို့အတူ ၎င်းဘူတ် လေးပါးသည် လည်း ဥပါဒါရုပ်တို့က ရွှေပါ၊ စိမ်းပါ၊ ဖြူပါ၊ ပြာပါ၊ မည်းပါ၊ နီပါသည်ကို မိမိ ရွှေသည်၊ စိမ်းသည်၊ ဖြူသည်၊ ပြာသည်၊ မည်းသည်တို့ကဲ့သို့ ပြတတ်သည်။

၎င်းဘုတ် လေးပါးတို့တွင် တွေ့ကောင်းသော သဘော သည် ပထဝီဓာတ် မည်၏။ ကြေမွ ပျက်စီး၍ မသွားအောင် ဖွဲ့စည်း တတ်သော သဘောသည် အာပေါဓာတ် မည်၏။ ဆံဖြူခြင်း, သွားကျိုးခြင်း စသည်ဖြင့် ရင့်ခြင်း စသည် သည် တေဇောဓာတ် မည်၏။ ၎င်းတေဇော ဓာတ်မှာ အေးလျှင် သီတ တေဇော။ ပူလျှင် ဥဏှ တေဇောဟု ခေါ်၏။ လှုပ်ရှား ခြင်းသည် ဝါယော ဓာတ် မည်၏။ ။ဤ လေးပါး တို့တွင် ပထဝီ သည်လည်း ကမ္မဇ ပထဝီ၊ စိတ္တဇ ပထဝီ၊ အစရှိ သောအားဖြင့် အလွန်များ၏။ ထို့အတူ ကြွင်း သုံးပါးလည်း အတိုင်းမသိ များ၏။ ထိုလေးပါးသည် မည်သည့် ဝတ္ထုမှ မကင်းရှိကြသည် ချည်းသာ တခုခု အားကြီး၍ အကုန် မထင် ရှားသောကြောင့်သာ ရှိသည်။ သရက်သီး များသည် တေဇော

ခေတ်အားကြီး၍ မှည့်လွယ်သည်။ ဤသို့ စသည်ဖြင့် သစ်ပင် စသည်မှာ ရှာ၍ ခွဲလေ။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ပသာဒ ရုပ်တို့၏ တည်ရာအရပ် သဘောများမှာ အောက် စိတ်ပိုင်းက ဆိုခဲ့သည့် အတိုင်းမှတ်။ ၎င်းငါးပါးကို ပသာဒရုပ် ခေါ်သည်မှာ မိမိနှင့် အတူတကွ တကလာပ်ထည်း ဖြစ်သော ရုပ်တို့ကို ကြည်လင် စေတတ်သောကြောင့် ပသာဒရုပ်ဟု ခေါ်၏။ မျက်စိဖြင့် မြင်ကောင်းသော ကောင်းကောင်း ဆိုးဆိုး အာရုံသည် ရူပါရုံ မည်၏။ ထို့အတူ နားဖြင့်ကြားကောင်းသော အာရုံသည်သဒ္ဒါရုံမည်၏။ နမ်း ကောင်းသော အာရုံသည် ဂန္ဓာရုံ မည်၏။ လျှာဖြင့် လျက်ကောင်းသော အာရုံသည် ရသာရုံ မည်၏။ အာပေါဓာတ်သည် ကြည်အပ်သော ဘူတရုပ် သုံးခု အပေါင်းဟု ဆိုအပ်သောအာရုံသည် ဖောဋ္ဌဗ္ဗာရုံ မည်၏။ ပေါင်း ခုနစ်ပါးသော ရုပ်သည် ဒွေပဉ္စဝိညာဏ် တဆယ်တို့၏ ကျက်စားရာ အာရုံ ဖြစ်သောကြောင့်။ ဝါ၊ အာရုံပြုရာ ဖြစ်သောကြောင့် ဂေါစရ ရုပ်မည်၏။ စက္ခုဝိညာဏ်ဒွေ၏ ကျက်စားရာ ရူပါရုံ။ ဤကဲ့သို့ အစဉ်အတိုင်း ဟပ်၍ယူ။

။ဣတ္ထိ လိင်၊ ဣတ္ထိနိမိတ္တ၊ ဣတ္ထိ ကုတ္တ၊ ဣတ္ထိ အာကပ္ပ ဟု ဆိုအပ်သော မိန်းမ အဖြစ်သည်၎င်း၊ ပုရိသလိင်၊ ပုရိသ နိမိတ္တ ပုရိသကုတ္တ၊ ပုရိသ အာကပ္ပဟု ဆိုအပ်သော ယောကျ်ား အဖြစ်သည်၎င်း။ ဤသည်ကား မိန်းမ ဤသည်ကား ယောကျ်ား ဟုသိကြောင်းဖြစ်၍ဘာဝရုပ်မည်၏။မိန်းမတို့၏ အင်္ဂါဇာတ်သည် ဣတ္ထိလိင် မည်၏။ မိန်းမတို့၏ အလိုဆန္ဒသည် ဣတ္ထိနိမိတ္တမည်၏။ မိန်းမတို့၏ လည်၌ တန်ဆာ နားဒေါင်း လက်ကောက် ပုတီး အင်္ကျီထဘီ တဘက်တို့သည် ဣတ္ထိကုတ္တမည်၏။ မိန်းမတို့၏အောက် သန့်ရှင်းခြင်း, အထက် ရှုပ်ခြင်းသည် ဣတ္ထိအာကပ္ပ မည်၏။

တနည်းကား။ မိန်းမတို့၏ လက်၌ လက်ခြေအင်္ဂါ လည်ရင်း လည်တိုင် မျက်နှာ သေးခြင်းသည် ဇာတ္တိလိင် မည်၏။ ဆံတုံးထုံးခြင်း, ကျောင်းစွယ်မုတ်ဆိတ် မျက်နှာ၌ မရောက်ခြင်းသည် ဇာတ္တိနိမိတ္တ မည်၏။ရက်ကန်းရက်၍ ကစားခြင်း။ ဇန်းငယ်စကောငယ်တို့ဖြင့် ကစားခြင်း အစရှိသည်သည် ဇာတ္တိကုတ္တမည်၏။မိန်းမတို့၏ ယောကျ်ားတို့ ကဲ့သို့ မနေမထိုင်မူ၍ ကျုံ့ကျုံ့ ထိုင်ခြင်း ဖြည်းဖြည်းသာသာသွားခြင်းအစရှိသော ဣမူအရာသည် ဇာတ္တိအာကပ္ပ မည်၏။ ယောကျ်ားတို့၏ အင်္ဂါဇာတ်သည် ပုရိသလိင် မည်၏။ ယောကျ်ားတို့၏ အလိုသည် ပုရိသနိမိတ္တ မည်၏။ ယောကျ်ားတို့၏ ခေါင်းပေါင်း တန်ဆာတို့သည်ပုရိသကုတ္တ မည်၏။ယောကျ်ားတို့၌ အောက်ရှပ်ခြင်း အထက် သန့်ရှင်းခြင်းသည် ပုရိသ အာကပ္ပ မည်၏။

တနည်းကား။ ယောကျ်ား တို့၌ မိန်းမ တို့နှင့်မတူ။ လည်ရင်း လည်တိုင် မျက်နှာ လက်ရုံး ကြီးခြင်းသည် ပုရိသလိင် မည်၏။ ရောင်တုံးခြင်း မျက်နှာ၌ မုတ်ဆိတ်ကျင်စွယ် ရောက်ခြင်းသည် ပုရိသ နိမိတ္တ မည်၏။ လှည်းငယ် လှေငယ်ထွန်ငယ် စစ်ထိုးခြင်း စသည်ဖြင့် ကစားခြင်းသည် ပုရိသကုတ္တ မည်၏။ ယောကျ်ားတို့၏ ကြမ်းကြမ်း တန်းတန်း သွားခြင်း လာခြင်း လျောင်းခြင်း ထိုင်ခြင်း အမူအရာ တို့သည် ပုရိသ အာကပ္ပ မည်၏။ ၎င်းရုပ် နှစ်ခုသည် ဤသည်ကား မိန်းမ ဤသည်ကား ယောကျ်ားဟု သိကြောင်း ဖြစ်၍ ဘာဝရုပ် မည်၏။ နို့နှစ်သုံး အကြား၌ နှလုံးသားအတွင်း တလက်ဆွမ်း လောက်သောသွေးကို မှီ၍ ဖြစ်သောရုပ်သည် ဟဒယ ဝတ္ထုရုပ် မည်၏။ ဟဒယဝတ္ထု အခြင်းအရာမှာ အောက်ပကိဏ်ပိုင်းက ဆိုခဲ့ပြီ။ မိမိနှင့် အတူဖြစ်သော တကလာပ်တည်း ဖြစ်သော ကမ္မဇရုပ်ကို အစိုးရသော ရုပ်သည် ဇီဝိတရုပ် မည်၏။ စက္ခုဒသကာ၌ ရှိသော ဇီဝိတိန္ဒြေ သည်လည်း မိမိမှတပါး ကြွင်းကိုးပါးကို

အစိုးရသည်။လ။ ဇီဝိတနဝကကလာပ်၌ ရှိသော ဇီဝိတိန္ဒြေသည် မိမိမှ ကြွင်းသော ရုပ်ရှစ်ခုကို အစိုးရ၏။

ဥပမာကား။ ကြာရွက်၌ရှိသောရေသည် ၎င်းကြာကို မနွမ်းမရိရအောင် စောင့်သကဲ့သို့ဇီဝိတိန္ဒြေသည်လည်း မိမိနှင့်အတူ တကွဖြစ်သော ကမ္မဇရုပ်တို့ကို မပုပ်မသိုးရအောင် စောင့်ရှောက်၏။ ။အချို၊အချဉ်၊ အစပ်အဖန်၊ အငံ၊ အခါးသည် အရသာမည်၏။ ဆွမ်းခဲဘွယ် ဘောဇဉ် အစရှိသည်၌ တည်သော အစေးသည် ဩဇာ မည်၏။ ၎င်းဩဇာကို ဗဟိဒ္ဓဩဇာ ခေါ်သည်။ဗဟိဒ္ဓက အချိုအချင် စသည်တို့ကိုမျိုသောအခါ ကြောသေးကြောမပြန့်နှံ့၍ သွား၏။ထိုအခါအဇ္ဈတ္တိက အတွင်း၌ ရှိသော ဩဇာကအာဟာရ ဇရုပ်ကိုပြု၏။ ၎င်းရုပ်သည် ရုပ်အာဟာရကို ထောက်ပံ့ဘတ်၏။ ဗဟိဒ္ဓ ဩဇာသည် အာဟာရဇရုပ်ကို မပြုပြင်နိုင်။အဇ္ဈတ္တိက ဩဇာသည် အာဟာရဇရုပ်ကို ပြုပြင်၏။ ။ထိုအဇ္ဈတ္တိက ဩဇာ ပြုပြင်၏ဟု ဆိုသော်လည်း ဗဟိဒ္ဓ ဩဇာနှင့် ကင်း၍ မဖြစ်နိုင်။ ဒိဋ္ဌဓမ္မနှင့် အပရာ ပရိယတ်တို့ကဲ့သို့မှတ်။

ဤ ဆိုအပ်ခဲ့ပြီးသော တဆဲ့ရှစ်ပါးသော ရုပ်သည် ကက္ခဠ အစရှိသော မိမိတို့၏ သဘောနှင့် တကွဖြစ်၍ သဘာဝရုပ် မည်၏၊ အနိစ္စအစရှိသော လက္ခဏာနှင့်တကွ ဖြစ်သောကြောင့် သလက္ခဏာရုပ်လည်း မည်၏။ကံအစရှိသော အကြောင်းတို့သည်ပြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ်လည်း မည်၏။ ဘောက်ပြန်တတ်သော သဘောရှိသောကြောင့် ရူပရုပ်လည်း မည်၏။ လက္ခဏာယာဉ်သို့တင်၍ သုံးသပ်ခြင်းငှါ ထိုက်သောကြောင့် သမ္မသနရုပ်လည်း မည်၏။ ဤမှ ကြွင်းသော တဆယ်သော ရုပ်တို့သည် ယခု ဆိုအပ်ခဲ့ပြီးသော လက္ခဏာတို့ မရှိသောကြောင့် အသဘာဝရုပ်၊ အလက္ခဏာရုပ်၊ အနိပ္ဖန္နရုပ်၊ အရူပရုပ်။ အသမ္မသနရုပ်မည်ကုန်၏။ ကောင်းကင်ဟင်းလင်း အပေါက်ဖြစ်၍ ဂဗ္ဘ

သေယျာက ပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေအခါ၌ ကာယ၊ ဘာဝ၊ ဝတ္ထု ဟူသော ကလာပ်သုံးစည်း တို့ကို တကလာပ်နှင့် တကလာပ် မရောရှက်ရအောင်ငင်း။ သံသေဒဇ ဥပပတ်တို့မှာ ပဋိသန္ဓေအ ခါ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ။ ဘာဝဝတ္ထုဟု ဆို အပ်သော ကလာပ် ခုနစ်စည်းတို့ကို မရောမရှက် ရအောင် ပိုင်းခြားခြင်းသည် ပရိစ္ဆေဒရုပ် မည်၏။ ဝါ၊ ပိုင်းခြားတတ်သော ရုပ်မည်၏။ ၎င်းပရိစ္ဆေဒရုပ်သည် အသီးအခြား မရကောင်း။ နိပ္ဖန္နရုပ်တို့၏ ချုပ်ခြင်းဖြစ်ခြင်းကိုပင် အာကာသဓာတ် ချုပ်သည် ဖြစ်သည်ဟု ဆိုရမည်။

ရှေ့သို့တက်ခြင်း နောက်သို့ ဆုတ်ခြင်း အစရှိသည်ကို ဖြစ်စေ တတ်သော စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်၏ ဖေါက်ပြန် ခြင်း အခြင်းအရာအထူးဟု ဆိုအပ်သော ခြေလှုပ်ခြင်းလက်လှုပ် ခြင်းသည် ကာယဝိညတ် မည်၏။ နှုတ်မြွက်ခြင်း ပယောဂကို ဖြစ်စေ တတ်သော စိတ်ကြောင့် ဖြစ်သော ပထဝီဓာတ်သည် ကံကြောင့် ဖြစ်သော ပထဝီဓာတ်နှင့် ထိခိုက်ခြင်း ကြောင့် ဖေါက် ပြန်ခြင်း အခြင်း အရာ အထူးဟု ဆိုအပ်သော နှုတ်မြွက် ခြင်းသည် ဝစီဝိညတ် မည်၏။ ၎င်း နှစ်ပါးသော ရုပ်တို့သည် မိမိ အလိုကို သိစေ အပ်သော သူတပါး အလိုကို သိစေတတ် သောကြောင့် ဝိညတ်ရုပ် မည်၏။ မိမိသည် လက် အမှုဖြင့် အရုပ်ထု၍ နေ၏။ ထိုသို့လက်လှုပ်ခြင်းကို သူတပါး မြင်သဖြင့် အရုပ်ထုသည်ဟု သိ၏။ ဤအခါ လက်လှုပ်ခြင်းကို ပြု၍ အရုပ် ထုသောသူအား သိစေအပ်သည် မည်၏။ အရုပ်ထု၍ နေသော သူကို မြင်သောသူသည် လက်လှုပ်ခြင်း အမှုဖြင့် ထု၍ နေသော သူ၏ အလိုကို သိစေတတ်သည် မည်၏။ ဤကား ကာယဝိ ညတ်။ ဝစီဝိညတ်မှာလည်း ဤအတူ နှုတ်မြွက်သော သူကို သိ စေတလ် ကြားသောသူကို သိစေအပ်၏။ ၎င်းနှစ်ပါးတို့သည် အသီးအခြားမရှိ။ ဝါယောဓာတ် ဖြစ်ခြင်း ချုပ်ခြင်းကိုပင် ကာ

ယဝိညတ် ဖြစ်သည် ချုပ်သည်။ ပထဝီဓာတ် ဖြစ်သည် ချုပ် သည်ကိုပင် ဝစီဝိညတ် ဖြစ်သည် ချုပ်သည်ဟု ဆို၏။

နိပ္ဖန္နရုပ်တို့၏ ပေါ့ခြင်းသည် လဟုတာ၊ နူးညံ့ခြင်းသည် မုဒုတာ၊ ခန့်ခြင်းသည် ကမ္မညတာ မည်၏။ လဟုတာသည် အနာရောဂါမရှိသော သူနှင့်တူ၏။ အနာရောဂါ မရှိသောသူသည် အဆောတလျင် ထိုင်နိုင် သွားနိုင်သည်။ လဟုတာလည်း ထို့အတူ ဓာတ်မချောက်ချားသည်အခါ အလွန်ပေါ့ပါးသည်။ ဓာတ်ချောက်ချားသည် အခါ ရောဂါရောက်၍ ကိုယ်လက်လေးလံသည်နှင့် တူ၏။ မုဒုတာသည် အကြိမ်ကြိမ် ဖွပ်လျှော်ပြီးသော သားရေနှင့် တူ၏။ ၎င်းသားရေသည်လည်း အလွန် နူးညံ့၏။ ထိုအတူ နိပ္ဖန္နရုပ်တို့သည်လည်း ဓာတ် ချောက်ချားသောအခါ အလွန်နူးညံ့၏။ ဓာတ် မချောက်ချားသော အခါ မဖွပ်သေးသော သားရေနှင့် တူ၏။ ။ကမ္မညတာသည် လော်ပြီး ဦးပြီးသော ရွှေနှင့်တူ၏။ လော်ပြီး ဦးပြီးသော ရွှေသည် တူရိုက် ပေရိုက်ခံသည်။ ထို့အတူ ဓာတ်ညီညွတ်သော် နိပ္ဖန္နရုပ်တို့သည် အလွန်ခန့်သည်။ ဓာတ် ချောက်ချားသော အခါ မလော်သေး မဦးသေးသော ရွှေနှင့် တူ၏။ ၎င်းရုပ် ၃-ခုတို့၏အပေါင်းသည်လည်း အသီးအခြား မရ ကောင်း။ နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်း ချုပ်ခြင်းကိုပင် လဟုတာ မုဒုတာ ကမ္မညတာတို့ဖြစ်ခြင်း ချုပ်ခြင်းဟု ဆိုအပ်ကုန်၏။

၎င်း ၃-ခုထဲသို့ ဝိညတ်နွေးကိုထည့်။ ခုနစ်ပါးသော ရုပ်တို့သည် ဘောက်ပြန်သော အခြင်းအရာကြောင့် ဖြစ်သောရုပ် ဖြစ်၍ ဝိကာရရုပ်မည်၏ ရုပ်တို့ ဖြစ်ဆဲကို ဉပစယ။ရုပ်တို့၏ ဖြစ်စဉ်ကို သန္တတိ၊ ရုပ်တို့၏ ရင့်ဆဲဖြစ်သော ရုပ်တို့၏၊ ဤ ၄၉-ခုသည် ဇရတာ မည်၏။ ရုပ်၏ ဘင်သည် အနိစ္စတာ။ ဤသို့အားဖြင့်လေးပါးသော ရုပ်တို့သည် နိပ္ဖန္နရုပ်ကို မှတ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် လက္ခဏရုပ် မည်၏။ ၎င်းလက္ခဏရုပ် လေးခုတို့တွင်

ဥပစယနှင့် သန္တတိ အထူးကား။ ဂဗ္ဘသေယျက ပဋိသန္ဓေ လိတ်တို့မှာ ကလလရေကြည် ဖြစ်သည်မှစ၍ စက္ခုဒသက ဖြစ်သည်တိုင်အောင် ရုပ်၏ ဥပါဒ်သည် ဥပစာယ မည်၏။ စက္ခုပသာဒဖြစ်သည်မှစ၍ရဘိသည်တိုင်အောင် ရုပ်၏ ဥပါဒ်သည် သန္တတိ မည်၏။

တနည်းကား။ ကလလ ရေကြည်မှ စ၍ ဖိဂ္ဂါ ဒသက ကလာပ် ဖြစ်သည် တိုင်အောင် ရုပ်၏ ဥပါဒ်သည် ဥပစယ၊ အထက် ရုပ်ဥပါဒ်သည် သန္တတိ။ ။သံသေဒဇ၊ ဥပပါတ်မှာ ပဋိသန္ဓေ ဥပါဒ်၌ရှိသော ကမ္မဇရုပ်၏ ဥပါဒ်သည် ဥပစယ မည်၏။ ဤမှတပါးရုပ်၏ ဥပါဒ်သည် သန္တတိမည်၏။ မထူးပြီ။ အချို့အရာ၌ကားရုပ်၏ ဥပါဒ်ကို ဥပစယခေါ်သည်။ အချို့အရာ၌ကား။ ရုပ်၏ ဥပါဒ်ကို သန္တတိခေါ်သည်။ ထိုသို့ ဝေနေယျဇွာသယအားဖြင့်သာ ဟောတော်မူသည်။ ရုပ်၏ ဥပါဒ် ချည်းပင် ဥပစယ သန္တတိဟူ၍ ခေါ်နိုင်သည်၊ ပေါင်းသော် ရုပ်သည် နှစ်ဆဲ့ရှစ်ပါးရှိ၏။

ဤင်း နှစ်ဆဲ့ရှစ်ပါးသော ရုပ်တို့၌ တဆဲ့ တပါးသော အပြား ဟူသည်ကား။ ဘူတရုပ်၊ ပသာဒရုပ်၊ ဝိသယရုပ်၊ ဘာဝရုပ်။ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ်၊ ဝိကာရရုပ် လက္ခဏရုပ် အားဖြင့် တဆဲ့တပါးဖြစ်သတည်း။ ။အလုံးစုံသော ရုပ်သည် သဟိတ် အဟိတ် နှစ်ပါးတို့တွင် လောဘ အစရှိသော ဟိတ် မရှိခြင်းကြောင့် အဟိတ်မည်၏။ သပ္ပစ္စယ အပ္ပစ္စယနှစ်ပါးတို့တွင် ကံစိတ်ဥတု အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးရှိသောကြောင့် သပ္ပစ္စယမည်၏။ ။သပ္ပစ္စယံ၊ ကံစိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါးနှင့်တကွ ဖြစ်သောကြောင့် သပ္ပစ္စယ မည်၏ဟု အနက်မယောဇနာအပ်။ ရှိ၏ဟု ယောဇနာရမည်။ အဘဲ့ကြောင့်

နည်းဟူမူ။ အကယ်၍ တန်တန် အမှန်ဘု ယောဇနာမူ စိတ္တ ဇရုပ်သာစိတ်နှင့်တကွ ဖြစ်သောကြောင့် သပ္ပစ္စယ မည်ရာ၏။ ကြွင်း တိဇရုပ်သည် သပ္ပစ္စယမမည်ရာ။ ထို့ကြောင့် မယောဇ နာအပ်။

သာသဝ အနာသဝနှစ်ပါးတို့တွင် အာသဝတရားတို့၏ အာရုံ ဖြစ်၍ သာသဝသာ။ အနာသဝမရှိ။ သင်္ခတ အသင်္ခတ နှစ်ပါး တို့ တွင် နိဗ္ဗာန်ကဲ့သို့ အကြောင်းတရား လေးပါး တို့သည် မပြုပြင် အပ်သည်မဟုတ်၊ ပြုပြင်အပ်သောကြောင့် သင်္ခတသာမည်၏။ အ သင်္ခတမရှိ၊ လောကိယ အလောကိယ ၂ပါးတို့ တွင်လည်း သင်္ခါရ လောက၌ အကျုံးဝင်သောကြောင့် လောကိယသာ အလော ကိယမရှိ။ ကာမာဝစရ အကာမာဝစရ နှစ်ပါးတို့တွင် ကာမ တရား၏ ကျင်လည်ရာဖြစ်၍ ကာမာဝစရသာ။ အကာမာဝစ ရမရှိ။ ။ရူပဘုံ၌ရှိသော ရုပ်တို့သည် ကာမာဝစရ မည်အံ့ လောဟုမေးမူ။ ကာမစိတ် ရူပစိတ် ခေါ်သကဲ့သို့ ကာမဘုံ၌ များ သောအားဖြင့် ကျင်လည် တတ်သောကြောင့် ကာမာဝစရ မည်၏။ အနာရမ္မဏ သာရမ္မဏ နှစ်ပါးတို့တွင် စိတ်တို့ကဲ့သို့ အာရုံကို မယူတတ်သောကြောင့် အနာရမ္မဏသာ သာရမ္မဏ မရှိ၊ အပဟာတဗ္ဗ၊ ပဟာတဗ္ဗ နှစ်ပါးတို့တွင် တဒင်္ဂ ပဟာန် ဝိက္ခမ္ဘနပဟာန်။ သမုစ္ဆေဒပဟာန်ဖြင့် မပယ်အပ်သောကြောင့် အပဟာတဗ္ဗ သာ။ ပဟာတဗ္ဗမရှိ။ ၎င်း ပဟာန် လေးပါးမှာ အောက်စိတ်ပိုင်းက ဆိုသည်အတိုင်းမှတ်။ ဤသို့ နှစ်ပါးမရှိ။ တပါးတပါး ရှိသည်ကိုပင် ဧကဝိဓံပိဆိုသည်။

ပသာဒရုပ်ကို အဇ္ဈတ္တိကရုပ်ခေါ်သည်မှာ အတ္တ ဘော၌ ကျေးဇူး ကြီး သောကြောင့် ခေါ်သည်။ ကြွင်းရုပ်တို့မှာ အတ္တ ဘော၌ ကျေးဇူး မကြီး သောကြောင့် ဗာဟိရ ရုပ် ခေါ် သည်၊၊ ပသာဒ ရုပ်သည် သတ္တဝါတို့ သန္တာန်အတွင်း၌ ဖြစ်

သောကြောင့် အရွတ္တိကဗဟိဒ္ဓ တောတောင် သမုဒ္ဒရာမှာဖြစ်သော ရုပ်ကို ဗာဟိရရုပ် ခေါ်သည်ဟု မှတ်လင့်။ ကျေးဇူး ကြီးဟန်ကိုထင်ရှားစွာပြပြီးအံ့။ ငါစက္ခု ပသာဒ ရှိခြင်း ကြောင့်သာ နင်အတွေ့ဘောသည် လူနှင့်တူသည်။ ငါမရှိသော်လူထဲကိုမျှမဝင်ရရှိရာ၏တကား။ ဟယ်အတွေ့ဘော ငါသောတရှိခြင်းကြောင့်သာ နင်လူနှင့်တူသည်။ ငါမရှိသော် မကြားရ၍ လူနှင့်မတူရာတကား ဟယ်အတွေ့ဘော၊ ငါဃာန ရှိခြင်းကြောင့်သာ ကောင်းနံ့ ဆိုးနံ့ကို သိရ၍ လူနှင့်တူသည်။ ငါမရှိသော်နင်လူနှင့် မတူရာတကား ဟယ်အတွေ့ဘော ငါဇိဝှါ ရှိခြင်းကြောင့်သာ ခြောက်ပါးသော အာဟာရ အရသာကိုသိရ၍ နင်လူနှင့်တူသည်။ ငါမရှိသော် လူနှင့် မတူရာတကား။ ဟယ်အတွေ့ဘော ငါကာယရှိခြင်းကြောင့် သာနင် လူနှင့်တူသည်။ ငါမရှိသော် ဖွဲထင်တုံးကဲ့သို့ နင်ဖြစ်ရာ၏တကားဟု ပသာဒရုပ်ကဆိုဟန်၊ ရုပ်သည် ဥာနဖြစ်၍ ဆိုလိုက်သည်။ မဆိုသင့်မှတ်လင့်။

အကယ်၍ရုပ်မရှိအံ့။ ဝိညာဏ်ချည်းမဖြစ်နိုင်ရာ။ ဘူးကိုမှီးလောင်၍ ရေချည်းကျန်ရစ်သည်ဟု မရှိကောင်း။ ထို့အတူပသာဒရုပ် မရှိဘဲနှင့်ဝိညာဏ်ချည်းရှိသည်ဟုမရှိကောင်း။ ပသာဒရုပ် ဟဒယရုပ်တို့သည် သတ္တ ဝိညာဏခေတ် တို့၏မှီရာဖြစ်၍ ဝတ္ထုမည်၏။ ကြွင်းရုပ် တို့သည်ခုနစ်ပါးသော ခေတ်တို့၏ မှီရာမဟုတ်၍ အဝတ္ထုရုပ်မည်၏။ စက္ခုဝတ္ထုသည် စက္ခုဝိညာဏ်၏မှီရာ။ လ။ ကာယဝတ္ထုသည် ကာယဝိညာဏ်၏မှီရာ။ ဟဒယဝတ္ထုသည်မနောခေတ်၊ မနောဝိညာဏခေတ်တို့၏မှီရာ ပသာဒရုပ် ဝိညတ်ရုပ်တို့သည်ကုသိုလ်ကံအကုသိုလ်ကံ စိတ် စေတသိက်တို့၏ ထွက်ရာ ဝင်ရာ ဖြစ်သောကြောင့် ဒွါရရုပ် မည်၏။ ကြွင်းရုပ်တို့သည် ဝင်ရာထွက်ရာ မဟုတ်၍ အဒွါရရုပ် မည်၏။

စက္ခု ဒွါရသည် ၎င်းဒွါရ၌ဖြစ်သော စိတ် လေးဆဲ့ခြောက်ခုတို့၏ ထွက်ရာ ဝင်ရာ ဖြစ်၏။ လ။ ကာယဒွါရသည် ၎င်းဒွါရ၌ ဖြစ်

သော စိတ်စေလးဆဲ့ခြောက်ခုတို့၏ ထွက်ရာ ဝင်ရာ ဟောဋ္ဌဗ္ဗာရုံ၏။ ထွက်ရာ ဝင်ရာ ဖြစ်၏။ကာယဝိညတ်သည် ကာယကံသုံးပါးတို့၏ ထွက်ရာ ဝင်ရာ တည်ရာ ဖြစ်၏။ ဝစီဝိညတ်သည် ဝစီကံ ၄-ပါး တို့၏ ထွက်ရာဝင်ရာ တည်ရာဖြစ်၏။ပသာဒ ဘာဝ ဇီဝိတရုပ်တို့ သည် အစိုးရ တတ်သောကြောင့်ဣန္ဒြိယမည်၏။ကြွင်းရုပ်တို့သည် အစိုး မရ သောကြောင့် အနိန္ဒြိယ ရုပ် မည်၏။ စက္ခု ပသာ ဒသည် စက္ခုဒသက ကလာပ်၌ ရှိသော ရုပ်ကိုးခုကို အစိုး ရ၏။ လ။ ဇီဝိတိန္ဒြေသည် မိမိနှင့် အတူတကွ ဖြစ်သော ရုပ် ရှစ်ခုကို အစိုးရ၏။ ပသာဒဝိသယ ရုပ်တို့သည် ကြမ်းတန်း သောကြောင့် ဩဠာရိက။ နီးသောကြောင့် သန္တိက။ ထိပါး ခြင်းနှင့်တကွ ဖြစ်သောကြောင့် သပ္ပဋိဃရုပ် မည်၏။ ကြွင်းသော ရုပ်တို့သည် ဤမှပြန်သော အားဖြင့် သုခုမ၊ ဒူရ၊ အပ္ပဋိဃရုပ် မည်ကုန်၏။ ကြမ်းဘန်းသည် ဆိုသော်လည်း။ ဆဲရေးပြုလုပ် တပ်သောကြောင့် ကြမ်းတန်းသည် မဟုတ်။ဤသည်ကား ပသာ ဒဝိသယဟု ပြောလျှင် ထင်လွယ်မြင်လွယ်သည်ကိုပင် ကြမ်းတန်း သည်ဟု ဆိုသည်။ကြွင်းရုပ်တို့မှာ ဤကဲ့သို့ မထင်နိုင်သောကြောင့် သိမ်မွေ့သည်ဟု ဆိုသည်။ နီးသည် ဆိုရာ၌လည်း။ ခရီးနီးသ ကဲ့သို့ နီးသည်မဟုတ်။ ဉာဏ်ဖြင့် သိမ်းဆည်း၍ ရလွယ်သည် ကိုပင် နီးသည်ဟု ဆိုသည်။ ကြွင်းရုပ်တို့မှာ ဉာဏ်ဖြင့် သိမ်း ဆည်း၍ ရခဲသောကြောင့် ဝေးသည်ဟု ဆိုသည်။

ရုပ်အဋ္ဌဝိသတို့တွင် ထိပါးကောင်းသော ရုပ်သည် ဖောဋ္ဌဗ္ဗာ ရုံ တခုသာရှိသည်။ ဤအရာ၌ ထိပါးသည်ဟု ဆိုသည်မှာ သိ လွယ်သည်ကိုပင် ဆိုသည်။ ကြွင်းရုပ်တို့မှာ သိနိုင်ခဲ၍ ထိပါးခြင်း နှင့်တကွ မဖြစ်ဟု ဆိုသည်။ အခါရုံပြုသော အားဖြင့် တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံကို ရှာသော် ကုသိုလ်အကုသိုလ် တို့ကို တွေ့၏။ ၎င်းတို့၏ အကျိုး ဖြစ်သော ရုပ်ကိုရှာသော် ဇရုပ်ကို တွေ့၏။ ၎င်းရုပ်သည် ဥပါဒိဏ္ဏရုပ် မည်၏။ ကြွင်းသော

ကမ္မဇရုပ်ကို တွေ့၏။ ၎င်းရုပ်သည် ဥပါဒိန္နကရုပ် မည်၏။ ကြွင်းသော ရုပ်သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံ၏ အကျိုးမဟုတ်သောကြောင့် အနုပါဒိန္နကရုပ် မည်၏။ ရုပ်အဋ္ဌဝီသတို့တွင် မြင်ကောင်းသော ရုပ်သည် ရူပါရုံတခုသာ ရှိသည်။ ၎င်းရူပါရုံသည် သနိဒဿနရုပ် မည်၏။ ကြွင်း ရုပ်ရသည် မမြင်ကောင်းသောကြောင့် အနိဒဿနရုပ် မည်၏။ စက္ခု သောတ နှစ်ပါးတို့သည် အာရုံလည်း မလာ။ မိမိလည်း ရူပါရုံရှိရာ သဒ္ဒါရုံ ရှိရာသို့ မသွား။ ရှေ့ရှုတော်ရုံမျှဖြင့် အာရုံကို ယူနိုင်လေသည်။ ထို့ကြောင့် အသမ္ပတ္တဟု ဆိုအပ်၏။ ရူပါရုံသည် စက္ခု ပသာဒ ရှိရာသို့ သွားသည် ဖြစ်အံ့။ ရွှေလှံ ငွေထား တို့ကို ကြည့်သည် ရှိသော် မျက်စိကန်းရာ၏။ စက္ခု ပသာဒက ရူပါရုံ ရှိရာသို့ သွားသည် ဖြစ်အံ့။ မျက်သုံး၏ အတွင်း မျက်မှောင်ရင်းကို မြင်ရာ၏။ ထိုသို့လည်း မမြင်။ ထို့ကြောင့် မလာမရောက်ကြ။ဘုတ် အဆက်ဆက်ဖြစ်ကြ၍သာ မြင်သည်ဟု ဆိုသည်။

သဒ္ဒါရုံသည်လည်း သောတ ပသာဒ ရှိရာသို့ မလာ။ အကယ်၍ လာသည် ဖြစ်အံ့။ အသံကို နားထောင်၍ ပစ်သော လေးသမားသည် နားကို မြှားမှန်ရာ၏။ ထိုသို့ကား မမှန် ထို့ကြောင့် မလာမရောက်ကြ။ ဘုတ် အဆက်ဆက် ဖြစ်ကြ၍ သာလျှင် ကြားလေသည်။ ဃာန အစရှိသော ရုပ် သုံးခုတို့မှာ ဤကဲ့သို့မဟုတ် မိမိကလည်း အာရုံရှိရာသို့ သွားလျှင်လည်း သွားမှ။ အာရုံကမူလည်း မိမိဃာနာ ဒိတ္တယသို့ လာမှ အာရုံကို ယူနိုင်သည်။ ၎င်း ငါးပါးသော ရုပ်တို့သည် အာရုံကို ယူတတ်သောကြောင့် ဝါ၊ အာရုံကို ယူရာဖြစ်သောကြောင့် ဂေါစရဂ္ဂါဟိကရုပ် မည်၏။ ကြွင်းသော ရုပ်တို့သည် အာရုံကို မယူတတ် သောကြောင့် ဝါ၊ အာရုံကို ယူရာ မဟုတ်သောကြောင့် အဂေါစရဂ္ဂါဟိကရုပ် မည်၏။

အာရုံကို ယူတတ်သောကြောင့် ရုပ်မည်၏ ဟု ဆိုသော်။ နောက်ကရုပ်သည် အနာရမ္မဏ အာရုံကို မယူတတ်ဟု ဆိုအပ်

သော စကားနှင့် မဆန့်ကျင်လော ဟု မေးမူ။ မဆန့်ကျင် ဟု ဖြေ။ အဘယ့်ကြောင့်နည်းဟူမူ အာရုံကို မုချအားဖြင့် ယူနိုင်ခြင်းသည်ကား နွေးပဉ္စဝိညာဏ် တဆယ်သာ ယူနိုင်၏။ ထိုသို့ နွေးပဉ္စဝိညာဏ် တဆယ် ယူနိုင်ခြင်းကိုပင် ပသာဒရုပ်၌ တင်စား၍၊ ၎င်းပသာဒ ရုပ်ကိုလည်း အာရုံကို ယူနိုင်သည်ဟု ဆိုသည်။ ဥပမာကား ကျောင်း စားအံ့သည် ဆိုသကဲ့သို့တည်း။ အာရုံကို ယူရာ ဖြစ်သောကြောင့် ဆိုသည်မှာ နွေးပဉ္စဝိညာဏ် တဆယ်တို့၏ အာရုံကို ယူခြင်းသည် ပသာဒရှိရာ အရပ်က နေ၍ ယူသောကြောင့် ဆိုသည်။ ဤကဲ့သို့ နွေးပဉ္စဝိညာဏဓာတ်တို့၏ အမည်ကို တင်စား၍ ဂေါစရဂ္ဂါဟိကဟု ခေါ်လျှင် ဟာဒယဝတ္ထုသည်လည်း မနောဓာတ် မနောဝိညာဏ ဓာတ်တို့၏ မှီရာဖြစ်၍။ ၎င်းဓာတ်တို့၏ အမည်ကို တင်စား၍ ဂေါစရဂ္ဂါဟိကဟု ဆိုပါတော့လော စောဒနာမူ။ ပဉ္စဝိညာဏ ဓာတ်တို့မှာ ထိခိုက်ကြမှ အာရုံကို ယူနိုင်သည်။ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့မှာ မထိခိုက်ဘဲနှင့်ပင် အာရုံကို ယူနိုင်သည်။ သို့ဖြစ်၍ ပသာဒရုပ်ကိုသာ အထူးမှတ်၍ ဆိုလေသည်။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ဘူတ ရုပ်တို့သည် အသီးအသီး မခွဲခြမ်းအပ်သောကြောင့် အဝိနိဗ္ဘောဂရုပ် မည်၏။ ဤမှကြွင်းသော ရုပ်တို့မှာ အသီးအသီး ခွဲခြမ်းဝေဘန်အပ်သောကြောင့် ဝိနိဗ္ဘောဂရုပ် မည်၏။

၎င်းရုပ်ရှစ်ခုတို့ကို အလုံးစုံသော တောတောင် ရေမြေ သမုဒ္ဒရာ အစရှိသည်တို့၌ ရအပ်၏။ ၎င်းရှစ်ခုသော ရုပ်တို့ကို မခွဲမခြမ်း, မဝေဘန်အပ်ဟု ဆိုသော် အာယတန ယမိုက်၌ ရူပဘုံမှာ အဘယ့်ကြောင့် ဂန္ဓ၊ ရသ၊ သြဇာတို့ကို မဟောသနည်းဟူမူ။ မဟောသည်မှာ မရသောကြောင့် မဟောသည်မဟုတ် အာယတန ကိစ္စမတပ်သောကြောင့် မဟောလေသည်။ ။ကာမကုသိုလ် အကုသိုလ်နှစ်ဆယ်၊ ရူပကုသိုလ် ငါးခုတို့သည် အဇ္ဈတ္တိက သန္တာန်၌ ပဋိသန္ဓေဥပါဒ်ကို အစပြု၍ ဥပါဒ်တိုင်း

ဋ္ဌိဘိုင်း ဘင်တိုင်း ကမ္မဇရုပ်တို့ကို ဖြစ်စေ၏။ ဤကား သမာန ဝါဒအယူတည်း။ ။ကေစိမူကား ရုပ်ဟူသရွေ့တို့သည် ဥပါဒ် မှာသာ ဖြစ်သည်။ ဋ္ဌိ ဘင်တို့၌ မဖြစ်။ အရူပ ဝိပါက်လေးခု၊ ဒွေးပဉ္စ ဝိညာဏ် တဆယ်၊ ရဟန္တာတို့ စုတိကြည်သော ၇၅- ပါးသော စိတ်တို့သည် ပဋိသန္ဓေနောင် ပဌမ ဘဝင်၏ ဥပါဒ် မှစ၍ အဇ္ဈတ္တိက သန္တာန်၌ ဥပါဒ်တိုင်း စိတ္တဇရုပ်ကို ဖြစ်စေ၏ ရဟန္တာတို့ စုတိကြည်သည်မှာ နောင်တဘန် ပဋိသန္ဓေမနေပြီ ဖြစ်သောကြောင့် ရုပ်ကို ပြုပြင်ဘွယ် ကိစ္စမရှိသောကြောင့် ကြည်သည်။

ငင်းစုတိကို ကြည်ငြားသော်လည်း စိတ်သည် ပုထုဇ္ဇန် သေက္ခတို့ စုတိက ရှိသေး၍ မလျော့။ တနည်းမှာ အနန္တရ ပစ္စည်းကို မရ၍ ကြည်သည်။ အရူပဝိပါက်ကို ကြည်သည်မှာ မိမိတို့ကပင် ရုပ်ရှိရာ ဘုံဌာနမှာ မဖြစ်ခြင်းကြောင့် ကြည်သည် တနည်းကား။ အရူပဈာန်ကို ရအောင် ကမ္မဋ္ဌာန်း စီးဖြန်းတုန်း ကပင် ရုပ်ရှိခြင်းကြောင့် ခုတ်ဖြတ်ခြင်း ခိုက်ရန်ဖြစ်ခြင်း ငြင်းခုန် ခြင်းတို့သည် ဖြစ်ကုန်၏ဟု ရုပ်ကို ပယ်ခဲ့သည်။ ထို့ကြောင့် ကြည်သည်။ ဒွေးပဉ္စ ဝိညာဏ် တဆယ်ကြည်သည်မှာ ဈာန်နှင့် ကင်း၍ ကြည်သည်။ ။ပုတိဟူသမျှသည် ရုပ်ကို မဖြစ်စေနိုင်။ မူလဋီကာဆရာအလို။ ပဋိသန္ဓေ စိတ်သည်လည်း စိတ္တဇရုပ်ကို မဖြစ်စေနိုင်၍ ကြည်သင့်သည် မဟုတ်လော။ ပဋိသန္ဓေစိတ်သည် ပဋိသန္ဓေအခါ ရုပ်ကို မဖြစ်စေနိုင်သော်လည်း ပဝတ္တိမှာ ဘဝ ကျသောအခါ စိတ္တဇရုပ်ကို ဖြစ်စေ နိုင်သည်။ ပဋိသန္ဓေသည် ရုပ်ကို ဖြစ်စေနိုင်သည်။ ပဋိသန္ဓေနေသည့် ရုပ်ကိုမပြုနိုင်သည်မှာ မိမိက သည်ဘဝသစ်မှာ ဖြစ်စဖြစ်၍ ဟဒယ ဝတ္ထုက အား နည်းလှသောကြောင့် ခရီး ရောက်စသူသည် ဝတ်ကြီးဝတ်ငယ် ကိုမပြုနိုင်သကဲ့သို့ ဖြစ်၍ ရုပ်ကို မပြုပြင်နိုင်သည်။

တနည်းကား ကမ္မဇရုပ်သည် စိတ္တဇအရာ၌ တည်ပြီးဖြစ်၍ မပြုပြင်သည့်။ ဦဘင်တို့မှာ စိတ္တဇ မဖြစ်သည်ကား အာသေဝန ပစ္စည်းကို မရ၍ကြည်သည်)။ စိတ္တဇရုပ်ကို ဖြစ်စေတတ်သည်မှာ ခုနစ်ဆဲ့ ငါးပါးသော စိတ် တို့တွင် အပ္ပနာဇော ဆတ္တိသသည် ရုပ်ဣရိယာပုထ်ကို ဖြစ်စေ၏။ ဝုဋ္ဌော ကာမဇောတခု ယုတ် သုံးဆယ်၊ အဘိညာဏ်ဒွေးသည် ရုပ်ဣရိယာပုထ် ဝိညတ်ကို ဖြစ်စေ၏။ သောမနဿ တေရသတို့သည် ရုပ်ဣရိယာပုထ် ဝိညတ် ရယ်ရွှင်ခြင်းကို ဖြစ်စေ၏။ စိတ် ရှစ်ဆဲ့ကိုးခုတို့ကို ခွဲခြမ်း ဝေဘန်သော်ကား။ လောဘမူ သောမနဿသည် ကမ္မဇရုပ် စိတ္တဇရုပ် ဣရိယာပုထ်၊ ဝိညတ်၊ ရယ်ရွှင်ခြင်းကို ဖြစ်စေ၏။ လောဘမူ ဥပေက္ခာလေးခုသည် ဤ ငါးပါးတို့တွင် ရယ်ရွှင် ခြင်းတခုကိုသာ မဖြစ်စေနိုင်သည်။ ကြွင်းလေးပါးတို့ကို ဖြစ်စေ နိုင်၏။ ဒေါသမူ မောဟမူသည် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဣရိယာ ပုထ်၊ဝိညတ်ကို ဖြစ်စေနိုင်၏။ ဒွေးပဉ္စ ဝိညာဏ်တဆယ်၊ အရူပ ဝိပါက်သည်ကား ရုပ်ကို မဖြစ်စေနိုင်။ မနောဓာတ်သုံးခု။ သန္တီ ရဏ သုံးခုသည် စိတ္တဇရုပ် တခုကိုဖြစ်စေနိုင်၏။ ဝုဋ္ဌောသည် စိတ္တဇရုပ် ဣရိယာပုထ်၊ ဝိညတ်ကို ဖြစ်စေနိုင်၏။ ဟသိတုပ္ပါဒ် သည် စိတ္တဇရုပ်၊ ဣရိယာပုထ်၊ ဝိညတ်၊ ရယ်ရွှင် ခြင်းကို ဖြစ် စေနိုင်၏။

ရူပကုသိုလ်သည် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဣရိယာပုထ်၊ ဝိညတ် ကို ဖြစ်စေနိုင်၏။ ရူပဝိပါက်သည် စိတ္တဇရုပ် ဣရိယာပုထ်ကို ဖြစ်စေနိုင်၏။ ရူပကြိယာသည် စိတ္တဇရုပ်၊ ဣရိယာပုထ်ကို ဖြစ် စေနိုင်၏။ အရူပကုသိုလ် ကြိယာသည် စိတ္တဇရုပ်၊ ဣရိယာပုထ် ကို ဖြစ်စေနိုင်၏။ လောကုတ္တရာ စိတ်သည် စိတ္တဇရုပ် ဣရိယာပုထ် ကို ဖြစ်စေနိုင်၏။ မဟာ ကုသိုလ်သည် လောဘမူနှင့် တူ၏။ ၎င်းဝိပါက်သည်ရူပဝိပါက်နှင့် တူ၏။ ကြိယာသည် စိတ္တဇရုပ် ဣရိယာပုထ်၊ ဝိညတ်၊ ရယ်ရွှင်ခြင်းကို ဖြစ်စေ၏။ ဝိညတ်ကို

ရလျှင် ဣရိယာပထကို အဝိနိဗ္ဘောဂ ဖြစ်၍ ရတော့သည်။ ရယ်ခြင်း အကြောင်း များကို အောက်၌ ဆိုခဲ့သည် အတိုင်းမှတ်။

ဟာသိတုပ္ပါဒ်သည် မြတ်စွာဘုရား ပြုံးတော် မူသော အခါ ရသည်။ အဘဲ့ကြောင့် နည်းဟူမူကား သဗ္ဗညုတ ဉာဏ်၏ နောက်လိုက်ဖြစ်၍တည်း။ ပဋိသန္ဓေ ဌီသို့ ရောက်သည် ရှိသော် ၎င်းပဋိသန္ဓေဥပါဒ်၌ ကမ္မဇရုပ်ဖြစ်လိမ့်မည်။ ၎င်းကမ္မဇရုပ်ထဲ၌ ရှိသော တေဇောကို ကမ္မဇတေဇော ခေါ်သည်။ ထိုတေဇော သည် ပဋိသန္ဓေ ဌီသို့ ရောက်သောအခါ ဗဟိဒ္ဓက အချမ်း အပူနှင့် တွေ့သောအခါ ဥတုဇရုပ်ကို ပြုပြင်၏။ ပဋိသန္ဓေ ဥပါဒ်တုန်းက ဥတုဇရုပ်ကို မပြု ပြင်နိုင်သည်မှာ ပစ္စာဇာတ ပစ္စည်းကို မရ၍တည်း။ ။တနည်းမှာ မိမိဟု ဆိုအပ်သော ကမ္မဇ တေဇော သည်ကား ယခုမှ ဖြစ်စ ဖြစ်၍ ခရီးရောက် မဆိုက်ဖြစ်၍ ဝတ်ကြီး ဝတ်ငယ်မပြုနိုင်သကဲ့သို့ ဖြစ်၍ ဥတုဇ ရုပ်ကို မပြုနိုင်လေသည်။ ဌီသို့ ရောက်ငြား သော်လည်း ပဌမ ဘဝင်မဖြစ်သေး၍ ပစ္ဆာဇာတ ပစ္စည်းကိုမရသေးသည် မဟုတ် တုံလော စောဒနာမူ၊ ပဌမဘဝင်သည် မချုတ်ဖြစ်လတ္တံ့ဖြစ်၍ ပစ္ဆာဇာတ ပစ္စည်းကို ရ၏ဟုဖြေ။ ။၎င်းပြုပြင်၍ ဖြစ်သော ရုပ် သည့် ဌီသို့ ရောက်ပြန်သည် ရှိသော် မိမိကပင် ဥတုဇ ရုပ်ကို ထပ်၍ ပြုပြင် ပြန်သည်။ ထို့အတူ ဘုတ်အဆက်ဆက် ပြုပြင် ကြသည်။ ဤကားအဇ္ဈတ္တိက ဥတုဇရုပ်တည်း။ ဗာဟိရ ဥတု ဇရုပ်မှာ ဌီသို့ရောက်သောအခါ ဥတုဇရုပ်ကို ပြုပြင်၏။ပဋိသန္ဓေ ဌီဟုမမှတ်လင့်။ ဤကားအမှာ။ ဝါ၊ စကားချပ်တည်း။

ဘုတ်အဆက်ဆက် ဖြစ်သော ဥပမာကား။ အမိက သွီးကို ဖြစ်စေ။ သွီးကကာဘန်မြေးကို ဖြစ်စေ။ မြေးကပင်မြစ်ကိုတဘန် ဖြစ်စေ၏။ ထို့အတူ တည်း။ ပဋိသန္ဓေ ဌီသို့ ရောက်လျှင်ပင် ဥတုဇရုပ် ဇောက်ဖြစ်ရတော့မည်မဟုတ်။ ဖြစ်လိုလျှင်သာ ဖြစ်ရ သည်။ ဗဟိဒ္ဓက ခြောက်ပါးသော အရသာကို မျိုသော အခါ

ကြောသေး ကြောမသို့ ပြန့်နှံ့ သည်လည်း ဖြစ်စေ။ အဇ္ဈတ္တိက
သန္တာန်၌ ရှိသော ကမ္မဇဩဇာ၊ စိတ္တဇဩဇာ၊ ဥတုဇဩဇာ
တို့ကလည်း ဤသို့ ရောက်သည် ဖြစ်စေ ထိုအခါ အဇ္ဈတ္တိက
သန္တာန်၌ရှိသော ဩဇာအာဟာရဇရုပ်ကို ပြုပြင်၏။ ဗဟိဒ္ဓ
ဩဇာကို မျိုလိုက်၍ ကြောသေး ကြောမသို့ ပြန့်နှံ့ သော်
လည်း အဇ္ဈတ္တိက သန္တာန်၌ ရှိသော ဩဇာက ဥပါဒ်သည်
ဖြစ်သောကြောင့် ဘင်သို့ရောက်မှ ၎င်းအာဟာရဇရုပ်ကို မဖြစ်
စေနိုင်။ အဇ္ဈတ္တိက သန္တာန်၌ ရှိသော ဩဇာသည် ဤသို့
ရောက်သော်လည်း ဗဟိဒ္ဓကမမျိုသော်၎င်း။ မျို၍ ကြောသေး
ကြောမသို့ မပြန့်နှံ့သော်၎င်း။ အာဟာရဇရုပ်ကို မဖြစ်စေနိုင်။
ဗဟိဒ္ဓ ဩဇာ မပါဘဲလျက် ကိုလည်း အဇ္ဈတ္တိက ဩဇာသည်
အာဟာရဇရုပ်ကို မဖြစ်စေနိုင်။ ဒိဋ္ဌဓမ္မနှင့် အပရာပရိယ တို့နှင့်
တူ၏။ ဗဟိဒ္ဓ ဩဇာနှင့် ဒိဋ္ဌဓမ္မနှင့် တူ၏၊ အဇ္ဈတ္တိက သန္တာန်၌
ရှိသော ဩဇာနှင့် အပရာပရိယကံနှင့် တူ၏။

ဟဒယ၊ ဣန္ဒြိယရုပ်သည် ကံကြောင့်သာ ဖြစ်ခြင်းကြောင့်
ကမ္မဇရုပ် ဧကန်ကိုးခုတည်း။ အဝိနိဗ္ဘောဂရုပ်ရှစ်ခု၊ အာကာသ
ဓာတ်သည် လေးပါးသော အကြောင်းကြောင့် ကမ္မဇရုပ်အနေ
ကန်ကိုးခု၊ ပေါင်းကမ္မဇရုပ် အဋ္ဌာရသတည်း။ ဝိညတ်ဒွေးသည်
စိတ်ကြောင့်သာလျှင် ဖြစ်ခြင်းကြောင့် စိတ္တဇရုပ် ဧကန် နှစ်ခု
တည်း။ သဒ္ဒ၊ လဟုတာဒိတ္တယ၊ အဝိနိဗ္ဘောဂရုပ်ရှစ်ခု၊ အာ
ကာသဓာတ်တို့သည် လေးပါးသော အကြောင်းကြောင့် အနေ
ကန်စိတ္တဇရုပ် တဆဲ့သုံးပါး။ ပေါင်းတဆဲ့ငါးပါးတည်း။ သဒ္ဒ
သည် စိတ္တဇသဒ္ဒ ဥတုဇသဒ္ဒဟု နှစ်ပါး အပြား ရှိ၏။ ထိုတွင်
အက္ခရာရွတ်ခြင်း အစရှိသည် သည်စိတ္တဇသဒ္ဒမည်၏။ ဝမ်းရုပ်
သံ၊ မိုဃ်းသံ၊ လေသံ အစရှိသည်ကား ဥတုဇသဒ္ဒမည်၏၊ ခေါင်း
လောင်းထိုးသံ၊ ပုံတီးသံ၊ နှဲမှုတ်သံ အစရှိသည်ကား စိတ်ဟူ
သော အကြောင်းကြောင့် ဖြစ်ခြင်းကြောင့် စိတ္တပစ္စယ ဥတုဇ

သဒ္ဒမည်၏။ သဒ္ဒလဟုတာ ဓိတ္တယ၊ အဝိနိဗ္ဘောဂ၊ အာကာသ ဓာတ်၊ ပေါင်းတေရသကို ဥတုဇရုပ်မှတ်။ လဟုတာဒိတ္တယ၊ အဝိနိဗ္ဘောဂ၊ အာကာသ ဓာတ်၊ ပေါင်းဒွါဒသကို အာဟာရ ဇရုပ်မှတ်။ စိတ္တဇရုပ်၊ အာဟာရဇရုပ်တို့မှာ ကြွင်းမရှိ။ အနေ ကန်သာ။ လက္ခဏာရုပ် လေးခုတို့မှာ နိပ္ဖန္န ရုပ်တို့၏ ဥပါဒ် ဋ္ဌီ ဘင် ကိုပင် ခေါ်သောကြောင့် အဘယ် အကြောင်း ကြောင့်မှ မဖြစ်။ ရုပ်တို့သည်ဥပါဒ်နှင့်မကင်း၍ရင်း။ ကမ္မဇရုပ်၊ စိတ္တ ဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် ထဲသို့ သံ၊ ဥ၊ ထည့်သွင်း၍ အစဉ်အတိုင်းဝိသ၊ သတ္တရသပန္နရသ၊ စတုဒ္ဒသ၊ ဖြစ်ကုန်၏။ (သံမှာ သန္တတိယူ။ ဥမှာ ဥပစယယူ)။

ကလာပ်တို့သဘောသည် တကွဖြစ်ခြင်း တကွချုပ်ခြင်း တူ သော မှီရာရှိခြင်း၊ ဤသဘော လက္ခဏာ ရှိမှ ကလာပ်စည်း ရသည်။ တူသော မှီရာရှိ၏ ဟူသည်ကား၊ စက္ခုဒသကကလာပ် ၌ရှိသော တပါးသော မဟာဘုတ်သည် သုံးပါးသော မဟာဘုတ် ကိုမှီ၏။ သုံးပါးသောမဟာဘုတ်သည် တပါးသော မဟာဘုတ် ကိုမှီ၏။ မဟာဘုတ်မှ ကြွင်းသော ခြောက်ခုသော ဥပါဒါ ရုပ် သည် မဟာဘုတ်လေးပါးကိုမှီ၏၊ စက္ခုဒသက ကလာပ်က မဟာ ဘုတ်မှ တပါးသော မဟာဘုတ် မည်သော သောတ ဒသက ကလာပ်၌ ရှိသော သုံးပါးသော မဟာဘုတ် တို့ကိုရင်း။ စက္ခု ဒသက ကလာပ်၌ရှိသော ဥပါဒါရုပ် သည် သောတဒသက ကလာပ်၌ ရှိသော မဟာဘုတ် ကိုရင်း မမှီ။ ဤကဲ့သို့ မမှီ ကောင်း။ တကလာပ်ထည်း၌သာ မှီကြရမည်။ ကျေပ္ပါဒလည်း တကွဖြစ်၊ သဟာဝဋ္ဌိနေသလည်း တကွဖြစ်။ ဤကဲ့သို့ တကွ ဖြစ် ခြင်းတူလျက်နှင့် သဟ ဝဋ္ဌိနေဟု ထပ်၍ ဆိုသည်မှာ ကလာပ် ၂၁-ခုလုံး တပြိုင်နက်တည်း တကွ ဖြစ်ကြ ရမည် မဟုတ် အသီးအသီး တကလာပ် စီသာ တကွ ဖြစ်၍ တကွ ချုပ်ရမည်ဟုသိစေခြင်းငှါ ဆိုသည်ဟုမှတ်။

အဝိနိဗ္ဘောဂရုပ်ရှစ်ခု၊ ဇီဝိတ ထည့်၍ထား။ ၎င်းထဲသို့ စက္ခု ပသာဒကိုထည့်၍ စက္ခုဒသက ကလာပ်ဟု ခေါ်၏။ ထိုအတူ စက္ခုကိုနုတ်၍ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဘာဝ၊ ဟဒယဝတ္ထုကို ၁-ခုစီသာ ထည့်၍ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဘာဝ၊ ဝတ္ထုဒသက ကလာပ်ဟု ခေါ်ကုန်၏။ အဝိနိဗ္ဘောဂကိုမူဘည်။ ဇီဝိတကို ထည့်လျှင် ဇီဝိတ နဝကကလာပ်ဟု ခေါ်၏၊ စက္ခု ဒသက ကလာပ်ဟုခေါ် ခြင်းမှာ စက္ခုသည် ထင်ရှားသော အားဖြင့် ခေါ်သည်။ ဇမ္ဗူသပြေပင်ကိုစွဲ၍ ဇမ္ဗူဒိပါကျွန်းဟု ခေါ်သကဲ့သို့မှတ်။ ဤကား ကမ္မဇရုပ်ကေန် ကိုးခုကိုပေါင်းစည်း၍ ပြသောကြောင့် ကမ္မဇကလာပ်ကိုးစည်းဟူ၍မှတ်။

အဝိနိဗ္ဘောဂ ရုပ်သက်သက်သည် သုဒ္ဓဋ္ဌက ကလာပ်တစည်း မည်၏။ ၎င်းသို့ ကာယဝိညတ်ကိုထည့်၍ တစည်း။ ဝစီဝိညတ်သဒ္ဒကိုထည့်၍ တစည်း။ လဟုတာ၊ မုဒုတာ၊ ကမ္မညတာကိုထည့်၍ တစည်း။ ကာယဝိညတ် လဟုတာဒိကို ထည့်၍ တစည်း။ ဝစီဝိညတ်သဒ္ဒလဟုတာဒိကိုထည့်၍ တစည်း။ ဤကား စိတ္တဇကလာပ် ၆-စည်းတည်း။ ။သုဒ္ဓဋ္ဌက ကလာပ် ဘစည်း။ ၎င်းထဲသို့ သဒ္ဒကိုထည့်၍ ကလာပ်တစည်း။လဟုတာဒိကိုထည့်၍ တစည်း။ သဒ္ဒလဟုတာဒိကိုထည့်၍ တစည်း။ ဤကား ဥတုဇကလာပ်လေးစည်းတည်း။

သုဒ္ဓဋ္ဌက ကလာပ်တစည်း။ ၎င်းထဲသို့ လဟုတာဒိကို ထည့်၍ တစည်း။ ဤကားအာဟာရဇကလာပ် နှစ်စည်းတည်း။ ပေါင်း နှစ်ဆဲ့တစည်းတည်း။ ၎င်းနှစ်ဆဲ့တစည်းတို့တွင် ဗဟိဒ္ဓ အဇ္ဈတ္တ နှစ်ပါး၌ ဖြစ်ကောင်းသော ကလာပ်သည် သုဒ္ဓဋ္ဌကကလာပ် သဒ္ဒနဝက ကလာပ် ဤဥတုဇကလာပ် နှစ်စည်းသာ ဖြစ်ရ၏။ ကြွင်းတခု ယုတ် နှစ်ဆယ်သော ကလာပ်တို့မှာ အဇ္ဈတ္တိက သန္တာန်၌သာ ရကောင်း၏။ ဗဟိဒ္ဓဟု ဆိုအပ်သော တော

တောင်ရေမြေ သမုဒ္ဒရာ၌ မရအပ်။ ထို့ကြောင့် တောတောင် စသည်တို့၌ ကလာပ်အားဖြင့် နှစ်စည်း။ အဝိနိဗ္ဘောဂရုပ်ရှစ်ခု လက္ခဏာရုပ် လေးခု၊ အာကာသဓာတ်၊ သဒ္ဒရုပ်၊ ပေါင်း တဆဲ့ လေးပါးတို့သာ ဖြစ်ကုန်၏။

ကလာပ်တို့မှာ မိန်းမဖြစ်အံ့၊ ပုရိသဘာဝကလာပ်ကို ချ၍ နှစ်ဆယ်၊ ယောကျ်ားဖြစ်အံ့၊ ဣတ္ထိဘာဝ ဒသက ကလာပ်ကို ချ၍ နှစ်ဆယ်သာ ရ၏။ အာကာသဓာတ်သည် တကွ ဖြစ်ခြင်း ဟူသော မှီရာမရှိခြင်းကြောင့် ကလာပ်စည်း မရ။ လက္ခဏာရုပ် လေးခု၌လည်း ဉပစယ သန္တတိမှုကား တကွ ဖြစ်၏။ တကွ မချုပ်။ တကွ မမှီရာ။ အနိစ္စတာ မူကား တကွ ချုပ်ရာ၏။ တကွမဖြစ်။ တကွမမှီ။ ဇရတာမူကား သုံးပါးလုံးကိုပင် မရ။ ထို့ကြောင့် ကလာပ် မစည်းရသည်။ တနည်းကား၊ အနိပ္ဖန္နရုပ် တို့သည် အသီးအခြား မရှိ၍ အာကာသဓာတ် လက္ခဏာရုပ်တို့ ကို ကလာပ်မစည်းရ။ ထိုသို့ ဖြစ်လျှင် လဟုတာဒိ ဝိညတ် ခွေတို့ကိုကား အဘယ့်ကြောင့် စည်းပြန်ရသနည်း ဟူမူ။ လဟု တာဒိ ဝိညတ်ခွေတို့သည် မိမိ အသီးအခြားပင် မရသော်လည်း နိပ္ဖန္နရုပ်နှင့် တကွ ချုပ်ခြင်း၊ တကွဖြစ်ခြင်း တကွမှီခြင်း ရှိသော ကြောင့် ၎င်းအင်္ဂါသုံးပါးကို ရလေသည်။ ထို့ကြောင့် စည်းရ လေသတည်း။

ခေါက်၍မေးရာ ရုပ်သေးတရာ ရ၏ ဟူရာ၌ ရုပ်သေး တရာ ရဟန်ကား။ အဝိနိဗ္ဘောဂရုပ် ရှစ်ခု၊ သဒ္ဒနဝက က လာပ်ကိုးခု၊ ပေါင်း တဆဲ့ခုနစ်ခုကိုတည်။ လက္ခဏာရုပ် လေးခု နှင့်မြှောက်။ ခြောက်ဆဲ့ရှစ် ဖြစ်၏။ ၎င်း ခြောက်ဆဲ့ရှစ်ကို။ မူတည်သော ရုပ်တဆဲ့ခုနစ်ခု၌ တခုတခုစီသာ ခြားသော အာ ကာသဓာတ် တဆဲ့ငါးခု ထည့်။ ရှစ်ဆဲ့သုံးခု ဖြစ်၏။ ရှစ်ဆဲ့သုံး ခုကိုတည်။ တည်ရင်း ရုပ်တဆဲ့ခုနစ်ခုကိုထည့်၊ ရုပ်သေးတရာ ဖြစ်၏။ ဤသို့ ယူခြင်းသည် အဋ္ဌကထာ ဋီကာနှင့်မညီ။ ထို့ ကြောင့် အမြဲအစွဲမမှတ်အပ်။

ကာမဘုံ၌ မချုပ်ပါသည်ဖြစ်အံ့၊ နှစ်ဆဲ့ရှစ်ပါးသော ရုပ်တို့သည် ဖြစ်ကုန်၏။ ဤကား ပဝတ္တိအခါ၌တည်း။ မိန်းမဖြစ်အံ့၊ ပုရိသဘောကိုကြဉ် ယောကျ်ား ဖြစ်အံ့၊ ဣတ္ထိဘောကို ကြဉ်၍ နှစ်ဆဲ့ ခုနစ်ပါးသော ရုပ်တို့သည် ဖြစ်ကုန်၏။ ။ငင်း ကာမဘုံ၌ သံသေဒဇ၊ ဥပပတ်၊ ဂဗ္ဘသေယျက ပဋိသန္ဓေသုံးပါးဖြင့် နေကောင်း၏။သံသေဒဇဆိုသည်မှာ အညှိုကိုစွဲ၍ ပိုးလောက်အစရှိသော တရွေရွေကြီးသော သတ္တဝါသည် သံသေဒဇ မည်၏။ ကိုယ်ထင်ရှား တဆဲ့ငါးနှစ် တဆဲ့ခြောက်နှစ်ရှိခြင်းသည် ဥပပတ်မည်၏။ အကြိမ်တရာ စစ်အပ်ပြီးသော ဆိ၌ ဤကျွန်းသူတို့ဆံကို ဆယ်စိတ် စိတ်သော် တစိတ်သည် မြောက်ကျွန်းသူတို့၏ဆံတလုံးဖြစ်၏။ ငင်းကျွန်းသူတို့၏ ဆံကို ဆယ်စိတ် စိတ်သော် ဆံတစိတ်သည် ဟိမဝန္တာ၌ ဇေတိ မည်သော သား၏ အမွေးတချောင်းဖြစ်၏။ ငင်းဇေတိ မည်သော အမွေးကိုငင်း။ ဝါ၊ ဇာတိဥဏ္ဏာ အမည်ရှိသော အမွေးကိုငင်း။ ဆိ၌နှစ်၍ အကြိမ်များ စွာခါပစ်ပြီးသော်။ ငင်းအမွေးအဖျား၌ ပါရှိသော ဆီကြည်မှုလောက်ကို ကလလရေကြည် ခေါ်၏။ ငင်းကလလ ရေကြည်ဖြင့် ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်သည် ဂဗ္ဘသေယျကပုဂ္ဂိုလ်မည်၏။ ဇာတိဥဏ္ဏာ အမွေးခေါ်သည်မှာ ယခု မွေးသောဆိတ်၏ အမွေးကို ခေါ်သည်။

တနည်းကား။ ဝမ်းထဲ၌ခွဲ၍ ယူအပ်သော ဆိတ်၏ အမွေးကိုဆိုသည်။ တနည်းကား၊ ဟိမဝန္တာတော၌ ရှိသော ဇာတိမန္တဇာတ် ရှိသော ဆိတ်၏ အမွေးကို ခေါ်သည်။ သုံးပါးသော ပဋိသန္ဓေဟူ၌တွင် သံသေဒဇ ဥပပတ်ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်မှာ မချုပ်ပါသည်ဖြစ်အံ့။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မိန်းမဖြစ်အံ့၊ ဣတ္ထိဘော၊ ယောကျ်ားဖြစ်အံ့၊ ပုရိသဘော၊ ဝတ္ထုဒသကကလာပ် တို့သည် ပဋိသန္ဓေနှင့် တပြိုင်နက် ဖြစ်ကုန်၏။ ဤခုနစ်ပါးတို့တွင် စက္ခုချို့အံ့။ စက္ခုကိုချ၍ ကြွင်းခြောက်ပါး။

သောတချိအံ့ သောတကိုချ၍ ကွြင်းခြောက်ပါး။ ဃာနချိအံ့ ဃာနကိုချ၍ ကွြင်းခြောက်ပါး။ ဘာဝချိအံ့ ဘာဝကိုချ၍ ကွြင်း ခြောက်ပါး။ စက္ခုသောတ ချိအံ့။ ကွြင်းငါးပါး။ ဃာနဘာဝ ချိအံ့။ ကွြင်းငါးပါး။ စက္ခုသောတချိအံ့။ ကွြင်းငါးပါး။ စက္ခု ဘာဝချိအံ့။ ကွြင်းငါးပါး။ သောတဘာဝချိအံ့။ ကွြင်းငါးပါး။ သောတဃာနချိအံ့၊ ကွြင်းငါးပါး။ စက္ခု၊ သောတ၊ ဃာနချိအံ့။ ကွြင်းလေးပါး။ စက္ခု၊ သောတ၊ ဘာဝချိအံ့။ ကွြင်းလေးပါး။ စက္ခု၊ သောတ၊ ဃာန၊ ဘာဝချိအံ့ ကွြင်း သုံးပါးနှင့် တကွ ဖြစ်၏။

ကမ္ဘာဦးသူ တို့မှာ ဘောချိသည်။ ဂဗ္ဘသေယျက တို့မှာ ကလလ ရေကြည်ခုနစ်ရက်။ အမြှုပ်ခုနစ်ရက်။ သားတစ်ခုနစ် ရက်။တခဲနက်ခုနစ်ရက်။ ခက်မငါးဖြာခုနစ်ရက်။ ကေသာလောမာ ခုနစ်ရက်။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ ခုနစ်ရက်။ ဤကား အဋ္ဌကထာအလို။ ။ရေကြည် ၂-သတ္တာဟ။ အမြှုပ် ၂-သတ္တာဟ။ သားတစ် ၂-သတ္တာဟ။ တခဲနက် ၂-သတ္တာဟ။ ခက်မငါးဖြာ ၂-သတ္တာဟ။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ ၁-သတ္တာဟတိ။ ထို့နောက် မမွေးသွားသရွေ့ ကာလပတ်လုံး။ ကေသာ၊ လော မာတို့ ဖြစ်ကုန်၏။ ဤကား မူလဋီကာအလို။

ၑင်းဂဗ္ဘသေယျက ပဋိသန္ဓေ နေသော သူတို့မှာ ပဋိသန္ဓေ နှင့် တပြိုင်နက် ကာလ မိန်းမဖြစ်အံ့ ရှုတ္တိဘော။ ယောက်ျား ဖြစ်အံ့ ပုရိသဘော၊ ကာယပသာဒ၊ ဟဒယဝတ္ထု၊ သုံးခုသော ကလာပ်တို့သည် ဖြစ်ကုန်၏။ ဘာဝချိအံ့။ၑင်းကိုချ၍ ကွြင်းနှစ်ပါး နှင့်တပြိုင်နက် ဖြစ်ကုန်၏။ ။ပဋိသန္ဓေ ဥပါဒ်က စ၍ ကမ္မဇရုပ် ဖြစ်၏။ ပဌမဘဝင်၏ ဥပါဒ်ကစ၍ စိတ္တဇရုပ် ဖြစ်၏။ပဋိသန္ဓေ ဋ္ဌီ ကစ၍ ဥတုဇရုပ် ဖြစ်၏။ ဋ္ဌီသို့ကျမှ ဖြစ်ခြင်းသည် ပဌ္ဌာဇာတ ပစ္စည်းကို ရ၍ဖြစ်သည်။ ပဌမဘဝင် မဖြစ်သေးတကားဟု ဆိုမှု

မဖြစ်သော်လည်း ဖြစ်လတ္တံ့ မချွတ်ဖြစ်၏ဟု ဖြေ။ ဥပမာကား။ လင်းတငယ်သည် အမေကို အစာတောင်းသောအခါ နက်ဖြန်ကာလ ပေးမည်ဟု ဆို၍ နေရသောကြောင့် အမွေးအတောင် ရုံမှ အစာစားရသကဲ့သို့မှတ်။ ၎င်းလင်းတငယ်၏ အမွေးအတောင်ရုံခြင်းကို ပစ္စယုပ္ပန်။ အစာနောက်မှ စားရခြင်းကို ပစ္စည်း ယူ၍ မစားရသေးခင်ကို နောက်စားရလတ္တံ့ စေတနာက ကျေးဇူး ပြုနိုင်သည်။ ထို့အတူ မှတ်လေ။

အာဟာရဇရုပ်မှာ ဂဗ္ဘသေယျက ဖြစ်အံ့။ ကလလရေကြည် ဖြစ်ပြီးသည်နောက် တသတ္တာဟ နှစ်သတ္တာဟ မြောက်သော အခါ' အမိမျို၍ ပြီးသောအခါ ဖြစ်၏။ သံသေဒဇနှင့် ဥပပတ်မှာ ချွဲကန်းသလိပ် မျိုသည်မှစ၍ ဖြစ်၏။ ။၎င်းလေးပါးသော ရုပ်တို့သည် ကာမဘုံ၌ ဆီမီးလျှံကဲ့သို့၎င်း။ မြစ်ရေအယဉ်ကဲ့သို့၎င်း။ မပြတ်ဖြစ်ကုန်၏။ ကမ္မဇရုပ်တို့သည် စုတိမှပြန်၍ ရေတွက်သော်။ တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဌီကစ၍ မဖြစ်။ ကြွင်း ရုပ်ဖြစ်သေး၏။ တဆဲ့ခုနစ်ချက်သော စိတ်၏ ဥပါဒ်ကစ၍ ဖြစ်သော ကမ္မဇရုပ်သည် စုတိစိတ်နှင့် ပြိုင်၍ချုပ်၏။ စိတ္တဇရုပ်၊ အာဟာရဇရုပ်တို့မှာ စုတိစိတ် ချုပ်ပြီးသည်နောက် စိတ္တက္ခဏာ တဆဲ့ခုနစ်ချက် ခဏငယ် ငါးဆဲ့တချက် စေ့၍ ချုပ်၏။

ဥတုဇရုပ်မှာ အရိုးမဆွေးခင် ဖြစ်သေး၏။ ဤကား ဂဗ္ဘသေယျက ပုဂ္ဂိုလ် သံသေဒဇ ပုဂ္ဂိုလ်ဟုမှတ်။ စုတိမှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက် မြောက်သော စိတ်၏ ဌီ ဘင်၌ ကမ္မဇရုပ် မဖြစ်ကုန်။ တဆဲ့ခုနစ်ချက် မြောက်သော စိတ်၏။ ဥပါဒ်ကစ၍ ဖြစ်သော ဥတုဇရုပ်သည် စုတိနှင့်ပြိုင်၍ ချုပ်၏။ ထို့ကြောင့် ပုဂ္ဂိုလ်မှာ အလျှင်းပျောက်သတည်း ။အမိက ဥပပတ်ဖြစ်၍ သားပဋိသန္ဓေ ဂဗ္ဘသေယျကနေ၍ အမိသေခဲ့သော်။ အမိ အလောင်းပျောက်၍ သားကလေးအလောင်းသာ ကျန်ရစ်ကုန်၏။

ဥပမာကား လဲဝါဂွမ်းနှင့်ရင်း။ ပုဆိုးကြမ်းနှင့်ရင်း၊ ကျောက်စရစ် အိုး ခြမ်းကိုထုပ်၍ မီးတိုက်သည် ရှိသော် လဲဝါဂွမ်းကိုမီးလောင် ၍ ကျောက်စရစ်အိုးခြမ်းသာ ကျန်ရစ်သကဲ့သို့မှတ်။

အသညသတ်ကြည်သော ရူပဘုံ၌ ဃာန၊ ဇိဝှါ၊ ကာယ၊ ဘာဝ ဒသက ကလာပ်တို့ကို မရအပ်။ ထို့ကြောင့် ထိုဗြဟ္မာ တို့၏ ပဋိသန္ဓေ အခါ၌ စက္ခု၊ သောတ၊ ဝတ္ထုဒသက ကလာပ် သုံးစည်း။ ဇီဝိတနဝက ကလာပ် တစည်းအားဖြင့် လေးစည်း သော ကလာပ်တို့ကို ရအပ်၏။ ဃာနာဒိတွယတို့ကို ကြည်သည် မှာ အောက်က ဆိုခဲ့သည့်အတိုင်း။ အာဟာရဇ ကလာပ်ကို ကြည်သည်မှာ ရင်းအာဟာရဇရုပ်တို့သည် ဗဟိဒ္ဓက အချိုအချဉ် စသည်ကို စား၍ ပြန့်နှံ့မှ အဇ္ဈတ္တသြဇာက အာဟာရဇရုပ်ကို ပြုပြင်နိုင်သည်။ ထိုသို့ဖြစ်၍ ဗြဟ္မာတို့ မှာလည်း ဤကဲ့သို့စား သောက်ရသည်မရှိ။ ထို့ကြောင့်ကြည်သည်။

ဘာဝရုပ်ကို ကြည်သည်မှာ ၎င်းဘာဝရုပ်၏ ရှိခြင်းသည် ကာမဂုဏ်အလို့ငှါသာဖြစ်သည်၊ ဗြဟ္မာတို့လည်း ကာမဂုဏ် ကို ကမ္မဋ္ဌာန်း၏ အစွမ်းအားဖြင့် ပယ်ခဲ့လေပြီ။ ထိုကြောင့် ကြည်ရသည်။ ။ဇီဝိတကိုခွဲ၍ တခြားဆိုလိုက်သည်မှာ ကာယ ဒသက အရာ၌ တည်၍ ဖြစ်သောကြောင့် ဆိုရသည်။ ပဝတ္တိ ၌ စက္ခု၊ သောတ၊ ဝတ္ထုဒသက၊ ဇီဝိတနဝက ကလာပ်အား ဖြင့် ကမ္မဇ ကလာပ် လေးစည်း။ စိတ္တဇကလာပ် ခြောက်စည်း။ ဥတုဇ ကလာပ် လေးစည်း။ပေါင်း တဆဲ့လေးစည်းရ၏။

ပဋိသန္ဓေအခါ ရုပ်အားဖြင့် ဃာန ဒိတွယ၊ ဘာဝ၊ အာဟာ ရ၊ သဒ္ဒ၊ ဝိကာရ၊ ဇရတာ၊ မရဏတာကြည်သော တဆဲ့လေး ခု ရ၏။ ပဝတ္တိအခါ ဃာနာဒိတွယ၊ ဘာဝ၊ အာဟာရ ကြည် ၍ နှစ်ဆဲ့သုံးခု ရ၏။ အသညသတ်ဘုံ၌ ပဋိသန္ဓေအခါ ဇီဝိတ

နဝကကလာပ် တစည်း။ ပဝတ္တိ၌ သုဒ္ဓဋ္ဌက၊ ဇီဝိတ နဝက ကလာပ်နှစ်စည်း ရ၏။ ပဋိသန္ဓေ အခါ ရုပ်အားဖြင့် တဆဲ့ခုနစ်ခုထဲမှာ ဇရတာနှင့် မရဏတာကို ကြဉ်၍ တဆဲ့ငါးခု ရ၏။ ပဝတ္တိ၌၊ ပသာဒ၊ ဘာဝ၊ အာဟာရ၊ ဝိညတ်၊ သဒ္ဒ ကြဉ်၍ တဆဲ့ခုနစ်ခု ရ၏။ အရူပဘုံ၌ တစုံတခုကို မရ။ သဒ္ဒ၊ ဝိကာရ၊ ဇရတာ၊ မရဏတာ။ ပေါင်း ရှစ်ခုကို ပဋိသန္ဓေအခါ၌ မရအပ်။

လေးပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက် ပြုအပ်သောကြောင့် နိဗ္ဗာန်၊လောကုတ္တရာ တရား၏ အာရုံဖြစ်သောကြောင့် နိဗ္ဗာန်၊ ချုပ်ငြိမ်းတတ်သော ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်ကြောင်း ဖြစ်သောကြောင့် နိဗ္ဗာန် မည်၏။ ၎င်း နိဗ္ဗာန်သည် ခန္ဓာအကြွင်း ရှိသောကြောင့် သ ဥပါဒိသေသ နိဗ္ဗာန်၊ အကြွင်းမရှိ သောကြောင့် အနုပါဒိသေသ နိဗ္ဗာန်ဟု ကာရဏအားဖြင့် နှစ်ပါး။ ။ကိလေသာ ဆိတ်သောကြောင့် သုညတ၊ ကိလေသာ အကြောင်း ကင်းသောကြောင့် အနိမိတ္တ ကိလေသာ တည်းဟူသော တောင့်တခြင်း ကင်းသောကြောင့် အပ္ပဏိဟိတဟု အာကာရအားဖြင့် သုံးပါးတည်း။ ။စုတိခြင်း မရှိသော ဇာတိခြင်းအဆုံးကို လွန်သော အကြောင်းလေးပါးတို့သည် မပြုပြင်အပ်သော မိမိထက် လွန်မြတ်သော တရားမရှိသောတရားကို နိဗ္ဗာန်ဟု ဆိုအပ်ကုန်၏။

ရုပ်ပိုင်းပြောပုံပြီး၏။

# ၇ – သမုစ္စည်းပိုင်း

စိတ္တံ့စေတသိက်ရုပ်၊ နိဗ္ဗာနမိတ် သဗ္ဗထာ၏ အရ။ ပရမတ္ထ တရားလေးပါးကို ပြပြီး၍။ ယခုအခါ လေးပါးသော ပရမတ်ကို ရောစပ်၍ ပြလိုရကား။ ဒွါသတ္တတိ စသည်ကို မိန့်ဘိသော်။ အာရမ္မဏာ ဝိဇာနနမှာ စိတ်တခုယုယ်ကိုးဆယ်ကိုယူ။ ဖုသနမှာ စေတသိက် ဒွေးပညာသကိုယူ။ ၎င်းကို ပေါင်းသော် နာမ်တေ ပညာသ ဖြစ်၏။ လက္ခဏာမှာ နိပ္ဖန္နရုပ် အဋ္ဌာရသကိုယူ။ သင်္ခတိမှာ နိဗ္ဗာန်ကိုယူ။ ပေါင်းဒွါသတ္တတိ ဖြစ်၏။

## အကုသလသင်္ဂဟ

သမုစ္စည်းပိုင်း၌ သင်္ဂဟလေးပါး ရှိ၏။ ထို လေးပါးတို့တွင် အကုသလ သင်္ဂဟ၌ အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန် နီဝရဏ၊ အနုသယ၊ သံယောဇန၊ ကိလေသာဟူ၍ ကိုးပါး အပြားရှိ၏၊ ထို ကိုးပါးတို့တွင် အာသဝသည် အကြိမ်ကြိမ် ထုံအပ်သော အရက်နှင့် တူ၏။ ၎င်းတရားသည် ဘုံအားဖြင့် နေဝသညာ နာသညာယတန တိုင်အောင် လောကီ ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင် ပြန့်နှံ့၍ ယိုစီးတတ်၏။ ဥပမာကား။ အနာမှ ယိုစီးသောအစေး ညှစ်တိုင်းထွက်သကဲ့သို့တည်း။

ဩဃသည် ရေအယဉ်ကဲ့သို့ သတ္တဝါတို့ကို နစ်မွန်းစေ တတ်၏။ ယောဂသည် သတ္တဝါတို့ကို ဘဝတည်းဟူသော စက် ယန္တရား၌ ယှဉ်စေတတ်၏။ ဂန္ထသည် ယခုပစ္စုပ္ပန် ကာလဖြင့် မူလည်း။ နောက်ပဋိသန္ဓေဟု ဆိုအပ်သော အနာဂတ် ကာ လကို၎င်း။ နာမ်တရား အပေါင်းဖြင့် ရုပ်တရား အပေါင်း ကို၎င်း ရစ်ပတ် ထုံးဖွဲ့တတ်၏။ ဆုတောင်းခြင်းကြောင့် နောင် ပဋိသန္ဓေနေရသည်ကိုမှတ်။

စွဲလမ်း၍ မြဲစွာဘမ်းယူခြင်းသည် ဥပါဒါန် မည်၏ ဥပမာ ကား။ မြွေသည် ဖားကို မြဲစွာဘမ်းယူသကဲ့သို့ဘည်း။ တဏှာ ကြီးလျှင် ဥပါဒါန် ဖြစ်သည်။ အဘဲ့ကြောင့်နည်း ဟူမူကား။ သူတပါးပစ္စည်းကို ခိုးရအောင် သွားသောအခါ တဏှာ, သူတပါး ပစ္စည်းကို တွေ့သောအခါ ဥပါဒါန်။ နိဝရဏသည် ဈာန် အစ ရှိသော ကုသိုလ်တရား ပညာ စက္ခုတို့ကို ဖုံးလွှမ်း ပိတ်ပင် တတ်၏။ အနုသယသည် မဂ်ဖြင့် မပယ်အပ်သောကာလ ပတ် လုံး သတ္တဝါတို့ သန္တာန်၌ အဘန်တလဲလဲ ဖြစ်ဘတ်၏။ နွားကို လှံ၍ ထားအပ်သော ကြိုးနှင့်တူ၏။ ရူပ အရူပဘုံတို့မှာ ဖြစ် တုန်းနှင့်မူ ကြိုးမတင်း၍ အဝေး အလံကွာ၍ သွားနိုင်သည်နှင့် တူ၏။ ကာမဘုံသို့ ပြန်သည်နှင့်မူ ကြိုးတင်း၍ ချည်တိုင်ရင်းသို့ လာရပြန်သည်နှင့် တူ၏။

သံယောဇဉ်သည် သတ္တဝါတို့ကို သံသရာတည်းဟူသော ဝဋ်ဆင်းရဲ၌ နှောင်းဖွဲ့တတ်၏။ ကိလေသာသည် သတ္တဝါတို့ကို ပူပန်စေဘတ် နှိပ်စက်တတ်၏။ မိမိနှင့် အတူတကွ ဖြစ်သော သမ္ပယုတ် တရားကိုလည်း ပူပန်စေတတ် နှိပ်စက်တတ်၏။ ဥပမာကား။ မီးခဲသည် ထင်း မြေထမင်းအိုးကို ပူပန်စေတတ် နှိပ်စက်တတ်သည် ထို့အတူမှတ်။ မီးခဲနှင့် ကိလေသာနှင့် တူ၏။ ထင်း စသည်တို့နှင့် သမ္ပယုတ် တရားစုနှင့် တူ၏။

နိဝရဏ၌ ထိနနှင့် မိဒ္ဒကိုပေါင်း၍ နိဝရဏတခု။ ဥဒ္ဒစ္စနှင့် ကုက္ကုစ္စကိုပေါင်း၍ နိဝရဏတခုယူသည်မှာ ကိစ္စအာဟာရ ဆန့် ကျင်ဘက်ခြင်း တူ၍ တပေါင်းတည်း ယူသည်။ ထိနလည်း တွန့် တိုခြင်း။ မိဒ္ဒလည်း တွန့်တိုခြင်း။ ဤကား ကိစ္စအားဖြင့် တူကြ သည်။ ထိနသည် တွန့်တိုသောအခါ ကိုယ်လက် ဆန့်ကျင်ခြင်း ပျင်းရိခြင်းကို ဆောင်သည်။ မိဒ္ဒလည်း တွန့်တိုသော အခါ ကိုယ်လက် ဆန့်ကျင်ခြင်း ပျင်းရိခြင်းကို ဆောင်သည်။ ဤကား

အာဟာရ တူကြသည်။ ။ထိနလည်း ဝီရိယ၏ ဆန့်ကျင်ဘက် မိဒ္ဓလည်း ဝီရိယ၏ ဆန့်ကျင်ဘက်။ ဤကား ဆန့်ကျင်ဘက် ခြင်း တူကြသည်။ ဥဒ္ဓစ္စသည် မငြိမ်သက်ခြင်း ပြန့်လွင့်ခြင်း။ ကုက္ကုစ္စလည်း မငြိမ်သက်ခြင်းပြန့်လွင့်ခြင်း။ ဤကား ကိစ္စတူ ကြသည် ဥဒ္ဓစ္စသည် မငြိမ်သက်၍ ထိုထို ကြံခြင်းကို ဆောင် သည်။ ကုက္ကုစ္စသည် မငြိမ်သက်၍ ထိုထို ကြံခြင်းကို ဆောင် သည်။ ဤကား အာဟာရ တူကြသည်။ ဥဒ္ဓစ္စသည် ဧကဂ္ဂတာ၏ ဆန့်ကျင်တက်။ ကုက္ကုစ္စလည်း ဧကဂ္ဂတာ၏ ဆန့်ကျင်ဘက်။ ဤကား ဆန့်ကျင် ဘက်ခြင်း တူကြသည်။

ကာမဟူသော အမည်, ဘဝဟူသော အမည်သည် အာရုံ ဘုံတို့၏သာ မုချအမည်။ လောဘကို ကာမဘဝ၊ ရူပဘဝဟု ခေါ်ရခြင်းမှာ ဥပစာအားဖြင့် ခေါ်သည်ဟုမှတ်။ ကာမ, ဘဝနှစ် ပါးတို့မှာ၊ လောဘတည်း။ သီလဗ္ဗတ ပရာမာသ, ဈာန်သစ္စာ ဘိနိဝေသ, အတ္တဝါဒုပါဒါန်တို့သည် ဒိဋ္ဌိစေတသိက် တခုသာ တည်း။ တရားကိုယ်အားဖြင့် မှတ်သော်ကား။ ကာမာသဝေါ။ ဘဝါသဝေါမှာ လောဘ။ ဒိဋ္ဌာသဝေါမှာ ဒိဋ္ဌိ။ အဝိဇ္ဇာသဝေါ မှာ မောဟစေတသိက်။ ပေါင်း သုံးပါး။ ကာမောဃော၊ ဘ ဝေါဃောမှာ လောဘ။ ဒိဋ္ဌောဃောမှာ ဒိဋ္ဌိ။ အဝိဇ္ဇောဃော မှာ မောဟ။ ပေါင်းသုံးပါး။ ကာမယောဂေါ၊ ဘဝယောဂေါ မှာ လောဘ။ ဒိဋ္ဌိယောဂေါမှာ ဒိဋ္ဌိ။ အဝိဇ္ဇာယောဂေါမှာ မောဟ။ ပေါင်း သုံးပါး။ အဘိဇ္ဈာကာယဂန္ထောမှာ လောဘ၊ ဗျာပါဒေါကာယဂန္ထောမှာ ဒေါသ။ သီလဗ္ဗတ ပရာမာသော ကာယဂန္ထော၊ ဈာန်သစ္စာဘိနိဝေသော ကာယဂန္ထောမှာ ဒိဋ္ဌိ ပေါင်း သုံးပါး။ ကာမုပါဒါန်မှာ လောဘ။ ဒိဋ္ဌုပါဒါန်၊ သီ လဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်တို့မှာ ဒိဋ္ဌိ။ ပေါင်း နှစ်ပါး။ ကာမစ္ဆန္ဒနီဝရဏမှာ လောဘ။ ဗျာပါဒနီဝရဏမှာ ဒေါသ။ ထိနမိဒ္ဓနီဝရဏမှာ ထိန၊ မိဒ္ဓနှစ်ပါး။ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ

မှာ ဥဒ္ဓစ္စ၊ ကုက္ကုစ္စနှစ်ပါး။ အဝိဇ္ဇာနီဝရဏမှာ မောဟ။ ပေါင်း ၅စ်ပါး။ ကာမရာဂါနုသယော၊ ဘဝရာဂါ နုသယောမှာ လော ဘ၊ ပဋိဃာနုသယောမှာ ဒေါသ။ မာနာနုသယောမှာ မာန။ ဒိဋ္ဌာနုသယောမှာ ဒိဋ္ဌိ။ ဝိစိကိစ္ဆာနုသယောမှာ ဝိစိကိစ္ဆာ။ အ ဝိဇ္ဇာနုသယောမှာ မောဟ။ ပေါင်း ၆-ပါး။

သုတ္တန်နည်း၌။ ကာမရာဂ သံယောဇနံ။ ရူပရာဂသံယောဇနံ။ အရူပရာဂ သံယောဇနံတို့မှာ လောဘ။ ပဋိဃသံယောဇနံမှာ ဒေါသ။ မာနသံယောဇနံမှာ မာန။ ဒိဋ္ဌိသံယောဇနံ၊ သီလဗ္ဗ တပရာမာသ သံယောဇနံမှာ ဒိဋ္ဌိ။ ဝိစိကိစ္ဆာသံယောဇနံမှာ ဝိစိကိစ္ဆာ။ ဥဒ္ဓစ္စ သံယောဇနံမှာ ဥဒ္ဓစ္စ။ အဝိဇ္ဇာ သံယောဇနံ မှာ မောဟ။ ပေါင်း ခုနစ်ပါး။ ။အဘိဓမ္မာနည်း၌။ ကာမ ရာဂ သံယောဇနံ၊ ဘဝရာဂ သံယောဇနံမှာလောဘ။ ပဋိ ဃ သံယောဇနံမှာ ဒေါသ။ မာနသံယောဇနံမှာ မာန။ ဒိဋ္ဌိ သံယောဇနံ၊ သီလဗ္ဗတပရာမာသ သံယောဇနံမှာ ဒိဋ္ဌိ။ ဝိစိ ကိစ္ဆာသံယောဇနံမှာ ဝိစိကိစ္ဆာ။ဣဿာသံယောဇနံမှာ ဣဿာ။ မစ္ဆရိယ သံယောဇနံမှာ မစ္ဆရိယ။ အဝိဇ္ဇာ သံယောဇနံမှာ မောဟ။ ။ပေါင်း ၅စ်ပါး။

လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ။ ပေါင်းဆယ်ပါး။ ဤကား ကိလေသာ တရားကိုယ်တည်း။ အကုသိုလ် ကိုသာ သက်သက် ပေါင်း၍ ပြသောကြောင့် အကုသလသင်္ဂဟမည်၏။

## မိဿကသင်္ဂဟ

မိဿက သင်္ဂဟာ၌ ဟိတ်၊ ဈာနင်၊ မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ်၊ အဓိပတိ၊ အာဟာရအားဖြင့် ခုနစ်ပါးရှိ၏။ ထိုခုနစ်ပါးတို့တွင်

မိမိနှင့် အတူတကွ ဖြစ်သော သမ္ပယုတ်တရားတို့၏ တည်ရာ ဖြစ်သောကြောင့် ဟိတ်မည်၏။ ၎င်း တရားသည် အမြစ်ပင် စည်နှင့်တူ၏။ သဟိတ်စိတ်၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်သည် အခက်အရွက် အပွင့် အသီးတို့နှင့်တူ၏။ အဟိတ် စိတ်မှာ ဟိတ်မရှိသောကြောင့် အမြစ်မရှိသော မှော်တို့နှင့်တူ၏။ နီဝရဏ တရား တို့ကို ပယ်ခွါ တတ်သောကြောင့် ဈာနင်မည်၏။

တနည်းကား။ အကုသိုလ် အစရှိသော အာရုံကို ကပ်၍ ရှုတတ်သောကြောင့် ဈာနင်မည်၏။ မိစ္ဆာမဂ် မည်သည် ဒုဂ္ဂတိဘဝသို့ ရောက်စေတတ်သည်။ သမ္မာမဂ်သည် သုဂတိ နိဗ္ဗာန်သို့ ရောက်စေတတ်သည်။ ထို့ကြောင့် မဂ္ဂင်ခေါ်သည်။ ။မိမိနှင့် အတူတကွ ဖြစ်သော တရားကို အစိုးရ သောကြောင့် ဣန္ဒြေမည်၏ မင်းသားက မှူးမတ်ကို အစိုးရသည်နှင့် တူ၏။ သူတပါး အစိုးရသည်ကို မတားမြစ်နိုင်။ ဆန့်ကျင်ဘက် ဖြစ်သော တရားတို့ကို နှိပ်စက် တတ်သော ကြောင့် ဗိုလ်မည်၏။ ရန်သူကို ဖျက်ဆီးသော ဗိုလ်ကဲ့သို့တည်း။

အဓိပတိသည်လည်း အစိုးရတတ်သောကြောင့်တည်း။ ဣန္ဒြိယ အစိုးရ သကဲ့သို့ မဟုတ်။ သူတပါးကို တားမြစ်၍ အစိုးရသည့် စကြဝတေးမင်း အစိုးရ သကဲ့ သို့တည်း။ အာဟာရသည် ဆောင်တတ်သော သဘော ရှိ၏။ ကဗဠီ ကာရရုပ်ကို ဆောင်တတ်သည်။ ဖဿသည် ဝေဒနာ သုံးပါးကို ဆောင်တတ်သည်။ စေတနာသည် ကာမ၊ ရူပ၊ အရူပ ဘဝ သုံးပါးကို ဆောင်တတ်သည်။ဝိညာဏ်သည် မိမိနှင့် အတူတကွ ဖြစ်သော စေတသိက်ဟူ ဆိုအပ်သောနာမ်, မိမိနှင့် အတူ တကွဖြစ်သော ကမ္မဇဟုဆိုအပ်သောရုပ်။၎င်းနှစ်ပါးကို ဆောင်တတ်သည်။သောတာပတ္တိ မဂ်၌ရှိသော ပညာစေတသိက်ကို အနညာတညဿာ

ဓိတိန္ဒြေ ခေါ်သည်။ အရဟတ္တဖိုလ်၌ ရှိသော ပညာ စေတသိက်ကို အညာတာဝိန္ဒြေ ခေါ်သည်။ အလယ်လောကုတ္တရာ ၆—ခု၌ ရှိသော ပညာစေတသိက်ကို ပညိန္ဒြေဟု ခေါ်သည်။ ဇီဝိတိန္ဒြေသည်လည်းရုပ်ဇီဝိတ၊ နာမ်ဇီဝိတ ဟူ၍ နှစ်ပါးရှိ၏။

ဒွေပဥ္စဝိညာဏ် ၁၀-၌ရှိသော ဝေဒနာ ဇောဂ္ဂတာသည် အာရုံသို့ ရှေးရှု တင်ပေး တတ်သော ဝိတက် မရှိ ခြင်းကြောင့် ဈာနင်မထိုက်။ ဒွေပဥ္စ ဝိညာဏ် တဆယ်၌ ဝိတက် မရှိ ခြင်းသည် ၎င်းတဆယ်၌ ရှိသော ဝေဒနာ၊ ဧကဂ္ဂတာ တို့က ဈာန်နင်မထိုက် သောကြောင့် မယှဉ်။ ဝီရိယ မဖြစ်သော စိတ်တဆဲ့ခြောက်ခု၌ ရှိသော ဆန္ဒသည် ဝီရိယ မဖြစ် သောကြောင့် ဗိုလ်မထိုက်။ အဟိတ်စိတ်၌ ရှိသော ဝိတက် ဝိစာရ ဧကဂ္ဂတာတို့သည် ဟိတ်မရှိသောကြောင့် မဂ္ဂင်မထိုက်။ ဝိစိကိစ္ဆာစိတ်၌ရှိသော ဧကဂ္ဂတာသည် အာရုံကို ဆုံးဖြတ် တတ်သော အဓိမောက္ခလည်းမရှိ။ သမ္ပယုတ် ဟိတ်လည်း မရှိ။ ထို့ကြောင့် မဂ္ဂင် ဣန္ဒြေဗိုလ်မထိုက်လေသည်။ ဥဒ္ဓစ္စ၌ရှိသော ဧကဂ္ဂတာထိုက်သည်မှာ အဓိမောက္ခ ရှိသောကြောင့်ဟု မှတ်လေ။ အဓိပတိကို ဒွိဟိတ်ဇော တိဟိတ်ဇော၌ သာ ရအပ်၏။

ဧကဟိတ်ဇော၌မရသည်မှာသမ္ပယုတ်ဟိတ် မရှိသောကြောင့်တည်း။ အဟိတ်၌ မရသည်မှာ ဟိတ်မရှိ ပယ်သော ကြောင့်တည်း၊ မဟာဝိပါက် မဟာဂ္ဂုက်ဝိပါက်တို့၌ အဓိ ပတိကို မရသည်မှာအကျိုးနှင့် အကြောင်း ဝေးသောကြောင့်တည်း။ ထို့ကြောင့် အရဟတ္တဖိုလ်မှာ အကျိုးအကြောင်း နီး၍ အဓိပတိ ရလေသည်။ဥဒ္ဓစ္စ၌ ရှိသော ဧကဂ္ဂတာသည် ဥဒ္ဓစ္စကလည်း ပြန့်လွင့်, ဧကဂ္ဂတာလည်း တည်ကြည်။ အဘယ်သို့ ရှိသနည်း မေးမူ။ ၎င်း ဥဒ္ဓစ္စ၌ရှိသော ဧကဂ္ဂတာသည် တည်ကြည်၏ ဆိုသော်လည်း။၎င်းစိတ်မှ တပါးသော စိတ်တို့၌ ရှိသော ဧကဂ္ဂတာလောက်မတည်ကြည် အနည်းငယ်သာ တည်ကြည်သည်။

ဥပမာကား။ ဝါဂွမ်းနှင့် ခဲထုပ် ကြေးထုပ်တို့ကို ချ၍ထားသည့်ရှိသော်။ ဝါဂွမ်းသည် တည်ကြည်၏ပင် ဆိုသော်လည်း ခဲထုပ် ကြေးထုပ်လောက် မတည်ကြည်သကဲ့သို့တည်း။ ဝါဂွမ်းနှင့် ဥဒ္ဓစ္စနှင့်ရှိသော ဧကဂ္ဂတာနှင့် တူ၏။ ခဲထုပ် ကြေးထုပ်နှင့် ဥဒ္ဓစ္စမှ ကြွင်းသော စိတ်၌ရှိသော ဧကဂ္ဂတာနှင့် တူ၏။ ဥပမာကား။ ဆင်ခြေလျှောကမ်းပါးက ကျောက်လုံး ကြီးကို လှိမ့်၍ ချလိုက်သော် မဆိုင်း မချပ် လိမ့်လေ၏။ ကျောက်ဖျာကြီးကို ချလိုက်သော် နေရာကမရွေ့ရှိ၏။ လေးမျက်နှာ ရှိသော လေးထောင့် ကျောက်ကို လှိမ့်လိုက်သော် ကျောက်လုံးလောက်လည်း မလိမ့်လွန်း ကျောက်ဖျာ လောက်လည်း မလှိမ့်ဘဲမရှိ ဖြစ်သကဲ့သို့တည်း။ ကျောက်လုံးကို လှိမ့်လိုက်၍ အလွန်လိမ့်သည်နှင့်မူ ဥဒ္ဓစ္စ သဘောနှင့် တူ၏။ ကျောက်ဖျာကို ချ၍ မလိမ့်သည်နှင့်မူ ဥဒ္ဓစ္စမှ တပါးသော စိတ်တို့၌ ရှိသော ဧကဂ္ဂတာနှင့် တူ၏။ လေးထောင့် ကျောက်လုံးနှင့်မူ ဥဒ္ဓစ္စ၌ရှိသော ဧကဂ္ဂတာနှင့် တူ၏။ ရှေးဥပမာ မင်းတဲဆရာတော်ဘုရား၏ ဥပမာ။ နောက်ဥပမာ၊ မြို့ပြင်ကြီး ဆရာတော်ဘုရား၏ ဥပမာ။

အဓိပတိ အစိုးရပုံကား။ ယောကျ်ား ဆန္ဒ မရှိ၍ သာလျှင် မဖြစ်သည်။ ဆန္ဒရှိလျှင် သွားသည်၊ ထိုင်သည်၊ နေသည်၊လုပ်သည်၊ ကိုင်သည် ဆိုသမျှတို့ စင်စစ်သာလျှင် ဖြစ်သည်ဟု ဆင်ခြင်အောက်မေ့သောအခါ ဆန္ဒသည် အကြီးအမှူးဖြစ်၍ အဓိပတိထိုက်၏။ ကြွင်းသုံးပါး ငယ်ကြ၏။ ယောကျ်ား ဝီရိယ မရှိ၍ နေမှသာ မဖြစ်သည်။ ဝီရိယရှိလျှင် ခံနိုင်ရိုးလား။ ဝီရိယကို အထူးသဖြင့် ဘုရားမိန့်တော် မူသည်ဟု မှတ်သောအခါ ဝီရိယအကြီးအမှူးဖြစ်၍ အဓိပတိထိုက်၏။ ကြွင်းသုံးပါး ငယ်ကြ၏။ယောကျ်ား ပညာနှင့် ငါကြံလျှင် ခံနိုင်ရိုးလား။ သည်ယနေ့ မရလျှင် နက်ဖြန်ရအောင် ကြံမည်ဟု မှတ်သောအခါ ဝီမံသ ကြီးကဲ၍ အဓိ

ပတိထိုက်၏။ ကြွင်းသုံးပါးငယ်ကြ၏။ ယောကျ်ား စိတ်ရှိလျှင် ခံနိုင်ရိုးလား။ ဤကဲ့သို့မှတ်သောအခါ စိတ်သည် အကြီးအမှူးဖြစ်၍ အဓိပတိထိုက်၏။ ကြွင်းသုံးပါးငယ်ကြ၏။ အဓိပတိမထိုက်။

တရေးကိုယ် မှတ်သော အခါ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသမှာ မေတ္တာ။ အမောဟမှာ ပညာ။ ပေါင်း ၆-ပါး။ ဝိတက္ကောမှာ ဝိတက်။ ဝိစာရောမှာ ဝိစာရ။ ပီတိမှာ ပီတိ။ ဧကဂ္ဂတာမှာ ဒွေးပဉ္စဝိညာဏ် တဆယ် ကြဉ်သော စိတ် တခုယုတ် ရှစ်ဆယ်၌ ရှိသော ဧကဂ္ဂတာ စေတသိက်။ သောမနဿ ဒေါမနဿမှာ ဝေဒနာ။ ဥပေက္ခာမှာ စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေးကြဉ်သော ဥပေက္ခာ လေးဆဲ့ခုနစ်ခု၌ ရှိသော ဝေဒနာ။ ပေါင်း လေးဆဲ့ခုနစ်ပါး။ သမ္မာဒိဋ္ဌိမှာ ပညာ။ သမ္မာသင်္ကပ္ပမှာ သောဘဏစိတ်၌ ယှဉ်သော ဝိတက် စေတသိက်။ သမ္မာဝါယမမှာ သောဘဏစိတ်၌ ရှိသော ဝိရိယ။ သမ္မာဝါစာမှာ သမ္မာဝါစာ။ သမ္မာကမ္မန္တမှာ သမ္မာကမ္မန္တ။ သမ္မာအာဇီဝမှာ သမ္မာအာဇီဝ။ သမ္မာသတိမှာ သတိ။ သမ္မာ သမာဓိမှာ သောဘဏစိတ်၌ ရှိသော ဧကဂ္ဂတာ။ ။မိစ္ဆာဒိဋ္ဌိမှာ ဒိဋ္ဌိ။ မိစ္ဆာသင်္ကပ္ပေါမှာ ဝိစိကိစ္ဆာ ကြဉ်သော အကုသိုလ်စိတ်၌ ရှိသော ဝိတက်။ မိစ္ဆာဝါယာမောမှာ ဝိစိကိစ္ဆာ ကြဉ်သော အကုသိုလ် တဆဲ့တခု၌ ရှိသော ဝိရိယ။ မိစ္ဆာ သမာဓိမှာ ဝိစိကိစ္ဆာ ကြဉ်သော အကုသိုလ်၌ ရှိသော ဧကဂ္ဂတာ။ ကိစ္စအားဖြင့် တူခြင်းကို ပေါင်း၍၊ ပေါင်း ကိုးပါး။

စက္ခုန္ဒြိယံမှာ စက္ခုပသာဒ။ သောတိန္ဒြိယံမှာ သောတပသာဒ ဃာနိန္ဒြိယံမှာ ဃာနပသာဒ။ ဇိဝှိန္ဒြိယံမှာ ဇိဝှါပသာဒ။ ကာယိန္ဒြိယံမှာ ကာယပသာဒ။ ဣတ္ထိန္ဒြိယံမှာ ဣတ္ထိဘော။ ပုရိသိန္ဒြိယံမှာ ပုရိသဘော။ ဇီဝိတိန္ဒြိယံမှာ ရုပ်ဇီဝိတ။ ဤကား ရုပ်ဣန္ဒြေတည်း။

ဇီဝိတိန္ဒြေယံမှာ နာမ်ဇီဝိတ။ မနိန္ဒြေယံမှာ စိတ်။ သုခိန္ဒြေယံမှာ သုခ သဟာဂုတ်၌ရှိသော သုခဝေဒနာ။ ဒုက္ခိန္ဒြေယံမှာ ဒုက္ခသဟာဂုတ်၌ ရှိသော ဒုက္ခဝေဒနာ။ သောမနဿိန္ဒြေယံမှာ သောမနဿ ခြောက် ဆဲ့နှစ်ချဉ် ရှိသော သောမနဿ ဝေဒနာ။ ဒေါမနဿိန္ဒြေယံမှာ ဒေါသမူနှစ်ခွေး၌ ရှိသောဝေဒနာ။ ဥပေက္ခိန္ဒြေယံမှာ ဥပေက္ခာ ငါးဆဲ့ ငါးချဉ် ရှိသော ဥပေက္ခာ ဝေဒနာ။ သဒ္ဓိန္ဒြေယံမှာ သဒ္ဓါစေတ သိက်။ သတိန္ဒြေယံမှာ သတိစေတသိက်။ သမာဓိန္ဒြေယံမှာ ဝီရိယ မဖြစ်သော စိတ်တဆဲ့ ခြောက်ချ။ ဝိစိကိစ္ဆာ ကြဉ်သော စိတ် ခုနစ်ဆဲ့ငါးချဉ် ရှိသော ဧကဂ္ဂတာ။ ပညိန္ဒြေယံမှာ လောကီ တိ ဟိတ်စိတ် သုံးဆဲ့ကိုးချဉ် ရှိသော ပညာ။ အနညာတညဿာ မီတိန္ဒြေယံမှာ သောတာပတ္တိမဂ်၌ ရှိသောပညာ။ အညိန္ဒြေယံမှာ အလယ်လောကုတ္တရာ ခြောက်ချဉ် ရှိသော ပညာ။ အညာတာ ဝိန္ဒြေယံမှာ အရဟတ္တ ဖိုလ်၌ရှိသော ပညာ။ ဤကား နာမ်ဣန္ဒြေ ရှစ်ပါး။ သဘောတူကို ပေါင်း၍ ပေါင်းတဆဲ့ ခြောက်ပါး။ သု ခိန္ဒြေယံ၊ ဒုက္ခိန္ဒြေယံ၊ သောမနဿိန္ဒြေယံ၊ ဒေါမနဿိန္ဒြေယံ၊ ဥပေက္ခိန္ဒြေယံ၊ ၎င်းငါးပါးကိုဝေဒနိန္ဒြေခေါ် သည်။

သဒ္ဓါဗလံမှာသဒ္ဓါ။ ဝီရိယဗလံမှာဝီရိယ။ သတိဗလံမှာသတိ သမာဓိဗလံမှာ ဝီရိယမဖြစ်သောစိတ် တဆဲ့ခြောက်ချ။ ဝိစိကိစ္ဆာ ကြဉ်သောစိတ် ခုနစ်ဆဲ့နှစ်ချဉ် ရှိသောဧကဂ္ဂတာ။ ပညာဗလံမှာ ပညာ။ ဟိရိဗလံမှာ ဟိရိ။ ဩတ္တပ္ပဗလံမှာ ဩတ္တပ္ပ။ အဟိရိက ဗလံမှာ အဟိရိက။ အနောတ္တပ္ပဗလံမှာ အနောတ္တပ္ပ ပေါင်းကိုး ချ။ ဆန္ဒာဓိပတိမှာ ဒွိဟိတ် တိဟိတ် ဇော၌ ရှိသော ဆန္ဒ။ ဝီရိယာ ဓိပတိမှာ ဒွိဟိတ် တိဟိတ် ဇော၌ရှိသော ဝီရိယ။ စိတ္တာဓိပတိမှာ ဒွိဟိတ် တိဟိတ်ဇော။ ဝီမံသာဓိပတိမှာ တိဟိတ် ဇော၌ ရှိသော ပညာ။ ပေါင်း ၄-ပါး။ ကဗဠီကာရော အာဟာရောမှာ ရုပ် အာဟာရ။ ဖဿောမှာ လောကီ စိတ်၌ ရှိသောဖဿ။ မနော သဉ္စေတနာမှာ လောကီ စိတ်၌ ရှိသော စေတနာ။ ဝိညာဏံမှာ

ငိုသဖြင့် စိတ် ဖေကျနပါသ။ ဤကား ကုသိုလ် အကုသိုလ်ကို ပေါင်းရော၍ ပြသောကြောင့် မိဿက သင်္ဂဟတည်း။

## ဗောဓိပက္ခိယသင်္ဂဟ

ဗောဓိပက္ခိယ သင်္ဂဟ၌ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်အားဖြင့် ခုနစ်ပါး အပြားရှိ၏။ ထို ခုနစ်ပါးတို့တွင် သတိပဋ္ဌာန် ၄-ပါး ပြားသည်မှာ ကာယာနု ပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာ နုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟု အာရုံ လေးပါးပြားခြင်းကြောင့် သတိပဋ္ဌာန် စေတသိက်သည်လည်း ၄-ပါး ပြားရသည်။ ။ကာယာနုပဿနာ သတိပဋ္ဌာန်။ လ။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် လေးပါးကား အာရုံ၊ သတိစေတ သိက်ကား အာရမ္မဏိကတည်း။

သမ္မပ္ပဓာန်၌ ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ် ခြင်းငှါ အားထုတ်ခြင်းဟု ဆိုသည်ကား။ ပြုအပ်ပြီးသော အကု သိုလ်တရားတို့သည် ချုပ်လေပြီး ဖြစ်၍ စင်စစ် ပြုပြီးသော အကုသိုလ်တရားတို့ကို မပယ်နိုင်။ သဒိသူ အလားတူကိုသာ ပယ်ခြင်းငှါ အားထုတ်နိုင်သည်။ ဥပမာကား ဤအရပ် ဤတိုင် မှာ နှောင်ဖွဲ့၍ နွားပြုကို သတ်သောကြောင့် နောက်တဘန် လည်း ဤတိုင်၌ နှောင်ဖွဲ့၍ ထားပြီးလျှင် နွားကို မသတ်ပါပြီ ဟု ပယ်၏။ ဤသို့ ပယ်ခြင်းကိုပင် ပြုအပ်သော အကုသိုလ် တရားကို ပယ်သည်ဟု ဆိုရသည်။ ကြွင်း သမ္မပ္ပဓာန်မှာ ပါဠိ ကျော်ကြ အဓိပ္ပါယ်အတိုင်း မထုး၍ မရေးပြီ။ ။၎င်း သမ္မပ္ပ ဓာန်မှာလည်း တရားကိုယ် ကောက်သော် ဝိရိယတပါးသာ အာ ရုံ ပြားခြင်းကြောင့် လေးပါး ပြားသည်။ ဝိရိယ စေတသိက် ကား အာရမ္မဏိက ဥပ္ပန္နာခံ။လ။ ဘိယျောဘာဝါယ ဝါယာ မော။ ၎င်းလေးပါးကား အာရုံတည်း။

ဆန္ဒိဒ္ဓိပါဒေါမှာ ဆန္ဒ၊ ဝီရိယိဒ္ဓိပါဒေါမှာ ဝီရိယ၊ စိတ္တိဒ္ဓိပါဒေါမှာ လောကုတ္တရာစိတ်၊ ဝိမံသိဒ္ဓိပါဒေါမှာ ပညာ၊ သဒ္ဓိန္ဒြိယံမှာ သဒ္ဓါ၊ ဝီရိယိန္ဒြိယံမှာ ဝီရိယ၊ သတိန္ဒြိယံမှာ သတိ၊ သမာဓိန္ဒြိယံမှာ ဧကဂ္ဂတာ၊ ပညိန္ဒြိယံမှာ ပညာ၊ သဒ္ဓါဗလံမှာ သဒ္ဓါ၊ ဝီရိယဗလံမှာ ဝီရိယ၊ သတိဗလံမှာ သတိ၊ သမာဓိဗလံမှာ ဧကဂ္ဂတာ၊ ပညာဗလံမှာ ပညာ။

သတိသံဗောဇ္ဈင်္ဂေါမှာ သတိ၊ ဓမ္မဝိစယ သံဗောဇ္ဈင်္ဂေါမှာ ပညာ၊ဝီရိယ သံဗောဇ္ဈင်္ဂေါမှာဝီရိယ၊ပီတိ သံဗောဇ္ဈင်္ဂေါမှာ ပီတိ၊ ပဿဒ္ဓိ သံဗောဇ္ဈင်္ဂေါမှာ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ နှစ်ပါးကို ငြိမ်းခြင်း တူသည်ကို ပေါင်း၍ ပဿဒ္ဓိ တခုသာ ယူရ၏။ သမာဓိ သံဗောဇ္ဈင်္ဂေါမှာ ဧကဂ္ဂတာ၊ ဥပေက္ခာ သံဗောဇ္ဈင်္ဂေါမှာ ဥပေက္ခာ၊ သမ္မာဒိဋ္ဌိမှာ ပညာ၊ သမ္မာသင်္ကပ္ပမှာ ဝိတက်၊ သမ္မာဝါစာမှာ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တမှာ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝေါမှာ သမ္မာအာဇီဝ၊ သမ္မာဝါယာမောမှာ ဝီရိယ၊ သမ္မာသတိမှာ သတိ၊ သမ္မာ သမာဓိမှာ ဧကဂ္ဂတာ၊ ဤတရားကိုယ်ကောက် စေတသိက်တို့ကို လောကုတ္တရာ၌သာ ယူရမည်။ တရားပေါင်း ရဖွဲ့သ။

သတိပဋ္ဌာန်အစ မဂ္ဂင်အဆုံး ၃၇–ပါးတို့ကို ဗောဓိပက္ခိယတရားဟု ခေါ်ကုန်၏။ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်အားဖြင့် ၇-ပါး။ သင်္ကပ္ပ၊ ပဿဒ္ဓိ၊ ပီတိ၊ ဥပေက္ခာ၊ ဆန္ဒ၊ စိတ္တ၊ ဝိရတိ ၃–ခု။ ပေါင်း ၉–တို့တွင် ဆန္ဒ၊ စိတ္တမှာ ဣဒ္ဓိပါဒ် တကိစ္စ တဋ္ဌာနသာ တပ်သည်။[၂] ဝိရတိ ၃-ခု။ သင်္ကပ္ပမှာ မဂ္ဂင် တကိစ္စ တဋ္ဌာနသာ တပ်သည်။ ပဿဒ္ဓိ၊ ပီတိ၊ ဥပေက္ခာမှာ ဗောဇ္ဈင် တကိစ္စ တဋ္ဌာနသာ တပ်သည်။ ထို့ကြောင့် တကိစ္စ တဋ္ဌာန တပ်သောတရား ၉-ပါးတည်း။ဝီရိယသည် သမ္မပ္ပဓာန် လေးပါး။ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ဗောဇ္ဈင်၊

မဂ္ဂင်၌ ဖြစ်သော ကြောင့် ၉–ကိစ္စ ၉–ဌာန တပ်၏။ သတိ သည် သတိပဋ္ဌာန်လေးပါး။ ဈာန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တို့၌ ဖြစ်သောကြောင့် ၅စ်ကိစ္စ ၅စ်ဋ္ဌာနတပ်၏။ ။ဧကဂ္ဂတာသည် ဈာန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တို့၌ ဖြစ်သောကြောင့် ၄-ကိစ္စ ၄–ဌာနတပ်၏။ ပညာသည် ဈာဒ္ဓိပါဒ်၊ ဈာန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင် မဂ္ဂင်၌ ဖြစ်သောကြောင့် ၅–ကိစ္စ ၅-ဌာနတပ်၏။ သဒ္ဓါသည် ဈာန္ဒြေ၊ ဗိုလ်၌ ဖြစ်သောကြောင့် ၂-ကိစ္စ ၂-ဌာနတပ်၏။ ။ တရသော လောကုတ္တရာ၌ သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယ တရားကို ရမည်မဟုတ်။ လောကုတ္တရာ အကုန်၌သာ ရသည် ကို ရည်၍ သဗ္ဗေဟု ဆိုသည်- လောကီ၌ သုဒ္ဓိခြောက်ပါး စင် ကြယ်လျှင် ဗောဓိပက္ခိယတရားကို ထိုက်သည်အားလျော်စွာ ရ လေ၏။

## သဗ္ဗသင်္ဂဟ

သဗ္ဗသင်္ဂဟ၌ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာဟူ၍ လေးပါး အပြားရှိ၏။ ထို လေးပါးတို့တွင် ခန္ဓာသည် ရူပက္ခန္ဓာ၊ ဝေဒ နာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ အားဖြင့် ငါးပါး အပြားရှိ၏။ ထို ငါးပါးတို့တွင် ရုပ်အဋ္ဌ ဝီသသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာ စေတသိက်သည် သညာက္ခန္ဓာ မည်၏။ ဝေဒနာသညာမှ ကြွင်းသော စေတသိက် ငါးဆယ်သည် သင်္ခါရက္ခန္ဓာ မည်၏။ စိတ်တခုယုတ် ကိုးဆယ် သည် ဝိညာဏက္ခန္ဓာ မည်၏။ ။အာ ယတနသည်လည်းစက္ခာယတန။လ။ဓမ္မာယတန အားဖြင့် ၁၂–ပါး အပြားရှိ၏။ ထို တဆဲ့နှစ်ပါးတို့တွင် စက္ခု ပသာဒသည် စက္ခာ ယတနမည်၏။လ။စေတသိက်ငွေပညာသ၊ သုခုမရုပ် သောဠသ၊ နိဗ္ဗာန် သည် ဓမ္မာယတန မည်၏။

ဓာတ်သည်လည်း စက္ခုဓာတ်။လ။မနော ဝိညာဏ ဓာတ် အားဖြင့် တဆဲ့ရှစ်ပါး အပြားရှိ၏။ ထိုတဆဲ့ရှစ်ပါးတို့တွင် စက္ခု

ပသာဒသည် စက္ခုဓာတ် မည်၏။သ။ဒွေပဉ္စ ဝိညာဏ်တဆယ် မနောဓာတ် ကြဉ်သော စိတ်ခုနစ်ဆဲ့ ခြောက်ခုသည် မနော ဝိညာဏဓာတ် မည်၏။ ။သစ္စာ သည်လည်း ဒုက္ခသစ္စာ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူ၍ လေးပါးအပြားရှိ၏ ထိုလေးပါးတို့တွင် လောကီစိတ် ဧကာသီတိ။ လောဘ ကြဉ်သော စေတသိက် ဧပညာသ၊ ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာ မည်၏။ လောဘ စေတသိက်သည် သမုဒယ သစ္စာ မည်၏။ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ လောကုတ္တရာမဂ်စိတ် လေးခု၌ ရှိသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ခန္ဓာမှာ ပေါင်းသောကြောင့် ခန္ဓာ ခေါ်သည်။ ပေါင်းသောကြောင့် ခန္ဓာခေါ်၏ ဟု ဆိုသော် ရူပက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့မှာ အများဖြစ်၍ အပေါင်းဟု ဆိုလျှင် ဆိုတန်စေ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာမှာ တခုတည်း ဖြစ်၍ ပေါင်းစရာ မရှိဘဲလျက်ကို အဘဲ့ကြောင့် ခန္ဓာဟု ဆိုပြန်သနည်း ဟူမူ။ ဤကဲ့သို့ များသည်ကို ပေါင်းသည်ဟု မဆိုလို။ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကို ပေါင်းသည်ကိုသာ အပေါင်းဟု ဆိုသည်။ ထို့ကြောင့် ဝေဒနာ သညာကိုလည်း ခန္ဓာခေါ်သင့် ခေါ်ထိုက်၏။ ။ အာယတနမှာ သဗ္ဗဝါတ္တိုကို သံသရာ တည်းဟူသော ဝဋ်ဆင်းရဲ၌ ဘွဲ့ဘတ် သောကြောင့် အာယတနခေါ်၏။ သဗ္ဗဝါတ္တိုကို သံသရာတည်းဟူသော ဝဋ်ဆင်းရဲ၌ ဆောင်တတ်သောကြောင့်ဓာတ် မည်၏။ မှန်သောကြောင့် သစ္စာခေါ်၏။အရိယာတို့အားသာ ထိုက်သောကြောင့် အရိယာ။ ပေါင်းနှစ်ခုကို စပ်၍ အရိယ သစ္စာဟု ခေါ်သည်။

ရူပက္ခန္ဓာသည် ရုပ်ခန္ဓာ ကြွင်းခန္ဓာ လေးပါးသည် နာမ်ခန္ဓာ။ ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာတို့မှာ တခုတည်း ဖြစ်၍ သုဒ္ဓခန္ဓာ။ ကြွင်းခန္ဓာ သုံးပါးမှာ မိဿက ခန္ဓာ။ ။အာယတန

တဆဲ့ နှစ်ပါး၌ စက္ခာယတန ။လ။ ဖောဋ္ဌဗ္ဗာ ယတန။ပေါင်း တဆယ်သည် ရုပ်အာယတန မနာယတနမှာ နာမ် အာယတန၊ ဓမ္မာယတနမှာ ရုပ်ပါနာမ်ရော၊ စက္ခာယတန သောတာယတန လ။ရသာယတန၊ ပေါင်းကိုးပါးသည် သုဒ္ဓါယတန၊ ဖောဋ္ဌဗ္ဗာ ယတန၊ မနာယတန၊ ဓမ္မာယတနမှာ မိဿက ထို့ကြောင့် အာယတနတဆဲ့နှစ်ပါး၌ရုပ် အာယတန -၁၀။ နာမ် အာယတန တပါး။ ရုပ်ရော နာမ်ရော တပါး၊ သုဒ္ဓါယတန ၉-ပါး။မိဿက ၃-ပါးဖြစ်သတည်း။

ဓာတ်၁၈-ပါး၌ စက္ခုဓာတ်။လ။ဖောဋ္ဌဗ္ဗ ဓာတ် ပေါင်း ၁၀ ပါးသည် ရုပ်ဓာတ်။ စက္ခုဝိညာဏဓာတ်။လ။ ကာယဝိညာဏ ဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ပေါင်းနာမ်ဓာတ် ခု နစ်ပါး ရုပ်ရော နာမ်ရောဓာတ်မှာ ဓမ္မဓာတ် ၁-ပါး။စက္ခု ဓာတ်။ လ။ ရသဓာတ်ပေါင်း ၉-ပါးသည် သုဒ္ဓဓာတ်၊ ဖောဋ္ဌဗ္ဗ ဓာတ်၊ စက္ခုဝိညာဏဓာတ်။ လ။ ကာယဝိညာဏဓာတ်၊ မနော ဓာတ်၊ မနော ဝိညာဏဓာတ်၊ဓမ္မဓာတ်၊ ပေါင်းကိုးပါးသည် မိဿ ကဓာတ်၊ ထို့ကြောင့် ဓာတ်တဆဲ့ရှစ်ပါး၌ ရုပ်ဓာတ်တဆယ်။ နာမ်ဓာတ်ခုနစ်ပါး။ ရုပ်ရောနာမ်ရော ဓာတ် ၁-ပါး။ သုဒ္ဓဓာတ် ကိုးပါး။ မိဿက ဓာတ် ကိုးပါးဖြစ်သတည်း။

သစ္စာလေးပါး၌ သမုဒယသစ္စာ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ပေါင်းသုံးပါးသည်နာမ်သစ္စာ။ ဒုက္ခသစ္စာ တပါးသည် ရုပ်ရော၊ နာမ်ရော သစ္စာတည်း။ သမုဒယ သစ္စာ။ နိရောဓ သစ္စာမှာ သုဒ္ဓသစ္စာ။ကြွင်းနှစ်ပါးမှာမိဿကသစ္စာ၊ ထို့ကြောင့်သစ္စာလေး ပါး၌ နာမ်သစ္စာ သုံးပါး၊ ရုပ်ရော နာမ်ရောသစ္စာတပါး။ သုဒ္ဓ သစ္စာ နှစ်ပါး။ မိဿက သစ္စာ နှစ်ပါးဖြစ်သတည်း။

ဥပါဒါနက္ခန္ဓာမှာ ဥပါဒါန်၏ အာရုံ ဖြစ်သော တရားတွင် သာ ခန္ဓာဟွဲရသည်။ ဥပါဒါန်၏ အာရုံ ဖြစ်သော တရား

ကား။ လောကီစိတ်ဧကောသိတိ။ စေတသိက် နွေပညာသ။ ရုပ်အဋ္ဌဝီသတည်း။ ခန္ဓာဘွဲ့သော်ကား၊ ရုပ်အဋ္ဌဝီသသည် ရူပုပါဒါနက္ခန္ဓာ။ လောကီစိတ်၌ ယှဉ်သော ဝေဒနာသည် ဝေဒနုပါဒါနက္ခန္ဓာ။ လောကီ၌ယှဉ်သော သညာ စေတသိက်သည် သညုပါဒါနက္ခန္ဓာ။ လောကီစိတ်၌ယှဉ်သော ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ငါးဆယ်သည် သင်္ခါရုပါဒါနက္ခန္ဓာ။ လောကီစိတ်သည် ဝိညာဏုပါဒါနက္ခန္ဓာ။

ဤသို့ဘွဲ့အပ်သော ရူပက္ခန္ဓာသည် ရေမြှုပ်နှင့်တူသည်။ ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့်တူသည်။ သညာက္ခန္ဓာသည် တံလျှပ်နှင့်တူသည်။ သင်္ခါရက္ခန္ဓာသည် ငှက်ပျော တုံးနှင့် တူသည်။ ဝိညာဏက္ခန္ဓာသည် မျက်လှည့်သည် ဘီလူးမနှင့် တူသည်။ တနည်းကား။ ရူပက္ခန္ဓာသည် တည်ရာဖြစ်၍ ဘောဇဉ် ခံဘွယ် ထည့်အပ်သော ခွက်နှင့် တူသည်။ ဝေဒနာက္ခန္ဓာသည် သုံးစွဲခံစားအပ်သောသဘော ရှိသောကြောင့် ဘောဇဉ်နှင့် တူသည်။ သညာက္ခန္ဓာသည် သုံးစွဲခံစားခြင်း သဘောကို ရသောကြောင့် အဖျော်အရေနှင့် တူသည်။ သင်္ခါရက္ခန္ဓာသည် ပြုပြင် စီရင်တတ်သောကြောင့် စားဒိုသည်နှင့် တူသည်။ ဝိညာဏက္ခန္ဓာ မှာ သုံးစွဲ ခံစားတတ်သောသူနှင့် တူသည်။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနာယတနဟုဆိုအပ်သော အဇ္ဈတ္တိက အာယတန ခြောက်ပါးသည်၊ လူတို့ စွန့်ပစ်၍ သွားသော ရွာနှင့် တူသည်။ ကြွင်း ဗာဟိရ ယတန ခြောက်ပါးသည် သူခိုးနှင့် တူသည်။ အဘဲ့ကြောင့် နည်းဟူမူကား။ ယောကျ်ားသည် မိန်းမ တည်းဟူသော ရူပါရုံကို မြင်သော အခါ ရှေး၌ ဖြစ်၍ နေသော ကုသိုလ် တရားကို ခိုး၍ တပ်နှစ်သက်ခြင်း တည်းဟူသော အကုသိုလ် တရားကိုသာ ဖြစ်စေ၏။ ထို အခါ မိန်းမ၏ ရူပါရုံသည် ယောကျ်ား သန္တာန်၌ ရှိသော ကုသိုလ် တရားကို

ခိုးသည်မည်၏။ မိန်းမသည် ယောက်ျား တည်းဟူသော ရူပါ ရုံကို မြင်သော အခါ ရှေး၌ ဖြစ်သော ကုသိုလ် တရားသည် ကွယ်ပျောက်၍ အကုသိုလ် ဖြစ်လာ၏။ ထို အခါ ယောက်ျား ၏ ရူပါရုံသည် မိန်းမ သန္တာန်၌ ရှိသော ကုသိုလ် တရားတို့ကို ခိုး၍ ယူသည် မည်၏။ သဒ္ဒါရုံ စသည်တို့၌လည်း ဤနည်းမှတ် လေ။

စက္ခု၊ သောတ၊ ဃာန၊ဇိဝှါ၊ကာယဓာတ်တို့သည် စည်မျက် နှာနှင့် တူ၏။ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗဓာတ်တို့သည် စည် လက်ခတ်နှင့် တူ၏။ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏ ဓာတ်၊ဃာနဝိညာဏဓာတ်၊ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏ ဓာတ်တို့သည် စည်သံနှင့် တူ၏။ မနောဓာတ်သည် ပဉ္စဝိညာဏ် ၏ ရှေ့သွား နောက်လိုက် ဖြစ်၏။ ပဉ္စဒွါရဝီထိကို ထောက်၍ သိ လေ။ ။ဓမ္မဓာတ်၌ ဝေဒနာ စေတသိက်သည် သံတံကျင်နှင့် တူ၏။ ကြွင်း စေတသိက် ဧကပညာသသည် သံတံကျင် လှိုခံ ရသော သူနှင့် တူ၏။ သုခုမ ရုပ် သောဠသသည် အထူးထူး အပြားပြား ဖြစ်စေ တတ်သော သဘော ရှိသောကြောင့် သင် တုန်း စက်နှင့် တူ၏။ နိဗ္ဗာန်သည် မရှိရာ အရပ်ဌာနနှင့် တူ၏။ မနော ဝိညာဏ ဓာတ်သည် တောမျောက်နှင့် တူ၏။ တော မျောက်သည် သစ်ကိုင်းကို ကူးသော အခါ တကိုင်းကိုမှီမှ ဘကိုင်း ကို လွှတ်သည်။ ထို့အတူ မနောဝိညာဏ ဓာတ်သည်လည်း တပါးသော အာရုံကို ယူပြီးမှ တပါး သော အာရုံကို ပြုနိုင်ယူ နိုင်သည်။ အာရုံနှစ်ပါးတို့ကို တပြိုင်နက် မယူနိုင်။

ဒုက္ခသစ္စာသည် အနာရောဂါနှင့် တူသည်။ သမုဒယ သစ္စာ သည် မသင့်သော ဆေးဝါး ဘောဇဉ် အရပ် ဥတုနှင့် တူ၏။ နိရောဓသစ္စာမှာ အနာပျောက် သည်နှင့် တူ၏၊ မဂ္ဂ သစ္စာမှာ အနာကို ပျောက်စေ တတ်သော ဆေးဝါး ဘောဇဉ် အရပ် ဥတုနှင့် တူ၏။

နိဗ္ဗာန်သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ ဟီန၊ ပဏီတ၊ ဒူရ၊ အာသန္န၊ ဗဟိဒ္ဓ၊ အဇ္ဈတ္တ၊ သုခုမ၊ဩဠာရိကဟု ဆိုအပ်သော တဆဲ့တပါးသော အပြားတို့၏ မရှိခြင်းကြောင့် ခန္ဓာ မဟုတ်ရ။ နိဗ္ဗာန်သည် တဆဲ့တပါးသော အပြား မရှိဟု ဆိုသော်လည်း ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် တို့သာ လုံးလုံး မရှိသည်။ ဤမှ ကြွင်းသည့်တို့မှာ တပါးစီ ရှိသေး၏။ နှစ်ပါး ရုံမရှိသည်ကို သာ အပြားမရှိဟု ဆိုလေသည်။

သစ္စဝိမုတ်ထုတ်ရာ၌ မဂ်စိတ္တုပ္ပါဒ် နှစ်ဆဲ့ကိုးခု ဆိုသည်မှာ မဂ် ပဌမဈာန်စိတ်၌ယှဉ်သောစေတသိက် တို့တွင် မဂ္ဂ သစ္စာ ထိုက်သော မဂ္ဂင်တရားကိုယ် ၇စ်ခုကို ကြည့် မဂ်စိတ် လေးခုကို အာရမ္မဏာ ဝိဇ္ဇာနန အားဖြင့် တူ၍ တပေါင်းတည်း ပြု၍ တခုထည့်၊ နှစ်ဆဲ့ကိုးဖြစ်၏။ဒုတိယ ဈာန်၌လည်း ၎င်းနည်း မဂ္ဂင်တရားကိုယ် ခုနစ်ပါးကြည့်။မဂ်စိတ် လေးပါးကို အာရမ္မဏာဝိဇ္ဇာနန အားဖြင့်တခုတည်း ပြု၍ နှစ်ဆဲ့ကိုးခု ဖြစ်၏။မဂ်တတိယ ဈာန်၌ ယှဉ်သော စေတသိက် သုံးဆဲ့လေးခု တို့တွင် မဂ္ဂင် တရားကိုယ် ၇-ပါး ကိုနုတ်။ မဂ်စိတ်ကို ပေါင်း၍ တခုတည်း ပြု၍ ၂၈-ဖြစ်၏။စတုတ္ထ ဈာန် မဂ်စိတ်၌ ယှဉ်သော စေတသိက် သုံးဆဲ့သုံးခုတွင် မဂ္ဂင် တရားကိုယ် ခုနစ်ပါးကို ကြည့်။ မဂ်စိတ် လေးပါးကို တပေါင်း တည်း ပြု၍ တခုထည့်။နှစ်ဆဲ့ ခုနစ်ပါး ဖြစ်၏။ပဉ္စမဈာန်၌လည်း နည်းတူ နှစ်ဆဲ့ခုနစ်ပါး ဖြစ်၏။

ထို့ကြောင့် မဂ်စိတ္တုပ္ပါဒ် ၂၉-ဆိုသည်မှာ ပဌမ ဒုတိယကို ရည်၍ ဆိုသည်။ ၂၈-ဆိုသည်မှာ တတိယကို ရည်၍ ဆိုသည်။ ၂၇-ဆိုသည်မှာ စတုတ္ထ ပဉ္စမကိုရည်၍ ဆိုသည်ဟု မှတ်အပ်၏ ဖိုလ်စိတ္တုပ္ပါဒ် ၃၇- ဆိုသည်မှာ ဖိုလ် ပဌမဈာန်၌ ယှဉ်သောစေ တသိက်ထဲသို့ အာရမ္မဏာဝိဇ္ဇာနန အားဖြင့် ဖိုလ်လေးခု ပေါင်း၍ တခုထည့်။သုံးဆဲ့ ခုနစ် ဖြစ်၏။ ဒုတိယ ဈာန် ဖိုလ်၌ယှဉ်သော စေ

တသိက်ထဲသို့ ဖိုလ် ၄–ခုပေါင်း၍ တခုသည့်။သုံးဆဲ့ခြောက်ဖြစ်၏။ တတိယဈာန် ဖိုလ်၌ ယှဉ်သော စေတသိက် ထဲသို့ ဖိုလ်လေးခုကို ပေါင်း၍ တခုထည့်။ သုံးဆဲ့ငါးခု ဖြစ်၏။စတုတ္ထဈာန်၌ ယှဉ်သော စေတသိက်ထဲသို့ဖိုလ်လေးခု ပေါင်း၍ တခုထည့်။ သုံးဆဲ့လေးခုဖြစ်၏။ ထို့အတူ ပဉ္စမဈာန် ဖိုလ်၌လည်း သုံးဆဲ့လေးခု ဖြစ်၏။ ထို့ကြောင့် သုံးဆဲ့ခုနစ်ခုမှာ ပဌမဈာန်ကို ရည်၍ ဆိုသည်။ သုံးဆဲ့ခြောက်ခုမှာ ဒုတိယဈာန်ကို ရည်၍ ဆိုသည်။ သုံးဆဲ့ငါးခုမှာ တတိယဈာန်ကို ရည်၍ ဆိုသည်။ သုံးဆဲ့လေးခုမှာ စတုတ္ထနှင့် ပဥ္စမဈာန်ကို ရည်၍ ဆိုသည်ဟု မှတ်အပ်၏။

ခန္ဓာ အာယတန ဓာတ်တို့ကို ဟောတော် မူခြင်းသည်။ ပုဂ္ဂိုလ် သုံးယောက်တို့ကို ချီးမြှောက် ထောက်ပံ့လို၍ ဟောတော်မူသည်။ ပုဂ္ဂိုလ်သုံးယောက် ဟူသော်ကား။ နာမ်၌တွေဝေသော ပုဂ္ဂိုလ်၊ ရုပ်၌ တွေဝေသော ပုဂ္ဂိုလ်၊ နာမ်ရုပ်၌ တွေဝေသော ပုဂ္ဂိုလ်ဟူ၍ သုံးယောက်။ ဣန္ဒြေထက်လွန်သော ပုဂ္ဂိုလ်၊ ဣန္ဒြေ အလယ်အလတ် ပုဂ္ဂိုလ်၊ ဣန္ဒြေ နုံလွန်းသော ပုဂ္ဂိုလ်ဟူ၍ သုံးယောက်။ သံခိတ္တရုစိ၊ မဇ္ဈိမရုစိ၊ ဝိတ္ထာရရုစိ ဟူ၍လည်း သုံးယောက်။

ထို သုံးယောက် သုံးရပ်တို့တွင် ပဌမသုံးယောက်၌ နာမ်၌ တွေဝေသော ပုဂ္ဂိုလ်ကို ရည်၍ ခန္ဓာကို ဟောတော်မူသည်။ ရုပ်၌ တွေဝေသော ပုဂ္ဂိုလ်ကို ရည်၍ အာယတနကို ဟောတော်မူသည်။ နာမ်ရုပ်၌ တွေဝေသော ပုဂ္ဂိုလ်ကို ရည်၍ဓာတ်ကိုဟောတော်မူသည်။ အလယ် ပုဂ္ဂိုလ် သုံးယောက် တို့တွင် ဣန္ဒြေအလွန်ထက်သော ပုဂ္ဂိုလ်ကို ရည်၍ ခန္ဓာကို ဟောတော်မူသည်။ဣန္ဒြေ အလယ်အလတ် ပုဂ္ဂိုလ်ကို ရည်၍ အာယတနကို ဟောတော်မူသည်။ ဣန္ဒြေ နုံလွန်းသော ပုဂ္ဂိုလ်ကို ရည်၍

ခေတ်ကို ဟောတော်မူသည်။ တတိယ သုံးယောက် ဂိုဏ်းတွင် သံခိတ္တရုစိပုဂ္ဂိုလ်ကို ရည်၍ ခဏ္ဍကို ဟောတော်မူသည်။ မဇ္ဈိမ ရုစိ ပုဂ္ဂိုလ်ကို ရည်၍ အာယတနကို ဟောတော် မူသည်။ ဝိတ္ထာရရုစိပုဂ္ဂိုလ်ကို ရည်၍ ဓာတ်ကို ဟောတော်မူသည်။

သမုစ္စည်းပိုင်း ပြီး၏။

## ၈ – ပစ္စည်းပိုင်း

ယေသံသင်္ခတ ဓမ္မာနံ အာဒိသဒ္ဒါဖြင့် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်မှ တပါး ကြွင်းပစ္စယုပ္ပန်ကို အကုန်ယူ။ ယေဓမ္မာ ပစ္စယာဒို အာဒိသဒ္ဒါဖြင့် ဟေတုပစ္စည်းမှ တပါး ကြွင်းပစ္စည်းကို အကုန်ယူ။ ပဋိစ္စသမုပ္ပါဒ်နည်းမှာ ပစ္စည်း ပစ္စယုပ္ပန်ကို စွဲ၍ ပစ္စည်းကို ဆိုသည်။ ထို့ကြောင့် ပစ္စယုပ္ပန် ပဓာန ပစ္စည်းအပဓာန။ ပဋ္ဌာန်းနည်းမှာ ပစ္စည်းကိုစွဲ၍ ပစ္စယုပ္ပန်ကို ဆိုသည်။ထို့ကြောင့် ပစ္စည်း ပဓာန၊ ပစ္စယုပ္ပန်အပဓာန ဖြစ်သည်။

### ပဋိစ္စသမုပ္ပါဒ်နည်း

အဝိဇ္ဇာသည် သုတ္တန် နည်းအားဖြင့် သစ္စာလေးပါးကို မသိခြင်း တည်းဟူသော အင်္ဂါလေးပါး၊ အဘိဓမ္မာ နည်းအားဖြင့် သစ္စာလေးပါး၊ ရှေ့အစွန်း နောက်အစွန်း၊ ရှေ့နောက် အစွန်း၊ ပဋိစ္စသမုပ္ပါဒ်ကို မသိခြင်း တည်းဟူသော အင်္ဂါရှစ်ပါး၊ ပဋိစ္စသမုပ္ပါဒ် တရားသည် အစမရှိ အဆုံးမရှိ မောဟ တည်းဟူသော အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ တို့သည် ဖြစ်ကုန်၏။ ကာမ ကုသိုလ် ရူပကုသိုလ်၌ ရှိသော စေတနာ ၁၃-ခုသည် ပုညာဘိသင်္ခါရ၊ အကုသိုလ် ၁၂ ဒသ၌ ရှိသော စေတနာ ၁၂–ခုသည် အပုညာဘိ သင်္ခါရ၊ အရူပ ကုသိုလ် ၄–ခု၌ ရှိသော စေတနာ လေးခုသည် အာနေဉ္ဇာဘိ သင်္ခါရ မည်၏။ သင်္ခါရကြောင့်လည်း အဝိဇ္ဇာ ဖြစ်၏။

ဘုရား ရဟန္တာတို့မှာ အဝိဇ္ဇာ မဖြစ် ခြင်းကြောင့် သင်္ခါရလည်း မဖြစ်။ သင်္ခါရဖြစ်ခြင်းကြောင့် ပဋိသန္ဓေစိတ်ဟု ဆိုအပ်သော ဝိညာဏ်၊ ဝိပါက်ဆတ္တိံသဟု ဆိုအပ်သော ဝိညာဏ်၊ စိတ်တခုယုတ် ကိုးဆယ်ဟု ဆိုအပ်သော ဝိညာဏ်လည်းဖြစ်၏။

ဝိညာဏ် ဖြစ်ခြင်းကြောင့် လည်း သင်္ခါရဖြစ်၏။ ပဋိသန္ဓေစိတ် ဧကူနဝီသ ဝိညာဏ်မှာ ပဋိသန္ဓေ အခါကို ရည်၍ ဆိုသည် လောကီဝိပါက်ဗာတ္တိံသဟုဆိုအပ်သောဝိညာဏ်၊စိတ်တရယုတ် ကိုးဆယ်ဟု ဆိုအပ်သော ဝိညာဏ်မှာ ပဝတ္တိအခါကို ရည်၍ ဆိုသည်။ ဝိညာဏ် ဖြစ်ခြင်းကြောင့် ပဋိသန္ဓေစိတ်၌ ယှဉ်သော စေတသိက် ပဉ္စတိံသဟု ဆိုအပ်သော နာမ်၊ ကမ္မဇရုပ်ဟု ဆို အပ်သော ရုပ်သည် ဖြစ်၏။ ဤကား ပဋိသန္ဓေ အခါ တည်း။ စေတသိက် ဒွေပညာသဟု ဆိုအပ်သော နာမ်၊ ရုပ်အဋ္ဌဝီသ ဟု ဆိုအပ်သော ရုပ်သည် ဖြစ်၏။ ဤကား ပဝတ္တိအခါတည်း။

နာမ် ရုပ် ဖြစ်ခြင်းကြောင့် အဇ္ဈတ္တိက ယတနဟုဆိုအပ်သော သဠာ ယတနသည် ဖြစ်၏။သဠာယတန ဖြစ်ခြင်းကြောင့် စက္ခု သမ္ဖဿ၊ သောတ သမ္ဖဿ၊ ဃာန သမ္ဖဿ ဇိဝှါသမ္ဖဿ၊ ကာယ သမ္ဖဿ၊ မနော သမ္ဖဿဟု ဆိုအပ်သော ဖဿဖြစ်၏ ဖဿ ဖြစ်ခြင်းကြောင့် စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတ သမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှါသမ္ဖဿ ဇာဝေဒနာ၊ ကာယသမ္ဖဿဇာ ဝေဒနာ၊ မနောသမ္ဖဿဇာ ဝေဒနာသည် ဖြစ်၏။ ထို့ကြောင့် ဖဿဝေဒနာသည် အရေမရှိ သောနွားနှင့် တူသည်ဟု ဆိုသည်။ ဝေဒနာ ဖြစ်ခြင်းကြောင့် ကာမတဏှာ၊ ဘဝတဏှာ၊ နတ္ထိက,အကြိယ, အဟေတုကဟု ဆိုအပ်သော ဝိဘဝတဏှာသည်။ ဝါ။ ရူပတဏှာ၊ သဒ္ဒာတဏှာ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာသည် ဖြစ်၏။ တဏှာဖြစ်ခြင်းကြောင့် ဥပါဒါန် လေးပါး ဖြစ်၏။

တဏှာနှင့် ဥပါဒါန် အထူးမှာ တဏှာကြီးလျှင် ဥပါဒါန်ခေါ် သည်။ အရူးကြီး၊ အရူးကလေး ဆိုသကဲ့သို့တည်း။ ဥပါဒါန် ဖြစ်ခြင်းကြောင့် လောကီ ကုသိုလ် အကုသိုလ်၌ရှိသော စေတ နာ နှစ်ဆဲ့ကိုးခုဟု ဆိုအပ်သော ကမ္မဘဝ၊ လောကီဝိပါက်

ဗာတ္တိံသစေတသိက် ပဥ္စတိံသ ကမ္မဇရုပ် ဝိသဟု ဆိုအပ်သော ဥပပတ္တိ ဘဝသည်။ ဝါ၊ ကာမဝိပါက် တေဝိသ၊ စေတသိက် တေတ္တိံသ၊ ကမ္မဇရုပ်ဝိသဟု ဆိုအပ်သော ကာမဘဝ၊ ရူပဝိပါက်ငါးခု၊ စက္ခုဝိညာဏ်နှစ်၊ သောတဝိညာဏ်နှစ်၊ သမ္ပဋိစ္ဆိုင်း နှစ်၊ သန္တီရဏသုံးခု၊ စေတသိက်ပဥ္စတိံသ၊ ဃာန၊ ဇိဝှါ၊ ကာယ ဒသကတို့ဘော၊ ပဉ္စဒွာကြည်သော ကမ္မဇရုပ် ပန္နရသဟု ဆိုအပ် သော ရူပဘဝ၊ အရူပဝိပါက် လေးခု။ စေတသိက်တိံသဟု ဆိုအပ်သော အရူပဘဝ၊ နေဝသညာ နာသညာယတန ဝိပါက် ကြည်သော လောကီဝိပါက် ဇကတိံသ၊ စေတသိက် ပဥ္စတိံသ ကမ္မဇရုပ် ဝိသဟု ဆိုအပ်သော သညီဘဝ၊ ဇီဝိတဆက္က၊ ဇီဝိ တ နဝက ကလာပ်၊ အသညသတ် ပဋိသန္ဓေဟု ဆိုအပ်သော အသညီဘဝ၊နေဝသညာ နာသညာယတနဝိပါက်ဟု ဆိုအပ်သော နေဝသညီနာသညီဘဝ၊ ဇီဝိတဆက္က၊ ဇီဝိတနဝက ကလာပ်၊ အသညသတ်၊ ပဋိသန္ဓေဟု ဆိုအပ်သော ဧကဝေါကာရဘဝ အရူပဝိပါက် လေးခု၊ စေတသိက်တိံသဟု ဆိုအပ်သော စတု ဝေါကာရ ဘဝ၊ ကာမဝိပါက် တေဝိသ၊ ရူပဝိပါက် ငါးခု၊ စေတသိက်ပဥ္စတိံသ၊ ကမ္မဇရုပ် ဝိသဟုဆိုအပ်သော ပဥ္စဝေါ ကာရ ဘဝတို့သည် ဖြစ်ကုန်၏။ ၎င်းကို ဘဝကြီးကိုးပါးဟု ခေါ်ဝေါ်ကုန်၏။

ဘဝ ဖြစ်ခြင်းကြောင့် ရုပ်၏ ဇာတိနာမ်သည် ဖြစ်၏။ ဇာ တိ ဖြစ်ခြင်းကြောင့် နာမ်၏ ရင့်ခြင်း ရုပ်၏ ရင့်ခြင်း၊ နာမ်၏ ပျက်ခြင်း ရုပ်၏ပျက်ခြင်းဟု ဆိုအပ်သောဇရာ၊ မရဏတို့သည် ဖြစ်ကုန်၏။ မုချဇာတိ၏ အကျိုးမဟုတ်သော ဒေါသမူနှစ်၌ ရှိသော ဝေဒနာဟု ဆိုအပ်သော သောက၊ ဒေါသကြောင့် ဝစီဘေဒ သဒ္ဒဟု ဆိုအပ်သော ပရိဒေဝ၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ်၌ ရှိသော ဝေဒနာဟု ဆိုအပ်သော ဒုက္ခ၊ ဒေါသမူနှစ်၌ ရှိသော ဝေဒနာဟု ဆိုအပ်သော ဒေါမနဿ၊ ဒေါသမူနှစ်၌ ရှိသော ဝေဒနာဟု ဆိုအပ်သော ဥပါယာသတို့သည် ဖြစ်ကုန်၏။

သင်္ခါရနှင့် ကမ္မဘဝတို့သည် တရားကိုယ် အတူတူပင် ဖြစ်ကုန်၏။ သင်္ခါရနှင့် ကမ္မဘဝတို့ကား ကာလအားဖြင့် ထူးကြသည်။ အဘယ်ကဲ့သို့ ကာလအားဖြင့် ထူးကြသနည်း ဟူသော်။ အတိတ် ကာလ၌ ရှိသော ကုသိုလ် အကုသိုလ် စေတနာကို သင်္ခါရယူ။ ယခု ပစ္စုပ္ပန် ဘဝ၌ ကုသိုလ် အကုသိုလ် စေတနာကို ကမ္မဘဝယူ၊ ဤကဲ့သို့ ကာလအားဖြင့် ထူးကြသည်။ ။ ဝိညာဏ်နှင့် ဇာတိလည်း တရားကိုယ် အတူတူ။ အဘယ်ကဲ့သို့ ထူးကြသနည်း ဟူသော် ကာလအားဖြင့် ထူးကြသည် အဘယ်ကဲ့သို့ ကာလအားဖြင့် ထူးကြသနည်းဟူမူ။ ယခု ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေသည် ဝိညာဏ်။ နောက်နေလတ္တံ့ အနာဂတ်ဖြစ်သော ပဋိသန္ဓေသည် ဇာတိ မည်၏။ ဤကဲ့သို့ ကာလအားဖြင့် ထူးကြသည်။

ထို ပဋိစ္စသမုပ္ပါဒ်နည်း၌ သုံးပါးသောကာလ၊ တဆဲ့နှစ်ပါးသော အင်္ဂါ၊ နှစ်ဆယ်သော အခြင်းအရာ၊ သုံးပါးသော အစပ်၊ လေးပါးသော အလွှာ၊ သုံးပါးသောဝဋ်၊ နှစ်ပါးသော မူလတို့ကို သိအပ်ကုန်၏။ အဘယ်သို့ သိအပ်သနည်း ဟူမူကား။ အဝိဇ္ဇာ၊ သင်္ခါရကို အတိတ်ကာလ၊ ဇာတိ၊ ဇရာ၊ မရဏတို့ကို အနာဂတ်ကာလ၊ ကြွင်း အလယ်ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန၊ ဘဝရှစ်ခုကို ပစ္စုပ္ပန်ကာလ၊ ဤသို့လျှင် ကာလသုံးပါးကို သိအပ်၏။ ။အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏဟု အင်္ဂါ ၁၂-ပါးကို သိအပ်၏။

သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသတို့မှာ ဇာတိ၏ မုချအကျိုးမဟုတ်။ နိဿန္ဒဖလမျှသာ ဖြစ်သောကြောင့် အင်္ဂါဟူ၍ မရေတွက်ရ။ အဝိဇ္ဇာကို အတိတ်ကာလ ယူသဖြင့် တဏှာ ဥပါဒါန်ကို အတိတ်ကာလ ယူအပ်၏။ အဘဲ့ကြောင့်နည်း

ဟူမှုကား။ ကိလေသာဝဋ်ခြင်း တူသောကြောင့်တည်း။ သင်္ခါရကို အဘိတ်ကာလယူသဖြင့်လည်း ကမ္မဘဝကို အတိတ်ကာလယူအပ်၏။ အဘဲ့ကြောင့်နည်း ဟူမှုကား။ ကမ္မဝဋ်ခြင်း တူသောကြောင့်တည်း။

ထို့ကြောင့် အဝိဇ္ဇာသင်္ခါရ တဏှာဥပါဒါန် ကမ္မဘဝဟု အတိတ်၌ အကြောင်း ငါးပါးဖြစ်သတည်း။ ထို့အတူ တဏှာဥပါဒါန်ကို ပစ္စုပ္ပန် ကာလ ယူသဖြင့်လည်း အဝိဇ္ဇာကို ပစ္စုပ္ပန် ကာလယူအပ်၏။ အဘဲ့ကြောင့် နည်းဟူမှုကား ကိလေသာ ဝဋ်ချင်း တူသောကြောင့်တည်း။ကမ္မဘဝကိုပစ္စုပ္ပန်ကာလယူသဖြင့်လည်း သင်္ခါရကို ပစ္စုပ္ပန်ကာလ ယူအပ်၏။ အဘဲ့ကြောင့် နည်းဟူမှုကား ကမ္မဝဋ်ခြင်း တူသောကြောင့်တည်း။ထို့ကြောင့် တဏှာဥပါဒါန်ကမ္မဘဝ အဝိဇ္ဇာသင်္ခါရဟု ပစ္စုပ္ပန်၌ အကြောင်း ငါးပါးဖြစ်သတည်း။ ဇာတိဇရာ မရဏကို အနာဂတ်ကာလ ယူသဖြင့် ၎င်းဇာတိဇရာမရဏ၏ မုချအကြောင်း မဟုတ် သာမန် အကြောင်းဖြစ်သော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့ကိုလည်း အနာဂတ် ကာလ ယူအပ်ကုန်၏။ ထို့ကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟု အနာဂတ် ကာလ၌ အကျိုးငါးပါး ဖြစ်သတည်း။ အဝိဇ္ဇာ သင်္ခါရကို ထောက်သည် ရှိသော် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့သည် မုချပစ္စုပ္ပန်အကျိုးဖြစ်၏။ ထို့ကြောင့် ဝိညာဏ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့သည် ပစ္စုပ္ပန် အကျိုး ငါးပါးဖြစ်သတည်း။ ဤသို့ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန ဖဿ၊ ဝေဒနာတို့သည်။ ဇာတိဇရာ မရဏကို ထောက်သော် အနာဂတ် အကျိုးယူရသည်။ အဝိဇ္ဇာသင်္ခါရကို ထောက်သော် ပစ္စုပ္ပန်အကျိုးယူရမည်။

အတိတ်၌ အကြောင်းငါးပါး။ ယခုပစ္စုပ္ပန် အကျိုး ၅ ပါး။ ယခုပစ္စုပ္ပန်အကြောင်း ၅ ပါး။အနာဂတ်ကာလ၌ အကျိုး ၅ ပါး။

ပေါင်းအခြင်းအရာ ၂၀ ဖြစ်၏။ အတိတ်အကြောင်း ၅ ပါးနှင့်။ ပစ္စုပ္ပန် အကျိုး ၅ ပါး တစပ်။ ပစ္စုပ္ပန် အကျိုး ၅ ပါးနှင့်။ ပစ္စုပ္ပန်အကြောင်း ၅ ပါးတစပ်။ ပစ္စုပ္ပန်အကြောင်း ငါးပါးနှင့် အနာဂတ်အကျိုး ၅ ပါးတစပ်။ ပေါင်း သုံးစပ်ဖြစ်၏။ အတိတ် အကြောင်း ၅ ပါး တလွှာ။ ပစ္စုပ္ပန် အကျိုး ၅ ပါး တလွှာ။ ပစ္စုပ္ပန်အကြောင်း ၅ ပါးတလွှာ။ အနာဂတ် အကျိုး ၅ ပါး တလွှာ။ ပေါင်းလေးလွှာဖြစ်၏။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။ ဤကား ကိလေသာ ဝဋ်တည်း။ ဘဝတစိတ်ဟုဆိုအပ်သော ကမ္မဘဝ သင်္ခါရ။ ဤကား ကမ္မဝဋ် တည်း။ ဘဝတစိတ် ဟု ဆိုအပ်သော ဥပပတ္တိ ဘဝ။ ကြွင်း သောဝိညာဏ်၊ နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ၊ဇာတိဇရာ မရဏတို့သည် ဝိပါကဝဋ်တည်း။ ပေါင်း ဝဋ်သုံးပါး ဖြစ်၏ ဥပပတ္တိ ဘဝတစိတ်နှင့် ကြွင်းဝိညာဏ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ဇာတိ၊ ဇရာ မရဏ တို့သည် တရားကိုယ် တူကြ၏၊ အဘယ်သို့တူကြသနည်းဟူမူ ကြွင်းဝိညာဏ် နာမ် ရုပ်စသည်တို့မှာ ယခုပစ္စုပ္ပန် ဘဝ ပဋိသန္ဓေ ကိုယူ။ ဥပပတ္တိ ဘဝမှာ နောင်အနာဂတ် ပဋိသန္ဓေကိုယူ။ ဤသည်လျှင် အထူး တည်း။

အဝိဇ္ဇာ တဏှာ နှစ်ပါး၏ အစွမ်းဖြင့် မူလကို သိအပ်၏။ ဒေါသ စသည်တို့ကို မူလမဆိုမူ၍ အဘယ့်ကြောင့် အဝိဇ္ဇာနှင့် တ ဏှာကိုသာ မူလ ဆိုအ ပ်သနည်း ဟူမူ။အဝိဇ္ဇာလည်း အတိတ် အကြောင်း၏အမြစ်။ တဏှာသည်လည်း ပစ္စုပ္ပန် အကြောင်း၏ အမြစ်တည်း။ ထို့ကြောင့် အဝိဇ္ဇာ တဏှာ ကိုသာ မူလ ဆို သည်။ ဒေါသစသည်မှာ ဤသို့အတိတ်အကြောင်း၏ အစလည်း မဟုတ်။ ပစ္စုပ္ပန်အကြောင်း၏ အစလည်းမဟုတ်။ ထို့ကြောင့် မူလဟူ၍ မမှတ်အပ်။ ထိုသို့ မမှတ် အပ်သောကြောင့် ငါမဆို

သတည်း။ မူလနှစ်ပါးချုပ်သည် ရှိသော် ဝဋ်တရား တို့သည် ချုပ်ကုန်၏။ ။ဒိုခြင်း သေခြင်း တွေဝေခြင်းဖြင့် မပြတ် နှိပ်စက်အပ်သော သတ္တဝါတို့အား အာသဝေါတရားတို့သည် ဖြစ်ကုန်၏၊ ထိုအာသဝေါ တရားတို့၏ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ အစရှိသော ပဋိစ္စသမုပ္ပါဒ်တရားတို့သည် ဖြစ်ကုန်၏။ ပဋိစ္စမုပ္ပါဒ် အစကား အာသဝေါ တရားဘည်း။ ဤကား ပဋိစ္စ သမုပ္ပါဒ် မှတ်ခန်း တရပ် အပြီးသတ် သတည်း။

ပစ္စယသင်္ဂဟ၌ အဘယ်မျှအပြားရှိသနည်းဟူမူ။ ပဋိစ္စသမုပ္ပါဒ နယော၊ ပဋ္ဌာန နယောဟု ဆိုအပ် သောကြောင့် ပဋိစ္စ သမုပ္ပါဒ်နည်း ပဋ္ဌာန်းနည်းဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာနာမရူပံ၊ နာမရူပပစ္စယာသဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခဒေါမန ဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခ က္ခန္ဓဿ သမုဒယော ဟောတိ။

အနက်ကား။ ။အဝိဇ္ဇာပစ္စယာ၊ ပုဗ္ဗန္တဟု ဆိုအပ်သော သံသရာ၏ ရှေ့အစွန်း၊ အပရန္တဟု ဆိုအပ်သော သံသရာ၏ နောက်အစွန်း၊ ပုဗ္ဗန္တာပရန္တဟု ဆိုအပ်သော ဂတိ၏ ရှေ့ နောက် အစွန်း၊ သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ် ဤ ရှစ်ပါးသော တရား တို့၌ ပိတ်ပင် ဖုံးလွှမ်းမမြင်တတ်သော မောဟ တရား တည်းဟူသော အဝိဇ္ဇာ၏ ပစ္စည်းကြောင့်။ သင်္ခါရာ၊ လောကီ ကုသိုလ် အကုသိုလ် စေတနာ နှစ်ဆဲ့ ကိုးပါးသော သင်္ခါရ တရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရပစ္စယာ၊ ထို လောကီ ကုသိုလ် အကုသိုလ် စေတနာ ဟူသော သင်္ခါရ

တရားတို့၏ ပစ္စည်းကြောင့်။ ဝိညာဏံ၊ လောကီဝိတ် ၀၁-ခုဟု ဆိုအပ်သော ဝိညာဏ် တရားသည်။ သမ္ဘဝတိ၊၏။ ဝိညာဏ ပစ္စယာ၊ ဝိညာဏ် တရားတို့၏ ပစ္စည်းကြောင့်။ နာမရူပံ၊ သုံးပါးသော နာမ်၊ ၂၈–ပါးသောရုပ် တရားသည်။ သမ္ဘဝတိ၊ ၏။ နာမရူပပစ္စယာ၊ နာမ်ရုပ်တရားတို့၏ ပစ္စည်းကြောင့်။ သဠာယတနံ သဠာယတန တရားခြောက်ပါးသည်။ သမ္ဘဝတိ၊ ၏။ သဠာယတန ပစ္စယာ၊ အာယတနတရား ခြောက်ပါးတို့၏ ပစ္စည်းကြောင့်။ ဖဿော။ ဖဿတရား ခြောက်ပါးသည်၊ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿတရား ခြောက်ပါး၏ ပစ္စည်းကြောင့်။ ဝေဒနာ ဝေဒနာတရား ခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာ ပစ္စယာ၊ ဝေဒနာတရား ခြောက်ပါး၏ ပစ္စည်းကြောင့်။ တဏှာ၊ တဏှာတရား ခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ တဏှာ ပစ္စယာ၊ တဏှာတရား ခြောက်ပါးတို့၏ ပစ္စည်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်တရား လေးပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါန ပစ္စယာ၊ ဥပါဒါန် တရားလေးပါးတို့၏ ပစ္စည်းကြောင့်။ ဘဝေါ၊ ဘဝနှစ်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝနှစ်ပါးတို့၏ ပစ္စည်းကြောင့်။ ဇာတိ၊ ဇာတိ တရားနှစ်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိ ပစ္စယာ၊ ဇာတိ နှစ်ပါးတို့၏ ပစ္စည်းကြောင့်။ ဇရာမရဏ သောက ပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ သက်ကြီးရှိုက်ဘငိ ပင်ပန်းခြင်းတို့သည်။ သမ္ဘဝန္တိ၊ ကုန်၏။ ဧဝံ ဝုတ္တနယေန၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ပစ္စယ ပရံပရဝသေန၊ အဝိစ္ဆာ အစရှိသော ပစ္စည်း အဆက်ဆက် တို့၏ အစွမ်းဖြင့်။ ကေဝလဿ၊ တစုံ တခုသော ချမ်းသာ တို့နှင့် မရော မနှော ထသော။ ဧဝဿ ဒုက္ခက္ခန္ဓဿ၊ ထို ဆင်းရဲအပေါင်းတို့၏။ သမုဒယော၊ ဖြစ်ပွါး စည့်ပင် ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

တယောအဋ္ဌ၊ ဒွါဒသင်္ဂါနိ အစရှိသော ပါဠ်လာသောကြောင့် ထို ပဋိစ္စသမုပ္ပါဒ် တရားတို့သည် အစွန့် သုံးပါး၊ အင်္ဂါတဆဲ့နှစ်ပါး၊ အခြင်းအရာနှစ် ဆယ်၊ အစပ်သုံးပါး၊ အလွှာ လေးပါး၊ ဝဋ်သုံးပါ၊ မူလ နှစ်ပါးဟူ၍ ခုနှစ်ပါး အပြားရှိ၏။ ထို ခုနစ်ပါး တို့တွင် အဝိဇ္ဇာသင်္ခါရ၊ ဤ နှစ်ပါးတို့သည် အတိတ်၊ အဇွန့် မည်၏။ ဇာတိဇရာမရဏ၊ ဤ သုံးပါးကား၊ အနာဂတ် အဇွန့် မည်၏။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဤ ရှစ်ပါးတို့သည်ပစ္စုပ္ပန်၌ ဖြစ်သော အဇွန့် မည်၏။ဤကား အစွန့်သုံးပါးတည်း။အဝိဇ္ဇာ၊ သင်္ခါရ၊ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ဝေဒနာ၊တဏှာ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ဇရာ မရဏ ဤကား။အင်္ဂါ ၁၂-ပါးတည်း။ ။သောက ပရိဒေဝ အစရှိသောတရားတို့သည်ကား၊ ဇာတိ၏ အကျိုးဆက်မျှသာ ဖြစ်၍ အသီးမထုတ်အပ်ပြီ။

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဤငါးပါးသည်၊ ရှေးဘဝက အကြောင်း။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဤ ငါးပါးကား ပစ္စုပ္ပန်၌ အကျိုး။ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ၊ ဤ ငါးပါးမှာ ပစ္စုပ္ပန်အကြောင်း။ ဝိညာဏ်။ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူ၍ နောက်အနာဂတ်၌ အကျိုးငါးပါး။ ဤသို့ ငါးပါးလေးလီကို ပေါင်း၍ အခြင်းအရာ နှစ်ဆယ်ဖြစ်၏။

ရှေးဘဝက အကြောင်းဖြစ်သော ဘဝနှင့် ပစ္စုပ္ပန်၌ အကျိုးဖြစ်သော ဝိညာဏ်က တစပ်။ ပစ္စုပ္ပန်က အကျိုးဖြစ်သော ဝေဒနာနှင့် ပစ္စုပ္ပန် အကြောင်းဖြစ်သော ဘဝတဏှာလည်း တစပ်။ ပစ္စုပ္ပန်က အကြောင်းဖြစ်သော ဘဝနှင့် အနာဂတ်၌ အကျိုးဖြစ်သော ဝိညာဏ်လည်း တစပ်။ ဤသို့ အစပ် သုံးပါး ဖြစ်၏။

ရှေးဘဝက အကြောင်းငါးပါးက တလွှာ။ ပစ္စုပ္ပန်၌ အကျိုးငါးပါးက တလွှာ။ ပစ္စုပ္ပန် အကြောင်းငါးပါးက တလွှာ။ အနာဂတ်၌ အကျိုးငါးပါးက တလွှာ။ ဤကား အလွှာ လေးပါးတည်း။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ဤ သုံးပါးတို့သည် ကိလေသဝဋ် မည်၏။ ကမ္မဘဝဟု ဆိုအပ်သော ဘဝတစိတ် သင်္ခါရတို့သည် ကမ္မဝဋ် မည်၏။ ဥပပတ္တိဘဝဟု ဆိုအပ်သော ဘဝတစိတ်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏ၊ ဤ ၇စ်ပါးတို့သည် ဝိပါကဝဋ် မည်၏။ ဤကား ဝဋ်သုံးပါးတည်း။ အဝိဇ္ဇာ၊ တဏှာ၊ ဤနှစ်ပါးသည် မူလ နှစ်ပါး မည်၏။

တေသမေဝစ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။ ဇရာမရဏ မုစ္ဆာယ၊ ပီဠိတာနမဘိဏှသော။ ။အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာစပဝတ္တတိ။ ဝဋ္ဋမာဗန္ဓ မိစ္စေဝံ၊ တေဘူမက မနာဒိကံ။ ပဋိစ္စ သမုပ္ပါဒေါတိ၊ ပဋ္ဌပေသိ မဟာမုနိ။ ။အစရှိသော ဂါထာ လာသောကြောင့် အာသဝေါ တရား လေးပါးတို့၏ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာသည် ဖြစ်၏။ အိုခြင်း၊ သေခြင်း၊ တွေဝေခြင်း၊ နှိပ်စက် ခံရကုန်သော သူတို့သည် အဝိဇ္ဇာတဏှာ နှစ်ပါးတို့သည် ချုပ်သဖြင့်သာ ချုပ်ကုန်၏။ ထိုတရားတို့သည် အကြောင်းတရားကိုစွဲ၍ အကျိုးတရား ဖြစ်သောကြောင့် ပဋိစ္စသမုပ္ပါဒ် မည်၏ဟု မုနိငါးပါး တို့၏ အထွတ် ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဟောတော်မူ၏ဟု ဖြေ။

## ပဋ္ဌာန်းနည်း

ပဋိစ္စ သမုပ္ပါဒ်နည်းကို ဆိုပြီ။ ပဋ္ဌာန်းနည်းကား အဘယ်သို့ ဆိုအပ်သနည်း မေး။

ဟေတုပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတ ပစ္စယော၊ အညမညပစ္စယော၊ နိဿယ ပစ္စယော၊ ဥပနိဿယ ပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

ဟု ဆိုသောကြောင့် ဟိတ်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ အာရုံဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ အကြီးအမှူး ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ အခြားမဲ့ ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ ကောင်းစွာ အခြားမဲ့ ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ တကွနက်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ အချင်းချင်း ဖြစ်၍ ကျေဇူး ပြုတတ်သော တရား၊ မှီရာဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ ကောင်းစွာ မှီရာဖြစ်၍ ကျေးဇူး ပြုတတ်သော တရား ရှေ့ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ နောက်ဖြစ်၍ကျေးဇူးပြုတတ်သောတရား၊ အဘန်တလဲလဲ မှီဝဲထုံ အပ်သည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ မျိုးစေ့ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ အကျိုးဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ ထောက်ပံ့သည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ အစိုးရသည် ဖြစ်၍ ကျေးဇူးပြုတတ်သော တရား၊ ချိုးမြှောက်အပ်သည် ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ အကြောင်းဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ ယှဉ်သည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ မယှဉ်သည် ဖြစ်၍ ကျေးဇူးပြုတတ်သော တရား၊ ရှိသည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ မရှိသည်ဖြစ်၍ ကျေးဇူး ပြုတတ်သောဘရား၊ ကင်းသည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ မကင်းသည်

ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား၊ ဤသို့ မဟာ သမန္တ ပဋ္ဌာန်းကျမ်းကြီး၌ နှစ်ဆဲ့လေးပါးသော ပစ္စည်းတို့သည် လာကုန်၏။

ထိုနှစ်ဆဲ့လေး ပစ္စည်းတို့တွင် ဆဝ နာမန္တ၊ နာမဿ အစရှိသော ပါဌ်ကို ဆိုသောကြောင့် နာမ်သည် နာမ်ချင်း ကျေးဇူးပြုသည်ကား ခြောက်ပါး၊ နာမ်သည်ပင် နာမ်ရုပ် နှစ်ပါးကို ကျေးဇူး ပြုတတ်သည် ငါးပါး၊ နာမ်သည် နာမ်ရုပ်ကို ရုပ်သည်လည်း နာမ်ကို ကျေးဇူး ပြုတတ်သည် တပါး၊ ပညတ် နာမ်ရုပ်တို့သည် နာမ်ကို ကျေးဇူး ပြုတတ်သည် နှစ်ပါး၊ နာမ်ရုပ်နှစ်ပါးတို့သည် နာမ်ရုပ်နှစ်ပါးတို့ကို ကိုးပါးသော အပြားဖြင့် ကျေးဇူး ပြုတတ်၏။ ဤသို့ ခြောက်ပါး အပြားဖြင့် ကျေးဇူးပြုကြကုန်၏။

နာမ်ကို နာမ်ခြင်း ကျေးဇူး ပြုတတ်သော တရားကား အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ အာသေဝန၊ သမ္ပယုတ္တ ဤ ခြောက်ပါးတည်း။ နာမ်သည် နာမ်ရုပ် နှစ်ပါးကို ကျေးဇူး ပြုခြင်းကား ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါက ဤငါးပါးတည်း။ နာမ်သည် ရုပ်ကို ပစ္ဆာဇာတ ပစ္စည်းဖြင့် ကျေးဇူး ပြု၏။ ရုပ်သည် နာမ်ကို ပုရေဇာတ ပစ္စည်းဖြင့် ကျေးဇူး ပြုတတ်၏။ ပညတ် နာမ်ရုပ်တို့သည် နာမ်အား အာရမ္မဏ၊ ဥပနိဿယ နှစ်ပါးဖြင့် ကျေးဇူး ပြု၏။ နာမ်ရုပ် နှစ်ပါးတို့သည် နာမ်ရုပ် နှစ်ပါးတို့အား အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ကိုးပါးတို့ဖြင့် ကျေးဇူးပြု၏။

ထိုပညတ်တရားတို့တွင်လည်း မြေတောင်အစရှိသော သန္တာနပညတ်ပင်း။ ဇာတိ၊ လှည်း၊ လှေ အစရှိသော သမူဟ ပညတ်

ဂုဏ်း။ မိန်းမ၊ ယောကျ်ား၊ သတ္တ ပုဂ္ဂလ အစရှိသော ပုဂ္ဂလ ပညတ်ဂုဏ်း။ အရှေ့အရပ် အစရှိသော ဒိသာပညတ်ဂုဏ်း။ တွင်း၊ လိုဏ် အစရှိသော အာကာသ ပညတ်ဂုဏ်း။ ကသိုဏ်း၊ အသုဘ အစရှိသော နိမိတ်ပညတ်ဂုဏ်း။ ထိုပညတ် အပေါင်း တို့သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်ဟူ၍ဂုဏ်း။ ပရမတ္ထအား ဖြင့်ထင်ရှားမရှိသော ပညတ် ဟူ၍ဂုဏ်း။ ပရမတ္ထအားဖြင့် ထင်ရှား ရှိသည်ဖြစ်၍ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပညတ်ဟူ၍ဂုဏ်း။ ပရမတ္ထအားဖြင့် ထင်ရှား မရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင် ရှားရှိသော ပညတ်ဟူ၍ဂုဏ်း။ ပရမတ္ထအားဖြင့် ထင်ရှား ရှိသည် ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ် ဟူ၍ဂုဏ်း။ ပရ မတ္ထအားဖြင့် ထင်ရှား မရှိသည်ဖြစ်၍။ ပရမတ္ထအားဖြင့် ထင်ရှား မရှိသော ပညတ်ဟူ၍ဂုဏ်း။ ပညတ်ခြောက်ပါးရှိ၏။ ထိုခြောက်ပါး တို့တွင် မြေ၊ တောင်၊ သစ်ပင် အစရှိသော ပညတ် တို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပညတ်မည်၏။

ရူပ ဝေဒနာ အစရှိသော ပညတ် တို့သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်မည်၏။ အဘိညာဏ်ကို ရသော လူ ဟူ၍ ဆိုခြင်းသည် အဘိညာဏ်ဟူ၍ကား ပရမတ္ထ၌ ထင်ရှား ၏။လူဟူ၍ ပရမတ္ထအားဖြင့် ထင်ရှား မရှိ သောကြောင့် ပရ မတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ပရမတ္ထ အားဖြင့် ထင်ရှား မရှိသောပညတ် မည်၏။ မိန်းမ၏ အသံကို ရှုတ္တိ သဒ္ဒေါဟု ဆိုကြ သည်မှာ မိန်းမဟူ၍ ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ သဒ္ဒဟူ၍ ကား ပရမတ္ထအားဖြင့် ထင်ရှား ရှိသောကြောင့်။ ပရမတ္ထ အားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ ပရမတ္ထ အားဖြင့် ထင်ရှား ရှိ သော ပညတ်မည်၏။ စက္ခုဝိညာဏ်ဟူ၍ သမုတ်ခေါ်ဝေါ်ခြင်း ပညတ်သည် စက္ခုဟူ၍လည်း ပရမတ္ထ၌ ထင်ရှားရှိ၏။ ဝိညာဏ် ဟူ၍လည်း ပရမတ္ထ၌ ထင်ရှား ရှိသောကြောင့် ပရမတ္ထ အား ဖြင့် ထင်ရှားရှိသော ပညတ်မည်၏။ ရာဇပုတ္တော မင်း၏ သား

ဟူ၍ ခေါ်ဝေါ်ပညတ်ကြသော စကားသည် မင်း ဟူ၍လည်း ပရမတ္ထအားဖြင့် ထင်ရှား မရှိ၊ သား ဟူ၍လည်း ထင်ရှား မရှိသောကြောင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှား မရှိသော ပညတ်မည်၏။

ပစ္စည်းပိုင်းပြောပုံပြီး၏၊

# ၉ – ကမ္မဋ္ဌာန်းပိုင်း

ပစ္စည်းပိုင်းကိုဆိုပြီး၊ ကမ္မဋ္ဌာန်းပိုင်း၌ အခွဲအခြမ်း အစီအခင် ကို အဘယ်သို့ဆိုသနည်း ဟုမေး။

သမထဝိပဿနာနံ၊ ဘာဝနာနမိတော ပရံ။ ကမ္မဋ္ဌာနံပဝက္ခာ မိ၊ ဒုဝိဓံပိ ယထာက္ကမံ။ ။ဟုဆိုသောကြောင့် ဤပစ္စယသင်္ဂဟာ ကိုပြပြီးသည်၏ အခြားမဲ့ဖြစ်သော ယခုအခါ၌ သမထဝိပဿ နာဟု ဆိုအပ်သော ကမ္မဋ္ဌာန်းနှစ်ပါးကို ပွါးစေခြင်း ဘာဝနာ ဟု ဆိုအပ်သော တရားနှစ်ပါးတို့ကို အစဉ် အတိုင်း ပြပေအံ့ သတည်းဟူ၍ ဆိုသတည်းဟုဖြေ။

အဘယ့်ကြောင့် သမထဝိပဿနာ မည်သနည်းဟု မေး။

နီဝရဏာကိလေသာနံ တဒင်္ဂပဟာန ဝိက္ခမ္ဘနပဟာနဝသေန သမေတီတိသမထော။ ဟူ၍၎င်း။ အနိစ္စာဒိ တိလက္ခဏေ ခန္ဓာဒိ နယံဝိဝိဓကာလေသု သုဒ္ဓေနပဿတီတိ ဝိပဿနာ ဟူ၍၎င်း၊ ဆိုအပ်သောကြောင့် သတ္တဝါတို့ကို နတ်ရွာနိဗ္ဗာန် သုံးတန် သော ချမ်းသာတို့ကို ပိတ်ပင်ဆီးတား မြစ်တားတတ်သော နီဝရဏတည်းဟူသော ကိလေသာတို့ကို တဒင်္ဂပဟာန်၊ဝိက္ခမ္ဘန ပဟာန်တို့၏ အစွမ်းအားဖြင့် ငြိမ်းစေတတ်သော သတ္တိကြောင့် သမထမည်၏။ ခန္ဓာအာယတနအစရှိသော တရားတို့ကို အတိတ် အနာဂတ် ပစ္စုပ္ပန်တည်းဟူသော ကာလသုံးပါးတို့ဖြင့် လက္ခဏာ ယာဉ်သုံးပါးသို့တင်၍ စင်ကြယ်စွာ မြင်သောကြောင့် ဝိပဿနာ မည်၏ဟုဖြေ။

## သမထကမ္မဋ္ဌာန်းအဓိပ္ပါယ်

ထိုနှစ်ပါးတို့၌ သမထကား အဘယ်မျှရှိသနည်းဟုမေး။

သမထသင်္ဂဟေဒသကသိဏာနိ၊ ဒသအသုဘာ၊ ဒသအနုဿ တိယော၊ စတဿောအပ္ပမညာယော၊ ဧကာသညာ၊ ဧကံဝဝတ္ထာနံ

စတ္တာရော အာရုပ္ပါစေတိ သတ္တဝီးဇေနှ သမာသ ကမ္မဋ္ဌာနသင်္ဂဟော၊ ဟုဆိုသောကြောင့် ကသိုဏ်း ဆယ်ပါး၊ အသုဘ ဆယ်ပါး၊ အနုဿတိ ဆယ်ပါး၊ ဗြဟ္မဝိုရ်တရားလေးပါး၊ အာဟာရေ ပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်၊ အာရုပ္ပလေးပါး အားဖြင့် ခုနစ်ပါးအပြားရှိ၏ဟုဖြေ။

စရိုက်ကား အဘယ်မျှရှိသနည်းဟုမေး။

ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက် ဝိတက်စရိုက်၊ ဗုဒ္ဓိစရိုက်အားဖြင့် ခြောက်ပါးရှိ၏ဟု ဖြေ။

ဘာဝနာကား အဘယ်မျှရှိပါသနည်းဟု မေး။

ပရိကမ္မဘာဝနာ၊ ဥပစာရ ဘာဝနာ၊ အပ္ပနာဘာဝနာဟူ၍ သုံးပါး အပြားရှိ၏ဟု ဖြေ။

နိမိတ်ကား အဘယ်မျှ ရှိပါသနည်းဟုမေး။

ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂ နိမိတ်ဟူ၍ သုံးပါး အပြားရှိ၏ဟု ဖြေ။

ကသိုဏ်းဆယ်ပါးဟူသည်ကား အဘယ်နည်းဟုမေး၊

ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယော ကသိုဏ်း၊ နီလကသိုဏ်း၊ ပီတကသိုဏ်း၊ လောဟိတကသိုဏ်း ဩဒါတကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောက ကသိုဏ်း ဟူ၍ ဆယ်ပါးတည်းဟုဖြေ။

အသုဘဆယ်ပါးကား အဘယ်နည်းဟုမေး။

ဥဒ္ဓုမာတကံ၊ ဝိနီလကံ၊ ဝိပုဗ္ဗကံ၊ ဝိစ္ဆိဒ္ဒကံ၊ ဝိက္ခာယိတကံ ဝိက္ခိတ္တကံ၊ ဟတဝိက္ခိတ္တကံ၊ လောဟိတကံ၊ ပုဠဝကံ၊အဋ္ဌိကဉ္စေ

တိဏ္ဏမေဒသအသုဘာနာမ။ ဟုဆိုသောကြောင့် ဖူးဖူး ယောင်သော အကောင်ပုပ်ရင်း။ ညိုညိုရှိသော အကောင်ပုပ်ရင်း။သွေးပြည်အဘိစီးသော အကောင်ပုပ်ရင်း။ အဆိုတ်ဆိုတ် အဆွဆွရှိသော အကောင်ပုပ်ရင်း။ နှစ်ပိုင်း သုံးပိုင်းပြတ် သောအကောင်ပုပ်ရင်း။ အသားအကြော ထုံးထုံးပြတ်သော အကောင် ပုပ်ရင်း။ ထားလက်နက်ဖြင့်သတ်၍ဖြတ်သော အကောင် ပုပ်ရင်း။ သွေးအလိမ်းလိမ်းကပ်သော အကောင် ပုပ်ရင်း၊ ပိုးလောက် အဘိပြွမ်းသော အကောင်ပုပ်ရင်း။ အရိုးချည်းသာရှိသော အကောင်ပုပ်ရင်း။ ဤဆယ်ပါးတည်းဟုဖြေ။

အနုဿတိဆယ်ပါးကား အဘယ်နည်းဟုမေး။

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ကာယဂတာသတိ၊ အာနာပါနဿတိစေတိ ဣမေဒသအနုဿတိယောနာမ။ဟုဆိုသောကြောင့်ဘုရားသခင် ဂုဏ်တော်ကို အောက်မေ့ခြင်း။ တရားတော် ဂုဏ်ကို အောက်မေ့ခြင်း။ သံဃာတော်ဂုဏ်ကို အောက်မေ့ခြင်း။ သီလ ဂုဏ်ကျေးဇူးကို အောက်မေ့ခြင်း လှူဒါန်းပေးကမ်း စွန့်ကြဲသမျှ တို့ကို အောက်မေ့ခြင်း။ နတ်တို့ ဂုဏ်ကျေးဇူးကို အောက်မေ့ခြင်း၊ နိဗ္ဗာန်၏ဂုဏ်ကျေးဇူးကိုအောက်မေ့ခြင်း။သေခြင်း တရားကို အောက်မေ့ခြင်း။ ကိုယ်အစုကိုအောက်မေ့ခြင်း။ ထွက်သက်ဝင်သက် တို့ကို အောက်မေ့ခြင်း။ ဤဆယ်ပါးတည်းဟုဖြေ။

ဗြဟ္မဝိဟာရ တရားလေးပါးကား အဘယ် နည်းဟုမေး။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစေတိ ဣမာ စတဿော အပ္ပမညာယောနာမ၊ ဗြဟ္မ ဝိဟာရောတိစ ပဝုစ္စတိ၊ ဟုဆိုအပ်သောကြောင့် ခပ်သိမ်းသော သတ္တဝါတို့ကို ကိုယ်နှင့်

ထပ်တူချစ်ခြင်း။ ဆင်းရဲသောသူတို့ကို အာရုံပြု၍ သနားခြင်း။ ချမ်းသာသမျှသော သူတို့ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း။ဆင်းရဲချမ်းသာ ဟူသမျှသည် မိမိတို့ ပြုသော ကုသိုလ် အကုသိုလ်ကံကြောင့်သာ ဖြစ်ကုန်၏ဟု လျစ်လျူရှုခြင်း။ ဤလေးပါးတို့သည် မမေ့မလျော့ နေအပ် သောကြောင့် အပ္ပမညာမည်၏။ မြတ်သောနေခြင်းလည်း မည်၏ဟုဖြေ။

အာဟာရေ၌၊ မှတ်ခြင်းကား အဘယ်နည်းဟုမေး။

ဤစားသောက် ခဲအပ်သမျှသော အာဟာရသည် ပါစကတေဇောချက်၍ ကြေလေသောနောက် အောက်ဒွါရသို့ ဆင်းသောအခါ တရုံ တယောက်သောသူမျှ မကိုင် ဝံ့သော အဖြစ်။ ခံတွင်း၌ ဝါး၍ ချွဲကန်း၊ သလိပ်၊ သွေး၊ ချေး၊ တံထွေးတို့ဖြင့် လိမ်းကျံလျက်လေတက်လေဆန်ကြီး၍ အော့အန်လျက်ထွက်လာသော အန်ဖတ်တို့ကိုတဘန်ကောက်၍ သုံးဆောင်ခြင်းငှါ မဝံ့သောအဖြစ်တို့ကို အောက်မေ့ဆင်ခြင်ခြင်းသည် အစာအာဟာရ၌ စက်ဆုပ်ဘွယ် မှတ်သည်မည်၏ဟုဖြေ။

ဓာတ်လေးပါး၌ မှတ်ခြင်း အဘယ်နည်းဟုမေး။

ဤရုပ်နှစ်ဆဲ့ရှစ်ခုတို့သည် ပထဝီဓာတ် နှစ်ဆယ်။ အာပေါဓာတ်တဆဲ့နှစ်ပါး တေဇောဓာတ် လေးပါး။ ဝါယော ဓာတ်ခြောက်ပါးတို့၏ အစုမျှသာ သုံးဆဲ့နှစ်ပါးသော အခြင်းအရာသာဖြစ်၏။ မိန်းမယောကျ်ား သတ္တ ပုဂ္ဂလမရှိဟု ရှုဆင်ခြင်ခြင်းသည် ဓာတ် ၄ ပါး၌ မှတ်သည်မည်၏ဟုဖြေ။

အာရုပ္ပလေးပါးကား အဘယ်နည်းဟုမေး။

ကောင်းကင်ကို အာရုံပြု၍ ရှုသော အာကာသာနဉ္စာယတနထိုဈာန်ကိုပင် အာရုံပြု၍ ရှုသော ဝိညာဏဉ္စာယတန၊ နတ္ထိကိဉ္စိဟု

ရှိသော အာကိဉ္စညာယတန၊ သညာလည်းမဟုတ် မရှိသော နေဝသညာ နာသညာယတန ဟူ၍ လေးပါးတည်းဟုဖြေ။

စရိုက်ကို အဘယ်သို့ ဆိုသနည်းဟု မေး။

အသုဘ ဆယ်ပါး၊ ကာယဂတာသတိ၊ ဤ တဆဲ့တပါးတို့သည် ရာဂစရိုက် ပြောသော သူတို့အား လျောက်ပတ်၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ နီလကသိုဏ်း၊ ပီတကသိုဏ်း၊ လောဟိတကသိုဏ်း၊ဩဒါတကသိုဏ်း၊ ဤရှစ်ပါးတို့သည် ဒေါသစရိုက်ပြောသော သူတို့အား လျောက်ပတ်၏။ အာနာပါနဿတိမှာ မောဟစရိုက်၊ ဝိတက်စရိုက် ပြောသော သူတို့အား လျောက်ပတ်၏၊ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဤခြောက်ပါးတို့သည် သဒ္ဓါစရိုက် ပြောသောသူတို့အား လျောက်ပတ်၏။မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်၊ ဤ လေးပါးတို့သည် ဗုဒ္ဓိစရိုက် ပြောသောသူအား လျောက်ပတ်၏။ ကြွင်းသော ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယော အာကာသ အာလောက ကသိုဏ်း၊ အာရုပ္ပ လေးပါး၊ ဤဆယ်ပါးတို့သည် အလုံးစုံသော စရိုက် ခြောက်ပါးလုံး ပြောသော ပုဂ္ဂိုလ်တို့ အားပင် လျောက်ပတ်ကုန်၏။ ။ကသိုဏ်းဝန်း တို့၌ကား မောဟစရိုက် ပြောသော သူတို့အား ကျယ်သော ကသိုဏ်းဝန်း။ ဝိတက်စရိုက် ပြောသော သူတို့အား ငယ်သောကသိုဏ်းဝန်းတို့၌ လျောက်ပတ်ကုန်၏။ ဤသို့စရိုက်တို့ကို ဝေဘန် သတည်းဟုဖြေ။

စရိုက်တို့ကို ဝေဘန်၍ လျောက်ပတ်ခြင်းကို ဆိုပြီ။ ဘာဝနာကိုအဘယ်သို့ ခွဲခြမ်း ဝေဘန်ပါသနည်းဟု မေး။

အလုံးရုံသော ကမ္မဋ္ဌာန်းလေးဆယ်လုံးပင် ပရိကမ္မဘာဝနာ ဖြစ်ကြပါ၏။ အပ္ပနာသို့ကား မရောက်နိုင်ကုန်။ ။ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ အာဟာရေ ပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်။ ဤဆယ်ပါးသော ကမ္မဋ္ဌာန်းကား ဥပစာရ သမာဓိသို့ ရောက်နိုင်၏။ အပ္ပနာသို့ မရောက်နိုင်ကုန်။ ထိုမှ ကြွင်းသော ကသိုဏ်းဆယ်ပါး၊ အသုဘ ဆယ်ပါး၊ အာနာပါနဿတိ၊ ကာယဂတာသတိ ဖြဗ္ဗမိုရ် တရား လေးပါး၊ အာရုပ္ပလေးပါး။ ဤသုံးဆယ်သော ကမ္မဋ္ဌာန်းတို့သာ ရောက်နိုင်ကုန်၏။

ထိုသုံးဆယ်သော ကမ္မဋ္ဌာန်း တို့တွင် လည်း။ အာနာပါနဿတိ ကသိုဏ်း ဆယ်ပါးတို့သည် ဈာန်ငါးပါးလုံး၌ပင် ဆက်ဆံကုန်၏။ အသုဘ ဆယ်ပါး၊ ကာယဂတာသတိ၊ ဤကဆဲ့တပါးတို့သည် ပဌမဈာန် သားတို့၏ ကမ္မဋ္ဌာန်းသာတည်း။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဤသုံးပါးမှာ ဈာန်လေးပါး၌သာ ဆက်ဆံကုန်၏။ ဥပေက္ခာမှာ ပဥ္စမ ဈာန်သားတို့၏ ကမ္မဋ္ဌာန်းသာမည်ကုန်၏။ ဤခြောက်ပါးတို့သည်၊ ရူပါဝစရ ဈာန်သားတို့၏ ကမ္မဋ္ဌာန်းမည်ကုန်၏။ အာရုပ္ပလေးပါးတို့မှာ အရူပလေးဘုံသားတို့၏ ကမ္မဋ္ဌာန်းသာမည်ကုန်၏။ ။ဤကား ဘာဝနာကို ခွဲဝေ ပိုင်းခြား သောနည်း တည်းဟု ဖြေ။

ဘာဝနာကို ခွဲဝေပြီး။ နိမိတ်ကား အဘယ်သို့နည်းဟုမေး။

ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ် ဟူ၍ သုံးပါး တို့တွင် ကမ္မဋ္ဌာန်း လေးဆယ်လုံးပင် ပရိကမ္မနိမိတ်။ ဥဂ္ဂဟနိမိတ် ကို ရ၏။ ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ ကာယဂတာ သတိ၊ အာနာပါနဿတိ၊ ဤဆဲ့နှစ်ပါး၌သာ ပဋိဘာဂနိမိတ် ထင်၏ဟု ဖြေ။

ထင်ခြင်းကား အဘယ်သို့ ထင်ပါသနည်းဟု မေး။

အာဒိကမ္မိကဿဟိ အစရှိသောပါဌ် လာသောကြောင့် အစကပင် ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်တို့အား၊ ကသိုဏ်းဝန်းပြုပြီးလျှင်၊ ပထဝီ ပထဝီဟူ၍ စီးဖြန်းသော အခါမှစ၍ ပရိကမ္မနိမိတ် မည်၏။ ထို ဘာဝနာသည်လည်း ပရိကမ္မဘာဝနာ မည်၏။ ထိုသို့ စီးဖြန်း ဘန်များသောအခါ၌ မျက်စိမှိတ်သော်၎င်း၊ မျက်နှာလှည့်၍သော်၎င်း၊ စီးဖြန်းသော်လည်း မျက်စိမြင်သကဲ့သို့ မနေသွါရ၌ ထင်လေကုန်၏။ ထိုအခါ စိတ်တို့သည် အလွန်တည်ကြည်ကုန်၏။ ဤကား ဥဂ္ဂဟနိမိတ် မည်၏။ ။ထိုသို့ ထင်သော ဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ ကသိုဏ်းဝန်း ကသိုဏ်းကွက်တို့ကို ပယ်ပြီးလျှင် ပထဝီ ပထဝီဟူ၍ စီးဖြန်းဘန်များသောအခါမှာ နွားကျောင်းသားတို့သည် နွားအပေါင်းတို့ကို သိမ်း၍ ခြံသို့သွင်းလေပြီးမှ တံခါးကျည်ထိုး၍ တံခါးပိတ်လေက တကောင်သော နွားမျှမထွက် ရသေသကဲ့သို့ စိတ်စေတသိက်တို့သည် အညီအညွတ်စည်းဝေးရုံးလျက် ငြိမ်သက် တည်ကြည် လေကုန်၏။ ထိုအခါ အလွန်ထင်သောကြောင့် ပဋိဘာဂနိမိတ် မည်ကုန်၏။ ။ထို ပဋိဘာဂနိမိတ်ကို ရသောအခါမှ နီဝရဏ စသော ကိလေသာတို့ကို ပယ်၏။ ကာမာဝစရ ကုသိုလ် ဥပစာရ သမာဓိ ဖြစ်၍ ဘာဝနာ၏ အထွတ်အထိပ်သို့ ရောက်၍ ပြည့်စုံ လေကုန်၏ဟုဖြေ။

ထို ကာမာဝစရ ကုသိုလ် ဥပစာရ သမာဓိကို ရပြီးသော် အပ္ပနာသို့ အဘယ်သို့ ရောက်ပါလေသနည်း ဟုမေး။

တမေဝ ပဋိဘာဂနိမိတ္တံ ဥပစာရ သမာဓိနာ သမာသေဝန္တဿ ရူပါဝစရ ပဌမဇ္ဈာန မပ္ပေတိဟု ဆိုသောကြောင့်။ ထို ကာမာဝစရ ဥပစာရ သမာဓိကိုပင် အခြေပြု၍ ပထဝီ

ပထဝီဟု စီးဖြန်းခြင်း ပရိကံကို ပြုသောအခါ၌ အသူးထူးသော အာရုံကို ရှေးရှုတင်လျက် ကြံတတ်သော ဝိတက်၊ ထိုသို့ ကြံသော အာရုံကို သုံးသပ်တတ်သော ဝိစာရ၊ ထို အာရုံကိုပင် နှစ်သက်ပြန်သော ပီတိ၊ ကိုယ်စိတ် နှစ်ပါးတို့၌ ချမ်းသာသော သုခ၊ ကမ္မဋ္ဌာန်း၌ တည်ကြည်သော ဧကဂ္ဂတာ၊ ဤ ဈာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရူပါဝစရ ပဌမဈာန်သို့ ရောက်၏။

ထိုအခါ ငါရသောဈာန်သည် အဘယ်နည်းဟု ဆင်ခြင်သော အာဝဇ္ဇန ဝသီဘော်၊ ထို ဈာန်ကိုပင် ဝင်စားသော သမာပဇ္ဇန ဝသီဘော်၊ တန်ခိုးဘုန်ဆင်းခြင်း၌ မိဋ္ဌာန်သော အဓိဋ္ဌာန ဝသီဘော်၊ ထိုဈာန်မှ ထမြောက်ခြင်းဘည်းဟူသော ဝုဋ္ဌာန ဝသီဘော်၊ ဤဈာန်၌ အဘယ်တရားသည် ကြမ်းတန်း ရုန့်ရင်းလေသနည်း ဟု ဆင်ခြင်သော ပစ္စဝေက္ခဏ ဝသီဘော်၊ ဤ ငါးပါးတို့ကို လေ့လာသောအခါ ဤ ဝိတက်သည် အလွန် ရုန့်ရင်း ကြမ်းတန်းလှ၏ဟု ပထဝီပထဝီဟု အဘန်တလဲလဲ စီး ဖြန်းသောအခါ ဝိတက် ငြိမ်းလေက၊ ဝိစာရ၊ ပီတိ၊ သုခ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ လေးပါးနှင့် ပြည့်စုံသော ဒုတိယဈာန်သို့ ရောက်လေကုန်၏။ ထို ဒုတိယဈာန်၌လည်း ဝသီဘော် ငါးပါး လေ့လာပြန်သော်။ ဤ ဝိစာရသည် ရုန့်ရင်းလှ၏ ဟု ဝိစာရကို ငြိမ်းစေလျက်၊ပီတိ၊ သုခ၊ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသော တတိယဈာန်သို့ ရောက်ပြန်၍ ဝသီဘော်ငါးပါးတို့ကို လေ့လာရာ။ ဤ ပီတိသည် ရုန့်ရင်း လှသေး၏ဟု ကမ္မဋ္ဌာန်းကို အားထုတ် ပြန်က သုခ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော စတုတ္ထဈာန် သို့ ရောက်လေကုန်၏။ ။ဤသို့ ကသိုဏ်းဆယ်ပါး၊ အသုဘ ဆယ်ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ ကမ္မဋ္ဌာန်း နှစ်ဆဲ့နှစ်ပါးတို့၌ ထင်သော ပဋိဘာဂ နိမိတ်ကို ရကုန်၏ဟုဖြေ။

ထို စတုတ္ထဈာန်က အဘယ်သို့ တက်ပါသနည်းဟုမေး။

စတုတ္ထဈာန်သို့ရောက်၍ ဝိပဿနာဉာဏ်သို့ ရောက်သော ပုဂ္ဂိုလ်တို့သည် အနာဂါမ်ဖြစ်၍၊ ဤ သုဒ္ဓါဝါသဘုံသို့ ရောက်ကြလေကုန်၏။ အချို့သော ပုဂ္ဂိုလ်တို့ကား၊ ဤ သညာရှိ၍ ကာမဂုဏ်ငါးပါး၌ စွဲလမ်း မှတ်သားခြင်းကို ပြုကြရ၍ သံသရာ ရှည်ဝေးစွာ ကျင်လည်ကြရလေသည်။ ဤ သညာကိုပင် အလိုမရှိဟု နှလုံးပြု၍ သညာနတ္ထိ သညာနတ္ထိဟူ၍ စီးဖြန်းခြင်းပရိကံကို ပြုကြ၍ အသညသတ်ဘုံသို့ ရောက်ကြလေကုန်၏။ အချို့သော ပုဂ္ဂိုလ်တို့မှာ အပ္ပမညာ လေးပါးကို အားထုတ်ကြ၍ ဝေဟပ္ဖိုလ်ဘုံသို့ ရောက်ကြလေကုန်၏။ အချို့သော ပုဂ္ဂိုလ်တို့မှာ ဤ ရုပ်ရှိသောကြောင့် အချမ်းအပူကိုလည်း ခံရသည်၊ စားရ၊ သောက်ရ၊ ဝတ်ရသောကြောင့် ရှာဖွေ ကြံစည်ရသော ဒုက္ခ။ သားမယား မွေးရသောကြောင့် လောဘ ဒေါသ မောဟ ဖုံးလွှမ်း၍ ခိုးခြင်း၊ ဝှက်ခြင်း၊ လုယက်တိုက်ဖျက်ခြင်းကို ပြုသောကြောင့် ထိပ်ခတ် ကြိုးချည်နှောင်ဖွဲ့ခြင်း၊ ကားကြက်ခြင်း၊ ကားတင်ခြင်း၊ နေသွန်းခြင်း၊ လက်ဖြတ်ခြင်း၊ ခြေဖြတ်ခြင်း၊ ဦးခေါင်းဖြတ်ခြင်း ဟူသမျှ အပြစ်ကိုခံရချေသည်။

ဤ ရုပ်မရှိက အဘယ်မှာ ခံစားရမည်နည်း။ ဤ ရုပ်သည်လည်း အစအဆုံးမမြင် သံသရာတွင် ကျင်လည်လေသမျှ ဖြစ်ကြရလေသည်။ ဤ ကောင်းကင်နှင့်သာ ပမာဘူ၏ဟု ကောင်းကင်ကိုမျှော်ရှုကာ၊ အာကာသော အနန္တော အာကာသော အနန္တောဟူ၍ စီးဖြန်းဘန် များသောအခါ ရုပ်ပျောက်သေ၍ အာကာသာနဉ္စာယတန ဈာန်သို့ ရောက်လေ၏။ တဖန် ထို့အတူ အာကာသာနဉ္စာယတနဈာန်၌ ဝိညာဏ်ကိုပင် ဤ ဝိညာဏ်သည်လည်း ကောင်းကင်ကဲ့သို့ အဆုံးမရှိဟု နှလုံးပြု၍ အနန္တော အနန္တောဟု စီးဖြန်းသောကြောင့် ဝိညာဏဉ္စာ ယတနဈာန်သို့ ရောက်လေကုန်၏။ တဖန် ထို ဝိညာဏဉ္စာ ယတနဈာန်ကိုပင်လျှင် တစုံတခု အနှစ်မရှိဟု နှလုံးပြု၍ နတ္ထိကိဉ္စိ နတ္ထိကိဉ္စိဟု

စီ.ဖြန်းခြင်း ပရိကံကိုပြု၍ အာကိဉ္စညာယတန ဈာန်သို့ ရောက် လေကုန်၏။ တဖန် အာကိဉ္စညာယတန ဘုံကိုပင် ဤဘုံသာ လျှင် ငြိမ်သက်၏။ ဤဘုံသာလျှင်မြတ်၏ဟု နှလုံးပြု၍ သန္တမေတံ ပဏီတမေတံဟု စီးဖြန်းခြင်းကို ပရိကံပြုပြန်သောကြောင့် နေဝ သညာ နာသညာယတနဘုံသို့ရောက်လေကုန်၏။ ။ဤသို့ သုံး ဆယ်သော ကမ္မဋ္ဌာန်း တို့၏ အစွမ်းဖြင့် အရူပ လေးဘုံ တိုင် အောင် ရောက်လေကုန်၏။ ။ဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်း ဆယ်ပါးတို့သည်လည်း၊ ကောင်းစွာ မပြတ် စေမူ၍ ပရိကံ ပြု ကာစီးဖြန်းပါက ဥပစာရ သမာဓိကိုရကြပါ၏ ဟုဖြေ။

ထိုပုဂ္ဂိုလ်တို့အား အဘယ်ဈာန်ကို အခြေ ပြု၍ အဘိညာဏ် ကို ရကြပါ သနည်း။ ထိုပုဂ္ဂိုလ်တို့ ရသော အဘိညာဉ်ကား အဘယ်နည်းဟုမေး။

အဘိညာပါဒကံ ပဉ္စမဈာနံဟူ၍ ဆိုသောကြောင့် ရူပါဝစရ ကုသိုလ်ကြိယာ ပဉ္စမဈာန်၊ ဤနှစ်ပါးတို့သည် အဘိညာဏ်၏ အခြေမည်၏။ အဘိညာဏ်ဟူသည်ကား အသူးထူးသော တန် ခိုးတို့ကို ဘန်ဆင်းခြင်း နတ်၏နားကဲ့သို့ ခပ်သိမ်းသော သူတို့ ၏စကားကိုကြားနိုင်ခြင်း၊ ခပ်သိမ်းသော သူတို့၏ အကြံအစည် အယူဝါဒတို့ကို သိနိုင်ခြင်း၊ ရှေးရှေးက နေဘူးသမျှ ခန္ဓာရုပ် နာမ်တရားတို့ကို အောက်မေ့နိုင်ခြင်း၊ မြင်နိုင်ခြင်း၊ အထက်ကို ဘဝဂ်၊ အောက်ကိုအဝီစိတိုင်အောင် နတ်တို့ မျက်စိ ကဲ့သို့ မြင်နိုင် ခြင်း၊ ဤငါးပါးကား ရဟန္တာတို့ရသော အဘိညာဏ်တည်း။ ဘုရားသခင်မှာ အာသဝေါတရားတို့၏ကုန်ခြင်း ကွင်းကျန်ခြင်း ကိုမြင်နိုင်သော အာသဝက္ခယဉာဏ်ကိုထည့်၍ ခြောက်ပါးဖြစ် ၏။ ။သမထကမ္မဋ္ဌာန်း၌အဓိပ္ပါယ်ပြီး၏ဟုဖြေ။

## ဝိပဿနာကမ္မဋ္ဌာန်းအဓိပ္ပါယ်

သမထကမ္မဋ္ဌာန်း၌ အဆုံးအဖြတ် အဓိပ္ပါယ်ကိုဆိုပြီ။ ဝိပဿ နာ ကမ္မဋ္ဌာန်း၌ အဓိပ္ပါယ်ကို အဘယ်သို့ ဆိုသနည်းဟုမေး။

ဝိပဿနာ ကမ္မဋ္ဌာနေသုပန သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ဉာဏဒဿနဝိသုဒ္ဓိစေတိ သတ္တဝိဓေန ဝိသုဒ္ဓိသင်္ဂဟော။

ဟု ဆိုသောကြောင့် ကမ္မဋ္ဌာန်းကို မစီးဖြန်းမီ ရှေးဦးစွာ သီလ၏ စင်ကြယ်ခြင်းကို ဖြစ်စေရာ၏။ ထို့နောက် စိတ်၏ စင်ကြယ်ခြင်း၊ ထို့နောက် အမြင်၏ စင်ကြယ်ခြင်း၊ ထို့နောက် ယုံမှားခြင်းတို့မှ လွန်မြောက်ခြင်း၊ ထို့နောက် မဂ်ဟုတ်သည့် မဟုတ်သည်ကို အသိပညာ၏ စင်ကြယ်ခြင်း၊ ထို့နောက် မဂ်၏အကျင့်ဟုတ်သည် မဟုတ်သည်ကို အသိပညာ၏ စင်ကြယ်ခြင်း သုဒ္ဓိခြောက်ပါး၊ မဂ်ဉာဏ်နှင့်ကားခုနစ်ပါးတည်း။

ထို သုဒ္ဓိခြောက်ပါးနှင့် ပြည့်စုံစေပြီးမှ၊ အနိစ္စ လက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တ လက္ခဏာဟူ၍ လက္ခဏာယာဉ်သုံးပါး အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာဟူ၍ အနုပဿနာ သုံးပါး၊ ထိုသုံးပါးတို့ကို ရှုဆင်ခြင်ရာ၌ ရအပ်သော ဉာဏ်ကား သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်ဟူ၍ ဆယ်ပါး၊ ထိုသုံးပါးသောဝိပဿနာကြောင့် ရအပ်သော ဝိမောက္ခကား သုညတဝိမောက္ခ အနိမိတ္တဝိမောက္ခ၊ အပဏိဟိတဝိမောက္ခဟူ၍ သုံးပါး သုညတာနုပဿနာ၊ အနိမိတ္တာနုပဿနာ၊ အပဏိဟိတာနုပဿနာ ဟူ၍ အနုပဿနာ သုံးပါးတည်း။

ထိုဝိသုဒ္ဓိခုနစ်ပါးတို့တွင် သီလဝိသုဒ္ဓိကား အဘယ်နည်းဟု မေး။

ရဟန်းမှာ အာပတ် ခုနစ်ပုံတို့ကို အဆိပ် ထန်သော မြွေပွေး မြွေဟောက်ကဲ့သို့ ထင်မှတ်၍ စောင့်ရှောက်ခြင်း။ သာမ

ဟောတို့မှာ လိင်ဆယ်ပါး၊ ဒဿဆယ်ပါးတို့ကို မစင်ကဲ့သို့ ထင်မှတ်၍ စောင့်ရှောက်ခြင်း။ လူတို့မှာ ပဥ္စသီငါးပါး၊ ဒုစ္စရိုက် ဆယ်ပါးတို့ကို မီးပုံကြီးကဲ့သို့ ထင်မှတ်၍ စောင့်ရှောက်ခြင်း တည်းဟူသော ပါတိမောက္ခ သံဝရသီလ၊ စက္ခု၊ သောတ ဃာန၊ ဇိဝှါ၊ ကာယ၊ မန တည်းဟူသော ခြောက်ဒွါရကို မင်း၏ ဘဏ္ဍာတိုက်တို့ကို စောင့်သော ဘဏ္ဍာစိုးသည် တိုက် တံခါးကို လုံခြုံစွာ ပိတ်၍စောင့်သကဲ့သို့။ ထို့အတူ ခြောက်ဒွါရကို လုံခြုံစွာ စောင့်ရှောက်တတ်သော ဣန္ဒြိယသံဝရသီလ၊ ရဟန်းတို့၌ ကုလဒူသန ရှစ်ပါး၊ အနေသန နှစ်ဆဲ့တပါးမှ ရသော ပစ္စည်း တို့ကို သံတွေခဲကဲ့သို့ကြည့်၍ ဓမ္မိယလဒ္ဓနှင့်ရသော ပစ္စည်းဖြင့် အသက်မွေးခြင်း၊ လူတို့၌ ကာယကံ သုံးပါး၊ ဝစီကံ လေးပါးဖြင့် ရသော ပစ္စည်းတို့ကိုကြည့်၍ တရားနှင့် ညီစွာ လယ်လုပ်ခြင်း ကုန်သွယ်ခြင်း ယာလုပ်ခြင်း စသည်ဖြင့် ရသော ပစ္စည်းတို့ဖြင့် အသက်မွေးခြင်း တည်းဟူသော အာဇီဝပါရိ သုဒ္ဓိသီလ၊ ရဟန်းသာမဏေတို့အားပဋိသင်္ခါယောနိသောစသောပစ္စဝေက္ခဏာဖြင့် ပစ္စည်းလေးပါးတို့ကို သုံးဆောင်ရခြင်း လူတို့မှာ အာဟာရေ ပဋိကူလသညာ စသည်ဖြင့် သုံးဆောင်ရခြင်း တည်းဟူသော ပစ္စယသန္နိဿိတသီလ၊ ဤလေးပါး တို့နှင့် ပြည့်စုံသော သူတို့သည် သီလ၏ စင်ကြယ်ခြင်းကြောင့် သီလဝိသုဒ္ဓိမည်၏ ဟုဖြေ။

စိတ္တဝိသုဒ္ဓိကား အဘယ်နည်း ဟုမေး။

ဥပစာရသမာဓိ အပ္ပနာသမာဓိစေတီ ဒုဝိဓောပိသမာဓိ စိတ္တဝိသုဒ္ဓိနာမဟု ဆိုသောကြောင့် ကာမာဝစရကုသိုလ်၏ အစွမ်းဖြင့် ဈာန်၏အနီးသို့ ရောက်၍ တည်ကြည်ခြင်း။ မဟဂ္ဂုတ်လောကုတ္တရာ ကုသိုလ်၏ အစွမ်းကြောင့် ဈာန် မဂ်ဖိုလ်သို့ ရောက်၍ တည်ကြည်ခြင်း၊ ဤနှစ်ပါးကို ရသော သူသည်စိတ်၏ စင်ကြယ် ခြင်းနှင့် ပြည့်စုံ သောကြောင့် စိတ္တ ဝိသုဒ္ဓိ မည်၏ ဟုဖြေ။

ဒိဋ္ဌိဝိသုဒ္ဓိကား အဘယ်နည်း ဟုမေး။

လက္ခဏာရသပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေန နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ ဟုဆိုသောကြောင့် ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏ်၊ဤလေးပါးကားနာမ်မည်၏။ ရုပ် ၂၈ ပါးကား။အချမ်း အပူတို့ဖြင့်ဖောက်ပြန်ခြင်းတူမျှသောကြောင့် ရုပ်မည်၏။ နာမ် ရုပ် နှစ်ပါးတို့သည် အမြဲမရှိသော အနိစ္စ၊ ဆင်းရဲ တတ်သော ဒုက္ခ ကိုယ်မဟုတ် အစိုးမရသော အနတ္တ၊ ဤသုံးပါးသည် လက္ခဏာမည်၏။ ပြည့်ရုံခြင်းသည် ရသမည်၏။ထိုတရား သုံးပါး သာလျှင် မပြတ် မလပ် ပေးသော အကျိုးတည်း ဟူသော ပစ္စုပဋ္ဌာန်။ ထိုသုံးပါးသော တရားနှင့် နီးစွာသော အကြောင်း ရင်း တည်းဟူသောပဒဋ္ဌာန်။ဤသို့လက္ခဏာ၊ ရသ၊ပစ္စုပဋ္ဌာန်၊ ပဒ ဋ္ဌာန်တို့၏ အစွမ်းအားဖြင့် နာမ်ရုပ်တို့ကို စင်ကြယ်စွာ မြင်ခြင်း သည် အမြင်၏ စင်ကြယ်ခြင်းကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏ ဟုဖြေ။

ကင်္ခါဝိတရဏဝိသုဒ္ဓိကား အဘယ်နည်း ဟုမေး။

တေသမေဝစ နာမရူပါနံ ပစ္စယပရိဂ္ဂဟော ကင်္ခါဝိတရဏ ဝိသုဒ္ဓိနာမ။ ဟုဆိုသောကြောင့် ဤ နာမ်ရုပ် နှစ်ပါးတို့သည် ဗြဟ္မာ၊ သိကြား၊ နတ်၊ ရုက္ခစိုး ဘုမ္မစိုး စသော တစုံ တယောက်တို့သည်လည်း ပြုပြင် စီရင် ဖန်ဆင်းသည် မဟုတ်။ ဇူတ္တိ ပုရိသ သတ္တပုဂ္ဂလလည်း မဟုတ်။ အဝိဇ္ဇာ အစ မရဏ အဆုံးရှိသောအင်္ဂါ ၁၂–ပါး။ အဓွန့်သုံးပါး။ အခြင်းအရာ နှစ် ဆယ်။အစပ်သုံးပါး။ အလွှားလေးပါး။ ဝဋ်သုံးပါး။ မူလ နှစ် ပါး။ ဤခုနစ်ပါးသော တရားအစုသာ ဖြစ်ချေသည်ဟု မြင်ခြင်း သည် ယုံမှား ခြင်းတို့ကို လွန်မြောက် နိုင်သော ဉာဏ်၏ စင် ကြယ်ခြင်းကြောင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏ဟုဖြေ။

မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိကား အဘယ်နည်းဟုမေး။

တတောပရံ တဿာပရိဂ္ဂဟိတေသု သပစ္စယေသု တေဘူမက သင်္ခါရေသု အတီတာဒိဘေဒ ဘိန္နေသု ခန္ဓာဒိနယမာရဗ္ဘ က

လာပဝသေန သံခိပိတွာ အနိစ္စံခယဋ္ဌေန၊ ဒုက္ခံဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေနာတိ အဒ္ဓါနဝသေန သန္တတိဝသေန ခဏဝသေန။ လ။ ဥဒယဗ္ဗယံ သမနုပဿန္တဿ ဿတ၊ ဩဘာသော ပီတိပဿဒ္ဓိ၊ အဓိ မောက္ခော စ ပဂ္ဂဟော။ သုခံ ဉာဏမုပဋ္ဌာနံ၊ မုပေက္ခာ စ နိကန္တိ စေတိ။ ။ဩဘာသာဒိ ဝိပဿနုပက္ကိလေသ ပရိဂ္ဂဟ ဝသေန။ လ။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနာမ။

ဟုဆိုသောကြောင့် ထိုသို့ နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းပြီးသော နောက်ကာလ၌ အကြောင်းနှင့်တကွ ဖြစ်ကုန်သော တေဘူမက သင်္ခါရတရားတို့၌ အတိတ် အနာဂတ် ပစ္စုပ္ပန် ဟူသော အစွန့်သုံးပါးနှင့်တကွ ဖြစ်ကုန်သော ခန္ဓာအာယတန စသောနည်းတို့ကို အာရုံပြု၍ ကလာပ်တို့၏ အစွမ်းဖြင့် အကျဉ်းရုံး၍ ကုန်ခန်းတတ်သော အနက်ကြောင့် အနိစ္စ မည်၏။ ဘေးနှင့်တကွ ဖြစ်ခြင်းကြောင့် ဒုက္ခ မည်၏။ အနှစ် သာရ မရှိခြင်းကြောင့် အနတ္တ မည်၏။ အစွန့် သုံးပါးတို့၏ အစွမ်းအားဖြင့်၎င်း။ အစဉ်မပြတ်သော အားဖြင့်၎င်း၊ ဥပါဒ်ဌီဘင်ဟူသော ခဏငယ်တို့၏ အစွမ်းဖြင့်၎င်း။ လက္ခဏာယာဉ် သုံးပါးတို့ကို သုံးသပ် ဆင်ခြင်သောအခါ ထို ဝိပဿနာကြောင့် ကိုယ်မှထွက်လတ်သောအရောင်။ အလွန်နှစ်သက်သောပီတိ။ ကိုယ်စိတ်နှစ်ပါး ငြိမ်းသောပဿဒ္ဓိ။အာရုံကို ဆုံးဖြတ်သော အဓိမောက္ခ၊စိတ်ကို ချီးမြှောက်ခြင်းတည်းဟူသောပဂ္ဂဟ။ ကိုယ်စိတ်နှစ်ပါးချမ်းသာသော သုခ။ ဝိပဿနာ၌ ထင်သောဉာဏ်။ ပြခန်းသောဥပဋ္ဌာန။ လျစ်လျူရှုတတ်သော ဥပေက္ခာ။ ဤသို့ ဝိပဿနာ၏ အန္တရာယ် ဖြစ်သော သိမ်မွေ့သော ကိလေသာတို့ကို ဤကား မဂ်မဟုတ် ဟု သိမ်းဆည်း၍ သိတတ်သော ဉာဏ်သည် မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင်၏ စင်ကြယ်ခြင်းကြောင့် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ မည်၏ဟုဖြေ။

ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိကား အဘယ်နည်းဟုမေး။

တထာပရိဗန္ဓ ဝိမုတ္တဿပန တဿ ဥဒယဗ္ဗယဉာဏတော

ပဋ္ဌာယယာဝ။လ။ ပဋိပဇ္ဇန္တဿ နဝဝိပဿနာ ဉာဏာနိ ပဋိ ပဒါ ဉာဏဒဿန ဝိသုဒ္ဓိနာမ။

ဟုဆိုသောကြောင့်။ ထိုသို့ အနှောင်အဖွဲ့ဖြစ်သောကိလေ သာမှ လွတ်ပြီးသောအခါ ဥဒယဗ္ဗယဉာဏ်မှစ၍ သင်္ခါနုလော မဉာဏ်သို့တိုင်အောင် အစဉ်မပြတ် သုံးသပ်သော ဉာဏ်၏ စင်ကြယ်ခြင်းသည် မဂ်အကျင့် ဟုတ်သည် မဟုတ်သည်ဟု ဉာဏ်အမြင်၏ စင်ကြယ်ခြင်းကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏ဟုဖြေ။

ဉာဏဒဿနဝိသုဒ္ဓိကား အဘယ်နည်းဟုမေး။

တသောဝံ ပဋိပဇ္ဇန္တဿပန ဝိပဿနာပရိပါကမာဂမ္မ ဣဒါနိ အပ္ပနာ ဥပ္ပဇ္ဇိဿတီတိ ဥပ္ပန္နမနောဒွါရာဝဇ္ဇနာနန္တရံ ဒွေတိဏိ ဝိပဿနာ စိတ္တာနိအနိစ္စာဒိလက္ခဏာမာရဗ္ဘပရိကမ္မောပစာရာနု လောမနာမေန ပဝတ္တန္တိ။ ယာသိခါပတ္တာ သာသာနုလောမသင်္ခါ ရုပေက္ခာ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ တိပဝုစ္စတိ။

ဟုဆိုသောကြောင့် ထို ကိလေသာတည်းဟူသော အနှောင် အဖွဲ့မှ လွတ်၍ ဝိပဿနာ အဆင့်အဆင့် သုံးသပ်သော ကာ လ။ ဝိပဿနာ ဉာဏ်ရင့်ခြင်းသို့ ရောက်လေသောအခါ ငါ သည် ယခု အပ္ပနာသို့ ရောက်ချေတော့မည်ဟု ကြံသော မ နောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာယာဉ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍၊ ပရိ ကံ၊ ဥပစာ၊ အနုလုံဟူသော ဇောစိတ်သည် ဖြစ်လေ၏။ ဤကား ကာမာဝစရကုသိုလ်၏ အစွမ်းကြောင့် ဝိပဿနာ၏ အထွတ် အထိပ်သို့ ရောက်ခြင်းတည်း။ ထို ပရိကံ၊ ဥပစာ၊ အနုလုံ ဖြစ် ၍ ချုပ်ပြီးသော် ပုထုဇ္ဇန်၏ အနွယ်ကိုဖြတ်ဆဲ, အရိယာတို့၏ အနွယ်သို့ ရောက်ဆဲသာဖြစ်သော ဂေါတြဘုစိတ်သည်။ သုံးကြိမ် ဇင်း။ လေးကြိမ်ဇင်း ဖြစ်ပြီးသော အခြားမဲ့၌ သောတာပတ္တိ

မဂ်စိတ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍ မြင်ခြင်း။ သမုဒယသစ္စာကို ပယ်ခြင်း။ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း။ မဂ္ဂသစ္စာကို ပွါးစေခြင်းတည်းဟူသော မဂ်ကိစ္စလေးပါးကို တပြိုင်နက် ပြီးစေလျက် အပ္ပနာသို့ ရောက်၏။ ထိုနောင် သောဘာပတ္တိဖိုလ်စိတ်သည် နှစ်ကြိမ်သုံးကြိမ်ဖြစ်၍ ဘဝင်ကျလေ၏။ တဖန် ဘဝင်၏ အသည်ကိုဖြတ်၍ ပစ္စဝေက္ခဏာ ဉာဏ်သည် ဖြစ်၏။ ထိုအခါ ကုန်သောကိလေသာတို့ကိုသာ ဆင်ခြင်၍။ ကြွင်းသောကိလေသာတို့ကိုမူကား ဆင်ခြင်မိသည်လည်း ရှိ၏။ မဆင်ခြင်မိသည်လည်း ရှိ၏။ ဤကား သစ္စာလေးပါး တရားတို့၌ စင်ကြယ်စွာ မြင်ခြင်းကြောင့် ဉာဏဒဿန ဝိသုဒ္ဓိမည်၏ဟုဖြေ။

ဝိသုဒ္ဓိခုနစ်ပါးကိုဆိုပြီ။ ဉာဏ်ဆယ်ပါးဝယ် အဓိပ္ပါယ်ကား အဘယ်နည်းဟုမေး။

အကြင်ပုဂ္ဂိုလ်သည် ဆရာ့ထံ ချဉ်းကပ်၍ ဆရာ့ထံ ခန္ဓာငါးပါး။ ဒွါရခြောက်ပါး။ အာရုံခြောက်ပါး။ ဝိညာဏ်ခြောက်ပါး။ ဖဿ ခြောက်ပါး။ ဝေဒနာ ခြောက်ပါး။ သညာ ခြောက်ပါး။ စေတနာ ခြောက်ပါး။ တဏှာ ခြောက်ပါး။ ဝိတက် ခြောက်ပါး။ ဝိစာရ ခြောက်ပါး။ ဓာတ်ခြောက်ပါး။ ကသိဏ်းဆယ်ပါး။ ဒွတ္တိံသာကာရ။ အာယတန အဆဲ့နှစ်ပါး။ ဓာတ် တဆဲ့ရှစ်ပါး။ သစ္စာ လေးပါး။ ဣန္ဒြေ တဆဲ့ခြောက်ပါး။ ဘဝ သုံးပါး။ ဘဝ ကိုးပါး။ ဈာန် ရှစ်ပါး။ ပဋိစ္စသမုပ္ပါဒ် တရား တဆဲ့နှစ်ပါး။ ဤ တရားစု တို့ကို အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးပါး တို့၌ လက္ခဏာယာဉ် သုံးပါး တို့ဖြင့် တင်၍ စီးဖြန်းဆင်ခြင် သုံးသပ်သော အခါသည် သမ္မသန ဉာဏ် မည်၏ ထိုသို့ သုံးသပ်ဘန်များသောအခါ အဖြစ်အပျက်ကို မြင်ခြင်းသည် ဉဒယဗ္ဗယဉာဏ် မည်၏။ အဖြစ်ကိုလွှတ်၍ အပျက်၌ သာလျှင် မြင်ပြန်သောအခါ ဘင်ဉာဏ် မည်၏။ တဖန် အလုံးစုံသော

သင်္ခါရကို ဘေးဟူ၍ မြင်ပြန်သောအခါ ဘယဉာဏ် မည်၏။ ထို့နောက် အလုံးစုံသော သင်္ခါရကို အပြစ်ဟု မြင်သောအခါ အာဒီနဝဉာဏ် မည်၏။ ထို သင်္ခါရကိုပင် ငြီးငွေ့သောအခါ နိဗ္ဗိဒါဉာဏ် မည်၏။ ထိုသို့ ငြီးငွေ့ဘန် များသောအခါ သင်္ခါရမှ လွတ်ခြင်းကို အလိုရှိ ပြန်သောအခါ မုဉ္စိတုကမျတာဉာဏ်မည်၏။ ဤ သင်္ခါရမှ လွတ်ကြောင်းကား အသို့ ကြံရပါအံ့နည်းဟု ကြံ၍ ဆင်ခြင်သောအခါ ပဋိသင်္ခါဉာဏ် မည်၏။ ပဋိသင်္ခါ၌ တပ်ခြင်း ကြောင့်ကြခြင်းတို့သည် အကြောင်းမဟုတ် ကမ္မသကာ ယူ၍ လျစ်လျူရှုသောအခါ သင်္ခါရုပေက္ခာ ဉာဏ် မည်၏။ ထိုသို့ လျစ်လျူရှုပြီးမှ သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးဟု ဆိုအပ်သော ဗောဓိပက္ခိယတရား သုံးဆဲ့ ခုနစ်ပါးတို့ကို အားထုတ်ခြင်းသည် အနုလောမဉာဏ် မည်၏။ ဤသို့ ဉာဏ်ဆယ်ပါးတည်း ဟုဖြေ။

ဝိမောက္ခ သုံးပါးကား အသို့နည်း ဟုမေး။

တတ္ထ အနတ္တာနုပဿနာ အတ္တာဘိနိဝေသံ မုဉ္စန္တီ သုညတာ နုပဿနာနာမ ဝိမောက္ခမုခံ ဟောတိ။ အနိစ္စာ နုပဿနာ ဝိပလ္လာသနိမိတ္တံ မုဉ္စန္တီ အနိမိတ္တာ နုပဿနာနာမ ဝိမောက္ခမုခံ ဟောတိ။ ဒုက္ခာနုပဿနာ တဏှာပဏိဓိံ မုဉ္စန္တီ အပဏိဟိတာ နုပဿနာနာမ ဝိမောက္ခမုခံ ဟောတိ။

ဟုဆိုအပ်သောကြောင့် အနတ္တဟု စီးဖြန်းသော သူတို့သည် အတ္တနိမိတ်မှ ဆိတ်သောကြောင့် သုညတ ဝိမောက္ခ မည်၏။ အနိစ္စဟု စီးဖြန်းသော ပုဂ္ဂိုလ်တို့သည် မြဲ၏ဟု ဘောက်ပြန်ခြင်း နိမိတ် ကင်းသောကြောင့် အနိမိတ္တ ဝိမောက္ခ မည်၏။ ဒုက္ခဟု စီးဖြန်းသော ပုဂ္ဂိုလ်တို့သည် မြတ်၏ ချမ်းသာ၏ဟု

တပ်စွမ်းသောဘဏ္ဍာမှကင်းသောကြောင့်အပဏိဟိတ ဝိမောက္ခ မည်၏။ ဤသို့ ဝိမောက္ခသုံးပါးတည်း ဟုဖြေ။

ဝိမောက္ခ ဘေဒကိုဆိုပြီ၊ ပုဂ္ဂလဘေဒကားအသို့နည်း ဟုမေး။

သောတာပတ္တိမဂ္ဂ ဘာဝေတွာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာနေန ပဟီနာ ပါယဂမနော အစရှိသော ပါဠိလာသောကြောင့် သောတာပတ္တိမဂ်ကို ပွါးစေသော ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိဂတသမ္ပယုတ် လေးခု။ ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ ပယ်သောကြောင့် အပါယ်သို့ မလားကုန်။ သောတာပန် ဟူသော အမည်ကို ရလေကုန်၏။ သကဒါဂါမိမဂ်ကို ပွါးစေသော ပုဂ္ဂိုလ်တို့သည် ကာမရာဂ ဗျာပါဒတို့ကို ခေါင်းပါးအောင် ကျင့်သောကြောင့် ဤလူ့ပြည်သို့ တကြိမ်သာ လာသောကြောင့် သကဒါဂါမိ ပုဂ္ဂိုလ် မည်၏ အနာဂါမိမဂ်ကို ပွါးစေသော ပုဂ္ဂိုလ်တို့ သည် ဝဏ္ဏုကာမ ကိလေသကာမ ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်၍ လူ့ပြည်သို့ မလာသောကြောင့် အနာဂါမိ ပုဂ္ဂိုလ် မည်၏။ အရဟတ္တမဂ်ကို ပွါးစေသော ပုဂ္ဂိုလ်တို့သည် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စတို့ကို အကြွင်းမဲ့ ပယ်လျက် ဖြတ်သော အလှူကို ခံတော် မူထိုက်သောကြောင့် ရဟန္တာဟူသော အမည် ရတော် မူ၏။ ဤသို့ အရိယာ ရှစ်ယောက်သည် ပုဂ္ဂလဘေဒ တည်းဟုဖြေ။

သမာပတ်အပြားကား အဘယ်နည်း ဟုမေး။

ဖလသမာပတ္တိ ဝိထိယံ ပနေတ္ထ သင်္ဖေ့သံပိ ယထာသက ဖလဝသေန သာဓာရဏာ၀။ ။နိရောဓ သမာပတ္တိ သမာပဇ္ဇနံ ပန အနာဂါမိနဉ္စေဝ အရဟန္တာနဉ္စ လဗ္ဘတိ။

ဟုဆိုသောကြောင့် သမာပတ်တို့သည် ဖလသမာပတ် နိရော ဓသမာပတ် ဟူ၍ နှစ်ပါးတည်း။ ထို နှစ်ပါးတို့တွင် ဖလသမာ

ပတ်၌ မူကား။ အလုံးစုံသော ပုဂ္ဂိုလ်တို့တွင် မိမိတို့ ရအပ်သော ဖိုလ်ကိုပင် မိမိတို့သည် ဝင်စားနိုင်ကြကုန်၏။ နိရောဓသမာပတ်မှာမူကား အနာဂါမ်ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ် ဤနှစ်ပါးတို့သည် ဝင်စားကုန်၏။ ထိုသို့ ဝင်စားခြင်း သည်လည်း ပဌမဈာန် အစရှိသော မဟဂ္ဂုလ်ဈာန်ကို ဝင်စား၍ သင်္ခါရတရား၌ ဆင်ခြင် သုံးသပ်ပြီးလျှင် အာကိဉ္စညာယတန ဈာန်သို့ တက်၍ အဓိဋ္ဌာန်ခြင်း အစရှိသော ပုဗ္ဗကိစ္စဟူသမျှကို ပြုပြီးမှ နေဝသညာ နာသညာယတန ဈာန်ကို ဝင်စားလေပြန်၏။ ထိုအခါ စိတ် စေတသိက်တို့သည် ချုပ်လေ၏ ထို ဈာန်နှစ်ပါးသည် နိရောဓသမာပတ် မည်၏။ ။နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်မှာ အနာဂါမိဖိုလ်ကို ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ်ကို ဝင်စား၍ ဘဝင်ကျလေ၏ ထို့နောင် ပစ္စဝေက္ခနာဉာဏ် ဖြစ်လေ၏။ ။ဤကား သမာပတ္တိ အပြားတည်း။

ကမ္မဋ္ဌာန်းပိုင်းပြောပုံပြီး၏။

မြို့ပြင်ကြီး သဘိုဟ် အမိပ္ပါယ်ကောက်
ဤတွင် ပြီး၏။